ဘုရားဖြူစာပေ

## ပါဠိနှင့်မြန်မာစာပေများ
## ရေးလို ဖတ်လို စပ်လိုသူများအတွက်



ဘဒ္ဒန္တ ဉာဏာဘိဝံသ (ဘုရားဖြူ)

၏

# ကဝိလက္ခဏာမှတ်စု ဗဟုသုတပဒေသာ

သာသနာ-၂၅၅၁ ခု    မြန်မာ-၁၃၇၀ ခု

# သဒ္ဒါတတ်မှ စာတတ်မည်

## "သဒ္ဒေါ အတ္ထဿ ဉာပကော"

သဒ္ဒါသည် အနက် အဓိပ္ပာယ်ကို သိစေတတ်သည်၊ ပါဠိစာပေ၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည်ပါမှ ပါဠိကျမ်းဂန်များကို တတ်သိနားလည် ကျွမ်းကျင်မည်။ ထို့ကြောင့် သဒ္ဒါတတ်မှ စာတတ်မည်။

စာတတ်လိုသူတို့အတွက်
ရည်ညွှန်းသည်

graphic:nainglin(swetaw)

ပါဠိနှင့် မြန်မာစာပေများ
ရေးလို ဖတ်လို စပ်လိုသူများအတွက်

## ဘဒ္ဒန္တ ဉာဏာဘိဝံသ (ဘုရားဖြူ)

၏

# ကဝိလက္ခဏာမှတ်စု

# ဗဟုသုတပဒေသာ

(ဒုတိယအကြိမ် ပုံနှိပ်ခြင်း)

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်

၂၀၀၈ ခုနှစ်၊ ဇွန်လ

ထုတ်ဝေသည့်အုပ်ရေ - ၁၀၀၀ အုပ်

ကွန်ပျူတာစာစီ - ဓမ္မာစရိယလွှမ်းအောင်

အောင်ကျော်မြင့်စာပေ

မျက်နှာဖုံးဒီဇိုင်း - နိုင်လင်း(စွယ်တော်)

တန်ဖိုး - ဓမ္မဒါန

သာသနာရေးဦးစီးဌာန၊ စာအမှတ်(၁၁၉/၁(ပုံနှိပ်) သသန-၀၈) ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅) ဖြင့် ထုတ်ဝေ၍ အမှတ်-(၁၄၇)၊ ၅၁-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စွယ်တော်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

ဖြန့်ချိရေး

သစ္စာမဏ္ဍိုင်ပိဋကတ်စာပေတိုက်

ဦးညွှန့်ဝေ + ဒေါ်မြကြည် သားသမီးများ

အမှတ်(၂/၃/၆၂/၆၃/၆၄)၊ တောင်ဘက်မုဒ်၊ ဈေးတော်ရုံ၊

တောင်ဘက်စောင်းတန်း၊ ရွှေတိဂုံဘုရားဈေး။

ဖုန်း- ၃၈၇၈၄၉၊ ၀၉-၅၁၂၅၂၈၅၊ ၀၉-၅၀၆၀၈၄၅

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ပဏာမနှင့်ပဋိညာဉ်

သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊ နှစ်ဖြာမိဘ၊
များလှကျေးဇူး၊ ဂုဏ်အထူးကို၊ ကြည်နူးသဒ္ဓါ၊ ဝန္ဒနာဖြင့်၊
ဦးစွာရိုကျိုး၊ ကျွန်ရှိခိုးကာ၊ ညှိကျမ်းစာမြတ်၊
ရေးကာမှတ်သည်၊ နိဗ္ဗာန်ပြည်သို့–ရည်သတည်း။.....

# တောင်းပန်လွှာ

ချွတ်ယွင်းတိမ်းပါး၊ တွေ့ခဲ့ငြားသော်၊ စိတ်ထား သဒ္ဓါ၊
စေတနာဖြင့်၊ညွှန်ပါမည့်ကြောင်း၊ကျွန်ခွင့်တောင်းသည်၊
ညွှတ်ပျောင်းခယ–ယမ်းယမ်းတည်း။.....

ဘဒ္ဒန္တဉာဏာဘိဝံသ
(ဘုရားဖြူ)

# တောင်းပန်လွှာ

ယဒိ ဥတ္တံ အယုတ္တေတ္တ၊
ပမာဒေန ဘမေန ဝါ။
ဝဇော မယာ ဒယာဝန္တော၊
သန္တော သံ သောဓယန္တု တံ။

မြန်မာဘာသာ ဤကဝိလက္ခဏာမှတ်စု ဗဟုသုတပဒေသာကျမ်းမှာ သတိမေ့လျော့၍ သော်လည်းကောင်း၊ စိတ်စက်. ချောက်ချား လွတ်ပါးခြင်းကြောင့်လည်းကောင်း၊ ဖောက် ပြန်ချို့ယွင်း ယုတ္တိကင်းသော စကားကို အကျွန်ုပ်သည် အကယ်၍ ရေးသား ပြော ဆိုမှားမိအံ့၊ ကရုဏာရေးရှု မေတ္တာပြုလျက် အဘိဇ္ဈာကင်း ဣသာရှင်းလျက် ဝမ်းတွင်း စိတ်ကောင်း သူတော်ကောင်းအပေါင်း တို့သည် မိမိစီရင် ကျမ်းအသွင်သို့ ပြင် ဆင်ပြုကာ ရှုနိုင်ကြပါစေသတည်း။

# နိဒါန်း

ဤကဝိလက္ခဏာမှတ်စု သုတပဒေသာကျမ်းစာသည် စာစပ်နည်းအမျိုးမျိုး၊ ကဗျာ လင်္ကာစသည် စပ်နည်းအမျိုးမျိုး၊ အခြေခံပါဠိစီကုံးနည်း၊ ဝါကျခွဲနည်းစသည်တို့မှာ လေ့လာသူတို့ နည်းရရုံမျှသာဖြစ်၍ အကောင်းအမွန် အပြည့်အစုံ ဟူ၍ကား မဆိုသာ။ရေးနည်းရေးဟန်တို့မှာလည်း ခပ်ရိုးရိုးပင်ဖြစ်၏။ယင်းသို့ပင်ဖြစ်စေ ဤစာအုပ်ပါ ကျက်သင့်ကျက်ထိုက်သော စာစပ်နိယံနှင့်ဆောင်ပုဒ်လင်္ကာများကို ကျက်မှတ်ထားရမည်။ဤကျမ်းစာပါ နာမ်ဝိဘတ် အာချာတ်ဝိဘတ် ဇယားများကိုလည်း ကျက်မှတ်ထားရမည်။စာစပ်စည်းမျဉ်းဥပဒေနှင့် လက္ခဏာများကို သိရှိအောင်လေ့လာရမည်။နာမ် အာချာတ် နိပါတ် ဥပသာရ–ပုဒ်လေးဖြာနှင့် ကာရက အကာရ ဝိသေသနစသောပုဒ်များကို ကျွမ်းကျင်မှုရှိအောင် ပြုလုပ်ထားရမည်။နာမ်ပုဒ်၌ ကာရကရုပ်ပြီးပုံ အာချာတ်ပုဒ် ကိတ်ပုဒ်တို့၌ ဓာတ် ပစ္စည်း ဝိဘတ် ပေါင်းစပ်ရုပ်ပြီးပုံများ သဒ္ဒါဆိုင်ရာ အဆုံးအဖြတ်ကို သိအောင် ကျွမ်းကျင်အောင် လေ့လာရမည်။

**စာစပ်ဟူသည်** ကတ္တား ကံ ကရိဏ်းစသော ကာရကများနှင့် နာမ်ပုဒ် ကြိယာပုဒ် ဝိသေသနစသော သဒ္ဒါအစိတ်အပိုင်းတို့ကို ဆိုလိုပေသည်။ယင်းကာရက ကြိယာစသည်တို့ ဆက်စပ်မှုကို စာစပ်ဟုဆိုသည်။

လိုအပ်သောအနက် အဓိပ္ပါယ် တိကျပြတ်သား ရှင်းလင်းစွာရရှိရေးအတွက် စာစပ်ရခြင်းဖြစ်သည်။အနက် အဓိပ္ပါယ်အသိခက်သည် သို့မဟုတ် ချို့ယွင်းသည်ဆိုလျှင် ထိုစာ(ဝါ)ထိုသဒ္ဒါသည် အချို့နှီးသာဖြစ်၏။ထို့ကြောင့် အနက်မှန် အဓိပ္ပါယ်မှန် ပေါ်ထွက်ရေးအတွက် နည်းမှန်လမ်းမှန် စာစပ်ရခြင်းဖြစ်ပေသည်။

စာစပ်သည် နီးသည် ဝေးသည် လိုရင်းမဟုတ်။ဥပမာ အိမ်နားနီးချင်းကဲ့သို့တည်း။အချို့အိမ်နားနီးချင်းတွေ နီးသော်လည်း အဆင်မပြေ စပ်ဟပ်၍

မရ။ဝေးသော်လည်း ရင်းနှီးဆက်သွယ် ခင်မင်ကြသည့်ပုဂ္ဂိုလ်တို့လည်း ပေါများ ကုန်၏။ထို့အတူပင် နီးသော်လည်း စပ်ပုဒ်မဟုတ်သောပုဒ်များ အများအပြား ရှိကုန်၏။ဝေးသော်လည်း စပ်ပုဒ်ဖြစ်က စပ်ရသည်သာ။အနီး အဝေးလိုရင်း မဟုတ်။အနက်အဓိပ္ပါယ်တူညီလျှင် အဓိပ္ပါယ်ရလျှင် စပ်ရသည်သာတည်း။

သူတစ်ပါး ရေးသားထားသောစာကို အနက်အဓိပ္ပါယ် အကြွင်းအကျန် မရှိ၊ မှန်ကန်ပြည့်စုံစွာ နားလည်နိုင်ရန် စာစပ်ကြည့်ရပေသည်။စာစပ်ကြည့်သော အခါတွင်မှ မြင်ကွင်းကျယ် အဓိပ္ပါယ်တွေ ရလေသည်။ဤသို့ စာစပ်ကြည့်တတ်ပါက သူတစ်ပါး ရေးသားထားသောစာကို ကောင်းမကောင်း သိရှိရပြန်သည်။ စာကဲ့ဖြတ်တတ်လာသည်။

စာစပ်ပေးနေခြင်း သံသယဖြစ်ဖွယ်ပုဒ်ထပ် ပုဒ်ကပ်ဖြစ်နေခြင်း စကား ကျန်နေခြင်း စကားပိုနေခြင်းစသည်တို့သည် စာစပ်ကြည့်လိုက်ပါမှ သူတစ်ပါး စာကို ကောင်းမကောင်း ပိုင်ပိုင်ကြီး ဆုံးဖြတ်နိုင်လာလေသည်။

မိမိကိုယ်တိုင် ရေးသားပြန်သောအခါ၌လည်း စာစပ်နည်း နားလည်ပါမှ စာကို ခပ်သန့်သန့် ရေးတတ်နိုင်ပေသည်။စာစပ်မတတ်ပါက စာပေါင်းသိုက်လို စာရှုတ် စာစုတ်မျိုးကိုသာ ရေးမိပေလိမ့်မည်။

ပါဠိဘာသာထက် မြန်မာဘာသာ၌ စာစပ်ကို (ဝါ)စာရေးနည်းကို အထူး သတိပြုရသည်။“ အလွန်ကြီးသော ရန်ကုန်မြို့မှ အမှိုက်ပုံကြီး ”ဟူသောပုံစံကို ကြည့်ပါ။စာရေးသူဆိုချင်သည်က အလွန်ကြီးသော အမှိုက်ပုံဖြစ်ပါသည်။ရေးထားသည်က အလွန်ကြီးသော ရန်ကုန်မြို့ဖြစ်နေပါသည်။ဤသို့ ဖြစ်နေခြင်းသည် စာစပ်မပိုင်ရာမှ မြစ်ဖျားခံနေပါသည်။သာသနာနယ်တွင် စာစပ်သည် သာသနာ့ ပညာရှင်တို့ တတ်သိနားလည်သည့်စာစပ်ထက် ပိုမိုနက်ရှိုင်း၏။ ထို့ကြောင့် မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ကမ္ဘာလောကတစ်ခုလုံးကို သဗ္ဗညုတဉာဏ်တည်းဟူသော ဓာတ်ခွဲခန်းထဲမှာထည့်ပြီး ဓာတ်ခွဲခဲ့ရာ ရှိရှိသမျှ သက်ရှိသက်မဲ့အားလုံးသည် ပညတ်နှင့်ပရမတ်ဟူသော အကာနှင့်အနှစ်ကိုသာ တွေ့ရှိတော်မူခဲ့သည်။ထို့ကြောင့် စပ်ရာ၌လည်း ပညတ်စပ် ပရမတ်စပ်ဟူ၍ နှစ်မျိုးသတ်မှတ်လေ့ကျက်ခဲ့ကြသည်။

"စပ်ရာမှ ထွက်၊ ထွက်ရာမှ စပ်"ဟုဆိုရိုးရှိသည်နှင့်အညီ အထွက်အတက် ကျမ်းသွား ကျမ်းလာပြုရာမှာလည်း စာစပ်အမြင်သန်မှုသည် လွန်စွာအရေးကြီးလှပေသည်။စာစပ်အမြင် ပိုင်နိုင်ခြင်းသည် ပါဠိဘာသာ တတ်မြောက် ကျွမ်းကျင်လိမ်မာမှု(ဝါ) ပါဠိဝါကျစီကုံးမှုအတွက် အဓိကကျသော အကြောင်း တစ်ရပ်ဖြစ်သည်။

စာသင်စာချပုဂ္ဂိုလ်များအား ပိုမိုနှစ်သက်စေလိမ့်မည်ဟု ဤကျမ်းစာက ယုံကြည်မျှော်လင့်ပါကြောင်း၊ ဤကျမ်းစာကို အစဉ်အတိုင်း မခုံမကျော်မူ၍ မိမိတို့ ဉာဏ်အားရှိသလောက် ကြည့်ရှုလေ့ကျက်ပါ။ကြည့်ရှုလေ့ကျက်ပြီးသော နည်းကို ပါဠိစာပေ မြန်မာစာပေများထဲသို့ ဉာဏ်ဖြင့်သွင်း၍ ဝင်စားကြည့်ပါ။ ဤသို့ ကြည့်ရှုဝင်စားက ဤကျမ်းစာ၏အရသာ ပေါ်ပါလိမ့်မည်။

စာစပ်နည်းသင်ယူလိုသော စာချစာသင်ပုဂ္ဂိုလ်အရှင်တို့သည် စာရေးသူကိုယ်တိုင် သင်ယူခဲ့သောနည်းမှာ ရှေးဦးစွာ နာမ်ဝိဘတ် အာချာတ်ဝိဘတ် စာစပ်နိယံများနှင့် စာစပ်ပုံစံ စာစပ်ဟန် စာစပ်နည်းတို့ကို (ဝါ)ပုံစံကား "ပုရိသော မဂ္ဂံ ဂစ္ဆတိ"စသည် အနက်ပေးပြီး စာစပ်ဟန် စာစပ်နည်း စာစပ်ဆိုရိုးတို့ကို အရကျက်၍ သင်ယူခဲ့ရပါသည်။

ဤစာစပ်နည်းသည် မှန်ကန်သော စာစပ်သင်ယူနည်းဟု စာရေးသူကိုယ်တိုင် ယုံကြည်မိပါသည်။ပုံစံ ပြယုဂ် ပါဠိ အနက် စာစပ်ဆိုရိုး အရကျက်၍ သင်ယူပို့ချပေးပါလျှင် ပါဠိ မြန်မာ စာစပ်နည်း လွယ်ကူစွာ တတ်မြောက်သဘော ပေါက်ပါလိမ့်မည်။

ခင်မင်သော သီလ၊ စူးရှသော အသိဉာဏ်၊ ထက်သန်သော ဝီရိယ၊ ရဲရင့်တည်ကြည်သော အာဇာနည်ဖြစ်တော်မူလိုသော သုတဂဝေသီ အလီလီသော ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့သည် ကြည့်ရှုခြင်းအထပ်ထပ် အဖန်ဖန်သုံးသပ်၍ အဟုတ်အဟပ် အတတ်ပညာကို ကြည့်ညိုသောသဒ္ဓါဖြင့် အားထုတ်တော်မူနိုင်ကြပါစေသတည်း။

ဘဒ္ဒန္တဉာဏာဘိဝံသ(ဘုရားဖြူ)

# မာတိကာ

| စဉ် | အကြောင်းအရာ | နှာ |
|---|---|---|
| | **(၁)စာစပ်အခြေပြု** | |
| ၁။ | အမှာစကားရပ် | ၁ |
| ၂။ | စာစပ်နည်းအခြေခံအဓိပ္ပါယ် | ၂ |
| ၃။ | နာမ်ဝိဘတ်များ ဝိဘတ်အသံထွက်ဇယား | ၂ |
| ၄။ | နာမ်ဝိဘတ်များ သုတ်သက်ပုံဇယား | ၃ |
| ၅။ | အာချာတ်ဝိဘတ် သရုပ်ခွဲဇယားများ | ၄ |
| ၆။ | အာချာတ်ဝိဘတ် ဘော ကံ ကတ္တားခွဲပုံ | ၆ |
| ၇။ | မြန်မာစကားသံဖြင့် ကတ္တား ကံဟော ဝါကျသိရန် | ၇ |
| ၈။ | ဘော ကံ ကတ္တားဝါကျ လက္ခဏာများ | ၂၀ |
| ၉။ | ကြိယာ ကာရက အကာရကပုဒ် အဓိပ္ပါယ် | ၂၀ |
| ၁၀။ | စာစပ်စည်းမျဉ်းဥပဒေသ စာစပ်လက္ခဏာ | ၂၁ |
| ၁၁။ | သဒ္ဒါစပ်၊ ပညတ်စပ်၊ ပရမတ်စပ် | ၂၅ |
| ၁၂။ | ပဋ္ဌာန်းစာစပ်နည်း | ၂၇ |
| | **(၂)စာစပ်နိယံအဖြေကျမ်း** | |
| ၁။ | ကာရက(၆)ပါး စာစပ်နိယံ | ၃၅ |
| ၂။ | အကာရက စာစပ်နိယံ | ၃၅ |
| ၃။ | ဝုတ္တာဝုတ္တစာစပ်နိယံ | ၃၆ |
| ၄။ | ကာရက(၆)ပါး စာစပ်နိယံအဖြေများ | ၃၈ |
| ၅။ | အကာရကစာစပ်နိယံအဖြေများ | ၄၉ |
| ၆။ | တွာပစ္စည်းအနက် (၅)ချက် | ၆၈ |
| ၇။ | ဝုတ္တာဝုတ္တစာစပ်နိယံအဖြေများ | ၈၁ |
| | **(၃)မြန်မာစာစပ်နည်း** | |
| ၁။ | အမှာစကားရပ် | ၁၀၆ |

ဘုရားဖြူကျောင်းတိုက်

| စဉ် | အကြောင်းအရာ | နှာ |
|---|---|---|


| စဉ် | အကြောင်းအရာ | နှာ |
|---|---|---|
| ၂။ | မြန်မာစာစပ်နည်းအဓိပ္ပါယ် | ၁၀၇ |
| ၂။ | နမူနာစာစပ် | ၁၀၈ |
| ၃။ | စာစပ်ပုံ | ၁၁၀ |
| | (၄) မြန်မာစာပေ စာစပ်နည်း | |
| ၁။ | မြန်မာဘာသာနှင့်ပုဒ်(၄)မျိုး | ၁၁၄ |
| ၂။ | နာမ်ပုဒ်အကြောင်း | ၁၁၄ |
| ၃။ | ကြိယာပုဒ်အကြောင်း | ၁၁၅ |
| ၄။ | ကာရကဝိဘတ်အကြောင်း | ၁၁၇ |
| | အထွေထွေ | |
| ၁။ | စာစပ်ရာ၌ အသုံးပြုရန် နာမ်ဝိဘတ်ဇယား | ၁၂၃ |
| ၂။ | ကာရက အကာရကဇယား | ၁၂၄ |
| ၃။ | ကိတ်နာမ်မှတ်စု | ၁၂၄ |
| ၄။ | အနုဗန်အက္ခရာ(၆)မျိုး | ၁၂၅ |
| ၅။ | ဧကဝုစ်(၅)မျိုး | ၁၂၅ |
| ၆။ | ဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါး | ၁၂၆ |
| ၇။ | ဌာန် ကရိုဏ်း ပယတ်တို့ကို ဥပမာအားဖြင့်ပြခြင်း | ၁၃၃ |
| ၈။ | ပုဒ် ဝါကျ လိင်စသည်ခွဲပုံ အဓိပ္ပါယ် | ၁၃၃ |
| | (၅) ကဗျာ လင်္ကာစပ်နည်း | |
| ၁။ | အမှာစကားရပ် | ၁၃၅ |
| ၂။ | ကဗျာနှင့်ကာရန်အကြောင်း | ၁၃၅ |
| ၃။ | မြန်မာစာပေ အရေးအသား(၄)မျိုး | ၁၃၅ |
| ၄။ | ကဗျာအမျိုးမျိုး | ၁၃၆ |
| ၅။ | မြန်မာအက္ခရာနှင့်ကာရန် | ၁၃၇ |
| ၆။ | ကာရန်(၆၄)ပါး | ၁၃၈ |
| ၇။ | အသံအမျိုးမျိုး | ၁၃၉ |


ဘုရားဖြူကျောင်းတိုက်.

| စဉ် | အကြောင်းအရာ | နှာ |
| --- | --- | --- |
| ၈။ | အသတ်(၁၀)မျိုး | ၁၄၁ |
| ၉။ | သံပေါက်စပ်နည်း | ၁၄၂ |
| ၁၀။ | လက်ာစပ်နည်း | ၁၄၇ |
| ၁၁။ | ရတုစပ်နည်း | ၁၅၂ |
| ၁၂။ | ဒွေးချိုးစပ်နည်း | ၁၅၆ |
| ၁၃။ | တြိချိုးစပ်နည်း | ၁၆၂ |
| ၁၄။ | လေးချိုးစပ်နည်း | ၁၆၄ |
| ၁၅။ | လွမ်းချင်းစပ်နည်း | ၁၆၇ |
| ၁၆။ | တေးထပ်စပ်နည်း | ၁၆၉ |
| ၁၇။ | စည်တော်သံစပ်နည်း | ၁၇၈ |
| ၁၈။ | ဘောလယ်စပ်နည်း | ၁၈၀ |
| ၁၉။ | ၁၂–လရာသီ၌ စန်းယှဉ်နက္ခတ်ပန်းများနှင့် ပွဲတော်များ | ၁၈၃ |
| | **(၆)အခြေခံ ပါဠိဝါကျစီကုံးနည်း** | |
| ၁။ | အခြေခံ ပါဠိဝါကျစီကုံးနည်း အဓိပ္ပါယ် | ၁၈၅ |
| ၂။ | ကတ္တားဟောဝါကျအတွက် ကြိယာ၌ တပ်ဆင်ရမည့် ပရဿပုဒ်ဝိဘတ်များ– | ၁၈၆ |
| ၃။ | ဝိဘတ်များကို အသုံးပြုနည်း | ၁၈၇ |
| ၄။ | ကတ္တားဟောဝါကျ စီကုံးပုံ | ၁၈၈ |
| ၅။ | ကံဟောဝါကျ စီကုံးပုံ | ၁၈၉ |
| ၆။ | ကံဟောဝါကျအတွက် ကြိယာ၌ တပ်ဆင်ရမည့် အတ္တနောပုဒ်ဝိဘတ်များ– | ၁၉၀ |
| ၇။ | ကံဟောဝါကျ စီကုံးပုံ | ၁၉၀ |
| ၈။ | ဘောဟောဝါကျ စီကုံးပုံ | ၁၉၁ |
| ၉။ | ကိတ်ကြိယာဖြင့် စီကုံးနည်း | ၁၉၂ |
| ၁၀။ | ကတ္တားဟောဝါကျ စီကုံးပုံ | ၁၉၂ |

| စဉ် | အကြောင်းအရာ | နှာ. |
|---|---|---|
| ၁၁။ | ကံဟောဝါကျ စီကုံးပုံ | ၁၉၃ |
| ၁၂။ | ဝါကျအမျိုးအစားများ | ၁၉၃ |
| | (၇) ဝါကျခွဲနည်း | |
| ၁။ | အမှာစကားရပ် | ၂၀၂ |
| ၂။ | ဝါကျခဏ်း | ၂၀၂ |
| ၃။ | ဝါကျ(၁၆)မျိုးလက်ာ | ၂၀၃ |
| ၄။ | သခေ်ပဝါကျ | ၂၀၅ |
| ၅။ | ဝိတ္ထာရဝါကျ | ၂၀၆ |
| ၆။ | တပ္ပါကဋီကရဏဝါကျ | ၂၀၇ |
| ၇။ | ဒဋ္ဌိဝါကျ | ၂၀၉ |
| ၈။ | ကာရဏဝါကျ | ၂၂၀ |
| ၉။ | ဖလဝါကျ | ၂၂၆ |
| ၁၀။ | လဒ္ဒဂုဏဝါကျ | ၂၂၇ |
| ၁၁။ | လဒ္ဒဒေါသဝါကျ | ၂၂၉ |
| ၁၂။ | ဥပနျာသဝါကျ | ၂၃၀ |
| ၁၃။ | ဝါကျာရမ္ဘဝါကျ | ၂၃၂ |
| ၁၄။ | သာမညအလျော်ဝါကျ | ၂၃၅ |
| ၁၅။ | ဝိသေသဝါကျ(အံ့နွယ်) | ၂၃၇ |
| ၁၆။ | အနွယဝါကျနှင့်ဗျတိရေကဝါကျ | ၂၃၉ |
| ၁၇။ | ဂရဟာဝါကျနှင့်သမ္ဘာဝနာဝါကျ | ၂၄၃ |
| ၁၈။ | ပက္ခန္တရဝါကျ | ၂၄၈ |
| ၁၉။ | နှစ်ဝါကျ သုံးဝါကျစသည်ဖြစ်ပုံ | ၂၅၀ |
| ၂၀။ | နိဂုမ်း | ၂၅၄ |
| ၂၁။ | ဆုတောင်း | ၂၅၅ |

# (၁)စာစပ်အခြေပြု

## အမှာစကားရပ်

ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီး၌ ညောင်တုန်းဆရာတော်ဦးနန္ဒဝံသ ပို့ချတော်မူသော 'စာစပ်အခြေပြုကျမ်းကို စာရေးသူ၏ စာချဆရာတော် ဦးပဏ္ဍဝံသထံမှ သင်ယူခဲ့သော စာစပ်အခြေပြု စာစပ်နည်းပညာကို စာစပ်လိုသူ သုတေသီတို့အတွက် လွယ်ကူစွာ စာစပ်နည်းရစေခြင်းအကျိုးငှါ စာရေးသူ လက်လှမ်းမှီသ၍ ရေးသားလိုက်ရပါသည်။

ဤစာစပ်အခြေပြုကျမ်းစာကို (ဝါ)စာစပ်နည်းပညာကို မိမိတို့ ဉာဏ်အားရှိသလောက် ကြည့်ရှုလေ့ကျက် မှတ်သားပါ။ကြည့်ရှုလေ့လာ မှတ်သားပြီးသောနည်းကို ပိဋကတ်ကျမ်းဂန်ထည်းသို့ ဉာဏ်ဖြင့်သွင်း၍ ဝင်စားကြည့်ပါ။ (ဝါ)စာစပ် ကြည့်ပါ။ဤသို့ စာစပ်ကြည့်က ဤစာစပ်နည်း၏ သဘောတရားများ မိမိ၏ဉာဏ်၌ ထင်ပေါ်လာပါလိမ့်မည်။ဤစာစပ်နည်းစာမူသည် ပိဋကတ်ပင်လယ်ကူး ရန်အတွက် လှေသင်္ဘောသဖွယ် အထောက်အကူ ပြုပါ လိမ့်မည်ဟု ယုံကြည်စွာဖြင့် မှာကြားလိုက်ပါသတည်း။

**သုတေသီ အရှင်ဉာဏာဘိဝံသ**
**ဘုရားဖြူကျောင်းတိုက်**
**ပုဇွန်တောင်၊ ရန်ကုန်**

# စာစပ်နည်းအခြေခံ အခ်ိပ္ပါယ်

## နာမ်ဝိဘတ်များ သိရှိလေ့လာရန်
## ဝိဘတ်အသံထွက် ဇယား

| စဉ် | ဧကဝုစ် | ဗဟုဝုစ် | ဧကဝုစ်အသံထွက် | ဗဟုဝုစ်အသံထွက် |
|---|---|---|---|---|
| ပ | သိ | ယော | သည်–ကား | တို့သည်–တို့ကား |
| ပ | သိ | ယော | အို(အာလုပ်) | တို့အို(အာလုပ်) |
| ဒု | အံ | ယော | ..ကို | တို့ကို |
| တ | နာ | ဟိ | ဖြင့်၊ နှင့်၊ သည်၊ ကြောင့်၊ | တို့ဖြင့်၊တို့နှင့်၊တို့သည်– |
| စ | အား | နံ | အား၊ ငှာ | တို့အား၊ တို့ငှါ |
| မ | သ္မာ | ဟိ | မှ၊ အောက်၊ ထက် | တို့မှ၊တို့အောက်၊တို့ထက် |
| ဆ | သ | နံ | ၏၊ တွင် | တို့၏၊ တို့တွင် |
| သ | သ္မိံ | သု | ၌၊ ကြောင့်၊ တွင် | တို့၌၊ တို့ကြောင့်၊ တို့တွင် |

ဇယားရှင်းပြချက်။ပ–ပထမ။ဧကဝုစ် သိဝိဘတ်။အသံထွက်မှာ သည်–ကား။ဗဟုဝုစ် ယောဝိဘတ်။အသံထွက်မှာ တို့သည်–တို့ကား။ဟုသိပါ။ကြွင်းသော အာလုပ် ပထမာ ဧကဝုစ်–ဗဟုဝုစ်ဝိဘတ်။ဒုတိယာ၊ တတိယာ၊ စတုတ္ထီ၊ ပဉ္စမီ၊ ဆဋ္ဌီ၊ သတ္တမီ ဧကဝုစ်–ဗဟုဝုစ်ဝိဘတ်တို့၏ အသံထွက်များကိုလည်း ပထမာဝိဘတ်နှင့်အတူ ဇယားကွက်အတိုင်းသိပါလေ။

ပ–ပထမာ၊ ဒု–ဒုတိယာ၊ တ–တတိယာ၊ စ–စတုတ္ထီ၊ မ–ပဉ္စမီ၊ ဆ–ဆဋ္ဌီ၊ သ–သတ္တမီဝိဘတ်ဟုသိပါလေ။

## နာမ်ဝိဘတ်များ လေ့လာသိရှိရန်

## ဝိဘတ်၊ သုတ်သက်ပုံဇယား

| ဝိဘတ်အမည် | သက်သောသုတ် | အနက် | ကေဝုစ် | ဗဟုဝုစ် |
|---|---|---|---|---|
| ပထမာ | လိင်္ဂတ္ထေ ပထမာ | လိင် | သိ | ယော |
| အာလုပ် | အာလပနေ စ | အာလုပ် | သိ | ယော |
| ဒုတိယာ | ကမ္မတ္ထေ ဒုတိယာ | ကံ | အံ | ယော |
| တတိယာ | ကရဏေ တတိယာ | ကရိုဏ်း | နာ | ဟိ |
| စတုတ္ထီ | သမ္ပဒါနေ စတုတ္ထီ | သမ္ပဒါန် | သ | နံ |
| ပဉ္စမီ | အပါဒါနေ ပဉ္စမီ | အပါဒါန် | သ္မာ | ဟိ |
| ဆဋ္ဌီ | သာမိသ္မိံ ဆဋ္ဌီ | သာမိ | သ | နံ |
| သတ္တမီ | ဩကာသေ သတ္တမီ | ဩကာသ | သ္မိံ | သု |

**ဇယားပုံရှင်းပြချက်။**

ပထမာဝိဘတ်ကို လိင်္ဂတ္ထေ ပထမာသုတ်ဖြင့် လိင်အနက်၌ ဧကဝုစ် သိဝိဘတ်၊ ဗဟုဝုစ် ယောဝိဘတ်သက်ရသည်ဟု သိပါ။ကြွင်းသော ပထမာ အာလုပ်ဝိဘတ်၊ ဒုတိယာ၊ တတိယာ၊ စတုတ္ထီ၊ ပဉ္စမီ၊ ဆဋ္ဌီ၊ သတ္တမီဝိဘတ် တို့ကိုလည်း ပထမာဝိဘတ်နှင့်အတူ ဇယားအတိုင်းသိပါလေ။

## သိရှိလေ့လာရန် အာချာတ်ဝိဘတ်သရုပ်ခွဲဇယား

### ကတ္တားဟော (ပရဿပုဒ်)

| စဉ် | အမည် | ဧကဝုစ် | ဗဟုဝုစ် | ဧကဝုစ် | ဗဟုဝုစ် | ဧကဝုစ် | ဗဟုဝုစ် | |
|---|---|---|---|---|---|---|---|---|
| ၁ | ဝတ္တမာန် | တိ | အန္တိ | သိ | ထ | မိ | မ | ၅–ပုဒ်ပေါင်း |
| ၂ | ပဉ္စမီ | တု | အန္တု | တိ | ထ | မိ | မ | |
| ၃ | သတ္တမီ | ဧယျ | ဧယျုံ | ဧယျာသိ | ဧယျာထ | ဧယျာမိ | ဧယျာမ | |
| ၄ | ပရောက္ခာ | အ | ဥ | ဧ | တ္ထ | အံ | မှ | |
| ၅ | ဟိယျတ္တနီ | အာ | ဦ | သ | တ္ထ | အံ | မှ | |
| ၆ | အဇ္ဇတနီ | ဤ | ဦံ | ဩ | တ္ထ | ဣံ | မှာ | ၃–ပုဒ်ပေါင်း |
| ၇ | ဘဝိဿန္တိ | ဿတိ | ဿန္တိ | ဿသိ | ဿထ | ဿာမိ | ဿာမ | |
| ၈ | ကာလာတိပတ္တိ | ဿာ | ဿံသု | ဿေ | ဿထ | ဿံ | ဿာမ | |
| | | နာမယောဂ | | တုမှယောဂ | | အမှယောဂ | | |
| | | ပထမပုရိသ် | | မဇ္ဈိမပုရိသ် | | ဥတ္တမပုရိသ် | | |
| | | ရှေ့ပရဿပုဒ်–၆–လုံး ပေါင်းမူ–၄၈–လုံး | | | | | | |

ဇယားပုံရှင်းချက်။အာချာတ်ဝိဘတ်များ၌ ရှေ့ပရဿပုဒ်(၆)လုံးသည် ကတ္တားကိုသာ ဟော၍ နောက်အတ္တနောပုဒ်(၆)လုံးသည် ဘော–ကံ–ကတ္တား သုံးပါးလုံးကို ဟော၏။ထိုတွင် ဝတ္တမာန်၊ ပဉ္စမီ၊ သတ္တမီ၊ ပရောက္ခာ၊ ဟိယျတ္တနီ– ဝိဘတ်(၅)လုံးသည် (သဗ္ဗဓာတ်ဝိဘတ်)။အဇ္ဇတ္တနီ၊ ဘဝိဿန္တိ၊ ကာလာတိပတ္တိ ဝိဘတ်(၃)လုံးသည် အသဗ္ဗဓာတ်ဝိဘတ်)ဟုမှတ်။၎င်းတွင် ရှေးရှေးသော တိ–သိ၊ စသော ဝိဘတ်(၆)လုံးသည် ဧကဝုစ်။နောက်နောက်သော အန္တိ–ထ၊ စသော ဝိဘတ်(၆)လုံးသည် ဗဟုဝုစ်ဟု မှတ်ပါလေ။

### ယောဂ–ပုရိသ်ခွဲပုံ–

ဝတ္တမာန်ဝိဘတ်၌ တိ–အန္တိ ဝိဘတ်နှစ်လုံးသည် နာမယောဂ၊ ပထမပုရိသ်။သိ–ထ ဝိဘတ်နှစ်လုံးသည် တုမှယောဂ၊ မဇ္ဈိမပုရိသ်။မိ–မ နှစ်လုံးသည် အမှယောဂ၊ ဥတ္တမပုရိသ်ဟုမှတ်။

နောက်အတ္တနောပုဒ်(၆)လုံး၌လည်း တေ–အန္တေ ဝိဘတ်–နာမယောဂ၊

ပထမပုရိသ်။သေ–ဝေ့ ဝိဘတ်–တုမ္ယောဂ၊ မဇ္ဈိမပုရိသ်။ဧ–မှေ့ ဝိဘတ်–အမှယောဂ၊ ဥတ္တမပုရိသ်ဟု သိပါ။(ကြွင်းဝိဘတ်(၇)မျိုးလုံးကိုလည်း ဝတ္တမာန်ဝိဘတ်နှင့်အတူယောဂ၊ ပုရိသ်တို့ကို သိပါလေ။

**သိရှိလေ့လာရန် အာချာတ်ဝိဘတ်သရုပ်ခွဲဇယား**

**ဘော ကံ ကတ္တား(၃)ပါးဟော အတ္တနောပုဒ်**

| အမည် | ဧကဝုစ်၊ဗဟုဝုစ် | ဧကဝုစ်၊ ဗဟုဝုစ် | ဧကဝုစ်၊ဗဟုဝုစ် | |
|---|---|---|---|---|
| ဝတ္တမာန် | တေ အန္တေ | သေ ဝှေ | ဧ မှေ | –သဗ္ဗ |
| ပဉ္စမီ | တံ အန္တံ | သု ဝှေါ | ဧ အာမှသေ | ဓာတ် |
| သတ္တမီ | ဧထ ဧရံ | ဧထော ဧယျာဝှေါ | ဧယျံ ဧယျာမှေ | ဝိ |
| ပရောက္ခာ | တ္ထ ရေ | ထော ဝှေါ | ဣံ မှေ | ဘတ် |
| ဟိယျတ္တနီ | တ္ထ တ္ထုံ | သေ ဝှံ | ဣံ ၊ မှသေ | –၅ |
| အဇ္ဇတ္တနီ | အာ ဦ | သေ ဝှံ | အံ မှေ | –အ |
| ဘဝိဿန္တိ | ဿတေ ဿန္တေ | ဿသေ ဿဝှေ | ဿံ ဿာမှေ | သဗ္ဗ |
| ကာလာတိ | ဿထ ဿိသု | ဿသေ ဿဝှေ | ဿိံ ဿာမှသေ | –၃ |
| ပတ္တိ | နာမယောဂ | တုမ္ယောဂ | အမှယောဂ | |
| | ပထမပုရိသ် | မဇ္ဈိမပုရိသ် | ဥတ္တမပုရိသ် | |
| | နောက်–အတ္တနောပုဒ်(၆)လုံး ပေါင်းမှ ၄၈–လုံး | | | |

(ဇယားကွက် ညွှန်ကြားချက်ကို ကတ္တားဟော ပရဿပုဒ်ဝိဘတ်အတိုင်းသိလေ)။

**ကျက်မှတ်ရန်ဆောင်ပုဒ်**

၁။ခြင်းရာ ဘောမှတ်၊ ကံ ဝုအပ်၊ ကြွင်းလတ် ဝုတ္တကတ္တားသာ။

၂။တတ်–ကားကတ္တား၊ အပ်–ကံထား၊ ဘောကား ခြင်း–မှတ်ပါ။

၃။ပုဒ်ပရဿ၊ ရှိလေက၊ ဝုတ္တကတ္တားသာ။(ကတ္တားသာ ဟောအံ့)

၄။အတ္တနောသာ၊ ရှိသည်မှာ၊ သုံးဖြာ ကြိယာ။(ဘော ကံ ကတ္တားဟော)

ဘုရားဖြူကျောင်းတိုက်

၅။ဟောရာ ဟောရာ၊ ပထမာ၊ မဟောပါလျှင်၊ ဒုတိယာနှင့်တတိယာ။

**ကာရက(၆)ပါး**

သည်–ပေးလျှင် ကတ္တား။ကို–သို့–ပေးလျှင် ကံ။ဖြင့်–ပေးလျှင် ကရိဏ်း၊ အား–ငှါ–ပေးလျှင် သမ္ပဒါန်။မှ–အောက်–ထက်–ပေးလျှင် အပါဒါန်။၏–ပေး လျှင် သမ္ဗန်။၌–ပေးလျှင် အာဓာရ။အို–ပေးလျှင် အာလုပ်ဆို၍ စပ်။

**အကာရက**

သော–ပေးလျှင် တုလျာဓိကရဏဝိသေသန။အားဖြင့်–သဖြင့်–လျက်–စွာ–၍ ပေးလျှင် ကြိယာဝိသေသန။နှင့်–ပေးလျှင် သဟာဒိယောဂ။တွင်–ပေးလျှင် နိဒ္ဓါရဏ။သော်–ပေးလျှင် လက္ခဏ။စဉ်–ပေးလျှင် အနာဒရိယ။ကြောင့်–ပေးလျှင် စိတ်–နိမိတ်။ပတ်လုံး–တိုင်တိုင်–တိုင်အောင်–တိုင်လောက်–ပေးလျှင် အစ္စန္တသံယောဂ။ဆို၍ စပ်လေ။

**ဆောင်။** ကျက်–အံ–ကြံ–မေး၊ အင်္ဂါလေး၊ မှတ်ရေး စာတတ်မှန်။
ငမောက်အလား၊ ပြည်တန်ထား၊ ကျိုးစား စာစပ်ဉာဏ်။

**အာချာတ်ဝိဘတ် ဘော ကံ ကတ္တားခွဲပုံ**

အာချာတ်ဝိဘတ်(၈)မျိုး၌ ပရဿပုဒ်၊ အတ္တနောပုဒ် (၂)မျိုးစီရှိရာ ရှေ့ပရဿပုဒ်(၆)လုံးသည် ကတ္တားအနက်ကိုသာ ဟော၍ နောက်အတ္တနောပုဒ်(၆)လုံးသည် ဘော ကံ ကတ္တားအနက်သုံးမျိုးလုံးကို ဟောသည်ဟုမှတ်။ငှင်းဝိဘတ်(၈)မျိုးတို့တွင် ဝတ္တမာန်ဝိဘတ်သည် (၁၂)လုံးရှိရာ တိ–အန္တိစသော ရှေ့(၆)လုံးသည် ကတ္တားအနက်ကိုသာ ဟော၍ တေ–အန္တေဟူသော နောက်(၆)လုံးသည် ဘော ကံ ကတ္တားအနက်သုံးပါးလုံးကို ဟောသည်ဟုမှတ်။ကြွင်းသော ပဉ္စမီစသောဝိဘတ်(၇)မျိုးကိုလည်း ဝတ္တမာန်ဝိဘတ်နှင့်အတူသိပါလေ။ထို့ကြောင့်–" ပုဒ်ပရဿ၊ ရှိလေက၊ ဝုတ္တကတ္တားသာ။အတ္တနောသာ၊ ရှိသည်မှာ၊ သုံးဖြာကြိယာ " ဟုမိန့်ဆိုတော်မူကြ၏။

**ဝုတ္တာဝုတ္တာခွဲပုံ**

တိ–စသော အာချာတ်ဝိဘတ်များကို အာချာတ်ဝါစကဟု ဆိုသည်။

ယင်းဝါစကတို့ကဟောသော ကံ ကတ္တားကို ဝုတ္တကံ ကတ္တားဟုဆိုသည်။မဟော
သော ကံ ကတ္တားကို အဝုတ္တကံ ကတ္တားဟုဆိုသည်။ဝုတ္တကံ ကတ္တားမှာ ပထမာဝိ
ဘတ်နှင့်ထား၍ အဝုတ္တကံ ကတ္တားကို ဒုတိယာ တတိယာ ဆဋ္ဌီဝိဘတ်တစ်ခုခုနှင့်
ထားရသည်။ကံ ကတ်ဟောဝါကျတစ်ခုမှာ နှစ်ပါးစုံ ဝုတ္တ အဝုတ္တ မထားမနေစေ
ရ။ကတ္တားဝုတ္တဖြစ်လျှင် ကံ အဝုတ္တ။ကံ ဝုတ္တဖြစ်လျှင် ကတ္တား အဝုတ္တနှင့် ထားရ
သုံးစွဲရသည်။

ထို့ကြောင့်" ဟောရာမှာ–ပ၊ မဟောက ဒု တ ဆနှင့်ထား"ဟူ၍လည်း
ကောင်း၊ ဟောရာ ဟောရာ၊ ပထမာ၊ မဟောပါလျှင်၊ ဒုတိယာနှင့်၊ တတိယာ"
ဟူ၍လည်းကောင်း စပ်ဆိုတော်မူကြ၏။

မှတ်ချက်။ပထမာဝိဘတ်ကို သည်ဟုပေးလျှင် ဝုတ္တကတ္တားမှတ်။
ပထမာဝိဘတ်မှ တစ်ပါးသော ဝိဘတ်ကို သည်ပေးလျှင် အဝုတ္တကတ္တားမှတ်။

ပထမာဝိဘတ်ကို ကိုဟုပေးလျှင် ဝုတ္တကံဟုမှတ်။ပထမာဝိဘတ်မှတစ်
ပါးသော ဝိဘတ်ကို ကိုဟုအနက်ပေးလျှင် အဝုတ္တကံဟုမှတ်။

## မြန်မာစကားသံဖြင့် ကတ္တား ကံဟော ဝါကျသိရန်

ဝါကျတစ်ခုခုတွင် အဆုံးသတ်ကြိယာမှာ ခြင်းရာဟူသော စကားသံပါ
လျှင် ဘာဝဟောဝါကျဟုမှတ်။တစ်နည်း–ဘာဝကိုဟောရာ၌ သွားခြင်း ချက်ခြင်း
စသောကြိယာကို ဦးစီးဝန်ကိုင်ပြု၍ဆိုလျှင် ဘာဝဟောဖြစ်၍ ကံ ကတ္တားနှစ်ပါး
လုံးပင် အဝုတ္တဖြစ်၏။

ထို့ကြောင့် "အတ္တနောပုဒ်၊ ဘာဝဟောရုပ်၊ ကေဝုစ်သက် ပထမာ"ဥပဒေ
အရ အတ္တနောပုဒ် ပထမပုရိသ် ကေဝုစ် တေဝိဘတ်နှင့်ထား၍ " ကံ ရှိ မရှိ၊
ဘာဝဟော သိ၊ ခြင်း၏ ကံ ကတ်၊ ဒု တ ဆဋ္ဌ"ဥပဒေအရ ဒုတိယာ တတိယာ
ဆဋ္ဌီဝိဘတ်တစ်လုံးလုံးနှင့် သက်ကြရသည်။

ပုံစံကား" ပုရိသေန ဩဒနံ ဩဒနဿ ဝါ ပစ္စတေ"။စသည်တည်း။
(ပစ္စတေ–ချက်ခြင်း၊ ချက်ရာ၏ဟု အနက်ပေး)

ကံဟောဝါကျဟူသည် အဆုံးသတ်ကြိယာမှာ အပ်ဟူသောစကားသံပါ

လျှင် ကံဟောဝါကျဟုမှတ်။ပြယုဂ်ကား "ပုရိသေန သြဒနော ပစ္စတေ"တည်း။ (ပစ္စတေ–ချက်အပ်၏–ဟုအနက်ပေး)

ကတ္တားဟောဝါကျဟူသည် အဆုံးသတ်ကြိယာဝယ် အပ်ဟူသော စကားသံမပါသောကြောင့် (တတ်ဟူသောအသံ မပါစေကာမူ)ကတ္တားဟောဝါကျ ဖြစ်၏။

ပုစံကား" ပုရိသော သြဒနံ ပစတိ"တည်း။(ပစတိ–ချက်တတ်၏ဟု အနက်ပေး)

ထို့ကြောင့် "ခြင်းရာ ဘောမှတ်၊ ကံဟု အပ်၊ ကြွင်းတတ် ဝုတ္တကတ္တားသာ" ဟူ၍လည်းကောင်း၊ "တတ်ကား ကတ္တား၊ အပ် ကံထား၊ ဘော–မှာခြင်း မှတ်ပါ" ဟူ၍လည်းကောင်း မိန့်ဆိုတော်မူကြကုန်၏။

### အာချာတ်ကြိယာနှင့်ပြယုဂ်

**(ကတ္တားဟောပြယုဂ်)** "ပုရိသော သြဒနံ ပစတိ"။ ပုရိသော–ယောကျ်ားသည်၊ သြဒနံ–ထမင်းကို၊ ပစတိ–ချက်တတ်၏၊(ဤကား အတ္တစပ်ပုံ)

ပုရိသောကား သည်–ကြောင့်၊ ပစတိ၌ တိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊ ပစတိကား ကတ္တား၏ ကြိယာ(ဝါ)ထိုကတ္တားကို ဟောသော အာချာတ်ကြိယာဝါစကတည်း။

သြဒနံကား ကို–ကြောင့်၊ ပစတိ၌ တိဝိဘတ်ဟုဆိုအပ်သော (ပ)အဝုတ္တကံ၊ ပစတိကား ကံ၏ကြိယာ(ဝါ)ထိုကံကို မဟောသော အာချာတ်ကြိယာဝါစက တည်း။(ဤကား ပုဒ်စပ်ပုံ)

**(ကံဟောပြယုဂ်)**" ပုရိသေန သြဒနော ပစ္စတေ"။ပုရိသေန–သည်၊ သြဒနော–ကို၊ ပစ္စတေ–ချက်အပ်၏။(ဤကား အတ္တစပ်ပုံ)

ဇာစပ်ပုံကား–ပုရိသေနကား သည်–ကြောင့်၊ ပစ္စတေ၌ အဝုတ္တကတ္တား စပ်လေ။သြဒနောကား ကို–ကြောင့်၊ ပစ္စတေ၌ ဝုတ္တကံစပ်လေ။(ပုဒ်စပ်ပုံ)

**(ဘောဟောပြယုဂ်)**" ပုရိသေန သြဒနံ ပစ္စတေ "။

ပုရိသေနကား သည်–ကြောင့်၊ ပစ္စတေ၌ အဝုတ္တကတ္တားစပ်။သြဒနံကား

ကို–ကြောင့်၊ ပစ္စတေဒ္ဒ အဝုတ္တကံစပ်။

မှတ်ချက်။ ။ပထမာဝိဘတ်သည် ဝုတ္တကံ ကတ္တားမှတ်။ပထမာဝိဘတ်မှတစ်ပါးသော ဝိဘတ်သည် အဝုတ္တကတ္တား ကံဟုမှတ်။

တစ်နည်း။(ဘောဟောပြယုဂ်)" ပုရိသေန ဩဒနဿ ပစ္စတေ"။ ပုရိသေန–သည်၊ ဩဒနဿ–ကို၊ ပစ္စတေ–ချက်ခြင်း ချက်ရာ၏။

စာစပ်ကား–ပုရိသေနကား သည်–ကြောင့်၊ ပစ္စတေဒ္ဒ အဝုတ္တကတ္တားစပ်။ဩဒနဿကား ကို–ကြောင့်၊ ပစ္စတေဒ္ဒ အဝုတ္တကံစပ်လေ။

(အာချာတ်ကြိယာပြယုဂ်ပြီး၏)

## (ကိတ်ကြိယာနှင့်ပြယုဂ်)

**(ကတ္တားဟောပြယုဂ်)** " ပုရိသော ဩဒနံ ပါစကော "
ပုရိသော–သည်၊ ဩဒနံ–ကို၊ ပါစကော–ချက်တတ်၏။

စာစပ်ပုံ ပုရိသောကား သည်–ကြောင့်၊ ပါစကောဒ္ဒ ဝုတ္တကတ္တား၊ (ဏ) ထိုကတ္တားကို ဟောတတ်သော ကိတ်ကြိယာဝါစကတည်း။ဩဒနံကား ကို–ကြောင့်၊ ပါစကောဒ္ဒ အဝုတ္တကံ(ဏ)ထိုကံကို မဟောသော ကိတ်ကြိယာဝါစကတည်း။

**(ကိတ်ကြိယာကံဟောပြယုဂ်)** " ပုရိသေန ဩဒနော ပစိတော "
ပုရိသေန–သည်၊ ဩဒနော–ကို၊ ပစိတော–ချက်အပ်ပြီ။

စာစပ်ပုံကား ပုရိသေနကား သည်–ကြောင့် ပစိတောဒ္ဒ အဝုတ္တကတ္တား ပစိတောကား(ပ) ထိုကတ္တားကို မဟောသော ကိတ်ကြိယာဝါစကတည်း။

ဩဒနောကား ကို–ကြောင့်၊ ပစိတောဒ္ဒ ဝုတ္တကံစပ်လေ။

**(ကိတ်ကြိယာဘောဟောပြယုဂ်)** " ပုရိသေန ဩဒနဿ ပစနံ "။ပုရိသေန–သည်၊ ဩဒနဿ–ကို၊ ပစနံ–ချက်ခြင်း ချက်ရာ၏။

စာစပ်ပုံကား ပုရိသေနကား သည်–ကြောင့်၊ ပစနံဒ္ဒ အဝုတ္တကတ္တား၊ ပစနံကား(ပ) ထိုကတ္တားကိုဟောသော ကိတ်ကြိယာဝါစကတည်း။

ဩဒနဿကား ကို–ကြောင့်၊ ပစနံဒ္ဒ အဝုတ္တကံစပ်လေ။

(တစ်နည်း) (ကိတ်ကြိယာဘောဟော) " ပုရိသဿ ဩဒနဿ ပစနံ "
ပုရိသဿ–၏၊(ဝါ)သည်၊ ဩဒနဿ–ကို၊ ပစနံ–ချက်ခြင်း ချက်ရာ၏။
စပ်ပုံကား ပုရိသဿကား ၏–ကြောင့်၊ ပစနံ၌ သမ္ဗန်၊ ပစနံကား သမ္ဗန္ဓီ။(တစ်နည်း)ပုရိသဿကား သည်–ကြောင့်၊ ပစနံ၌ အဝုတ္တကတ္တားစပ်လေ။ ဩဒနဿကား ကို–ကြောင့်၊ ပစနံ၌ အဝုတ္တကံစပ်လေ။
(ကိတ်ကြိယာနှင့်ပြယုဂ်ပြီး၏)

"စက္ခုနာ ရူပံ ပဿတိ"တည်း။
ပုရိသော–သည်၊ စက္ခုနာ–မျက်စိဖြင့်၊ ရူပံ–ရူပါရုံကို၊ ပဿတိ–မြင်၏။
စာစပ်ပုံကား ပုရိသောကား သည်–ကြောင့်၊ ပဿတိ၌ ဝုတ္တကတ္တား၊ ပဿတိကား ဝုတ္တကတ္တား၏ ကြိယာစပ်လေ။
စက္ခုနာကား ဖြင့်–ကြောင့်၊ ပဿတိ၌ အဇ္ဈတ္တိကကရိဏ်း၊ ပဿတိကား အဇ္ဈတ္တိကကရိဏ်း၏ ကြိယာ။ရူပံကား ကို–ကြောင့်၊ ပဿတိ၌ အဝုတ္တကံ စပ်လေ။
"ဒတ္တေန ဝီဟိံ လုနာတိ"တည်း။
ကဿကော–လယ်သမားသည်၊ ဒတ္တေန–တံစင်ဖြင့်၊ ဝီဟိံ–ကောက်စပါးကို၊ လုနာတိ–ရိတ်ဖြတ်၏။
စာစပ်ပုံကား ကဿကောကား သည်–ကြောင့်၊ လုနာတိ၌ ဝုတ္တကတ္တား၊ လုနာတိကား ဝုတ္တကတ္တား၏ ကြိယာစပ်လေ။ဒတ္တေနကား ဖြင့်–ကြောင့်၊ လုနာတိ၌ ဗာဟိရကရိဏ်း၊ လုနာတိကား ဗာဟိရကရိဏ်း၏ ကြိယာ။ဝီဟိံကား ကို–ကြောင့်၊ လုနာတိ၌ အဝုတ္တကံစပ်လေ။

### *သမ္ပဒါန်ပြယုဂ်*

"ဘိက္ခုဿ စီဝရံ ဒေတိ"တည်း။အနက်––ဒါနပတိ–အလှူရှင်သည်၊ ဘိက္ခုဿ–ရဟန်းအား၊ စီဝရံ–သင်္ကန်းကို၊ ဒေတိ–ပေး၏။
စာစပ်ပုံ– ဒါနပတိကား သည်–ကြောင့်၊ ဒေတိ၌ ဝုတ္တကတ္တားစပ်။

ဘိက္ခုသကား အား–ကြောင့်၊ ဒေတိ၌ အကြောင်းဖြစ်သော သမ္ပဒါန်၊ ဒေတိကား အကြောင်းဖြစ်သော သမ္ပဒါန်၏ ကြိယာ။စီဝရံကား ကို–ကြောင့်၊ ဒေတိ၌ အဝုတ္တ ကံစပ်လေ။

"ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇတိ လောကဟိတာယ"တည်း။အနက်–ဗုဒ္ဓေါ–ဘုရားသည်၊ လောကဟိတာယ–သတ္တလောက၏ အကျိုးစီးပွါးကို ပြုခြင်းငှါ၊ လောကေ–လောက၌၊ ဥပ္ပဇ္ဇတိ–ဖြစ်တော်မူ၏(ဝါ)ပွင့်တော်မူ၏။

စာစပ်ပုံကား ဗုဒ္ဓေါကား သည်–ကြောင့်၊ ဥပ္ပဇ္ဇတိ၌ ဝုတ္တကတ္တားစပ်။ လောကဟိတာယကား ငှါ–ကြောင့်၊ ဥပ္ပဇ္ဇတိ၌ အကျိုးဖြစ်သော တဒတ္ထသမ္ပဒါန်၊ ဥပ္ပဇ္ဇတိကား အကျိုးဖြစ်သော တဒတ္ထသမ္ပဒါန်၏ ကြိယာ။လောကေကား ၌–ကြောင့်၊ ဥပ္ပဇ္ဇတိ၌ အာဓာရ၊ ဥပ္ပဇ္ဇတိကား အာဓာရ၏ကြိယာ။

## အပါဒါန်ပြယုဂ်

"ဂါမာ အပေန္တိ မုနယော"တည်း။အနက်–မုနယော–ရဟန်းတို့သည်၊ ဂါမေ–ရွာ၌၊ ပိဏ္ဍာယ–ဆွမ်းအလို့ငှါ၊ စရိတွာ–လှည့်လည်၍၊ ဂါမာ–ရွာမှ၊ အပေန္တိ –ဖဲသွားကြကုန်၏။

စာစပ်ပုံ မုနယောကား တို့သည်–ကြောင့်၊ စရိတွာ၌ စဉ်းငယ်ဆိုက်၍၊ အပေန္တိ၌ ဝုတ္တကတ္တားစပ်။ဂါမေကား ၌–ကြောင့်၊ စရိတွာ၌ အာဓာရ၊ စရိတွာကား အာဓာရ၏ ကြိယာ။ပိဏ္ဍာယကား ငှါ–ကြောင့်၊ စရိတွာ–အကျိုးဖြစ်သော တဒတ္ထ သမ္ပဒါန်၊ စရိတွာကား အကျိုးဖြစ်သော တဒတ္ထသမ္ပဒါန်၏ ကြိယာ။

စရိတွာကား ၍–ကြောင့်၊ အပေန္တိ၌ ပုဗ္ဗကာလကြိယာဝိသေသန၊ အပေန္တိကား အရပကာလကြိယာဝိသေသျ။ဂါမာကား မှ–ကြောင့်၊ အပေန္တိ၌ အပါဒါန်၊ အပေန္တိကား အပါဒါန်၏ ကြိယာ။

" ဩမကပတ္တတော ဩမကော ပတ္တော အပတ္တော"တည်း။အနက်– ဩမကပတ္တတော–ယုတ်သောသပိတ်အောက်၊ ဩမကော–ယုတ်သော၊ ပတ္တော–သပိတ်သည်၊ အပတ္တော–သပိတ်မဟုတ်(ဝါ)သပိတ်မမည်။

စာစပ်ပုံ ဩမကပတ္တဘောကား အောက်–ကြောင့်၊ ဩမကော၌ အပါ

ဒါန်၊ ဩမကောကား အပါဒီ။ဩမကောကား သော–ကြောင့်၊ ပတ္တောဝ္ဒိ တုလျာဓိကရဏဝိသေသန၊ ပတ္တောကား တုလျာဓိကရဏဝိသေသျ။ပတ္တောကား သည်–ကြောင့်၊ အပတ္တော၌ တုလျတ်၊ အပတ္တောကား လိင်္ဂတ်။

"ဥက္ကဋ္ဌပတ္တတော ဥက္ကဋ္ဌော ပတ္တော အပတ္တော"တည်း။အနက်–ဥက္ကဋ္ဌပတ္တတော –လွန်သောသပိတ်ထက်၊ ဥက္ကဋ္ဌော–လွန်သော၊ ပတ္တော–သပိတ်သည်၊ အပတ္တော–သပိတ်မမည်၊(ဝါ)သပိတ်မဟုတ်။

တစပ်ပုံ ဥက္ကဋ္ဌပတ္တတောကား ထက်–ကြောင့်၊ ဥက္ကဋ္ဌော၌ အပါဒါန်၊ ဥက္ကဋ္ဌောကား အပါဒီ။ဥက္ကဋ္ဌောကား သော–ကြောင့်၊ ပတ္တော၌ တုလျာဓိကရဏစပ်။ ပတ္တောကား သည်–ကြောင့်၊ အပတ္တော၌ တုလျတ်၊ အပတ္တောကား လိင်္ဂတ်။

## သမ္ဗန္ဓပြယုဂ်

"ဗဟုတံ မေ ဓနံ သက္က" တည်း။အနက်–သက္က–သိကြားမင်း၊ မေ–အကျွန်ုပ်၏၊ ဓနံ–ဥစ္စာသည်၊ ဗဟုတံ–များလှပါ၏။

တစပ်ပုံ သက္ကသဒ္ဒါကား သဗောဓအာလုပ်ပုဒ်တည်း။မေကား ၏–ကြောင့်၊ ဓနံ၌ သမ္ဗန်၊ ဓနံကား သမ္ဗန္ဓီ။ဓနံကား သည်–ကြောင့်၊ ဗဟုတံ၌ တပ္ပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တားစပ်။

## အာဓာရပြယုဂ်

"တိလေသု တေလံ တိဋ္ဌတိ"တည်း။အနက်–တိလေသု–နှမ်းတို့၌၊ တေလံ–ဆီသည်။ တိဋ္ဌတိ–တည်၏။

တစပ်ပုံ တိလေသုကား တို့၌–ကြောင့်၊ တိဋ္ဌတိ၌ အာဓာရ၊ အာဓာရ၏ ကြိယာစပ်။တေလံကား သည်–ကြောင့်၊ တိဋ္ဌတိ၌ ဝုတ္တကတ္တားစပ်လေ။

## ဝိသေသန ဝိသေသျပြယုဂ်

**(ကာရကဝိသေသန)**"တပသာ ဥတ္တမော" တည်း။အနက် သာမဏေရော–သာမဏေသည်၊ တပသာ–အကျင့်အားဖြင့်၊ ဥတ္တမော–မြတ်၏။

တစပ်ပုံ သာမဏေရောကား သည်–ကြောင့်၊ ဥတ္တမော၌ တုလျတ်

လိင်္ဂတ်စပ်။တပသာကား အားဖြင့်–ကြောင့်၊ ဥတ္တမောဠ် ကာရကဝိသေသန၊ ဥတ္တမောကား ကာရကဝိသေသျ။

**(ကြိယာဝိသေသန)**"ဝိသမေန ဓာဝတိ"တည်။အနက် သာမဏေရော–သည်၊ ဝိသမေန–မညီညွတ်သဖြင့်၊ ဓာဝတိ–ပြေးသွား၏။

စာစပ်ပုံ သာမဏေရောကား သည်–ကြောင့်၊ ဓာဝတိ၌ ဝုတ္တကတ္တားစပ်။ ဝိသမေနကား သဖြင့်–ကြောင့်၊ ဓာဝတိ၌ ကြိယာဝိသေသန၊ ကြိယာဝိသေသျစပ်။

"ဘဂဝါ ဓမ္မံ ဒေသေန္တော စရတိ"တည်း။အနက် ဘဂဝါ–သည်၊ ဓမ္မံ–ကို၊ ဒေသေန္တော–ဟောတော်မူလျက်၊ စရတိ–လှည့်လည်ကြွသွားတော်မူ၏။

စာစပ်ပုံ ဘဂဝါကား သည်–ကြောင့်၊ ဒေသေန္တော၌ စဉ်းငယ်ဆိုက်၍ စရတိ၌ ဝုတ္တကတ္တားစပ်။ဓမ္မံကား ကို–ကြောင့်၊ ဒေသေန္တော၌ အန္တပစ္စည်းဟု ဆိုအပ်သော ကိတ်ကြိယာဝါစကသည် ဟောအပ်သောဝုတ္တကံ၊ (ဒေသေန္တောကား ထိုကံကို ဟောသော ကိတ်ကြိယာဝါစကတည်း။)ဒေသေန္တောကား လျက်–ကြောင့်၊ စရတိ၌ ကြိယာဝိသေသန၊ သျစပ်လေ။

"သုခံ သယတိ"တည်း။အနက် သာမဏေရော–သည်၊ သုခံ–ချမ်းသာစွာ၊ သယတိ–အိပ်၏။

စာစပ်ပုံ သာမဏေရော–သည်–ကြောင့်၊ သယတိ၌ ဝုတ္တကတ္တားစပ်။ သုခံကား စွာ–ကြောင့်၊ သယတိ၌ ကြိယာဝိသေသန၊ သျစပ်။

"ပုရိသော ဘုတ္ဝာ သယတိ"တည်း။အနက် ပုရိသော–သည်၊ ဘုတ္ဝာ–စားပြီး၍၊ သယတိ–အိပ်၏။

စာစပ်ပုံ ပုရိသောကား သည်–ကြောင့်၊ ဘုတ္ဝာ၌ စဉ်းငယ်ဆိုက်၍ သယတိ၌ ဝုတ္တကတ္တားစပ်။ဘုတ္ဝာကား ၍–ကြောင့်၊ သယတိ၌ ပုဗ္ဗကာလကြိယာဝိသေသန၊ သယတိကား အပရကာလကြိယာဝိသေသျ။

**မှတ်ချက်။**နိယံ–"ပုဗ္ဗ ပရ၊ သမာနနှင့်၊ လက္ခဏ ဟေတု၊ ငါးခုအတ္ထ၊ သက်အပ်စွ၊ တ္ဝာန တွာ။"

"ပုရိသော ဒွါရံ ပိဒှါယ နိက္ခမိ"တည်း။အနက် ပုရိသော–သည်၊ ဒွါရံ–တံခါးကို၊ ပိဒှါယ–ပိတ်၍၊ နိက္ခမိ–ထွက်ပြီ။

စာစပ်ပုံ ပုရိသောကား–သည်–ကြောင့်၊ ပိဒါယဌ် စဉ်းငယ်ဆိုက်၍၊ နိက္ခမိဌ် ဤဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တ ကတ္တားစပ်လေ။ဒွါရံကား ကို–ကြောင့်၊ ပိဒါယဌ် တွာပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံစပ်။ပိဒါယကား ၍–ကြောင့်၊ နိက္ခမိဌ် အပရကာလကြိယာဝိသေသန၊ နိက္ခမိကား ပုဗ္ဗကာလကြိယာဝိသေသျ။

(တံခါးကို ထွက်ပြီးမှ ပိတ်ရာ၏။ပိဒါယကား အပရ၊ နိက္ခမိကား ပုဗ္ဗကာလဖြစ်၏။)

"သူရိယော တမံ ဟန္ဒွာ ဥဒိတော"တည်း။အနက် သူရိယော–နေသည်၊ တမံ–အမိုက်တိုက်ကို၊ ဟန္ဒွာ–ပယ်ဖျောက်၍၊ ဥဒိတော–ဥဒီတောင်စွန်း ပုဗ္ဗကျွန်းမှ ပေါ်ထွန်းထွက်ပြူလာပြီ။

စာစပ်ပုံ သူရိယောကား သည်–ကြောင့်၊ ဟန္ဒွာဌ် စဉ်းငယ်ဆိုက်၍၊ ဥဒီတောဌ် တပစ္စည်းဝယ် ဝုတ္တကတ္တားစပ်။တမံကား ကို–ကြောင့်၊ ဟန္ဒွာဌ် တွာပစ္စည်းဝယ် အဝုတ္တကံစပ်။ဟန္ဒွာကား ၍–ကြောင့်၊ ဥဒီတောဌ် သမာနကာလကြိယာဝိသေသန၊ ဥဒီတောကား သမာနကာလကြိယာဝိသေသျစပ်။

"သီဟံ ဒိသွာ ဘယံ ဟောတိ"တည်း။အနက် ပုရိသဿ–အား(ဝါ)သည်၊ သီဟံ–ခြင်္သေ့ကို၊ ဒိသွာ–မြင်သည်ရှိသော်၊ ဘယံ–ဘေးသည်၊ ဟောတိ–၏ ။

စာစပ်ပုံ ပုရိသဿကား အား–ကြောင့်၊ ဟောတိဌ် သမ္ပဒါန်ကြိယာစပ်။ တစ်နည်း ပုရိသဿကား သည်–ကြောင့်၊ ဒိသွာဌ် လက္ခဏာဝန္တကတ္တား၊ ဒိသွာကား လက္ခဏ။သီဟံကား ကို–ကြောင့်၊ ဒိသွာဌ် တွာပစ္စည်း အဝုတ္တကံစပ်။ ဒိသွာကား သော်–ကြောင့်၊ ဟောတိဌ် လက္ခဏ၊ ဟောတိကား လက္ချ။ဘယံကား သည်–ကြောင့်၊ ဟောတိဌ် လက္ခဏာဝန္တကတ္တား၊ ဟောတိကား လက္ခဏာဝန္တကြိယာ

နိယံ"ကတ္တား ကွဲဘိ၊ မတူရှိသော်၊ မိမိကတ္တား၊ သမ္ဗန်ထား၍၊ ဖြစ်ငြား ဟိတ်မှာ သက်တို့လာသည်၊ တွာဒိပစ္စည်း သဘောတည်း။"

"သပ္ပံ ပိတွာ ဗလံ ဟောတိ"တည်း။အနက် ပုရိသဿ–အား(ဝါ)၏၊

သပ္ပိ–ထောပတ်ကို၊ ပိတွာ–သောက်ရခြင်းကြောင့်၊ ဗလံ–အားသည်၊ ဟောတိ–ဖြစ်၏။

စာစပ်ပုံ ပုရိသသကား အား–ကြောင့်၊ ဟောတိ၌ သမ္ပဒါန်စပ်။တစ်နည်း ပုရိသသကား ၏–ကြောင့်၊ ပိတွာ၌ သမ္ဗန်၊ သမ္ဗန္ဓီ။သပ္ပိကား ကို–ကြောင့်၊ ပိတွာ၌ အဝုတ္တကံစပ်။ဗလံကား သည်–ကြောင့်၊ ဟောတိ၌ ဝုတ္တကတ္တားစပ်။

## သဟာဒိယောဂပြယုဂ်

"သဟာပိ ဂင်္ဂေန သံဃော ကမ္မံ ကရေယျ"တည်း။အနက် သံဃော–သည်၊ ဂင်္ဂေန–ဂဂ္ဂရဟန်းရှင်နှင့်။ သဟာပိ–တကွလည်း၊ ကမ္မံ–အမှုကို၊ ကရေယျ–ပြုရာ၏။

စာစပ်ပုံ သံဃောကား သည်–ကြောင့်၊ ကရေယျ၌ ဓာတ်ပါဝိဘတ် ဝုတ္တကတ္တားစပ်။ဂင်္ဂေနကား နှင့်–ကြောင့်၊ သဟ၌ သဟယောဂ၊ သဟကား သဟယော ဂဝန္တ။သဟကား တကွ–ကြောင့်၊ ကရေယျ၌ ကြိယာဝိသေသန၊ သျှစပ်။ကမ္မံကား ကို–ကြောင့်၊ ကရေယျ၌ ဓာတ်ပါဝိဘတ် အဝုတ္တကံစပ်။

"ဘဂဝါ ဘိက္ခု သံဃေန သဒ္ဓိံ ဂစ္ဆတိ"တည်း။အနက် ဘဂဝါ–သည်၊ ဘိက္ခုသံဃေန်–နှင့်၊ သဒ္ဓိံ–တကွ၊ ဂစ္ဆတိ–သွား၏။

စာစပ်ပုံ ဘဂဝါကား သည်–ကြောင့်၊ ဂစ္ဆတိ၌ ဝုတ္တကတ္တားစပ်။ဘိက္ခုသံဃေနကား နှင့်–ကြောင့်၊ သဒ္ဓိံ၌ သဟာဒိယောဂ၊ သဒ္ဓိံကား သဟာဒိယောဂဝန္တ။သဒ္ဓိံကား တကွ–ကြောင့်၊ ဂစ္ဆတိ၌ ကြိယာဝိသေသန–သျှစပ်။

"ဒေဝဒတ္တော ကောကာလိကေန ဂစ္ဆတိ"တည်း။အနက် ဒေဝဒတ္တော–သည်၊ (ဝါ)ဦးနတ်မေးသည်၊ ကောကာလိကေန–နှင့်တကွ၊ ဂစ္ဆတိ–၏။

စာစပ်ပုံ ဒေဝဒတ္တောကား သည်–ကြောင့်၊ ဂစ္ဆတိ၌ ဝုတ္တကတ္တားစပ်။ကောကာလိကေနကား တကွ–ကြောင့်၊ ဂစ္ဆတိ၌ သဟတ္ထ၊ ဂစ္ဆတိကား သဟတ္ထဝန္တ။

## နိဒ္ဓါရဏပြယုဂ်

"ပထိကာနံ ခိပ္ပဝဏ္ဏော သီဃတမော"တည်း။အနက် ပထိကာနံ–ခရီးသွား

သော သူတို့တွင်၊ ဓာဝန္တော–ပြေးသွားသောသူသည်၊ သီဃတမော–အလွန်လျင်မြန်၏။

စာစပ်ပုံ ပထိကာနံကား တို့တွင်–ကြောင့်၊ ဓာဝန္တော၌ အပေါင်းဖြစ်သော နိဒ္ဓါရဏ၊ ဓာဝန္တောကား အစိတ်ဖြစ်သော နိဒ္ဓါရဏီယ။ဓာဝန္တောကား သည်–ကြောင့်၊ သီဃတမော၌ တုလျတ်–လိင်္ဂတ်စပ်လေ။

"ကမ္မသ္မိံ ပစ္စယေ သတိ ဣဒံ ဖလံ ဟောတိ"တည်း။အနက် ကမ္မသ္မိံ ပစ္စယေ–ဤအကြောင်းသည်၊ သတိ–ရှိသော်၊ ဣဒံ ဖလံ–ဤအကျိုးသည်၊ ဟောတိ–၏။

စာစပ်ပုံ ကမ္မသ္မိံ ပစ္စယေကား သည်–ကြောင့်၊ သတိ၌ လက္ခဏာဝန္တ၊ သတိကား လက္ခဏ။သတိကား သော်–ကြောင့်၊ ဟောတိ၌ လက္ခဏ၊ ဟောတိကား လက္ချ။ဣဒံ ဖလံကား သည်–ကြောင့်၊ ဟောတိ၌ လက္ချဝန္တ၊ ဟောတိကား လက္ချ။

အနာဒရပြယုဂ်

"ရုဒတော ဒါရကဿ ပဗ္ဗဇိ ပိတာ"တည်း။အနက် ဒါရကဿ–သူငယ်သည်၊ ရုဒတော–ငိုစဉ်၊ ပိတာ–အဖသည်၊ ပဗ္ဗဇိ–ရဟန်းပြုပြီ။

စာစပ်ပုံ ဒါရကဿကား သည်–ကြောင့်၊ ရုဒတော၌ အနာဒရီယဝန္တ၊ ရုဒတောကား အနာဒရီယ။ရုဒတောကား စဉ်–ကြောင့်၊ ပဗ္ဗဇိ၌ အနာဒရီယ၊ ပဗ္ဗဇိကား အနာဒရ။ပိတာကား သည်–ကြောင့်၊ ပဗ္ဗဇိ၌ အနာဒရဝန္တ၊ ပဗ္ဗဇိကား အနာဒရ စပ်လေ။

"မာတာပိတူနံ ရုဒတံ ပဗ္ဗဇိသတ္တော"တည်း။အနက် မာတာပိတူနံ–မယ်တော် ခမည်းတော်တို့သည်၊ အကာမကာနံ–အလိုမရှိကုန်သည်ဖြစ်၍၊ ရုဒတံ–ငိုကြွကုန်စဉ်၊ ပဗ္ဗဇိသတ္တော–အလောင်းတော်မြတ် ပဗ္ဗဇိသတ်သည်၊ နိက္ခမိ–တောထွက်တော်မူပြီ။

စာစပ်ပုံ မာတာပိတူနံကား တို့သည်–ကြောင့်၊ အကာမကာနံ၌ စဉ်းငယ်ဆိုက်၍၊ ရုဒတံ၌ အနာဒရီယဝန္တ၊ ရုဒတံကား အနာဒရီယ။အကာမကာနံကား ၍–ကြောင့်၊ ရုဒတံ၌ ပုဗ္ဗကာလကြိယာဝိသေသန၊ ရုဒတံကား အပရကာလကြိ

ယာဝိသေသျ။ရုဒတံကား ကုန်စင်–ကြောင့်၊ နိက္ခမိဋ္ဌ အနာဒရိယ၊ နိက္ခမိကား အနာဒရ။ဖော်ဝိသတ္တောကား သည်–ကြောင့်၊ နိက္ခမိဋ္ဌ အနာဒရဝန္တ၊ နိက္ခမိကား အနာဒရ။

အာလုပ်ပြယုဂ်

"ဧဟိ ဘော ပုရိသ"တည်း။အနက် ဘော ပုရိသ–အိုယောကျာ်း၊ တွံ–သင်သည်၊ ဧဟိ–လာလော့။

စာစပ်ပုံ ဘော ပုရိသကား သဇီဝအာလုပ်ပုဒ်တည်း။တွံကား သည်–ကြောင့်၊ ဧဟိဋ္ဌ ဝုတ္တကတ္တား။ဟိဝိဘတ် ဝုတ္တကတ္တားစပ်လေ။

"ဝဒေဟိ ဘော သိင်္"တည်း။အနက် ဘော သိင်–အိုးခရုသင်း၊ တွံ–သည်၊ ဝဒေဟိ–ဆိုလော့။

စာစပ်ပုံ ဘော သိင်္ကား နိဇ္ဇီဝအာလုပ်ပုဒ်တည်း။တွံကား သည်–ကြောင့်၊ ဝဒေဟိဋ္ဌ ဟိဝိဘတ် ဝုတ္တကတ္တားစပ်။

"ဧဟိ သမ္မ"တည်း။အနက် သမ္မ–အဆွေ၊ တွံ–သည်၊ ဧဟိ–လာလော့။

စာစပ်ပုံ သမ္မသဒ္ဒါကား သာဒရအာလုပ်ပုဒ်တည်း။တွံကား သည်–ကြောင့်၊ ဧဟိဋ္ဌ ဝုတ္တကတ္တားစပ်။

"ဧဟိ ဇေ"တည်း။အနက် ဇေ–ကျွန်မ၊ တွံ–သင်သည်၊ ဧဟိ–လာလော့။

စာစပ်ပုံ ဇေသဒ္ဒါကား အနာဒရအာလုပ်ပုဒ်တည်း။တွံကား သည်–ကြောင့်၊ ဧဟိဋ္ဌ စပ်လေ။

"ဂစ္ဆ ဘော ပုရိသ"တည်း။အနက် ဘော ပုရိသ–အိုယောကျာ်း၊ တွံ–သည်၊ ဂစ္ဆ–သွားလော့။

စာစပ်ပုံ ဘော ပုရိသသဒ္ဒါကား ပစ္စက္ခအာလုပ်ပုဒ်တည်း။တစ်နည်း သမုခအာလုပ်ပုဒ်တည်း။တွံကား သည်–ကြောင့်၊ ဂစ္ဆဋ္ဌ ဟိဝိဘတ် အာချာတ်ကြိယာ ဝုတ္တကတ္တားစပ်။

"ဂစ္ဆသိ ကဟံ ကေပုတ္တက"တည်း။အနက် ကေပုတ္တက–တစ်ယောက်တည်းသော သားကလေး၊ ကဟံ–အဘယ်အရပ်သို့၊ တွံ–သည်၊ ဂစ္ဆသိ–သွားသနည်း။

စာစပ်ပုံ ဧကပုတ္တကသဒ္ဒါကား အပစ္စက္ခအာလုပ်ပုဒ်တည်း။(တစ်နည်း) ပရံမုခအာလုပ်ပုဒ်တည်း။တွံကား သည်–ကြောင့်၊ ဂစ္ဆသိဒ္ဓ ဝုတ္တကတ္တားစပ်။ ကဟံ ကား သို့–ကြောင့်၊ ဂစ္ဆသိဒ္ဓ အဟောအပ်သော အဝုတ္တကံစပ်။

**အစ္စန္တသံယောဂပြယုဂ်**

"မာသံ သဇ္ဈာယတိ ကောသံ သဇ္ဈာယတိ"တည်း။အနက် သာမဏေရော –သည်၊ မာသံ–တစ်လပတ်လုံး၊ သဇ္ဈာယတိ–သရဇ္ဈာယ်၏။(ဝါ)ကျက်စား၏။ သာမဏေရော–သည်၊ ကောသံ–တစ်ကောသတိုင်တိုင်၊ (ဝါ)တာငါးရာတွင်းတိုင်တိုင်၊ သဇ္ဈာယတိ–၏၊ (ဝါ) ကျက်စား၏။

စာစပ်ပုံ သာမဏေရောကား သည်–ကြောင့်၊ သဇ္ဈာယတိဒ္ဓ ဝုတ္တကတ္တားစပ်။မာသံကား ပတ်လုံး–ကြောင့်၊ သဇ္ဈာယတိဒ္ဓ ကာလအစ္စန္တသံယောဂ၊ သဇ္ဈာယတိကား ကာလအစ္စန္တသံယောဂဝန္တ။သာမဏေရောကား သည်–ကြောင့်၊ သဇ္ဈာယတိဒ္ဓ စပ်လေ။ကောသံကား တိုင်တိုင်–ကြောင့်၊ သဇ္ဈာယတိဒ္ဓ အစ္စန္တသံယောဂ၊ အစ္စန္တသံယောဂဝန္တစပ်လေ။

**ဟိတ်ပြယုဂ်**

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"တည်း။အနက် အဝိဇ္ဇာပစ္စယာ–အဝိဇ္ဇာဟူသော အကြောင်းကြောင့်၊ သင်္ခါရာ–သင်္ခါရတို့သည်၊ သမ္ဘဝန္တိ–ဖြစ်ကုန်၏။

စာစပ်ပုံ အဝိဇ္ဇာပစ္စယာကား ကြောင့်–ကြောင့်၊ သမ္ဘဝန္တိဒ္ဓ အကြောင်းဖြစ်သော ဟိတ်၊ သမ္ဘဝန္တိကား အကျိုးဖြစ်သော ဟိတ်၏ဖိုလ်။သင်္ခါရာကား တို့သည်–ကြောင့်၊ သမ္ဘဝန္တိဒ္ဓ စပ်မြဲ။

"ကုဋ္ဌရော ဟညတေ ဒဏ္ဍေသု"တည်း။အနက် ဒဏ္ဍေသု–အစွယ်တို့ကြောင့်၊ ကုဋ္ဌရော–ဆင်ပြောင်ကြီးကို၊ လုဒ္ဒကော–မုဆိုးသည်၊ ဟညတေ–သတ်အပ်၏။

စာစပ်ပုံ ဒဏ္ဍေသုကား တို့ကြောင့်–ကြောင့်၊ ဟညတေဒ္ဓ အကြောင်းဖြစ်သော နိမိတ်၊ ဟညတေကား အကျိုးဖြစ်သော နိမိတ္တဝန္တ။ကုဋ္ဌရောကား ကို–ကြောင့်၊ ဟညတေဒ္ဓ တေဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာ ဝုတ္တကံစပ်။

လုဒ္ဒကေနကား သည်–ကြောင့်၊ ဟညတေ၌ အဝုတ္တကတ္တားစပ်လေ။

"ဗီဇတော အင်္ကုရော ဇာယတိ"တည်း။**အနက်** ဗီဇတော–မျိုးစေ့ကြောင့်၊ အင်္ကုရော–အညွန့်သည်၊ ဇာယတိ–ဖြစ်၏။

စာစပ်ပုံ ဗီဇတောကား ကြောင့်–ကြောင့်၊ ဇာယတိ၌ အကြောင်းဖြစ်သော ဟိတ်၊ ဇာယတိကား အကျိုးဖြစ်သော ဟိတ်၏ဖိုလ်။အင်္ကုရောကား သည်–ကြောင့် ၊ ဇာယတိ၌ စပ်မြဲ။

"ဒီပိ ဟညတေ စမ္မနိ"တည်း။အနက် စမ္မနိ–အရေကြောင့်၊ ဒီပိ–ကျားသစ်ကို၊ လုဒ္ဒကေန–မုဆိုးသည်၊ ဟညတေ–သတ်အပ်၏။

စာစပ်ပုံ စမ္မနိကား ကြောင့်–ကြောင့်၊ ဟညတေ၌ အကြောင်းဖြစ်သော နိမိတ်၊ ဟညတေကား အကျိုးဖြစ်သော နိမိတ္တဝန္တ။ဒီပိကား ကို–ကြောင့်၊ ဟညတေ၌ ဝုတ္တကံစပ်။လုဒ္ဒကေနကား အဝုတ္တကတ္တားစပ်။

**(ဤတွင် ညောင်တုန်းဆရာတော်ဘုရားကြီး၏ စာစပ်နည်း ပြယုဂ်နှင့်တကွ ပြီးပါပြီ။)(သုတေသီ အရှင်ဉာဏ၊ ဘုရားဖြူကျောင်းတိုက်။၁၃၂၅ခုနှစ်)**

## စာစပ်သဘောသိမှတ်ရန်

ဝါကျတစ်ခုမှာ စာစပ်ရာ၌ ကတ္တား ကံ စသည်တို့က အာချာတ်ကြိယာ၊ ကိတ်ကြိယာစသည်တို့၌ စပ်ရမည်ဟု ဆိုသော်လည်း စာစပ်ဟူသည် အိမ်နီးနားချင်းကဲ့သို့တည်း၊ တစ်ချို့ အိမ်နားနီးချင်းတွေ နီးသော်လည်း အဆင်မပြေ၊ စပ်ဟပ်၍ မရ။ဝေးသော်လည်း ရင်းနှီးစပ်ဖွယ် ခင်မင်ကြသည့်ပုဂ္ဂိုလ်တို့လည်း ပေါများကုန်၏။ထို့အတူပင် နီးသော်လည်း စပ်ပုဒ်မဟုတ်သောပုဒ်များ အများအပြားရှိကြကုန်၏။ဝေးသော်လည်း စပ်ပုဒ်ဖြစ်က စပ်ရသည်သာ၊ အနီး အဝေးလိုရင်းမဟုတ်၊ အနက်အဓိပ္ပါယ် တူညီလျှင် အဓိပ္ပါယ်ရလျှင် စပ်ရသည်သာ။

ထို့ကြောင့် သာရတ္ထဋီကာ၌––

ယဿ ယေန ဟိ သမ္ဗန္ဓော၊

ဒူရဋ္ဌမ္ပိ စ တဿ တံ။

အတ္တာတော ဟျ သမာနာနံ၊
အသန္တတ္တ မကာရကံ။ ။ဟုမိန့်သည်။

## ဘော ကံ ကတ္တားဝါကျ လက္ခဏာများ

### (ကတ္တားဟောဝါကျလက္ခဏာ)

အာချာတ် ကိတ်ကြိယာတို့သည် ကတ္တားဟောအပ်သော အကြင်ဝါကျ၌ ကတ္တားမှာ ပထမာဝိဘတ်သက်ထားသည်လည်းဖြစ်စေ၊ ထိုဝါကျ၌ ကံမှာ ဒုတိယာဝိဘတ်သက်ထားသည်လည်းဖြစ်စေ၊ ဓာတ်မှနောက်၌ ပရဿပုဒ် အတ္တနောပုဒ်နှစ်ပါး တစ်ပါးပါးရှိသည်လည်းဖြစ်စေ ဤလက္ခဏာသုံးပါးနှင့် ပြည့်စုံလျှင် ကတ္တားဟောဝါကျဖြစ်၏။ပုံစံကား "ပုရိသော ဩဒနံ ပစတိ" စသည်တည်း။ ပုရိသောကား ပထမာ ကေဝုစ်သိဝိဘတ်၊ ဩဒနံကား ဒုတိယကေဝုစ် အံဝိဘတ်၊ ပစတိ အာချာတ်ကြိယာ ပရဿပုဒ် တိဝိဘတ် သက်ထားသည်။

### (ကံဟောဝါကျလက္ခဏာ)

အာချာတ် ကိတ် ကြိယာတို့သည် ကံဟောအပ်သောအကြင်ဝါကျ၌ ကတ္တားမှာ တတိယာဝိဘတ်သက်ထားသည်လည်းဖြစ်စေ၊ ထိုဝါကျ၌ ကံမှာ ပထ မာဝိဘတ်သက်ထားသည်လည်းဖြစ်စေ၊ ဓာတ်မှနောက်၌ ယပစ္စည်းအဆုံးရှိသော အတ္တနောပုဒ်ဝိဘတ် သက်ထားသည်လည်းဖြစ်စေ၊ ဤလက္ခဏာသုံးပါးနှင့် ပြည့်စုံလျှင် ကံဟောဝါကျဖြစ်၏။ပုံစံကား "ပုရိသေန ဩဒနော ပစ္စတေ" စသည်တည်း။ ပုရိသေနကား တတိယကေဝုစ်နာဝိဘတ်၊ ဩဒနောကား ပထမကေဝုစ်သိဝိဘတ်၊ ပစ္စတေကား ယပစ္စည်းအဆုံးရှိသော အတ္တနောပုဒ် ကေဝုစ်တေဝိဘတ် သက်ထားသည်။

### (ဘောဟောဝါကျလက္ခဏာ)

ဘောဟောဝါကျ၌ ကံသည် မဖြစ်သည်သာတည်း။ကြိယာသည် အတ္တနောပုဒ်ဖြစ်သော ကေဝုစ်ဝိဘတ်သည်ဖြစ်ရာ၏။ပုံစံကား"ပုရိသေန ဩဒနံ ပစ္စတေ"စသည်တည်း။ ပုရိသေနကား တတိယကေဝုစ်နာဝိဘတ်၊ ဩဒနံကား ဒုတိယကေဝုစ် အံဝိဘတ်၊ ပစ္စတေကား အတ္တနောပုဒ် ကေဝုစ်တေဝိဘတ် သက်ထားသည်။

(သာရတ္ထသင်္ဂဟကျမ်း)

ဘုရားဖြူကျောင်းတိုက်

**အကမ္မကဓာတ်။** ။ဟူ ဘူ သိ ဌာ၊ ဤလေးဖြာ၊ အကမ္မကာမှတ်။

**ကြိယာ ကာရက အကာရကပုဒ် အစီပွါယ်**

**ဆောင်။**ခပ်သိမ်းဝါကျ၊ ဟူသမျှမှာ၊ ပဓာနကြိယာ၊ ရှိမြဲသာတည်း။

ထိုဆောင်ပုဒ်အရ ခပ်သိမ်းသောဝါကျတို့သည် ပဓာနကြိယာ အပ္ပဓာနကြိယာ ဟု နှစ်မျိုးရှိရာ အာချတ်ကြိယာသည် ပဓနကြိယာ၊ ကိတ်ကြိယာသည် အပ္ပဓာန ကြိယာဖြစ်၏။

ပုံစံကား သေဋ္ဌံ တိလောက မဟိတံ အဘိဝန္ဒိယဂ္ဂံ၊
ဗုဒ္ဓဉ္စ ဓမ္မမမလံ ဂဏမုတ္တမံ။
သတ္ထုဿ တဿ ဝစနတ္ထဝရံ သုဗုဒ္ဓုံ၊
ဝက္ခာမိ သုတ္တဟိတမေတ္ထ သုသန္ဓိကပ္ပံ။ ။

**ရှင်းလင်းချက်။**

(က) အာချာတ်ဝိဘတ်သက်ထားသောပုဒ်သည် အာချာတ်ကြိယာပုဒ်။ ပုံစံကား"ဝက္ခာမိ"စသည်တည်း။

(ခ) ကိတ်ပစ္စည်းသက်ထားသောပုဒ်သည် ကိတ်ကြိယာပုဒ်။ ပုံစံကား" အဘိဝန္ဒိယ "စသည်တည်း။

(ဂ) ကြိယာကို ပြီးစေတတ်သော ကတ္တာ ကမ္မစသော ကာရကခြောက်ပါး သည် ကာရကပုဒ်မည်၏။

ပုံစံကား"သည်၊ ကိုစသည်ပေးသော အဟံ၊ ဗုဒ္ဓံ၊ ဓမ္မံ၊ ဂဏံ "စသည်တည်း။

(ဃ) ကြိယာကို မပြီးစေတတ်သော နာမ်ဝိဘတ်သက်ထားသော ဝိသေ သန၊ သမ္ဗန်၊ နိဒ္ဓါရဏ၊ လက္ခဏ စသော အနက်ကိုဟောတတ်သောပုဒ်အပေါင်း သည် အကာရကမည်၏။

ပုံစံကား" သေဋ္ဌံ၊ တိလောက မဟိတံ၊ အဂ္ဂံ၊ အမလံ၊ ဥတ္တမံ၊ သတ္ထုဿ "တည်း။

## စာစပ်စည်းမျဉ်းဥပဒေသ

### စာစပ်လက္ခဏာ

(က) အိမ်ရှေ့မင်းနှင့်တူသော ကိတ်ကြိယာကို ပြည့်ရှင်မင်းနှင့်တူသော အာချာတ်ကြိယာနှင့်သာ စပ်အပ်၏။

ပုံစံကား" အဘိဝန္ဒိယ ဝက္ခာမိ "စသည်တည်း။အဘိဝန္ဒိယကိတ်ကြိယာ

ကို ဝက္ခာမိ အာချာတ်ကြိယာ၌သာ စပ်အပ်၏။စပ်ဟန်ကား အဘိဝန္ဒိယကား ၍ဟူ၍ အနက်ပေးသောကြောင့်၊ ဝက္ခာမိ၌ ပုဗ္ဗကာလကြိယာဝိသေသန၊ ဝက္ခာမိ ကား အပရကာလကြိယာဝိသေသျ။(ဤကား ကြိယာအချင်းချင်း စပ်ပုံတည်း။

(ခ) အမတ်ကြီးနှင့်တူသော ကာရကခြောက်ပါးတို့ကို အိမ်ရှေ့မင်းနှင့်တူ သော ကိတ်ကြိယာ၌လည်းကောင်း၊ ပြည့်ရှင်မင်းနှင့်တူသော အာချာတ်ကြိယာ၌ လည်းကောင်း ယထာရဟာဆိုက်စပ်အပ်ကုန်၏။

ပုံစံကား" အဟံ၊ ဗုဒ္ဓံ၊ ဓမ္မံ၊ ဂဏံ၊ ဝစနတ္ထဝရံ၊ သုဗုဒ္ဓိ၊ သုသန္တိကပ္ပံ" တည်း။

စပ်ဟန်ကား အဟံကား သည်-ကြောင့်၊ အဘိဝန္ဒိယ၌ စဉ်းငယ်ဆိုက် (စပ်)၍ ဝက္ခာမိ၌ သာမိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊ ဝက္ခာမိကား ကတ္တား၏ကြိယာ၊ (ဝါ)ထိုကတ္တားကို ဟောသော အာချာတ်ကြိယာဝါစကတည်း။

ဗုဒ္ဓံကား ကို-ကြောင့်၊ အဘိဝန္ဒိယ၌ အဘိပုဗ္ဗ ဝန္ဒဓာတ်ဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ အဘိဝန္ဒိယကား ထိုကံကို မဟောသော အဝုတ္တကံ၏ကြိယာ။လည်းဟုအနက်ပေးသော စ-သဒ္ဒါကား မိမိ ထိုင်ရာ ဗုဒ္ဓံ၌ သမုစ္စယဇောတကဝါစက၊ ဓမ္မဥ ဂဏဥတို့၌ သမုစ္စေတဗ္ဗဇောတက ဝါစက။

ဓမ္မံကား ကို-ကြောင့်၊ အဘိဝန္ဒိယ၌ အဘိပုဗ္ဗ ဝန္ဒဓာတ် တွာပစ္စည်းဟူ သော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ အဘိဝန္ဒိယကား ထိုကံကို မဟောသော အဝုတ္တကံ၏ကြိယာ။လည်းဟုအနက်ပေးသော စ-သဒ္ဒါ ကား မိမိထိုင်ရာဓမ္မံ၌ သမုစ္စယဇောတ ကဝါစက၊ ဗုဒ္ဓဥ ဂဏဥတို့၌ သမုစ္စေတဗ္ဗ ဇောတကဝါစက။

ဂဏံကား ကို-ကြောင့်၊ အဘိဝန္ဒိယ၌ အဘိပုဗ္ဗ ဝန္ဒဓာတ် တွာပစ္စည်း ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံ၊ အဘိဝန္ဒိယကား ထိုကံကို မဟောသော အဝုတ္တကံ၏ကြိယာ။လည်းဟုအနက်ပေးသော စ-သဒ္ဒါကား မိမိ ထိုင်ရာ ဂဏံ၌ သမုစ္စယဇောတကဝါစက၊ ဗုဒ္ဓဥ ဓမ္မဥတို့၌ သမုစ္စေတဗ္ဗ ဇောတက ဝါစက။

ဝစနတ္ထာဝရံကား ကို–ကြောင့်၊ သုဗုဒ္ဓံ၌ သုပုဗ္ဗ ဗုဓဓာတ် တုံပစ္စည်းဟူသော ကိတ်ကြိယာဝါစကသည် မပေါ်အပ်သော အဝုတ္တကံ၊ သုဗုဒ္ဓံကား ထိုကံကို မပေါ်သော အဝုတ္တကံ၏ကြိယာ။သုဗုဒ္ဓံကား ၄ါ–ကြောင့်၊ ဝဏ္ဏာမိ၌ သမ္ပဒါန်၊ ဝဏ္ဏာမိကား သမ္ပဒါန်၏ ကြိယာ။

သုသန္တိကပ္ပံကား ကို–ကြောင့်၊ ဝဏ္ဏာမိ၌ ဝဏဓာတ် ဿာမိဝိဘတ်ဟူသော အာချာတ်ကြိယာဝါစကသည် မပေါ်အပ်သော အဝုတ္တကံ၊ ဝဏ္ဏာမိကား ထိုကံကို မပေါ်သော အဝုတ္တကံ၏ ကြိယာ။

(ဤကား စ–နိပါတ်ပုဒ်နှင့် ကာရက(၆)ပါးကို ကြိယာနှင့်စပ်ပုံတည်း)

(ဂ) မင်းချင်းသူဆင်းရဲနှင့်တူသော ဝိသေသန၊ သမ္ဗန်၊ နိဒ္ဓါရဏ၊ ဟိတ်၊ လက္ခဏစသော အကာရကတို့ကို အမတ်ကြီး(၆)ယောက်နှင့်တူသော ကာရက (၆) ပါးတို့၌သာ ယထာရဟဆိုက်စပ်အပ်ကုန်၏။

ပုံစံကား "သေဋ္ဌံ တိလောက မဟိတံ၊ အဂ္ဂံ၊ အမလံ၊ ဥတ္တမံ "စသည်။ စပ်ဟန်ကား သေဋ္ဌံ၊ တိလောကမဟိတံ၊ အဂ္ဂံတို့ကား သော–ကြောင့်၊ ဗုဒ္ဓံ၌ တုလျာဓိကရဏဝိသေသန၊ ဗုဒ္ဓံကား တုလျာဓိကရဏဝိသေသျ။အမလံကား ဓမ္မံ၌စပ်။ဥတ္တမံကား ဂဏံ၌ ဝိသေသန၊ ဝိသေသျစပ်။တသသကား သော–ကြောင့်၊ သတ္ထုဿ၌ ဝိသေသန၊ ဝိသေသျစပ်။(ဤကား ဝိသေသန–သျစပ်ပုံတည်း။)

သမ္ဗန်ပုံစံကား "သတ္ထုဿ တဿ ဝစနတ္ထာဝရံ"တည်း။ စပ်ဟန်ကား သတ္ထုဿကား ၏–ကြောင့်၊ ဝစနတ္ထဝရံ၌ သမ္ဗန်၊ ဝစနတ္ထာဝရံကား သမ္ဗန္ဓီ။

နိဒ္ဓါရဏပုံစံကား "ကဏှာ ဂါဝီနံ သမ္ပန္နခီရတမာ"စသည်တည်း။

ဂါဝီနံစသော အကာရကတို့ကို ကဏှာစသော ကာရကတို့၌သာ ထိုက်သည့်အားလျော်စွာ စပ်ဆိုရ၏။

**စပ်ဟန်ကား** ဂါဝီနံကား တို့တွင်–ကဏှာ၌ နိဒ္ဓါရဏ၊ ကဏှာကား နိဒ္ဓါရဏီယ။(ဤကား အကာရကမှ ကာရကသို့ စပ်ပုံတည်း)

အကာရကအချင်းချင်းစပ်ပုံ ပုံစံကား" ဂေါတ္တေန ဂေါတမဿ စီဝရံ"

စပ်ဟန်ကား ဂေါတ္တေနကား အားဖြင့်–ကြောင့်၊ ဂေါတမသဿ၌ ဘိန္နာဓိကရဏာ ဝိသသနေ၊ ဂေါတမသကား ဘိန္နာဓိကရဏာဝိသေသျ။(အကာရကကို အထူးပြု တတ်သော ဝိသေသနသည် အကာရကဝိသေသနမည်၏။)

အကာရကမှ ကြိယာ၌ စပ်ပုံ"ဝေဂေန ဂစ္ဆတိ"တည်း။
စပ်ဟန်ကား ဝေဂေနကား အားဖြင့်–ကြောင့်၊ ဂစ္ဆတိ၌ ကြိယာဝိသေသန–ကြိယာဝိ သေသျစပ်။

ဟိတ်ပုံစံကား"ပဒမတော ဝိဝိဓံ သုဏေယျ"စသည်တည်း။
စပ်ဟန်ကား အတောကား ကြောင့်–ကြောင့်၊ သုဏေယျ၌ ဟိတ်၊ သုဏေယျကား ဟိတ်၏ဖိုလ်။(ဝိဝိဓံ၊ ပဒံတို့ စပ်တတ်လောက်ပြီ)

လက္ခဏာပုံစံ" ဘိက္ခုသံဃေသု ဘောဇိယမာနေသု ဂတော ပုရိသော" တည်း။သော်ပေးသောလက္ခဏာ အကာရကပုဒ်တို့ကို ဂတောစသော ပုဒ်တို့၌ စပ်ရာ၏။ဟိတ်လက္ခဏာတို့ကို ကြိယာ၌ စပ်ရာ၏။
**စပ်ဟန်ကား** ဘိက္ခုသံဃေသုကား တို့သည်–ကြောင့်၊ ဘောဇိယမာနေသု၌ လက္ခဏာဝန္တကတ္တား၊ ဘောဇိယမာနေသုကား လက္ခဏာကြိယာ။ဘောဇိယမာနေသုကား သော်–ကြောင့်၊ ဂတော၌ လက္ခဏ၊ ဂတောကား လက္ချ။

အစ္စန္တသံယောဂကို ကာရက ကြိယာ (၂)ပါး၌ စပ်အပ်၏။
ပုံစံကား (က) "မာသံ သဇ္ဈာယတိ"။ (ခ) "ယောဇနာနံ ဒီဃော ပဗ္ဗတော"တည်း။

(က)ပတ်လုံး တိုင်တိုင်ပေးသော မာသံစသော အကာရကတို့ကို သဇ္ဈာ ယတိစသော ကြိယာပုဒ်၌သော်လည်းကောင်း၊ ယောဇနံ–စသော အကာရကတို့ ကို ဒီဃော–စသော ကာရကပုဒ်တို့၌လည်းကောင်းစပ်ရာ၏။(အာလပနမှာကား စပ်ရာ ကင်း၏ဟုမှတ်၊ တစ်နည်း ကြိယာ၌စပ်လေ)

ပုံစံကား (က) "နာဟံ မဟာရာဇ စောရော"။ (ခ) "ဂစ္ဆ ခေါ တွံ လာပ"။ (ဂ) "ဘော သေလ တိဋ္ဌ"စသည်တည်း။

စပ်ဟန်ကား(က) မဟာရာဇကား အိုဟုအနက်ပေးသောကြောင့် ရှေးရှု ခေါ်ဝေါ်ခြင်းကြိယာဖြစ်သောကြောင့် န အမို၌ အာလပနဗဟိဒ္ဓကြိယာဝိသေသန၊ နအမို၌ အမိုကား ဗဟိဒ္ဓဖြစ်သောကြောင့် ထိုအာလုပ်ကို မဟောသော ကြိယာ

ဝိသေသျှ။

(ခ) လာပကား "ဟယ်"ဗီလုံးငှက်ဟု အနက်ပေးသောကြောင့် ရှေးရှုခေါ်ခေါ်ခြင်းကြိယာဖြစ်သောကြောင့် ဂစ္ဆ၌ အာလပနဗဟိဒ္ဓကြိယာဝိသေသန၊ ဂစ္ဆကား ဗဟိဒ္ဓဖြစ်သောကြောင့် ထိုအာလုပ်ကို မဟောသော ကြိယာဝိသေသျှ။

(ဂ) ဘော သေလကား "ချင်း"ဟုအနက်ပေးသော ရှေးရှုခေါ်ခေါ်ခြင်းကြိယာဖြစ်သောကြောင့် တိဋ္ဌ၌ အာလပနဗဟိဒ္ဓကြိယာဝိသေသန၊ တိဋ္ဌကား ဗဟိဒ္ဓ ဖြစ်သောကြောင့် ထိုအာလုပ်ကို မဟောသောကြိယာဝိသေသျှ။

မှတ်ချက်။ အာလုပ်ကို တစ်ပါးပုဒ်တို့နှင့် မစပ်အပ်။(က)ဘော ပုရိသကား သဇီဝအာလုပ်။(ခ) ဘော သေလကား နိဇ္ဇီဝအာလုပ်ဟူ၍သာ စပ်အပ်၏ဟု ဆရာတို့မိန့်ကုန်၏။

## သဒ္ဒါစပ်၊ ပညတ်စပ်၊ ပရမတ်စပ် တစ်နည်း တွဲ၍ပြခြင်း

"ဗုဒ္ဓံ ဝန္ဒတိ မာဏဝေါ"စသည်တည်း။

မာဏဝေါ-လုလင်ပျိုသည်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ ဝန္ဒတိ-ရှိခိုး၏။ (ဤကား အတ္ထစပ်)

**(သဒ္ဒါစပ်)** မာဏဝေါကား သည်ဟူ၍အနက်ပေးသောကြောင့် ဝန္ဒတိဝယ် ဝန္ဒဓာတ်၌ ကတ္တုကာရ အကြောင်းဗျာပါရဝန္တ၊ ဝန္ဒဓာတ်ကား ကတ္တား၌တည်သော ကတ္တုဋ္ဌကြိယာ အကျိုးဗျာပါရ။**တစ်နည်း** မာဏဝေါကား သည်-ကြောင့်၊ ဝန္ဒတိဝယ် တိဝိဘတ်၌ အန္တတ္ထတည်းဟူသော ကတ္တုဝါစ္စ ကတ္တုဇောတကမ္မ ကတ္တုဝိသေသ ကတ္တုလိင်္ဂတ္ထ၊ တိဝိဘတ်ကား ဗာဟျတ္ထတည်းဟူသော ကတ္တုဝါစက ကတ္တု ဇောတကဟူသော ကတ္တုသာမည ကတ္တုတုလျတ္ထ။

ဗုဒ္ဓံကား ကို-ကြောင့် ဝန္ဒတိဝယ် ဝန္ဒဓာတ်၌ နိဿယအကြောင်းနိမိတ်ဖြစ်သော စိတ္တသမ္ပတ္တိကံဟုဆိုအပ်သော အဝုတ္တကမ္မကာရက၊ ဝန္ဒဓာတ်ကား နိဿိတအကျိုးနိမိတ္တဝန်ဖြစ်သော စိတ္တသမ္ပတ္တိကံဟုဆိုအပ်သော အဝုတ္တကံ၏ တည်ရာ ကြိယာ။(ဤကား သဒ္ဒါစပ်)။

**(ပညတ်စပ်)** မာဏဝေါကား သည်–ကြောင့်၊ ဝန္ဒတိဝယ် ဝန္ဒာတတ်၌ (မြတ်လေးကော်ရော်ပူဇော်)ရှိခိုးတတ်သော လုလင်ပျိုဖြစ်တည်းဟူသော ပဏ္ဏာမိတဗ္ဗ၊ ဝန္ဒာတတ်ကား (မြတ်လေးကော်ရော်ပူဇော်)ရှိခိုးတတ်သော လုလင်ပျိုဖြစ်သည် ဖြစ်စေအပ်သော ရှိခိုးခြင်းကြိယာတည်းဟူသော ပဏ္ဏာမ။

ဗုဒ္ဓံကား ကို–ကြောင့်၊ ဝန္ဒတိဝယ် ဝန္ဒာတတ်၌ (မြတ်လေးကော်ရော်)ရှိခိုးပူဇော်အပ်သော ဘုရားရှင်ဖြစ်တော်တည်းဟူသော ပဏ္ဏာမိတဗ္ဗ၊ ဝန္ဒာတတ်ကား (မြတ်လေးကော်ရော်)ရှိခိုးပူဇော်အပ်သော ဘုရားရှင်ဖြစ်တော်တည်းဟူသော ပဏ္ဏာမိတဗ္ဗ၌တည်သော ရှိခိုးခြင်းကြိယာတည်းဟူသော ပဏ္ဏာမ။(ဤကား ပညတ်စပ်)

**(ပရမတ်စပ်)** မာဏဝေါကား သည်–ကြောင့်၊ ဝန္ဒတိဝယ် ဝန္ဒာတတ်၌ ပကတူပနိဿယ၊ သဟဇာတ–စသောအကြောင်းနိမိတ်၊ ဝန္ဒာတတ်ကား ပဏ္ဏာမစေတနာပြဓာန်းသော·ကုသိုလ်ဇောစိတ္တုပ္ပါဒ်တည်းဟူသော အကျိုးပစ္စယုပ္ပန်။

ဗုဒ္ဓံကား ကို–ကြောင့်၊ ဝန္ဒတိဝယ် ဝန္ဒာတတ်၌ အာရမ္မဏူပနိဿယ စသော အာရုံအကြောင်း၊ ဝန္ဒာတတ်ကား ပဏ္ဏာမစေတနာပြဓာန်းသော ကုသိုလ်ဇော စိတ္တုပ္ပါဒ်တည်းဟူသော အာရမ္မဏိကအကျိုးပစ္စယုပ္ပန်။( ပရမတ်စပ်)။

**(ရွှေရေးဆောင်ဆရာတော်ဘုရားကြီး၏ စပ်နည်းကိုမှီ၍ စပ်နည်းပြုသည်။**

**။သုတေသီ–အရှင်ဉာဏ၊ ဘုရားဖြူတိုက်)**

# ပဋ္ဌာန်းစာစပ်နည်း

ပဋ္ဌာန်းစာစပ်နည်းသည် သိမ်မွေ့နက်နဲ၍ ကျယ်ဝန်းလှ၏။ဤ၌ နည်းရရုံ အကျဉ်းမျှဖော်ပြပါအံ့။ပဋ္ဌာန်းစာစပ်နည်းကို သိရှိနားလည်လိုသော ပုဂ္ဂိုလ်သည်-

(၁)ပဋ္ဌာန်းပစ္စည်းပြိုင် ဃဋနာထုတ်နည်းကို နားလည်ထားရမည်။

(၂)စပ်လိုသောပုဒ်တို့၏ အကောက်တရားများကို စဉ်းစား ထားမိစေရမည်။

(၃) စပ်တတ် စပ်အပ်သောပုဒ်အချင်းချင်းတို့၌ ရသင့်ရထိုက်သော ပစ္စည်းမျိုးတို့ကို သိနားလည်ရမည်။

## ကတ္တားနှင့်ကြိယာစပ်ပုံ

နိယံ" ကတ္တား ကြိယာ၊ စပ်သောခါဝယ်၊ သဟဇာ-ပုရေ၊ နန္တရေနှင့်၊
သုံးထွေမျိုးသာ၊ စပ်များရာ၏။"

ဟူသည်နှင့်အညီ ကတ္တားနှင့်ကြိယာစပ်သောအခါ သဟဇာတမျိုး၊ ပုရေဇာတမျိုး၊ အနန္တရမျိုး-ဤသုံးမျိုးဖြင့် အစပ်များ၏။

(အုတ်ကျောင်းဆရာတော်ဦးဗုဓ်ကား အာဟာရမျိုး၊ ပကတူပနိဿယမျိုးတို့ကို ထည့်၍စပ်တော်မူ၏)

နိယံ" သက်ရှိကတ္တား၊ ဖြစ်ဘိပြားမူ၊ ပကတူပ၊ နိဿယနှင့်၊ သဟဇာတ၊
အကြောင်းနိမိတ်၊ နိဿယချည်း၊ ပဋ္ဌာန်းနည်း၊ စပ်မှီးအမြဲ မှန်မလွဲ"

ဟုဆရာတို့မိန့်ဆိုကြသည်ကား ကတ္တားနှင့်ကြိယာစပ်ပုံသာမညကိုပြဆိုတော်မူ၏

စပ်ဟန်ကား "အဟံ နတွာန ကရိဿံ"၌--အဟံကား သည်ဟုအနက်ပေးသောကြောင့် နတွာန ကရိဿံ၌ ပကတူပနိဿယ'သဟဇာတ'အကြောင်းနိမိတ်'နိဿယဖြစ်သောကတ္တား။နတွာန ကရိဿံကား အကျိုးပစ္စယုပ္ပန်'နိမိတ်ဝန်နိဿိတဖြစ်သော ကြိယာဟုစပ်လေ။

ဘုရားဖြူကျောင်းတိုက်

## ပုရေဇာတမျိုးစပ်ပုံ

အဟံ၏အရ–ဟဒယဝတ္ထုသည် နတ္ထာန ကရိယံ၏အရ ပဏ္ဏာမစေတနာ'သတိ'ဝီရိယ'အဓိမောက္ခပြဓာန်းသော စိတ္တုပ္ပါဒ်အား ဝတ္ထုပုရေဇာတ နိဿယ' ဝတ္ထုပုရေဇာတ'ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ'ဝတ္ထုပုရေဇာတတ္ထိ'ဝတ္ထု ပုရေဇာတ အဝိဂတ' ဤ(၅)ပစ္စယအကြောင်း နိမိတ်'နိဿယ ။နတ္ထာန ကရိယံ၌ ကရဓာတ် အရကား အကျိုးပစ္စယုပ္ပန်'နိမိတ္တဝန်'နိဿိတဟုစပ်လေ။

## အနန္တရမျိုးစပ်ပုံ

အဟံ၏အရဖြစ်သော ရှေးရှေးသော နာမက္ခန္ဓာသည် နတ္ထာန ကရိယံ၏ အရ နောက်နောက်သော နာမက္ခန္ဓာအား အနန္တရ'သမနန္တရ'အနန္တရူပ နိဿယ'အာသေဝန'နတ္ထိ'ဝိဂတ–ဤ(၆)ပစ္စယ–အကြောင်းနိမိတ်––။နတ္ထာန ကရိယံ၏အရ ကားအကျိုးပစ္စယုပ္ပန်နိမိတ္တဝန်တည်း။

## သက်မဲ့ကတ္တားနှင့်ကြိယာစပ်ပုံ

သက်မဲ့ကတ္တားဖြစ်မှု ဂုဏော' သတ္တိမန်'ဥပ္ပါဒဝန္တဖြစ်သောကတ္တား–– ဂုဏ် သတ္တိ ဥပ္ပါဒဖြစ်သောကြိယာဟု စပ်လေ။

ပြယုဂ်ကား"ဝိဟာရော ဥပ္ပဇ္ဇတိ"ဟူသည်တည်း။ဝိဟာရောကား သည်–ကြောင့်၊ ဥပ္ပဇ္ဇတိ၌ ဂုဏော သတ္တိ ဥပါဒ်ဖြစ်သော ကြိယာတည်းဟုစပ်လေ။

ထို့ကြောင့်"သက်မရှိလေ၊ ကတ္တားပေမူ၊ ဂုဏော သတ္တိမန်၊ ဥပ္ပါဒဝန္တ၊ ဤသုံးဝ၊ စပ်ရအမြဲ–မှန်မလွဲ"။ဟု ဆရာတို့မိန့်ဆိုကြ၏။(ကတ္တားကြိယာစပ်ပြီး)

## ကံနှင့်ကြိယာစပ်ပုံ

ကံနှင့်ကြိယာစပ်ရာ၌ အာရမ္မဏမျိုးသာ စပ်တော်မူကြကုန်၏။

ထို့ကြောင့်"ကံမှာသက်ရှိ၊ သက်မရှိဟု၊ ရှိသည်အပြား၊ ထိုသုံးပါးမှာ၊ အာရုံအကြောင်း၊ နိမိတ်လောင်း၍၊ စပ်မြဲမသွေ၊ မလွဲပေ"ဟုဆရာတို့ဆိုကြ၏။

စပ်ပုံကား"ဗုဒ္ဓံ နတ္ထာန"၌––ဗုဒ္ဓံကား ကို–ကြောင့်၊ နတ္ထာန၌ အာရုံအ

ကြောင်းနိမိတ်ဖြစ်သော ကံ' နတ္တာနကား အာရမ္မဏိက'အကျိုးပစ္စယုပ္ပန်'နိမိတ္တာဝန် ဖြစ်သော ကြိယာတည်းဟုစပ်လေ။(ဝုတ္တကံကိုလည်း နည်းတူစပ်လေ)

## ကရဏစသည်စပ်ပုံ

နိယံ" ကရိဏ်း သမ္ပဒါန်၊ အပါဒါန်နှင့်၊ အာဓာရချုံး၊ စပ်ပုံဆုံးမှာ၊ ပကတူပ၊ နိဿယအကြောင်း၊ နိမိတ်လောင်း၍၊ စပ်လောင်းတထွေ၊ နည်းမသွေ"။

ကရဏ၊ သမ္ပဒါန၊ အပါဒါန၊ အာဓာရ–၄င်းလေးမျိုးကို ကြိယာနှင့်စပ်သောအခါ ပကတူပနိဿယ'အကြောင်းနိမိတ်'အကျိုးပစ္စယုပ္ပန်'နိမိတ်ဝန်ဟုဆို၍ စပ်လေ။(ပကတူပနိဿယမျိုးတည်း)

**အထူးကား** ကရိဏ်းသည် ကတ္တားနှင့်တူသော သဘောလက္ခဏာရှိသောကြောင့် အဇ္ဈတ္တိကကရိဏ်းဖြစ်မူ ကတ္တားကဲ့သို့စပ်လေ။ဗာဟိရကရိဏ်းဖြစ်မူ ပကတူပနိဿယမျိုးစပ်လေ။

သမ္ပဒါန်သည်လည်း တရံတစ်ခါ ကံနှင့်တူသော သဘောလက္ခဏာရှိသောကြောင့် ကံကဲ့သို့ အာရမ္မဏာမျိုးစပ်ပါ။

"တဿ နမော"ပုဒ်မျိုးကိုဆိုလိုသည်။၄င်းပုဒ်၌ တဿ၏အရ ဘုရားအာရုံသည် နမောအရ ပဏာမစေတနာပြဓာန်းသော စိတ္တုပ္ပါဒ်အား အာရမ္မဏ'အာရမ္မဏာဓိပတိ'အာရမ္မဏူပနိဿယ–(၃)ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်–အာရုံမဖြစ် သင့်သောအရာ၌ ပကတူပနိဿယမျိုးစပ်ပါ။အပါဒါန်နှင့်အပါဒီ။ သို့မဟုတ် ကြိယာစပ်ရာ၌လည်းကောင်း၊ အာဓာရနှင့်အာဓီ။သို့မဟုတ် ကြိယာစပ်ရာ၌လည်းကောင်း ပကတူပနိဿယသာ စပ်ပါလေ။(ကရဏစသည်ပြီး)

## အင်္ကာရကစပ်ပုံ

(၁) ဟိတ်ပုဒ်ကို စပ်ရာ၌လည်းကောင်း
(၂) လက္ခဏပုဒ်ကို စပ်ရာ၌လည်းကောင်း
(၃) နိဒ္ဒါရဏပုဒ်ကို စပ်ရာ၌လည်းကောင်း
(၄) ဝိသေသနပုဒ်ကို စပ်ရာ၌လည်းကောင်း

ဘုရားဖြူကျောင်းတိုက်

(၅) ကြိယာဝိသေသနပုဒ်ကို စပ်ရာ၌လည်းကောင်း ဤသို့စပ်ရာတို့၌ ပကတူပမျိုးသာ စပ်လေ။

## ဟိတ်နှင့်ဟိတ်၏ဖိုလ်စပ်ရာ၌

ပြယုဂ်ကား" အတိသယ သီလာဒိဂုဏာသမ္ပန္နတ္တာ သေဋ္ဌံ "တည်း။

အတိသယသီလာဒိဂုဏာသမ္ပန္နတ္တာကား ကြောင့်ဟုအနက်ပေးသော ကြောင့်၊ သေဋ္ဌံ၌ ပကတူပနိဿယ အကြောင်းနိမိတ်ဖြစ်သော ဟိတ်၊ သေဋ္ဌံကား အကျိုးပစ္စယုပ္ပန် နိမိတ္တဝန်ဖြစ်သော ဟိတ်၏ဖိုလ်ဟုစပ်လေ။

ထို့ကြောင့်" ဟိတ်ကို တမူ၊ ပကတူနှင့်၊ နိဿယအကြောင်း၊ နိမိတ်လောင်း၍၊ ဟိတ်ပေါင်းများစွာ၊ မဂ်သညာတွင်၊ ဆိုင်ရာမယွင်း စပ်ဆိုသွင်း"ဟု မိန့်ဆိုကြ၏။

လက္ခဏပုဒ်နှင့်လက္ခဏကြိယာစပ်ရာ၌ ပကတူပနိဿယအကြောင်းနိမိတ္တဖြစ်သောလက္ခဏ၊ အကျိုးပစ္စယုပ္ပန် နိမိတ္တဝန်ဖြစ်သော လက္ချကြိယာဟုစပ်လေ။ထို့ကြောင့်" လက္ခဏပုဒ်၊ အစပ်ထုတ်မူ၊ ပကတူပ၊ နိဿယနှင့်၊ အကြောင်းနိမိတ်၊ လက္ခဏရိပ်ကို၊ စပ်မှိတ်မယွင်း စိတ်ထဲသွင်း"ဟုဆရာတို့ မိန့်ဆိုကြ၏။

လက္ခဏဝန္တ–လက္ချဝန္တပုဒ်တို့ကို စပ်သော် ဂုဏော သတ္တိမန္တ ပုဒ်နှစ်ခုကို ထည့်၍ ရှေးကပြခဲ့ပြီး ကတ္တား ဝှံကဲ့သို့ပင် စပ်လေ။

ထို့ကြောင့်" လက္ခဏဝန္တ၊ လက္ချဝန္တ၊ ဤနှစ်ဝကို၊ စပ်ကြကုန်မူ၊ ဂုဏော သတ္တိမန်၊ ဤနှစ်တန်နှင့်၊ မူလရင်းမှန်၊ ကတ္တားကံကို၊ ဆိုရန်မယွင်း နှလုံးသွင်း"ဟုမိန့်ကြ၏။

ကတ္တားကဲ့သို့ စပ်သောပြယုဂ်ကား"ဒေဝေ ဝဿန္တေ ဂတော ပုရိသော"။

ကံကဲ့သို့စပ်သောပြယုဂ်ကား"ဂေါဏေသု ဒုယှမာနေသု ဂတော ပုရိသော"ဟူသော ပြယုဂ်တို့ကို စပ်လေ။အစပ်လွယ်ပြီ။

## နိဒ္ဓါရဏနှင့်နိဒ္ဓါရဏီယ

နိဒ္ဓါရဏနှင့်နိဒ္ဓါရဏီယစပ်ရာ၌ ပကတူပနိဿယအကြောင်း နိမိတ်ဖြစ်သော နိဒ္ဓါရဏ၊ အကျိုးပစ္စယုပ္ပန် နိမိတ္တဝန်ဖြစ်သော နိဒ္ဓါရဏီယဟုဆို၍

စပ်လေ။ပြယုဂ်ထုတ်၍ စပ်ကြပါကုန်။

## ဝိသေသနနှင့်ဝိသေသျ

ဝိသေသနနှင့်ဝိသေသျပုဒ်စပ်ရာ၌ အထူးမှတ်ရမည်ကား---

သက်ရှိကို အ ထူးပြုတတ်သော ဝိသေသနပုဒ်ဖြစ်သော် ဂုဏ် အာခ်ာရ နိဿိတသတ္တိဖြစ်သော တုလျာဓိကရုဏဝိသေသန၊ ဂုဏေ အာခ်ာရ နိဿယ သတ္တိမန္တဖြစ်သော တုလျာဓိကရုဏဝိသေသျဟု ဆို၍စပ်ပါလေ။

ထို့ကြောင့်" ဝိသေသန၊ သက်ရှိကလျှင်၊ ဂုဏ် အာခ်ာရပြ၊ နိဿိတနှင့်၊ မန္တလေး ဖြာ၊ ထိုနည်းသာလျှင်၊ စပ်ရာမကျဉ်း မခဲယဉ်း"ဟု ဆရာတို့ ဆိုကြကုန်၏။ (သေဋ္ဌ ဗုဒ္ဓ)စသည်၌ စပ်လေ။

သက်မဲ့ကို အထူးပြုတတ်သော ဝိသေသနဖြစ်သော် ဂုဏ် သတ္တိ၊ ဂုဏေ သတ္တိမန္တဟူ၍သာ ဆို၍စပ်လေ။

ထို့ကြောင့်"သက်မရှိပေ၊ ထိုဝိသေမှာ၊ ဂုဏ်နှင့်သတ္တိ၊ စပ်တုံဘိ၊ ကျမ်းရှိအလာ၊ နည်းနှစ်ဖြာကို၊ မှတ်ရာမယွင်း၊ နှလုံးသွင်း"ဟု ဆရာတို့ ဆိုကြကုန်၏။

"သကလလောကဝိမောဟဿ မောဟဿ"စသည်၌ စပ်လေ။

(သက်မဲ့ဖြစ်သော်လည်း သက်ရှိကဲ့သို့ပင်စပ်သော ရှေးဆရာတို့ စာမူများကိုလည်း တွေ့ရှိပါ၏။သတိပြုပါ)

## ကြိယာဝိသေသနနှင့်ကြိယာ

ကြိယာဝိသေသနနှင့်ကြိယာစပ်သော်ပကတူပနိဿယ အကြောင်းနိမိတ်ဖြစ်သော ကြိယာဝိသေသန၊ အကျိုးပစ္စယုပ္ပန် နိမိတ္တဝန်ဖြစ်သော ကြိယာ ဝိသေသျဟုစပ်လေ။

ထို့ကြောင့်" ကြိယာဝိသေ၊ ဖြစ်ပါချေက၊ ပကတူပ၊ နိဿယအကြောင်း၊ နိမိတ် လောင်း၍၊ စပ်ကောင်းမသွေ နည်းမသွေ"ဟု ဆရာတို့ ဆိုကြကုန်၏။"နတ္ထာန ကရိဿံ"စသည်တို့၌ စပ်လေ။ မခက်ပြီ။

## သမ္ဗန်နှင့်သမ္ဗန္ဓီ

သမ္ဗန်နှင့်သမ္ဗန္ဓီပုဒ်တို့၏ စပ်ပုံကို ဆရာတို့ အထူးမပြကြကုန်သော်လည်း ပကတူပနိဿယမျိုးပင်ဖြစ်သင့်၏။

အုတ်ကျောင်းဆရာတော်ဦးဗုဓ်ကား"အဿ ဗုဒ္ဓဿ သုဝုတ္တံ ဓမ္မံ"ဟူသော ပြယုဂ်၌ အဿ ဗုဒ္ဓဿကား သုဝုတ္တံ ဓမ္မံ၌ အကြောင်းဇနကဖြစ်သော သမ္ဗန်၊ သုဝုတ္တံ ဓမ္မံကား အကျိုးဇည ဖြစ်သော သမ္ဗန္ဓီ–ဟုဆို၍စပ်ပါ။ဤ၌ အဿ, ဗုဒ္ဓဿ ၏အရ ဘုရားဒြပ်သည်လည်းကောင်း၊ ဒေသနာဉာဏ်တော်သည်လည်းကောင်း အကြောင်းဇနကသမ္ဗန်ဖြစ်၏။သုဝုတ္တံ ဓမ္မံအရ ဒေသနာဓမ္မသည် အကျိုးဇည သမ္ဗန္ဓီဖြစ်၏မှတ်ပါ။

## သတိပြုရန်အချက်

ရှေ့ပုဒ်၏အရတရားကို ပစ္စည်း အကြောင်းဟုမှတ်၊ နောက်ပုဒ်၏အရတရားကို ပစ္စယုပ္ပန် အကျိုးဟုမှတ်။ဤသို့ ပစ္စည်း ပစ္စယုပ္ပန်၊ အကြောင်း အကျိုး စပ်ခြင်းကိုပင် ပဋ္ဌာန်းစာစပ်ဟု ခေါ်လေသည်။

ဤပဋ္ဌာန်းစာစပ်နည်းသည် မိမိဉာဏ်ရှိသလောက် ကျယ်ဝန်းလာနိုင်သော နည်းဖြစ်၏။ဆိုရိုးကိုလည်း မိမိဉာဏ်ရှိသလို အမျိုးမျိုး ဆိုရိုးပြုကြကုန်၏။ အချို့ကာ သာမညဆိုရိုးပြုကြကုန်၏။ဥပမာ–အဟံကား နတ္ထာန၌ ပစ္စည်း အကြောင်း၊ နတ္ထာနကား ပစ္စယုပ္ပန် အကျိုးတည်းဟု စပ်ကြကုန်၏။

အချို့ကား ပစ္စည်းမျိုးကိုလည်း ဖော်၍စပ်ကြသေး၏။ဥပမာ–အဟံကား နတ္ထာန၌ သဟဇာတပစ္စည်း အကြောင်း၊ နတ္ထာနကား ပစ္စယုပ္ပန် အကျိုးတည်းဟု စပ်ကြ၏။ထိုသို့စပ်ကြသော်လည်း အထက်၌ နိယံဖြင့် ပြခဲ့ပြီးသော စပ်နည်းသာ စပ်ရိုးပြုကြသည်ဟုမှတ်ပါ။

အချို့ကား ပုဒ်အရတရားများကို ဖော်ထုတ်၍ ပြိုင်နိုင်သော ရသင့်သောမျိုးတူပစ္စည်းများကို ထုတ်ဖော်၍စပ်ကြ၏။ထိုသို့ များပြားကျယ်ဝန်း၍ နည်းအမျိုးမျိုးဖြစ်သောကြောင့် ပဋ္ဌာန်းနည်းစာစပ်ခဲ့ပါဟု သာမညမေးသော် သာမညဆိုရိုးကျ အတိုင်း ဖြေဆိုစပ်ပြခဲ့ပါ။အထူးဝိသေသ မ၍မေးသော် အမေးအားလျော်စွာ

ဖြေဆို တတ်ပါစေ။

## ပစ္စည်းထုတ်နည်း အကျဉ်းမှတ်ချက်

ပစ္စည်းထုတ်တတ်လျှင် ပဋ္ဌာန်းစာစပ်နားလည်ပါသည်။ပဋ္ဌာန်းစာစပ် နားလည်လျှင်လည်း ပစ္စည်းထုတ်တတ်တော့သည်။

အထူးမှာ——ပဋ္ဌာန်းစာစပ်ရာ၌ ပစ္စည်းသရုပ် မထုတ်နိုင်သော်လည်း ပြခဲ့ ပြီးသောနည်းနှင့်ညီညွတ်အောင်စပ်လျှင် ကိစ္စပြီးတော့သည်။ပစ္စည်းထုတ်ရာ မှာ ရှေ့ပုဒ်နောက်ပုဒ်၏ အရဖြစ်သင့်သောတရားကို စဉ်းစားဆင်ခြင်၍ ရသင့်သော ပစ္စည်းများကို ထုတ်ယူရာ၏။သို့သော် ပစ္စည်းမျိုးချင်း မရောယှက်စေရာ။ ဆိုင်ရာမျိုး၌သာ ရသင့်သောပစ္စည်းသရုပ်ကို ထုတ်ယူရာ၏။ပဋ္ဌာန်းစာစပ်နည်း၌ အနည်းငယ် ပြဦးအံ့။---

"အဟံ နမော"၌ အဟံအရ နာမက္ခန္ဓာတစ်ပါး နှစ်ပါး သုံးပါးသည် နမောအရ နာမက္ခန္ဓာသုံးပါး နှစ်ပါး တစ်ပါးအား သဟဇာတ အညမည နိဿယ သမ္ပယုတ္တ အတ္ထိ အဝိဂတ ဤ(၆)ပစ္စယသတ္တိထုတ်လေ။

အဟံအရ အလောဘ အဒေါသသည် နမောအရ ၄င်းနှစ်ပါးကြဉ်သော နာမက္ခန္ဓာ မဟာကုသိုလ်စိတ္တုပ္ပါဒ်အား ယခင် (၆)ပစ္စည်း၌ ဟေတုထည့်၍ (၇)ပစ္စယထုတ်လေ။

အဟံအရ အမောဟသည် နမောအရ ကြွင်းနာမက္ခန္ဓာအား အဓိပတိ ဣန္ဒြိယ မဂ္ဂထည့်၍ (၁၀)ပစ္စည်းထုတ်လေ။

ဤသို့စသည်ဖြင့် သဟဇာတမျိုးစုံအောင် ပစ္စည်းပြိုင်ကို နှလုံးသွင်း၍ ထုတ်လေ။

ပုရေဇာတမျိုး၊ အနန္တရမျိုး၊ ပကတူပမျိုးတို့ကိုလည်း ထုတ်ကြပါကုန်။ ပဋ္ဌာန်းစာစပ်နည်းကို သတိမူ၍လည်းကောင်း၊ ပစ္စည်းပြိုင်ကို နှလုံးသွင်း၍လည်း ကောင်း ကံ ကရိဏ်းစသည်တို့ကိုလည်း ထုတ်ကြပါကုန်။

## ပဋ္ဌာန်းစာစပ်နိုယံ

ကတ္တား ကြိယံ၊ စပ်လေပြန်၊ သ–နံ့–ပုရေမျိုး။
ကံနှင့်ကြိယံ၊ စပ်လေပြန်၊ အာရမ္မဏမျိုး။
ကရိဏ်း ကြိယာ၊ စပ်သောခါ၊ သဟာ–နန္တရမျိုး။
သမ္ပဒါန် ကြိယံ၊ စပ်ဆိုပြန်၊ အာရမ်–ဥပမျိုး။
ကရိဏ်း ဗဟိဒ္ဓါ၊ ပါ–ဩ–အာ၊ ဥပနိဿယမျိုး။
(ပါ–အပါဒါန်၊ ဩ–ဩကာသ၊ အာ–အာဓာရပုဒ်)

## ဝိဂြိုဟ်ဆိုရာ၌

(၁) ဗုဒ္ဓျတီတိ ဗုဒ္ဓေါ။(ဓာတုဝိဂြိုဟ်)------
ဓာနာတီတိ ဗုဒ္ဓေါ။(ဓာတွတ္ထဝိဂြိုဟ်)-- တစ်စုံ --၂နည်း။
(၂) ဗုဒ္ဓျန္တောတိ ဗုဒ္ဓေါ။(သပဒဝိဂြိုဟ်)-----
ဗုဒ္ဓျတီတိ ဗုဒ္ဓေါ။(အသပဒဝိဂြိုဟ်)--- တစ်စုံ--၂နည်း။
(၃) ပဋိဗုဒ္ဓျတီတိ ဗုဒ္ဓေါ။(သပရိယာယဝိဂ္ဂဟ)--
ဗုဒ္ဓျတီတိ ဗုဒ္ဓေါ။(နိပ္ပရိယာယဝိဂ္ဂဟ)-- တစ်စုံ--၂နည်း။
(၄) ဗုဒ္ဓျတီတိ ဗုဒ္ဓေါ ဗုဒ္ဓျန္တောတိ ဗုဒ္ဓေါ။(သဟာစရိယနည်း)---
ဗုဒ္ဓျတိ ဓာနာတီတိ ဗုဒ္ဓေါ။(အာဟစ္စဝိဓာနနည်း–လိုချင်သော အနက်ဆိုက်အောင် စီရင်နည်း)----
ဗုဒ္ဓျတိ ဗုဒ္ဓျနံ ကရောတီတိ ဗုဒ္ဓေါ။(အတ္တာတိသယနည်း)တစ်စုံ–၃နည်း။

# (၂)စာစပ်နိယံအဖြေကျမ်း

## စာစပ်နိယံများ

### ကာရကခြောက်ပါး စာစပ်နိယံ

၁။ ရတနာသုံးပါး၊ ဆရာအား၊ ဦးဖျား ထိပ်ဝယ်ပန်။
၂။ နောင်လာနောက်သား၊ မှတ်ဖို့ထား၊ ကြားအံ့ သံပေါက်သံ။
၃။ သည်' ကား-နှစ်ဖြာ၊ **ကတ္တားသာ**၊ ကံမှာ ကို'သို့ ပြန်။
၄။ ဖြင့်-**ကရဏ**၊ ၌-ပေးက၊ **အာဓာရ** ဟုကြံ။
၅။ အား' ငှာ နှစ်ပါး၊ ပေးတုံငြား၊ မှတ်သား **သမ္ပဒါန်**။
၆။ မှ' အောက်' ထက် ဟု၊ ဤသုံးခု၊ ယူလေ **အပါဒါန်**။
၇။ ကြောင့်-ပေးတုံက၊ မှတ်နည်းပြ၊ မှတ်ကြ **အပါဒါန်**။

(**ကာရကခြောက်ပါး စာစပ်ပြီး၏**)

### အကာရက စာစပ်နိယံ

၁။ ထသော' သော ဟူ၊ **ဝိသေသ**ယူ၊ တွင်-မူ **နိဒ္ဓါရဏ**။
၂။ သော်' လသော် မှာ၊ **လက္ခဏာ**၊ နောက်ကြိယာ **လက္ချဏ**။
၃။ လက္ခဏာ၌၊ ဆိုက်ရောက်လေငြား၊ ကံ' ကတ္တား၊ မှတ်သား **လက္ခဏာဝန္တ**။
၄။ လက္ချ၌သာ၊ ဆိုက်ပါတုံငြား၊ ကံ' ကတ္တား၊ ထူးခြား **လက္ချဝန္တ**။
၅။ အို'ဟယ်' အချင်း၊ အမင်း' အမောင်၊ အနက်ဆောင်၊ နားထောင် **အာလပန**။
၆။ အာလုပ်အနက်မှတ်၊ ကြိယာမှာစပ်၊ ဖြတ်လတ် **ကြိယာဝိသေသ**။
၇။ လျောက်'လျက်'စွာ ပေး၊ သဖြင့် ပေး၊ စပ်ရေး **ကြိယာဝိသေသ**။
၈။ **အားဖြင့်** ပေးလတ်၊ ကာရကမှာစပ်၊ မှတ်လေ **ကာရကဝိသေသ**။
၉။ **အားဖြင့်** ပေးလတ်၊ အကာရကမှာစပ်၊ မှတ်လေ **အကာရကဝိသေသ**။

၁၀။ **အားဖြင့်** ပေးလတ်၊ ကြိယာမှာစပ်၊ မှတ်လေ **ကြိယာဝိသေသ်။**

၁၁။ **အားဖြင့်** ပေးရာ၊ ကြိယာဝိသေ၊ တစ်ထွေ ဝိသေသ်၊ ရတုံလစ်၊ စပ်ဖြစ် **အဘိန္နဝိသေသ်။**

၁၂။ ပတ်လုံး'တိုင်တိုင်၊ တိုင်အောင်'တိုင်လောက်၊ အနက်ကောက်၊ မှတ်လောက် **အစ္စန္တ။**

၁၃။ သဒ္ဒါ 'သဟ၊ စသည်မယှဉ်၊ နှင့် ပေးလျှင်၊ မှတ်ချင် **သဟတ္ထ။**

၁၄။ သဟ ယှဉ်ကာ၊ နှင့်–ပေးရာ၊ မှတ်ပါ **သဟယောဂ။**

၁၅။ သဒ္ဒါ 'နာနာ၊ သမံ ပါငြား၊ နှင့်–ဟုကြား၊ မှတ်သား **သဟာဒိယောဂ။**

၁၆။ ၏–ပေးကမူ၊ **သမ္ဗန်**ဟူ၊ ကြောင့်–မူ **ဟေတွတ္ထ။**

၁၇။ သတ္တမီဝိဘတ်၊ ကြောင့်–ပေးလတ်၊ စွဲမှတ် **နိမိတ္တ။**

၁၈။ ၍' ရကား မှာ၊ **ကြိယာဝိသေသ်၊** ရံခါ **ဟိတ်၊** တံဆိပ်ခပ်၍ပြ။

၁၉။ ၄င်း–ပေးမူ၊ **သရုပ်**ယူ၊ ဟူ၍–**အာကာရ။**

၂၀။ ဇံ–ဣတိ၊ ရှိသည့်ပုဒ်မှာ၊ သို့ပေးရာ၊ မှတ်ပါ **နိဒဿန။**

၂၁။ သော်လည်း ပေးရာ၊ **သမ္ဘာဝနာ၊** ဂရဟာ အချို့ရ။

၂၂။ မူလည်း' လျှင်မှာ၊ **ဂရဟာ၊** စဉ်မှာ **အနာဒရ။**

၂၃။ တည်းဟူသော နှင့်၊ ဟူသော ပေးရာ၊ အနက်မှာ၊ မှတ်ပါ **ရူပက။**

၂၄။ နှင့်တူ ပါရာ၊ အနက်မှာ၊ မှတ်ပါ **သဒိသ။**

၂၅။ ကဲ့သို့ ပေးရာ၊ **ဥပမာ၊** မြဲစွာ မှတ်ကုန်ကြ။

**(အကာရက စာစပ်ပြီး၏)**

## ဝုတ္တာဝုတ္တ စာစပ်နိယံ

၁။ ကတ္တားဟောရှာ၊ ကြိယာ၊ မှတ်ပါ **ကတ္တုန္တ။**

၂။ ကံဟောကြိယာ၊ ဟူသည်မှာ၊ မြဲစွာ **ကမ္မန္တ။**

၃။ ကြိယာ ကတ္တား၊ ဟောလတ်ငြား၊ **ကတ္တား** ဝုတ္တနေ။

၄။ ကတ္တား ဝုတ္တ၊ ရှိလတ်က၊ **အဝုတ္တကံ**ဟူပေ။

၅။ ကံဟော ကြိယာ၊ ရှိသော်ခါ၊ ကံသာ **ဝုတ္တ**စပ်။

၆။ ကံမှု ဝုတ္တ၊ ရှိလတ်က၊ **အဝုတ္တကတ္တားမှတ်**။

၇။ ဘောဝဟော ကြိယာ၊ ရှိသော်ခါ၊ နှစ်ဖြာ ကံ-ကတ်၊ **အဝုတ္တ**ဟုမှတ်။

၈။ သကမ္မကကြိယာ၊ ရှိသော်ခါ၊ နှစ်ဖြာ ကံ-ကတ်၊ ရှိမြဲမှတ်။

၉။ ကတ္တား ကြိယာ၊ ဟူသည်မှာ၊ နိစ္စာ ယှဉ်မြဲမှတ်။

၁၀။ ကံဟောကြိယာ၊ နောက်မှာအဟုတ်၊ အာချာတ်ထုတ်၊ မယုတ် ကတ္တားလွှဲ။

၁၁။ အာချာတ်ပုဒ်ကား၊ ရံခါပြား၊ ကတ္တား ကံဖြစ်မြဲ။

၁၂။ အမည်ပြုလုပ်၊ အာချာတ်ပုဒ်၊ မယုတ်နာမ်ဖြစ်မြဲ။

၁၃။ ကံနှင့်ကတ္တား၊ ဝုတ္တပြား၊ နှစ်ပါး ဓာတ် ပစ္စည်းမှာ စပ်။

၁၄။ အဝုတ္တပင်၊ ကံ ကတ်မြင်၊ ဓာတ်တွင် ရွေ့သာစပ်။

၁၅။ ကရိဏ်းစသား၊ ဤလေးပါးလည်း၊ မမှား ဓာတ်တွင်စပ်။

၁၆။ ဓာတ်တွင် ရွေ့တိ၊ စပ်တုံဘိ၊ ကာ ကိ ခွဲ၍စပ်။

၁၇။ ပစ္စည်းတွင်သာ၊ စပ်သော်ခါ၊ ဝစ် ဝါ ခွဲ၍စပ်။

၁၈။ ကာရကခြောက်ဖြာ၊ စပ်အပ်ရာ၊ ကြိယာတွင်သာမှတ်။

၁၉။ ဟိတ်လက္ခဏာ၊ ဟူသည်မှာ၊ ကြိယာတွင်သာစပ်။

၂၀။ အာဓာရနှစ်ဖြာ၊ ဆင့်၍လာ၊ ရှေ့မှာ **သာမည**၊ နောက်မှာ **ဝိသေသ**။

၂၁။ ဝုတ္တံ သန္နာယ၊ နှစ်ပါးပြ၊ ဝုတ္တကံကား-သာမည၊ သန္နာယကံကား-ဝိသေသ။

၂၂။ ဝုတ္တံ ကံကား-ဝုတ္တ၊ သန္နာယကံကား-အဝုတ္တ။

၂၃။ သညာ နာမ၊ ယှဉ်ပြပုဒ်သာ၊ သည်-ပေးရာ၊ သညာကတ္တားမှတ်။

၂၄။ ယင်းမှ ရှေ့ဆီ၊ သည်-ပေးပြီ၊ သညီ ကတ္တားမှတ်။

၂၅။ ယု ဏွု နှစ်ဖြာ၊ အယှဉ်မှာ၊ ကံသာ ဆဋ္ဌီမှတ်။

၂၆။ ကာရိုက်ကံကား၊ ဓာတ်ကတ္တား၊ မပြား ရတ္တူမှတ်။

၂၇။ ကာရိုက်ကံမှာ၊ ဒုတိယာနှင့်၊ တတိယာ ဆဋ္ဌီ၊ ဤသုံးလီ၊ ယှဉ်မှီ သက်မြဲမှတ်။

၂၈။ ဒါသေန ဝယ်၊ နည်းနှစ်သွယ်၊ ဉာဏ်ကျယ်သူတို့ထား။

၂၉။ ဗာလာဝတာ၊ ဉာဏ်ဆရာ၊ မိန့်မှာ ဓာတ်ကတ္တား။

ဘုရားဖြူကျောင်းတိုက်

၃၀။ ရူပသိဒ္ဓိ၊ သဒ္ဒနီတိ၊ အမိန့်ရှိ၊ သိလေ ကာရိက်ကံ။
၃၁။ သံပေါက်ကဗျာ၊ ရသူမှာ၊ နပ်ရှာ စာစပ်ဉာဏ်။
(စာစပ်နိယံ ပြီးပြီ)

## စာစပ်နိယံ အဖြေ

ကျမ်း၏အစဋ္ဌ အန္တရာယ်ကင်းပျောက်ခြင်း ကျမ်းပြီးခြင်းအကျိုးငှါ ရတနတ္တယ မဏာမကို ပြတော်မူလို၍---(တစ်နည်း) ပြတော်မူလိုသောကြောင့် (ဝါ) ပြတော်မူလိုသော ဆရာတော်သည် " **ရတနာသုံးပါး၊ ဆရာအား၊ ဦးဖျားထိပ်ဝယ်ပန်**' စသည်ကို မိန့်တော်မူသည်။(လိုရင်းကို ကောက်စစ်၍ အဓိပ္ပါယ်ပြောလေ)

ဤ"ရတနာသုံးပါး--ပန်"ဟူသောစကားဖြင့် ရတနတ္တယကို ပြပြီး၍ (ပုဗ္ဗာနုသန္ဓေ) ယခုအခါ ဝန်ခံခြင်း ပဋိညာဉ်ကို ပြတော်မူလိုသော နိယံဆရာသည် "**နောင်လာနောက်သား၊ မှတ်ဖို့ထား၊ ကြားအံ့သံပေါက်သံ**"ဟူသောနိယံကို မိန့်ဆို တော်မူသတည်း။(အပရာနုသန္ဓေ)။

## ကာရကခြောက်ပါးစာစပ်နိယံအဖြေများ
## ကတ္တားစပ်ပုံ

ဤသို့ဆို၍ ယခုအခါ၌ ဝန်ခံအပ်သော ပဋိညာတဗ္ဗ နိယံကဗျာပုဒ်ကို ရေးသားပြုပြင် စီရင်အားထုတ်တော်မူလိုသော နိယံဆရာသည်" **သည်' ကား နှစ်ဖြာ၊ ကတ္တားသာ၊ ကံမှာ ကို'သို့ပြန်**"စသော နိယံကို ရေးသားပြုပြင် စီရင်မိန့်ဆိုတော်မူသတည်း။

**သည် ကား နှစ်ဖြာ၊ ကတ္တားသာ။(သည်' ကား ပေးမှု-ကတ္တားမှတ်)**

**ပြယုဂ်ကား**---ပုရိသော ဂစ္ဆတိ-ဟူသည်တည်း။

**အနက်**---ပုရိသော-ယောကျ်ားသည်၊ ဂစ္ဆတိ-သွား၏။

**စာစပ်ကား**--ပုရိသောကား သည်ဟုအနက်ပေးသောကြောင့် ဂစ္ဆတိ၌

ဂမုခာတ် တိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် ဟောအပ်သော ဝုတ္တကတ္တား၊ ဂစ္ဆတိကား–ကတ္တား၏ကြိယာ (ဝါ)ထိုကတ္တားကိုဟောသော အာချာတ်ကြိယာဝါစကတည်း။

**အဓိပ္ပါယ်–**

"ခပ်သိမ်းဝါကျ၊ ဟူသမျှမှာ၊ ပဓာနကြိယာ၊ ကောက်မြဲသာတည်း"ဟု နိယံဆရာဆိုသောကြောင့် "ပုရိသော ဂစ္ဆတိ"ဟူသောပုဒ်အပေါင်းတို့တွင် လိုရင်းပဓာနပုဒ်ကား ဂစ္ဆတိဟူသည်တည်း။အနက်–ဂစ္ဆတိ–သွား၏။အဓိပ္ပါယ်ကား–သွားဟူလို။

ဆရာ သွားဟုဆို၏။(အဖြေရှောင်ကွင်း၊ လျော်ရာနင်း၊ သွင်းလေ အာဘောဂ)ဟု ရှေးဆရာတို့ဆိုသော ပရိဘာသာနှင့်အညီ အဘယ်သူသည် သွားသနည်း၊ ဤသို့မေးရန်ရှိသောကြောင့် "ပုရိသော"ဟူသောပုဒ်ကို မိန့်။အနက်––ပုရိသော–ယောကျ်ားသည်၊ ဂစ္ဆတိ–သွား၏။အဓိပ္ပါယ်ကား–ယောကျ်ားသည် သွား၏ဟူလို။(သည်သော်လည်းကောင်း ကားသော်လည်းကောင်း ဘယ်လို အနက်ပေးပေး မထူး၊ တူ၏)

## ကံစပ်ပုံ

**ကံမှာ ကို'သို့ ပြန်။(ကို သို့ပေးမူ ကံဟုမှတ်)**

**ပြယုဂ်ကား**–––ဘတ္တံ ဘုဥ္ဇတိ–ဟူသည်တည်း။

**အနက်**–––ဘတ္တံ–ထမင်းကို၊ ဘုဥ္ဇတိ–စား၏။

**စာစပ်**––"စပ်ရာမှထွက်၊ ထွက်ရာမှစပ်"ဟု ရှေးဆရာတို့ဆိုသောကြောင့် ဘတ္တံ–ကား ကိုဟုအနက်ပေးသောကြောင့်၊ ဘုဥ္ဇတိ၌ ဘုဇဓာတ် တိဝိဘတ်ဟုဆိုအပ်သော အဝုတ္တကံစပ်။

**အဓိပ္ပါယ်–––**

ထိုပုဒ်အပေါင်းတို့တွင် လိုရင်းအချုပ်ပဓာနကား ဘုဥ္ဇတိဟူသည်တည်း။ ဆရာ စား၏ဟု ဆို၏။ဘယ်ကို စားပါသနည်း–ဟုမေးဖွယ်ရှိသောကြောင့် ဘတ္တံ ဟူသောပုဒ်ကို မိန့်။ဘတ္တံ–ထမင်းကို၊ ဘုဥ္ဇတိ–စား၏၊ အဓိပ္ပါယ်ကား–ထမင်းကို

စား၏ဟူလို။

**(သို့ ပေးမှ ကံဟုပင်မှတ်)**

ပြယုဂ်ကား–ဝိဟာရံ ဂစ္ဆတိ။

**အနက်**–ဝိဟာရံ–ကျောင်းသို့၊ ဂစ္ဆတိ–သွား၏။

**စာစပ်ပုံကား**–ဝိဟာရံကား သို့ဟုအနက်ပေးသောကြောင့် ဂစ္ဆတိ၌ ဂမုဓာတ် တိဝိဘတ် အဝုတ္တကံစပ်လေ။

**အဓိပ္ပါယ်**

ဝိဟာရံ ဂစ္ဆတိ နှစ်ပုဒ်တို့တွင် လိုရင်းပုဒ်ကား ဂစ္ဆတိတည်း။ဂစ္ဆတိ–သွား၏ဟု ဆရာဆို၏ အဘယ်သို့သွားသနည်း–ဤသို့မေးရန်ရှိသောကြောင့် ဝိဟာရံ–ဟူသောပုဒ်ကို မိန့်။ဝိဟာရံ–ကျောင်းသို့၊ ဂစ္ဆတိ–သွား၏။အဓိပ္ပါယ်ကား ကျောင်းသို့ သွား၏ဟူသည်တည်း။

## ကရိုဏ်းစပ်ပုံ

သည် ကား နှစ်ဖြာ၊ ကတ္တားသာ၊ ကံမှာ ကို သို့ ပြန်–ဟူသောနိယံပုဒ်ဖြင့် ကတ္တား ကံတို့ကို ပြောပြပြီး၍ (ပုဗ္ဗာနုသန္ဓေ)၊ ယခုအခါ ကရိုဏ်း အာဓာရတို့ကို ပြောပြတော်မူလိုသော နိယံဆရာသည် "**ဖြင့် ကရဏ၊ ၌ ပေးက၊ အာဓာရဟု ကြဲ**"ဟူသောနိယံကို မိန့်(အပရာနုသန္ဓေ)

**ဖြင့် ကရဏ (ဖြင့်ဟူ၍ အနက်ပေးလျှင် ကရိုဏ်းဟူ၍မှတ်)**

ဖြင့်ဟုအနက် ပေးလျှင် နောက်အာချာတ်ကြိယာဖြစ်စေ၊ ကိတ်ကြိယာမှာဖြစ်စေ ကရိုဏ်း ကရိုဏ်း၏ ကြိယာဟု စပ်လေ။

ပြယုဂ်ကား–ဒဏ္ဍေန ဝီဟိံ လုနာတိ–ဟူသည်တည်း။

**အနက်**–ဒဏ္ဍေန–တံဇင်ဖြင့်၊ ဝီဟိံ–ကောက်စပါးကို၊ လုနာတိ–ရိတ်၏။

**စာစပ်ပုံကား**–ဒဏ္ဍေနကား ဖြင့်ဟုအနက်ပေးသောကြောင့်၊ လုနာတိ၌ ကရိုဏ်း၊ လုနာတိကား ကရိုဏ်း၏ ကြိယာ။ဝီဟိံကား ကိုဟုအနက်ပေးသော

ကြောင့် လုနာတိ၌ လုဓာတ် တိဝိဘတ်ဟုဆို အဝုတ္တကံစပ်။

**အဓိပ္ပါယ်**

ဒတ္တေန ဝီဟိံ လုနာတိ–ပါဌ်ဖြင့် လိုရင်းပုဒ်ကား လုနာတိဟူသည် တည်း။လုနာတိ–ရိတ်၏ဟု ဆရာဆို၏။ဘာကို ရိတ်သနည်း–ဆံပင်ကို ရိတ်သ လော စသည်ဖြင့် ဤသို့မေးဖွယ်ရှိသောကြောင့် ဝီဟိံဟူသောပုဒ်ကို မိန့်။ဝီဟိံ– ကောက်ကို၊ လုနာတိ–ရိတ်၏။အဓိပ္ပါယ်ကား ဆံပင်စသည်ကို ရိတ်မည်မဟုတ်၊ ကောက်ရိုးကို ရိတ်မည်ဟူလိုသော်။

## အာဓာရစပ်ပုံ

**၌ ပေးက၊ အာဓာရ ဟုကြဲ(၌ဟု အနက်ပေးမူ အာဓာရဟုမှတ်)**

၌ဟူ၍ အနက်ပေးပါက–(တစ်နည်း) ပုဒ်မှာ စပ်ခဲ့သော် အာဓာရ– အာဓာရီဟုဆို၍ စပ်ရာ၏။နောက်ကြိယာများနဲ့စပ်ခဲ့သော် အာဓာရ–အာဓာရ၏ ကြိယာဟူ၍ စပ်ရာ၏။

**ပြယုဂ်ကား**–––ပုရိသော ဂေဟေ ဝသတိ–ဟူသည်တည်း။

**အနက်**––ပုရိသော–ယောကျ်ားသည်၊ ဂေဟေ–အိမ်၌၊ ဝသတိ နေ၏။

**စာစပ်ပုံကား**–––**ပုရိသောကား** သည်ဟုအနက်ပေးသောကြောင့်၊ ဝသတိ ၌ ဝသဓာတ် တိဝိဘတ် ဝုတ္တကတ္တားစပ်။**ဂေဟေကား** ၌ဟုအနက်ပေးသော ကြောင့်၊ ဝသတိ၌ အာဓာရ၊ ဝသတိကား အာဓာရ၏ ကြိယာ။

**အဓိပ္ပါယ်**

ပုရိသော ဂေဟေ ဝသတိ–ဝါကျ၌ လိုရင်းပုဒ်ကား ဝသတိဟူသည် တည်း။ဝသတိ–နေ၏။ဆရာ နေ၏ဟု ဆရာဆိုတော်မူ၏။အဘယ်သူ နေသ နည်း–မိန်းမပင်နေသလောဟု မေးရန်ရှိသောကြောင့် ပုရိသောဟူသောပုဒ်ကို မိန့်။ ပုရိသော–ယောကျ်ားသည်၊ ဝသတိ–နေ၏။အဓိပ္ပါယ်ကား–မိန်းမနေသည် မ ဟုတ်၊ ယောကျ်ားသည် နေ၏ဟူလိုသော်။

အဘယ်၌နေသနည်း ကျောင်း၌ပင် နေသလောဟု ဤသို့မေးရန်ရှိသော

ကြောင့် ဂေဟေဟူသောပုဒ်ကို မိန့်။ဂေဟေ–အိမ်၌၊ ဝသတိ–နေ၏။အဓိပ္ပါယ်ကား–ကျောင်း၌ နေသည်မဟုတ်၊ အိမ်၌ နေသည်ဟူလိုသော်။

## သမ္ပဒါန်စပ်ပုံ

"ဖြင့် ကရဏ၊ ၌ ပေးက၊ အာဓာရဟုကြံ "ဟူသော နိယံပုဒ်ဖြင့် ကရိုဏ်း၊ အာဓာရတို့ကို ပြပြီး၍ ယခုအခါ သမ္ပဒါန်ကို ပြောပြတော်မူလိုသော နိယံဆရာသည် " **အား ၄ါ နှစ်ပါး၊ ပေးတုံငြား၊ မှတ်သား သမ္ပဒါန်**" ဟူသော နိယံကို မိန့်။

၄င်းနိယံ၌ လိုရင်းအဓိပ္ပါယ်မှာ အားဟူ၍လည်းကောင်း၊ ၄ါဟူ၍လည်းကောင်း အနက်ပေးပါက သမ္ပဒါန်ဟုမှတ်။၄င်းအား ၄ါပေးသော သမ္ပဒါန်မျိုးသည် နောက်ကြိယာများ စပ်ခဲ့သော် သမ္ပဒါန် သမ္ပဒါန်၏ ကြိယာစပ်ရာ၏။

**အားပေးရာ၌ ပြယုဂ်ကား**––ဘိက္ခုဿ စီဝရံ ဒဒါတိ–ဟူသည်တည်း။

**အနက်**–ဘိက္ခုဿ–ရဟန်းအား၊ စီဝရံ–သင်္ကန်းကို၊ ဒဒါတိ–ပေး၏။

**စာစပ်ပုံကား**–ဘိက္ခုဿကား အားဟူ၍အနက်ပေးသောကြောင့်၊ ဒဒါတိ၌ သမ္ပဒါန်၊ ဒဒါတိကား သမ္ပဒါန်၏ ကြိယာ။စီဝရံကား ကိုဟူ၍အနက်ပေးသောကြောင့်၊ ဒဒါတိ၌ ဒါဓာတ် တိဝိဘတ် အဝုတ္တကံစပ်။

### အဓိပ္ပါယ်

**အထွက်** ဘိက္ခုဿ စီဝရံ ဒဒါတိဝါကျ၌ လိုရင်းပုဒ်ကား ဒဒါတိတည်း။ ဒဒါတိ–ပေး၏။ ဆရာ ပေး၏ဟု ဆရာဆိုတော်မူ၏။ဘာကို ပေးသနည်း ဆွမ်းကို ပေးမည်လော–ဤသို့ မေးရန်ရှိသောကြောင့် စီဝရံပုဒ်ကိုမိန့်။စီဝရံ–သင်္ကန်းကို၊ ဒဒါတိ–ပေး၏။အဓိပ္ပါယ်ကား ဆွမ်းကို ပေးသည်မဟုတ် သင်္ကန်းကို ပေး၏ဟူလို။

ဆရာ ပေး၏ဟုဆိုတော်မူ၏၊ မည်သူအား ပေးသနည်း၊ ပုဏ္ဏားအား ပေးမည်လော–ဤသို့မေးရန်ရှိသောကြောင့် ဘိက္ခုဿ–ဟူသောပုဒ်ကို မိန့်။ဘိက္ခုဿ–ရဟန်းအား၊ ဒဒါတိ–ပေး၏။အဓိပ္ပါယ်ကား ပုဏ္ဏားအား ပေးသည် မဟုတ်

ရဟန်းအားပေး၏ဟူလိုသော်။

**ငါပေးရာ၌ ပြယုဂ်ကား**–ဘိက္ခု ပိဏ္ဍာယ ဂါမံ စရတိ–ဟူသည်တည်း။

**အနက်**–––ဘိက္ခု–ရဟန်းသည်၊ ပိဏ္ဍာယ–ဆွမ်းအလို့ငှါ၊ ဂါမံ–ရွာသို့၊ စရတိ–လှည့်လည်၏။

**စာစပ်ပုံကား**–**ဘိက္ခုကား** သည်ဟုအနက်ပေးသောကြောင့်၊ စရတိ၌ ကတ္တား ကတ္တား၏ ကြိယာစပ်။**ပိဏ္ဍာယကား** ငါဟုအနက်ပေးသောကြောင့်၊ စရတိ၌ သမ္ပဒါန်၊ စရတိကား သမ္ပဒါန်၏ ကြိယာ။**ဂါမံကား** သို့ဟုအနက်ပေး သောကြောင့်၊ စရတိ၌ စရဓာတ် တိဝိဘတ် အဝုတ္တကံစပ်လေ။

### ဤနေရာ၌ စကားညှပ်အဓိပ္ပါယ်ကား–––

မြန်မာလို ငါဟူ၍ပေးသော သမ္ပဒါန်မျိုးသည် တဒတ္ထသမ္ပဒါန်၊ တုမတ္ထ သမ္ပဒါန်အားဖြင့် နှစ်ပါးအပြားရှိသည်။ထိုတွင် ကြိယာပုဒ်သည် အကြောင်းတရား ဖြစ်၍ သမ္ပဒါန်ပုဒ်ကား အကျိုးတရားဖြစ်လျှင် တဒတ္ထသမ္ပဒါန်ဟုမှတ်။

**ပြယုဂ်ကား**–ဘိက္ခု ဘိက္ခာယ စရတိ–ဟူသည်တည်း။

**အနက်**–ဘိက္ခု–ရဟန်းသည်၊ ဘိက္ခာယ–ဆွမ်းအလို့ငှါ၊ စရတိ–လှည့် လည်၏။

သမ္ပဒါန်ပုဒ်သည် အကြောင်းတရားဖြစ်၍ ကြိယာပုဒ်သည် အကျိုး တရားဖြစ်လျှင် တုမတ္ထသမ္ပဒါန်ဟုမှတ်။

**ပြယုဂ်ကား**–ဖာသု ဝိဟာရာယ ဝိနယော ပညတ္တော–ဟူသည်တည်း။

**အနက်**––ဘိက္ခူနံ–ရဟန်းတို့၏၊ ဖာသုဝိဟာရာယ–ချမ်းသာစွာနေခြင်း အကျိုးငှါ၊ ဝိနယော–ဝိနည်းတော်ကို၊ ဘဂဝတာ–မြတ်စွာဘုရားသည်၊ ပညတ္တော– ပညတ်တော်မူအပ်ပြီ။

**တစ်နည်း**––တိုက်ရိုက်အကျိုးဖြစ်ပေါ်လာသော (ဝါ)အကြောင်းနှင့်အ ကျိုး တရစပ်တည်းဖြစ်ပေါ်လာသော သမ္ပဒါန်မျိုးသည် တဒတ္ထသမ္ပဒါန်မည်၏။

**ပြယုဂ်ကား**––ကာတုံ ဂစ္ဆတိ ဟူသည်တည်း။

**အနက်**–ကာတုံ–ပြုခြင်းငှါ၊ ဂစ္ဆတိ–သွား၏။

**တစ်နည်း**–ပိဏ္ဍာယ စရတိ ဟူသည်တည်း။
**အနက်**––ပိဏ္ဍာယ–ဆွမ်းအလို့ငှါ၊ စရတိ–လှည့်လည်၏။
တိုက်ရိုက်အကျိုး မဖြစ်ပေါ်နိုင်၊ အဆင့်ဆင့်အားဖြင့်သာ အကျိုးဖြစ်ပေါ်လာနိုင်သော သမ္ပဒါန်မျိုးသည် တုမတ္ထသမ္ပဒါန်မည်၏။
**ပြယုဂ်ကား**–ဩဒနာယ ခေတ္တံ ကသတိဟူသည်တည်း။
**အနက်**–ဩဒနာယ–ထမင်းအကျိုးငှါ၊ ခေတ္တံ–လယ်ကို၊ ကသတိ–ထွန်၏။
ဤနေရာ၌ **ဆောင်ပုဒ်နိယံ**––
အကျိုးတိုက်ရိုက်၊ အနက်ဆိုက်၊ မှတ်လိုက် တာဒတ္ထ။
ဆက်ဆက်ကျိုးပင်၊ ဖြစ်ခဲ့လျှင်၊ မှတ်ချင် တုမတ္ထ။
သမ္ပဒါန်နှစ်ဝ၊ ဝိသေသ၊ မှတ်ပါလေကုန်ကြ။
**မှတ်ချက်။** အထွက်များကို ရှေ့နည်းမှီ၍ သိလေ။

## အပါဒါန်စပ်ပုံ

ဤသို့ "အား ငှါ နှစ်ပါး၊ ပေးတုံငြား၊ မှတ်သား သမ္ပဒါန်" ဟူသော နိယံပုဒ်ဖြင့် သမ္ပဒါန်ကို ပြောပြပြီး၍ (ပုဗ္ဗာနုသန္ဓေ)၊ ယခုအခါ၌ အပါဒါန်ကို ပြတော်မူလိုသော နိယံဆရာသည် "မှ အောက် ထက် ဟု၊ ဤသုံးခု၊ ယူလေ အပါဒါန်"ဟူသော နိယံကိုမိန့်။(ပရာနုသန္ဓေ)

### အဓိပ္ပါယ်

၎င်းနိယံ၌ လိုရင်းအဓိပ္ပါယ်မှာ မြန်မာလို မှဟူ၍လည်းကောင်း၊ အောက်ဟူ၍လည်းကောင်း၊ ထက်ဟူ၍လည်းကောင်း အနက်ပေးမူ အပါဒါန်ဟုမှတ်။ ၎င်းအပါဒါန်မျိုးသည် အနီးပုဒ်တွင်စပ်ပါက အပါဒန် အပါဒီဆို၍ စပ်ရာ၏။ နောက်ကြိယာများ၌ စပ်ခဲ့သော် အပါဒါန် အပါဒါန်၏ ကြိယာဆို၍ စပ်လေ။

### အောက် ထက် (၂)ပါးအထူးကား

အပါဒီပုဒ်ကနည်း၍ အပါဒါန်ပုဒ်ကများရာ၌လည်းကောင်း၊ အပါဒီပုဒ်

ကငယ်၍ အပါဒါန်ပုဒ်ကကြီးရာ၌လည်းကောင်း၊ အပါဒီပုဒ်ကယုတ်၍ အပါဒါန်ပုဒ်ကမြတ်ရာ၌လည်းကောင်း အောက်ပါ့ဟူ၍ အနက်ပေးရသည်။

(၁) အပါဒီပုဒ်နည်း၍ အပါဒါန်ပုဒ်များရာ၌ ပြယုဂ်ကား–ကုပေါဒကော သမုဒ္ဒတော အပ္ပေါ–ဟူသည့်တည်း။သမုဒ္ဒတော–သမုဒ္ဒရာအောက်၊ ကုပေါဒကော–ရေတွင်းသည်၊ အပ္ပေါ–နည်း၏။

(၂) အပါဒီပုဒ်ကငယ်၍ အပါဒါန်ပုဒ်ကကြီးရာ၌ ပြယုဂ်ကား–ဟတ္ထိ သုနခေါ ခုဒ္ဒကော ဟူသည့်တည်း။ဟတ္ထိ–ဆင်အောက်၊ သုနခေါ–ခွေးသည်၊ ခုဒ္ဒကော–ငယ်၏။

(၃) အပါဒီပုဒ်ကယုတ်၍ အပါဒါန်ပုဒ်ကမြတ်ရာ၌ ပြယုဂ်ကား–တိတ္ထိယာ ဗုဒ္ဓသာဝကေဟိ ဟီနာ–ဟူသည့်တည်း။တိတ္ထိယာ–တိတ္ထိတို့သည်၊ ဗုဒ္ဓသာဝကေဟိ–မြတ်စွာဘုရား၏ တပည့်သာဝကတို့အောက်၊ ဟီနာ–ယုတ်ကုန်၏။

(၁) အပါဒါန်ပုဒ်ကနည်း၍ အပါဒီပုဒ်ကများရာ၌ ပြယုဂ်ကား–သမုဒ္ဒဒကော ကုပေါဒကော မဟန္တော–ဟူသည့်တည်း။သမုဒ္ဒဒကော–သမုဒ္ဒရာရေသည်၊ ကုပေါဒကော–ရေတွင်းရေထက်၊ မဟန္တော–များ၏။

(၂) အပါဒါန်ပုဒ်ကငယ်၍ အပါဒီပုဒ်ကကြီးရာ၌ ပြယုဂ်ကား– မေရုရာဇာ ဟိမဝတော ဝုဍ္ဎော–ဟူသည့်တည်း။မေရုရာဇာ–မြင့်မိုရ်တောင်မင်းသည်၊ ဟိမဝတော–ဟိမဝန္တာတောင်ထက်၊ ဝုဍ္ဎော–ကြီး၏။

(၃) အပါဒါန်ပုဒ်ကယုတ်၍ အပါဒီပုဒ်ကမြတ်ရာ၌ ပြယုဂ်ကား–ဗုဒ္ဓသာဝကာ တိတ္ထိယာ ဥတ္တမာ–ဟူသည့်တည်း။ဗုဒ္ဓသာဝကာ–မြတ်စွာဘုရား တပည့်သာဝကတို့သည်၊ တိတ္ထိယာ–တိတ္ထိတို့ထက်၊ ဥတ္တမာ–မြတ်ကုန်၏။

ဤကား အောက် ထက် (၂)အထူးတည်း

**မှဟူ၍အနက်ပေးမှု** နောက်ကြိယာ၌ အပါဒါန် အပါဒါန်၏ ကြိယာ အဖြစ်ဖြင့် စပ်ရာ၏။

**ပြယုဂ်ကား**–ဂါမာ အပေန္တိ မုနယော–ဟူသည့်တည်း။

**အနက်**–မုနယော–ရဟန်းတို့သည်၊ ဂါမာ–ရွာမှ၊ အပေန္တိ–ဖဲကုန်၏။

**စာစပ်ပုံ**–မုနယောကား တို့သည်ဟု–ကြောင့် အပေန္တိ၌ အပရှေးရှိသော ဣစ္ဆာတတ် အန္တိဝိဘတ်ဟုဆိုအပ်သော ဝုတ္တကတ္တားစပ်၊ ဂါမာကား မှဟု–ကြောင့် အပေန္တိ၌ အပါဒါန်၊ အပေန္တိကား အပါဒါန်၏ ကြိယာ။

**(အမှာစကားချုပ်)**အထွက် ရှေ့နိယံပုဒ်ကို နည်းမှီ၍ ထွက်လေ။

"ကုပေါဒကော သမုဒ္ဒဒကော အပ္ပေါ" ဟူသောဝါကျ၌ စာစပ်ကား–ကုပေါဒကောကား သည်ဟု–ကြောင့် အပ္ပေါ၌ တုလျတ်၊ အပ္ပေါကား လိင်္ဂတ်။ သမုဒ္ဒဒကောကား အောက်ဟု–ကြောင့်၊ အပ္ပေါ၌ အပါဒါန်၊ အပ္ပေါကား အပါဒါန်၏ ကြိယာ။

မေရုရာဇာ ဟိမဝတော ဝုဠော ဝါကျ၌ စာစပ်ကား–မေရုရာဇာကား သည်ဟု–ကြောင့်၊ ဝုဠော၌ တုလျတ်၊ ဝုဠောကား လိင်္ဂတ်။ဟိမဝတောကား ထက်ဟု–ကြောင့်၊ ဝုဠော၌ အပါဒါန်၊ ဝုဠောကား အပါဒန်၏ ကြိယာ။

(အထွက် အထက်မှာ နည်းမှီ၍ သိလေ။)

(မှတ်ချက်) နိယံဆရာက " **ကြောင့်ပေးတုံက၊ မှတ်နည်းပြ၊ မှတ်ကြ အပါဒါန်** "ဟူ၍ ဆိုသောကြောင့် ကြောင့်ဟူ၍ပေးပြီးဆိုလျှင် မှဟူ၍ အနက်ရကောင်းသောကြောင့် ကြောင့်ပေးရာမှာလည်း အပါဒါန် အပါဒီ၊ အပါဒါန် အပါဒါန်၏ ကြိယာဟုဆို၍ စပ်ရာ၏။

ကြောင့်ပေးပြီး မှဟူသောအနက်ရကောင်းသော ပြယုဂ်ကား–ဥဘတော သုဇာတော ပုတ္တော–ဟူသည့်တည်း။ဥဘတော–နှစ်ပါးစုံသော သူတို့ကြောင့်၊ (ဝါ) တို့မှ၊ သုဇာတော–ကောင်းစွာမွေးဖွားသော၊ ပုတ္တော–သားတည်း။

**စာစပ်ပုံ**–ဥဘတောကား တို့ကြောင့်ဟု–ကြောင့်၊ သုဇာတော၌ အပါဒါန်၊ သုဇာတောကား အပါဒါန်၏ ကြိယာ။(တစ်နည်း)ဥဘတောကား တို့မှဟု–ကြောင့်၊ သုဇာတော၌ အပါဒါန်၊ သုဇာတောကား အပါဒါန်၏ ကြိယာ။သုဇာတောကား သောဟု–ကြောင့်၊ ပုတ္တော၌ တုလျာဓိကရဏဝိသေသန၊ ပုတ္တောကား

တုလျာဓိကရဏာဝိသေသျ။(အထွက်မှာ နည်းမှီ၍ ထွက်လေ သိလောက်ပြီ)

ယခုအခါ၌ ဝါကျတစ်ပုဒ်တည်းနှင့်**ကာရက(၆)ပါးလုံး**ပါသော ဥဒါဟရဏ် စာစပ် စကားညှပ်နှင့်တကွ အထွက် အတက်ကို ပြဆိုဦးအံ့။

**ပြယုဂ်ကား**–ပုရိသော တိဏံ ဟတ္ထေန ဂေါဏာယ ဝနသ္မာ ဂေဟေ ဟရတိ–ဟူသည်တည်း။ပုရိသော–ယောကျ်ားသည်၊ တိဏံ–မြက်ကို၊ ဟတ္ထေန–လက်ဖြင့်၊ ဂေါဏာယ–နွားအပေါင်းအကျိုးငှါ၊ ဝနသ္မာ–တောမှ၊ ဂေဟေ–အိမ်၌၊ ဟရတိ–ဆောင်ထား၏။

**စာစပ်ပုံကား**–ပုရိသောကား သည်ဟု–ကြောင့် ဟရတိ၌ ဟရဓာတ် တိဝိဘတ် ဝုတ္တကတ္တားစပ်။တိဏံကား ကိုဟု–ကြောင့် ဟရတိ၌ အဝုတ္တကံစပ်။ ဟတ္ထေနကား ဖြင့်ဟု–ကြောင့် ဟရတိ၌ ကရိဏ်း၊ ဟရတိကား ကရိဏ်း၏ ကြိယာ။ဂေါဏာယကား ငှါဟု–ကြောင့် ဟရတိ၌ သမ္ပဒါန်၊ ဟရတိကား သမ္ပဒါန်၏ကြိယာ။ဝနသ္မာကား မှဟု–ကြောင့် ဟရတိ၌ အပါဒါန်၊ ဟရတိကား အပါဒါန်၏ကြိယာ။ဂေဟေကား ၌ဟု–ကြောင့် ဟရတိ၌ အာဓာရ၊ ဟရတိကား အာဓာရ၏ကြိယာ။(ကာရက (၆)ပါးစာစပ်ပြီး၏)

**စကားညှပ်အဓိပ္ပါယ်ရေးဦးအံ့**––

စကားတစ်ရပ်ပြီးဆုံးသည်ကို တစ်ဝါကျခေါ်၏။ငှင်းဝါကျတစ်ခု၌ ကာရက တစ်ပါးပါးလည်းဖြစ်၏။နှစ်ပါးလည်းဖြစ်ကောင်း၏။ပ–ခြောက်ပါးလည်း ဖြစ်ကောင်း၏။ခြောက်ပါးလုံးဖြစ်ကောင်းသော်လည်း ကြိယာတစ်ခုတည်းက ကာရကခြောက်ပါးလုံးတို့ တပြိုင်နက် မငဲ့နိုင်။ကြိယာသည် ကတ္တုကာရကကိုငဲ့သော အခိုက်၌ ကြွင်းသောကာရကငါးပါးကို မငဲ့နိုင်။ကြိယာသည် ကမ္မကာရကကို ငဲ့သောအခိုက်၌ ကြွင်းသောကာရကငါးပါးကို မငဲ့နိုင်။အဘယ့်ကြောင့်ဆိုသော်– သဒ္ဒါကို ရွတ်ဆိုပြောဆိုသော ဝဒန္တပုဂ္ဂိုလ်သည် ပုရိသောဟူသော သဒ္ဒါရုံတစ်ခုကိုသာ အာရုံပြုသောအခိုက်အတန့်မှာ တိဏံဟူသော သဒ္ဒါ တစ်ခုကို အာရုံမပြုနိုင်သောကြောင့်။

အဘယ့်ကြောင့် ပုရိသောဟူသောသဒ္ဒါရုံတစ်ခုကို အာရုံပြုသောအခိုက်

အတန့်မှာ တိဏ်ဟူသောအာရုံတစ်ခုကို အာရုံမပြုနိုင်သနည်းဟူမူကား–မဂ္ဂဝီထိမှ တစ်ပါးသော ဝီထိစိတ်တို့သည် တစ်ဝီထိ၌ အာရုံတစ်ခုကိုသာ ယူနိုင် အာရုံပြုနိုင်သောကြောင့်ပင်တည်း။(ဤကား ဆရာတော်ဦးကေသရဝါဒပင်တည်း)

အချို့ဆရာတို့က " နာနတ္ထာ သတ္တိယာ နာနာကြိယာ ဟောတိ ယထာ ရဟံ ကေကြိယာယ ဆန္ဒံ ဒါတုံ နတ္ထိ ကာရကတာ သဒ္ဒါ"ဟု ဘေဒစိန္တာဆိုသောကြောင့် ကြိယာတစ်ခုတည်းသည် ကာရကခြောက်ပါးလုံးကိုသာ တစ်ပြိုင်နက်မငဲ့နိုင်၊ ကာရကငါးပါး လေးပါး သုံးပါးတို့ကိုကား တစ်ပြိုင်နက် ငဲ့နိုင်၏ဟု ဆိုကြ၏။

၄င်းဆရာတို့သည် ဘေဒစိန္တာဆရာ၏ အာဘော်ကိုလည်း မိမိယုတ္တိရှိမရှိကိုလည်း မနှိုင်းချိန်သောကြောင့်သာ ဆိုခြင်းဖြစ်သည်ဟု ဆရာတော်ဦးကေသရသီရိ မိန့်ဆိုတော်မူ၏။(စကားညှပ်အမိပ္ပါယ်ပြီး၏)

မာဂဓကျမ်းဂန်တို့ကို ပို့ချသောအခါ အလွယ်တကူနည်းယူဖို့ရန် (အတက်)ကျမ်းရိုးနှင့်တကွ ဥသျှောင်ကိုင် ကျမ်းရိုးအထွက်ကို အမြွက်မျှပြလိုက်ဦးအံ့။

"အထွက် အတက်၊ စဉ်ကာဆက်၊ အတက်ရှေ့နေစေ" ဟူ၍လည်းကောင်း၊ "အနုသန္ဓေဆို၊ လိုရင်းကိုကောက်၊ ထို့နောက် အနက်ပေး၊ ပြန်ရေးအမိပ္ပါယ်၊ စောဒနာ–ပရိဟာ၊ ဆရာလက်သုံး၊ ပြောရိုးထုံး"ဟူ၍လည်းကောင်း–

နိယံဆရာတို့ဆိုသောကြောင့် စာစပ်ဆရာ ပညာနုနယ် စာသင်ငယ်တို့အလွယ်တကူ နည်းယူဖို့ရန် ပုံစံပြယုဂ်ကို ပြောပြတော်မူလိုသော စာချဆရာတော်သည် "ပုရိသော တိဏံ ဟတ္ထေန ဂေါဏာယ ဝနသ္မာ ဂေဟေ ဝသတိ"ဟူသောစကားရပ်ကို မိန့်။ ဤကား ကျမ်းအတက်တည်း။

"ခပ်သိမ်းဝါကျ၊ ဟူသမျှမှာ၊ ပဓာနကြိယာ၊ ကောက်မြဲသာတည်း" ဟူ၍လည်းကောင်း၊ "အနုသန္ဓေ၊ ဆိုလိုရင်းကိုကောက်" ဟူ၍လည်းကောင်း၊

နိယံဆရာတို့ ဆိုသောကြောင့် ထိုပုရိသော တိဏံ အစရှိသောပုဒ်အပေါင်းတို့တွင် လိုရင်းပုဒ်ကား ဟရတိဟူလို။ထို့နောက် အနက်ပေးဟူ၍ နိယံဆရာ

ဆိုသောကြောင့် ဟရတိ–ဆောင်၏။ပြန်ရေး အဓိပ္ပါယ်–ဟူ၍ နိယံဆရာတို့ ဆိုသောကြောင့် ဆောင်၏ဟူလို။တင်ဖွယ်စောဒနာ–ဟူ၍ ပရိဘာသာလာသော ကြောင့် ဆရာ ဆောင်၏ဟု ဆရာဆို၏၊ မည်သူဆောင်သနည်း၊ မိန်းမသည်ပင် ဆောင်လေသလော ဤကဲ့သို့ မေးရန်ရှိသောကြောင့် ပုရိသော–ဟူသောပါဠိ ကိုမိန့်။ပုရိသော–ယောကျ်ားသည်၊ ဟရတိ–ဆောင်၏။အဓိပ္ပါယ်–မိန်းမဆောင် သည်မဟုတ်၊ ယောကျ်ားဆောင်၏ဟူလို။ ဤကဲ့သို့ထွက်ခြင်းသည် "အဖြေ ရှောင်ကွင်း၊ လျော်ရာနင်း၊ သွင်းလေ အာဘောဂ"ဟူသောနိယံနှင့်အညီ နောက်ပုဒ် များမှာလည်း ဤနည်းကဲ့သို့ ထွက်လေ။မရေးတော့ပေ။

(ကာရက (၆)ပါး စာစပ်ပြီး၏)

## အကာရကစာစပ်နိယံအဖြေများ

**"အကာရကမှတ်သားချက်"**

ဤသို့ "ရတနာသုံးပါး၊ ဆရာအား၊ ဦးဖျားထိပ်ဝယ်ပန်–(ပ)ကြောင့်ပေး တုံက၊ မှတ်နည်းပြ၊ မှတ်ကြ အပါဒါန်"ဟူသောနိယံ ခုနစ်ပုဒ်တို့ဖြင့် ရတနတ္တယ ပဏာမ ပဋိညာဉ်နှင့်တကွ ကာရကခြောက်ပါး၏ လက္ခဏာကို ပြောပြပြီး၍ (ပုဗ္ဗာနုသန္ဓေ)၊ ယခုအခါ၌ အကာရကတို့၏ လက္ခဏာတို့ကို ပြောပြတော်မူလို သော နိယံဆရာသည် "ထသော သောဟူ၊ ဝိသေသ်ယူ၊ တွင်မူ နိဒ္ဓါရဏ"အစရှိ သော နိယံတို့ကိုမိန့်။(အပရာနုသန္ဓေ)။

(အမှာစကားချပ်––ဤမှနောက်၌ တစ်ပုဒ်နှင့်တစ်ပုဒ်အကူး၌ အတက် ကျမ်းရိုးကို မိတ်ဆွေတို့သည် နည်းသိလောက်၍ မရေးသားတော့ပေ၊ ထူးသ လောက်ကိုသာ ရေးသားပေအံ့။)

## ဝိသေသနစပ်နည်း

သောနှင့်ဟူသောပေးရာ ပြယုဂ်ကား နီလော ပဋော၊ ဗုဒ္ဓေါ ဘဂဝါ– ဟူသည်တည်း။နီလော–ညိုသော၊ ပဋော–ပုဆိုး။ဗုဒ္ဓေါ–သစ္စာလေးပါးကို

ဘုရားဖြူကျောင်းတိုက်

သိတော်မူပြီးသော၊ ဘဂဝါ–မြတ်စွာဘုရား။

စာစပ်ကား–နီလောကား သောဟူ၍အနက်ပေးသောကြောင့် ပဋ္ဌောဝ္ဒ္ဒိ တုလျာဓိကရဏဝိသေသနနှ ပဋ္ဌောကား တုလျာဓိကရဏဝိသေသျ။(ဗုဒ္ဓေါ ဘဂဝါ နည်းတူစပ်)

(အထွက်–နီလော ပဋ္ဌော ဟူသောဝါကျ၌ လိုရင်းပုဒ်ကား ပဋ္ဌောဟူသည်တည်း၊ ပဋ္ဌော–ပုဆိုး။အဓိပ္ပါယ်ကား–ပုဆိုးဟူလို။ဆရာ ပုဆိုးဟုဆို၏၊ အဘယ်သို့သော အဆင်းရှိသော ပုဆိုးနည်း၊ ပြာသောပုဆိုးလေလော–ဤသို့မေး ရန်ရှိသောကြောင့် နီလောဟူသောပုဒ်ကိုမိန့်။နီလော–ညိုသော၊ ပုဋ္ဌော–ပုဆိုး။ အဓိပ္ပါယ်ကား ပြာသောပုဆိုးမဟုတ်၊ ညိုသောပုဆိုးဟူလို။(ဗျဝစ္ဆေဒဝိသေသန မျိုး၌ ဤကဲ့သို့ ထွက်ရာ၏)

ဗုဒ္ဓေါ ဘဂဝါဟူသောဝါကျ၌ လိုရင်းပုဒ်ကား ဘဂဝါဟူသည်တည်း။ ဘဂဝါ–ဘုရား။အဓိပ္ပါယ်ကား မြတ်စွာဘုရားဟူလို။ဆရာ ဘုရားဟုဆို၏။ဂုဏ် ကင်းသောဘုရား ဖြစ်ကောင်းအံ့လော၊ ဤသို့မေးရန်ရှိသောကြောင့် ဗုဒ္ဓေါဟူသော ပုဒ်ကိုမိန့်။ဗုဒ္ဓေါ–သစ္စာလေးပါးတရားကို သိတော်မူပြီးသော၊ ဘဂဝါ–မြတ်စွာ ဘုရား။အဓိပ္ပါယ်ကား ဂုဏ်ကင်းသောဘုရား မဟုတ်၊ သစ္စာလေးပါးကို သိတော် မူပြီးသော မြတ်စွာဘုရားဟူလိုသော်။(ဘူတ ကထန ဝိသေသနမှာ ဤကဲ့သို့ အထွက် ဆိုရ၏ဟုမှတ်)

**စကားညှပ်အဓိပ္ပါယ်**---

ထသောနှင့်သောသည် အဘယ်ကဲ့သို့ထူးသနည်းဟူမူ ဝိသေသနတစ် ပုဒ်တည်းဖြင့် သောဟူ၍ပေးရာ၏၊ နှစ်ပုဒ် သုံးပုဒ်ဖြစ်က ထသောဟူ၍ ပေးရ မည်။

ဤကား အချို့ဆရာတို့ ဆိုကြ၏။(အာစရိယဝါဒ)။သို့သော် အရပ်ရပ် သော သဒ္ဒါကျမ်းတို့၌ အထူးကို မဆိုသောကြောင့် ထသောနှင့်သောအထူးမရှိ၊ မြန်မာဝေါဟာသာတည်း။ဆရာတော်ဦးကေသရသီရိဆုံးဖြတ်တော်မူ၏။ကြို့က်

နှစ်သက်ရာကိုပင် ယူလေ။

**ဝိသေသန(၂)ပါးအထူး**

အနက်တစ်ပါးကို နစ်စေ၍ အထူးပြုတတ်သောပုဒ်သည် ဗျဝစ္ဆေဒ ဝိသေသနမည်၏။ပြယုဂ်ကား နီလော ပဒ္မောဟူသည်တည်း။

အနက်တစ်ပါးကို မနစ်စေမူ၍ အထူးပြုတတ်သောပုဒ်သည် ဘူတကထန ဝိသေသနမည်၏။ပြယုဂ်ကား ဗုဒ္ဓေါ ဘဂဝါဟူသည်တည်း။(အကျယ် ပုဒ်စပ်ကြည့်လေ)

## နိဒ္ဒါရဏစပ်နည်း

နိဒ္ဒါရဏစုစု၏ အဓိပ္ပါယ်ချပ်မှာ အပေါင်းမှ အစိတ်ထွက်သည်ကို နိဒ္ဒါရဏဟုဆိုသည်။ပြယုဂ်ကား မနုဿေသု ခတ္တိယော သူရတမော ဟူသည်တည်း။မနုဿေသု–လူတို့တွင်၊ ခတ္တိယော–မင်းဇာတ်ရှိသောသူသည်၊ သူရတမော–ရဲရင့်၏။စာစပ်ပုံကား–မနုဿေသုကား တို့တွင်ဟူ၍အနက်ပေးသော ကြောင့် ခတ္တိယော၌ အပေါင်းဖြစ်သော နိဒ္ဒါရဏ၊ ခတ္တိယောကား အစိတ်ဖြစ်သောနိဒ္ဒါရဏီယ၊ခတ္တိယောကား သည်ဟု–ကြောင့် သူရတမော၌ တုလျတ်၊ သူရတမောကား လိင်္ဂတ်။ (ကျန်သောနည်းမှာ နောက်နည်းသို့မှီ)

မှတ်ချက်–အပေါင်းမှ အစိတ်ထုတ်ပုံကား မနုဿေသုအရမှာ လူသည် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးမျိုး၊ သူဆင်းရဲမျိုးဟူ၍(၄)မျိုးအပြားရှိ၏။ထို(၄)မျိုးမှ မင်းမျိုးတည်းဟူသော အစိတ်ထုတ်ခြင်းသည် နိဒ္ဒါရဏမည်၏။

ထသော သောဟူ၊ ဝိသေသ်ယူ၊ တွင်မူ နိဒ္ဒါရဏ၊ နိယံပြီး၏။

## လက္ခဏာစပ်နည်း

**နိယံ** "သော် လသော်မှာ၊ လက္ခဏာ၊ နောက်ကြိယာ လက္ချတ္ထ"၊ "လက္ခဏာ၌၊ ဆိုက်ရောက်လေငြား၊ ကံ ကတ္တား၊ မှတ်သား လက္ခဏာဝန္တ"။

အထက်ပါနိယံပုဒ်တို့၏ ပြယုဂ်ကား–သူရိယေ အတ္ထင်္ဂတေ မနုဿာ သယန္တိ–ဟူသည်တည်း။သူရိယေ–နေသည်၊ အတ္ထင်္ဂတေ–ဝင်သည်ရှိသော်၊ မနုဿာ–လူတို့သည်၊ သယန္တိ–အိပ်ကုန်၏။

စာစပ်ပုံကား–သူရိယေကား သည်ဟု–ကြောင့်၊ အတ္ထင်္ဂတေ၌ လက္ခဏာဝန္တ၊ အတ္ထင်္ဂတေကား လက္ခဏာ။ အတ္ထင်္ဂတေကား သော်ဟု–ကြောင့်၊ သယန္တိ၌ လက္ခဏာ၊ သယန္တိကား လက္ချ။မနုဿာကား တို့သည်ဟု–ကြောင့်၊ သယန္တိ၌ လက္ချဝန္တ၊ သယန္တိကား လက္ချ။

**စကားညှပ်အဓိပ္ပါယ်ဆိုဦးအံ့**

နောက်ကြိယာကို မှတ်ကြောင်းဖြစ်သောကြိယာသည် လက္ခဏာခေါ်သည်။ဝိဂြိုဟ်ပြသော်ကား လက္ခီယတေ လက္ခိတဗ္ဗံ အနေနာတိ လက္ခဏံ။အနေန–ဤအတ္ထင်္ဂတေဟူသော ကြိယာဖြင့်၊ ကြိယံ–နောက်သယန္တိဟူသော နောက်ပုဒ်ကြိယာကို၊ လက္ခီယတေ လက္ခိတဗ္ဗံ–မှတ်အပ်၏၊ ဣတိ တသ္မာ–ထိုသို့မှတ်ကြောင်းဖြစ်သောသတ္တိကြောင့်၊ အနေနာတိ ပဒေန–အနေနဟူသောပုဒ်ဖြင့်၊ နိဒ္ဒိဋ္ဌံ–ညွှန်ပြအပ်သော၊ တံ ကြိယံ–ထိုအတ္ထင်္ဂတေဟူသော ကြိယာသည်၊ လက္ခဏာ–လက္ခဏာမည်၏။

နောက်ကြိယာကို မှတ်ကြောင်းဖြစ်ပုံ အနည်းငယ်ရေးဦးအံ့–သူရိယေ အတ္ထင်္ဂတေ မနုဿာ သယန္တိဟူသောပြယုဂ်ပုံစံ၌ လူတို့သည် အိပ်ကြကုန်၏ဟု ဆိုရာ၌ နေ့အခါအိပ်ခြင်း ညအခါအိပ်ခြင်းအားဖြင့် နှစ်မျိုးနှစ်စားပြားသောကြောင့် နေ့အခါအိပ်သလော ညအခါအိပ်သလောဟု တွေးတောစရာဖြစ်၍ အတ္ထင်္ဂတေဟူသောကြိယာက နေဝင်သည်ရှိသော် အိပ်၏ဟုဆိုသောကြောင့် နေ့အခါမှာ မအိပ် ညအခါမှာ အိပ်၏ဟုသိအပ်၏။ဤကဲ့သို့ မှတ်၍ပြသည်ကိုပင် မှတ်ကြောင်းဟု ဆို၏။

(၄င်းလက္ခဏာကြိယာသည် မြန်မာသံအားဖြင့် သော်ဟူ၍လည်းကောင်း ၊ လသော်ဟူ၍လည်းကောင်း ထွက်၏။အတူတူမှတ်၊ အထူးမရှိ။ဓေတိကာရုံ တိုက်သစ်မှာ လသော် အသုံးနည်း၏)

ရှေးဖြစ်သောကြိယာသည် မှတ်တတ်-လက္ခဏာ၊ အမှတ်ခံအပ်သော ကြိယာသည် လက္ချ။(တစ်နည်း)လက္ခဏာကြိယာ၏ ဆိုက်ရာ စပ်ရာဖြစ်သော ကြိယာသည် လက္ချမည်၏။

ဝိဂြိုဟ်ပြုသော် လက္ခီယတေ လက္ခိတဗ္ဗန္တိ လက္ခံ။ကမ္မသာဓနေ၊ လက္ခဏာ ဓာတ်၊ ဏျပစ္စည်း။

အနက်ကား ယံ ကြိယံ-အကြင်သယန္တိဟူသော ကြိယာကို၊ လက္ခဏေန-လက္ခဏာကြိယာသည်၊ လက္ခီယတေ လက္ခိတဗ္ဗံ-မှတ်အပ်၏။ဣတိ တသ္မာ-ထို့ကြောင့်၊ ယန္တိပဒေန-ယန္တိဟူသော ကြိယာပုဒ်ဖြင့်၊ နိဒ္ဒိဋ္ဌံ-ညွှန်ပြအပ်သော၊ တံ ကြိယံ-ထိုယန္တိဟူသော ကြိယာသည်၊ လက္ခံ-လက္ချမည်၏။

လက္ခဏာကြိယာရှိသောပုဒ် လက္ခဏာကြိယာ၏ မှီရာတည်ရာဖြစ်သော ပုဒ်သည် လက္ခဏာဝန္တပုဒ်မည်၏။

ဝိဂြိုဟ်ကား လက္ခဏံ ဧတဿ အတ္ထီတိ လက္ခဏာဝန္တံ။အဿတ္ထိ တဒ္ဓိတ်၊ လက္ခဏာပုဒ်၊ ဝန္တုပစ္စည်း။

အနက်ကား ဧတဿ ပဒဿ-ထိုသူရိယေဟူသောပုဒ်အား၊ လက္ခဏံ-အတ္တင်္ဂတေဟူသော လက္ခဏာကြိယာသည်၊ အတ္ထိ-ရှိ၏၊ ဣတိ တသ္မာ-ထိုသို့ အဿတ္ထိတဒ္ဓိတ် ဝစနတ္တာကြောင့်၊ ဧတဿာတိ ပဒေန-ဧတဿဟူသောပုဒ်ဖြင့်၊ နိဒ္ဒိဋ္ဌံ-ညွှန်ပြအပ်သော၊ တံ ပဒံ-ထိုပုဒ်သည်၊ လက္ခဏာဝန္တံ-လက္ခဏာဝန္တမည်၏။

ထိုလက္ခဏာဝန္တသည်လည်း လက္ခဏာဝန္တကတ္တား၊ လက္ခဏာဝန္တကံဟူ၍ (၂)ပါး အပြားရှိ၏။ထိုနှစ်ပါးတို့၏ အထူးကား လက္ခဏာကြိယာသည် ကံဟော ဖြစ်အံ့ လက္ခဏာဝန္တသည် ကံဖြစ်ရာ၏။လက္ခဏာကြိယာသည် ကတ္တားဟောဖြစ် အံ့-လက္ခဏာဝန္တသည် ကတ္တားဖြစ်ရာ၏။

လက္ခဏာကြိယာ ကံဟောဖြစ်ရာ၌ ပြယုဂ်ကား သာမဏေရေန ဃဏ္ဍော ပဟရိတေ ဘိက္ခူ ဣမံ ဓမ္မအာရာမံ အာဂစ္ဆန္တိဟူသည်တည်း။

အနက်--သာမဏေရေန-သာမဏေသည်၊ ဃဏ္ဍော-တုံးကို၊ ပဟရိတေ-တီးအပ် ခေါက်အပ်သည်ရှိသော်၊ ဘိက္ခူ-ရဟန်းတို့သည်၊ ဣမံ ဓမ္မအာရာမံ -ဤဓမ္မအရာမ်သို့၊ အာဂစ္ဆန္တိ-လာကြကုန်၏။

သာမညောရေန ယဉ္စော ပဟာရိတေ ဘိက္ခု ကမ္မံ ဓမ္မအာရာမံ အာဂစ္ဆန္တိ– ဟူသောပြယုဂ်၌ "လက္ခဏာ၌၊ ဆိုက်ရောက်လေပြီး၊ကံ ကတ္တား၊ မှတ်သား လက္ခဏဝန္တ"ဟုနိယံဆိုသောကြောင့် ဤနေရာ၌ သာမညောရေနဟူသော ကတ္တားပုဒ်၊ ယဉ္စောဟူသောကံပုဒ် နှစ်ပါးတို့တွင် အဘယ်ပုဒ်သည် လက္ခဏဝန္တပုဒ်ဖြစ်သနည်းဟူမူ ပဟာရိတေဟူသော လက္ခဏကြိယာသည် ကံဟောဖြစ်သောကြောင့် ယဉ္စောဟူ သောကံပုဒ်သည်သာလျှင် လက္ခဏဝန္တပုဒ်ဖြစ်သင့်၏။သာမညောရေနဟူသော ကတ္တားပုဒ်သည် လက္ခဏကြိယာ၌ စပ်ရင်းစပ်ရသော် လက္ခဏဝန္တအဖြစ်ဖြင့် မစပ်ရ၊ လက္ခဏဝန္တကြိယာတစ်ခုတည်း၌ လက္ခဏဝန္တကတ္တားပုဒ်သည် လက္ခဏကံပုဒ် နှင့်ပြိုင်၍ မဖြစ်နိုင်သောကြောင့်တည်း။

"လက္ခဏာ၌၊ ဆိုက်ရောက်လေပြီး၊ကံ ကတ္တား၊ မှတ်သား လက္ခ ဏာဝန္တ" ဟုနိယံဆရာဆိုခြင်းသည် လက္ခဏဝန္တကတ္တား၊ ကံအားဖြင့် နှစ်မျိုးရှိသည်ကိုသာ ပြသည်။လက္ခဏကြိယာတစ်ခုတည်း၌ လက္ခဏဝန္တကတ္တား လက္ခဏဝန္တ ကံရှိရမည်ဟု ဆိုသည်မဟုတ်။(ဗုဒ္ဓေါ ဂါမံ အာဂတေ မနုဿာ ဝန္ဒန္တိ)ဟူသော ဒုတိယပြယုဂ်၌ အာဂတေဟူသော လက္ခဏကြိယာသည် ကတ္တားဟော၌ဖြစ်သောကြောင့် ဗုဒ္ဓေါဟူသော ကတ္တားသည်သာလျှင် လက္ခဏဝန္တဖြစ်သင့်၏။ ဂါမံဟူသောပုဒ်၌ လက္ခဏဝန္တကံတို့ မဖြစ်သင့်။

တစ်နည်းအားဖြင့် လက္ခဏဝန္တပုဒ်ဆိုသည်မှာ လက္ခဏကြိယာနှင့် ဝိဘတ်တူရမည်။လက္ခဏကြိယာနှင့်ဝိဘတ်မတူပါက လက္ခဏဝန္တမဖြစ်နိုင်၊ လက္ခကြိယာရှိသောပုဒ်–လက္ခကြိယာ၏တည်ရာဖြစ်သောပုဒ်သည် လက္ခဝန္တမည်၏။ ဝစနတ္ထကား–လက္ခံ ဧတဿာ ဒံ့တ္ထီတိ လက္ခဝန္တံ။(အနက်ကား)ဧတဿ ပဒဿ–ထိုမနုဿဟူသောပုဒ်အား၊ လက္ခံ–မှတ်အပ်သော အိပ်ခြင်းဟုဆိုအပ်သော လက္ခကြိယာသည်၊ အတ္ထိ–ရှိ၏။ဣတိ တသ္မာ–ထို့ကြောင့်၊ ဧတဿာတိပဒေန–ဧတဿဟူသောပုဒ်ဖြင့်၊ နိဒ္ဒိဋ္ဌံ–ညွှန်ပြအပ်သော၊ တံ ပဒံ–ထိုပုဒ်သည်၊ လက္ခဝန္တံ–လက္ခဝန္တမည်၏။

**လက္ခဝဏ္ဏကံ ကတ္တား(၂)ပါးအထူးကား**

လက္ခကြိယာသည် ကတ္တားဟောဖြစ်အံ့ လက္ခဝဏ္ဏသည်လည်း ကတ္တား နေရ၏။ပြယုဂ်ကား–သူရိယေ အတ္ထင်္ဂတေ မနုဿာ သယန္တိဟူသည်တည်း။

လက္ခကြိယာသည် ကံဟောဖြစ်အံ့ လက္ခဝဏ္ဏသည်လည်း ကံနေရ၏။ ပြယုဂ်ကား–ကိစ္စေန ဩဒနော ပစ္စတေဟူသည်တည်း။

"လက္ခဏ္ဍသာ၊ ဆိုက်ပါတုံငြား၊ ကံ ကတ္တား၊ ထူးခြား လက္ခဝဏ္ဏ"ဆိုရာ၌ လည်း လက္ခကြိယာတစ်ခုတည်း၌ လက္ခဝဏ္ဏကတ္တား လက္ခဝဏ္ဏကံ ပြိုင်၍မဖြစ်နိုင် နှစ်မျိုးရှိသည်ကိုသာ ပြသည်ဟုမှတ်။လက္ခဏာဝဏ္ဏ လက္ခဏာ၊ လက္ခဝဏ္ဏ လက္ခအ ဆုံးရှိသော နိယံ(၃)ပုဒ်ပြီး၏။

# အာလုပ်စပ်နည်း

နိယံ–"အို ဟယ် အချင်း၊ အမင်း အမောင်၊ အနက်ဆောင်၊ နားထောင် အာလပန"

ဟူသောနိယံအဖြေကား အိုဟူသောအနက် ဟယ်ဟူသောအနက် အ ချင်း–ဟူသောအနက် အမင်းဟူသောအနက် အမောင်ဟူသောအနက် ပေးပါက အာလုပ်ဟု နိယံဆရာဆိုခြင်းသည် ဥပလက္ခဏာ၊ နိဒဿနနည်းမျှ ဆိုသည်ဟု မှတ်၊ စင်စစ်အားဖြင့် အို ဟယ် အချင်း အမင်း အမောင် မပါသော်လည်း အာ လုပ်အနက်ဖြစ်နိုင်၏။

ပြယုဂ်ကား–သာရိပုတ္တ မောဂ္ဂလာန ကဿပ–ဟူသည်တည်း။အနက် ကား–သာရိပုတ္တ–သာရိပုတ္တရာ၊ မောဂ္ဂလာန–မောဂ္ဂလာန်၊ ကဿပ–ကဿပ။ လိုရင်ကား–အို ဟယ် အချင်း အမင်း အမောင် ပါသည်ဖြစ်စေ–မပါသည်ဖြစ်စေ သည်'ကား ကို'သို့စသော ဝိဘတ်မပါပဲ တုံးတိတိအနက်ပေးသောပုဒ်မျိုးသည် အာလုပ်ဟုမှတ်လေ။

တစ်နည်း–ရှေးရှုခေါ်ဝေါ်ခြင်းမျှသည် အာလုပ်မည်၏။ထို့ကြောင့် သဒ္ဒါ တတ်ဆရာတို့သည် "အဘိမုခံ ကတွာ လပနံ အာလပနံ "ဟုဆိုကြ၏။

**အာလုပ်နေရာ၌ မာဂဓအသုံးအနှုန်းကား**

(၁) မိမိသည် အလေးအမြတ်ပြုအပ်သောပုဂ္ဂိုလ်တို့ကို ခေါ်ဝေါ်ရာ၌ "ဘော"ဟူ၍လည်းကောင်း၊ "ဘန္တေ"ဟုလည်းကောင်း ဤသို့မာဂဓဘာသာတို့ဖြင့် ခေါ်ဝေါ်သုံးစွဲခြင်းကို ပြုရာ၏။

(၂) မိမိနှင့်ချစ်ခင်နှစ်သက်သော ဒဋ္ဌမိတ္တများကို ခေါ်ဝေါ်ရာ၌ "ဟေ ဟေ" ဟူ၍လည်းကောင်း၊ "ဟာ ဟာ"ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲရာ၏။

(၃) မိမိအောက် ယုတ်ညံ့သောပုဂ္ဂိုလ်တို့ကို ခေါ်ဝေါ်ရာ၌ "ရေ"ဟူ၍ လည်းကောင်း၊ "အရေ"ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲရာ၏။

ထို့ကြောင့် "ဘော ဘောတိ ဂရုကံ ဧ ယျုံ၊ ဟာ ဟာတိ ပိယဝစနံ၊ ရေ အရေ အနာဒရေစေဝ၊ တိဝိဓံ တဿ လက္ခဏံ"ဟုမိန့်ဆိုကြ၏။

ကစ္စည်းအဋ္ဌကထာ၌ "သုဏာတု မေ ဘန္တေ"တွင် ဘန္တေ–ဆိုသည် ချစ်ခင်၍ ခေါ်ဝေါ်ပြောဆိုရာ၌ဖြစ်သော အာလုပ်ဟုဆိုကြသေး၏။ "ဘော ဘန္တေ၊ ရေ အရေ၊ ဟေ ဟေအစရှိသည်ပါမှ အာလုပ်ဖြစ်သည်မဟုတ်၊ စင်စစ်အားဖြင့် ဘော ဘန္တေ၊ ရေ အရေ၊ ဟေ ဟေတို့သည် အာလုပ်ထင်ရှားအောင်သာ ဘဂ္ဂဝါအစရှိသော ပုဒ်များနှင့်တွဲ၍ ခေါ်ဝေါ်ဆိုသည်မှတ်၊ မပါသော်လည်း ဖြစ်နိုင်၏ဟုမှတ်။ (အို ဟယ် အချင်း၊ ----အာလပန၊ နိယံပြီး၏။)

နိယံ–"အာလုပ်အနက်မှတ်၊ ကြိယာမှာစပ်၊ ဖြစ်လတ်ကြိယာဝိသေသ်"

အထက်နိယံပုဒ်၏ ဆိုလိုရင်းအဓိပ္ပါယ်–အာလုပ်အနက်တို့မည်သည် ကြိယာမှာသာ စပ်ရမည်၊ စပ်သောအခါ ကြိယာဝိသေသန–ဝိသေသျဆို၍ စပ်ပါ။

ပြယုဂ်ကား–"အာယတိံ ဘန္တေ သံဝရေယျာထ"အနက်ကား–ဘန္တေ– အရှင်ဘုရား၊ အာယတိံ–နောင်အခါ၌၊ သံဝရေယျာထ–ကောင်းစွာစောင့်စည်း တော်မူကြပါကုန်လော့။

စာစပ်ပုံကား–အာယတိံကား ၌ဟု–ကြောင့်၊ သံဝရေယျာထ၌ အာဓာရ၊ အာဓာရ၏ကြိယာစပ်။ဘန္တေကား အရှင်ဘုရားတို့ဟု–ကြောင့်၊ သံဝရေယျာထ၌ ကြိယာဝိသေသန၊ ဝိသေသျစပ်။

**မှတ်ချက်**–အာလုပ်ပုဒ်တို့သည် ကြိယာမှာစပ်ရမည်ဟု နိယံဆရာဆို၏။ အရပ်ရပ်သော သဒ္ဒါကျမ်းတို့မှာကား အာလုပ်ပုဒ်တို့သည် ကြိယာနှင့်မစပ်ရသောကြောင့် ဗဟိဒ္ဓကြိယာဝိသေသနမည်၏–ဟုဆိုကြ၏။သဒ္ဒနီတိမှာကား–ကြိယာစပ်ကောင်းသည်ဟု ကြားရဖူး၏။တွေ့ကား မတွေ့ဖူးပေ။ဤနေရာ၌ အရပ်ရပ်ဆရာကြီးများသည် ၄င်းနိယံဝါဒကို မနှစ်သက်ကြပေ။အာလုပ်နေရာ၌ အသက်ရှိသော အာလုပ်ဖြစ်က သဇီဝအာလုပ်ပုဒ်တည်း–ဟုဆိုရမည်။အသက်မရှိသော အာလုပ်ဖြစ်က နိဇ္ဇီဝအာလုပ်ပုဒ်တည်း–ဟု ဆိုရမည်။ဘယ်မှာမှ မစပ်ရ။

(အာလုပ်အနက်မှတ်––ကြိယာဝိသေသ်–ဟူသောနိယံပြီး၏)

# ကြိယာဝိသေသနစပ်နည်း

"လျောက် လျက် စွာပေး၊ သဖြင့်ပေး၊ စပ်ရေး ကြိယာဝိသေသ်"။

၄င်းနိယံအဓိပ္ပါယ်ကား–မြန်မာလို လျောက်ဟူ၍လည်းကောင်း၊ လျက်ဟူ၍လည်းကောင်း၊ စွာဟူ၍လည်းကောင်း အနက်ပေးမူ နောက်ကြိယာမှာကြိယာဝိသေသန စပ်ရမည်ဟူလို။ကြိယာပုဒ်သည် သာမညဖြစ်၍ အထူးပြုတတ်သောပုဒ်မျိုးသည် ကြိယာဝိသေသနမည်၏။

(က) လျောက်ပေးရာ၌ ပြယုဂ်ကား–"ပုရိသော ဘာရံ ယထာဗလံ ဝဟတိ"ဟူသည်တည်း။အနက်–ပုရိသော–ယောကျ်ားသည်၊ ဘာရံ–ဝန်ကို၊ ယထာဗလံ–အားအစွမ်းရှိသလောက်(ဝါ)အားအစွမ်းရှိသည့်အလျောက်၊ ဝဟတိ–ရွက်ဆောင်၏။

စာစပ်ကား–ပုရိသော–သည်။ဘာရံ–ကို (လွယ်)။ယထာဗလံကား အလျောက်ဟုအနက်ပေးသောကြောင့်၊ ဝဟတိ၌ ကြိယာဝိသေသန၊ ဝဟတိကား ကြိယာဝိသေသျ။(ဤကား အလျောက်၏ ပုံစံတည်း)(တက်ထွက်လွယ်ပြီ)

(ခ) လျက်ပေးရာ၌ ပြယုဂ်ကား–"ဘိက္ခု သမာနောပိ ပါပံ ကရောတိ"။ အနက်ပေးပုံ–ဘိက္ခု–ရဟန်းသည်၊ သမာနောပိ–သိလျက်လည်း၊ ပါပံ–မကောင်းမှုကို၊ ကရောတိ–ပြု၏။

စာစပ်ကား–ဘိက္ခုကား ကရောတိ၌စပ်မြဲ။အပိသဒ္ဒါကား သမ္ဘာဝနာဇောတကနိပါတ်ပုဒ်တည်း။သမာနောကား လျက်ဟုအနက်ပေးသောကြောင့်၊ ကရောတိ၌ ကြိယာဝိသေသန၊ ဝိသေသျစပ်။ပါပံကား ကရောတိ၌ စပ်မြဲ။

(ဂ) စွာပေးရာ၌ ပြယုဂ်ကား "ဘိက္ခု သုခံ သေတိ"။အနက်ကား ဘိက္ခု–ရဟန်းသည်၊ သုခံ–ချမ်းသာစွာ–ကောင်းစွာ၊ သေတိ–အိပ်၏။

စာစပ်ကား–ဘိက္ခုကား သေတိ၌စပ်။သုခံကား စွာဟု–ကြောင့်၊ သေတိ၌ ကြိယာဝိသေသန၊ သေတိကား ကြိယာဝိသေသျစပ်(တက်ထွက်လွယ်ပြီ)

(ဃ) သဖြင့်ပေးရာ၌ ပြယုဂ်ကား " ဘိက္ခု အသတိယာ ကရောတိ"။ အနက်–ဘိက္ခု–သည်၊ အသတိယာ–သတိမေ့လျော့သဖြင့်၊ ကရောတိ–ပြု၏။

စာစပ်ပုံကား ဘိက္ခုကား ကရောတိ၌စပ်။အသတိယာကား သဖြင့်ဟုအနက်ပေးသောကြောင့် ကရောတိ၌ ကြိယာဝိသေသန၊ ကရောတိကား ကြိယာဝိသေသျစပ်။(ထွက်တက်လွယ်ပြီ)

ဝိသေသနပုဒ်သည် ဝိသေသျပုဒ်ကို အထူးပြုတတ်၏။ဝစနတ္ထကား ဝိသေသေတီတိ ဝိသေသနံ။ယံ ပဒံ–အကြင်သုခံဟူသောပုဒ်သည်၊ ဝိသေသေတိ–တူသောပုဒ်ကို အထူးပြုတတ်၏၊ ဣတိ တသ္မာ–ထို့ကြောင့်၊ ယံတိ ပဒေန–ယံဟူသောပုဒ်ဖြင့်၊ နိဒ္ဒိဋ္ဌ–ညွှန်ပြအပ်သော၊ တံ ပဒံ–ထိုပုဒ်သည်၊ ဝိသေသနံ–ဝိသေသနမည်၏။

တစ်နည်း ကာရဏာကြံသော် " ဝိသေသေတိ ဝိသေသိတဗ္ဗံ အနေနာတိ ဝိသေသနံ။အနက်ကား–အနေန–ဤသုခံဟူသောပုဒ်ဖြင့်၊ ဝိသေသိတဗ္ဗံ–အထူးပြုအပ်သော သေတိဟူသော ဝိသေသျကို၊ ဝိသေသေတိ–အထူးပြုတတ်၏၊ ဣတိ တသ္မာ–ထိုသို့အထူးပြုတတ်သော သတ္တိကြောင့်၊ အနေနာတိ ပဒေန–အနေနဟူသောပုဒ်ဖြင့်၊ နိဒ္ဒိဋ္ဌ–ညွှန်ပြအပ်သော၊ တံ ပဒံ–ထိုပုဒ်သည်၊ ဝိသေသနံ–ဝိသေသနပုဒ်မည်၏။

**အထူးပြုပုံမှာ**––သေတိ–အိပ်၏ဟုဆိုရာ၌ အိပ်ခြင်းသည် ချမ်းချမ်းသာသာအိပ်ခြင်း ဆင်းဆင်းရဲရဲအိပ်ခြင်းအားဖြင့် နှစ်မျိုးရှိ၏။သာမညဖြစ်၍နေ

သည်ကို သုခံဟူသောပုဒ်က ချမ်းသာစွာဟုဆိုခြင်းကြောင့် ဆင်းရဲစွာအိပ်ခြင်းဟူသော အနက်ကို မြစ်သည်ကို အထူးပြုသည်ဟုဆိုလိုသည်။

(လျောက်လျက်စွာပေး နိယံပြီး)

နိယံ–"အားဖြင့်ပေးလတ်၊ ကာရကမှာစပ်၊ မှတ်လေ ကြိယာဝိသေသ်"

ဟူသောနိယံပြယုဂ်ကား "ဂေါတ္တေန ဂေါတမံ ဝန္ဒတိ"တည်း။အနက်–ဂေါတ္တေန–အနွယ်အားဖြင့်၊ ဂေါတမံ–ဂေါတမအမည်ရှိတော်မူသော မြတ်စွာဘုရားကို၊ ဝန္ဒတိ–ရှိခိုးပါ၏။

စာစပ်ပုံကား–ဂေါတ္တေနကား အားဖြင့်ဟု–ကြောင့်၊ ဂေါတမံ၌ ဘိန္နာဓိကရဏဝိသေသန၊ ဂေါတမံကား ဘိန္နာဓိကရဏဝိသေသျ။ဂေါတမံကား ဝန္ဒတိ၌ စပ်မြဲ။(ထွက်တက်လွယ်ပြီ)

++ကာရကကိုအထူးပြုတတ်သော ဝိသေသနသည် ကာရကဝိသေသနမည်၏။

++ကြိယာကိုအထူးပြုတတ်သော ဝိသေသေနသည် ကြိယာဝိသေသနမည်၏။

++ကြိယာကိုစပ်ရသော ဝိသေသနသည် ကြိယာဝိသေသနမည်၏။

(အားဖြင့်ပေးလတ်––ဝိသေသ်–ဟူသော နိယံပြီး၏)

နိယံ––" အားဖြင့်ပေးလတ်၊ အကာရကမှာစပ်၊ မှတ်လေ အကာရက ဝိသေသ်"

၄င်းနိယံအရ ပြယုဂ်ကား ဂေါတ္တေန ဂေါတမဿ စီဝရံ"တည်း။အနက်ကား– ဂေါတ္တေန–အနွယ်တော်အားဖြင့်၊ ဂေါတမဿ–ဂေါတမအမည်ရှိသော မြတ်စွာဘုရား၏၊ စီဝရံ–သင်္ကန်းတည်း။

စာစပ်ပုံကား–ဂေါတ္တေနကား အားဖြင့်ဟု–ကြောင့်၊ ဂေါတမဿ၌ ဘိန္နာဓိကရဏဝိသေသနစပ်မြဲ။ဂေါတမဿကား ၏ဟု–ကြောင့်၊ စီဝရံ၌ သမ္ဗန်၊ စီဝရံကား သမ္ဗန္ဓီ။

အကာရကကို အထူးပြုတတ်သောဝိသေသနသည် အကာရကဝိသေသနမည်၏။(တစ်နည်း)အကာရကမှာစပ်ရသော ဝိသေသနသည် အကာရက

ဝိသေသသနမည်၏။ (အားဖြင့်ပေးလတ်၊ (လ) နိယံပြီး၏)

နိယံ"အားဖြင့်ပေးလတ်၊ ကြိယာမှာစပ်၊ မှတ်လေကြိယာဝိသေသ်"

ငှင်းနိယံအဖြေပြယုဂ်ကား–" ဝေဂေန ဂစ္ဆတိ"ဟူသည်တည်း။အနက်–ဝေဂေန–လျှင် သောအဟုန်အားဖြင့်၊ ဂစ္ဆတိ–သွား၏။

စာစပ်ပုံကား ဝေဂေနကား အားဖြင့်ဟု–ကြောင့်၊ ဂစ္ဆတိ၌ ကြိယာဝိသေသနစပ်။(တစ်နည်း)"ယေဘုယျေန အဝစရတိ"ဟူသည်တည်း။အနက်–ယေဘုယျေန–များသောအားဖြင့်၊ အဝစရတိ–ကျင်လည်တတ် ဖြစ်တတ်၏။(စာစပ်လွယ်)။

(တစ်နည်း)" ဗုဒ္ဓေါ သုခဒါယကောတိ ဣမိနာ အာကာရေန ဗုဒ္ဓံ သဒ္ဒဟတိ"ဟူသည်တည်း။အနက်–ဗုဒ္ဓေါ–မြတ်စွာဘုရားသည်၊ သုခဒါယကော–ချမ်းသာ ကိုပေးတတ်၏၊ ဣတိ ဣမိနာ အာကာရေန–ဤသို့သော အခြင်းအရာ အားဖြင့်၊ ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ သဒ္ဒဟတိ–ယုံကြည်၏။

စာစပ်ပုံကား–ဗုဒ္ဓေါကား သည်ဟု–ကြောင့် သုခဒါယကော၌ တုလျတ်၊ သုခဒါယကောကား လိင်္ဂတ်။ဤနေရာ၌ မာတ်ပစ္စည်းဖော်၍လည်း စပ်နိုင်၏။ ဣတိ ဣမိနာ အာကာရေနကား အားဖြင့်ဟု–ကြောင့်၊ သဒ္ဒဟတိ၌ ကြိယာဝိသေသန၊ ကြိယာဝိသေသျစပ်။ဗုဒ္ဓံကား ကိုဟု–ကြောင့်၊ သဒ္ဒဟတိ၌ ဒါမာတ် တိဝိဘတ်စပ်လေ။(အားဖြင့်ပေးလတ်၊ ---ဝိသေသ်ဟူသော နိယံပြီး၏)

နိယံ–-"အားဖြင့်ပေးရာ၊ ကြိယာဝိသေ၊ တစ်ထွေဝိသေသ်၊ ရတုံလုစ်၊ စပ်ဖြစ် အဘိန္နဝိသေသ်"။

ငှင်းနိယံအဖြေကား–-အားဖြင့်ပေး၍ ကြိယာစပ်ရသော ကြိယာ ဝိသေသနမျိုးကို အဘိန္နကြိယာဝိသေသန၊ အဘိန္နကြိယာဝိသေသျ၊ ဆို၍စပ်။ယခု အခါ၌ စပ်ရိုးမပြုကြ။

ပြယုဂ်ကား" ဝေဂေန ဂစ္ဆတိ"တည်း။စာစပ်ပုံကား–ဝေဂေနကား အားဖြင့်ဟု–ကြောင့်၊ ဂစ္ဆတိ၌ အဘိန္နကြိယာဝိသေသန၊ ဂစ္ဆတိကား ဝိသေသျစပ်။

နိယံဆရာ၏ အာဘော်မှာ ဤကဲ့သို့ စပ်စေလိုသည်။အဘိန္နကြိယာဝိသေသနဆိုသည်မှာ အဘိန္နကြိယာပုဒ်နှင့် အရမပြားပဲ အရတူ၍ ကြိယာကို အထူးပြုတတ်သောပုဒ်ကို အဘိန္နကြိယာဝိသေသနဆိုသည်။

အရတူပုံကား သွားခြင်းကြိယာနှင့် လျှင်မြန်ခြင်းသည် ဒြပ်မပြားကြပဲ သွားခြင်းသည်သာလျှင် လျှင်မြန်ခြင်း၊ လျှင်မြန်ခြင်းသည်သာလျှင် သွားခြင်းတည်း။ဤသို့ အရမပြားသည်ကို အရတူသည်ဟုဆို၏။(ငှင်းနိယံပြီး၏)

## အစ္စန္တသံယောဂစပ်နည်း

"ပတ်လုံး တိုင်တိုင်၊ တိုင်အောင် တိုင်လောက်၊ အနက်ကောက်၊ မှတ်လောက် အစ္စန္တ"

ဟူသောနိယံ၌ အစ္စန္တသံယောဂသည်--

(၁) ကာလအစ္စန္တသံယောဂ

(၂) အဒ္ဓအစ္စန္တသံယောဂ-ဟူ၍ (၂)မျိုးရှိ၏။

ထို(၂)မျိုးတို့တွင် ကာလအစ္စန္တသံယောဂမှာ ပတ်လုံးဟူ၍လည်းကောင်း၊ တိုင်တိုင်ဟူ၍လည်းကောင်း၊ တိုင်အောင်ဟူ၍လည်းကောင်း၊ တိုင်လောက်ဟူ၍လည်းကောင်း အနက်ပေးရာ၌ တိုင်တိုင် တိုင်အောင် တိုင်လောက်တို့မှာ အထူးမရှိ။မြန်မာဝေါဟာရတို့တည်း။

ထိုကာလအစ္စန္တသံယောဂ၊ အဒ္ဓအစ္စန္တသံယောဂတို့မှာလည်း တစ်မျိုးမျိုး၌ (၁) ဒဗ္ဗအစ္စန္တသံယောဂ

(၂) ဂုဏအစ္စန္တသံယောဂ

(၃) ကြိယာအစ္စန္တသံယောဂ-ဟူ၍(၃)ပါးအပြားရှိပြန်၏။

ထို(၃)ပါးတို့တွင် ကာလဒဗ္ဗအစ္စန္တသံယောဂ၏ ပြယုဂ်ကား" မာသံ မံသောဒနံ ဘုဥ္ဇတိ"တည်း။အနက်-မာသံ-တစ်လပတ်လုံး၊ မံသောဒနံ-သားပြွမ်းထမင်းကို၊ ဘုဥ္ဇတိ-စား၏။

စာစပ်သောအခါ ဒဗ္ဗအစ္စန္တသံယောဂမှာ ဒြပ်ပုဒ်၌သာ စပ်ရသည်။ဂုဏ

အစ္စန္တသံယောဂမှာ ဂုဏ်ပုဒ်၌သာ စပ်ရမည်။ကြိယာအစ္စန္တသံယောဂမှာ ကြိယာပုဒ်၌သာ စပ်ရမည်။(ဤကား ဆရာတော်ဦးကေသရဝါဒတည်း။အချို့အချို့သော ဆရာတော်ကြီးများသည် အစ္စန္တသံယောဂအရာ၌ ဘယ်အစ္စန္တသံယောဂဖြစ်ဖြစ် ကြိယာ၌သာ စပ်ရမည်ဟုဆိုကြကုန်၏။မိမိဉာဏ်ဖြင့်သာ စူးစမ်းဆင်ခြင်၍ ယူကြပေတော့။

**ဂုဏကာလအစ္စန္တသံယောဂပြယုဂ်ကား**–"သရဒံ ရမဏီယာ နဒီ"တည်း အနက်–သရဒံ–သရဒဥတုပတ်လုံး၊ နဒီ–မြစ်သည်၊ ရမဏီယာ–မွေ့လျော်ဖွယ် ရှိ၏။

စာစပ်ပုံကား–သရဒံကား ပတ်လုံးဟု–ကြောင့်၊ ရမဏီယာ၌ အစ္စန္တသံယောဂ၊ ရမဏီယာကား အစ္စန္တသံယောဂဝန္တ။နဒီကား သည်ဟု–ကြောင့်၊ ရမဏီယာ–၌ တုလျတ်၊ ရမဏီယာကား လိင်္ဂတ်။

တုလျတ် လိင်္ဂတ်အစပ်မျိုး၌ တုလျတ် လိင်္ဂတ်ဟူ၍လည်းကောင်း၊ တုလျတ် တုလျတ်ဟူ၍လည်းကောင်း၊ လိင်္ဂတ် လိင်္ဂတ်ဟူ၍လည်းကောင်း စပ်ကောင်း၏။ယခုအခါ၌ " ကြိယာမသတ်၊ ကတ္တုချင်းချင်း၊ စပ်တုံလျင်းက၊ တုလျတ် လိင်္ဂတ်၊ ဆို၍စပ်"ဟူသောနိယံအတိုင်း တုလျတ် လိင်္ဂတ်ဆို၍သာ စပ်ဆိုကြ၏။

တုလျတ်သဒ္ဒါသည် အထူးကိုဟော၏။လိင်္ဂတ်သဒ္ဒါသည်လည်း ဤနေရာ၌ အထူးကိုဟော၏။သို့အတွက်ကြောင့် ဘယ်လိုဆို၍စပ်စပ် သင့်၏။ နိယံဆရာကား ဥပလက္ခဏ၊ နိဒဿနနည်းမျှသာ ဆိုသည်ဟုမှတ်။

**ကြိယာကာလအစ္စန္တသံယောဂပြယုဂ်ကား**–" မာသံ သဇ္ဈာယတိ" တည်း။အနက်–မာသံ–တစ်လပတ်လုံး၊ သဇ္ဈာယတိ–သရဇ္ဈာယ်၏။

**ဒဗ္ဗအဒ္ဓအစ္စန္တသံယောဂပြယုဂ်ကား**–" ယောဇနံ ဝနရာဇိ"တည်း။ အနက်–ယောဇနံ–တစ်ယူဇနာတိုင်တိုင်၊ ဝနရာဇိ–တောအရေးတည်း။

**ဂုဏအဒ္ဓအစ္စန္တသံယောဂပြယုဂ်ကား**" ယောဇနံ ဒီဃော ပဗ္ဗတော" တည်း။အနက်–ပဗ္ဗတော–တောင်သည်၊ ယောဇနံ–တစ်ယူဇနာတိုင်တိုင်၊ ဒီဃော–

ရှည်၏။

**ကြိယာအဒ္ဒအစ္စန္တသံယောဂပြယုဂ်ကား** "ကောသံ သဇ္ဈာယတိ"တည်း။
အနက်-ကောသံ-တစ်ကောသတိုင်တိုင်၊ သဇ္ဈာယတိ-သရဇ္ဈာယ်၏။

(က) ဒြပ်နှင့်မပြတ်ယှဉ်ခြင်းသည် ဒဗ္ဗအစ္စန္တသံယောဂ။

(ခ) ဂုဏ်နှင့်မပြတ်ယှဉ်ခြင်းသည် ဂုဏအစ္စန္တသံယောဂ။

(ဂ) ကြိယာ၌ မပြတ်ယှဉ်ခြင်းသည် ကြိယာအစ္စန္တသံယောဂ။

ဂုဏ် ဒြပ် ကြိယာ၌ မပြတ်ယှဉ်ခြင်းကို အစ္စန္တသံယောဂဆိုသည်မှာ ယေဘုယျဟုမှတ်။အပ္ပကအားဖြင့် ဒြပ်ဂုဏ်ကြိယာတို့၌ မပြတ်ယှဉ်ရာ၌လည်း အစ္စန္တသံယောဂမည်သေး၏။ပြယုဂ်ကို ဝတ်ခန်း၌ ကြည့်လေ။

(ပတ်လုံးတိုင်တိုင်နိယံပြီး၏)

## သဟတ္ထ-သဟာဒိယောဂစပ်နည်း

နိယံ "သဒ္ဓိ သဟ၊ စသည်မယှဉ်၊ နှင့်ပေးလျှင်၊ မှတ်ချင်သဟတ္ထ"

၄င်းနိယံ ၏အဓိပ္ပါယ်မှာ သဒ္ဓိသဒ္ဒါ သဟသဒ္ဒါစသည်တို့နှင့် မယှဉ် ပါပဲလျက်နှင့် တကွဟူသောအနက်ပေးပါက သဟတ္ထဟုဆို၏မှတ်။

နိယံဆရာက နှင့်ပေးလျှင်ဟုဆိုသည်မှာ ယေဘုယျ-များသောအားဖြင့် နှင့်ပေးရာ၌ တကွဟူသောအနက်မျိုးပါရသောကြောင့်သာ ဆိုသည်။ဆိုလိုရင်း အဓိပ္ပါယ်မှာ နှင့်တကွပေးလျှင်ဟူလို။သဒ္ဓိ သဟစသည်တို့နှင့် မယှဉ်မူ၍ နှင့်တကွပေးရာ၌ နောက်ကြိယာမှာ သဟတ္ထ၊ သဟယောဂဆို၍ မစပ်ရ။ကြိယာဝိသေသန၊ ကြိယာဝိသေသျဆို၍ စပ်ရာ၏။

ပြယုဂ်ကား "ဒေဝဒတ္တော ကောကာလိကေန ဂစ္ဆတိ"တည်း။
အနက်-ဒေဝဒတ္တော-ဒေဝဒတ်သည်၊ ကောကာလိကေန-ကောကာလိကနှင့်၊ ဂစ္ဆတိ-သွား၏။

စာစပ်ပုံကား-ဒေဝဒတ္တောကား သည်ဟု-ကြောင့်၊ ဂစ္ဆတိ၌ ကတ္တား စပ်မြဲ။ကောကာလိကေနကား နှင့်ဟု-ကြောင့်၊ ဂစ္ဆတိ၌ ကြိယာဝိသေသန-ကြိယာ

ဝိသေသျစပ်။

နိယံ" သဟယုဉ်ကာ၊ နှင့်ပေးရာ၊ မှတ်ပါ သဟယောဂ"

၄င်းနိယံအဓိပ္ပါယ်မှာ သဟသဒ္ဒါနှင့်ယှဉ်ပြီး နှင့်ပေးက သဟယောဂဆိုရ၏။စာစပ်သောအခါ သဟယောဂ၊ သဟယောဂဝန္တဆိုရာ၏။

ပြယုဂ်ကား–" သဟာပိ ဂဏ္ဌေန သံဃော ဥပေါသထံ ကရေယျ"တည်း။အနက်–သံဃော–သံဃာသည်၊ ဂဏ္ဌေန–အရှုံးဂဏရဟန်းနှင့်၊ သဟာပိ–တကွလည်း၊ ဥပေါသထံ–ဥပုသ်ကို၊ ကရေယျ–ပြုရာ၏။

စာစပ်ပုံကား–သံဃောကား ကရေယျ၌စပ်။ဂဏ္ဌေနကား သဟ၌ သဟယောဂ၊သဟာယောဂဝန္တစပ်။အပိသဒ္ဒါကား သမ္ပိဏ္ဍနတ္ထဇောတကနိပါတ်ပုဒ်တည်း။သဟကား တကွဟု–ကြောင့် ကရေယျ၌ ကြိယာဝိသေသနံ၊ ကြိယာဝိသေသျစပ်။ဥပေါသထံကား ကရေယျ၌စပ်။

နိယံ" သဒ္ဒိံ နာနာ၊ သမံပါငြား၊ နှင့်ဟုကြား၊ မှတ်သား သဟာဒိယောဂ"

၄င်းနိယံပုဒ်အဓိပ္ပါယ်မှာ နာနာပုဒ်၊ သယံပုဒ်များနှင့်စပ်ပါက သဟာဒိယောဂစပ်ရာ၏။ထိုနိယံသည် ဥပလက္ခဏာ ယောဘုယျနည်းဟုမှတ်။နှင့်ပေးပြီး သကာလ သဟပုဒ် မပါသောပုဒ်တို့ကို စပ်ပါ။

(က) အဘယ်ပုဒ်များကို စပ်ရမည်နည်း၊ ဤသို့မေးဖွယ်ရှိသောကြောင့် သဟာဒိယောဂဆို၍စပ်ရမည်။

ပြယုဂ်ကား "ဘဂဝါ ဘိက္ခုသံဃေန သဒ္ဓိံ "တည်း။အနက်–ဘဂဝါ–မြတ်စွာဘုရားသည်၊ ဘိက္ခုသံဃေန–ရဟန်းသံဃာနှင့်၊ သဒ္ဓိံ–တကွ။

စာစပ်ပုံကား–လိုရင်းပုဒ်သာစပ်မည်။ဘိက္ခုသံဃေနကား နှင့်ဟု–ကြောင့်၊ သဒ္ဓိံ၌ သဟာဒိယောဂ၊ သဒ္ဓိံကား သဟာဒိယောဂဝန္တ။

## သမ္ဗန်–ဟိတ်စာစပ်နည်း

နိယံ" ၏ပေးကမူ၊ သမ္ဗန်ဟူ၊ ကြောင့်မူ ဟေတွတ္တ"

၄င်းနိယံအဓိပ္ပါယ်မှာ မြန်မာလို ၏–ဟူ၍အနက်ပေးပါက သမ္ဗန်။ ကြောင့်–ပေးပါက ဟိတ်ဟုမှတ်ပါ။ စာစပ်သောအခါ သမ္ဗန်–သမ္ဗန္ဓီ၊ ဟိတ်–ဟိတ်၏ဖိုလ်စပ်ရာ၏။

၏ပေးရာ၌ ပြယုဂ်ကား "ဘိက္ခု ဗုဒ္ဓဿ စီဝရံ ဂဏှာတိ"တည်း။ အနက်–ဘိက္ခု–ရဟန်းသည်၊ ဗုဒ္ဓဿ–မြတ်စွာဘုရား၏၊ စီဝရံ–သင်္ကန်းကို၊ ဂဏှာတိ–ယူ၏။

စာစပ်ပုံ ဘိက္ခုကား သည်ဟု–ကြောင့်၊ ဂဏှာတိ၌စပ်မြဲ။ဗုဒ္ဓဿကား ၏ဟု–ကြောင့်၊ စီဝရံ၌ သမ္ဗန်၊ စီဝရံကား သမ္ဗန္ဓီ။စီဝရံကား ကိုဟု–ကြောင့် ဂဏှာတိ ၌စပ်မြဲ။

(**မှတ်ချက်**)သောတုဇနေ စာသင်ငယ်တို့ စာစပ်အတွက် လိမ္မာ ကျွမ်းကျင်စေခြင်းငှါ ကတ္တားကံကြိယာပုဒ်များကို ထည့်၍ရေးလိုက်၏။၄င်းသမ္ဗန်ပုဒ်များသည် ကြိယာမှာ မစပ်ရ။အနည်းဖြစ်သော ကာရကပုဒ်များ၌သာ စပ်ရ၏။ ထိုသို့ပင် စပ်သော်လည်း မိမိစပ်ရာ ကာရကပုဒ်များက ကြိယာမှာစပ်ရသောကြောင့် (ဥပမာ) သဘော်သွားရာ တွဲပါသကဲ့သို့ ထို့အတူ မိမိသမ္ဗန်ပုဒ်၏စပ်ရာ ကာရကများက ကြိယာနှင့်တွဲစပ်လေသောကြောင့် မိမိလည်း ပါရတော့သည်။ (ဤကား အမှာစကားတည်း)

ကြောင့်ပေးရာ၌ ပြယုဂ်ကား" ဘိက္ခု ဘိက္ခာယ ဝသတိ"တည်း။အနက်– ဘိက္ခု–ရဟန်းသည်၊ ဘိက္ခာယ–ဆွမ်းကြောင့်၊ ဝသတိ–နေ၏။

စာစပ်ပုံကား ဘိက္ခုကား ဝသတိ၌စပ်မြဲ။ဘိက္ခာယကား ကြောင့်ဟု–ကြောင့် ဝသတိ၌ အကြောင်းဖြစ်သောဟိတ်၊ ဝသတိကား အကျိုးဖြစ်သောဟိတ်၏ဖိုလ်။

(**မှတ်ချက်**) ဟိတ်လည်း ကြောင့်ပေးရသည်။နိမတ်လည်း ကြောင့်ပေးရ

သည်။ဟိတ်လည်း အကြောင်း၊ နိမိတ်လည်း အကြောင်း။၎င်းနှစ်မျိုးအထူးကား ဟိတ်သည် အကျိုးတရားက ရှေ့ဖြစ်၍၊ အကြောင်းတရားက နောက်ဖြစ်ရ၏။ နိမိတ်သည် အကြောင်းအကျိုး သဟာစရဏအတူတကွဖြစ်ရ၏။(ဤကား ဟိတ် နိမိတ်အထူးတည်း)

ယခုအခါ၌ သောတုဇနစာသင်ငယ်တို့ ဉာဏ်ကစားရန်အတွက် သမ္ဗန် ရောယှက်၍ ပုဒ်တစ်စိတ်စပ်ပုံ ဥဒါဟရဏ်ပြယုဂ်ကား "ဘိက္ခု ဗုဒ္ဓဿ ပူဇိတတ္တာ ဝန္ဒတိ"တည်း။အနက်–ဘိက္ခု–ရဟန်းသည်၊ ဗုဒ္ဓဿ–၏(ဝါ)ကို၊ ပူဇိတတ္တာ– ပူဇော်အပ်သည်၏အဖြစ်ကြောင့်၊ ဝန္ဒတိ–ရှိခိုး၏။

စာစပ်ပုံကား–ဘိက္ခုကား ဝန္ဒတိ၌စပ်မြဲ။ဗုဒ္ဓဿကား ၏ဟု–ကြောင့်၊ ပူဇိတတ္တာ၌ တ္တာပစ္စည်းဝယ် တ္တာသမ္ဗန်၊ တ္တာပစ္စည်းကား သမ္ဗန္ဓီ။(တစ်နည်း)ဗုဒ္ဓဿ ကား ကိုဟု–ကြောင့်၊ ပူဇိတတ္တာဟူသောပုဒ်ဝယ် ပူဇိတဟူသော အန္တပုဒ်၌ တုလျတ်၊ ပူဇိတဟူသော အန္တပုဒ်ကား လိင်္ဂတ်။

(၄င်းနေရာ၌ တုလျတ်–လိင်္ဂတ်စပ်သည်မှာ အလွန်နည်းပါး၏။စပ်လို့ ဖြစ်သည်ကိုကား ရေးသားမှတ်သားခဲ့၏။များသောအားဖြင့် ပူဇိတော၌ တပစ္စည်း အစပ်များကြ၏။ဤကား အမှာစကား)

ပူဇိတတ္တာကား ကြောင့်ဟုအနက်ပေးသောကြောင့် ဝန္ဒတိ၌ စပ်မြဲ။

(မှတ်ချက်) အကြောင်းတရားကို ဟိတ်ခေါ်သည်။ထိုအကြောင်းတရား ၏ အကျိုးတရားကို "ဟေတုနော ဖလံ ဟေတုဖလံ"ဟူသောဝစနတ္ထနှင့်အညီ ဟိတ်၏ဖိုလ်ခေါ်သည်။

တစ်နည်း ဥဒါဟရဏ်ကား "ပုရိသော စီဝရဿ ဘိက္ခုဿ သန္တကတ္တာ တဿ ဒေတိ"တည်း။အနက်–ပုရိသော–သည်၊ စီဝရဿ–၏(ဝါ)သည်၊ ဘိက္ခု ဿ–၏၊ သန္တကတ္တာ–ဥစ္စာ၏အဖြစ်ကြောင့်၊ တဿ–ထိုရဟန်းအား၊ ဒေတိ– ပေး၏။

စာစပ်ပုံကား ပုရိသောကား ဒေတိ၌စပ်မြဲ။စီဝရဿကား ၏ဟု–ကြောင့်၊ သန္တကတ္တာဟူသောပုဒ်ဝယ် တ္တာနှစ်လုံးပစ္စည်း၌ သမ္ဗန်၊ တ္တာပစ္စည်းကား သမ္ဗန္ဓီ။

(တစ်နည်း)စီဝရသကား သည့်–ကြောင့်၊ သန္တကတ္တာဟူသောပုဒ်ဝယ် သန္တကပုဒ် တစ်စိတ်၌ တုလျတ်၊ သန္တကကား လိင်္ဂတ်။ဘိက္ခုသကား ၏–ကြောင့်၊ သန္တ ကတ္တာဟူသောပုဒ်ဝယ် သန္တကဟူသောပုဒ်တစ်စိတ်၌ သမ္ဗန်၊ သန္တကဟူသောပုဒ် တစ်စိတ်ကား သမ္ဗန္ဓီ။သန္တကတ္တာ–တသတို့ကား ဒေတိ၌စပ်။

နိယံ " သတ္တမီဝိဘတ်၊ ကြောင့်ပေးလတ်၊ စွဲမှတ်နိမိတ္တ"

၄င်းနိယံ၌ သတ္တမီ ဝိဘတ်၌ မြန်မာလို ကြောင့်ဟူသောအနက်ပေးပါက နိမိတ်ဟုမှတ်။စာစပ်သော အခါ နိမိတ်၊ နိမိတ္တဝန္တ ဆို၍စပ်ရာ၏။

ပြယုဂ်ကား "လုဒ္ဒကေန နာဂေါ ဒန္တေသု ဟညတေ"တည်း။အနက်– လုဒ္ဒကေန–မုဆိုးသည်၊ ဒန္တေသု–သွား–အစွယ်တို့ကြောင့်၊ နာဂေါ–နဂါးကို၊ ဟညတေ–သတ်အပ်၏။

စာစပ်ပုံကား–လုဒ္ဒကေနကား သည်–ကြောင့်၊ ဟညတေ၌ အဝုတ္တ ကတ္တားစပ်။ဒန္တေသုကား တို့ကြောင့်ဟုအနက်ပေးသောကြောင့်၊ ဟညတေ၌ နိမိတ်၊ ဟညတေကား နိမိတ္တဝန္တ။နာဂေါကား ကို–ကြောင့်၊ ဟညတေ၌ ဝုတ္တကံစပ်။

နိယံ " ၍ ရကားမှာ၊ ကြိယာဝိသေသ်၊ ရံခါ ဟိတ်၊ တံဆိပ်ခတ်၍ပြ၊"

၄င်းနိယံ၌ မြန်မာလို၍–လည်းကောင်း၊ ရကား–လည်းကောင်း ပေးပါ က ကြိယာဝိသေသန–သျှဆို၍စပ်လေ။၍–ဟူ၍လည်းကောင်း၊ ရကားဟူ၍ လည်းကောင်း ပေးရသောပုဒ်မျိုးသည် တစ်ရံတစ်ခါ ဟိတ်ပေးရသေး၏။

ပြယုဂ်ကား "ဘိက္ခု ပတ္တံ ဓောဝိတွာ ပိဏ္ဍာယ စရိတွာ ဘတ္တံ ဘုတွာ ဿတိ"တည်း။အနက်–ဘိက္ခု–ရဟန်းသည်၊ ပတ္တံ–သပိတ်ကို၊ ဓောဝိတွာ–ဆေး ၍၊ ပိဏ္ဍာယ–ဆွမ်းအလို့ငှါ၊ စရိတွာ–လှည့်လည်၍၊ ဘတ္တံ–ဆွမ်းကို၊ ဘုတွာ– စား၍၊ သေတိ–အိပ်၏။

စာစပ်ပုံကား ဘိက္ခုကား သည်ဟု–ကြောင့်၊ ဓောဝိတွာ စရိတွာ ဘုတွာတို့၌ စဉ်းငယ်စပ်ခဲ့၍ သေတိ၌ သိဓာတ် တိဝိဘတ် ဝုတ္တကတ္တားစပ်။

ပတ္တံကား ကို–ကြောင့်၊ ဓာဝိတွာ၌ ဓာဝုဓာတ် တွာပစ္စည်း အဝုတ္တကံစပ်။ ဓာဝိတွာကား ၍–ကြောင့်၊ စရိတွာ၌ ပုဗ္ဗကာလကြိယာဝိသေသန၊ စရိတွာကား အပရကာလကြိယာ ဝိသေသျ။ပိဏ္ဍာယကား ငှါဟု–ကြောင့်၊ စရိတွာ၌ သမ္ပဒါန်၊ စရိတွာကား သမ္ပဒါန်၏ ကြိယာ။စရိတွာကား ဘုတွာ၌ စပ်မြဲ။ဘတ္တံကား ကို–ကြောင့်၊ ဘုဥ္ဇိတွာ၌ ဘုဇဓာတ် တွာပစ္စည်း အဝုတ္တကံစပ်။ဘုဥ္ဇိတွာကား သေတိ၌ စပ်မြဲ။

**စကားညှပ်အဓိပ္ပါယ်**

ဤကဲ့သို့ တွာပစ္စည်း (၂)ခု (၃)ခုတွေ့ရာ၌ အထက်က စပ်သည့်အတိုင်း စပ်ရမည်။

သို့အတွက်ကြောင့် ဘုရားကြီးနိယံ၌"နှစ်သုံးလေးက၊ စသည်များစွာ၊ တွာရှိပါမူ၊ ရှေ့တွာ နောက်စပ်မြဲ"၊ "နောက်နောက်တွာသည်၊ ရှေ့ရှေ့တွာ၏၊ သမ္ဗန်ဖြစ်မြဲ"ဟူသောနိယံအရ–––

သမ္ဗန်ပုဒ်ဖြစ်ပုံမှာ "ဘိက္ခု ပတ္တံ ဓာဝိတွာ "အစရှိသော ပြယုဂ်၌ ဓာဝိတွာ–ဆေး၍ ဆေး၏ဟု ဆိုလေ၏။အဘယ်အကျိုးငှါ ဆေးသနည်း' စရိတွာ စရဏာယ–လှည့်လည်ခြင်းအကျိုးငှါ အဓိပ္ပါယ်မှာ ဆေးဆိုသည်မှာ စားခြင်းအကျိုးငှါ ဆိုသတတ်။ဤကား နောက်နောက်တွာသည် ရှေ့ရှေ့တွာ၏ သမ္ဗန်ဖြစ်ပုံတည်း။

## တွာပစ္စည်းအနက် (၅)ချက်

(၁) ပုဗ္ဗကာလအနက်

(၂) အပရကာလအနက်

(၃) သမာနကာလအနက်

(၄) လက္ခဏာအနက်

(၅) ဟိတ်အနက်

အားဖြင့် (၅)ပါးသော အနက်၌ သိနိုင်၏။ထို့ကြောင့် ဘုရားကြီးနိယံ၌" ပုဗ္ဗ

ပရ၊ သမာနနှင့်၊ လက္ခဏ ဟေတု၊ ငါးခုအတ္ထ၊ သက်အပ်စွ၊ တုန တွာန တွာ"ဟု စပ်ဆိုတော်မူ၏။ထို(၅)ပါးသော အနက်တို့တွင် "ဘိက္ခု ပတ္တံ ဓောဝိတွာ ပိဏ္ဍာယ စရိတွာ ဘတ္တံ ဘုတွာ သေတိ"ဟူသောဥဒါဟရဏ်၌ပါသော တွာပစ္စည်းသည် ပုဗ္ဗကာလအနက်၌ သက်၏။

(၁) ပုဗ္ဗကာလ၌ ပြယုဂ်ကား "ပစိတွာ ဘုဥ္ဇတိ"

(၂) သမာနကာလ၌ ပြယုဂ်ကား "သက္ကစ္စံ ပတိတော ဒဏ္ဍော"

(၃) အပရကာလ၌ ပြယုဂ်ကား "ဒွါရံ ပိဒဟိတွာ နိက္ခမတိ"

(၄) လက္ခဏအနက်၌ ပြယုဂ်ကား "သပ္ပိံ ပိဝိတွာ ဗလံ ဟောတိ"

(၅) ဟိတ်အနက်၌ ပြယုဂ်ကား "သပ္ပိံ ပိဝိတွာ ဗလံ ဟောတိ" အနက်လွယ်ပြီ။ဤကား စကားတရပ် အပြီးသတ်တည်း။

ရကားပေးရာ၌ ပြယုဂ်ကား" ဘိက္ခု ဘုဥ္ဇမာနော ဂစ္ဆတိ "တည်း။ အနက်–ဘိက္ခု–သည်၊ ဘုဥ္ဇမာနော–စားလိုသည်ဖြစ်၍၊ (ဝါ)စားလိုရကား၊ ဂစ္ဆတိ–သွား၏။(စာစပ်လွယ်ပြီ)။

ရံခါဟိတ်ဟူသော လက်ာ်ပုဒ်တစ်စိတ်၏ ပြယုဂ်ကား" ဘိက္ခု ဘုဥ္ဇမာနော ဂစ္ဆတိ"တည်း။အနက်–ဘိက္ခု–သည်၊ ဘုဥ္ဇမာနော–စားလိုသောကြောင့်၊ ဂစ္ဆတိ–သွား၏။

တစ်နည်းပြယုဂ်ကား" ပုရိသော သပ္ပိံ ပိဝိတွာ ဗလံ ဟောတိ"တည်း။ ပိဝိတွာ၌ တွာပစ္စည်းသည် ဟိတ်အနက်သက်ပါ။

(၅)–ရကားမှာ–နိယံပုဒ်ပြီး၏)

နိယံ" လည်းကောင်းပေးမူ၊ သရုပ်ဟူ၊ ဟူ၍ အာကာရ၊"

၄င်းနိယံ၌ မြန်မာလို လည်းကောင်း–ဟူ၍ပေးမူ သရုပ်။ဟူ၍–ပေးမူ အာကာရဟုမှတ်။လည်းကောင်းပေးရာ၌ သရုပ်၊ သရူပဝန္တ–ဆို၍စပ်ရာ၏။ဟူ၍ -ပေးရာ၌ အာကာရ၊ အာကာရဝန္တဆို၍ စပ်ရာ၏။(တစ်နည်း)အာကာရ– အာကာရ၏ ကြိယာဟုဆို၍ စပ်ရာ၏။

ပြယုဂ်ကား" ဗုဒ္ဓေသု အဂ္ဂသာဝကာ သာရိပုတ္တော မောဂ္ဂလာနော တိ

ဥဘော ဟောန္တိ"တည်း။အနက်–ဗုဒ္ဓသသ–၏၊ အဂ္ဂသာဝကာ–အဂ္ဂသာဝကတို့သည်၊ သာရိပုတ္တော–သာရိပုတ္တရာလည်းကောင်း၊ မောဂ္ဂလာနော–မောဂ္ဂလာန်လည်းကောင်း၊ ဣတိ–ဤသို့၊ ဥဘော–နှစ်ပါးတို့သည်၊ ဟောန္တိ–ကုန်၏။

စာစပ်ပုံ––ဗုဒ္ဓသသကား ၏–ကြောင့်၊ အဂ္ဂသာဝကာ၌ သမ္ဗန်၊ အဂ္ဂသာဝကာကား သမ္ဗန္ဓီ။အဂ္ဂသာဝကာကား ဟောန္တိ၌စပ်။သာရိပုတ္တော–မောဂ္ဂလာနော တို့ကား လည်းကောင်းဟု–ကြောင့်၊ ဣတိ၌ သရုပ်၊ ဣတိကား သရူပဝန္တ။ဣတိကား သို့ဟု–ကြောင့်၊ ဥဘော၌ နိဒဿန၊ ဥဘောကား နိဒဿနဝန္တ။ဥဘောကား ဟောန္တိ၌ စပ်မြဲ။

**စကားညှပ်အဓိပ္ပါယ်**

သံ ဝိဓွမာနံ ရူပံ သရူပံ–ဟူသောဝစနတ္ထနှင့်အညီ ပရမတ္ထအားဖြင့် လည်းကောင်း သမ္မုတိ ပညတ်အားဖြင့်လည်းကောင်း ထင်ရှားရှိသည်ကို သရုပ်ဟုခေါ်သည်။အထက်ပါပြယုဂ်၌ ဣတိသဒ္ဒါသည် သာရိပုတ္တော မောဂ္ဂလာနော ပုဒ်တို့ကို ငဲ့ပါက သရူပဝန္တ။ဥဘောဟူသောပုဒ်တို့ကို ငဲ့ပါက နိဒဿနအနက် တို့ကို ထွန်းပြတတ်သည်ဟုမှတ်။

(ဤကား အမှာစကားရပ်၊ လည်းကောင်းပေးမှု သရုပ်ဟူ–အရပြီး၏)

ဟူ၍ အာကာရ–၏ ပြယုဂ်ကား" ထေရေန အာဝုသောတိ ဝတ္တဗ္ဗံ" တည်း။အနက်–ထေရေန–မထေရ်ကြီးသည်။ အာဝုသောတိ–အာဝုသောဟူ၍၊ ဝတ္တဗ္ဗံ–ဆိုအပ်၏။

စာစပ်ကား ထေရေနကား ဝတ္တဗ္ဗံ၌ အဝုတ္တကတ္တားစပ်။အာဝုသောကား ဟူ၍–ကြောင့်၊ ဝတ္တဗ္ဗံ၌ အာကာရ၊ ဝတ္တဗ္ဗံကား အာကာရဝန္တ။(တစ်နည်း)ဝတ္တဗ္ဗံ၌ အာကာရ၊ ဝတ္တဗ္ဗံကား အာကာရ၏ကြိယာ။

(ဟူ၍–အာကာရပြီး၏။လည်းကောင်းပေးမှု––နိယံပြီး၏)

နိယံ" ဇဝံ ဣတိ၊ ရှိသည့်ပုဒ်မှာ၊ သို့ပေးရာ၊ မှတ်ပါ နိဒဿန"
ဌင်းနိယံ၌ ဣတိပုဒ်ကို သို့ပေးရာမှာ အထက်ကပြခဲ့သော" ဗုဒ္ဓသသ

အင်္ဂသာဝကာ သာရိပုတ္တော မောဂ္ဂလာနော ဥဘော ဟောန္တိ"ဟူသောပြယုဂ်ကဲ့သို့စပ်ပါ။(ဏ္ဍတိပုဒ် သို့ပေးရာ၌ ပြီး၏။)

ဧဝံပုဒ် သို့ပေးရာ၌ ပြယုဂ်ကား "ဧဝံ ဘဂဝါ အာဟ"ဟူသည့်တည်း။ အနက်-ဧဝံ-ဤသို့၊ ဘဂဝါ-သည်၊ အာဟ-ဆို၏။

စာစပ်ပုံကား ဧဝံကား သို့ဟု-ကြောင့်၊ ဘဂဝါ၌ နိဒဿန၊ ဘဂဝါကား နိဒဿေတဗ္ဗ။ဘဂဝါကား အာဟ၌စပ်။(ဧဝံ ဏ္ဍတိ--နိဒဿန။နိယံပြီး၏)

နိယံ" သော်လည်းပေးရာ၊ သမ္ဘာဝနာ၊ ဂရဟာအချို့ရ။"

၄င်းနိယံ၌ အမြွတ် အများပုဒ်တို့၏ နောက်၌ထိုင်သော စသဒ္ဒါ ပိသဒ္ဒါတို့ကို သမ္ဘာဝနာဇောတကဆို၏။ ;

၄င်းအမြွတ် အများနောက်၌ထိုင်သော သမ္ဘာဝနာ စသဒ္ဒါ ပိသဒ္ဒါတို့သည် အယုတ် အနည်းဟုဆိုအပ်သော ဂရဟာကို ပေါင်းဆည်းရသည်ဟုမှတ်။ထို့ကြောင့်နိယံဆရာတို့သည် " ဗဟု ပဏ္ဍိတ၊ ဝါစကနောက်၊ ရောက်သည့် သမ္ဘာဝနာ၊ ပိသဒ္ဒါကား၊ ဂရဟာကို ပေါင်းဆည်းထွန်းမြဲ"ဟုဆိုကြကုန်၏။

ပြယုဂ်ကား "ဗုဒ္ဓေါ သမာနောပိ သေနာသနဝတ္တံ ကရောတိ"တည်း။ အနက်-ဗုဒ္ဓေါ-သည်၊ သမာနောပိ-ဖြစ်ပါသော်လည်း၊ သေနာသနဝတ္တံ-ကို၊ ကရောတိ-ပြု၏။

စာစပ်ပုံကား-ဗုဒ္ဓေါ၊ သေနာသနဝတ္တံတို့ကား ကရောတိ၌ စပ်။သမာနောကား သော်ဟု-ကြောင့်၊ ကရောတိ၌ လက္ခဏကြိယာ-လက္ချကြိယာစပ်။ ပိသဒ္ဒါကား သမ္ဘာဝနာဇောတကနိပါတ်ပုဒ်တည်း။

"သော်လည်းပေးရာ၊ သမ္ဘာဝနာ၊ ဂရဟာအချို့ရ"ဟုနိယံဆိုသောကြောင့် သော်လည်းအနက်ပေးစေကာမူ သမ္ဘာဝနာဆို၍ စပ်ရသည်။သို့မဟုတ် လက္ခဏ၊ လက္ချဆို၍ စပ်ရမည်။စင်စစ်မူအားဖြင့် "သော်လည်းပေးရာ--အချို့ရ"ဟုနိယံဆိုခြင်းသည် စသဒ္ဒါ ပိသဒ္ဒါတို့၏ သမ္ဘာဝနာ ဂရဟာအနက်တို့ကို ထွန်းပြအတ်သည်၏အနက်ကို သိစေလို၍သာ ဆို၏။အမြွတ်ပုဒ်နောင်ထိုင်သော သမ္ဘာဝနာ စ-ပိသဒ္ဒါတို့သည် အယုတ်ဟုဆိုအပ်သော ဂရဟာကို အဘာယ်ကဲ့သို့ ပေါင်း

ဆည်းသနည်းဟူမူ--အဖြေ=မြတ်စွာဘုရားသော်လည်း သေနာသနဝတ်ကို ပြုသေး၏။သူလို ငါလိုရဟန်းတို့မှာကား အဘယ်မှာလျှင် ဆိုဖွယ်ရာရှိအံ့နည်း၊ သာ၍ပင် သေနာသနဝတ်ကို ပြုရတော့မပ၊ ဟူသောအယုတ်ဟုဆိုအပ်သော ဂရုဟာကို ပေါင်းဆည်း၏။

အများနောင် ပိသဒ္ဒါထိုင်ရာ၌ ပြယုဂ်ကား" ဘိက္ခူ ဗဟူပိ ဘယန္တိ" တည်း။ အနက်–ဘိက္ခူ–တို့သည်၊ ဗဟူပိ–များပင်များပါကုန်သော်လည်း၊ ဘယန္တိ –ကြောက်ကြလေကုန်၏။(စာစပ်လွယ်ပြီ)

## သမ္ဘာဝနာ ပိသဒ္ဒါ ဂရုဟာပေါင်းဆည်းပုံကား

ရဟန်းတို့သည် များကုန်သော်လည်း ကြောက်ကြကုန်သေး၏၊တစ်ပါး နှစ်ပါးဖြစ်ပါမူကား အဘယ်မှာ ဆိုဖွယ်ရှိရာအံ့နည်း။အယုတ်ပုဒ် အနည်းပုဒ်နောင် ၌ထိုင်သော ပိသဒ္ဒါ စသဒ္ဒါတို့ကို ဂရုဟာဇောတကဆို၏။အယုတ် အနည်းပုဒ်၏ နောင်၌ထိုသော ပိသဒ္ဒါ စသဒ္ဒါတို့သည် အမြတ် အများဟုဆိုအပ်သော သမ္ဘာဝနာ တို့ ပေါင်းဆည်းရမြဲဆိုသည်ဟုမှတ်။သို့အတွက်ကြောင့် နိယံဆရာတို့သည်" အပ္ပဟီန၊ ဝါစကနောက်၊ ရောက်သည့် ဂရုဟာ၊ ပိသဒ္ဒါကား၊ သမ္ဘာဝနာကို ပေါင်းဆည်းထွန်းမြဲ"ဆိုကြကုန်၏။

အယုတ်နောင်ထိုင်သော ပိသဒ္ဒါသည် အမြတ်ကိုလည်း ဆည်းပုံမှာ– သာမဏေပင်ဖြစ်သော်လည်း တရားကို ဟောနိုင်သေး၏။ရဟန်းဖြစ်ပါက အ ဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း။သာ၍ပင် ဟောနိုင်တော့မယ်ပေါ့–ဟူသော အ မြတ်ကို ဆည်း၏။

အနည်းပုဒ်နောင်ထိုင်သောပြယုဂ်ကား "ဧကော သမာနောပိ ဘာရံ ဝဟတိ"တည်း။အနက်–ဧကော–တစ်ယောက်ထည်းတည်း၊ သမာနောပိ–ဖြစ်ပါ သော်လည်း၊ ဘာရံ–ဝန်ကို၊ ဝဟတိ–ထမ်းဆောင်နိုင်၏။(စာစပ်လွယ်ပြီ)။

အနည်းပုဒ်၏ နောင်၌ထိုင်သော ပိသဒ္ဒါသည် အများကို ဆည်းပုံမှာ– တစ်ယောက်တည်းဖြစ်သော်လည်း ဝန်ကို ထမ်းဆောင်နိုင်သေး၏။အများဖြစ်ပါ က အဘယ်မှာလျှင် ဆိုဖွယ်ရှိအံ့နည်း။သာ၍ပင် ထမ်းဆောင်နိုင်တော့မပ–ဟူ

သော အများဟုဆိုအပ်သော သမ္ဘာဝနာကို ပေါင်း၏။ဆည်း၏။

(သော်လည်းပေးရာ--အချို့ရ၊ နိယံပြီး၏။)

နိယံ"မူလည်း လျှင်မှာ၊ ဂရဟာ၊ စဉ်မှာ အနာဒရ"

၄င်းနိယံအဓိပ္ပါယ်မှာ-မူလည်း ပေးက ဂရဟာ-ဟုမှတ်။

စဉ်မှာ အနာဒရပြယုဂ်ကား"အာစရိယဿ ဘာသတော သိသော ဂစ္ဆတိ"တည်း။အနက်-အာစရိယဿ-ဆရာသည်၊ ဘာသတော-ပြောဆိုမည် တမ်းစဉ်၊ သိသော-တပည့်သည်၊ ဂစ္ဆတိ-သွား၏။

စာစပ်ပုံကား-အာစရိယဿကား သည်ဟု-ကြောင့်၊ ဘာသတော၌ အနာဒရိယဝန္တ၊ ဘာသတောကား အနာဒရိယ။ဘာသတောကား စဉ်ဟု-ကြောင့်၊ ဂစ္ဆတိ၌ အနာဒရဝန္တ၊ ဂစ္ဆတိကား အနာဒရ။

**စကားညှပ်အဓိပ္ပါယ် ပြဉီးအဲ့**

အနာဒရ-ဆိုသည်မှာ ကြိယာနှစ်ခုပြိုင်၍ ဖြစ်သည်ကိုပင် အနာဒရဆို၏။ကြိယာနှစ်ခုတို့သည် အဘယ်ကြိယာသည် အနာဒရခေါ်သနည်းဟူမူ-ကြိယာတစ်ခု မပြီးပြတ်သေးမီ နောက်ကြိယာတစ်ခု ဖြစ်ပေါ်လာ၏။ထို နောက်ဖြစ်ပေါ်လာသော ကြိယာကို အနာဒရဆို၏။"အနာဒရိယတော အနာဒရံ"ဟူသော ဝစနတ္ထနှင့်အညီ မရှိသေသော ကြိယာကို အနာဒရဆို၏။မရှိသေဟုဆိုသည်မှာ ပုဂ္ဂိုလ်ကို ရှိသေသည်ဖြစ်စေ၊ မရှိသေသည်ဖြစ်စေ တစ်ခုခုသော ဥဿာဟမဖြစ်ခဲ့မှီ(ဝါ) အသစ်ကြိယာတစ်ခုခု မပေါ်ပေါက်သေးမှီ ဖြစ်ပေါ်လာသည်ကိုပင် မရှိသေသည် ဟုဆိုသည်။စဉ်မှာ အနာဒရဟုဆိုသောကြောင့် စဉ်ပေးသောကြိယာကိုသာ အနာဒရဟုမှတ်ပါလေ။

ကောင်းပြီ အဘယ်အတွက်ကြောင့် နိယံဆရာသည် "စဉ်မှာ အနာဒရ" ဟုဆိုသနည်း။ဤသို့မေးရန်ရှိသောကြောင့် ထိုအနာဒရသည်လည်း---

(၁) အနာဒရိယဝန္တ---

(၂) အနာဒရိယ------" တစ်စုံ "

(၃) အနာဒရဝန္တ------

(၄) အနာဒရ------" တစ်စုံ "ဟု (၄)မျိုးရှိ၏။

ထိုတွင် (၁) အနာဒရိယကြိယာ၌ ဆိုက်ရစပ်ရသော ကြိယာသည် အနာဒရိယဝန္တမည်၏။ထိုအနာဒရိယဝန္တသည်လည်း ကတ္တား ကံနှစ်မျိုးရှိ၏ ဟုမှတ်လေ။

(မှတ်ချက်) ထိုအနာဒရိယဝန္တကို အချို့အချို့ဆရာများသည် ၏ဟူ၍ အနက်ပေးကြ၏။ထိုသို့ပေးခြင်းသည် မကောင်းဟု ရွှေဂူတိုက်သစ်ဆရာတော် ဦးကေသရသီရိ ဆုံးဖြတ်တော်မူ၏။

(၂) အနာဒရကြိယာ၌ စပ်ရသော ကြိယာသည် အနာဒရဝန္တမည်၏။ အနာဒရဝန္တ အနာဒရကြိယာသည် ဝိဘတ်တူရသည်ဟု မှတ်လေ။

(၃) အနာဒရကြိယာ၌ ဆိုက်ရ စပ်ရသော ကတ္တား ကံသည် အနာဒရဝန္တ မည်၏။ထိုအနာဒရဝန္တသည်လည်း ကတ္တား ကံနှစ်မျိုးရှိ၏ဟုမှတ်။

(၄) ကြိယာနှစ်ခု ပြိုင်၍ဖြစ်ရာ၌ နောက်ဖြစ်သောကြိယာသည် မရှိသေခြင်းကြိယာဖြစ်သဖြင့် အနာဒရမည်၏။၄င်းအနာဒရသည် လက္ခဏဝန္တ-လက္ခဏ၊ လက္ချဝန္တ-လက္ချ အတိုင်းဆိုသည်မှတ်လေ။

(မူလည်းလျှင်မှာ--အနာဒရနိယံပြီး)

နိယံ" တည်းဟူသောနှင့်၊ ဟူသောပေးရာ၊ အနက်မှာ၊ မှတ်ပါ ရူပက။

" နှင့်တူပါရာ၊ အနက်မှာ၊ မှတ်ပါ သဒိသ"။

" ကဲ့သို့ပေးရာ၊ ဥပမာ၊ မှတ်ပါ မြဲကုန်ကြ"။

၄င်းနိယံ၌ ပြယုဂ်ကား" ဗုဒ္ဓစန္ဒော"ဟူသည်တည်း။အနက်ကား---

(၁) ဗုဒ္ဓစန္ဒော-လမင်းတည်းဟူသော မြတ်စွာဘုရား။

(၂) (ဝါ)လမင်းနှင့်တူသော မြတ်စွာဘုရား။

(၃) (ဝါ)လမင်းကဲ့သို့ မြတ်စွာဘုရားသည်။

(၄) (ဝါ)လမင်းမြတ်စွာဘုရားသည်။ (ဤကား သကပက္ခ-၄-နက်)

ဘုရားဖြူကျောင်းတိုက်

**တစ်နည်း**(၁)ဗုဒ္ဓစန္ဒော–ဘုရားတည်းဟူသော လမင်းသည်။
(၂)(ဝါ)မြတ်စွာဘုရားနှင့်တူသော လမင်းသည်။
(၃)(ဝါ)မြတ်စွာဘုရားကဲ့သို့သော လမင်းသည်။
(၄)(ဝါ)ဘုရားလမင်းသည်။ (ဤကား ပရပက္ခ–၄–နက်)

**သကပက္ခ+ပရပက္ခ(၂)ပါး အထူးကား**

မိမိသည် အလိုရှိအပ်သောအနက်ကို ပြဋ္ဌာန်းသော ပဓာနဖြစ်သော အနက်ကို နောက်ထား၍ ပေးခြင်းသည် သကပက္ခမည်၏။

မိမိအလိုမရှိအပ်သော မပြဋ္ဌာန်းသော အပဓာနဖြစ်သော တစ်ပါးသော အနက်ကို တောင်း၍ပေးခြင်းသည် ပရပက္ခမည်၏။

**အကျဉ်းချုပ်အဓိပ္ပါယ်အားဖြင့်**––မိမိအလိုရှိအပ်သော အနက်ကို ငဲ့ခြင်းသည် သကပက္ခမည်၏။မိမိအလိုမရှိအပ်သော တစ်ပါးသောအနက်ကို ငဲ့ခြင်းသည် ပရပက္ခမည်၏။(ဤကား အထူးပင်တည်း) (နိယံပုဒ်ပြီး၏)။

(အာကာရကပြီး၏)

ဤနေရာ၌ ခေတ္တရပ်၍ ရှေ့နိယံများအဓိပ္ပါယ်ကို မရေးသားသေးပဲ စာသင်ပျို့ နှ အခြေပြုတို့၏ စာစပ်အတွက်၌ ဉာဏ်ကစားရန် စကားအနည်းငယ်မျှ ရေးပြီးလျှင် ပြယုဂ် ဥဒါဟရဏ်ကို အနက်နှင့်တကွ ပြပေအံ့။

ရာဇတုလျာ ကြိယာနာမ၊ အမစ္စာဝိယ ကာရကာ။
တသ္မာ ဆကာရကာ ကြိယံ၊ ပါပုဏန္တိ ယထာရဟံ။ ။

ကြိယာနာမ–အာချာတ်ကြိယာ ကိတ်ကြိယာတို့မည်ကုန်သည်၊ ရာဇတုလျာ–ပြည့်ရှင်မင်း အိမ်ရှေ့မင်းနှင့်တူကုန်၏။ကာရကာ–ကတ္တု ကမ္မ ကာရဏ သမ္ပဒါန အပါဒါန ဩကာသဟုဆိုအပ်သော ကာရက(၆)ပါးတို့သည်၊ အမစ္စာ ဝိယ–ပြည့်ရှင်မင်း အိမ်ရှေ့မင်း၏အထံ၌ ခစားအပ်သော အမတ်ကြီး(၆)ယောက်နှင့်တူကုန်၏။တသ္မာ–ထို့ကြောင့်၊ ဆကာရကာ–ကတ္တု––ဩကာသဟုဆိုအပ်သော ကာရက(၆)ပါးတို့သည်၊ ကြိယံ–အာချာတ်ကြိယာ ကိတ်ကြိယာသို့၊ ယထာ

ရဟံ–ထိုက်သင့်သည်အားလျော်စွာ၊ ပါပုဏန္တိ–ဆိုက်ရောက်ကြကုန်၏။(ဝါ)စပ်ကြကုန်၏။

ဂါထာ၏ အဓိပ္ပါယ်အချုပ်မှာ အာချာတ်ကြိယာသည် ရေမြေကိုပိုင်သော ပြည့်ရှင်မင်းနှင့်တူ၏။ကိတ်ကြိယာသည် ပြည်စည်းစိမ်ကို ထက်ဝက်ပိုင်သော အိမ်ရှေ့မင်း ဥပရာဇာနှင့်တူ၏။ကတ္တု ကမ္မ ကာရဏ သမ္ပဒါန အပါဒါန ဩကာသဟုဆိုအပ်သော ကာရက(၆)ပါးတို့သည် ရေမြေကိုပိုင်သော ပြည့်ရှင်မင်း၊ ပြည်စည်းစိမ်ကို ထက်ဝက်ပိုင်သော အိမ်ရှေ့မင်းတို့၏ အထံ၌ ခစားရသော အမတ်ကြီး (၆)ယောက်တို့နှင့်တူကုန်၏။

အဘယ်ကဲ့သို့ တူသနည်းဟူမူ အမတ်ကြီး(၆)ယောက်တို့သည် ပြည့်ရှင်မင်းအထံမှာ အခစားဝင်သည်ရှိသော် အိမ်ရှေ့မင်းထံက လျှောက်လွှာပါက အိမ်ရှေ့မင်းထံ၌ အခစားဝင်ရ၏။အချို့သော အမတ်ကြီးတို့သည် တစ်ရံတစ်ခါ၌ မကျန်းမာခြင်းစသော အကြောင်းတစ်စုံတရာရှိ၍ ပြည့်ရှင်မင်း နန်းတော်သို့ အခစား မဝင်နိုင်ပါက အခစားဝင်နိုင်သော အမတ်ကြီးများထံမှာ ပြောကြားလိုက်ရ၏။

အိမ်ရှေ့မင်းသည်လည်း မိမိနှင့်ပတ်သက်သော အကြောင်းတစ်စုံတရာရှိပါက ပြည့်ရှင်မင်းထံမှာ အမြဲခစားဝင်ရသကဲ့သို့ ထို့အတူ ကတ္တု ကမ္မစသော ကာရက(၆)ပါးတို့သည်လည်း အာချာတ်ကြိယာမှာ စပ်ရသည်ရှိသော် ကိတ်ကြိယာနှင့်စပ်သင့်ပါက ကိတ်ကြိယာမှာ ရှေးဦးစွာ စပ်သင့်၏။(ဝါ)စပ်ရပြီးမှ အာချာတ်ကြိယာ မှာစပ်ရ၏။တစ်ခါတစ်ရံ၌ အနီးဖြစ်သော ကာရကချင်းလည်း စပ်ရ၏။ကိတ်ကြိယာတို့သည် မိမိနှင့်စပ်သင့်သောပုဒ်ဖြစ်ပါက အာချာတ်ကြိယာမှာ စာစပ်ရ၏ဟုဆို၏။(ဤကား အထက်ပါဂါထာ၏ လိုရင်းချုပ်အဓိပ္ပါယ်တည်း)

အကာရကသည် မြို့သူ မြို့သား ရွာသူ ရွာသားများနှင့်တူ၏။တူပုံမှာ မြို့သူ မြို့သား ရွာသူ ရွာသားများသည် အမှုတစ်စုံတရာရှိပါက ရွာသူရွာသားဖြစ်ကြသော ရွာလူကြီး သူကြီးများနှင့်သာ ပြီးတန်သောအမှုကို ပြီးတန်ရာ၏။ရွာတွင်မပြီးပါက ရုံးစသောဌာနသို့ရောက်၍ မြို့အုပ် ဝန်ထောက် အရေးပိုင်မင်းထံမှာ

စုံစမ်းရ၏။အောက်အရေးပိုင်ရုံးတွင် မပြီးသေးပါက မင်းကြီးရုံးမှာ တက်ကြရ၏။ မင်းကြီးရုံးမှာ မပြီးပါက ဘုရင်ခံထံမှာ တက်ကြရ၏။ဘုရင်ခံထံမှာ မပြီးပါက ပါလီမံ လွှတ်တော် ရုံးတော်တက်ကြရသကဲ့သို့ ---

ထို့အတူ အက္ခရာကုသဘောမည်သည် တရံတစ်ခါ မိမိတို့ အက္ခရာ အချင်းချင်း စာစပ်ရ၏။တရံတစ်ခါ က္ခရကမှာ စပ်ရ၏။တရံတစ်ခါ ကိတ်ကြိယာမှာ စပ်ရ၏။တရံတစ်ခါ အာချာတ်ကြိယာမှာ စပ်ရ၏ဟု မှတ်လေ။

စာစပ်ဆိုသည်မှာ ပုဒ်အချင်းချင်း စကားမပြောသော်လည်း ပြောဘိသကဲ့သို့ တစ်ပုဒ်နှင့်တစ်ပုဒ် ကတ္တား-ကတ္တား၏ကြိယာ၊ ကံ-ကံ၏ကြိယာ စသည်ဖြင့် အမြဲငဲ့၍ ကြည့်နေရ၏ဟုမှတ်လေ။စာစပ်သောအခါ၌လည်း မိမိနှင့်ငဲ့သောပုဒ်၊ မိမိနှင့်ဆိုင်သောပုဒ်မှာသာ စပ်ရ၏။မိမိနှင့်မငဲ့သောပုဒ်၊ မိမိနှင့်မဆိုင်သောပုဒ်၌ စာမစပ်ရ။အယုတ်အားဖြင့် တစ်ပုဒ်လုံးမှာ ထက်ဝက်သာ မိမိနှင့်ဆိုင်ပါက ထက်ဝက်သာ စပ်ရမည်။ထက်ဝက်စပ်သော်လည်း တစ်ပုဒ်လုံးစပ်လိုပါက စပ်နိုင်ပါသေး၏။အဘယ့်ကြောင့်ဆိုသော် သမာသ်ပုဒ်တို့မည်သည် ယေဘုယျ-များသောအားဖြင့် နောက်ပုဒ်အနက်သာ ပြဋ္ဌာန်းသောကြောင့်ပင်တည်း။သမာသ်ပုဒ်မှာ ရှေ့ပုဒ်နှင့်သာ စပ်ဆိုင်နေ၍ ရှေ့ပုဒ်မှာသာစပ်ပါက ဂမ္ဘဆို၍ စပ်ရာ၏။တဒ္ဓိတ်ပုဒ်များဖြစ်ပါက ယေဘုယျ များသောအားဖြင့် အန္တဆို၍ စပ်ရာ၏။

(ဤကား စကားညှပ်အဓိပ္ပါယ် ပြီး၏)

ပြယုဂ်ကား" ဘိက္ခုသံ စီဝရဟတာ မနုဿာ အာဂစ္ဆန္တိ"တည်း။အနက် ဘိက္ခုသံ-၏၊ စီဝရဟတာ-သင်္ကန်းကို ဆောင်တတ်ကုန်သော၊ မနုဿာ-တို့သည်၊ အာဂစ္ဆန္တိ-လာကြကုန်၏။

စာစပ်ပုံကား ဘိက္ခုသံကား ၏ဟု-ကြောင့်၊ စီဝရဟတာဟူသော သမာသ်ပုဒ်ဝယ် စီဝရဟူသော ဂမ္ဘကပုဒ်တစ်စိတ်၌ သမ္ဗန်၊ စီဝရဟူသောပုဒ်တစ်စိတ်ကား သမ္ဗန္ဓီ။စီဝရဟတာကား ကုန်သောဟု-ကြောင့်၊ မနုဿာ၌ စပ်။မနုဿာကား အာဂစ္ဆန္တိ၌ စပ်။

တစ်နည်းပြယုဂ်ကား" ဗုဒ္ဓေ မနုဿာ သုခဒါယကောတိ ယံ သဒ္ဒဟိတွာ

ဝန္ဒန္တိ"တည်း။အနက်–ဗုဒ္ဓေ–၌၊ မနုဿာ–တို့သည်၊ အယံ–ဤဘုရားသည်၊ သုခဒါယကော–ချမ်းသာကို ပေးတတ်၏။ဣတိ–သို့၊ သဒ္ဒဟိတွာ–ယုံကြည်၍၊ ဝန္ဒန္တိ–ရှိခိုးကြကုန်၏။

စာစပ်ပုံကား–ဗုဒ္ဓေကား သဒ္ဒဟိတွာ၌ စပ်မြဲ။မနုဿာကား တို့သည်ဟု–ကြောင့်၊ သဒ္ဒဟိတွာ၌ စဉ်းငယ်ထိ၍ ဝန္ဒန္တိ၌ ဝဒဓာတ် အန္တိဝိဘတ် စပ်မြဲ။အယံကား သည်ဟု–ကြောင့်၊ သုခဒါယကော၌ တုလျတ်–လိင်္ဂတ်စပ်။(ဤနေရာ၌ ဓာတ် ပစ္စည်းဖော်၍ စပ်ကြကုန်၏)ဣတိကား သို့ဟု–ကြောင့်၊ သဒ္ဒဟိတွာ၌ နိဒဿန–နိဒဿေတဗ္ဗစပ်မြဲ။သဒ္ဒဟိတွာကား ၍ဟု–ကြောင့်၊ ဝန္ဒန္တိ၌ ပုဗ္ဗကာလ ကြိယာဝိသေသန–အပရကာလကြိယာဝိသေသျစပ်။

တစ်နည်းပြယုဂ်ကား "ဘိက္ခူ အတ္တနော စီဝရေသု ပဝတ္တဘာဂံ ဂဏှန္တိ" တည်း။အနက်–ဘိက္ခူ–တို့သည်၊ အတ္တနော–မိမိအား(ဝါ)၏၊ စီဝရေသု–တို့တွင်၊ ပဝတ္တဘာဂံ–ဖြစ်သောအဖို့ကို၊ ဂဏှန္တိ–ယူကုန်၏။

စာစပ်ပုံကား–ဘိက္ခူကား ဂဏှန္တိ၌ ဂဟဓာတ် အန္တိဝိဘတ်စပ်မြဲ။အတ္တနောကား အားဟု–ကြောင့်၊ ပဝတ္တဘာဂံဟူသော သမာသ်ပုဒ်ဝယ် ပဝတ္တဟူသော ဂမ္မကပုဒ်တစ်စိတ်၌ သမ္ပဒါန်၊ ၎င်းသမ္ပဒါန်၏ ကြိယာစပ်။(တစ်နည်း)အတ္တနောကား ၏ဟု–ကြောင့်၊ ပဝတ္တဘာဂံ၌ သမ္ဗန်၊ ပဝတ္တဘာဂံကား သမ္ဗန္ဓီ၊ စီဝရေသုကား တို့တွင်ဟု–ကြောင့်၊ ပဝတ္တဘာဂံ၌ အပေါင်းဖြစ်သော နိဒ္ဓါရဏ၊ ပဝတ္တဘာဂံကား အစိတ်ဖြစ်သော နိဒ္ဓါရဏီယ။ပဝတ္တဘာဂံကား ဂဏှန္တိ၌ စပ်မြဲ။

တစ်နည်းပြယုဂ်ကား" မနုဿာ သာရိပုတ္တမောဂ္ဂလာနံ ဗုဒ္ဓဿ အဂ္ဂသာဝကတ္တာ ဝန္ဒန္တိ"တည်း။အနက်–မနုဿာ–တို့သည်၊ သာရိပုတ္တမောဂ္ဂလာနံ–တို့၏၊(ဝါ)တို့သည်၊ ဗုဒ္ဓဿ–၏၊ အဂ္ဂသာဝကတ္တာ–အဂ္ဂသာဝက၏ အဖြစ်ကြောင့်၊ ဝန္ဒန္တိ–ကုန်၏။

စာစပ်ကား–မနုဿာကား ဝန္ဒန္တိ၌ စပ်မြဲ။သာရိပုတ္တမောဂ္ဂလာနံကား တို့၏ဟု–ကြောင့်၊ အဂ္ဂသာဝကတ္တာ၌ တ္တပစ္စည်းစပ်။(တစ်နည်း)သာရိပုတ္တမောဂ္ဂလာနံကား တို့သည်ဟု–ကြောင့်၊ အဂ္ဂသာဝကတ္တာဟူသော တဒ္ဓိတ်ပုဒ်ဝယ် အဂ္ဂသာဝကဟူသော အန္တပုဒ်၌ တုလျတ်–လိင်္ဂတ်စပ်။(ဤနေရာ၌ ဓာတ်ပစ္စည်းဖော်

၍စပ်ကြ၏။)ဗုဒ္ဓသကား ၏ဟု–ကြောင့်၊ အင္ဂသာဝကတ္တာ၌ သမ္ဗန်–သမ္ဗန္ဓီစပ်။ အင္ဂသာဝကတ္တာကား ကြောင့်ဟု–ကြောင့်၊ ဝန္ဒိတ္ဓိ၌ စပ်မြဲ။

တစ်နည်းပြယုဂ်ကား" ဒါယကဿ ဘိက္ခုနော ဒါနေ သဒ္ဓါ ဥပ္ပဇ္ဇတိ" တည်း။အနက်–ဒါယကဿ–အား(ဝါ)၏၊ ဘိက္ခုနော–အား၊ ဒါနေ–ပေးခြင်း၌၊ သဒ္ဓါ–သဒ္ဓါတရားသည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။

စာစပ်ပုံကား–ဒါယကဿကား အားဟု–ကြောင့်၊ ဥပ္ပဇ္ဇတိ၌ စပ်မြဲ။ (တစ်နည်း)ဒါယကဿကား ၏ဟု–ကြောင့်၊ သဒ္ဓါ၌ သမ္ဗန်–သမ္ဗန္ဓီစပ်။ဘိက္ခုနောကား အားဟု–ကြောင့်၊ ဒါနေ၌ စပ်။ဒါနေကား ၌ဟု–ကြောင့်၊ သဒ္ဓါ၌ စပ်။သဒ္ဓါကား ဥပ္ပဇ္ဇတိ၌ ဥရှေးရှိသော ပဒဓာတ် တိဝိဘတ်စပ်။

တစ်နည်းပြယုဂ်ကား" မနုဿာ ဝိဟာရေ စီဝရံ ဂဟေတွာ ဌတွာ ဘိက္ခူနံ ဒေန္တိ"တည်း။အနက်–မနုဿာ–တို့သည်၊ ဝိဟာရေ–၌၊ စီဝရံ–ကို၊ ဂဟေတွာ–ယူကုန်ပြီး၍၊ ဌတွာ–တည်၍၊ ဘိက္ခူနံ–တို့အား၊ ဒေန္တိ–လှူကြကုန်၏။

စာစပ်ပုံကား–မနုဿာကား တို့သည်ဟု–ကြောင့်၊ ဂဟေတွာ–ဌတွာတို့၌ စဉ်းငယ်ထိခဲ့၍ ဒေန္တိ၌ စပ်မြဲ။ဝိဟာရေကား ၌ဟု–ကြောင့်၊ ဌတွာ၌ စပ်။စီဝရံကား ကိုဟု–ကြောင့်၊ ဂဟေတွာ၌ စဉ်းငယ်ထိခဲ့၍၊ ဒေန္တိ၌ အဝုတ္တကံစပ်။ဂဟေတွာကား ၍ဟု–ကြောင့်၊ ဌတွာ၌ ပုဗ္ဗကာလကြိယာဝိသေသန၊ ဌတွာကား အပရကာလကြိယာဝိသေသျ။ဌတွာကား ၍ဟု–ကြောင့်၊ ဒေန္တိ၌စပ်။ဘိက္ခူနံကား တို့အားဟု–ကြောင့်၊ ဒေန္တိ၌ စပ်မြဲ။

တစ်နည်းပြယုဂ်ကား" တေရသ အညသမာနာ စ၊ စုဒ္ဒသ, ကုသလာ တထာ။သောဘဏာ ပဉ္စဝီသတိ၊ ဒွိပညာသ ပဝုစ္စရေ။(ဂါထာ)။အနက်–တေရ သ–၁၃–ပါးကုန်သော၊ အညသမာနာ စ–အညသမာန်းစေတသိက်တို့လည်း ကောင်း၊ စုဒ္ဒသ–၁၄–ပါးကုန်သော၊ အကုသလာ စ–အကုသိုလ်စေတသိက် တို့လည်းကောင်း၊ တထာ–ထိုမှတစ်ပါး၊ ပဉ္စဝီသတိ–၂၅–ပါးကုန်သော၊ သောဘ ဏာ စ–သောဘဏစေတသိက်တို့လည်းကောင်း၊ ဣတိ–သို့၊ ဒွိပညာသ–၅၂– ပါးအပြား ရှိကုန်၏ဟူ၍၊ ပဝုစ္စရေ–အပြားအားဖြင့် မိန့်အပ်ကုန်၏။

စာစပ်ပုံကား တေရသကား ကုန်သောဟု–ကြောင့်၊ အညသမာနာ၌

စပ်မြဲ။စသဒ္ဒါကား သမုစ္စယဇောတကနိပါတ်ပုဒ်တည်း။အညသမာနာစကား လည်းကောင်းဟု–ကြောင့်၊ ဣတိ၌ သံရုပ်၊ ဣတိကား သရူပဝန္တ။စုဒ္ဒသကား ကုန်သောဟု–ကြောင့်၊ အကုသလာ၌ စပ်မြဲ။စသဒ္ဒါကား သမုစ္စယဇောတက နိပါတ်ပုဒ်တည်း။အကုသလာကား တို့လည်းကောင်းဟု–ကြောင့်၊ ဣတိ၌ စပ်မြဲ။ တထာသဒ္ဒါကား ပကာရတ္ထဇောတကနိပါတ်ပုဒ်တည်း။

သောဘဏာကား တို့လည်းကောင်းဟု–ကြောင့်၊ ဣတိ၌ စပ်မြဲ။ဣတိ ကား သို့ဟု–ကြောင့်၊ ပဝုစ္စရေ၌ နိဒဿန စပ်မြဲ။ဒွိပညာသကား ဟူ၍ဟု– ကြောင့်၊ ပဝုစ္စရေ၌ အာကာရ–အာကာရဝန္တစပ်။

တစ်နည်းပြယုဂ်ကား " ဘိက္ခု သာမဏေရေန အဟံ ဂစ္ဆာမီတိ စိန္တေတွာ အာဟာတစီဝရံ ဂဏှာတိ"တည်း။အနက်–ဘိက္ခု–သည်၊ သာမဏေရေန–သာမ ဏေနှင့်၊ အဟံ–ငါသည်၊ ဂစ္ဆာမိ–သွားတော့အံ့၊ ဣတိ–သို့၊ စိန္တေတွာ–ကြံ၍၊ အာဟာတစီဝရံ–ဆောင်ယူအပ်သော သင်္ကန်းကို၊ ဂဏှာတိ–ယူ၏။

စာစပ်ပုံကား ဘိက္ခုကား သည်ဟု–ကြောင့်၊ စိန္တေတွာ၌ စဉ်းငယ်ထိ၍ ဂဏှာတိ၌ ဝုတ္တကတ္တား စပ်။သာမဏေရေနကား သည်ဟု–ကြောင့်၊ အာဟာတစီဝ ရံဟူသော သမာသ်ပုဒ်ဝယ် အာဟာတဟူသော ဂမ္ဘကပုဒ်တစ်စိတ်၌ အာရှေးရှိ သော အဟာတတ် တပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် မဟော အပ်သော အဝုတ္တကတ္တားစပ်။အာဟာတဟူသော ဂမ္ဘကပုဒ်တစ်စိတ်ကား ကတ္တား ၏ ကြိယာ၊(ဝါ)ကတ္တား၏ကြိယာတည်း။အဟံကား ဂစ္ဆာမိ၌ စပ်။ဣတိကား သို့ဟု–ကြောင့်၊ စိန္တေတွာ၌ နိဒဿန၊ စိန္တေတွာကား နိဒဿေတဗ္ဗ။စိန္တေတွာကား ၍ဟု–ကြောင့်၊ ဂဏှာတိ၌ ပုဗ္ဗ–အပရ စပ်လေ။

တစ်နည်းပြယုဂ်ကား " ရက္ခေ ဖရသုံ ဂဟေတွာ ဌိတမနုဿေ အက္ကော သတိ"တည်း။အနက်–ရက္ခေ–သစ်ပင်၌၊ ဖရသုံ–ပေါက်ဆိန်ကို၊ ဂဟေတွာ– ကိုင်၍၊ ဌိတမနုဿေ–တည်သောလူတို့ကို၊ အက္ကောသတိ–ဆဲရေး၏။

စာစပ်ပုံကား–ရက္ခေကား ၌ဟု–ကြောင့်၊ ဌိတမနုဿေဟူသောသမာသ် ပုဒ်ဝယ် ဌိတ၌ အာဓာရ၊ အာဓာရ၏ကြိယာစပ်။ဖရသုံကား ကိုဟု–ကြောင့်၊ ဂဟေတွာ၌ အဝုတ္တကံစပ်။ဂဟေတွာကား ၍ဟု–ကြောင့်၊ ဌိတမနုဿေပုဒ်ဝယ်

ဋ္ဌိတဟူသော ဂမ္ဘကပုဒ်တစ်စိတ်၌ စပ်။ဋ္ဌိတမနုဿေကား တို့ကိုဟု-ကြောင့်၊ အက္ကောသံတိ၌ အာရှေးရှိသော ကုသဓာတ် တိဝိဘတ် အဝုတ္တကံစပ်လေ။

တစ်နည်းပြယုဂ်ကား" မနုဿာ ဂါမတော ဘိက္ခုဿ အာနီတဘတ္တံ ဒေန္တိ"တည်း။အနက်-မနုဿာ-လူတို့သည်၊ ဂါမတော-ရွာမှ၊ ဘိက္ခုဿ-အား၊ အာနီတဘတ္တံ-ဆောင်အပ်သောဆွမ်းကို၊ ဒေန္တိ-လှူကြကုန်၏။

စာစပ်ကား မနုဿာကား တို့သည်ဟု-ကြောင့်၊ ဒေန္တိ၌ စပ်။ဂါမတော ကား မှဟု-ကြောင့်၊ အာနီတဘတ္တံဟူသောသမာသ်ပုဒ်ဝယ် အာနီတဟူသော ဂမ္ဘကပုဒ်တစ်စိတ်၌ စပ်။ဘိက္ခုဿကား အားဟု-ကြောင့်၊ ဒေန္တိ၌ စပ်။ အာနီတဘတ္တံကား ကိုဟု-ကြောင့်၊ ဒေန္တိ၌ ဒါဓာတ် အန္တိဝိဘတ် အဝုတ္တကံစပ်။

(ဤနည်းကို မှီ၍ ပါဠိတော် အဋ္ဌကထာ အနု မဓု ဋီကာ ယောဇနာစသော ကျမ်းဂန်တို့ကို ပို့ချပြောဆိုသောအခါ စာစပ် အထွက် အတက်တို့ကို ပို့ချ ပြောဆိုတော်မူကြပါကုန်လော့။)

ဤတွင် စကားတစ်ရပ်ပြီး၏။

## ဝုတ္တာဝုတ္တစာစပ်နိယံအဖြေများ

နိယံ" ကတ္တားဟောရှာ၊ ကြိယာ၊ မှတ်ပါ ကတ္တာဋ္ဌ။"

၄င်းနိယံအဓိပ္ပါယ်မှာ ကတ္တားဟောကြိယာ၏ ဝစ္စတ္ထသည် ကတ္တား၏ အနက်မည်၏။'ကတ္တားဟောရှာ၊ ကြိယာ'ဟုဆိုခြင်းသည် အဝိနာဘာဝ နာနန္တ ရိကနည်းအားဖြင့် ဆိုသည်ဟုမှတ်။အဘယ့်ကြောင့်ဆိုသော် " ပုရိသော မဂ္ဂံ ဂစ္ဆတိ၊ ပုရိသော မဂ္ဂံ ဂတော "ဟူသောပြယုဂ်၌ တိဝိဘတ် တပစ္စည်းတို့သည် သာလျှင် ကတ္တားကို ဟော၏။ဂမုဓာတ်အရ သွားခြင်းကြိယာသည် ကတ္တားကို မဟောနိုင်ပေ။ထိုသို့ပင် မဟောနိုင်ပါသော်လည်း ဂမုဓာတ်အရ ကြိယာနှင့်ပစ္စည်း တို့သည် မကင်းနိုင်လေသောကြောင့် အဝိနာဘာဝ နာနန္တရိကနည်းအားဖြင့် ကြိယာသည် ကတ္တားကို ဟော၏ဟု ဆိုရ၏။

ကတ္တားဟောကြိယာဆိုသည်မှာလည်း အဝိနာဘာဝ နာနန္တရိကနည်း

အားဖြင့်ဆိုသည်ဟုမှတ်။ကတ္တားဆိုသည်မှာ အမှုကို ပြုလုပ်တတ် ပြီးစီးတတ်သော အစွမ်းသတ္တိကလေးကို ကတ္တားဟုခေါ်ဆိုရ၏။စာသုံးအားဖြင့် နိပ္ဖါဒနသတ္တိ ကတ္တားခေါ်၏။

ပြယုဂ်ကား" ပုရိသော မဂ္ဂံ ဂစ္ဆတိ"တည်း။

(အနက် စာစပ် အတက် အထွက်လွယ်ပြီ)

အမှာစကားညှပ်---ကတ္တား၏အပြား ကတ္တားအကျယ်ကို သိလိုပါက ပုဒ်စစ်စသော သဒ္ဒါကျမ်းတို့ကို ကြည့်လေ။

နိယံ" ကံဟောကြိယာ၊ ဟူသည်မှာ၊ မြစ္စာ ကမ္မတ္ထ" ၄င်းနိယံအဓိပ္ပါယ်မှာ ကံကိုဟောသော ဝစ္စတ္ထသည် ကမ္မတ္ထ ကံမည်၏။အနက်မည်၏။ကံဆိုသည်မှာ အပြုအပြင် အစီအမံ အပြုအလုပ်ခံရသော (ဝါ) အပြုအလုပ်ခံအပ်သော အစွမ်းသတ္တိကို ကံဟုဆိုရ၏။စာသုံးအားဖြင့် ကြိယာပါပုဏနသတ္တိကို ကံဟုခေါ်ဆိုရ၏။

ကြိယာဆိုသည်မှာ သွားခြင်း ချက်ခြင်းစသော အမှုအရာဗျာပါဒကို ကြိယာဟုခေါ်သည်။

ဘောနှင့်ကြိယာဆိုသည်မှာ အခေါ်သာကွဲ၏၊ သဘောအားဖြင့် အထူး မရှိ၊အတူတူသာပင်။ဓာတ်၏အနက်ကိုပင် ဘောဟူ၍လည်းကောင်း၊ ကြိယာဟူ၍လည်းကောင်း ခေါ်ဆိုရ၏။

သို့အတွက်ကြောင့် သဒ္ဒါဆရာတို့သည် " ဘောဟော နာမကော ကြိယာနာမ တဗ္ဗော"ဟုမိန့်ဆိုကြ၏။ကံ၏အကျယ်သိလိုပါက ပုဒ်စစ်ကျမ်းတို့မှာ ကြည့်ကြပါကုန်လော့။

နိယံ" ကြိယာ ကတ္တား၊ ဟောလာငြား၊ ကတ္တားဝုတ္တနေ"။

"ကတ္တား ဝုတ္တ၊ ရှိလာက၊ အဝုတ္တကံပေ"။

၄င်းနိယံ(၂)ပုဒ်တို့၏အဓိပ္ပါယ်မှာ ကြိယာသည် ကတ္တားကိုဟောအံ့၊ ကတ္တားကို ပဌမာဝိဘတ်နှင့်ဝုတ္တထားရာ၏။ကံကို ဒုတိယာဝိဘတ်နှင့် အဝုတ္တကံ

ထားရာ၏ဟုမှတ်။

သို့အတွက်ကြောင့် နိယံဆရာတို့သည်" ကံနှင့်ကတ္တား၊ နှစ်ပါးရှိရာ၊ ဆိုမိန့်နာလော့၊ ကြိယာတတ်၊ မြင်တုံလတ်မူ၊ ပ–ကတ္တားမှာ၊ ဒု–ကံလာလော့"ဟု မိန့်ဆိုကြ၏။

ပြယုဂ်ကား" ပုရိသော သြဒနံ ပစတိ"တည်း။ (လွယ်ပြီ)

နိယံ" ကံဟောကြိယာ၊ ရှိသောခါ၊ ကံသာဝုတ္တစပ်"။"ကံမှုဝုတ္တ၊ ရှိလေက၊ အဝုတ္တကတ္တားမှတ်"။

၄င်းနိယံနှင့်ပုဒ်၏ အဓိပ္ပါယ်မှာ ကံဟောကြိယာရှိပါက ကံကို ပဌမာဝိဘတ်နှင့်ဝုတ္တကံထားရာ၏။ကတ္တားကို တတိယာဝိဘတ်နှင့်အဝုတ္တကတ္တား ထားရာ၏။သို့အတွက်ကြောင့် နိယံဆရာတို့သည်" ကြိယာအပ်၊ မြင်တုံလတ်မူ၊ တ–ကတ္တားမှာ၊ ပ–ကံလာလော့"ဟုမိန့်ဆိုတော်မူကြကုန်၏။

ဘယ်အတွက် ကံဖြစ်လျှင် ပဌမာဝိဘတ်နှင့်ထားရသနည်းဟူမူ–– "ဟောရာ ဟောရာ၊ ပဌမာ၊ မဟောပါလျှင်၊ ဒုတိယာနှင့်တတိယာ"ဟုသဒ္ဒါဆရာတို့သည် ဆိုသောကြောင့် (အမှာ)အကျယ်သိလိုပါက ဝစ္စ ဝါစကစာကို ဋီကာတို့မှာ ကြည့်ကြပါကုန်။

ပြယုဂ်ကား"ပုရိသေန သြဒနော ပစတေ"တည်း။
(အနက် စာစပ် အတက် အထွက် လွယ်ပြီ) (၄င်းနိယံပြီး၏)

နိယံ" ဘောဟောကြိယာ၊ရှိသောခါ၊ နှစ်ဖြာ ကံ ကတ်၊ အဝုတ္တဟုမှတ်"

၄င်းနိယံအဓိပ္ပါယ်မှာ ဘောကိုဟောသောကြိယာရှိပါက ကတ္တားမှာ တတိယာဝိဘတ်နှင့် အဝုတ္တကတ္တားထားရာ၏။ကံမှာ ဒုတိယာဝိဘတ်နှစ်ဖြစ်စေ ဆဋ္ဌီဝိဘတ်နှင့်ဖြစ်စေ အဝုတ္တကံထားရာ၏။

သို့အတွက်ကြောင့် နိယံဆရာတို့သည်" ခြင်းရာနှစ်ပါး၊ ဘောမြစ်ငြားမူ၊ ကတ္တားကား–တ၊ ဒု–ကံ–ဆ–သည်၊ မုချမလွဲ၊ မှတ်စမြဲ"ဟု နိယံဆရာတို့ မိန့်ကြ၏။ဤအဝုတ္တကံနေရာ၌ အဋ္ဌကထာ ဋီကာတို့၌ ဆဋ္ဌီဝိဘတ်နှင့်အရှိများကြ၏။

ပြယုဂ်ကား" ပုရိသေန သဒ္ဒနဿ ပစ္စတေ "တည်း။
(အနက်၊ စာစပ်၊ အတက်၊ အထွက် လွယ်ပြီ)(ငှင်းနိယံပြီး၏။)

နိယံ". သကမ္မကကြိယာ၊ ရှိသောခါ၊ နှစ်ဖြာ ကံကတ်၊ ရှိမြဲမှတ်"။

ငှင်းနိယံ အဓိပ္ပါယ်မှာ သကမ္မကပါရှိပါက ကတ္တားပုဒ် ကံပုဒ်တို့သည် ရှိရမြဲဟုမှတ်ပါလေ။

သကမ္မကကြိယာရွေးချယ်နည်းမှာ–ကြိယာကို ကိုင်ပြီးလျှင် မြန်မာလို ကိုဟူ၍လည်းကောင်း၊ သို့ဟူ၍လည်းကောင်း ကံတောင်းရပါက (ဝါ)ကံကို အလိုရှိပါက သကမ္မကဟုမှတ်လေ။

ပြယုဂ်ကား" လုဒ္ဒကော မိဂံ ဝိဇ္ဈတိ "တည်း

တစ်နည်း––

(က)ကြိယာသည် ကံပုဒ်ပါမှ အဓိပ္ပါယ်ပြည့်စုံသော သကမ္မကကြိယာ။

(ခ)ကြိယာသည် ကံပုဒ်မပါပဲလည်း အဓိပ္ပါယ်ပြည့်စုံသော အကမ္မက ကြိယာဟူ၍ (၂)မျိုးရှိ၏။ထိုတွင် ဝါကျရပ်တစ်ခုတွင် သကမ္မကကြိယာပါရှိသော ကံပုဒ် ကတ္တားပုဒ်နှစ်ရပ်လုံးပါရှိမြဲဖြစ်သည်ဟုမှတ်။

ပုံစံကား(က)ပုရိသော ဂါမံ ဂစ္ဆတိ။(ကတ္တုဝါကျ သကမ္မက ဂမုဓာတ်– ပြယုဂ်)။(ခ)ပုရိသေန ဂါမော ဂစ္ဆီယတေ။(ကမ္မဝါကျ သကမ္မကဂမုဓာတ်ပြယုဂ်)

## အကမ္မကကြိယာ

နိယံ" အကမ္မကကြိယာ၊ ရှိဝါကျာ၊ ကတ်သာ ရှိနေတတ်"။

ဝါကျရပ်တစ်ခုတွင် အကမ္မကကြိယာပါရှိသောအခါ ကတ္တားပုဒ်သာ ပါတတ်၍ ကံပုဒ်မပါနိုင်ဟုမှတ်။

ပုံစံကား (က) သုခံ တေ ဟောတု။

(ခ) ဘဝတု သဗ္ဗမင်္ဂလံ။

(ဂ) ပရိယကော် ရာဇာ သေတိ။

(ဃ) ဂင်္ဂါယံ ဃောသော တိဋ္ဌတိ။

ဆောင်။ ။ဟူ' ဘူ' သိ' ဌာ၊ ဤလေးဖြာ၊ အကမ္မကာမှတ်။

နိယံ" ကတ္တား ကြိယာ၊ ဟူသည်မှာ၊ နိစ္စာယှဉ်မြဲမှတ်"။

၄င်းနိယံ၏ အဓိပ္ပါယ်မှာ ကတ္တားနှင့်ကြိယာတို့သည် ကတ္တားရှိက ကြိယာရှိရ၏။ကြိယာရှိပါက ကတ္တားရှိရ၏ဟုမှတ်။

သို့အတွက်ကြောင့် သဒ္ဒါဆရာတို့သည် " ကတ္တုသညာ ကြိယာ နာမ နတ္ထိ။ကြိယာ သညာ ကတ္တာ နာမ နတ္ထိ" ဟုမိန့်ဆိုကြ၏။

ပုံစံကား(က) ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇတိ။(ပရိပုဏ္ဏဝါကျ)။

(ခ) ဗြူဟိ မင်္ဂလ မုတ္တမံ။(ကတ္တုဟီနဝါကျ)။

(ဂ) ယေန ဘဂဝါ တေနုပသင်္ကမိ။(ကြိယာဟီနဝါကျ)။

မောင်းထောင်နိယံ---

"ခပ်သိမ်းအရာ၊ ကြိယာပါဒ၊ မကြားရချေ၊ မမြင်လေလျှင်၊ ထိုတွင် အတ္ထိ၊ ဘဝတိ ကြိယာ၊ ယထာရပ်၊ ထည့်သွင်းရ၊ မှတ်ကြမြဲမြဲစွာ။

ပြယုဂ်ကား" ပုရိသော သေတိ"တည်း။ (၄င်းနိယံပြီး၏။)

နိယံ" ကံဟော ကြိယာ၊ နောက်မှာ အဟုတ်၊ အာချာတ်ထုတ်၊ မဟုတ် ကတ္တားလွှဲ"။

၄င်းနိယံအဓိပ္ပါယ်ကား ကံကိုဟောသော ကိတ်ကြိယာနောက်မှာ အာချာတ်ကြိယာထုတ်ပါက ကံဟောကြိယာ၏ ကံကို ကတ္တားလွှဲ၍ အနက်ပေးရာ၏။

သို့အတွက်ကြောင့် ဘုရားကြီးနိယံ၌"ကံဟောမှန်ဘိ၊ ကိတ်ကြိယာ၊ နောက်မှာတစ်ပါး၊ အာချာတ်သွားက၊ ကတ္တားတဖန်၊ ဖြစ်တုံပြန်သည်၊ ချင်းကံ၄င်း ကတ္တားတည်း"။ဟုမိန့်ဆိုတော်မူ၏။

ပုံစံကား" အတ္ထော အက္ခရသညာတော"စသည်တည်း။

ပြောင်းလွှဲပုံ(က) အတ္ထော-အနက်ကို၊ အက္ခရသညာတော-အက္ခရာတို့ဖြင့် သိအပ်မှတ်အပ်၏။(ကံဟောကိတ်ကြိယာ)။

(ခ) အတ္ထော-အနက်ကို၊ အက္ခရသညာတော-အက္ခရာတို့ဖြင့် သိအပ်

မှတ်အပ်သည်၊ ဟောတိ–ဖြစ်၏။(အာချာတ်ကြိယာဝင်လာပုံ)။
(ငှင်းနိယံပြီး၏)

နိယံ" အာချာတ်ပုဒ်ကား၊ ရံခါငြား၊ ကတ္တား ကံဖြစ်မြဲ။
အမည်ပြုလုပ်၊ အာချာတ်ပုဒ်၊ မယုတ်နာမ်ဖြစ်မြဲ"။

ငှင်းနိယံအဓိပ္ပါယ်–အာချာတ်ပုဒ်တို့သည် တရံတစ်ခါ၌ နာမ်မှာ ကံနှင့် ကတ္တားဖြစ်နိုင်၏။အမည်ပြုလုပ်သောအခါ၌လည်း နာမ်ဖြစ်နိုင်၏။နာမ်သဘောသို့ ရောက်၏။ဝိဘတ်သက်နိုင်၏ဟုမှတ်လေ။

ပုံစံကား–––

(က) ကော မေ ဝန္ဒတိ ပါဒါနိ။(ဝန္ဒတိ–အာချာတ်ပုဒ် ကတ္တားဖြစ်ပုံ)

(ခ) မိဂံ ဓာဝတိ ပဿာမိ။(ဓာဝတိ–အာချာတ်ပုဒ် ကံပုဒ်ဖြစ်ပုံ)

(က)အနက်––မေ–ငါ၏၊ ပါဒါနိ–ခြေတို့ကို၊ ဝန္ဒတိ–ရှိခိုးသောသူသည်၊ ကော–ဘယ်သူနည်း။

စာစပ်ပုံ–ပါဒါနိကား တို့ကို–ဝန္ဒတိ၌ စပ်မြဲ။ဝန္ဒတိကား သည်–ကော၌ တုလျတ်–လိင်္ဂတ်စပ်။

ကံဖြစ်တဲ့အရာမှာ အမည်ပြုလုပ်၍ နာမ်ဖြစ်တဲ့နေရာဖြယုဂ်ကား" မက္ခလိ ဂေါသာလော ဂစ္ဆတိ"စသည့်တည်း။ဤ၌ မက္ခလိဟူသော အာချာတ်ပုဒ်သည် နွားခြံ၌ မွေးဖွားသူ၏အမည် ပြုလုပ်သုံးစွဲထားသောကြောင့် နာမ်ပုဒ်ဖြစ်သွားတော့၏။

နိယံ" ကံနှင့်ကတ္တား၊ ဝုတ္တငြား၊ နှစ်ပါး ဓာတ်ပစ္စည်းမှာစပ်"။

ငှင်းနိယံ၏အဓိပ္ပါယ်ကား ကံနှင့်ကတ္တားတို့သည် ဝုတ္တကတ္တား ကံဖြစ်ခဲ့သည်ရှိသော် ဓာတ်ရော ပစ္စည်းရော နှစ်ပါးလုံးပင် စပ်နိုင်သည်ဟု မှတ်ပါ။ (ဤ၌ပစ္စည်းဟူသည် ကိတ်ပစ္စည်းနှင့်အာချာတ်ဝိဘတ်များကို ဆိုသည်ဟုမှတ်)

ပုံစံကား –––

(က) ပုရိသေန ဂါမော ဂတော ဂစ္ဆီယတေ ဝါ။(ကမ္မဝါကျ)

(ခ) ပုရိသော ဂါမံ ဂတော ဂစ္ဆတိ ဝါ။(ကတ္တုဝါကျ)

ရှင်းလင်းချက်။ ။

(က)ကမ္မဝါကျ၌ ဂါမောဟူသော ဝုတ္တကံပုဒ်၏ ရွာသို့ဟူသောအနက်ကို ဂတော ဂစ္ဆီယတေတို့၌ ဂမုဓာတ်၏ သွားဟူသောအနက်၌လည်းကောင်း၊ ကံဟော တပစ္စည်း တေဝိဘတ်တို့၏ အပ်၏ဟူသာအနက်၌လည်းကောင်း စပ်ရမည်။ယင်းသို့စပ်သော် ရွာသို့+သွား+အပ်၏ဟူသောအနက်ကို သိနိုင်၏။

ဂါမောပုဒ်၌ သွားခြင်းကြိယာဖြင့် ရောက်အပ်သော ပါပုဏနသတ္တိ တည်ရှိပုံကိုလည်း သိနိုင်၏။

(ခ)ကတ္တုဝါကျ၌ ပုရိသောဟူသော ဝုတ္တကတ္တားပုဒ်၏ ယောကျ်ားသည် ဟူသောအနက်ကို ဂတော ဂစ္ဆတိတို့၌ ဂမုဓာတ်၏ သွားဟူသောအနက်၌လည်းကောင်း၊ ကတ္တားဟော တပစ္စည်း တိဝိဘတ်တို့၏ တတ်၏ဟူသောအနက်၌လည်းကောင်း စပ်ရမည်။ယင်းသို့စပ်သော ယောကျ်ားသည်+သွား+တတ်၏ဟူသော အနက်ကို သိနိုင်၏။

ပုရိသောပုဒ်၌ သွားခြင်းကြိယာကို ပြီးစေတတ်သော ကြိယာနိပ္ဖါဒန သတ္တိရှိပုံကိုလည်း သိနိုင်၏။

နိယံ" အဝုတ္တပင်၊ ကံ ကတ်မြင်၊ ဓာတ်တွင် ရှေ့သာစပ်"။

အဓိပ္ပါယ်–အဝုတ္တကံပုဒ် အဝုတ္တကတ္တားပုဒ်တို့ကို စာစပ်သည့်အခါ ဓာတ်၌သာ စပ်ရ၏။ပစ္စည်း ဝိဘတ်တို့ကို မစပ်ရ။

ပုံစံကား(က) ပုရိသေန ဂါမော ဂတော။

(ခ) ပုရိသော ဂါမံ ဂတော။စသည်တည်း။

ရှင်းလင်းချက်---

(က)ဝါကျ၌ ပုရိသေနဟူသော အဝုတ္တကတ္တားပုဒ်၏ ယောကျ်ားသည်ဟူသော အနက်ကို ဂတောဟူသော ကံဟောကိတ်ကြိယာပုဒ်တွင်ရှိ သွားဟူသော ဂမုဓာတ်အနက်၌သာစပ်၍ ယောကျ်ားသည်+သွားဟူသောအနက်ကို သိအပ်၏။အပ်၏ဟူသော တပစ္စည်း၏အနက်၌ စပ်ရ၏မှတ်လေ။

(ခ)ဝါကျ၌ ဂါမံဟူသော အဝုတ္တကံပုဒ်၏ ရွာသို့ဟူသောအနက်ကို ဂစ္ဆတော်ဟူသော ကတ္တားဟော ကိတ်ကြိယာတွင်ရှိ သွားဟူသော ဂမုဓာတ်၏ အနက်၌သာစပ်၍ ရွာသို့+သွားဟူသောအနက်ကို သိအပ်၏။တတ်၏ဟူသော ကတ္တားဟော တပစ္စည်း၏အနက်၌ မစပ်ရဟုမှတ်လေ။

သို့အတွက်ကြောင့် ဘုရားကြီးနိယံ၌" ကတ္တား ဝုတ္တ၊ ပစ္စယ ဓာတု၊ နှစ်ခုစပ်ရ၊ အဝုတ္တမှာ၊ ဓာတ်တွင်သာ၊ ကံမှာငှင်းနည်းပင်ပြု"ဟုမိန့်ဆိုတော်မူ၏။

နိယံ" ကရိဏ်း စသား၊ ဤလေးပါး၊ မမှား ဓာတ်တွင်စပ်"။

အဓိပ္ပါယ်–ကရိဏ်း သမ္ပဒါန် အပါဒါန် ဩကာသဟုဆိုအပ်သော ကာရကံလေးပါးတို့ကို စာစပ်သည့်ရှိသော် ဓာတ်၌သာ စပ်ရမည်ဟုမှတ်။

(၁)ကရိဏ်းဆိုသည်မှာ အမှုကို ပြုလုပ်တတ်သော အရာဌာန၌ အများဆုံးကျေးဇူးပြုတတ်သော အစွမ်းသတ္တိကို ကရိဏ်းခေါ်သည်။

ပြယုဂ်ကား " ဒတ္တေန ဝီဟိံ လုနာတိ"တည်း။

(စာစပ်နှင့်အနက် အောက်  ၌ထင်ရှားလတ့်)

(၂)သမ္ပဒါန်ဆိုသည်မှာ ပူဇော်ချီးမြှောက်သောအားဖြင့် ပေးသည်ဖြစ်စေ၊ သနားသောအားဖြင့် ပေးသည်ဖြစ်စေ၊ ဘယ်လိုနည်းနဲ့ပေးပေး ပေးသောဝတ္ထုကို ခံယူတတ်သော အစွမ်းသတ္တိကို သမ္ပဒါန်ဟုခေါ်၏။စာသုံးအားဖြင့် ဝတ္ထုပဋိဂ္ဂါဟကသတ္တိကို သမ္ပဒါန်ခေါ်၏။

ပြယုဂ်ကား " ဘိက္ခုဿ စီဝရံ အဒါသိ "တည်း။

(အနက် စာစပ် အောက်၌ ထင်ရှားပြီ)

(၃) အပါဒါန်ဆိုသည်မှာ ပင်ဖိုယ်ရင်းအရပ်မှ ခွဲခွါသည်ရှိသော် ကျန်၍ နေရာဖြစ်သော အစွမ်းသတ္တိကို အပါဒါန်ခေါ်သည်။

ပြယုဂ်ကား " ဂါမာ အပေန္တိ မုနယော"တည်း။

(အနက် စာစပ် အောက်၌ထင်ရှားလတ့်)

(၄) ဩကာသဆိုသည်မှာ သွားခြင်း မြင်ခြင်းစသော ကြိယာ၏ တည်ရာ မှီရာဖြစ်သော အရာဝတ္ထုမျိုးကို ဩကာသဟုခေါ်၏။စာသုံးဖြင့် ကြိယာတိဋ္ဌာပန

သတ္တိကို ဩကာသဟုခေါ်၏။

ပြယုဂ်ကား" ဘူမိသု မနုဿာ စရန္တိ"တည်း။

(အနက် စာစပ် အောက်၌ပြလတ္တံ့)

**အမှာ**---ကရိဏ်းစသော ကာရကလေးပါးတို့၏ အကျယ်ကို သိလိုပါက ပုဒ်စစ်စ သော သဒ္ဒါကျမ်းတို့မှာ ကြည့်လေ)

နိယံ" ဓာတ်တုံရွေ့တိ၊ စပ်တုံဘိ၊ ကာ ကိ ခွဲ၍ဆို"။

" ပစ္စည်းတွင်သာ၊ စပ်သောခါ၊ ဝစ် ဝါ ခွဲ၍ဆို"။

၄င်းနိယံတို့၏ အဓိပ္ပါယ်မှာ စာစပ်သောအခါ ဓာတ်၌သာစပ်ပါက ကာရက ကြိယာဆို၍စပ်ရာ၏။

(ကာရက+ကြိယာ–ကာ+ကိ ခွဲ)

နိယံ။ ။ဓာတ်တွင်ရွေတိ၊ စပ်တုံဘိ၊ ကာ ကိ ခွဲ၍ဆို။

ဓာတ်နှင့်သာစပ်ရသော အဝုတ္တကံ အဝုတ္တကတ္တား ကရိဏ်း သမ္ပဒါန် အပါဒါန် အာဓာရပုဒ်တို့ကို စာစပ်သောအခါ၌ အဝုတ္တကံ+ထိုကံ၏ကြိယာ။ အဝုတ္တကတ္တား+ထိုကတ္တား၏ကြိယာ။ကရိဏ်း+ထိုကရိဏ်း၏ကြိယာ။သမ္ပဒါန် +ထို သမ္ပဒါန်၏ကြိယာ။အပါဒါန်+အပါဒါန်၏ကြိယာ။ဩကာသကာရက၏ ကြိယာဟူ၍ ကာရကနှင့်ကြိယာ ခွဲခြားစပ်ဆိုရ၏။

(ပုံစံနှင့်စာစပ်ဟန်ကား ပြခဲ့ပြီးသည့်အတိုင်းပင်တည်း)

ပစ္စည်း၌စပ်ပါက ဝစ္စ ဝါစကစပ်ရာ၏ဟု မှတ်။

အထက်ပါ "ဓာတ်တွင်ရွေ့တိ၊ စပ်တုံဘိ၊ ကာ ကိ ခွဲ၍ဆို"ဟူသောနိယံပုဒ်သည် ဥပလက္ခဏ နိဒဿနနည်းမျှသာတည်း။ဓာတ်မှာစပ်ရာ၌ ကာရက ကြိယာသာ စပ်နိုင်သည်မဟုတ်၊ အကြောင်းအကျိုး+အပေါင်းအစိတ်လည်း စပ်နိုင်၏။သို့အ တွက်ကြောင့် ဘုရားကြီးနိယံ၌" ဓာတ်တွင်ရွေ့သာ၊ စပ်သောခါ၊ ဝစ် ဝါ ခွဲ၍ဆို" ဟူသောနိယံသည်လည်း ဥပလက္ခဏ နိဒဿနမျှသာတည်း။

ပစ္စည်းမှာ စပ်ရာ၌ ဝစ္စ ဝါစကဆို၍ စပ်နိုင်သည်မဟုတ်၊ တုလျတ်+ လိင်္ဂတ်ဆို၍ စပ်နိုင်၏။သို့အတွက်ကြောင့် ဘုရားကြီးနိယံ၌" ပစ္စည်းတွင်သာ၊

ကတ္တား အဟံ၊ အမှန်စင်စစ်၊ စပ်သည်ဖြစ်မူ၊ ဝစ် ဝါ တုံ လိင် စပိမြဲ"ဟုမိန့်၏။

ယခုအခါ၌ နိယံဆရာတို့ ဆိုကြသည့်အတိုင်း စည်းကမ်းကျကျ ကာရကချောက်ပါးစာစပ်ပုံကို ဥဒါဟရုဏ် အနည်းငယ်ပြလိုက်ဦးအံ့။

(၁)ဝုတ္တကတ္တား အဝုတ္တကံအရာ၌ ပြယုဂ်ကား " ပုရိသော ဩဒနံ ပစတိ" တည်း။အနက်လွယ်ပြီ။

စာစပ်ကား ပုရိသောကား သည်ဟု–ကြောင့်၊ ပစတိ၌ ပစဓာတ်ကိုပြီးစေတတ်သော ကတ္တုကာရက၊ ပစဓာတ်ကား ပြီးစေအပ်သော ကတ္တုကာရက၏ ကြိယာ။**တစ်နည်း**–ပုရိသောကား သည်ဟု–ကြောင့်၊ ပစတိ၌ တိဝိဘတ်သည် ဟောအပ်သောဝုတ္တကတ္တား၊ တိဝိဘတ်ကား ကတ္တား၏ကြိယာ။(ဝါ)ကတ္တား၏ ကြိယာတည်း။**တစ်နည်း**–ပုရိသောကား သည်ဟု–ကြောင့်၊ ပစတိ၌ တိဝိဘတ် ဝယ် တုလျတ်–တိဝိဘတ်ကား လိင်္ဂတ်။(ဤကား ဝိဘတ်နှင့်စပ်ပုံ။ဤကား ဝုတ္တကတ္တား နေရာ၌ စပ်ပုံတည်း။)

ဩဒနံကား ကိုဟု–ကြောင့် ပစတိ၌ ပစဓာတ်ကို ပြီးစေတတ်သော ကမ္မကာရက၊ ပစဓာတ်ကား ပြီးစေအပ်သော ကမ္မကာရက၏ ကြိယာ။**တစ်နည်း**–ဩဒနံကား ကိုဟု–ကြောင့်၊ ပစတိ၌ ပစဓာတ်သည် အကြောင်း +ပစဓာတ်ကား အကျိုး။**တစ်နည်း**–ဩဒနံကား ကိုဟု–ကြောင့်၊ ပစဓာတ်၌ အပေါင်း+ ပစဓာတ်ကား အစိတ်။(ဤကား ဓာတ်၌ စပ်ပုံတည်း။)

ဝုတ္တကံဖြစ်သောကြောင့် ပစ္စည်း၌မစပ်။(ဤကား အဝုတ္တကံနေရာ၌ စပ်ပုံ)

(၂) အဝုတ္တကတ္တား ဝုတ္တကံနေရာ၌ ပြယုဂ်ကား" ဂရုဠေန နာဂေါ ဟညတေ"တည်း။**အနက်**–ဂရုဠေန–ဂရုဠ်(ဂဠုန်)သည်၊ နာဂေါ–နဂါးကို၊ ဟညတေ–သတ်အပ်၏။

စာစပ်ပုံ–ဂရုဠေနကား သည်ဟု–ကြောင့်၊ ဟညတေ၌ ဟနဓာတ် ပြီးစေတတ်သော ကတ္တုကာရက၊ ဟညတေကား ပြီးစေအပ်သော ကတ္တုကာရက၏ ကြိယာ။**တစ်နည်း**–ဂရုဠေနကား သည်ဟု–ကြောင့်၊ ဟညတေ၌ ဟနဓာတ်သည်

အကြောင်း၊ ဟနဓာတ်ကား အကျိုး။**တစ်နည်း**–ဂရုဠေနကား သည်ဟု–ကြောင့်၊ ဟညတေ၌ ဟနဓာတ်သည် အပေါင်း၊ ဟနဓာတ်ကား အစိတ်။အဝုတ္တကတ္တား ဖြစ်၍ ပစ္စည်းမှာ မစပ်။(ဤကား အဝုတ္တကတ္တားနေရာ၌ စပ်ပုံတည်း။)

**တစ်နည်း**–နာဂေါကား ကိုဟု–ကြောင့်၊ ဟညတေ၌ ဟနဓာတ်ကို ပြီးစေတတ်သော ကမ္မကာရကကြိယာ။**တစ်နည်း**–နာဂေါကား ကိုဟု–ကြောင့်၊ ဟညတေ၌ ဟနဓာတ်သည် အပေါင်း၊ ဟနဓာတ်ကား အစိတ်။(ဤကား ဓာတ်၌စပ်)

**တစ်နည်း**–နာဂေါကား ကိုဟု–ကြောင့်၊ ဟညတေ၌ တေဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် ဟောအပ်သောဝုတ္တကံ၊ တေဝိဘတ်ကား ကံ၏ကြိယာ(ဝါ)ကံ၏ကြိယာတည်း။**တစ်နည်း**–နာဂေါကား ကိုဟု–ကြောင့်၊ ဟညတေ၌ တေဝိဘတ်ဝယ် တုလျတ်၊ တေဝိဘတ်ကား လိင်္ဂတ်။(ဤကား ဝိဘတ်၌ စပ်ပုံတည်း)

(ယခုကာလစပ်ကြသော စာစပ်သည် မသေချာ။သေသေချာချာ ဂဂနန စပ်လိုပါက အထက်ပြဆိုအပ်သောစာစပ်ကို ကြည့်ရှုလေ။)

"ဒတ္တေန ဝီဟိံ လုနာတိ"စသော ကရဏကာရက။
"ဘိက္ခုဿ ဒါနံ ဒေတိ"စသော သမ္ပဒါနကာရက။
"ဂါမာ အပေန္တိ မုနယော"စသော အပါဒါနကာရက။
"ဝိဟာရေ ဝသတိ"စသော ဩကာသကာရက။

တို့၌ ကာရက–ကြိယာ။အကြောင်း–အကျိုး။အပေါင်း–အစိတ်။စပ်ပုံတို့ကိုလည်း အထက်ပြဆိုခဲ့ပြီးသောနည်းကို မှီ၍ စပ်ကြလေ။ကျယ်မည်စိုးသောကြောင့် အနက် နှင့်စာစပ်ကို မရေးတော့ပဲ အမှာစကားကိုသာ ရေးလိုက်ပါ၏။

(ဓာတ်တွင်ရွေ့တိ(လ)ဝစ် ဝါ ခွဲ၍စပ်–ဟူသောနိယံပြီး၏)

နိယံ"ကာရကခြောက်ဖြာ၊ စပ်အပ်ရာ၊ ကြိယာတွင်သာမှတ်"

၄င်းနိယံ၏ အဓိပ္ပါယ်မှာ ကတ္တုကာရက–––ဩကာသကာရကဟုဆိုအပ်သော ကာရကခြောက်ပါးတို့ကို စာစပ်သောအခါ ကြိယာမှာသာစပ်ရမည်။

ဘုရားဖြူကျောင်းတိုက်

အထက်ပါနိယံ၏ စကားသည် ယေဘုယျနည်းဟုမှတ်၊ အပွကအားဖြင့် ကာရက အချင်းချင်းလည်း စပ်နိုင်သေး၏။

ပြယုဂ်ကား "ဧသော နော သတ္ထာ"တည်း။အနက်–ဧသော–ဤသူသည်၊ နော–ငါတို့၏၊ သတ္ထာ–ဆရာတည်း။(စာစပ် အထွက် လွယ်ပြီ)

ကာရကခြောက်ပါးတို့တွင် ကြိယာ၌စပ်ပုံ ပြယုဂ်ကား" ပုရိသော တိဏံ ဟတ္ထေန ဂေါဏာယ ဝနသ္မာ ဂေဟေ ဟရတိ"တည်း။(အနက် စာစပ် နောက်က အတိုင်းပင်။ပြီး၏)

နိယံ" ဟိတ်လက္ခဏာ၊ ဟူသည်မှာ၊ ကြိယာတွင်သာစပ်"။

၎င်းနိယံ၏ အဓိပ္ပါယ်မှာ ဟိတ် လက္ခဏာပုဒ်မျိုးကို စာစပ်သောအခါ ကြိယာမှာသာစပ်ရမည်ဟု မှတ်။

ဟိတ်လက္ခဏာ ကြိယာစပ်ရာ၌ ပြယုဂ်ကား "ဗီဇာယ အင်္ကုရော ဇာယတိ"တည်း။အနက်–ဗီဇာယ–မျိုးစေ့ကြောင့်၊ အင်္ကုရော–အညွန့်သည်၊ ဇာယတိ–ဖြစ်၏။(စာစပ်လွယ်ပြီ)

လက္ခဏာပုဒ် ကြိယာမှာစပ်ရာ၌ ပြယုဂ်ကား" ဂါဝေသု ဒုယှမာနေသု ဂတော ပုရိသော"တည်း။အနက်–ဂါဝေသု–နွားတို့ကို၊ ဒုယှမာနေသု–နို့ညှစ် အပ်ကုန်ပြီးသည်ရှိသော၊ ပုရိသော–သည်၊ ဂတော–သွား၏။(စာစပ် လွယ်ပြီ)

ဟိတ်လက္ခဏာ၊ ဟူသည်မှာ၊ ကြိယာတွင်သာစပ်"။ဟူသောနိယံ၏ စကားသည် ဥပလက္ခဏ နိဒဿန ယေဘုယျနည်းအားဖြင့် မှတ်လေ။အပွက အားဖြင့် ကြိယာမှတစ်ပါး တစ်ပါးသောပုဒ်များမှာလည်း စပ်နိုင်သေး၏။

ပြယုဂ်ကား" ပုရိသော သပ္ပိံ ပိဝိတ္တာ ဗလဝတ္တာ ဘာရံ ဝဟတိ" တည်း။အနက်–ပုရိသော–သည်၊ ပိဝိတ္တာ–သောက်သည်၏အဖြစ်ကြောင့်၊ ဘာရံ–ဝန်ကို၊ ဝဟတိ–ရွက်ဆောင်နိုင်၏။

စာစပ်ပုံကား ပုရိသောကား သည်ဟု–ကြောင့်၊ ဝဟတိ၌ ဝဟဓာတ် တိဝိဘတ်––ဝုတ္တကတ္တားစပ်။သပ္ပိံကား ကိုဟု–ကြောင့် ပိဝိတ္တာဝယ် ပိဝဟူသော အန္တပုဒ်၌ တုလျတ်၊ ပိဝဟူသော အန္တပုဒ်ကား လိင်္ဂတ်။(ဤနေရာ၌ ဓာတ်ပစ္စည်း

ဖော်၍စပ်နိုင်၏)။ပိဝိတ္တာကား ကြောင့်ဟု–ကြောင့်၊ ဝဟာတိ၌ စပ်မြဲ။ဘာရံကား ကိုဟု–ကြောင့်၊ ဝဟာတိ၌ အဝုတ္တကံစပ်။

(မှတ်ချက်) ဤပြယုဂ်၌ ပိဝိတ္တာဟူသောပုဒ်သည် ဗလဝတ္တာဟူသော ပုဒ်မှာ စပ်ကြရ၏။(ဟိတ်လက္ခဏာ–––––တွင်သာစပ်။နိယံပြီး၏။)

နိယံ"အာဓာနှစ်ဖြာ၊ ဆင့်၍လာ၊ ရှေ့မှာ သာမည၊ နောက်မှာ ဝိသေသ"။

၄င်းနိယံအဖြေမှာ မြန်မာလို ၌ဟုပေးအပ်သော အာဓာရနှစ်ပါး ဆင့်၍ လာပါက ရှေ့ကို သာမညာဓာရ၊ နောက်ကို ဝိသေသာဓာရ စပ်ရာ၏။

ပြယုဂ်ကား"သာဝတ္ထိယံ ဇေတဝနေ ဝိဟရတိ"တည်း။**အနက်**–သာဝတ္ထိယံ–သာဝတ္ထိပြည်၌၊ ဇေတဝနေ–ဇေတဝန်ကျောင်း၌၊ ဝိဟရတိ–နေတော်မူ၏။

စာစပ်ပုံကား သာဝတ္ထိယံကား ၌ဟု–ကြောင့်၊ ဝိဟရတိ၌ သာမညာဓာရ၊ ဝိဟရတိကား သာမညာဓာရ၏ ကြိယာ။ဇေတဝနေကား ၌ဟု–ကြောင့်၊ ဝိဟရတိ၌ ဝိသေသာဓာရ၊ ဝိဟတိကား ဝိသေသာဓာရ၏ ကြိယာ။(သာမည၊ ဝိသေသပြီး၏)

အများနှင့်သက်ဆိုင်၍ အများနှင့်ဆက်ဆံပါက သာမည။အများနှင့် မသက်ဆိုင်မူ၍ မိမိနှင့်သာ သက်ဆိုင်၍ မိမိနှင့်သာ ဆက်ဆံပါက ဝိသေသမှတ်။

**ရှင်းလင်းချက်**။ပြယုဂ်ကား "ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ" တည်း။သာဝတ္ထိယံကား ရှေ့အာဓာရဖြစ်၍ သာဝတ္ထိမြို့တွင်းရှိ ဘုရားရှင် သီတင်း သုံးတော်မူရာ ပုဗ္ဗာရုံကျောင်း၌လော၊ ဇေတဝန်ကျောင်း၌လော၊ နှစ်နေရာ နှစ်ဌာန နှင့်ဆက်ဆံနေသဖြင့် သာမညဖြစ်သော နေရာဌာနဖြစ်သည်။

ဇေတဝနေကား နောက်အာဓာရဖြစ်၍ သာဝတ္ထိမြို့တွင်း ဇေတဝန် ကျောင်းတော်သည် တစ်ခုတည်းသာဖြစ်၍ တစ်ပါးသောနေရာဌာနနှင့် မဆက်ဆံ သောကြောင့် ဝိသေသဖြစ်သော နေရာဌာနဖြစ်သည်ဟုမှတ်။

အာဓာရနှစ်ဖြာ၊ ဆင့်၍လာ––အစရှိသောနိယံစကားသည် ဥပလက္ခဏာ နိဒဿနမျှသာတည်း။အာဓာရတို့သည် နှစ်ပါး သုံးပါး အရာ အထောင် အ သောင်း အသိန်း အသန်းမကပင် ရှိသော်လည်း ရှေ့ရှေ့ဖြစ်သော အာဓာရတို့သည်

သာမညာစာရတို့မည်၏။နောက်နောက်ဖြစ်သော အာစာရတို့သည် ဝိသေသာစာရတို့မည်၏။

သို့အတွက်ကြောင့် ဆရာ့ဆရာကြီးတို့သည် အာစာရများစွာ ဆင့်၍လာမှု ရှေးရှေးကား သာမည၊ နောက်နောက်ကား ဝိသေသဟု မိန့်ဆိုတော်မူကြကုန်၏။ပြယုဂ်ကား " အဟံ သာမဏေရော မုဂ္ဂါ နဂရေ ဇေတဝိကာရာမေ မဟာဝိဟာရေ ဒိက္ခိဏဂဗ္ဘေ ပုရတ္ထိမောကာသေ ဝသတိ"တည်း။(အနက်လွယ်ပြီ)။

**ရှင်းလင်းချက်။** မုဂ္ဂါ နဂရေ–ဟူသောပြယုဂ်သည် ဇေတဝိကာရာမေဟူသော အာစာရကိုထောက်လျှင် သာမညဖြစ်၏။ဇေတဝိကာရာမေဟူသော အာစာရသည် မဟာဝိဟာရေဟူသော အာစာရကိုထောက်လျှင် သာမညဖြစ်၏။မဟာဝိဟာရေဟူသော အာစာရသည် ဝိသေသဖြစ်၏။

ဤကဲ့သို့ နောက်ပုဒ်များကိုလည်း အဆင့်ဆင့် သာမည ဝိသေသဖြစ်ပုံကို ကြည့်ကြလေ။

စာစပ်မှာလည်း ရှေ့ပုဒ်ကို ငဲ့သောအခါ သာမညာစာရ၊ နောက်ပုဒ်ကို ငဲ့သောအခါ ဝိသေသာစာရဆို၍ စပ်ကြကုန်လော့။

နိယံ" ဝုတ္တံ သန္ဓာယ၊ နှစ်ပါးပြ၊ ဝုတ္တကံကား၊ သာမည၊ သန္ဓာယကံကား၊ ဝိသေသ"။" ဝုတ္တကံကား ဝုတ္တ၊ သန္ဓာယကံကား အဝုတ္တ"။

ဌင်းနိယံ၏ အဓိပ္ပါယ်မှာ ဝုတ္တကံပုဒ်၊ သန္ဓာယကံပုဒ်နှစ်ပါးရှိက ဝုတ္တကံသည် သာမညဖြစ်၏။သန္ဓာယကံသည် ဝိသေသဖြစ်၏။ဝုတ္တကံပုဒ်ကို ဝုတ္တကံထားအပ်၏။သန္ဓာယကံပုဒ်ကို အဝုတ္တကံပုဒ်ထား အပ်၏။

သို့အတွက်ကြောင့် ဘုရားကြီးနိယံဆရာတော်သည်လည်း "သန္ဓာယ ဝုတ္တံ၊ ပုဒ်နှစ်တန်၏၊ ကံမှုကွဲပြား၊ အထူးအားဖြင့်၊ သန္ဓာယကံကား၊ အဝုတ္တ၊ ဝုတ္တကံကား ဝုတ္တ၊ သန္ဓာယကံကား၊ ဝိသေသ၊ ဝုတ္တကံကား သာမညတည်း"ဟု မိန့်ဆိုတော်မူ၏။

ပြယုဂ်ကား" မနုဿောတိ ဣဒံ ပုရိသံ သန္ဓာယ ဝုတ္တံ"။**အနက်**–မနုဿောတိ ဣဒံ ဝစနံ၊ မနုဿောဟူသော ဤစကားကို၊ ပုရိသံ–ကို၊ သန္ဓာယ–ရည်၍၊ ဝုတ္တံ–ဆိုအပ်၏။

စာစပ်ကား မနုဿောတိ ဣဒံ ဝစနံကား ကိုဟု-ကြောင့်၊ ဝုတ္တံ၌ ဝုတ္တကံ စပ်ပါ။ပုရိသံကား ကိုဟု-ကြောင့်၊ သန္ဓာယ၌ သံရှေးရှိသော ဓာတ်ဓာတ် တွဲပစ္စည်းဟုဆိုအပ်သော အဝုတ္တကံစပ်။သန္ဓာယကား ဝုတ္တံ၌ စပ်လေ။

**တစ်နည်းပုံစံကား**" ရာဇာနောတိ ဣဒံ ဗိမ္ဗိသာရံယေဝ သန္ဓာယ ဝုတ္တံ"

**ရှင်းလင်းချက်။** ဤပုံစံ၌ ဝုတ္တံဟူသောကြိယာ၏ ကံပုဒ်ကား 'ရာဇာနောတိ ဣဒံ'တည်း။ယင်းကံသည် ဘုရင်များတွင် အဘယ်ဘုရင်ဟု မသတ်မှတ်။ အများနှင့်ဆက်ဆံနေသောကြောင့် သာမညကံမည်၏။သန္ဓာယဟူသောကြိယာ၏ ကံကား ဗိမ္ဗိသာရံတည်း။ယင်းကံသည် ရာဇာနောအရ ဤအရာဌာနတွင် တစ်ပါးသော ဘုရင်ကို မယူရ၊ ဗိမ္ဗိသာရမင်းကိုသာ ယူရမည်ဟု ပိုင်းခြားသတ်မှတ်ခြင်းကြောင့် ဝိသေသကံမည်၏မှတ်။

**အထွက်**--ထိုပုဒ်အပေါင်းတို့တွင် လိုရင်းပုဒ်ကား ဝုတ္တံဟူသည်တည်း။ ဝုတ္တံ-ဆိုအပ်၏။

ဆရာ ဆိုအပ်၏ဟု ဆရာဆို၏။ဘာကို ဆိုလိုမည်နည်း၊ သိခြင်းကို ဆိုမည်လော၊ ဤသို့မေးရန်ရှိသောကြောင့် မနုဿောတိ ဣဒံ ဝစနံဟူသောပုဒ်ကို မိန့်။မနုဿောတိ ဣဒံ ဝစနံ-ကို၊ ဝုတ္တံ-မိန့်အပ်၏။သိခြင်းကို ဆိုသည်မဟုတ်၊ မနုဿောဟူသော စကားကို ဟူလို။

ဆရာ ဆို၏ဟု ဆရာဆို၏။မည်ကဲ့သို့ဆိုမည်နည်း မရည်ရွယ် မမှန်းထားဘဲ ဆိုမည်လော-ဤသို့မေးရန်ရှိသောကြောင့် သန္ဓာယဟူသောပုဒ်ကို မိန့်။ သန္ဓာယ-ရည်ရွယ်မှန်းထား၍၊ ဝုတ္တံ-ဆိုအပ်၏။

အဓိပ္ပါယ်ကား မရည်ရွယ် မမှန်းထားမူ၍ ဆိုသည်မဟုတ်၊ ရည်ရွယ်မှန်းထား၍ ဆို၏။ဆရာ ရည်ရွယ်မှန်းထား၍ ဆို၏၊ ဘာကို ရည်ရွယ်မှန်းထား၍ ဆိုသနည်း-မိန်းမကို ရည်ရွယ်မှန်းထား၍ ဆိုလေသလော-ဤကဲ့သို့ မေးရန်ရှိသောကြောင့် ပုရိသံပုဒ်ကို မိန့်။

ပုရိသံ-ကို၊ သန္ဓာယ-၍၊ အဓိပ္ပါယ်ကား မိန်းမကို ရည်ရွယ်မှန်းထား၍ ဆိုသည်မဟုတ်၊ ယောကျ်ားကို ရည်ရွယ်မှန်းထား၍ ဆိုသည်ဟူလို။

သန္ဓာယနှင့်အာဟပါရှိပါက သန္ဓာယကံပုဒ် အာဟကံပုဒ် နှစ်ပါးစလုံး

ပင် အဝုတ္တကံထားအပ်၏။

ပြယုဂ်ကား "ဘိက္ခုတို ဣဒံ ဘဒ္ဒန္တသီရိန္ဒ သန္နာယ အာဟ"။အနက်– ဘိက္ခုတိ ဣဒံ–ကို၊ ဘဒ္ဒန္တသီရိန္ဒ–ကို၊ သန္နာယ–၍၊ အာဟ–၏။

စာစပ်ပုံ ဘိက္ခုတိ ဣဒံကား ကိုဟု–ကြောင့်၊ အာဟဌ် အဝုတ္တကံစပ်။ သဒ္ဒန္တသီရိန္ဒကား ကိုဟု–ကြောင့်၊ သန္နာယဌ် အဝုတ္တကံစပ်။သန္နာယကား ၍ဟု– ကြောင့်၊ အာဟဌ် ပုဗ္ဗကာလ၊ အပရကာလစပ်။(အထွက်လွယ်ပြီ)။

နိယံ" သညာ နာမ၊ ယှဉ်ပြပုဒ်သာ၊ သည် ပေးရာ၊ သညာကတ္တားမှတ်။ ယင်းမှ ရှေ့ဆီ၊ သည်ပေးမည်၊ သညီကတ္တားမှတ်"။

၎င်းနိယံ၏ အဓိပ္ပါယ်မှာ သညာသဒ္ဒါ၊ နာမသဒ္ဒါတို့နှင့်ယှဉ်၍ မြန်မာလို သည်ဟုပေးပါက သညာကတ္တားဟုမှတ်လေ။

သညာသဒ္ဒါယှဉ်ရာပြယုဂ်ကား" ဣဝဏ္ဏုဝဏ္ဏာ ဈလာ သညာ ဟောတိ"တည်း။အနက်–ဣဝဏ္ဏုဝဏ္ဏာ ဈလာ၊ ဣဝဏ် ဥဝဏ်တို့သည်၊ ဈလသညာ–ဈဟူသောအမည် လဟူသောအမည်ရှိကုန်သည်၊ ဟောန္တိ–ကုန်၏။

"စာစပ်ပုံကား ဣဝဏ္ဏု (ပ)တေကား တို့သည်–ကြောင့် ဟောန္တိဌ် သညီ ကတ္တားစပ်။ ဈလသညာကား ကုန်သည်–ကြောင့် ဟောန္တိဌ်၊ သညာ ကတ္တားစပ်။

"နာမသဒ္ဒါနှင့်ယှဉ်ရာ ပြယုဂ်ကား– ဣမာနိ အဋ္ဌပိ လောဘသဟဂတ စိတ္တာနိနာမ–ကုန်သည်၊ ဟောန္တိ–၏။(စာစပ်ပုံကား နောက်အတိုင်း စပ်ပါ။)

ဤပြယုတ်နှစ်ခုဌ် ဈလသညာ ဟူသောကတ္တား၊ လောဘသဟဂတဟူ သော ကတ္တားသည် သညာသဒ္ဒါ နာမသဒ္ဒါတို့နှင့်ယှဉ်သော သညာကတ္တားမည် ကုန်၏ဟုမှတ်။ဣဝဏ္ဏုဝဏ္ဏာ ဣမေတေဟူသော ကတ္တား၊ ဣမာနိကတ္တားတို့ သည် သညာကတ္တား၏ ရှေ့နေသောကြောင့် သညီကတ္တားတို့မည်ကုန်၏။(ပြီးပြီ)

နိယံ" ယု ဏွု နှစ်ဖြာ၊ အယှဉ်မှာ၊ ကံသာ ဆဋ္ဌီမှတ်"။

၎င်းနိယံအဓိပ္ပါယ်မှာ နောက်ပုဒ်သည် ယုပစ္စည်းနှင့်လည်းကောင်း၊ ဏွု ပစ္စည်းနှင့်လည်းကောင်း ယှဉ်ပါက ရှေ့ပုဒ်ကံအနက်မှာ ဆဋ္ဌီဝိဘတ်သတ်အပ်

၏ဟု နိယံဆိုခြင်းသည် ဥပလက္ခဏာနည်းမျှတည်း။အပွကအားဖြင့် နောက်ကတု ပစ္စည်း နှင့်ယှဉ်ရာ၌လည်းကောင်း၊ ဘာဝသာခနနှင့်ယှဉ်ရာ၌လည်းကောင်း ဆဋ္ဌီ ကံနေနိုင်သေး၏။

သို့အတွက်ကြောင့် တောင်တွင်းကြီးနိယံဆရာတော်သည် "ယု ဏွု တုပြီ၊ ပစ္စည်းမှီ၊ ဆဋ္ဌီ ကံနေစေ။ဘာဝသာခနေ၊ ယှဉ်လာက၊ ကေန္တ ဆဋ္ဌီနေစေ"ဟုမိန့်ဆိုတော်မူ၏။

ယုပစ္စည်းနှင့်ယှဉ်ရာပြယုဂ်ကား"ကမ္မဿ ကာရဏံ"အစရှိသည်တည်း။ အနက်–ကမ္မဿ–ကံကို၊ ကာရဏံ–ပြုခြင်း ပြုရာ၏။စာစပ်ပုံ ကမ္မဿကား ကိုဟု–ကြောင့်၊ ကာရဏံ၌ ယုပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် မဟောအပ်သော အဝုတ္တကံစပ်။

ဏွုပစ္စည်းနှင့်ယှဉ်ရာပြယုဂ်ကား "ကမ္မဿ ကာရကော"တည်း။ အနက်–ကမ္မဿ–ကို၊ ကာရကော–ပြုတတ်၏။စာစပ်ပုံ ကမ္မဿကား ကိုဟု– ကြောင့်၊ ကာရကော၌ ကရဓာတ် ဏွုပစ္စည်း အဝုတ္တကံစပ်။

တုပစ္စည်းနှင့်ယှဉ်ရာပြယုဂ်ကား"ဘောဇနဿ ဒါတာ"တည်း။အနက်– ဘောဇနဿ–ကို၊ ဒါတာ–ပေးအပ်၏။စာစပ်ပုံ ဘောဇနဿကား ဒါတာ၌ တုပစ္စည်း အဝုတ္တကံစပ်။

ဘာဝသာခနနှင့်ယှဉ်ရာပြယုဂ်ကား"အဘိဓမ္မတ္ထာနံ ကေတ္ထ သင်္ဂဟေ သတိ သံဝိဇ္ဇနတော ဒဿိတမေဝ"တည်း။အနက်–အဘိဓမ္မတ္ထာနံ–အဘိဓမ္မာခုနစ် ကျမ်း၌ ဟောတော်မူအပ်ကုန်သော အနက်တို့ကို၊ ကေတ္ထ–တစ်ခုတည်းသော သင်္ဂြိုဟ်ကျမ်း၌၊ သင်္ဂဟေ–အကျဉ်းပေါင်းယူခြင်းသည်၊ သတိ–ရှိသော်၊ သံဝိဇ္ဇန တော–ပြီးစီးခြင်းကြောင့်၊ ဒဿိတမေဝ–ပြအပ်သည်သာလျှင်တည်း။

စာစပ်ပုံကား အဘိဓမ္မတ္ထာနံကား တို့ကိုဟု–ကြောင့်၊ သင်္ဂဟေ၌ သံရှေးရှိ သော ဂဟဓာတ် ဏပစ္စည်းဟုဆိုအပ်သော ကိတ်ကြိယာဝါစကသည် အဝုတ္တကံ စပ်။ကေတ္ထကား ၌ဟု–ကြောင့်၊ သင်္ဂဟေ၌ အာဓာရ၊ အာဓာရ၏ ကြိယာစပ်။ သင်္ဂဟေကား သည်ဟု–ကြောင့်၊ သတိ၌ စပ်မြဲ။သတိကား သော်ဟု–ကြောင့်၊ သံဝိဇ္ဇနတော၌စပ်။သံဝိဇ္ဇနတောကား ကြောင့်ဟု–ကြောင့်၊ ဒဿိတံ၌ အကြောင်း

ဖြစ်သောဟိတ်၊ ဒသိတံကား အကျိုးဖြစ်သော ဟိတ်၏ဖိုလ်။ဧဝသဒ္ဒါကား အဝ
ဓာရဏဖော်တကနိပါတ်ပုဒ်တည်း။

(ယု ဏွု တုပြီ၊---ဆဋ္ဌီ မှတ်။နိယံကားပြီး၏)

နိယံ" ကာရိက် ကံကား၊ ဓာတ်ကတ္တား၊ မပြား ရတူမှတ်"။

၄င်းနိယံ၏ အဓိပ္ပါယ်မှာ ကာရိက်ပစ္စည်းကံပုဒ်နှင့် ဓာတ်ကံပုဒ်သည်
အရမပြားပေ၊ အရတူ၏ဟုမှတ်။

ပြယုဂ်ကား"ပုရိသော ဩဒနံ ပစာပေတိ"တည်း။**အနက်**–သာမိကော–
ပိုင်ရှင်သည်၊ ပုရိသံ–ယောကျ်ားကို၊ ဩဒနံ–ထမင်းကို၊ ပစာပေတိ–ချက်စေ၏။
ပုရိသော–သည်၊ ဩဒနံ–ကို၊ ပစတိ–ချက်၏။(စာစပ်နှင့်အထွက်အတက်လွယ်ပြီ)

ဤနေရာ၌ ကာရိက်ကံနှင့်ဓာတ်ကတ္တားတို့၏ အရတူပုံကား 'ပုရိသော
ဩဒနံ ပစတိ'ဟူသောပြယုဂ်၌ ပုရိသောဟူသော ကတ္တားသည်ပင်လျှင် 'ပုရိသော
ဩဒနံ ပါစေတိ၊ ပါစာယတိ၊ ပါစာပေတ၊ ပါစာပယတိ'ဟူသော ကာရိက်ပစ္စည်း
နှင့်ယှဉ်သောအခါ၌ ပုရိသံဟူသော ကာရိက်ကံဖြစ်လာ၏။

ဤကဲ့သို့ သုဒ္ဓကတ္တားပုဒ်၏အရနှင့် ကာရိက်ကံပုဒ်၏အရ–ယောကျ်ား
ချင်း တူကြသည်ကိုပင် အရတူသည်ဟု ဆိုလိုသည်။ကာရိက်နှင့်ဓာတ်ကတ္တားတို့
သည် အရတူကြသော်လည်း ကာရိက်ကံဖြစ်သောအခါ၌ ကာရိက်ပစ္စည်းတို့သည်
ဟောသောကြောင့် ဝုတ္တကတ္တားဖြစ်ရ၏။ဤကဲ့သို့ ဝုတ္တ အဝုတ္တပြားသေး၏။

သို့အတွက်ကြောင့် ဘုရားကြီးနိယံဆရာတော်သည်"ကာရိက်ကံကား၊
ဓာတ်ကတ္တား မပြား၊ ဝုတ္တ အဝုတ္တတည်း။"ဟု မိန့်ဆိုတော်မူ၏။

တစ်နည်းပုံစံကား" သာမိကော ဒါသေန ကမ္မံ ကာရေတိ"တည်း။**အ
နက်**–သာမိကော–သည်၊ ဒါသေန–ကျွန်ကို၊(ကာရိက်ကံ)၊ ဒါသေန–ကျွန်သည်၊
(ဓာတ်ကတ္တား)၊ ကမ္မံ–အမှုကို၊ (ဓာတ်ကံ)၊ ကာရေတိ–ပြုစေ၏။

ဆိုလိုရင်းကား ဒါသေနပုဒ်ကို ကံအနက်ပေးသောအခိုက် ကာရိက်
ပစ္စည်း၏ ကံအဖြစ်ခဏ၌ စပ်၍ ကျွန်ကို+စေဟု အနက်မှတ်။ကတ္တားအနက်
ပေးသောအခိုက် ဓာတ်၏ကတ္တားအဖြစ် ကရဓာတ်၌ စပ်၍ ကျွန်+ပြုဟုမှတ်။

နိယံ" ကာရိုက်ကံမှာ၊ ဒုတိယာနှင့်၊ တတိယာ ဆဋ္ဌီ၊ ဤသုံးလီ၊ ယှဉ်မှီ
သက်မြဲမှတ်"။

ငှင်းနိယံ၏ အဓိပ္ပါယ်မှာ နောက်ကြိယာသည် ဓာပစ္စည်း ဏျပစ္စည်း ဏာပေပစ္စည်းဏာပယပစ္စည်းဟုဆိုအပ်သော ကာရိုက်ပစ္စည်း နှင့်ယှဉ်သည်ရှိသော် ကံနောက်မှာ ကံ ဒုတိယာဝိဘတ်သော်လည်းကောင်း၊ တတိယာဝိဘတ်သော်လည်းကောင်း၊ ဆဋ္ဌီဝိဘတ်သော်လည်းကောင်း သက်ရမည်ဟု မှတ်ပါ။

သို့အတွက်ကြောင့် ဘုရားကြီးနိယံ၌" ကာရိုက်ကံမှာ၊ ဒုတိယာနှင့်၊ တတိယာ ဆဋ္ဌီ၊ သုံးလီဝိဘတ်၊ သက်တုံလတ်ဟု၊ ကျမ်းမြတ်ဤသို့ မိန့်သတည်း" ။ဟု မိန့်ဆိုတော်မူ၏။

ထိုဝိဘတ်သုံးသွယ်နှင့်ယှဉ်သော ကာရိုက်ကံတို့တွင် ပါဠိ အဋ္ဌကထာ ဋီကာစသော ကျမ်းဂန်တို့၌ တတိယာနှင့်အများရှိ၏ဟုမှတ်။

သို့အတွက်ကြောင့် ဘုရားကြီးနိယံဆရာတော်သည်" ထိုသုံးပါးမှာ၊ ကရိုဏ်းသာ၊ ကျမ်းမှာ အရှိများသတည်း"။ဟု မိန့်ဆိုတော်မူ၏။

ပြယုဂ်ကား -----

" သာမိကော (ပုရိသံ) ဩဒနံ ပစာပေတိ။"(ဤကား ဒုတိယာဝိဘတ်နှင့်ကရိုဏ်းကံတည်း)။

" သာမိကော (ပုရိသေန) ဩဒနံ ပစာပေတိ"။(ဤကား တတိယာဝိဘတ်နှင့်ကာရိုက်ကံတည်း)။

"သာမိကော (ပုရိသဿ) ဩဒနံ ပစာပေတိ"။(ဤကား ဆဋ္ဌီဝိဘတ်နှင့်ကာရိုက်ကံတည်း)။ (အနက်ကား လွယ်ပြီ)

ကာရိုက်ကံထားသောအခါ သုဒ္ဓကတ္တားကိုသာ ကရိုဏ်းကံထားအပ်၏
သို့အတွက်ကြောင့် ဘုရားကြီးနိယံဆရာသည်" ကာရိုက်ကမ္မ၊ ရှာတုံက၊ သုဒ္ဓကတ္တားသာတည်း"။ဟုမိန့်ဆိုတော်မူ၏ ။

ဤနေရာ၌ ကာရိုက်ဓာတ်ကံ နှစ်ပါးတို့၏ အထူးကား-ဓော ဏာယ

ဏာပေ ဏာပယဟုဆိုအပ်သော ကာရိုက်ပစ္စည်းတို့ကြောင့် ဖြစ်ပေါ်လာသော ကံကို ဓာတ်ကံဟုခေါ်၏။

နိယံ"ဒါသေနဝယ်၊ နည်းနှစ်သွယ်၊ ဉာဏ်ကျယ်သူတို့ထား"။
"ဗာလာဝတာ၊ ဉာဉ်ဆရာ၊ မိန့်မှာ ဓာတ်ကတ္တား"။
"ရူပသိဒ္ဓိ၊ သဒ္ဒနီတိ၊ အမိန့်ရှိ၊ သိလေ ကာရိုက်ကံ"။
၎င်းနိယံ၏ အဓိပ္ပါယ်မှာ "သာမိကော ဒါသေန ဩဒနံ ပါစေတိ"ဟူသောပြယုဂ်၌ ဒါသေနဟူသောပုဒ်သည် ဓာတ်၏ကတ္တားပင်တည်းဟု ဗာလာဝတာဆရာ ဍျာသဆရာတို့ မိန့်ဆိုတော်မူကြ၏။
ရူပသိဒ္ဓိ၊ သဒ္ဒနီတိဆရာတို့က ၎င်းဒါသေနဟူသောပုဒ်သည် ဓာတ်၏ ကတ္တားမဟုတ်၊ ကာရိုက်ပစ္စည်း၏ ကံပုဒ်တည်းဟု မိန့်ဆိုတော်မူကြကုန်၏။
ဤကဲ့သို့ ဒါသေနဟူသောပုဒ်မှာ ဉာဏ်ဝင်ကြီးရှင်ဖြစ်တော်မူသော ကျမ်းဆရာတို့ ဝါဒကွဲလွဲ၍ နေတော်မူကြ၏ဟုမှတ်။ထိုနှစ်ပါးတို့တွင် ကျမ်းဂန်တတ်ကျော် ဆရာတော်တို့၏ အယူဝါဒကိုသာ နှစ်သက်တော်မူကြ၏။ပညာ-ဉာဏ်ဖြင့် ဆင်ခြင်တော်မူကြ၍ ကြိုက်နှစ်သက်ရာ ဝါဒကိုသာ ယူတော်မူကြပါကုန်လော့။
ဗာလာဝတာ ဍျာသဆရာတို့၏ အလိုအားဖြင့် အနက်ယောဇနာသည်ရှိသော် "သာမိကော-သည်၊ ဒါသေန-သည်၊ ဩဒနံ-ကို၊ ပါစေတိ-ချက်စေ၏"။
ရူပသိဒ္ဓိ၊ သဒ္ဒနီတိဆရာတို့၏ အလိုအားဖြင့် အနက်ယောဇနာသည်ရှိသော် "သာမိကော-သည်၊ ဒါသေန-ကို၊ ဩဒနံ-ကို၊ ပစာပေတိ-ချက်စေ၏"။

နိယံ"သံပေါက်ကဗျာ၊ ရသူမှာ၊ နတ်ရှာ စာစပ်ဉာဏ်"။
၎င်းနိယံ၏ အဓိပ္ပါယ်မှာ စာစပ်နိယံသုံးပုဒ်ကို ပျိုမြစ် နတ္ထား စာသင်သားတို့အား စာစပ်ရာ၌ ကျမ်းကျင်လိမ်မာလိမ့်မည်ဟူသော အဓိပ္ပါယ်ကို ရေးသား၍ ထား၏။ (စာစပ်နိယံ သုံးပုဒ်ပြီးပါပြီ)

နိယံနှင့်တကွ အထူးမှတ်ချက်ပြပေအံ့---

"ပစ္စည်းအရ၊ ဗာဟျတ္ထချင်း၊ စပ်တုံလျှင်းက၊ တုလျတ် လိင်္ဂတ်ဆို၍ စပ်မြဲ"။

၎င်းနိယံအဓိပ္ပါယ်မှာ ပစ္စည်း ဗာဟျတ္ထချင်းချင်း တုလျတ်–လိင်္ဂတ်ဆို၍ စပ်ရမည်ဟုဆို၏။

ပြယုဂ်ကား" ပုရိသာ ဩဒနံ ပစိတွာ ဘုဥ္ဇတိ"တည်း။ဤ၌ ပစိတွာဝယ် တွာပစ္စည်းအရကား ချက်ခြင်းတည်းဟူသော ယောကျ်ားဒြပ်ကိုပင်ရ၏။ဘုဥ္ဇတိဝယ် တိဝိဘတ်ကလည်း စားခြင်းတည်းဟူသော ယောကျ်ားဒြပ်ကိုပင်ရ၏။ ဤသို့ အရတူသောကြောင့် တုလျတ်–လိင်္ဂတ်ရ၏။

စာစပ်ပုံကား ပစိတွာကား ၍ဟု–ကြောင့်၊ ဘုဥ္ဇတိဝယ် တိဝိဘတ်၌ တုလျတ်–ဘုဥ္ဇတိကား လိင်္ဂတ်။ဤသို့ စပ်ရ၏။ပစ္စည်းနှင့်ဝိဘတ် အတူတူပင် တည်း။

နိယံ" ကြိယာမသတ်၊ ကတ္တုချင်းချင်း၊ စပ်တုံလျှင်းလည်း၊ တုလျတ်–လိင်္ဂတ်၊ ဆိုမြဲမှတ်"။

၎င်းနိယံ၏ အဓိပ္ပါယ်ကား ကြိယာမသတ်မူ၍ ကတ္တားအချင်းချင်း စပ်က တုလျတ်–လိင်္ဂတ်ဆို၍ စပ်ရမည်ဟု နိယံဆရာဆိုတော်မူ၏။

ပြယုဂ်ကား "တတ္ထ ယောဝ သမ္ပဒါနာမ၊ မဟာကရုဏာ သဟယောဂေါ ဗောဓိသမ္ဘာရသမ္ဘာရဏာဥ္စ"စသည်တည်း။" ဣတိ အယံ ပုစ္ဆာ"တို့လည်း တုလျတ်–လိင်္ဂတ်ဆို၍ စပ်ရမည်။

နိယံ" ပစ္စည်းတွင်သာ၊ ကတ္တား အဟံ၊ အမှန်စင်စစ်၊ စပ်သည်ဖြစ်မူ၊ ဝစ် ဝါ–တုလ် လိင်စပ်မြဲ"။

၎င်းနိယံ၏ အဓိပ္ပါယ်မှာ အဟံဟူသော ကတ္တားပုဒ်သည် ပစ္စည်း၌စပ်မည်ဆိုလျှင် ဝစ္စ–ဝါစကအဖြစ်ဖြင့်သော်လည်းကောင်း၊ တုလျတ်–လိင်္ဂတ်အဖြစ်ဖြင့်သော်လည်းကောင်း စပ်ရမည်ဟု မိန့်ဆိုတော်မူ၏။

စာစပ်ပုံ ဥဒါဟရဏ်ကား " အဟံ ယဇာမိ "စသည်တည်း။အဟံကား သည်ဟု–ကြောင့်၊ ယဇာမိ၌ ယဇဓာတ် မိဝိဘတ်ဟုဆိုအပ်သော အာချာတ်ကြိယာဝါစကသည် ဟောအပ်သောဝုတ္တကတ္တားစပ်။(ဝစ္စ–ဝါစက စပ်ခြင်းတည်း)

နိယံ " ဓာတ်တွင် ရွေ့သာ၊ စပ်လိုပါမူ၊ ကာ ကီ ကြောင်း ကျိုး၊ စပ်ရိုးပေါင်းစိတ် ဖြစ်မြဲ"။

၄င်းနိယံ၏ အဓိပ္ပါယ်ကား အဟံ ကတ္တားသည် ဓာတ်၌သာစပ်ပါမူ ကာရက ကြိယာအဖြစ်ဖြင့်လည်းကောင်း၊ အကြောင်း အကျိုးအဖြစ်ဖြင့်လည်းကောင်း၊ အပေါင်း အစိတ်အဖြစ်ဖြင့်လည်းကောင်း စပ်ရ၏။ "အဟံ ယဇာမိ၊ မယံ ယဇာမ"တည်း။

စာစပ်ပုံကား အဟံကား သည်ဟု–ကြောင့်၊ ယဇာမိဝယ် ယဇဓာတ်၌ ကာရက၊ ယဇဓာတ်ကား ကြိယာ။

တစ်နည်း အဟံကား သည်ဟု–ကြောင့်၊ ယဇာမိဝယ် ယဇဓာတ်၌ အကြောင်း၊ ယဇဓာတ်ကား အကျိုး။

တစ်နည်း အဟံကား သည်ဟု–ကြောင့်၊ ယဇာမိဝယ် ယဇဓာတ်၌ အပေါင်း၊ ယဇဓာတ်ကား အစိတ်။(ဤသို့ စပ်ရာ၏။)

နိယံ " ပစ္စည်း ဓာတု၊ နှစ်ခုလုံးမှာ၊ စပ်ရပါ၊ နှစ်ဖြာ ကံ ကတ္တု"။

၄င်းနိယံ၏ အဓိပ္ပါယ်မှာ ဝုတ္တကတ္တား ဝုတ္တကံတို့မှာ ပစ္စည်းရော ဓာတ်ပါ နှစ်ခုလုံး စပ်နိုင်သည်ဟု ဆိုလိုသည်။

ဝုတ္တကတ္တား၏ ဥဒါဟရဏ်ကား"အဟံ ယဇာမိ၊ မယံ ယဇာမ"တည်း။ (အနက်နှင့်စာစပ်ကား အထက်က အတိုင်းပင်ဖြစ်သည်)

ဝုတ္တကံ၏ ဥဒါဟရဏ်ကား" ပုရိသေန သဒ္ဒနော ပစ္စတေ"တည်း။

စာစပ်ကား သဒ္ဒနောကား ကိုဟု–ကြောင့်၊ ပစ္စတေဝယ် တေဝိဘတ်၌ ဝစ္စ၊ တေဝိဘတ်ကား ဝါစက။(တစ်နည်း)သဒ္ဒနောကား ကိုဟု–ကြောင့်၊ ပစ္စတေဝယ် တေဝိဘတ်၌ တုလျတ်၊ တေဝိဘတ်ကား လိင်္ဂတ်။(တစ်နည်း)သဒ္ဒနောကား

ကိုဟု–ကြောင့်၊ ပစ္စတေဝယ် ပစ်ခတ်၌ ကာရက၊ ပစခတ်ကား ကြိယာ။(တစ်နည်း)ဩဒနောကား ကိုဟု–ကြောင့်၊ ပစ္စတေဝယ် ပစခတ်၌ အကြောင်း၊ ပစခတ်ကား အကျိုး။(ဤကား ငါးနည်းစပ်နည်းပြီး၏)

နိယံ" ကရဏ ကာရကာ၊ စသည်လေးပါး၊ သဘောများမှာ၊ ခတ်တွင်သာ၊ စပ်ရာ မြဲမှတ်ရှု"။

၄င်းနိယံ၏ အဓိပ္ပါယ်မှာ (၁)ကရဏကာရက၊ (၂)သမ္ပဒါနကာရက၊ (၃)အပါဒါနကာရက၊ (၄)ဩကာသကာရကဟူသော လေးပါးကို ခတ်၌သာ စပ်ရမည်ဟု ဆို၏။

(၁)ပြယုဂ်ကား"ဒတ္တေန ဝီဟိံ လုနာတိ"တည်း။
စာစပ်ပုံ–ဒတ္တေနကား ဖြင့်ဟု–ကြောင့်၊ လုနာတိဝယ် လုခတ်၌ ဗာဟိရကရိဏ်း၊ လုခတ်ကား ဗာဟိရကရိဏ်း၏ ကြိယာ။(အကြွင်းလွယ်ပြီ)။

(၂)ပြယုဂ်ကား"သမဏဿ စီဝရံ ဒဒါတိ"တည်း။
စာစပ်ပုံ–သမဏဿကား အားဟု–ကြောင့်၊ ဒဒါတိဝယ် ဒါခတ်၌ သမ္ပဒါန်၊ ဒါခတ်ကား သမ္ပဒါန်၏ ကြိယာ။

(၃)ပြယုဂ်ကား"ဂါမာ အပေန္တိ မုနယော"တည်း။
စာစပ်ပုံ–ဂါမာကား မှဟု–ကြောင့်၊ အပေန္တိဝယ် အပရှေးရှိသော ဣခတ်၌ အပါဒါန်၊ အပရှေးရှိသော ဣခတ်ကား အပါဒါန်၏ ကြိယာ။

(၄)ပြယုဂ်ကား" ဘဂဝတိ ဗြဟ္မစရိယံ ဝုသိတံ ကုလပုတ္တော"တည်း။
စာစပ်ပုံ–ဘဂဝတိကား ၌ဟု–ကြောင့်၊ ဝုသိတံဝယ် ဝသခတ်၌ အာဓာရ၊ ဝသခတ်ကား အာဓာရ၏ ကြိယာ။(အကြွင်းသိလောက်ပြီ)။

နိယံ" ကတ္တားဝုတ္တ၊ ပစ္စယ ခတု၊ နှစ်ခုစပ်ရ၊ အဝုတ္တမှာ၊ ခတ်တွင်သာ၊ ကံမှာ ၄င်းနည်းပင်ပြု"။

၄င်းနိယံ၏ အဓိပ္ပါယ်ကား ဝုတ္တကတ္တားမှာ ပစ္စည်း ခတ်နှစ်ပါးလုံးမှာ စပ်ရသည်။အဝုတ္တကတ္တားမှာ ခတ်၌သာ စပ်ရ၏။

ဝုတ္တကတ္တားဥဒါဟရဏ်ကား" ပုရိသော ဩဒနံ ပစိတွာ ဘုဥ္ဇတိ"တည်း။

အဝုတ္တကတ္တားဥဒါဟရဏ်ကား" ပုရိသေန ဩဒနော ပစ္စတေ"တည်း။ (စာစုပ်ပုံ အထက်အတိုင်းစပ်ရမည်မှာမှတ်)

ဝုတ္တကံမှာလည်း ဝုတ္တကတ္တားအတူပင် ပစ္စည်း ဓာတ်နှစ်ပါးလုံးပင် စပ်ရသည်။ပြယုဂ်ကား"ပုရိသေန ဩဒနော ပစ္စတေ"တည်း။

အဝုတ္တကံမှာ ဓာတ်တွင်သာ စပ်ရ၏။ပြယုဂ်ကား" ပုရိသော ဩဒနံ ပစတိ"တည်း။(စာစပ် သိသာပြီ။နိယံ ပြီး၏)

နိယံ" ဝါကျဥ္ဇ္ဈာ၊ ဝုတ္တာဝုတ္တ၊ ဖြစ်ပြီးမှလျှင်၊ နိပ္ဖန္နမှာ၊ ဝုတ္တသာ၊ မြစ္စာ ကတ္တား၏ သဘောတည်း"။

၄င်းနိယံ၏ အဓိပ္ပါယ်မှာ ဝါကျဥ္ဇ္ဈ ဝုတ္တကတ္တားဖြစ်၍ နိပ္ဖန္နဥ္ဇ္ဈလည်း ဝုတ္တကတ္တားပင်ဖြစ်၏ဟုဆို၏။ပြယုဂ်ကား" ဗုဇ္ဈတီတိ ဗုဒ္ဓေါ"တည်း။

ဝါကျဥ္ဇ္ဈ အဝုတ္တကတ္တားဖြစ်၍ နိပ္ဖန္နဥ္ဇ္ဈ ဝုတ္တကတ္တားဖြစ်သည်ဟုလည်း နိယံဆရာဆိုသည်။ပြယုဂ်ကား" ဗျဥ္ဇိယတိ အတ္ထော ဧတေနာတိ ဗျဥ္ဇနာ"တည်း။ (ဤကား ကတ္တားအရပြီး၏)။

ဝါကျဥ္ဇ္ဈ ဝုတ္တကံဖြစ်၍ နိပ္ဖန္နဥ္ဇ္ဈ ဝုတ္တကံဖြစ်၏ဟုလည်း နိယံဆရာဆိုတော်မူ၏။ပြယုဂ်ကား" ဗုဇ္ဈိတဗ္ဗန္တိ ဗုဒ္ဓံ"တည်း။

ဝါကျဥ္ဇ္ဈ အဝုတ္တကံဖြစ်၍ နိပ္ဖန္နဥ္ဇ္ဈ ဝုတ္တကံဖြစ်သည်ဟုလည်း နိယံဆရာဆိုတော်မူ၏။ပြယုဂ်ကား"နိဿယနံ ဝသတီတိ နိဿယော"တည်း။(ဤကား ကံအရပြီး၏)။

နိယံ" ကော် အဝုတ္တ၊ ဝါကျဥ္ဇ္ဈမှာ၊ ဖြစ်ပြီးခါမှ၊ နိပ္ဖန္နမှာ၊ ဝုတ္တသာ၊ ဖြစ်လာ ကရိဏ်းစသည် သဘောတည်း"။

၄င်းနိယံ၏ အဓိပ္ပါယ်မှာ ဝါကျအခိုက်ဥ္ဇ္ဈ အဝုတ္တဖြစ်၍ နိပ္ဖန္နဥ္ဇ္ဈ ဝုတ္တချည်းသာဖြစ်ရ၏ဟူလို။

ပြယုဂ်ကား" ဝိနေတိ ဧတေနာတိ ဝိနယော"။

"ဒါတဗ္ဗော အဿာတိ ဒါနိယော"။

"ယာဝတိ ဧတေနာတိ ယာဝေါ"။

"တိဋ္ဌတိ ဧတ္ထ တိဋ္ဌာနံ"။

ပြယုဂ်တို့ကို အစဉ်အတိုင်း ထုတ်လိုက်သည်။

(ဤတွင် စာစပ်နိယံအဖြေကျမ်း ပြီးပြီ)

**(ပခုက္ကူမြို့ မင်္ဂလာမဟာဝိသုတာရာမတိုက်ကြီး၌ နေစဉ် ညောင်တုန်းဆရာတော် ပို့ချတော်မူသော စာစပ်အခြေပြုကျမ်းမှ စာရေးသူ လမ်းလမ်းမှီသ၍ ရေးသားလိုက်ရပါသတည်း။)**

ဘုရားဖြူကျောင်းတိုက်

# (၃)မြန်မာစာစပ်နည်း

## အမှာစကားရပ်

မြန်မာလူမျိုးဖြစ်၍ မြန်မာဘာသာ မြန်မာစာပေ၌ ကျွမ်းကျင်တတ်မြောက် စေရန် မြန်မာဘာသာစာစပ်နည်းကို သင်ယူလေ့ကျက်ရာ၌ နာမ်ပုဒ် ကြိယာပုဒ် ကာရကဝိဘတ် ကြိယာဝိသေသန ပဒါလင်္ကာရ ပဒပူရဏအကြောင်းများကို မြန်မာဘာသာဝေါဟာရအားဖြင့် မည်သို့မည်ပုံ ပရိယာယ်စကား လှယ်ထား သုံးစွဲခြင်းများကို ဦးစွာပထမ ခွဲခြားသိရှိထားရပေမည်။

သို့မှသာလျှင် ဝါကျရပ်တစ်ခုအတွင်းရှိ ပုဒ်အသီးသီးသည် တစ်ပုဒ်နှင့်တစ်ပုဒ် မည်သို့ဆက်စပ်သည်၊ မည်သည့်ပုဒ်နှင့် မည်သည့်ပုဒ် မည်သို့ဆက်သွယ်သည်၊ သက်ဆိုင်သည်၊ စပ်ယှဉ်သည်များကို အလွယ်တကူသိမြင်နိုင်ပြီး မြန်မာစကားသုံးဝါကျများ၌သာမက မြန်မာစာပေခေါ် ပျို့ ကဗျာ လင်္ကာ ရတု ရကန်စသည်တို့၌ပါ စာသွား စာလာ အစပ် အဟပ်များကို နားလည်နိုင်မည်ဖြစ်၍ ယင်းကဗျာ လင်္ကာ၏ ဆိုလိုရင်းအဓိပ္ပါယ်များကို ရှင်းလင်းစွာ ကောက်ယူနိုင်မည်ဖြစ်သည်။

ယင်းအဆင့်သို့ရောက်မှသာလျှင် မြန်မာစာပေအရေးအသား တော်စေမည်–ဟူသော ပညာသင်ကြားရေးစီမံကိန်းနှင့် အံဝင်ဂွင်ကျဖြစ်နိုင်ပါမည်။

သို့ဖြစ်သောကြောင့် ဤမြန်မာဘာသာအစပ်နည်း အခန်းတွင် မြန်မာဘာသာ မြန်မာစကား မြန်မာစာပေ ပျို့ ကဗျာ လင်္ကာများကို စာစပ်ရာ၌ ရှေးဦးစွာ သိထားထိုက်သော နာမ်ပုဒ် ကြိယာပုဒ် နိပါတ်ပုဒ် ဥပသာရ ဝိဘတ်တို့၏ အကြောင်းများကို ပြယုဂ်ပုံစံ စာစပ်ဟန်များနှင့်ကတွ ရှင်းလင်းတင်ပြပြီး ပျို့ ကဗျာ လင်္ကာ ဇာတ်ဝတ္ထုတို့မှ ကောက်နှုတ်၍ စာစပ်ပုံနမူနာ လေ့ကျင့်ခဏ်းအဖြစ် တင်ပြလိုက်ပါသည်။အလားတူ ပုံစံမျိုးဖြင့် လေ့ကျင့်ကြပါကုန်လော့(ဝါ)လေ့ကျင့်ကြကုန်ရာသတည်း။

**ဘဒ္ဒန္တဉာဏာဘိဝံသ(ဘုရားဖြူ)**

ဘုရားဖြူကျောင်းတိုက်

# မြန်မာစာစပ်နည်းအခ်ိပ္ပါယ်

မြန်မာစာစပ်နည်း၌ ကျွမ်းကျင်လိမ်မာစေရန်အလို့ငှါ ရှေးဦးစွာ–

(၁)မြန်မာဝါကျတစ်ခုအတွင်း၌ ပါဝင်သော သည်' ကား' ကို' လည်း' ဖြင့်' နှင့်' သည်' ကြောင့်' အား' ငှါ' မှ' အောက်' ထက်' ၏' ၌' တွင်' တိုင် အောင်' ပတ်လုံး' တိုင်တိုင်' လျောက်' လျက်စွာ' သော်' သော်လည်း' သော' ဟူ ၍' အပ်သော' တတ်သော' တက်၍' ပြီးလျှင်' အပ်၏' တတ်၏' မူ၏' ကုန်၏' စေ၏'စသော မြန်မာဝိဘတ်အနက်သံဆုံးသော ပုဒ်ဝါကျတို့ကို သိရှိနား လည်ထားရ၏။

(၂) ထို့နောက် ယင်းမြန်မာဝါကျအတွင်းရှိ အပ်သော၊ တတ်သော၊ တတ်၍၊ ပြီးလျှင်၊ အပ်၏၊ တတ်၏၊ မူ၏၊ ကုန်၏၊ စသောကြိယာပြပုဒ်ဝါကျ တို့ကို ခွဲခြား၍ ကြည့်ရှုသုံးသပ်ရာ၏။

(၃) ထို့နောက် ယင်းဝါကျတစ်ခုလုံး၌ အစမှအဆုံးအထိ သည်၊ ကား၊ ကို၊ ဖြင့်၊ ၏၊ စသောမြန်မာဝါကျတို့ကို ကတ္တားပုဒ် ကံပုဒ် ကရိဏ်းပုဒ် သမ္ပ ဒါန်ပုဒ် သမ္ဗန်ပုဒ်စသည်ဖြင့် ကာရက အကာရကပုဒ်များကို ခွဲခြား၍ ကြည့်ရှုစီစစ် ရာ၏။

(၄) ထို့နောက် မျက်မှောက်ခေတ်၌ သုံးစွဲနေကြသော ဝိဘတ်သံမပါ သော မြန်မာစကား အသုံးအနှုံးဝါကျများကိုလည်း ဉာဏ်မျက်စိဖြင့် အဖန်ဖန် စီစစ်သုံးသပ်၍ ကာရက အကာရကပုဒ်များ၌ လျော်စွာသွင်းတတ်အောင် (ဝါ) ကာရက အကာရကပုဒ်အဖြစ် ခွဲခြားတတ်အောင် ကျိုးစားအားထုတ်ရာ၏။

(၅) ထို့နောက် ဤဝိဘတ် ကွယ်မြုပ်နေသော ပုဒ်တို့ကိုလည်း ဖော်ထုတ် တတ်အောင် ဉာဏ်မျက်စိဖြင့် စီစစ်ရာ၏။

(၆) ထို့နောက် ယင်းသို့ ခွဲခြား ကြည့်ရှု သုံးသပ်ပြီးသော ကာရက အကာရကပုဒ်များကို တတ်၍၊ ဟူ၍၊ အပ်၏၊ မူ၏၊ ကုန်၏၊ စေ၏၊ စသည်ပြန် ဆိုသော မြန်မာကြိယာပြပုဒ်တို့၌ ထိုက်သင့်သလို ပြယုဂ်အားလျော်စွာ မှန်ကန် အောင် စာစပ်ကြရာ၏။

**နမူနာစာစပ်**

(က)ထိုအခါ ဘုရားအလောင်း၏ ရှေ့၌ သိကြားမင်းသည် ဆွမ်းအလို့ငှါ ရပ်၏။

(ခ)ဘုရားအလောင်းသည် သိကြားမင်းကိုမြင်လျှင် နှစ်လိုဝမ်းသာခြင်းသို့ရောက်သည်ဖြစ်၍ အကြွင်ငါသည် အလှူခံတို့ကို မြင်ရ၏၊ ထိုငါအား အရတော်ပေစွတကား၊ ယနေ့ငါ၏ အလိုကို အပြီးသို့ရောက်စေ၍ အလှူကို လှူအံ့ဟု အိုးဖြင့်ယူ၍ လာလတ်ပြီးလျှင် ဤငါ၏အလှူသည် သဗ္ဗညုတဉာဏ်တော်၏ အကြောင်းဖြစ်စေသတည်းဟု မီမိဖို့ မကြွင်းစေမူ၍လျှင် ပုဏ္ဏားခွက်၌ ထည့်၏။

**ရှင်းပြချက်**

ထို(၂)ဝါကျတွင်--(က)ဝါကျ၌ "ထိုအခါ"ပုဒ်ကား ကာလသတ္တမီပုဒ်ဖြစ် သည်။ဘုရားလောင်းရှေ့မှာပူသည်ကား- "ဘုရားအလောင်း၏ ရှေ့၌"ဟု ဆိုလိုသည်။သမ္ဗန်ပုဒ် သတ္တမျန္တပုဒ်ဖြစ်သည်။ "သိကြားမင်းသည်"ကား ကတ္တားပုဒ်ဖြစ်သည်။ "ဆွမ်းအလို့ငှါ"ကား တဒတ္ထသမ္ပဒါန်ပုဒ်ဖြစ်သည်။ "ရပ်၏"ကား ကြိယာပုဒ် ဖြစ်သည်။

ထို့ကြောင့် စာစပ်လိုသော်----

ထိုအခါကား-ကာလသတ္တမီပုဒ်ဖြစ်သောကြောင့် ရပ်၏ကြိယာ၌ အာဓာရ၊ အာဓာရ၏ ကြိယာဟုစပ်ရသည်။

ဘုရားလောင်း၏ကား-၏ဟု မြန်မာပြန်ဆိုရသောကြောင့် ရှေ့၌-၌ သမ္ဗန် သမ္ဗန္ဓီစပ်ရသည်။

ရှေ့၌ကား-၌ဟုမြန်မာပြန်ဆိုသောကြောင့် ရပ်၏ကြိယာ၌ အာဓာရ၊ အာဓာရ၏ကြိယာစပ်။

သိကြားမင်းသည်ကား-သည်ဟုမြန်မာပြန်ဆိုသောကြောင့် ရပ်ခြင်းကြိယာကိုပြီးစေတတ်သော ကတ္တားပုဒ်ဖြစ်သောကြောင့် ရပ်၏ဟူသောကြိယာ၌ ဟော အပ်သောဝုတ္တကတ္တား၊ ရပ်၏ကား ထိုကတ္တားကိုဟောသော ကြိယာဝါစကဟုစပ်။

ဆွမ်းအလို့ငှါကား ငှါဟုမြန်မာပြန်ဆိုသောကြောင့် ရပ်၏၌ တဒတ္ထသမ္ပ

ဒါန်၊ တဒတ္ထသမ္ပဒါန်၏ ကြိယာစပ်။

(ထိုအခါ၌ ရပ်၏၊ ဘုရားလောင်း၏ရှေ့၌ ရပ်၏၊ သိကြားမင်းသည် ရပ်၏၊ ဆွမ်းအလို့ငှါ ရပ်၏ဟု ဆိုလိုသည်။)

(ခ)ဝါကျ၌ အာကာရဝါကျ များစွာပါရှိနေသည်။တစ်ခုချင်းစီစစ်ကြသော်--ဘုရားလောင်းသည်ကား-ကတ္တားပုဒ်ဖြစ်သည်။သိကြားမင်းသည်ကား-ကံပုဒ်ဖြစ်သည်။ရောက်သည်ဖြစ်၍ကား- ကိတ်ကြိယာပုဒ်ဖြစ်သည်။အကြင်ငါသည်ကား-ကတ္တားပုဒ်ဖြစ်သည်။အလှူခံတို့ကား-ကံပုဒ်ဖြစ်သည်။မြင်ရ၏-ကား အာချာတ်ကြိယာပုဒ်ဖြစ်သည်။ထိုငါအားကား-သမ္ပဒါန်ပုဒ်ဖြစ်သည်။အရတော်ကား-ကိတ်ကြိယာပုဒ်ဖြစ်သည်။ပေစ္စတကားကား-ချီးမွမ်းခြင်းအနက်ဟော နိပါတ်ပုဒ်ဖြစ်သည်။ယနေ့ကား-ကာလသတ္တမီပုဒ်ဖြစ်သည်။ငါ၏ကား-သမ္ဗန်ပုဒ်ဖြစ်သည်။အလိုကိုကား-ကိတ်ကြိယာကံပုဒ်ဖြစ်သည်။ရောက်စေ၍ကား-ကိတ်တွာပစ္စယန္တပုဒ်ဖြစ်သည်။အလှူကိုကား-ကံပုဒ်ဖြစ်သည်။လှူအံ့ကား-အာချာတ်ကြိယာပုဒ်ဖြစ်သည်။ဟုကား အာကာရပုဒ်ဖြစ်သည်။အိုးဖြင့်ကား ကရိုဏ်းပုဒ်ဖြစ်သည်။ဟူ၍ကား ကိတ်တွာပစ္စယန္တပုဒ်ဖြစ်သည်။လာလတ်ပြီးလျှင်ကား ကိတ်တွာပစ္စယန္တပုဒ်ဖြစ်သည်။ဤငါ၏ အလှူသည်ဟူရာ၌ ငါ၏ ဤအလှူသည်ဟု ဆိုလိုသည်။ငါ၏ကား သမ္ဗန်ပုဒ်ဖြစ်သည်။ဤအလှူသည်ကား ကတ္တားပုဒ်ဖြစ်သည်။သဗ္ဗညုတဉာဏ်တော်၏ကား သမ္ဗန်ပုဒ်ဖြစ်သည်။အကြောင်းကား ကတ္တားပုဒ်ဖြစ်သည်။ဖြစ်စေသတည်းကား ကြိယာပုဒ်ဖြစ်သည်။ဟုကား အာကာရပုဒ်ဖြစ်သည်။မိမိဟူရာ၌ မိမိ၏ အဖို့အစုအပုံဟု ဆိုလိုသည်။မိမိ၏ကား သမ္ဗန်ပုဒ်ဖြစ်သည်။အဖို့ကား ကိုဟူသော ကမ္မတ္ထပုဒ်ကျေသော ကံပုဒ်ဖြစ်သည်။မကြွင်းစေမူ၍လျှင်ကား ကိတ်တွာပစ္စယန္တ ကြိယာဝိသေသနပုဒ်ဖြစ်သည်။ပုဏ္ဏားခွက်၌ဟူရာ၌ ပုဏ္ဏား၏ခွက်ဟု ဆိုလိုသည်။ပုဏ္ဏား၏ကား သမ္ဗန်ပုဒ်ဖြစ်သည်။ခွက်၌ကား အာဓာရပုဒ်ဖြစ်သည်။ထည့်၏ကား အာချာတ်ကြိယာပုဒ်ဖြစ်သည်ဟု ဤသို့လျှင် မြန်မာဝါကျစကား အသီးသီးကို ကာရက အကာရ ကြိယာပုဒ်များဟု ဉာဏ်မျက်စိဖြင့် စီစစ်သုံးသပ်ပြီးလျှင် ယင်းဝါကျပုဒ်တို့ကို ထိုက်သင့်သလို စာစပ်ကြရာ၏။

ဘုရားဖြူကျောင်းတိုက်

**စာစပ်ပုံ**

ဘုရားအလောင်းသည်ဟူသော ကတ္တားပုဒ်ကို---

(၁) မြင်လျှင်ဟူသော ကြိယာ

(၂) ရောက်သည်ဟူသော ကြိယာ

(၃) ယူခြင်းဟူသော ကြိယာ

(၄) လာလတ်ပြီးလျှင်ဟူသော ကြိယာ

(၅) ထည့်၏ဟူသော ကြိယာ

ဤကြိယာငါးပါး၌ စပ်ရသည်။

ဘုရားလောင်းသည်ကားဟု မြန်မာပြန်ဆိုရသောကြောင့် မြင်လျှင်ဟူသောကြိယာ ရောက်သည် ယူ၍ဟူသောကြိယာ လာလတ်ပြီးလျှင် ထည့်၏ဟူသောကြိယာကို ပြီးစေတတ်သော ပြုလုပ်တတ်သော ကတ္တားပုဒ် မြင်လျှင်ရောက်သည်ဟူ၍ လာလတ်ပြီးလျှင် ထည့်၏ဟူသောကြိယာပဒ(၅)ပုဒ်တို့ကား ထိုကတ္တား ပုဒ်ကိုဟောသော ကိတ်ကြိယာ အာချာတ်ကြိယာဝါစကများဖြစ်သည်။ သိကြားမင်းကိုကား ကိုဟုမြန်မာပြန်ဆိုရသောကြောင့် မြင်လျှင်ဟူသော တွာပစ္စယန္တကြိယာ၌ မဟောအပ်သော အဝုတ္တကံပုဒ်၊ မြင်လျှင်ဟူသော တွာပစ္စယန္တပုဒ်ကား ထိုကံကို မဟောသော ကိတ်ကြိယာဝါစက။

မြင်လျှင်ကား မြင်၏ဟု ဆိုလိုသည်။မြင်လျှင်ကား လျှင်ဟုမြန်မာပြန်ဆိုရသောကြောင့် ရောက်သည်ဖြစ်၍၌ ပုဗ္ဗကာလကြိယာဝိသေသန၊ ရောက်သည်ဖြစ်၍ကား အပရကာလကြိယာဝိသေသျ။

နှစ်လိုဝမ်းသာခြင်းသို့ကား သို့ဟုမြန်မာပြန်ဆိုရသောကြောင့် ရောက်သည်ဖြစ်၍ဟူသော တွာပစ္စယန္တကြိယာ၌ မဟောအပ်သော အဝုတ္တကံပုဒ်၊ ရောက်သည်ဖြစ်၍ကား တွာပစ္စယန္တပုဒ်ကား ထိုကံကိုမဟောသော ကိတ်ကြိယာဝါစက။

ရောက်သည်ဖြစ်၍ကား ၍ဟုမြန်မာပြန်ဆိုရသော တွာပစ္စယန္တပုဒ်ဖြစ်သောကြောင့် ယူ၍၌ ပုဗ္ဗကာလကြိယာဝိသေသန၊ ယူ၍ကား အပရကာလကြိယာဝိသေသျ။

အကြင်ငါသည်ကား သည်ဟုမြန်မာပြန်ဆိုရသောကြောင့် မြင်ရ၏ဟူ

သော ကြိယာ၌ မြင်ခြင်းကြိယာကို ပြီးစေတတ်သောဝုတ္တကတ္တားပုဒ်၊ မြင်ရ၏ဟူသောကြိယာကား ထိုကတ္တားကိုဟောသော အာချာတ်ကြိယာဝါစက။အလ္လူခံတို့ကား တို့ကိုဟုမြန်မာပြန်ဆိုရသောကြောင့် မြင်ရ၏ဟူသောကြိယာ၌ မဟောအပ်သော အဝုတ္တကံပုဒ်၊ မြင်ရ၏ဟူသောကြိယာကား ထိုကံကို မဟောသော အာချာတ်ကြိယာဝါစက။

ထိုငါးအားကား အားဟုမြန်မာပြန်ဆိုရသောကြောင့် အရတော်ဟူသော ကြိယာ၌ သမ္ပဒါန်၊ အရတော်ဟူသော ကြိယာကား ထိုသမ္ပဒါန်၏ကြိယာ။ ပေစ္စတကား ကားချီးမွမ်းခြင်းသမ္ဘာဝနာအနက်ရှိသော နိပါတ်ပုဒ်တည်း။

ယနေ့ကား ကာလသတ္တမီပုဒ်ဖြစ်သောကြောင့် ရောက်စေ၍၌ အာဓာရ၊ ရောက်စေ၍ကား အာဓာရီ။

ငါ၏ကား ၏ဟုမြန်မာပြန်ဆိုရသောကြောင့် အလိုကို၌ ဇနကသမ္ဗန်၊ အလိုကိုကား ဇညသမ္ဗန္ဓီတည်း။

အလိုကိုကား ကိုဟုမြန်မာပြန်ဆိုရသောကြောင့် ရောက်စေ၍ကြိယာ၌ မဟောအပ်သော အဝုတ္တကံဖြစ်သော ပကတိကံ၊ အပြီးသို့ကား သို့ဟုမြန်မာပြန်ဆိုရသောကြောင့် ရောက်စေ၍ဟူသောကြိယာ၌ မဟောအပ်သော အဝုတ္တဖြစ်သော ဝိကတိကံ၊ ရောက်စေ၍ဟူသော ကြိယာကား ထိုကံ(၂)ပါးစုံကို မဟောသော ကိတ်ကြိယာဝါစက။

ဟုကား ဟုမြန်မာပြန်ဆိုရသော အခြင်းအရာအနက်ရှိသောကြောင့် ယူ၍ဟူသောကြိယာ၌ အာကာရ၊ ယူ၍ဟူသောကြိယာကား အာကာရဝန္တ။

အိုးဖြင့်ကား ဖြင့်ဟုမြန်မာပြန်ဆိုရသောကြောင့် ယူ၍ဟူသောကြိယာ၌ ဗာဟိရကရိဏ်း၊ ယူ၍ဟူသောကြိယာကား ဗာဟိရကရိဏ်း၏ကြိယာ။

ဟူ၍ကား ၍ဟုမြန်မာပြန်ဆိုရသော တွာပစ္စယန္တပုဒ်ဖြစ်သောကြောင့် လာလတ်ပြီးလျှင်ဟူသော ကြိယာ၌ ပုဗ္ဗကာလကြိယာဝိသေသန၊ လာလတ်ပြီးလျှင်ကား အပရကာလကြိယာဝိသေသျ။

လာလတ်ပြီးလျှင်ကား လျှင်ဟုမြန်မာပြန်ဆိုရသော တွာပစ္စယန္တပုဒ်ဖြစ်သောကြောင့် ထည့်၏ဟူသောကြိယာ၌ ပုဗ္ဗကာလကြိယာဝိသေသန၊ ထည့်၏ဟူ

သော ကြိယာကား အပရကာလကြိယာဝိသေသျ။
ငါ၏ကား ၏ဟုမြန်မာပြန်ဆိုရသောကြောင့် ဤအလှူသည်၌ ဇနက သမ္ဗန်၊ ဤအလှူကား ဇနဖြစ်သော သမ္ဗန္ဓီ။
ဤအလှူသည်ကား သည်ဟုမြန်မာပြန်ဆိုရသောကြောင့် ဖြစ်စေသတည်းဟူသောကြိယာ၌ ဖြစ်စေခြင်းကြိယာကို ပြီးစေတတ်သော ဝုတ္တဖြစ်သော ပကတိကတ္တား၊ ဖြစ်စေသတည်းဟူသော ကြိယာကား ထိုကတ္တားကို ဟောသော အာချာတ်ကြိယာဝါစက။
သဗ္ဗညုတဉာဏ်တော်၏ကား ၏ဟုမြန်မာပြန်ဆိုရသောကြောင့် အကြောင်း၌ သမ္ဗန်၊ အကြောင်းကား သမ္ဗန္ဓီ။(အကြောင်း၌ သည်ဟူသော မြန်မာကတ္တားအနက်ပုဒ် တစ်ခုကျေနေသည်)
ထို့ကြောင့် အကြောင်းသည်ကား သည်ဟုမြန်မာပြန်ဆိုရသောကြောင့် ဖြစ်စေသတည်းဟူသောကြိယာ၌ ဖြစ်ခြင်းကြိယာကို ဖြစ်စေတတ်သော ဝုတ္တဖြစ်သော ဝိကတိကတ္တား၊ ဖြစ်စေသတည်းဟူသော ကြိယာကား ထိုပကတိ ဝိကတိဖြစ်သော ကတ္တား(၂)ပါးစုံကိုဟောသော အာချာတ်ကြိယာဝါစက။
ဟုကား ဟု မြန်မာပြန်ဆိုရသော အခြင်းအရာအနက်သောကြောင့် ထည့်၏ဟူသောကြိယာ၌ အာကာရ၊ ထည့်၏ဟူသောကြိယာကား အာကာရဝန္တ။(မိမိဖို့၌ မိမိ၏ဟူသော မြန်မာသမ္ဗန်အနက်ပြပုဒ်တစ်ခု ကျေနေသည်။)
ထို့ကြောင့် မိမိ၏ကား ၏ဟုမြန်မာပြန်ဆိုရသောကြောင့် ဖို့၌ သာမိသမ္ဗန်၊ ဖို့ကား သမ္ဗန္ဓီ။(ဖို့ကား ရှေ့၌ အတစ်လုံး၊ နောက်၌ ကိုဟူသော မြန်မာကံအနက်ပြပုဒ်တစ်ခုကျေနေသည်။)
ထို့ကြောင့် အဖို့ကိုကား ကိုဟုမြန်မာပြန်ဆိုရသောကြောင့် မကြွင်းစေမူ၍လျှင်ဟူသောကြိယာ၌ မဟောအပ်သော အဝုတ္တကံပုဒ်၊ မကြွင်းစေမူ၍လျှင်ဟူသော ကြိယာကား ထိုကံကို မဟောသော ကိတ်ကြိယာဝါစက။
မကြွင်းစေမူ၍လျှင်ကား ၍လျှင်ဟုမြန်မာပြန်ဆိုရသော တွာပစ္စယန္တပုဒ်ဖြစ်သောကြောင့် ထည့်၏ဟူသောကြိယာ၌ သမာနကာလကြိယာဝိသေသန၊ ထည့်၏ဟူသော ကြိယာကား သမာနကာလကြိယာဝိသေသျ။(ပုဏ္ဏားခွက်၌

ဟူရာ၌ ၏ဟူ၍ ၏ဟူသော မြန်မာသမ္ဗန်အနက်ပြပုဒ် နှစ်ခုကျေနေသည်။)

ထို့ကြောင့် ပုဏ္ဏားေ၏ ကား ၏ဟုမြန်မာပြန်ဆိုရသောကြောင့် ခွက်၌ သာမိသမ္ဗန်၊ ခွက်ကား သံသမ္ဗန္ဓ။

ခွက်၌ကား ၌ဟုမြန်မာပြန်ဆိုရသောကြောင့် ထည့်၏ဟူသောကြိယာ၌ ဩပသိလေသိကာဓာရ၊ ထည့်၏ဟူသောကြိယာကား ဩပသိလေသိကာဓာရ၏ ကြိယာဟု ဉာဏ်မျက်စိဖြင့် အဖန်ဖန် သုံးသပ်စီစစ်၍ မှန်ကန်အောင် စာစပ်ကြရာ သည်။

(စနစ်သစ်မြန်မာစာစပ်နည်း မှ ဗဟုသုတဖြစ်စေရန်အလို့ငှါ ဖြန့်ဝေ လိုက်ရပါသည်။သုတေသီ အရှင်ဉာဏ–ဘုရားဖြူ)

# (၄)မြန်မာစာပေ စာစပ်နည်း

### မြန်မာဘာသာနှင့်ပုဒ်(၄)မျိုး

မြန်မာဝေါဟာရ၌

(၁) ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ လူအစရှိသော သဒ္ဒါသည် "နာမ်ပုဒ်"မည်၏။

(၂) ပြော၏၊ သွား၏၊ စား၏၊ အိပ်၏၊ နေ၏အစရှိသော သဒ္ဒါသည် "အာချာတ်ပုဒ်"မည်၏။

(၃) ဥပသာရပုဒ်၏ ပရိယာယ် လှယ်ဖက်၍ ဖြစ်ကောင်းသော "လွန်ကဲ-ထူးကဲ-ရှေးရှု"အစရှိသော သဒ္ဒါသည် "ဥပသာရပုဒ်"မည်၏။(ကြိယာအနက်ကို အထူးပြုတတ်သော သဒ္ဒါများဖြစ်သည်။)

(၄) နိပါတ်ပုဒ်၏ ပရိယာယ်လှယ်ဖက် ဖြစ်ကောင်းသော "စင်စစ်-လည်း-သို့ အစရှိသော သဒ္ဒါသည် "နိပါတ်ပုဒ်"မည်၏။(ဒြပ်ကို မဟောတတ်ထွန်းတတ်ကာမျှဖြစ်သော သဒ္ဒါများဖြစ်သည်)

### နာမ်ပုဒ်များအကြောင်း

### မုချသဒ္ဒါနှင့်ဥပစာသဒ္ဒါ

(၁)မုချဆက်ဆက် အနက်ကိုဟောသော သဒ္ဒါသည် မုချသဒ္ဒါမည်၏။ ပုံစံကား "မြစ်၌ ရေချိုး၏"

(၂)တင်စားအပ်သောအနက်ကို ဟောသောသဒ္ဒါသည် ဥပစာသဒ္ဒါမည်၏။ပုံစံကား "မြစ်၌ ကောက်ပင်စိုက်ပျိုး၏"

### မြန်မာဒွန္ဒသဒ္ဒါ

သံဝရပျို့တွင် "လက်သုံးစားစွဲ၊ အထဲတုံသက်၊ တိုင်ပင်ဘက်နှင့်"ဟု စပ်ရာ၌ စားစွဲဟူသောသဒ္ဒါသည် ပဝတ္တနိမိတ်ပြု၍ စားထမ်းယောကျ်ားဒြပ်ကို

ဟောသောကြောင့် ဒဗ္ဗသဒ္ဒါမည်၏။

## မြန်မာဘာသာ ဌာနူပစာ

တောင်ငူမင်းဆိုရတုတွင် "ဉကင်သနန်း၊ လွတ်ညာခွန်းကို၊ ရေသွန်းပျံ့ကြိုင်၊ မဉ္ဇူခိုင်နှင့်"ဟု စပ်ဆိုရာ၌ ဌာနဖြစ်သော လွတ်ညာခွန်း၏ အမည်ကို ဌာနီဖြစ်သော သကျမဉ္ဇူဘုရား၌ တင်စား၍ခေါ်သောကြောင့် လွတ်ညာခွန်း ဝေါဟာရသည် ဌာနူပစာမည်၏။

ပုဂံလာ၏၊ ပုခန်းလာ၏ဟုဆိုရာ၌ ဌာနဖြစ်သောပုဂံမြို့ ပုခန်းမြို့၏ အမည်ကို ဌာနီ ပုဂံသား ပုခန်းသားလူ၌ တင်စားခေါ်သောကြောင့် ပုဂံ ပုခန်းဝေါဟာရသည် ဌာနူပစာမည်၏။

## ကြိယာပုဒ်အကြောင်း

ပါဠိဘာသာ၌ ကရဏံ–ကတံ–ကာတဗ္ဗံ–စသော ကိတ်ပစ္စယန္တပုဒ်များကို ကိတ်ကြိယာဟုခေါ်၍ ကရောတိ–ဂစ္ဆတိ–ပစတိ–စသော အာချာတ် ဝိဘတျန္တပုဒ်များကို အာချာတ်ကြိယာဟုခေါ်သည်။

မြန်မာဘာသာ၌မူကား–––

(၁) ကြိယာရင်း

(၂) နာမ်ပေါင်းကြိယာ

(၃) ကြိယာပေါင်း ကြိယာ ဟူ၍ (၃)မျိုးရှိသည်။

## (၁) ကြိယာရင်း

ကြိယာရင်းဟူသည်မှာ "သွားသည်၊ လာသည်၊ ပြောသည်၊ ဆိုသည်၊ နေသည်၊ ထိုင်သည်၊ အိပ်သည်၊ စားသည်၊ ပူဇော်သည်၊ လှူဒါန်းသည်"အစရှိသော မူလကြိယာရင်းသက်သက်ဖြစ်၍ နာမ်ပုဒ်လည်း အပိုမပါ၊ လုံးထပ်ကြိယာလည်း အပိုမပါသော ကြိယာများပင်ဖြစ်ကြသည်။

### (၂) နာမ်ပေါင်းကြိယာ

နာမ်ကြိယာ နာမ်ပေါင်းကြိယာဟူသည်မှာ နာမ်ပုဒ်နှင့်ကြိယာပုဒ် ပေါင်းစပ်ပြီးဖြစ်လာသော ကြိယာပုဒ်များဖြစ်ကြသည်။

ယင်းတို့ကား ---

ထမင်းချက်သည်(ထမင်း+ချက်သည်)ထမင်းကို ချက်သည်။ရေသောက်သည်(ရေ+သောက်သည်)ရေကို သောက်သည်။ဆေးလိမ်းသည် (ဆေး+လိမ်းသည်)ဆေးကို လိမ်းသည်။လက်နာသည်(လက်+နာသည်)လက်၌ နာသည်။ဒါနပြုသည်(ဒါန+ပြုသည်)အလှူဒါနကို ပြုလုပ်သည်။မေတ္တာပို့သည်(မေတ္တာ+ပို့သည်)မေတ္တာများကို ပို့သသည်။စသည်တို့ပင်ဖြစ်သည်။

ယင်းနာမ်ပေါင်းကြိယာဖြင့် မြန်မာဝေါဟာရဝါကျ၌ သုံးစွဲပုံ-

ဦးလှ ထမင်း စားနေသည်။ဦးလှသည် ထမင်းကို စားနေသည်။

ဦးမြ လက်နာနေသည်။ဦးမြသည် လက်၌ နာနေသည်။

### ၃။ကြိယာပေါင်း ကြိယာ

ကြိယာ+ကြိယာ=ကြိယာပေါင်း ကြိယာဟူသည်မှာ ကြိယာနှစ်ခုပေါင်းစပ်ပြီး ဖြစ်ပေါ်လာသော ကြိယာပုဒ်များဖြစ်ကြသည်။ယင်းတို့ကား ---

ကာဆီးသည်(ကာ+ဆီးသည်) ကာခြင်း+ဆီးခြင်း=ကြိယာနှစ်ခုပေါင်း။
ပြောဆိုသည်(ပြော+ဆိုသည်)ပြောသည်+ဆိုသည်= ။
လုပ်ကိုင်သည်(လုပ်+ကိုင်သည်)လုပ်သည်+ကိုင်သည်= ။
စိုက်ပျိုးသည်(စိုက်+ပျိုးသည်)စိုက်သည်+ပျိုးသည်= ။
ရောင်းဝယ်သည်(ရောင်း+ဝယ်သည်)ရောင်းသည်+ဝယ်သည်= ။
စားသောက်သည်(စား+သောက်သည်)စားသည်+သောက်သည်= ။
မေးမြန်းသည်(မေး+မြန်းသည်)မေးသည်+မြန်းသည်= ။

စသည်တို့တည်း။ယင်းကြိယာ(၃)မျိုးကို မြန်မာဘာသာဝေါဟာရ၌ အသုံးပြု၏။

## ကဗျာလင်္ကာသုံး ကြိယာ

ကဗျာလင်္ကာသုံးကြိယာကား ပြဆိုခဲ့ပြီးကြိယာတို့နှင့် မည်သို့မျှ မသက်ဆိုင်ပေ။ယင်း ပျို့ ကဗျာ လင်္ကာ ရတု ချေင်း မော်ကွန်းစသော ကဗျာအဖွဲ့တို့၌မူ အဆုံးချ အဆုံးသတ် ရေးသားအပ်သော " ၏၊ တည်း၊ သည်၊ တမုံ့၊ "စ သည်များကိုသာ ကြိယာဟူ၍ တင်စားခေါ်ဝေါ်ထားပေသည်။

"လျှင် လျှင်း မူကား၊ ဝယ်သား တမင့် (လ) တမုံ့ နှင့် ကို"ဟူသောလင်္ကာ၌ဆိုသော ကြိယာပုဒ်(၆၀)ရှိပေသည်။ (ကြိယာပုဒ်အကြောင်းပြီး၏)

## ကာရကဝိဘတ်အကြောင်း

မြန်မာဘာသာ၌ " သည်၊ ကား၊ မှ၊ က "စသည်များကို ဝိဘတ်ဟုခေါ်သည်။ယင်းဝိဘတ်တို့ကို စကားပြောဆိုကြရာ၌ "ဦးလှ ထမင်းစားနေသည်" စသည်ဖြင့် ဝိဘတ်ကို မြုပ်ပြီးပြောဆိုသုံးစွဲရိုးရှိသော်လည်း စာသုံး ကဗျာသုံးတို့၌မူ အပါများစေရမည်။

မြန်မာဘာသာ၌ ဝိဘတ်သည်

(၁) ကတ္တားဝိဘတ် (၂) ကံဝိဘတ် (၃) ကရိဏ်းဝိဘတ် (၄) သမ္ပဒါန်ဝိဘတ် (၅) အပါဒါန်ဝိဘတ် (၆) ဩကာသဝိဘတ် (၇) သာမိဝိဘတ် (၈) အာလုပ်ဝိဘတ် (၉) ဟိတ်ဝိဘတ် ဟူ၍ (၉)မျိုးရှိသည်။ထိုတွင် ---

(၁) ကြိယာကို ပြီးစေတတ်သောအနက်ကို ပြတတ်သော ဝိဘတ်သည် ကတ္တားဝိဘတ်မည်၏။"သည်၊ ကား၊ မှာ၊ က"(၄)လုံးတည်း။

(၂) ကြိယာဖြင့် ရောက်အပ်သောအနက်ကို ပြတတ်သော ဝိဘတ်သည် ကံဝိဘတ်မည်၏။" ကို၊ သို့ "(၂)လုံးတည်း။

(၃) ကြိယာကို အထူးသဖြင့် ပြီးစေတတ်သော ဝိဘတ်သည် ကရိဏ်းဝိဘတ်မည်၏။" ဖြင့်၊ နှင့် "(၂)လုံးတည်း။

(၄) ဝတ္ထု ကြိယာကို ခံယူခြင်းအနက်ကို ပြတတ်သော ဝိဘတ်သည် သမ္ပဒါန်ဝိဘတ်မည်၏။" အား၊ ငှါ၊ ဖို့ "(၃)လုံးတည်း။

(၅) ဖဲခွါရာ ကင်းရာဖြစ်သောအနက်ကို ပြတတ်သော ဝိဘတ်သည်

အပါဒါန်ဝိဘတ်မည်၏။"မှ၊ အောက်၊ ထက်၊ က"(၄)လုံးတည်း။

(၆) တည်ရာဟူသောအနက်ကို ပြတတ်သော ဝိဘတ်သည် ဩကာသဝိဘတ်မည်၏။" ၌၊ မှာ၊ တွင်၊ ဝယ်"(၄)လုံးတည်း။

(၇) ပိုင်ဆိုင်ခြင်း၊ စပ်ယှဉ်ခြင်း၊ ဆက်သွယ်ခြင်းအနက်ကို ပြတတ်သော ဝိဘတ်သည် သာမိဝိဘတ်မည်၏။"၏"(၁)လုံးတည်းသာတည်း။

(၈) ခေါ်ဝေါ်ခြင်း၊ ပြန်ထူးခြင်း အနက်ကို ပြတတ်သော ဝိဘတ်သည် အာလုပ်ဝိဘတ်မည်၏။" အို၊ ဟယ်၊ အချင်း"(၃)လုံးတည်း။

(၉) အကြောင်းဟူသော ဟိတ်အနက်ကို ပြတတ်သော ဝိဘတ်သည် ဟိတ်ဝိဘတ်မည်၏။" ကြောင့်၊ လို့၊ မို့"(၃)လုံးတည်း။

## (၁)ကတ္တားဝိဘတ်ပုံစံနှင့် စာစပ်ဟန်

(က) ဟတ္ထိပါလပျို့တွင်" သုံးလူ့တော်သည်၊ လာတော်မူပြီး၊ ရှားမီးကြိုးသို့"ဟုစပ်ရာ၌ လာခြင်းကြိယာကို ပြီးစေတတ်သော သုံးလူ့တော်သည်ဟူသော ကာရကသည် ကတ္တားမည်၏။လာတော်မူပြီ၌ စပ်။

(ခ) ပါရမီခန်းတွင် "သုမေဓာကား၊ ထိုခါထိုးခုတ်၊ ခွန်အားထုတ်သည်"ဟု စပ်ရာ၌ အားထုတ်ခြင်းကြိယာကို ပြီးစေတတ်သော သုမေဓာကားဟူသော ကာရကသည် ကတ္တားမည်၏။ခွန်အားထုတ်သည်၌ စပ်။

(ဂ) သုဓမ္မပူရမော်ကွန်းတွင်" သူမှာမူကား၊ တိုင်းတစ်ပါးသို့၊ မနားမနေ၊ လိုက်ရပေသည်"ဟုစပ်ရာ၌ လိုက်ရခြင်းကြိယာကို ပြီးစေတတ်သော သူမှာဟူသော ကာရကသည် ကတ္တားမည်၏။လိုက်ရသည်၌ စပ်။

(ဃ) ကဝိမဏ္ဍနီသတ်ပုံတွင်" မယ်ကခေါ်သည်၊ မောင်ထူးမည်၊ တမြည်စိတ်ချထွေး"ဟုစပ်ရာ၌ ခေါ်ခြင်းကြိယာကို ပြီးစေတတ်သော မယ်ကဟူသော ကာရကသည် ကတ္တားမည်၏။ခေါ်သည်၌စပ်။

## (၂)ကံဝိဘတ်နှင့် စာစပ်ပုံ

(က) သံဝရပျို့တွင် "လုလင်စံပ၊ သံဝရကို၊ မွေးဘမင်းမြတ်၊ မေးတုံ

လတ်၏"ဟု စပ်ရာ၌ မေးခြင်းကြိယာဖြင့် ရောက်အပ်သော သံဝရကိုဟူသော ကာရကသည် ကံမည်၏။မေးတုံလတ်၏၌ စပ်။

(ခ) ဆုတောင်းခန်းတွင်" ကပိလမည်ရှောင်း၊ ပြည်တော်ဟောင်းသို့၊ ချမ်းဆောင်းလပြာယ်၊ တပေါင်းငယ်၌၊ ခြောက်ဆယ်ယူဇနာ၊ ဝေးစွာခရီး၊ သွားလေ ပြီးသော်"ဟုစပ်ရာ၌ သွားခြင်းကြိယာဖြင့် ရောက်အပ်သော ပြည်တော်ဟောင်းသို့ဟူသော ကာရကသည် ကံမည်၏။သွားလေပြီးသော်၌ စပ်။

## (၃)ကရိုဏ်းပုံစံနှင့် စာစပ်ဟန်

(က) ဟတ္ထိပါလပျို့တွင်" ဇာတိပုည၊ ဂုဏ်မာနဖြင့်၊ သံပ ဟုံးစုံး၊ ဘက်မဲ့ ကြုံးသား"ဟု စပ်ဆိုရာ၌ ကြုံးဝါးခြင်းကြိယာကို အထူးသဖြင့်ပြီးစေတတ်သော မာနဖြင့်ဟူသောကာရကသည် ကရိုဏ်းမည်၏။သံပ ဟုံးစုံး၌ စပ်။
မှတ်ချက်။သံပ–အသံကို ဖွင့်ထုတ် ပြောဆိုသည်။ဟုံးစုံး–ကြုံးဝါးသည်။

(ပေါ်ရာဏ)

(ခ) ကုသလေးဆစ်တွင်။ "မိခုဇ္ဇာ သင် လျှာကို ခင်းပါလို့၊ သံလျက်တော် မြမြဝင်းရယ်နှင့်၊ အရင်းက ဖြတ်ချင်တယ်"ဟုစပ်ရာ၌ ဖြတ်ခြင်းကြိယာကို အထူးပြုသဖြင့် ပြီးစေတတ်သော သန်လျက်တော် မြမြဝင်းရယ်နှင့်ဟူသော ကာရ ကသည် ကရိုဏ်းမည်၏။ဖြတ်ချင်တယ်၌ စပ်။

## ၄။သမ္ပဒါန်ဝိဘတ်ပုံစံနှင့် စာစပ်ဟန်

(က)ကုသပျို့သစ်တွင်" ကုသမင်းအား သနားဖို့ရာ ပြောကြားလာသည်"ဟုစပ်ရာ၌ ပြောကြားခြင်းကြိယာကို ခံတတ်သော ကုသမင်းအားဟူသော ကာရကသည် သမ္ပဒါန်မည်၏။ပြောကြားလာသည်၌ စပ်။

(ခ)သံဝရပျို့တွင် "စားသောကျေးမှာ၊ နေစိမ့်ငှါလျှင်၊အဲဒဏာစက်လွှတ်၊ စေဘိလတ်မူ၊ မတတ်စသာ၊ ငါလည်းပြောင်းရ၊ အရာကျချိမ့်"ဟုစပ်ရာ၌ စေလွှတ်ခြင်းကြိယာကို ခံတော်မူတတ်သော နေစိမ့်ငှါဟူသော ကာရကသည် သမ္ပဒါန်မည်၏။စေဘိလတ်မူ၌ စပ်။

**၅။အပါဒါန်ဝိဘတ်ပုံစံနှင့် စာစပ်ဟန်**

(က)ဆုတောင်းခန်းတွင်"မဟာသုဒဿန၊ ကျောင်းတော်မှလျှင်၊ ကာလတန်ပြီး၊ ထိုခရီးသို့၊ ဘုန်းကြီးကြွတော် မူလတ်သတည်း"ဟုစပ်ရာ၌ ကြွခြင်းကြိယာဖြင့် ကင်းတတ်သော ကျောင်းတော်မှဟူသော ကာရကသည် အပါဒါန်မည်၏။ကြွတော်မူလတ်၌ စပ်။

(ခ) တောင်ငူမင်းဆို ရတုတွင်" တပေါင်းလကုန်မြောက်၊ ကာလရောက်က၊ နတ်အောက်မနိမ့်၊ လူလေးငြိမ့်ကို"ဟုစပ်ရာ၌ နိမ့်ခြင်းကြိယာဖြင့် ကင်းတတ်သော နတ်အောက်ဟူသော ကာရကသည် အပါဒါန်မည်၏။နိမ့်ခြင်းကြိယာ၌ စပ်။

(ဂ)(၁)ရှင်ရဋ္ဌသာရဆို ရတုတွင်"နတ်ဘုံရွာလည်း၊ တီမှာအလှ၊ သည့်ထက် ရချိမ့်"ဟုစပ်ရာ၌လည်းကောင်း၊

(၂)ရှင်သီလဝံသဆို ရတုတွင်" ကျွန်၏လူ့ရွာ၊ နတ်ပြည်မှာလည်း၊ ရှာသော်သည့်ထက်၊ ဘယ်မှာ ထွက်ချိမ့်"ဟုစပ်ရာ၌လည်းကောင်း၊ ရေတွက်ခြင်းကြိယာဖြင့် ကင်းတတ်သော သည့်ထက်ဟူသော ကာရကသည် အပါဒါန်မည်၏။ရချိမ့် ထွက်ချိမ့်တို့၌ စပ်။

(ဃ) စတုဓမ္မသာရပျို့တွင် " ပရိက္ခရာ၊ ခဝါကစ၊ ဟူသမျှလျှင်၊ ငါမှမပြား"ဟုစပ်ရာ၌ မကွဲပြားခြင်းကြိယာဖြင့် ကင်းတတ်သော ပရိက္ခရာ ခဝါကဟူသော ကာရကသည် အပါဒါန်မည်၏။မကွဲမပြား၌ စပ်။

**၆။ဩကာသဝိဘတ်ပုံစံနှင့် စာစပ်ဟန်**

(က) သံဝရပျို့တွင်" တိလောကနတ်၊ ဆရာထွဋ်ကား၊ ကျောင်းမြတ်ဗိမာန်၊ ဇေတဝန်၌၊ လေးတန်ယာပိုထ်၊ နေသောကြိုက်ဝယ်"ဟုစပ်ရာ၌ နေခြင်းကြိယာ၏ တည်ရာဖြစ်သော ဇေတဝန်ဟူသော ကာရကသည် ဩကာသမည်၏။ နေသောကြိုက်ဝယ်၌ စပ်။

(ခ) ကုသပျို့သစ်တွင်" ဆင်မြတ်ယဉ်သာ၊ ကျောက်ကုန်းမှာလျှင်၊ ပဘာကိုတင်"ဟုစပ်ရာ၌ တင်ဆောင်ခြင်းကြိယာ၏ တည်ရာဖြစ်သော ကျောက်ကုန်းမှာ

ဟူသော ကာရကသည် ဩကာသမည်၏။တင်ဆောင်ခြင်းကြိယာ၌ စပ်။

(ဂ) ပါရမီခန်းတွင်" တလှစ်ယင်းက၊ ကပ္ပိလ်တွင်၊ နှမနှင့်မောင်၊ ပြည်ထဲဆောင်ထား"ဟုစပ်ရာ၌ ပြည်ရေးပြည်မှုကို ဆောင်ရွက်ခြင်းကြိယာ၏ တည်ရာဖြစ်သော ကပ္ပိလတွင်ဟူသော ကာရကသည် ဩကာသမည်၏။ပြည်ထဲဆောင်ထား၌ စပ်။

(ဃ)အနုသာသနီပျို့တွင်"အလိုက်အလိုက်၊ လူတို့၌ဝယ်၊ ကြက်တိုက်အန်ခတ်"ဟုစပ်ရာ၌ ကြက်တိုက်ခြင်း အန်ခတ်ခြင်းကြိယာ၏ တည်ရာဖြစ်သော လူတို့၌ဝယ်ဟူသော ကာရကသည် ဩကာသမည်၏။ကြက်တိုက် အန်ခတ်ကြိယာ၌ စပ်။

## ၇။သာမိဝိဘတ်ပုံစံနှင့် စာစပ်ပုံ

ဣသိသိင်္ဂပျို့တွင်" ဣသိသိင်္ဂ၊ ရသေ့လှလျှင်၊ ထ၍လိုက်ကာ၊ လမ္ဗုသာ၏၊ တင့်စွာဆံထုံး၊ သုံးသပ်ပြီးလျှင်"ဟုစပ်ရာ၌ လမ္ဗုသာ၏ဟူသောပုဒ်သည် ဆံထုံးကို ပိုင်ဆိုင်ခြင်း ဆံထုံးနှင့်စပ်ခြင်း အနက်ကိုပြတတ်သောကြောင့် သာမိမည်၏။ဆံထုံး၌ စပ်။

## ၈။အာလုပ်ဝိဘတ်ပုံစံနှင့် စာစပ်ပုံ

(က) စတုဓမ္မသာရပျို့တွင်" လိမ်မာပြည့်သည့်၊ တပည့်ခြောက်သောင်း၊ အိုသားကောင်းတို့"ဟုစပ်ရာ၌ အိုဟူသော သဒ္ဒါလည်းကောင်း၊

(ခ) စတုဓမ္မသာရပျို့တွင်ပင်" နှစ်သက်နာဖွယ်၊ နှုတ်သံငယ်နှင့်၊ ဟယ်ဟယ် ဗြာဟ္မဏ၊ အာလုပ် ဟလျက်"ဟုစပ်ရာ၌ ဟယ်ဟယ်သဒ္ဒါသည်လည်းကောင်း၊

(ဂ) ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင်" ဝမ်းတော်ပါး၍၊ ကြီးစားသဘင်၊ အချင်းခေါ်ညွှန်း"ဟုစပ်ရာ၌ အချင်းသဒ္ဒါသည်လည်းကောင်း၊ ခေါ်ခြင်း ထူးခြင်း အနက်ကို ပြတတ်သောကြောင့် အာလုပ်ဝိဘတ်မည်၏။အာလုပ်ဝိဘတ်ကား စပ်ရာမရှိမှတ်။

## ၉။ဟိတ်ဝိဘတ်ပုံစံနှင့် စာစပ်ဟန်

သမ္ဗန္ဓလပျို့တွင်" ခေါ်လျှင်မကြား၊ အိမ်ရှေ့ဖျားကြောင့်၊ သနားစရာ၊ ငိုကြွေးရာ၏"ဟုစပ်ရာ၌ ငိုကြွေးခြင်း၏အကြောင်းကို ပြတတ်သော အိမ်ရှေ့ဖျား ကြောင့်ဟူသောပုဒ်သည် ဟိတ်မည်၏။ငိုကြွေးရာ၏၌ စပ်။

(မြန်မာဘာသာ စာစပ်နည်းမှ ရေးမှတ်သည်)

(ဝိဘတ်အကြောင်း ပြီး၏)

# အထွေထွေ

## စာစပ်ရာ၌ အသုံးပြုရန်

### နာမ်ဝိဘတ်(၇)သွယ်ဇယားပုံ

| ဝိဘတ်အမည် | ဝိဘတ် ဧကဝုစ်၊ဗဟုဝုစ် | အနက် | အသံထွက်ပုံ |
|---|---|---|---|
| လိင်္ဂပဌမာ | သိ ယော | လိင်္ဂတ် | ကတ္တားဖြစ်လျှင်သည်'ကံအား၊တို့သည် ကံပုဒ်ဖြစ်လျှင်ကို သို့၊တို့ကို တို့- |
| အာလုပ်ပဌမာ | သိ ယော | အာလုပ် | အို တို့အို ဝိဘတ်အသံမှာဆိုတ်၏ |
| ဒုတိယာ | အံ ယော | ကံ | ကို–သို့၊ တို့ကို–တို့သို့ |
| တတိယာ | နာ ဟိ | ကရိဏ်း | ဖြင့်–တို့ဖြင့် |
| ၎င်း | နာ ဟိ | သဟာဒိယောဂ | နှင့်–တို့နှင့် |
| ၎င်း | နာ ဟိ | ကတ္တား | သည်–တို့သည် |
| ၎င်း | နာ ဟိ | ဟိတ် | ကြောင့်–တို့ကြောင့် |
| စတုတ္ထီ | သ နံ | သမ္ပဒါန် | အား ၄ါ၊ တို့အား တို့၄ါ |
| ပဥ္စမီ | သ္မာ ဟိ | အပါဒါန် | မှ အောက် ထက်၊ တို့မှ- |
| ၎င်း | သ္မာ ဟိ | ကာရဏ | ကြောင့်၊ တို့ကြောင့် |
| ဆဋ္ဌီ | သ နံ | သမ္ဗန် | ၏–တို့၏ |
| ၎င်း | သ နံ | နိဒ္ဓါရဏ | တွင်–တို့တွင် |
| သတ္တမီ | သ္မိံ သု | ဩကာသ | ၌–တို့၌ |
| ၎င်း | သ္မိံ သု | နိမိတ် | ကြောင့်–တို့ကြောင့် |
| ၎င်း | ၎င်း ၎င်း | နိဒ္ဓါရဏ | တွင်–တို့တွင် |
| ၎င်း | ၎င်း ၎င်း | လက္ခဏ | သော် |
| ဆဋ္ဌီ | သ နံ | အနာဒရ | စဉ်–ကုန်စဉ် |
| သတ္တမီ | သ္မိံ သု | အနာဒရ | စဉ်–ကုန်စဉ် |

## ဝိဘတ်(၇)သွယ် ဇယားပုံရှင်းချက်

လိင် ပဌမာ–ဧကဝုစ်၊ ဗဟုဝုစ်၊ သိ–ယော ဝိဘတ်တို့သည် လိင်အနက်၌ ကတ္တားဖြစ်လျှင် သည်–ကား၊ တို့သည်–တို့ကား။တစ်နည်း ကံပုဒ်ဖြစ်လျှင် ကို–သို့၊ တို့ကို–တို့သို့–ဟု မြန်မာအသံထွက်ဆိုရသည်။

ကြွင်းသော အာလုပ်ပဌမာ၊ ဒုတိယာ၊ တတိယာ၊ စတုတ္ထီ၊ ပဥ္စမီ၊ ဆဋ္ဌီ၊ သတ္တမီဝိဘတ်တို့၏ ဧကဝုစ်၊ ဗဟုဝုစ်။ဝိဘတ်အနက်နှင့် မြန်မာအသံထွက်ပုံတို့ကို ဇယားကွက်အတိုင်း ကြည့်ရှု၍ သိပါလေ။

## စာရေးခြင်း၌အသုံးပြုရန်

### ကာရက အကာရကဇယား

| ကာရကအမည် | မြန်မာပြန် | ဖော်ပြသောအဓိပ္ပါယ် |
|---|---|---|
| ၁။ ကတ္တား ဝိဘတ် | သည် က | ပြုလုပ်သူကို ပြတယ် |
| ၂။ သာမိ ။ | ၏ | ပိုင်ဆိုင်ခြင်းကို ပြ |
| ၃။ သမ္ပဒါန ။ | အား ငှါ | အတွက် ဖို့ လက်ခံခြင်း |
| ၄။ ကမ္မ ။ | ကို သို့ | ပြုလုပ်ခံရခြင်း ရောက်ခြင်း |
| ၅။ ကရဏ ။ | ဖြင့် နှင့် | တွဲဖက်ခြင်း အသုံးခံခြင်း |
| ၆။ အပါဒါန ။ | မှ က | ထွက်ခွါရာပြတယ် |
| ၇။ ဩကာသ ။ | ၌ တွင် ဝယ် | တည်နေရာပြတယ် |
| ၈။ အာလပန ။ | အို | ခေါ်ဝေါ်ခြင်းပြတယ် |

ကာရက အကာရက အမည်မြန်မာပြန်နှင့်ဖော်ပြသော အဓိပ္ပါယ်တို့ကို အထက်ပါဇယားအတိုင်း သိပါလေ။(စာရေးသားရာ၌ အသုံးပြုရန်)

## (ကိတ်နာမ်မှတ်စု)

ပစ္စည်းနိယံ–

သရသက်သက်၊ နှစ်ခုထွက်၊ ဗျည်းနှင့်ရောယှက်၊ ဆယ့်ငါးချက်၊ဗျည်း

သက်သက်မှာ၊ သက်ပညာသက်၊ ဓာကျမ်းထွက်၊ သုံးချက် ပစ္စည်းနိယံတည်း။

(အနုဗန်အက္ခရာ (၆)မျိုး)

၁။(က)အနုဗန်
၂။(ဃ)အနုဗန်
၃။(ဏ)အနုဗန်
၄။(န)အနုဗန်
၅။(ခ)အနုဗန်
၆။(ရ)အနုဗန်

(၆)ပါးသော အနုဗန်တို့၏အကျိုးကား
ဃ'ဏ'န–ဟူသော အနုဗန်ကြောင့် ဝုဒ္ဓိပြုခြင်းအကျိုးကို ညွှန်ပြသည်။
(က)အနုဗန်သည် ဝုဒ္ဓိကို တားမြစ်ခြင်းကို ပြသည်။
(ရ)အနုဗန်သည် အကာရန္တပုလိင်ကို ပြသည်။
(န)အနုဗန်သည် အကာရန္တ အာကာရန္တတို့ကို ပြသည်။

ဆောင်ပုဒ်လင်္ကာ

ဃ–ဏ–န–မှန်၊ အနုဗန်မွန်၊ ဝုဒ္ဓိညွှန်၏။
က–မွန်တစ်တန်၊ အနုဗန်ကား၊ ဝုဒ္ဓိတား၏။
ရ–ကားတစ်ခု၊ ဗန်အနုမှာ၊ အကာရန္တ ပုလ္လိင်ပြ၊ ယူကြ မြဲကေန်။
မယှဉ်ယှက်တွယ်၊ နငယ်နုဗန်၊ ညွှန်သည်ဟန်ကား၊ နှစ်ပါးအဝဏ်၊ မသွေလုံ၊ ကေန် သတိချုပ်။

(ကေဝုစ်(၅)မျိုး)

(၁)တစ်ခုတည်းသောအနက်၌ ချထားသော ကေဝုစ်သည် **ကေတ္ထကေဝုစ်**မည်၏။
ပုံစံကား "ပန်းသည် မွှေး၏။ရေသည် အေး၏။မီးသည် ပူ၏"စသည်တည်း။
(၂)အပေါင်းကိုငဲ့၍ ချထားသော ကေဝုစ်သည် **သမုဒါယာပေက္ခ** •

**ကဝုစ်မည်၏**။

ပုံစံကား"လူအပေါင်းသည်။ နတ်အပေါင်းသည်။ပရိသတ်အပေါင်းသည်"။ စသည်။

(၃)ဓာတ်ကိုငဲ့၍ ကေဝုစ်ချထားခြင်းသည် **ဓာတွာပေက္ခကေဝုစ်**မည်၏။

ပုံစံကား"သတ္တဝါအားလုံး သနားစရာကောင်းသည်။တောင်ပေါ်မှ လိမ့်ကျသည်။ ပညာ၏ ကြီးခြင်း"။စသည်။

(၄) နိသိတအနက်၏ မှီရာဖြစ်သော နိဿယကိုငဲ့၍ ကေဝုစ်ချထား ခြင်းသည် **တံ နိဿယာပေက္ခကေဝုစ်**မည်၏။

ပုံစံကား"သာဝတ္ထိပြည်သည် စည်ကား၏။ရန်ကုန်မြို့သည် ကျယ်၏"စသည်။

(၅)နပုံးကေတ် သမာသ်လက္ခဏာ အားလျော်စွာ ကေဝုစ်ချထားခြင်း သည် **ကေတ္တလက္ခဏာကေဝုစ်**မည်၏။

ပုံစံကား"နားမျက်စိ ရှင်သည်။သစ်သီး ပန်းမာလ်ကို လှူသည်။လောကသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူသည်"။စသည်။

**(စာရေးအမှန် စာဖတ်အသံ)**

အသံတွေဖြစ်ပေါ်ရာ နေရာကို ဌာန်လို့ခေါ်တယ်။

"သံပေါက်ကဗျာ"

(၁) က.ခ.ဂ.ဃ.င၊ အ.အာ.ဟ၊ ကဏ္ဍလည်**ချောင်း**မှာ။

(၂) စ.ဆ.ဇ.ဈ.ည၊ ဣ.ဤ.ယ၊ ဌာန **အာခေါင်**မှာ။

(၃) ပ.ဖ.ဗ.ဘ.မ၊ ဉ.ဦ.ဝ၊ ဖြစ်က **နှုတ်ခမ်း**မှာ။

(၄) ဋ-ဝဂ်.ရ.ဠ၊ **လျှာထိပ်**မှ၊ တ-ဝဂ်.လ.သာ၊ **သွား**ဖြစ်လာ။

(၅) **လည်-အာစောက်**မှာ၊ ဧ-ဖြစ်လာ၊ ဩ-မှာ **လည်.နှုတ်ခမ်း**။

**(ဗျဥ္ဇနဗုဒ္ဓိ-၁၀-ပါး)**

သိထိလံ ဓနိတဉ္စ ဒီဃရဿံ၊ ဂရုကံ လဟုကဉ္စ နိဂ္ဂဟီတံ။

သမ္ဗန္ဓံ ဝဝတ္ထိတံ ဝိမုတ္တံ၊ ဒသဓာ ဗျဥ္ဇနဗုဒ္ဓိယာ ပဘေဒတော။ ။

ဘုရားဖြူကျောင်းတိုက်

(၁)**သိထိလဋ္ဌ**–လျော့လျော့ရွတ်အပ်သော အက္ခရာလည်းကောင်း၊ (ဝါ) လျော့သော ဝစီပယောဂဖြင့် ရွတ်ဆိုအပ်သော ငါးပါးသောဝဂ်တို့တွင် “ က၊ စ၊ ဋ၊ တ၊ ပ ”ဟူသော ပထမက္ခရာ၊ “ ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ ”ဟူသော တတိယက္ခရာ လည်းကောင်း။

(၂) **ဓနိတဋ္ဌ**–ပြင်းပြင်းရွတ်အပ်သော အက္ခရာလည်းကောင်း၊ (ဝါ)ခက်ထန်သော ဝစီပယောဂဖြင့် ရွတ်ဆိုအပ်သော ဝဂ်ဖြစ်သော “ ခ၊ ဆ၊ ဌ၊ ထ၊ ဖ ” ဟူသော ဒုတိယက္ခရာ၊ “ ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ ”ဟူသော စတုတ္ထက္ခရာ–၅–လုံးလည်း ကောင်း။

(၃) **ဒီဃံ**–“ အာ၊ ဤ၊ ဦ၊ ဧ၊ ဩ ”ဟူသော ဒီဃသရ–၅–လုံး၊ ၎င်းနှင့်ယှဉ်သော ဗျည်းဟူသော ဒီဃလည်းကောင်း။(ဝါ)နှစ်မတြာရှည်သော ကာလဖြင့် ရွတ်အပ်သော သုဒ္ဓဒီဃသရ၊ နှစ်မတြာခွဲကာလဖြင့် ရွတ်အပ်သော ဒီဃသရ ၅–လုံးနှင့်ယှဉ်သော ဗျည်းဒီဃလည်းကောင်း။

(၄) **ရဿံ**–“ အ၊ ဣ၊ ဥ ”ဟူသော ရဿသရ ၃–လုံး၊ ၎င်းနှင့်ယှဉ်သော ဗျည်းဟူသော ရဿလည်းကောင်း။(ဝါ)တစ်မတြာကာလဖြင့် ရွတ်အပ်သော “ အ၊ ဣ၊ ဥ၊ ဧတ်၊ ဩတ် ”ဟူသော သုဒ္ဓရဿသရ၊ တစ်မတြာခွဲကာလဖြင့် ရွတ်အပ်သော ရဿသရ ၅–လုံးတို့နှင့်ယှဉ်သော ဗျည်းရဿသရလည်းကောင်း။

(၅) **ဂရုကဋ္ဌ**–ဒီဃဂရု–သံယောဂဂရုလည်းကောင်း။(ဝါ)လေးနေးစွာ ရွတ်အပ်သော ၅–လုံးသော သုဒ္ဓဒီဃသရ၊ ထိုနှင့်ယှဉ်သော ဗျည်းဒီဃ။ သံယုဂ်၏ ရှေး၌ဖြစ်သော ၃–လုံးသော သုဒ္ဓရဿသရ၊ ထိုနှင့်ယှဉ်သော ဗျည်းရဿသရ လည်းကောင်း။

(၆) **လဟုကဋ္ဌ**–သံယုဂ်မနှောင်းသော ၃–လုံးသော ရဿသရ၊ ထိုနှင့်ယှဉ်သော ဗျည်းဟူသော လဟုလည်းကောင်း။(ဝါ) ပေါ့လျော့စွာ ရွတ်အပ်သော သံယုဂ်မနှောင်းသော ၃–လုံးသော သုဒ္ဓရဿသရ၊ ထိုနှင့်ယှဉ်သော ဗျည်း ရဿသရလည်းကောင်း။(ဝါ) ရဿလဟု၊ အသံယောဂပရလဟုလည်းကောင်း။

(၇) **နိဂ္ဂဟိတဋ္ဌ**–လုံးလုံးပြောက်ပြောက် ဗိန္ဒုပေါက်ဟူသော နိဂ္ဂဟိတ် လည်းကောင်း။(ဝါ)ယင်း၏ဖြစ်ရာ ဌာန်ကရိုဏ်းကို နှိပ်၍ ဟင်းလင်းမဖွင့် စဉ်း

ငယ်သာပွင့်သော ခံတွင်းဖြင့်ရွတ်အပ်သော အက္ခရာလည်းကောင်း။

(၈) **သမ္ဗန္ဓံ** စ–နောက်ပုဒ်နှင့်စပ်၍ ရွတ်ခြင်းလည်းကောင်း၊ (ဝါ)နောက်ပုဒ်နှင့်စပ်၍ ရွတ်အပ်သော အက္ခရာပုဒ်လည်းကောင်း။

(၉) **ဝဝတ္ထိတံ** စ–နောက်ပုဒ်နှင့် မစပ်၊ ဖြတ်၍ရွတ်ခြင်းလည်းကောင်း။ (ဝါ)နောက်ပုဒ်နှင့်မစပ်၊ ဖြတ်၍ရွတ်အပ်သော အက္ခရာပုဒ်လည်းကောင်း။

(၁၀) **ဝိမုတ္တံ** စ–နိဂ္ဂဟိတ်မဟုတ်သော ဝိမုလည်းကောင်း။(ဝါ) ဌာန်ကရိုဏ်းကို လွှတ်၍ ဖွင့်သောခံတွင်းဖြင့် ရွတ်အပ်သော အက္ခရာပုဒ်လည်းကောင်း။

ဣတိ ဣမိနာ ပဘေဒေန–ဤသို့သော အပြားအားဖြင့်၊ ဒသဓာ–၁၀–ပါးအပြားဖြင့်၊ ဗျဉ္ဇနဗုဒ္ဓိယာ–အနက်ကို ပြတတ်သော သိထိလအစရှိသော ဗျည်း အက္ခရာ သဒ္ဒါ၏၊ (ဝါ) အနက်ကို ပြကြောင်းဖြစ်သော သိထိလအစရှိသော အက္ခရာ ဗျည်း သဒ္ဒါကို ပွါးခြင်း၏၊ ပဘေဒေါ–အထူးအပြားသည်၊ ဟောတိ–ဖြစ်၏။

**ဝဂ္ဂါဝဂ္ဂအက္ခရာများ**

**က–ဝဂ်** ၅–လုံး၊
က၊ ခ၊ ဂ၊ ဃ၊ င။

**စ–ဝဂ်** ၅–လုံး
စ၊ ဆ၊ ဇ၊ ဈ၊ ည။

**ဋ–ဝဂ်** ၅–လုံး
ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ။

**တ–ဝဂ်** ၅–လုံး
တ၊ ထ၊ ဒ၊ ဓ၊ န။

**ပ–ဝဂ်** ၅–လုံး
ပ၊ ဖ၊ ဗ၊ ဘ၊ မ။

**အ–ဝဂ်** ၈–လုံး
ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အံ။

**သိထိလကို ပြခြင်း**

ထိုငါးပါးသော ဝဂ်တို့တွင် “က၊ စ၊ ဋ၊ တ၊ ပ”ဟူသော ပဌမက္ခရာ ၅–လုံး၊ “ဂ၊ ဇ၊ ဍ၊ ဒ၊ ဗ”ဟူသော တတိယက္ခရာ ၅–လုံးတို့သည် သိထိလအက္ခ

ရာမည်ကုန်၏။(ဝါ)လျော့လျော့ နူးညံ့သော ဝစီပယောဂဖြင့် ရွတ်ဆိုအပ်သောကြောင့် သိထိလအက္ခရာမည်ကုန်၏။

လျော့လျော့ နူးညံ့သော ဝစီပယောဂဖြင့် ရွတ်အပ်၏–ဟူသည် ဖြစ်ရာဖြစ်ကြောင်း ဌာန် ကရိဏ်းတို့ကို လျော့၍ရွတ်အပ်၏ဟူလို။

(ကမ္မဝဂ်၊ ပရိဝါအဋ္ဌကထာ)

ထို့ကြောင့် တေ့ရသကဏ်ဍ္ဍီကာ၌ "ဌာနကရဏာနိ သိထိလာနိ ကတွာ ဥစ္စာရေတဗ္ဗံ အက္ခရံ သိထိလံ"ဟု မိန့်ဆို၏။

## ဓနိတကို ပြခြင်း

ထိုငါးပါးသော ဝဂ်တို့တွင် "ခ၊ ဆ၊ ဌ၊ ထ၊ ဖ"ဟူသော ဒုတိယက္ခရာ ၅–လုံး၊ "ဃ၊ ဈ၊ ဎ၊ ဓ၊ ဘ"ဟူသော စတုတ္ထက္ခရာ ၅–လုံးတို့သည် ဓနိတမည်ကုန်၏။(ဝါ)ပြင်းပြင်းထန်ထန်သော ဝစီပယောဂဖြင့် ရွတ်အပ်သောကြောင့် ဓနိတအက္ခရာမည်ကုန်၏။ပြင်းထန်ကြမ်းတမ်းသော ဝစီပယောဂဖြင့် ရွတ်အပ်၏–ဟူသည် ဖြစ်ရာဖြစ်ကြောင်း ဌာန်ကရိဏ်းကို နှိပ်၍ရွတ်အပ်၏ဟူလို။

(ကမ္မဝဂ်၊ ပရိဝါအဋ္ဌကထာ)

ထို့ကြောင့် တေရသကဏ်ဍ္ဍီကာ၌ "တာနိယေဝ ဓနိတာနိ အသိထိလာနိ ကတွာ ဥစ္စာရေတဗ္ဗံ အက္ခရံ ဓနိတံ"ဟု မိန့်ဆို၏။

အဋ္ဌကထာဆိုတိုင်း ငါးပါးသောဝဂ်တို့တွင် ပထမက္ခရာ ၅–လုံး၊ တတိယက္ခရာ ၅–လုံးတို့သည်သာ သိထိလအက္ခရာမည်၏–ဟုမှတ်။ဒုတိယက္ခရာ ၅–လုံး၊ စတုတ္ထက္ခရာ ၅–လုံးတို့သည်သာ ဓနိတအက္ခရာမည်၏–ဟုမှတ်။

## သိထိလ၊ ဓနိတမှ လွတ်သောအက္ခရာကို ပြခြင်း

ဝဂ်တို့တွင် ပထမက္ခရာ ၅–လုံး၊ တတိယက္ခရာ ၅–လုံးတို့သည် သိထိလအက္ခရာမည်၏။ဒုတိယက္ခရာ ၅–လုံး၊ စတုတ္ထက္ခရာ ၅–လုံးတို့သည် ဓနိတက္ခရာမည်၏။ယင်းမှတစ်ပါးသော "ငါ၊ ည၊ န၊ ဏ၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အံ။ အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ၊ ဩတ်၊ ဩ"ဟူသော (၂၃)လုံးသော

အက္ခရာတို့သည် သိထိလ၊ ဓနိတမှလွတ်သော အက္ခရာတို့မည်ကုန်၏။ ၎င်းအက္ခရာတို့ကို လျော့လျော့ရွတ်သော်လည်းကောင်း၊ ပြင်းပြင်းရွတ်သော်လည်းကောင်း ကံမပျက်ဟုမှတ်။ (သဒ္ဒနီတိ၊ ပရိဝါအဋ္ဌကထာကြီးတို့၌ မိန့်ဆို၏)

တစ်နည်း ငါးပါးသောဝဂ်တို့တွင် ဒုတိယက္ခရာ ၅-လုံး၊ စတုတ္ထက္ခရာ ၅-လုံးတို့သည် ဓနိတက္ခရာမည်၏။ ပထမက္ခရာ ၅-လုံး၊ တတိယက္ခရာ ၅-လုံး၊ ပဉ္စမက္ခရာ ၅-လုံးတို့သည် သိထိလအက္ခရာမည်ကုန်၏။ ဤအဓိပ္ပါယ်မျိုးကို ဆရာတော်ဦးဇုမ်စသော ဆရာတော်ကြီးများ မိန့်ဆိုဆုံးဖြတ်တော်မူကြကုန်၏။ ယင်းစကားအရ "င၊ ည၊ န၊ ဏ၊ မ" ဟူသော ဝဂ္ဂန္တ ၅-လုံးသည် သိထိလမည်၏။ ၎င်းဝဂ္ဂန္တ ၅-လုံးကို ပြင်းပြင်းရွတ်သော် ကံပျက်၏ဟု ယူရန်ရှိသည်။

(ရူပသိဒ္ဓိ)

အချို့သောဆရာတို့သည် အဋ္ဌကထာ၏ အာဘော်ကို မသိ၊ ဋီကာ၏ အလိုမပါ၊ ထင်ရာကိုသာ ရေးလေ့ရှိသော ဗုဒ္ဓနဗုဒ္ဓါဒိဒီပနီဆရာတို့တည်း။

## သမ္ဗန္ဓကို ပြခြင်း

နောက်ပုဒ်နှင့်ရှေ့ပုဒ်စပ်ခြင်းသည် သမ္ဗန္ဓမည်၏။ စပ်ပုံကား-သဒ္ဒနီတိ ပြယုဂ်၌ အနာထပိဏ္ဍိကဿနှင့်အာရာမေ။ နနှင့်အရဟာတိ။ အရဟာတိနှင့်အာယသ္မာစပ်၏။ အနာထပိဏ္ဍိကဿာရာမေကို အနာထပိဏ္ဍိကဿ အာရာမေ-ဟု ဖြတ်၊ ဿကို ခွင်း၊ သရာ သရေ လောပံသုတ်ဖြင့် ရှေ့သရကို ချေ၊ ဿ အာသို့ ကပ်။ ဤသို့ စပ်။ အကြွင်းကို နည်းမှီ၍သိ။

အဋ္ဌကထာပြယုဂ်၌ "တုဏှိနှင့်အဿ" စပ်၏။ စပ်ဟန်ကား တုဏှိဿကို တုဏှီ-အဿဟု ပဒစ္ဆေဒပြု၊ ဏှကို ခွင်း၊ ဝါ ပရော အသရူပါသုတ်ဖြင့် နောက်အသရကို ချေ၊ သံယောဂေ ပရေ ရဿတ္တံ-ဟူသည့်အတိုင်း ဤကို ဣရဿပြု၊ ဏှကို ဣသို့ကပ်။

တုဏှဿကို တုဏှီ အဿဟု ဖြတ်၊ ဏှကို ခွင်း၊ သရာ သရေ လောပံသုတ်ဖြင့် ရှေးဤသရကို ချေ၊ ဏှကို အသို့ကပ်၊ ဤသို့စပ်ပါ။

သမ္ဗန္ဓခေါ်ပုံကား--ရှေ့ပုဒ် နောက်ပုဒ်၊ ရှေ့အက္ခရာ နောက်အက္ခရာတို့

၏ တစ်စုံတစ်ခုသော ဝဏ္ဏ ကာလ ဥပါဒ်၌ ဋီ ဘင်အခြားမရှိ စပ်ခြင်းသမ္ဗန္ဓသော်ရ၏။

## ဝဝတ္ထိတကို ပြခြင်း

ဝဝတ္ထိတဟူသည် ပုဒ်ဖြတ်ခြင်းကိုပြ၍ ရွတ်ဆိုအပ်သော ပုဒ်သည် (ဝါ)အက္ခရာသည် ဝဝတ္ထိတမည်၏။

ပုံစံကား--"အနာထပိဏ္ဍိကဿာရာမေ နာရဟာတာယသ္မာ အမ္ဗဋ္ဌော" တို့ကို အနာထပိဏ္ဍိကဿ အာရာမေ-ဟူ၍လည်းကောင်း၊ န အရဟာတိ အာယသ္မာ အမ္ဗဋ္ဌော-ဟူ၍လည်းကောင်း ရှေ့နောက်မစပ် ပုဒ်ဖြတ်ခြင်းကို ပြ၍ ရွတ်ဆိုအပ်သောပုဒ်သည် (ဝါ)အက္ခရာသည် ဝဝတ္ထိတမည်၏။

## ဝိမုတ္တကို ပြခြင်း

ဝိမုတ္တဟူသည် ဌာန်ကရိုဏ်းတို့ကို မနှိပ်မူ၍ ဖွင့်သောခံတွင်းဖြင့် ရွတ်ဆိုအပ်သော အက္ခရာဖြစ်သည်။ပုံစံကား--"ဓမ္မဋ္ဌိတတာ၊ ဓမ္မနိယာမတာ"တို့၌ "တာ"၊ ကုသလာ၌ "လာ"၊ ဓမ္မာ၌ "မာ"တို့သည် ဖြစ်ရာဌာန်တို့ကို မနှိပ်ဘဲ စွန့်လွှတ်၍ ဖွင့်သောခံတွင်းဖြင့် ရွတ်အပ်ကုန်သည်၏အဖြစ်ကြောင့် ဝိမုတ္တမည်ကုန်၏။

## ကမ္မဝိကောပနဗျဉ္ဇန-(၄)ပါးကို ပြခြင်း

သုဏာတု မေ-ဟု ပထမက္ခရာ တ-နှင့်ရွတ်အပ်လျက် ပထမက္ခရာ တဝမ်းပူကို ဒုတိယက္ခရာ ထဆင်ထူးအက္ခရာပြ၍ သုဏာထု မေ-ဟုရွတ်ခြင်းသည်လည်းကောင်း၊ "ပတ္တကလ္လံ၊ သော ဥ တ္တိ"ဟု ပထမက္ခရာ **တ**-နှင့်ရွတ်အပ်လျက် "ပတ္ထကလ္လံ၊ သော ဥ တ္ထိ"ဟု ဒုတိယက္ခရာ **ထ**-နှင့်ရွတ်ခြင်းသည်လည်းကောင်း သိထိလကို ဓနိတပြုခြင်းမည်၏။

"**ဘန္တေ သံဃော**"ဟု စတုတ္ထ **ဘ**-အက္ခရာ၊ **ဃ**-အက္ခရာနှင့် ရွတ်အပ်လျက် တတိယက္ခရာ **ဗ**၊ တတိယက္ခရာ **ဂ**-ပြ၍ "**ဗန္တေ၊ သံဂေါ**"ဟု ရွတ်ခြင်းသည် ဓနိတကို သိထိလပြုခြင်းမည်၏။

"သုဏာတု မေ" ဟု ဖွင့်သောခံတွင်းဖြင့် ရွတ်အပ်လျက် "သုဏံတု

မေ"ဟူ၍လည်းကောင်း၊ "ဒေသာ ဥတ္တိ"ဟု ဖွင့်သောခံတွင်းဖြင့် ရွတ်အပ်လျက် "ဒေသံ ဥတ္တိ"ဟူ၍လည်းကောင်း မဖွင့်သောခံတွင်းဖြင့် နာသိကဌာန် နာခေါင်းသံရှိသည်ကို ပြု၍ ရွတ်ခြင်းသည် ဝိမုတ္တကို နိဂ္ဂဟိတရွတ်ခြင်းမည်၏။

"ပတ္တကလ္လံ"ဟု မဖွင့်သောခံတွင်းဖြင့် နာသိကဌာန် နာခေါင်းသံရှိသည်ကို ပြု၍ ရွတ်အပ်လျက်" ပတ္တကလ္လာ"ဟုဖွင့်သောခံတွင်းဖြင့် နာသိကဌာန် နာခေါင်းသံရှိသည်ကို မပြုမူ၍ ရွတ်ခြင်းသည် နိဂ္ဂဟိတကို ဝိမုတ္တရွတ်ခြင်းမည်၏။

## ကံပျက်ခြင်း ဗျဉ္ဇနဗုဒ္ဓိ(၄)ပါး

(၁) သိထိလရွတ်အပ်လျက် ဓနိတပြု၍ရွတ်ခြင်း၊
(၂) ဓနိတရွတ်အပ်လျက် သိထိလပြု၍ရွတ်ခြင်း၊
(၃) ဝိမုတ္တရွတ်အပ်လျက် နိဂ္ဂဟိတပြု၍ရွတ်ခြင်း၊
(၄) နိဂ္ဂဟိတရွတ်အပ်လျက် ဝိမုတ္တပြု၍ရွတ်ခြင်း

ဤ(၄)ပါးသော သဒ္ဒါတို့သည် ကမ္မဝါစာ၏အတွင်း၌ ကံကို ဖျက်ဆီးတတ်ကုန်၏။ဤသို့ ပါဠိကို ရွတ်သည်ရှိသော် "အညသ္မိံ အက္ခရေ ဝတ္တဗ္ဗေ အညံ ဝဒတိ၊ ဒုရုတ္တံ ကရောတိ"ဟု ဆိုအပ်၏။

## သရဏဂုံပေးပုံ (၂)မျိုး

နိဂ္ဂဟိတ်အဆုံးရှိသည်ကို ပြု၍ သရဏဂုံပေးလိုသော ရဟန်းသည် ဗုဒ္ဓံ၏အကြားနှင့် သရဏံ၏အကြား၊ သရဏံ၏အကြားနှင့် ဂစ္ဆာမိတို့၏အကြားတို့၌ စဉ်းငယ်ရပ်သောအားဖြင့် ဖြတ်သည်ကို မပြုမူ၍ အသံစပ်သောအားဖြင့် နိဂ္ဂဟိတန္တကို ပြု၍ ပေးအပ်၏။(အကြွင်းကို မှီး၍သိလေ)

ထို့ကြောင့် ဝဇီရဗုဒ္ဓိဋီကာ၌ "အနုနာသိကန္တံ ကတွာ ကေသမ္ဗန္ဓံ ကတွာ ဒါနကာလေ အန္တရာ အဌတွာ ဝတ္တဗ္ဗံ"ဟုမိန့်ဆိုအပ်၏။

မအက္ခရာအဆုံးရှိသည်ကို ပြု၍ သရဏဂုံပေးလိုသော ရဟန်းသည် ဗုဒ္ဓံ၏အကြားနှင့် သရဏံ၏အကြား၊ သရဏံ၏အကြားနှင့် ဂစ္ဆာမိတို့၏အကြားတို့၌ စဉ်းငယ်ရပ်သောအားဖြင့် ဖြတ်သည်ကို ပြု၍ အသံမစပ်စေဘဲ မကာရန္တ

ပြ၍ ပေးအပ်၏။(အကြွင်းကို မှီး၍သိလေ)

ထို့ကြောင့် ဝဇီရဗုဒ္ဓိဋီကာ၌ "ဝိစ္ဆိန္ဒိတွာ ဒါနေပိ ယထာဝုတ္တဌာနေ ဇဝ ဝိစ္ဆေဒေါ"ဟု ဆို၏။တေရသကဏ္ဍဋီကာ၌လည်း "ဝိစ္ဆိန္ဒိတွာ မကာရန္တံ ကတွာ ဒါနသမယေ ဝိစ္ဆေဒံ ကတွာ"ဟုမိန့်ဆို၏။

## ကမ္မအဝိကောပနဗျဉ္ဇန(၆)ပါးကို ပြခြင်း

ဆိုခဲ့ပြီးသော သိထိလ၊ ဓနိတ၊ နိဂ္ဂဟိတ၊ ဝိမုတ္တ(၄)ပါးတို့သည် ကံကို ပျက်စေတတ်ကုန်၏။

ကံမပျက်၏ဟူသည် သိထိလအစရှိသော သဒ္ဒါ(၄)ပါးမှတစ်ပါးကုန်သော ဒီဃ၊ ရဿစသော သဒ္ဒါ(၆)ပါးတို့တွင် ဒီဃအရာ၌ ဒီဃကိုသာ၊ ရဿအရာ၌ ရဿကိုသာ၊ (ပ)ဝဝတ္ထိတအရာ၌ ဝဝတ္ထိတကိုသာ ရွတ်ဆိုရာ၏။ဤသို့ တည်မြဲတိုင်းသော သဒ္ဒါအစဉ်အဆက်ကို မပျက်စေသဖြင့် ကမ္မဝါစာရွတ်ဖတ်ခြင်းကို ပြုရာ၏။ဆိုခဲ့တိုင်း မပြုမူ၍ ဒီဃရွတ်အပ်လျက် ရဿစသည်ရွတ်မိသော်လည်း ကံမပျက်ဟူလို။

## (ဌာန် ကရိဏ်း ပယတ်တို့ကို ဥပမာအားဖြင့် ပြခြင်း)

"ဥပမာယမိဓေကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ "ဟူသည်နှင့်အညီ ဌာန် ကရိဏ်း ပယတ်တို့ကို ဥပမာအားဖြင့် အက္ခရာတို့၏ ဖြစ်ရာဌာန်သည် စည်မျက်နှာအပြင်နှင့်တူ၏။ရွတ်ကြောင်းကရိဏ်းသည် စည်လက်ခတ်နှင့်တူ၏။ပယတ်သည် စည်လက်ခတ်ကို ခြယ်လှယ်သော လက်နှင့်တူ၏။စည်မျက်နှာပြင်တည်းဟူသော ဌာန်၊ စည်လက်ခတ်တည်းဟူသော ကရိဏ်းကြောင့် ပယတနတည်းဟူသော လက်၏ခြယ်လှယ်မှုအတွက် အက္ခသဒ္ဒရာရုပ်တို့သည် ပေါ်ထွက်လာကုန်၏ဟု မှတ်ယူကုန်ရာ၏။ (ဗျဉ္ဇနဗုဒ္ဓါဒိဝိသောဓနီကျမ်း)

## (ပုဒ်-ဝါကျ-လိင်စသည်ခွဲပုံ အခိပ္ပါယ်)

ပုဒ်-ပုဒ်အနက်ကို ဖော်ပြတဲ့ အက္ခရာအစုကို ပုဒ်ဟုခေါ်သည်။

ဘုရားဖြူကျောင်းတိုက်

ထိုပုဒ်သည် နာမ်ပုဒ်၊ ကြိယာပုဒ်၊ နာမဝိသေသနပုဒ်၊ ကြိယာဝိသေသနပုဒ်စသည် အမျိုးမျိုးရှိသည်။

**ဝါကျ**–ပြည့်စုံသော အနက် အဓိပ္ပါယ်ကို ဖော်ပြတဲ့ပုဒ်တွေ ပေါင်းစပ်ထားတာကို ဝါကျလို့ခေါ်တယ်။ဒီဝါကျမှာ ပုဒ်နည်းနည်းပဲဖြစ်ဖြစ်၊ များများပဲဖြစ်ဖြစ် ပါဝင်နိုင်တယ်။အဓိပ္ပါယ်ရှိဖို့သာ လိုရင်းဖြစ်၏။

**နာမ်**–နာမ်ဆိုတာ နာမ–ပါဠိကလာတဲ့ ဝေါဟာရအမည်တွေပဲ။လူ ခွေး စာအုပ်စတဲ့ သက်ရှိ သက်မဲ့အမည်အားလုံးကို နာမ်လို့ခေါ်တယ်။ဒီနာမ်ပုဒ်တွေဟာလည်း ကိန်း–လိင်–ကာရကတွေ အမြဲတန်းပါရတယ်။

**လိင်**–ဣတ္ထိလိင်၊ ပုလ္လိင်၊ နပုံလိင်လို့ ခွဲထားတာဟာ ဖို–မသဘောကို ကြည့်ပြီးခွဲတာ မဟုတ်ဘူး။ရုပ်စဉ်လို့ခေါ်တဲ့ နာမ်ရုပ်တွေ ဖြစ်ပေါ်ပုံကိုလိုက်ပြီး လိင်ခွဲထားတာဖြစ်တယ်။

ပုံစံ(၁) ထမင်း–လို့အဓိပ္ပါယ်ထွက်တဲ့ ဝေါဟာရနှစ်ခုကို ကြည့်ပါ။ ဩဒန–ထမင်းကား ပုလ္လိင်၊ ဘတ္တ–ထမင်းကား နပုံလိင်ဖြစ်နေတယ်။

ပုံစံ(၂) ရွာမြို့–ဂါမ–ရွာက ပုလ္လိင်၊ နဂရ–မြို့က နပုံလိင်ဖြစ်နေတယ်။

ပုံစံ(၃) အမျိုးသမီးလေ့–ကညာ–အမျိုးသမီးက ဣတ္ထိလိင်၊ နာဝါ–လှေကလဲ ဣတ္ထိလိင်။ဒါတွေကိုကြည့်လျှင် ပါဠိပုဒ်တွေရဲ့ အနက်ကိုကြည့်ပြီး လိင်ခွဲလို့ မရဘူးဆိုတာ စွဲစွဲမြဲမြဲမှတ်ထားရမည်။

**ကိန်း**–ကိန်းဆိုတာ အရေအတွက်ကို ပြောတာ။ကိန်းဂဏန်းလို့ မြန်မာတွေ သုံးနေတာပဲ။သူ့မှာ အနည်း အများရှိတယ်။(၁)ခုကို ဧကဝုစ်။(၂)ခုထက်ပိုလွန်တာကို ဗဟုဝုစ်ခေါ်၏။

# (၅)ကဗျာလင်္ကာစပ်နည်း

## အမှာစကားရပ်

ကဗျာ လင်္ကာ တေးထပ်စသည် ရေးစပ်ဖွဲ့ဆိုလိုသော ပုဂ္ဂိုလ်များသည် ရှေးဦးစွာ ကဗျာ လင်္ကာ တေးထပ်စသည်များကို ရအောင်ကျက်မှတ်ရမည်။ ကဗျာ လင်္ကာ တေးထပ်စသည်တို့၏ စည်းမျဉ်း စည်းကမ်း ဥပဒေသ လက္ခဏာများကို သိရှိနားလည်အောင် လေ့လာမှတ်သားရမည်။ကဗျာနှင့်ကာရန်တို့တွင် ကဗျာအမျိုးမျိုး၊ ကာရန်အမျိုးမျိုးနှင့်သရုပ် အဓိပ္ပါယ်များကို နားလည်ထားရမည်။

မြန်မာစာပေ အရေးအသားလေးမျိုးနှင့် မြန်မာအက္ခရာတွင် သရအရေအတွက် ဗျည်းအမျိုးမျိုး၊ အသံအမျိုးမျိုး၊ သတ်ပုံအမျိုးမျိုးတွင် ပါဠိသက်သတ်ပုံ မြန်မာသတ်ပုံအမျိုးမျိုးကို သိအောင်လုပ်ထားရမည်။သံပေါက် လင်္ကာ ရတု ဒွေးချိုး တြိချိုး လေးချိုး တေးထပ်စပ်နည်းစသည် အမျိုးမျိုးကို ဤကျမ်းပါ ညွှန်ကြားသည့်အတိုင်း ရေးနည်း စပ်နည်းများကို ရေးစပ်ဖွဲ့ဆိုရမည်ဟူလို–။

## ကဗျာနှင့်ကာရန်အကြောင်း

ကဗျာဆိုသည်ကား ပညာရှိတို့၏ ဥစ္စာဟူ၍ ကဗျာကျမ်းအသီးသီးတို့က ဆိုကြ၏။စိတ်ကို နှစ်သိမ့်စေပြီးလျှင် အလိုရှိသော စိန်ရွှေရတနာစသည်တို့ကို ရဘိသကဲ့သို့ အားရတင်းတိမ်ခြင်းတို့ကို ပြည့်ဝစေသည်ဟူ၍လည်း ဆိုကြလေသည်။

ငှင်းအပြင် လက်ဝဲသုန္ဒရအမတ်ကြီး၊ မြဝတီမင်းကြီးဦးစ၊ လှိုင်ထိပ်ထားတို့မှာ ကဗျာ၏အစွမ်းကြောင့် ကျေးဇူးများခံကြပေသည်။ထို့ကြောင့် ကဗျာသည် ပညာရှိ ကဝိသူမွန်တို့၏ ဥစ္စာပစ္စည်းဟူ၍ ရှေးကဗျာကျမ်းများက ဆိုကြပေသည်။

### မြန်မာစာပေအရေးအသား(၄)မျိုး

(၁) စကားပြေဖြင့် ရေးသားခြင်း၊

ဘုရားဖြူကျောင်းတိုက်

(၂) ကဗျာလင်္ကာဖြင့် ရေးသားခြင်း၊

(၃) လင်္ကာ စကားပြေ နှစ်ထွေဖြင့် ရေးသားခြင်း၊

(၄) ဂီတသီချင်းဖြင့် ရေးသားခြင်း တို့ဖြစ်သည်။

**(၁)စကားပြေဖြင့် ရေးသားသော စာများ၏ဥဒါဟရဏ်များမှာ--**
ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း၊ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ ဇိနတ္ထပကာသနီ၊ မဏိကုဏ္ဍလဝတ္ထု၊ ရွှေပြည်စိုး၊ စပယ်ဝင်ဝတ္ထုတို့ဖြစ်သည်။

**(၂)ကဗျာ လင်္ကာအရေးအသားအတွက်--**
ကိုးခန်းပျို့၊ လောကသာရပျို့၊ ရတု၊ ရကန်၊ အဲ၊ အန်၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ တေးထပ်၊ သံချိုစသည်တို့ဖြစ်သည်။

**(၃)လင်္ကာ စကားပြေ နှစ်ထွေအတွက်---**
ဩဘာစာများ၊ ဦးပုညမေတ္တာစာများ၊ ရံဖန်ရံခါလင်္ကာညှပ်စကားပြေသွင်းစာ၊ အချို့ရှင်ပြုဘိတ်စာ-စသည်တို့ဖြစ်သည်။

**(၄)ဂီတသီချင်းများအတွက်----**
ဘွဲ့ကြီး၊ ပတ်ပျိုး၊ ယိုးဒယား၊ သီချင်းအမျိုးမျိုး၊ ကာလပေါ်သီချင်း-စသည်တို့ဖြစ်ပါသည်။

## ကဗျာအမျိုးမျိုး

ပျို့၊ လင်္ကာ၊ ရတု၊ ရကန်၊ ချေင်း၊ မော်ကွန်း၊ လေးချိုး၊ ဒွေးချိုး၊ တေးထပ်၊ သံပေါက်စသည်တို့ရှိသတည်း။

**ပျို့**--ပျို့ကို ဇာတ်ကြောင်း ဝတ္ထုတစ်ခုခုကို စပ်ဆိုသည်များ၏။ ဥဒါဟရဏ်ကား-ကိုးခန်းပျို့၊ ပါရမီခန်းပျို့၊ ဝေဿန္တရာပျို့-စသည်တို့ဖြစ်သည်။

**လင်္ကာ**--ဆုံးမစာသော်လည်းကောင်း၊ အကြောင်းခြင်းရာ တစ်ခုခုကို သော်လည်းကောင်း ရေးသောစာဖြစ်သည်။ပုံစံမှာ- "သူတည်းတစ်ယောက်၊ ကောင်းဘို့ရောက်မူ"၊ "မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ"၊ စသောဆုံးမစာ။တစ်ခါတရံ ဆုံးမစာမျိုးကို ပျို့၌ သုံးထား၏။မာတရောဝါဒပျို့၊ လောကသာရပျို့၊ ဟူ၍ စပ်ဆိုကြ၏။

**ရတု**—မိမိအကြောင်းအဖြစ်အပျက်များကိုလည်းကောင်း၊ အ ခန်းအနားများကိုလည်းကောင်း၊ ဘုရားတိုင်၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ တောဘွဲ့၊ တောင်ဘွဲ့စသည်တို့ကိုလည်းကောင်း ရေးသားဖွဲ့သော စာများဖြစ်သည်။

**ရကန်**— အတ္ထုပ္ပတ္တိဇာတ်ကြောင်း တစ်ခုခုကို ရေးဖွဲ့သောစာ ဖြစ်သည်။ ပုံစံမှာ–"ရာမရကန်၊ နေမိရကန်"စသည်တို့ဖြစ်သည်။

**ဧချင်း**—ဧချင်းဆိုသည်မှာ ရှေးမြန်မာမင်းများလက်ထက်က မင်း မိဖုရားတို့၏ သားတော် သမီးတော်တို့ကို ဖွားမြင်တော်မူသောအခါ ရှေးဘေားလောင်းတော် ဘိုးလောင်းတော်တို့ ဘုန်းသမ္ဘာကြီးရင့်ကြောင်း ရာဇဝင်ကို စာတင်သောကဗျာအဖွဲ့အနွဲ့ဖြစ်သည်။ပုံစံကား"မင်းတရားရွှေထီး ဧချင်း၊ စဥ့်ကူးမင်း ဧချင်း၊ ဆင်ဖြူရှင်မယ် ဧချင်း"–စသည်တို့ဖြစ်သည်။

**မော်ကွန်း**--မင်းတို့စံတော်မူရာ နန်းတော် ကန်တော် ကျောင်းတော် ဘုံဗိမာန်အကြောင်းကို ရေးဖွဲ့သောစာဖြစ်သည်။ပုံစံကား" တံတားဦးတည်မော်ကွန်း၊ မင်းကွန်းဘုရားမော်ကွန်း၊ ဧညဝတီမော်ကွန်း၊ မိတ္ထီလာကန်တော်မော်ကွန်း၊ ရတနာဒီပဘွဲ့မော်ကွန်းစသည်တို့ဖြစ်သည်။

**လေးချိုး၊ ဒွေးချိုး၊ တေးထပ်**---ကိုယ်တွေ့အကြောင်း တစ်ခုခုကို ဖွဲ့နွဲ့သောစာမျိုးဖြစ်သည်။ပုံစံကား"မယ်ဘွဲ့၊ မောင်ဘွဲ့၊ တောဘွဲ့၊ တောင်ဘွဲ့များဖြစ်သည်။

**သံပေါက်**--မိမိလိုရာ ဆုံးမစာ၊ မှတ်သားရန် အတိုချုပ်၊ သင်္ကေတများအပြင် ဇာတ်လမ်းဇာတ်ကြောင်းသဖွယ် ဆက်ကာဆက်ကာ အတ္ထုပ္ပတ္တိများ ရေးသားစပ်ဆိုကြသေးသည်။ပုံစံကား".တံရုံတစ်ခါသော်၊ မြိုင်တန်းပေါ်၊ မှီပျော်နေထ၊ ကျားမင်းလှ"။" အိုကွဲ့ယောကျ်ား၊ လူ့ပြည်သား၊ ဘယ်တရားများ၊ ကျင့်ခဲ့တယ်"။ စသည်တည်း။

## မြန်မာအက္ခရာနှင့်ကာရန်

**မြန်မာသရ(၁၁)လုံး**

အ၊ အာ။ ဣ၊ ဤ။ဥ၊ ဦ။ဧ၊ အဲ၊ ဩ၊ ဪ၊ အိုး။

အ၊ အာ၊ အိ၊ အီ၊ အု၊ အူ၊ အေ၊ အဲ၊ အော၊ အော်၊ အိုး။

ဘုရားဖြူကျောင်းတိုက်

သရဆိုသည်မှာ မိမိတို့၏ ပင်ကိုယ်အသံပါလာသော အက္ခရာများဖြစ်သည်။

**ဗျည်း(၃၃)လုံး**

က၊ ခ၊ ဂ၊ ဃ၊ င။(ကဝဂ်=က–စသောအစု–၅လုံး)
စ၊ ဆ၊ ဇ၊ ဈ၊ ည။(စဝဂ်=စ–စသောအစု–၅လုံး)
ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ။(ဋဝဂ်=ဋ–စသောအစု–၅လုံး)
တ၊ ထ၊ ဒ၊ ဓ၊ န။(တဝဂ်=တ–စသောအစု–၅လုံး)
ပ၊ ဖ၊ ဗ၊ ဘ၊ မ။(ပဝဂ်=ပ–စသောအစု–၅လုံး)
ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အံ။(အဝဂ်=အ–အဆုံးရှိသော–၈လုံး)

ဗျည်းဆိုသည်မှာ အသံဖြစ်စေနိုင်သော သတ္တိမရှိ၊ သရနှင့်မှီတွဲ ဖက်စပ်မှသာ အသံရသောအက္ခရာတို့ဖြစ်သည်။

**သရနှင့်ဗျည်းပေါင်းပုံ**–ဗျည်းဖြစ်သော(လ)ကို သရဖြစ်သော(ဦ=အူ)နှင့် ပေါင်းလျှင်(လ+အူ=လူ)ဟူ၍ အသံထွက်လာသည်။ထိုနည်းတူစွာ (က+အိ=ကိ)၊ (ခ+အီ=ခီ)၊ (ည+အိ=ညိ)၊ (က+အု=ကု)၊ (စ+အု=စု)၊ (ည+အု=ညု)ဟူ၍ ဖြစ်ကြသည်။

**ကာရန်**==ကာရန်ဟူသည် ကာရန္တဟူသော ပါဠိဘာသာမှ ပြောင်းလဲလာသောပုဒ်ဖြစ်သည်။"ကာရဿ အန္တော ကာရန္တော"ဟူသည်နှင့်အညီ အက္ခရာ ဝဏ္ဏ၏ အဆုံးကိုဖြစ်စေ၊ ဝါကျတစ်ခုလုံး၏ အဆုံးကိုဖြစ်စေ ကာရန်ဟူ၍ ဆိုလိုသည်။

**ကာရန်(၆၄)ပါး**

(၁) အ၊ အာ၊ အား။ (၃)လုံး
(၂) အိ၊ အီ၊ အီး။ (၃)လုံး
(၃) အု၊ အူ၊ အူး။ (၃)လုံး
(၄) အေ၊ အေ့၊ အေး။ (၃)လုံး
(၅) အယ်၊ အဲ့၊ အဲ။ (၃)လုံး
(၆) အော့၊ အော်၊ အော။ (၃)လုံး

(၇) အက်၊ အောက်၊ အိုက်။ (၃)လုံး

(၈) အင်၊ အင့်၊ အင်း။အောင်၊ အောင့်၊ အောင်း။အိုင်၊ အိုင့်၊ အိုင်း။ (၉)လုံး

(၉) အစ်။ (၁)လုံး

(၁၀) အည်၊ အည့်၊ အည်း။ (၃)လုံး

(၁၁) အဉ်၊ အဉ့်၊ အဉ်း။ (၃)လုံး

(၁၂) အတ်၊ အိတ်၊ အုတ်။ (၃)လုံး

(၁၃) အန်၊ အန့်၊ အန်း။အိန်၊ အိန့်၊ အိန်း။အုန်၊ အုန့်၊ အုန်း။ (၉)လုံး

(၁၄) အပ်၊ အိပ်၊ အုပ်။ (၃)လုံး

(၁၅) အိမ်၊ အိမ့်၊ အိမ်း။အမ်၊ အမ့်၊ အမ်း။အုမ်၊ အုမ့်၊ အုမ်း။ (၉)လုံး

(၁၆) အို၊ အို့၊ အိုး။ (၃)လုံး

စုစုပေါင်း (၆၄)လုံး

**အသံအမျိုးမျိုး**

ကဗျာလင်္ကာရေးသားစီကုံးရာတွင် ကာရန်နှင့်စာလုံးရေကို လေ့နံ့အား ထစ် မှတ်သားထား၍ မပြီးမြောက်သေးပါ။အသံကိုလည်း ကောင်းစွာနားလည်ရသည်။အသံသည် များစွာအရေးကြီးသည်။ပကတိအားဖြင့် မြန်မာစကား၌ အသံ (၄)မျိုးရှိသည်။

ထို(၄)မျိုးကား-(၁) တက်သံ (၁၈)ပါး

(၂) သက်သံ (၁၈)ပါး

(၃) နိမ့်သံ (၁၈)ပါး

(၄) တိုင်သံ (၁၀)ပါး

**(၁) တက်သံ(၁၈)ပါး---**

အာ၊ အီ၊ အူ၊ အေ၊ အော်၊ အင်။

အဉ်၊ အည်၊ အန်၊ အိန်၊ အုန်၊ အမ်။

အိမ်၊ အုမ်၊ အယ်၊ အိုင်၊ အောင်၊ အိုဝ်(အို)။

**(၂) သက်သံ(၁၈)ပါး---**

အ၊ အိ၊ အု၊ အေ့၊ အော့၊ အင့်။

အဥ့်၊ အည့်၊ အန့်၊ အုန့်၊ အမ့်။

အိမ့်၊ အုံ့၊ အယ့်(အဲ့)၊ အိုင့်၊ အောင့်၊ အို့။

(၃) နိမ့်သံ(၁၈)ပါး---

အား၊ အီး၊ အူး၊ အေး၊ ဩော(အော)၊ အင်း။

အဥ်း၊ အည်း၊ အန်၊ အိန်း၊ အုန်း၊ အမ်း။

အိမ်း၊ အုံး၊ အဲ၊ အိုင်း၊ အောင်း၊ အိုး။

(၄) တိုင်သံ(၁၀)ပါး---

အက်၊ အစ်၊ အတ်။

အိတ်၊ အုတ်၊ အောက်။

အိုက်၊ အပ်၊ အိပ်၊ အုတ်(အုပ်)။

**ချီသံနှင့်ချသံ**--ကဗျာလင်္ကာစပ်ဆိုသီကုံးသောအခါ အချီသံ အချသံဟူ၍ အသံ (၂)မျိုးကို ခွဲခြား၍ သုံးကြသည်သာများသည်။ကဗျာလင်္ကာရေးသားရာ၌ ချီသံဖြင့် ရေးမည့်နေရာ၌ ချသံဖြင့်ထားလျှင်, ဆို၍မကောင်း။သုတိမသာဖြစ်တတ်သည်။ဆိုမကောင်း၍ သုတိမသာဖြစ်လျှင် ကဗျာ့ဂုဏ်တစ်ခုချို့တဲ့လေတော့သည်။ထိုနည်းတူစွာ ချသံဖြင့် ဆုံးရမည့်နေရာ၌ ချီသံဖြင့် ဆုံးထားလျှင်လည်း ဆိုမကောင်း၊ သုတိမသာဖြစ်တတ်သည်။ကဗျာလင်္ကာ သင်ယူနေကြသော ကျောင်းသူ ကျောင်းသား စာသင်သားတို့သည် ချီသံသဘော ချသံသဘောတို့ကို ဂရုပြု၍ ရေးသားရာ၏။

**ချီသံ**--ချီသံဆိုသည်မှာ မြင့်တင်ထားသောအသံမျိုးဖြစ်သည်။အထက်ပါ မြန်မာစကား၏ ပကတိသံ(၄)မျိုးအနက် တက်သံခေါ်သော အသံ(၁၈)ပါးသည် ကဗျာလင်္ကာ၏ ချီသံ၌ ပါဝင်လျက်ရှိသည်။

**ချသံ**--ချသံဆိုသည်မှာ ကျဆင်းသွားသော အသံမျိုး ရပ်၍ရသော အသံမျိုးတို့ဖြစ်သည်။အထက်ပါ မြန်မာစကား၏ ပကတိအသံ(၄)မျိုးအနက် (၃)မျိုးဖြစ်သော သက်သံ(၁၈)ပါး၊ နိမ့်သံ(၁၈)ပါး၊ တိုင်သံ(၁၀)ပါးတို့သည် ကဗျာလင်္ကာ၏ ချသံ၌ ပါဝင်လျက်ရှိလေသည်။

ကဗျာလင်္ကာရေးစီရာ၌ ချီသံနှင့်ချသံတို့ကို တစ်လှည့်စီရေးနိုင်လျှင် သုတိသာယာတတ်သည်ကို သိမြင်နိုင်သည်။တစ်လှည့်စီ မဟုတ်စေကာမူ ချီသံချည်း အထပ်ထပ်မဟုတ်ဘဲလည်းကောင်း၊ ချသံချည်း ထပ်ခါထပ်ခါမဟုတ်ဘဲလည်းကောင်း၊ ရေးသားလျှင် သုတိသာယာတတ်သေးသည်။တစ်ခါတရံ၌ ချီသံချည်းလည်းကောင်း၊ ချသံချည်းလည်းကောင်း အထပ်ထပ် အခါခါ စပ်ဆိုသဖြင့် သုတိသာယာသည်လည်း ရှိပါ၏။သို့ရာတွင် နည်းလှသည်။ ချွင်းချက်ဟု ယူဆရာသည်။

**အသတ်**--အသတ်ဆိုသည်မှာ အက္ခရာဝဏ္ဏတို့၏ ပကတိအသံကို အရှိန်သေအောင် သတ်ထားခြင်းဖြစ်သည်။

**အသတ်(၁၀)မျိုး**

က+က်(ကသတ်)=ကက်။ က+င်(ငသတ်)=ကင်။
က+စ်(စသတ်)=ကစ်။ မ+ည်(ညသတ်)=မည်။
တ+တ်(တသတ်)=တတ်။ ဆ+န်(နသတ်)=ဆန်။
အ+ပ်(ပသတ်)=အပ်။ က+မ်(မသတ်)=ကမ်။
ရ+ယ်(ယသတ်)=ရယ်။ သော+ဝ်(ဝသတ်)=သော်။

၎င်းအပြင် မြန်မာစာပေထဲတွင် ပါဠိဘာသာမှ ဆင်းသက်လာသော ပါဠိပျက် အသတ်အက္ခရာတို့လည်း များစွာရှိလေရာ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

မုခ-မှ=မုခ်(ခ်)။(မြန်မာမှုသက်သက် မုတ်ဟူ၍လည်းရေးသည်)
သင်္ဂဟ-မှ=သင်္ဂြိုဟ်(ဟ်)။
ဝဂ္ဂ-မှ=ဝဂ်(ဂ်)။
သောဓန-မှ=သုဓ်သင်(ဓ်)။
ကုသလ-မှ=ကုသိုလ်(လ်)။
သီဟဠ-မှ=သီဟိုဠ်(ဠ်)။
ထေရ-မှ=ထေရ်(ရ်)။

ဝဋ္ဋ–မှ=ဝဋ်(ဋ္ဋ)။

ပဒ–မှ=ပုဒ်(ဒ်)။

ကဗျာစီကုံးရာ၌ အသတ်ချင်း တူညီနိုင်သမျှ တူညီအောင် အားထုတ်ကြသည်။ရှေ့ပညာရှိတို့သည်(နသတ် နသတ်ချင်း)(မသတ် မသတ်ချင်း)(ပသတ် ပသတ်ချင်း)(တသတ် တသတ်ချင်း)တူညီအောင် ဂရုပြု၍ စပ်ဆိုတတ်ကြသည်။

ယခုအခါတွင် လိုသောအနက်တစ်ခုကို အသတ်တူကာရန်များဖြင့် မရနိုင်သောအခါ ထိုအနက်ကိုပေးနိုင်မည့် အသတ်မတူကာရန်များကို သုံးစွဲကြသည်ကိုလည်း တွေ့ရတတ်သည်။ဆင်ခြင်၍ လိုက်နာကြရန်ဖြစ်သည်။

## သံပေါက်စပ်နည်း

အစလေးလုံး၊ အလယ်သုံး၊ အဆုံး ငါး ခုနှစ်။
ရှေ့ဦးပါဒ၊ စတုတ္ထ၊ အစ ကာရန်ဖြစ်။
အလယ်ပိုင်းက၊ တတိယ၊ အုပ်ကြ မှန်စင်စစ်။
နောက်ဆုံးပါဒ၊ ဒုတိယ၊ ထပ်မ ဘယ်မလစ်။
ပထမလည်း၊ အုပ်သည်ချည်း၊ ရှေးနည်း ဟောင်းစနစ်။
အချဉ်မှု၊ ကာရန်တူ၊ တွေးကူ ဉာဏ်ဆီညှစ်။
အကြောင်းတစ်ရပ်၊ ကူးပြောင်းစပ်၊ နောက်ထပ် ကာရန်သစ်။

### (ပထမသံပေါက်စပ်နည်း)

ဥပဒေ(က) အစလေးလုံး၊ အလယ်သုံး၊ အဆုံးငါးလုံးရှိ၏။

နမူနာများကို ကျက်မှတ်ရန်

၁။ ရတနာသုံး၊ နီလာကုံး၊ ထိပ်လုံး ဆင့်လန်းလန်း။
၂။ သံပဟုံးစုံး၊ ဘက်မဲ့ကြုံး၊ လက်ရုံး ဆန့်တန်းတန်း။
၃။ ရှားစေးကွမ်းတုံး၊ သုံးထွေရုံး၊ လျှာလုံး နီမြန်းမြန်း။
၄။ မြုပ်လေစုံးစုံး၊ သံရေဖုံး၊ ကိုယ်လုံး နစ်မွန်းမွန်း။

ဘုရားဖြူကျောင်းတိုက်

၅။ မိုးလေးလလုံး၊ ကျူခဲ့ဆုံး၊ အိုင်ထုံး စိုတန်းတန်း။
၆။ စောစောအိပ်ထ၊ ပြုကျင့်က၊ တွင်းပ ကိုယ်ခန္ဓာ။
၇။ ရောဂါခပ်သိမ်း၊ ရှောင်ခွါတိမ်း၊ ကင်းငြိမ်းလွန်ချမ်းသာ။(ကျန်းမာ)
၈။ ဥစ္စာခနေ၊ ပေါကြွယ်ဝ၊ ထွန်းပညာဏ်ပညာ။
၉။ ပညာရှိက၊ မြတ်သုခ၊ မုချရမည်သာ။

**(ဒုတိယသံပေါက်စပ်နည်း)**

ပုံစံများ--(၁)သူတော်မ**ကျမ်း**၊ = = = +
လူသ**ရမ်း**၊ = = +
**ဖမ်း**၍မမိနိုင်။ + = = = =

(၂)ယိုးဒယား**ဂျမ်း**၊ = = = +
လူမျိုး**ရှမ်း**၊ = = +
**ဂျမ်း**ကိုမထိုးနိုင်။ + = = = =

(၃)သန်းသန်းကဲ**ကဲ**၊ = = = +
အိပ်ပျော်**ဆဲ**၊ = = +
**မဲ**ဇလီနှင့်ဆား။ + = = = =

(၄)မျက်စိကြောင်**တက်**၊ = = = +
နှုတ်မ**မြွက်**၊ = = +
ပျ**က်**၏ဓာတ်သည်းချေ။ + = = = =

ဥပဒေ(က)ပထမနည်းမှာကဲ့သို့ အစလေးလုံး၊ အလယ်သုံး၊ အဆုံးငါး လုံးရှိ၏။

(ခ)သို့ရာတွင် အဆုံးငါးလုံးရှိ ဒုတိယအလုံး၏ကာရန်ကို မယူပဲ ပထမ အလုံး၏ကာရန်ကို ယူသည်။

ဘုရားဖြူကျောင်းတိုက်

**လေ့ကျင့်ခဏ်း**

အောက်ပါတို့ကို ဆက်၍ သံပေါက်စပ်ပါ။

(၁) ကျောင်းဖွင့်ချိန်မှာ၊
နေ့စဉ်သာ၊
\+ = = = =

(၂) ကျောင်းသို့ရောက်လျှင်၊
စာကိုပင်၊
\+ = = = =

(၃) ပညာတတ်အောင်၊
ကြိုးစားမောင်၊
\+ = = = =

(၄) ပျိုးကြဲချိန်မှာ
= = +
\+ = = = =

**(တတိယသံပေါက်စပ်နည်း)**

ဥပဒေ–အစလေးလုံး အလယ်သုံးဖြစ် နောက်ဆုံး၌ ခုနစ်လုံးရှိရမည်။ အစလေးလုံး၏ စတုတ္ထအက္ခရာ၊ အလယ်သုံးလုံး၏ တတိယအက္ခရာ၊ နောက်ခုနစ်လုံး၏ ဒုတိယအက္ခရာတို့သည် ကာရန်တူကြရမည်။

ပုံစံမှာ–(၁)သပိတ်လေးလုံး၊ = = = +
လက်နှိပ်ဖုံး၊ = = +
တစ်လုံးတည်းဖြစ် ဘယ်နေ့နည်း။ = + = = = = =

(၂) နတ်လေးယောက်လုံး၊ လူစည်းရုံး၊ မြင့်ဆုံးဘယ်နတ်သပိတ်နည်း။
= = = + = = + = + = = = = =

(၃) မြင့်မိုရ်တောင်လုံး၊ အုံ့မဆုံး၊ ရွှေထုံးဘယ်ကဖြစ်သနည်း။
= = = + = = + = + = = = = =

လေ့ကျင့်ခဏ်းများ

အောက်၌စထားသော သံပေါက်ကို တတိယနည်းအရ ဆက်ပါ။

(၁) ပညာကိုသာ၊ ကြိုးစားပါ၊ = + = = = = =

(၂) နေ့စဉ်ပေးစာ၊ ရဖို့ရာ၊ = + = = = = =

(၃) ကျောင်းသားများမှာ၊ ပညာသာ၊ = + = = = = =

(၄) ယဉ်ကျေးမှုများ၊ နေ့တိုင်းပွါး၊ = + = = = = =

ဘုရားဖြူကျောင်းတိုက်

## (စတုတ္ထသံပေါက်စပ်နည်း)

ပုံစံ–"အဘိဓမ္မာဝယ်၊ တို့ဘုန်းကြွယ်၊ ဘယ်သူဆောက်သည့် ကျောင်းပေနည်း"

ဥပဒေ–ဤစာစပ်နည်းတွင် အစလေးလုံး အလယ်သုံး အဆုံးခုနှစ်လုံးရှိသော်လည်း ခုနှစ်လုံးအပိုဒ်မှာ ပထမအလုံး၏ ကာရန်ကိုယူသည်။

အောက်ပါသံပေါက်များကို ဆက်၍စပ်ပေးပါ။

(၁)ကျောင်းသားများရယ်၊ ကျောင်းလာတယ်၊ + = = = = = =

(၂)မိုးတွင်းအခါ၊ ဖားများစွာ၊ + = = = = = =

(၃)ကျောင်းနေတုန်းမှာ၊ ကြိုးစားပါ၊ + = = = = = =

## (ပဉ္စမသံပေါက်စပ်နည်း)

ပုံစံများ(၁)အိမ်ရှေ့သခင်၊ ရာထွက်တင်၊ ကျွန်ပြင်သောင်တွင်း ဘုန်းနံ့ချင်း။

= = = + = = + = + = + = = +

(၂)ချိန်ဆုံးသင့်လှ၊ ကျော်ပေါက်ပြ၊ တေဇထွန်းပေါ် မင်းရဲကျော်။

= = = + = = + = + = + = = +

(၃)တရံခါပျော်၊ မြိုင်ခန်းပေါ်၊ မှီပျော်နေထ ကျားမင်းလှ။

= = = + = = + = + = + = = +

(၄)သမင်ချေငယ်၊ စိုင်ဒရယ်၊ ဝေးနယ်ရှောင်ကြ များမြောင်စွ။

= = = + = = + = + = + = = +

ဥပဒေ––ဤစပ်နည်း၌ ပထမနည်းမှာကဲ့သို့ ပထမပါဒတွင် စတုတ္ထအက္ခရာနှင့် ဒုတိယပါဒတွင် တတိယအက္ခရာ၊ နောက်ဆုံးပါဒတွင် ဒုတိယအက္ခရာတို့ ကာရန်တူကြသည်။နောက်ဆုံးပါဒ၌ စတုတ္ထအက္ခရာနှင့်နောက်ဆုံး သတ္တမအက္ခရာတို့သည် ကာရန်တူကြရပြန်သည်။

အောက်ပါမဆုံးသေးသော သံပေါက်များကို ဆက်ရေးပါ။

(၁)ပညာရှာရာ၊ ကြိုးစားပါ၊ ကြီးခါသုခ= = +။

(၂)ပညာမရ၊ ကြီးကာလ၊ = +သောက= = +။

ဘုရားဖြူကျောင်းတိုက်

(၃)ဆောင်းတွင်ချိန်ခါ၊ = = +၊ = + = + = =+။

## (ဆဋ္ဌမသံပေါက်စပ်နည်း)

ပုံစံ(၁) နွယ်ပန်းပန်းခွါညို၊ = = = = +
နှင်းစိုစို၊ = = +
ပြာသိုဆောင်းလရက်။= + = = =
(၂)နွယ်ပန်းပန်းလှထွန်း၊ = = = = +
နာရီပြန်၊ = = +
ချမ်းသန်တပိုတွဲ။ = + = = =
(၃)သံရဖိုင့်ဆင့်၊ = = = = +
ဆန်လေသင့်၊ = = +
တုံလွင့်ပန်းရေခဲ။ = + = = =

ဥပဒေ (က)ဤစပ်နည်းမှာ အစပါဒတွင် ငါးလုံးနှင့်စပ်ရမည်။
(ခ) အလယ်ပါဒ သုံးလုံးထား၍ နောက်ဆုံးပါဒ၌ ငါးလုံးထားရမည်။
(ဂ) ကာရန်ယူသောအခါ ပထမသံပေါက်စပ်နည်းမှာကဲ့သို့ဖြစ်သည်။

## (သတ္တမသံပေါက်စပ်နည်း)

ပုံစံ--မြင်စိုင်းမြို့ရွှေနည်း၊ = = = = +
သာယာဆန်း၊ = = +
ရစ်သန်းသွင်တွဲမောင်း၊ မြင့်မြတ်တောသာကျောင်း။
= + = = + ၊ = = = = +။

ဥပဒေ (က)ပထမပါဒ၏ နောက်ဆုံးအလုံး၊ ဒုတိယပါဒ၏ နောက်ဆုံးအလုံး၊ နောက်ဆုံးပါဒ၏ ဒုတိယအလုံးတို့ ကာရန်တူသည်။
(ခ)နောက်ဆုံးပါဒတွင်ပင် ပဉ္စမအက္ခရာနှင့်ဒသမအက္ခရာတို့ ကာရန်တူကြသည်။

ဤစပ်နည်းမျိုးသည် အသုံးအစွဲနည်း၏။နည်းတစ်နည်းဟူ၍သာ ကဗျာဗန္ဓသာရ

ကျမ်းအလို ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။အခြားသံပေါက်စပ်နည်းများ ကျန်ပါသေး၏။ဤ(၇)ပါးနှင့်နည်းကို သိထားလျှင် သင့်ပါပြီ။

## လင်္ကာစပ်နည်း

သံပေါက်စပ်နည်းကို တတ်ကျွမ်းနားလည်လျှင် လင်္ကာစပ်နည်းကို နားလည်ရန် လွယ်ကူလာပါသည်။

လင်္ကာစပ်နည်းဆိုသည်မှာ လေးလုံးတစ်ပါဒချင်း စပ်သောနည်းပင်ဖြစ်ပါသည်။ထိုနည်းကို မြန်မာစာပေတွင် အများအားဖြင့် ပျို့၊ ဧချင်း၊ မော်ကွန်း၊ ရတုအဖွဲ့များ၌သုံးစွဲသည်။

လင်္ကာစပ်နည်းတွင် လေးလုံးတစ်ပါဒချင်းဆက်ရာ၌ အခြေခံနှစ်မျိုးသာရှိသည်။တစ်မျိုးမှာ သုံးပါဒအတွဲဖြစ်၍ ကျန်တစ်မျိုးမှာ နှစ်ပါဒတွဲဖြစ်သည်။

**သုံးပါဒတွဲ**——သုံးပါဒတွဲဆိုသည်မှာ ပါဒသုံးခုကို အတွဲတစ်တွဲပြုထားသည်ကို ဆိုလိုသည်။သုံးပါဒတွဲ၌ စပ်နည်း(၄)မျိုးကို ပြလိုသည်။လေးမျိုးကား–

(၁) **သုံးချက်ညီစပ်နည်း။** ။အောက်ပါ ပါဒသုံးခုကို ဆက်၍တွဲရာ၌ ပထမပါဒ၏ နောက်ဆုံးအလုံး၊ ဒုတိယပါဒ၏ တတိယအလုံး၊ တတိယပါဒ၏ ဒုတိယအလုံးတို့သည် ကာရန်တူကြရသည်။ထိုမျှသာ မကသေး။ကာရန်များ၌ အသတ်များလည်း တူကြရသည်။ဤသို့ကာရန်တူအောင် စပ်သောနည်းကို သုံးချက်ညီစပ်နည်းဟု ခေါ်လေသည်။

ပုံစံကား"မဲဇာတောင်ခြေ၊ စီထွေထွေတည့်၊ မြစ်ရေဝန်းလည်"၊

= =   =   + ၊ = =   +   = ၊ =   + =   = ၊

(၂) **ရှိန်ခွင်လျှာစပ်နည်း။** ။ကာရန်ယူပုံမှာ သုံးချက်ညီစပ်နည်းမှာကဲ့သို့ဖြစ်သည်။သို့ရာတွင် ကာရန်သုံးချက်တွင် ပထမကာရန်နှင့်တတိယကာရန်တို့၌

သာ အသတ်တူဖို့လိုသည်။

ပုံစံကား "မည်လျှင်မတိမ်၊ ကုက္ကိုထန်ဟု၊ ချုပ်ငြိမ်သာသာ"၊

= = = + । = = ၀ = । = + = = ।

(၃) **ထိပ်ချင်းခပ်စပ်နည်း။** ။ကာရန်ယူပုံမှာ သုံးချက်ညီစပ်နည်းကဲ့သို့ပင်ဖြစ်သည်။သို့ရာတွင် ကာရန်သုံးချက်တွင် ပထမကာရန်နှင့်ဒုတိယကာရန်တို့၌သာ အသတ်တူဖို့လိုသည်။

ပုံစံကား "ဤစာကိုးခန်း၊ ပုလဲပန်းဖြင့်၊ စိတ်ကြမ်းမာန်လျော့၊

= = = + । = = + = । = ၀ = = ।

(၄) **အထူးသုံးချက်ညီစပ်နည်း။** ။ကာရန်ယူပုံမှာ သုံးချက်ညီ၌ ယူသကဲ့သို့မဟုတ်၊ ခြားနားသည်။ခြားနားပုံမှာ ပထမပါဒ၏ နောက်ဆုံးအလုံး၊ ဒုတိယပါဒ၏ တတိယအလုံး၊ တတိယပါဒ၏ ပထမအလုံးတို့သည် ကာရန်တူရသည်။

ပုံစံကား "တောင်ငွေ့ဝေဝေ၊ အထွေထွေနှင့်၊ လေလည်ရော့ရာ"၊

= = = + । = = + = । + = = = ।

**မှတ်ချက်။** ။သုံးပါဒတွဲ၌ ကာရန်ယူပုံနှင့်စပ်လျှင်း၍ ပထမသုံးချက်ညီနှင့် ဒုတိယသုံးချက်ညီ စပ်နည်းတို့ကို ဂရုပြုရန်ဖြစ်သည်။

**နှစ်ပါဒတွဲ**–ဆိုသည်မှာ ပါဒနှစ်ခုကိုဆက်၍ အတွဲတစ်တွဲပြုထားသည်ကို ဆိုလိုသည်။နှစ်ပါဒတွဲ၌ စပ်သောနည်းမျိုးကို ပြဆိုလိုသည်။နှစ်မျိုးကား–

(၁) **ဦးတိုက်စပ်နည်း။** ။အောက်ပါ ပါဒနှစ်ခုတို့ ဆက်၍တွဲရာ၌ ပထမပါဒ၏ နောက်ဆုံးအလုံး၊ ဒုတိယပါဒ၏ ပထမအလုံးကို ကာရန်တူရ၏။

ပုံစံကား "ပထမ**ရွယ်**၊ **ငယ်**သော်ကတည့်"၊

(၂) **ဘီလူးရယ်စပ်နည်း။** ။ပထမပါဒ၏ နောက်ဆုံးအလုံး၊ ဒုတိယပါဒ၏ ဒုတိယအလုံးတို့သည် ကာရန်တူကြရသည်။

ပုံစံကား "လာလာသ**သူ**၊ ဦး**ဖြူ** ဦးနက်"၊

အထက်ပါစပ်နည်းနှစ်မျိုးအပြင် နည်းကွဲများလည်းရှိသေးသည်။ ၄င်းတို့ အနက် အောက်ပါကို ပုံစံအဖြစ် တင်ပြလိုက်သည်။

" အောင်ချာမည်သာ၊ ရွှေပြည်ဦးစွန်း"၊

**စပ်နည်းအမျိုးမျိုး ရောနှောနေတတ်ပုံ**

အထက်ပါ သုံးပါဒအတွဲ နှစ်ပါဒအတွဲတို့ရှိ စပ်နည်းအမျိုးမျိုးသည် ပျို့၊ ချေင်း၊ မော်ကွန်း၊ ရတု၊ လင်္ကာတို့၌ တစ်ခါတရံ ရောနှောပါရှိနေတတ်ကြပါ သည်။တစ်ခါတရံ စပ်နည်းတစ်မျိုးသာ ပါရှိတတ်သည်။ တစ်ခါတရံ စပ်နည်း နှစ်မျိုး သုံးမျိုးစသည်ဖြင့် ရောနှောပါရှိတတ်သည်။ ထို့ကြောင့် ရောနှောပုံ ရောနှော နည်းကို သိဖို့လိုသည်။

ဥပမာဆိုလျှင်လင်္ကာတိုတစ်ပုဒ်၌ သုံးချက်ညီစပ်နည်းသုံးကြိမ်ဆက်၍ လည်းကောင်း၊ ထို့နောက် ဘီလူးရယ်စပ်နည်းတစ်ခု ဆက်၍လည်းကောင်း၊ ထို့နောက် အထူးသုံးချက်ညီစပ်နည်းတစ်ခု ဆက်၍လည်းကောင်း၊ ထို့နောက် ဦးတိုက်စပ်နည်းတစ်ခု ဆက်၍လည်းကောင်း ရောနှောပါရှိနေသည်ဆိုကြပါစို့ ဤသို့ဆိုလျှင် ထိုစပ်နည်းတို့သည် မည်သို့ မည်ပုံရောနှောနေပါသနည်း။

အောက်ပါပုံစံကို ကြည့်ပါ။

| | |
|---|---|
| = = = ၁၊ | = ၃ = ၄၊ |
| = = ၁ =၊ | = ၄ = ၅၊ |
| = ၁ = ၂၊ | = = ၅ =၊ |
| = = ၂ =၊ | ၅ = = ၆၊ |
| = ၂ = ၃၊ | ၆ = = =၊ |
| = = ၃ =၊ | |

၁–အမှတ်၊ ၂–အမှတ်၊ ၃–အမှတ်ကာရန်များသည်သုံးချက်ညီစပ်နည်း သုံးကြိမ်အတွက် ကာရန်များဖြစ်သည်။၄–အမှတ်ကာရန်များသည် ဘီလူးရယ်စပ် နည်းတစ်ခုအတွက် ကာရန်များဖြစ်သည်။

၅–အမှတ်ကာရန်များသည် အထူးသုံးချက်ညီစပ်နည်းတစ်ခုအတွက် ကာရန်များဖြစ်သည်။၆–အမှတ်ပြကာရန်များသည် ဦးတိုက်စပ်နည်းတစ်ခုအ

တွက် ကာရန်များဖြစ်သည်။

ထို့ပြင် အတွဲအချင်းချင်းဆက်ပုံကို သတိပြုရာသည်။အထက်ပါပုံစံကို ပင်ကြည့်သောအခါ ပထမသုံးချက်ညီအတွဲ၏ တတိယပါဒသည် ဒုတိယသုံးချက်ညီအတွဲတွင် ပထမပါဒဖြစ်လာရသည်ကို မှတ်သင့်သည်။ရှေ့ဆက်လက်၍ ချောင်း၊ ရတု၊ လင်္ကာတို့တွင် ပါဒတွဲ အချင်းချင်းဆက်ပုံမှာ ဤသဘောအတိုင်း သာဖြစ်သည်။

အချပိုဒ်မှာ။ ။အထက်ပါ စပ်နည်းအားဖြင့် ပျို့၊ ချောင်း၊ မော်ကွန်း၊ ရတု၊ လင်္ကာစသည်တို့ကို စပ်ဆိုသောအခါ နောက်ဆုံးတွင် အချပိုဒ်ဟူ၍ ရှိရသည်။အများအားဖြင့် အချပိုဒ်(၂)မျိုးကို သုံးတတ်ကြသည်။

**လေးလုံးအချပိုဒ်။** ။စာကိုယ်၏ နောက်ဆုံးပါဒရှိ နောက်ဆုံးအလုံးနှင့် အချပိုဒ်ရှိ တတိယအလုံးတို့သည် ကာရန်တူကြရသည်။

ပုံစံကား သူတည်းတစ်**ယောက်**၊ = = = +
ကောင်းဖို့**ရောက်**မူ၊ = = + =
တစ်**ယောက်သူမှာ**၊ = + = +
ပျက်လင့်**ကာ**သာ၊ = = + =
ဓမ္မ**တာ**တည်း။ = = + =

"ပျက်လင့်ကာသာ" ပါဒသည် စာသားရှိ နောက်ဆုံးပါဒဖြစ်သည်။ "ဓမ္မတာတည်း" စာပိုဒ်သည် အချပိုဒ်ဖြစ်သည်။

**"ခုနစ်လုံးအချပိုဒ်"။** ထိုအချပိုဒ်နည်းကို "ခိုင်ညွတ်ခက်ဖြာ ချနည်း" ဟု ခေါ်သည်။စာကိုယ်၏ နောက်ဆုံးပါဒရှိ တတိယအလုံးနှင့် အချပိုဒ်ရှိ ဒုတိယအလုံးတို့သည် ကာရန်တူကြရသည်။

ပုံစံကား သည်တွင်ရွှေမျိုး၊ = = = =
သည်သို့စေတီ၊ = = = =
သည်ဆီရွှေနန်း၊ = = = =

ဖြောင့်တန်းတော့မည်၊= = = +

စိတ်ကရည်သည်၊ = = + =

ရွှေပြည်ဌာန ဝေးသောကြောင့်...။= + = = = = =

အချပိုဒ်တွင် (၉)လုံး၊ (၁၁)လုံး၊ (၁၅)လုံး၊ (၁၉)လုံးစသည်ဖြင့် သုံးကြသည်ကို တွေ့ရသည်။သို့ရာတွင် အသုံးနည်းလှသည်။

အောက်ပါလင်္ကာစပ်နည်းကို လေ့လာရာသည်။

(၁) သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ တစ်ယောက်သူမှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း။

ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း။

ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွှတ်ကြမ္မာ၊ လူတကာတို့၊ ခန္ဓာခိုင်ကြည်၊ အတည်မမြဲ၊ ဖောက်လွဲတတ်သည်၊ မချွတ်စသာ၊ သတ္တဝါတည်း။

ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏၊ ခိုက်ကြုံဝိပါက်၊ သံသာစက်၌၊ ကြိုက်လတွန်မူ၊ တို့မယူလို၊ ကြည်ညိုစိတ်ဘန်၊ သခင်မွန်ကို၊ ချန်ဘိစင်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးသည်အနိစ္စာ၊ ငါ့ခန္ဓာတည်း။(အနန္တသူရိယ)

(၁)အောက်ပါတို့ကို ပြည့်အောင်ဆက်၍စပ်ပါ၊ ခုနစ်လုံးနှင့်နောက်ဆုံးချပါ။

(၁)ကျောင်းတော်သို့လာ။ ။(၂)မိုးတွင်းအခါ။ ။(၃) ဝသန်ခါဦး

| | | |
|---|---|---|
| = = + = | = = + = | = = + = |
| = + = + | = + = + | = + = + |
| = = + = | = = + = | = = + = |
| = + = = = = = | = + = = = = = | = + = = = = = |

(၂)အောင်ပါလင်္ကာ၌ ကာရန်အမှားတို့ကို ဖော်ပြ၍ ပြင်စပ်ပြခဲ့ပါ။

ကျောင်းတက်လို့သာ၊

ဘုရားဖြူကျောင်းတိုက်

လာသူများသော်၊
ပညာဆည်းပူး၊
တပည့်တူးမှာ၊
ဂုဏ်ရဖို့ပါ၊
ကြိုးစားလေတော့၊
နောင်ခေတ်ကာလ၊
ထမင်းဝဖို့၊
လောကကောင်းဖို့တည်း။

(၃) ယခုခေတ်ရေးကြသော လင်္ကာတိုများကို ရှာဖွေ၍ ဖတ်ကြည့်ပါ။

(၄)အောက်ပါတို့ကို လင်္ကာတိုလေးများဖြစ်အောင် စပ်ဆိုပါ။

ဆောင်းတွင်းချိန်ခါ၊ ဝသန်မိုးတွင်း၊ ကျောင်းတက်ကာလ၊ ပညာရွှေအိုး၊ အချိန်ရှိခိုက်၊ ကျောင်းသားလောက၊ တို့တိုင်းဌာနီ၊

## ရတုစပ်နည်း

ရတုဖွဲ့ဆိုရာတွင် လင်္ကာစပ်နည်းကိုပင် အသုံးပြုသည်။သို့ရာတွင် ပို၍ စည်းကမ်းစောင့်ရသည်။

**ရတုအမိပွါယ်**–ရတုအမိပ္ပါယ်ကို အမျိုးမျိုးပေးကြသည်။ရတုဆိုသည့်မှာ မြန်မာဘာသာ ပေါရာဏကထာသက်သက် ရတုလည်းရှိသည်။သက္ကဋဘာသာ “ ရိတု”မှ ရွေ့လျောကာ မြန်မာဘာသာဖြစ်လာသော ရတုလည်းရှိသည်။

မြန်မာပေါရာဏကထာသက်သက် ရတုအရ–(၁) သဘင်၊ (၂)အခမ်းအနား၊ (၃) အခြေအနေ–ဟူသော အနက်သုံးမျိုးရသည်။

(၁) **သဘင်**–ဟူသောအနက်တွင် အထောက်အထားများမှာ–

(က) ဇယဒိသပျို့တွင်။ ။“ကျူးချီးပဋ္ဌင်၊ သဘင်ပျော်မှု၊ မင်းရတုဖြင့်” လည်းကောင်း။(ခ) စမ္မေယျပျို့တွင်။ ။“ရွှင်ပြုံးပျော်ပါး၊ နဂါးတို့မှု၊

ရတုသဘင်၊ ပဥ္စင်တူရိယာ၊"ဟူ၍လည်းကောင်း။(ဂ) သခင်ကြီးဇချင်းတွင်။ ။"သည်းကြာလွှန်းကျင်၊ မိချစ်ယှဉ်ကာ၊ သဘင်ရတု၊ မင်းမှုပိုက်ဖျား၊ ကျူးလျှောက်ကြားသည်"ဟူ၍လည်းကောင်းဖြစ်သည်။

(၂) **အခမ်းအနား**-ဟူသောအနက်တွင် အထောက်အထားများမှာ-

(က) ဇနကပျို့တွင်။ ။"စမြောင်ရေသိုင်း၊ ရိုရိုင်းရောရှု၊ မင်းရတုဖြင့်၊ မင်းမှု မင်းလျှောက်"ဟူ၍လည်းကောင်း။

(ခ) ဇေယျရန္တမိတ် အဝမြို့ရတုတွင်။ ။"စုံရေတိုက်ဖက်၊ စွယ်ယှက်ခေါင်ခေါင်၊ ဆင်ပြောင်ရည်ရှူ၊ နန်းရတုကို၊ ဇမ္ဗူသခင်"ဟူ၍လည်းကောင်း။

(ဂ)မဃခိုးခန်းတွင်။ ။"မိတ္တိလာဟု၊ ခေါ်ရာပြသော၊ ရတုသာစွာ၊ ထိုပြည်ရွာတွင်"ဟူ၍လည်းကောင်းဖြစ်သည်။

(၃) **အခြေအနေ**-ဟူသောအနက်တွင် အထောက်အထားများမှာ-

(က) ဘုံခန်းတွင်။ ။"သစ်မည်စည်လည်း၊ ပျားရည်ရောရှု၊ နတ်ရတုဖြင့်၊ သီးနုကင်းနှင့်၊ သီးမာရင့်လျှင်း"ဟူ၍လည်းကောင်း။

(ခ) ဇနကပျို့တွင်။ ။"မျက်ပွင့်သရေ၊ ထွေထွေရောရှု၊ တောရတုဉ္ဆ၊ စက္ခုရသာ"ဟူ၍လည်းကောင်းဖြစ်သည်။

**သက္ကတဘာသာရိတု**-မှ ရွေ့လျောလာသော ရတုအရ-အခါရာသီဟူသော အနက်ရလေသည်။အထောက်အထားများမှာ--

(က)ဣသိသိင်္ဂပျို့တွင်။ ။"သန်ဆောင်းခါနွေ၊ သုံးထွေဥတု၊ ရတုခြောက်လီ၊ ရာသီသာစွ၊ ဆယ့်နှစ်လတွင်"ဟူ၍လည်းကောင်း။

(ခ)မဃခိုးခန်းတွင်။ ။နေသည်ပြီးပြီ၊ ရာသီရတု၊ ဆယ့်နှစ်ခုတွင်၊ တစ်ခုမညီး"ဟူ၍လည်းကောင်း။

(ဂ)နဝဒေးဆို ဟံသာဝတီဘွဲ့ရတုတွင်။ ။နယုံနွယ်တာ၊ နန်ကာပန်းလု၊ ရတုသစ်ဆင်း၊ တော်သလင်းလျှင်"ဟူ၍လည်းကောင်းဖြစ်သည်။

## ရတု(၃)မျိုး

ရတုတွင်(၁)ကေပိုဒ်ရတု (၂)ပိုဒ်စုံရတု (၃)အဖြည့်ခံရတုဟူ၍ (၃)မျိုးရှိသည်။

(၁)**ကေပိုဒ်ရတု**–ကေပိုဒ်ရတုသည် တစ်ပိုဒ်သာ ရေးသားစပ်ဆိုသော ရတုဖြစ်သည်။စပ်နည်းမှာ ယခင်လင်္ကာစပ်နည်းများအရဖြစ်သည်။ရတုချနည်းများစွာရှိသော်လည်း ခိုင်ညွတ်ခက်ဖြာချနည်းကိုသာ ပညာရှိတို့ အသုံးများသည်။

(၂)**ပိုဒ်စုံရတု**–ပိုဒ်စုံရတုဆိုသည်မှာ အကြောင်းအရာတစ်ခုကို ကေပိုဒ်ရတုသုံးပိုဒ်ဖြင့် ဖွဲ့ဆိုသောရတုကို ဆိုလိုသည်။ထူးခြားသောအချက်များမှာ အပိုဒ်တိုင်း၌ အချီကာရန်ချင်း တူရသည်။အချကာရန်ချင်း တူရသည်။

"မဲဇာတောင်ခြေ"ချီရတုသည် ထင်ရှားသောပုံစံဖြစ်သည်။ထိုရတုတွင် ပထမအပိုဒ်၌ မဲဇာတောင်ခြေဟုချီ၍ "ရွှေပြည်ဌာနဝေးသောကြောင့်"ဟု ချသည်။

ဒုတိယအပိုဒ်၌ "သဲသာသောင်မြေ"ဟုချီ၍ "လေပြည်လာက အေးသောကြောင့်"ဟု ချသည်။

တတိယအပိုဒ်၌"ပွဲခါညောင်ရေ"ဟုချီ၍ "နေခြည်ဖြာမှ နွေးသောကြောင့်"ဟု ချသည်။

ပိုဒ်စုံရတု၏သဘောကို လေ့လာရာတွင် အထက်ပါအချက်တို့သည် အဓိကအချက်များဖြစ်လေသည်။အောက်တွင်ဖော်ပြထားသော မဲဇာတောင်ခြေရတု(ရှေးမူ)ကို အရကျက်မှတ်ထားရာသည်။

(၁)**မဲဇာတောင်ခြေ။** ။စီးထွေထွေတည်း၊ မြစ်ရေဝန်းလည်၊ မြိုင်တောဆီက၊ ရွှေပြည်ကိုသာ၊ တရာတော့မိ၊ မိုးရှိရှိလျှင်၊ သီရိကျက်သရေ၊ တက်ဖြိုးဝေသား၊ အောင်မြေကြော့ကြော့၊ ကုန်းမော့မော့၌၊ ဘိုးတော့ကောင်းမှု၊ တည်ထားပြုသည်၊ ဇမ္ဗူဆီမီး၊ ခြောက်ရောင်ညီးမျှ၊ လူကြီးသခင်၊ ရွှေလင်းပင်နှင့်၊ ရွှေခြံသေ့မြေ၊ စ၍ရေသော်၊ ရွှေစေတီကြီး၊ အသီးသီးတည့်၊ ပိတ်ဆည်းချယ်သန်း၊ လျှပ်ရောင်တန်းမျှ၊ ရွှေနန်း ရွှေဘုံ၊ အလုံးစုံကို၊ အာရုံမျက်မြင်၊ ဖူးမြော်ချင်၍၊ သည်တွင်

ရွှေမြို့၊ သည်သို့စေတီ၊ သည်ဆီရွှေနန်း၊ ဖြောင့်တန်းတော့မည်၊ စိတ်ကရည်သည်။ ။ရွှေပြည်ဌာန ဝေးသောကြောင့်။ ၄၂

(၂)သဲသာသောင်ခြေ။ ။မြစ်ကမ်းခြေလည်း၊ အကြေတပြင်၊ တို့အောက်ခွင်ဝယ်၊ ရေရှင်ပတ်ဝန်း၊ ပျော်ဘွယ်ထွန်းလိမ့်၊ တစ်ကျွန်းလောက်ပင်၊ ဝေးမည်ထင်ခဲ့၊ စီးသွင်ညိုရစ်၊ မဲဇာမြစ်လည်း၊ ထစ်တစ်ထွန်းဘိ၊ ချုံအတိနှင့်၊ တောကြီးဆိတ်ညံ၊ ဆီးကျုံကျုံဝယ်၊ ရူဝံမပေါ်၊ မမြော်ပါရ၊ နေကိုတလည်း၊ ဘယ်ကရှေ့နောက်၊ ဘယ်တောင်မြောက်ဟု၊ တွေးထောက်မမှန်၊ ဖန်ဖန်အုံ့ညြ၊ ကြံတိုင်းမော‌စွ၊ ဘယ်တော ဘယ်မြိုင်၊ မသိနိုင်ခဲ့၊ မခိုင်စိတ်ဝမ်း၊ နေ့တိုင်းလွမ်းရှင့်၊ ကင်းစမ်းထောင်က၊ လေဦးစ၍၊ နောက်မှလေရှည်၊ အတည်တည်သည်။ ။လေပြည်လာတာ အေးသောကြောင့်။ ၄၂

(၃)ပွဲခါညောင်ရေ။ ။သွန်းမြဲပေတည့်၊ ရိုသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်၊ ရွှေကူတော်နှင့်၊ ရှုတိုင်းတင့်သား၊ မိုးမြင့်သည်ခေါင်၊ မဲဇာချောင်က၊ တစ်တောင်လုံးမှိုင်း၊ စ၍ဆိုင်းသော်၊ တောင်တိုင်းယှက်၍၊ ဝန်းကာဖွေ့သည်၊ တောင်ငွေ့ဝေဝေ၊ အထွေထွေနှင့်၊ လေလှည်းရောရော၊ မိုးမပါဘဲ၊ သံဝါ ဖျောက်ဖျောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်၊ ယုဂန်ထင်ရှား၊ တောင်တော်ဖျားက၊ ရထားယာဉ်သာ၊ နေစကြာလည်း၊ ရောင်ဝါ မထွန်း၊ ချမ်းရှာလွန်း၍၊ တည့်မွန်းချိန်နေ၊ ရောင်လွယ်စေဟု၊ ဇွဲရေလှည့်လည်း၊ တံလျှက်မြည်သည်။ ။နေခြည်ဖြာမှ နွေးသောကြောင့်။(လက်ဝဲသုန္ဒရ) ၄၂

**ပိုဒ်စုံရတုအမျိုးမျိုး---**

ရတုသုံးပိုဒ်လုံး၌ အချီတူ၊ အချတူရှိ၍ ပါဒအရေအတွက်လည်း တူလျှင် ထိုပိုဒ်စုံရတုကို "မင်္ဂလာပိုဒ်စုံ"ရတုဟု ခေါ်သည်။ရတုသုံးပိုဒ်၌ ပထမအပိုဒ်၌ ပါဒပိုများ၍ ဒုတိယနှင့်တတိယပိုဒ်တို့၌ ပါဒအရေအတွက် တူလျှင်"ညွန့်ရှည်" ခေါ်သည်။

ရတုသုံးပိုဒ်အနက် ပထမနှင့်တတိယပိုဒ်တို့၌ ပါဒအရေအတွက်တူ၍ ဒုတိယပိုဒ်၌ ပါဒပိုများလျှင်"ညွန့်တက်"ဟုခေါ်သည်။

ပဌမနှင့်ဒုတိယပိုဒ်တို့၌ ပါဒအရေအဲတွက်တူ၍ တတိယပိုဒ်၌ ပါဒပိုများလျှင် "ဝမ်းဗိုက်ကြီး"ခေါ်သည်။

**တောင့်တဲ့တွန်ရတု**

တောင့်တဲ့တွန်ရတု–ဟူ၍လည်း ရှိသေးသည်။ထိုရတုမျိုးသည် စပ်ပုံစပ်နည်းတွင်ဆိုခဲ့သော ရတုမျိုးနှင့်မတူချေ။ပိုးတောင့်တဲ့များ လမ်းသွားသောအခါ ကိုယ်ကာယသည် ပိန်ချည် ဖေါင်းချည် တစ်လှည့်စီရှိတတ်ဘိသကဲ့သို့ လေးလုံးတစ်ပါဒ၊ ငါးလုံးတစ်ပါဒ တစ်လှည့်စီ စပ်ဆိုရသည်။ရှင်မဟာရဋ္ဌသာရ၏ "ဝဏ္ဏပဘာ"ချီ တောင့်တဲ့တွန်ရတုသည် ထင်ရှားသောပုံစံဖြစ်သည်။

"ဝဏ္ဏပဘာ၊ ကလျာဖူးစသစ်၊ ပျိုမျစ်မျစ်လျှင်၊ ကျစ်လစ်တင့်စမ္ပါယ်၊ လှံမျိုးကြွယ်သာ၊ ဆံသွယ်မြမြိတ်စို့၊ ဆင်ရော့မျို့ကို၊ နတ်တို့ဆင်တိုက်တန်။ (ပ)ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့။

ဒေဝစ္ဆရာ၊ ပြစ်လျာတင့်ဆင်းရောင်၊ ရွှေကြက်တောင်ဝယ်၊ လှခေါင်တင့်မျိုးလွတ်၊ ဆဲ့နှစ်ပတ်လျင်၊ ရစ်ပတ်ခြုံးမြှောင်စီ၊ (ပ)ရွှေရင်ဖုံးတုံ့ မဖုံးတုံ့။

ပဥ္စကလျာ၊ ညီပြာ့တင့်ဆင်းရောင်၊ ရွှေကြက်တောင်ဝယ်၊ ဖြူရောင်ရတည်းဆွ၊ သွယ်ခွေချ၍၊ ထွန်းပကိုယ်ရောင်ဝင်း၊ (ပ)စုလည်းထုံးတုံ့ မထုံးတုံ့။

## ဒွေးချိုးစပ်နည်း

ဒွေးချိုးဆိုသည်မှာ အခံတစ်ချိုး အအုပ်တစ်ချိုးဟူ၍ အချိုးနှစ်ခုပါဝင်သော တေးကဗျာမျိုးဖြစ်သည်။ဒွေးချိုးများကို အပိုဒ်အရေအတွက်အလိုက် ခွဲခြားကြည့်လျှင် အောက်ပါထင်ရှား အသုံးများသော ဒွေးချိုးအမျိုးအစားများကို တွေ့မြင်ရပေလိမ့်မည်။

၎င်းတို့မှာ––

၁။ (၂)ပိုဒ်ခံ (၂)ပိုဒ်အုပ်ဒွေးချိုး။

၂။ (၂)ပိုဒ်ခံ (၃)ပိုဒ်အုပ်ဒွေးချိုး။
၃။ (၃)ပိုဒ်ခံ (၃)ပိုဒ်အုပ်ဒွေးချိုး။
၄။ (၃)ပိုဒ်ခံ (၄)ပိုဒ်အုပ်ဒွေးချိုး။

**၁။ (၂)ပိုဒ်ခံ (၂)ပိုဒ်အုပ်ဒွေးချိုး**

ပုံစံ(၁)(က) တောင်တောရယ်**သာ**၊ = = = +
မာ**လာ**ကင့်**ဖူး**။ = + = = ၁
(ခ) တစ်ပင်ကို နှစ်ပင်**ယှက်**တယ်၊ = = = = = + =
ကျေး**ငှက်**က**မြူး**။ = + = ၁

အထက်ပါ ဒွေးချိုးတွင် အခံချိုး ပထမအပိုဒ်၌ လေးလုံးဖြင်စရသည်။ "တောင်တောရယ်သာ"ဆိုသောအပိုဒ်ရှိ(သာ)နှင့်၊ ဒုတိယ"မာလာငုံဖူး"ဟူသော အပိုဒ်ရှိ(လာ)တို့သည် ကာရန်တူကြရသည်။အသံမှာ ချီသံဖြစ်သည်။ထို့နောက် "ဖူး"ဆိုသောအသံနှင့် ပထမအချိုးကို အဆုံးသတ်၍ ခံရသည်။ဤပထမချိုးကို အခံချိုးဟုခေါ်သည်။

ထို့နောက် အအုပ်ချိုးတွင် "တစ်ပင်ကို နှစ်ပင်ယှက်တယ်"ဆိုသောအပိုဒ်ရှိ(ယှက်)နှင့်၊ နောက်အပိုဒ်ရှိ(ငှက်)တို့သည် ကာရန်တူကြရသည်။အသံမှာ ချသံဖြစ်သည်။ထို့နောက် အခံချိုးရှိ၏။အဆုံးသံဖြစ်သော (ဖူး)နှင့် ကာရန်တူအောင် အအုပ်ချိုး၌ (မြူး)ဖြင့် အဆုံးသတ်၍ အုပ်ရသည်။

ပုံစံ(၂)(က) ပြည်ပေါက်ကံမှာ = = + =
နန်းစံမည့်ယောကျာ်း = + = = ၁
(ခ) ရောက်ချဉ်ရောက်ချိုဖြစ်အောင် = = = = + =
မင်းကျန့်စစ်သား = = + ၁

ပုံစံ(၃)(က) နိဗ္ဗာန်ကိုရှယ် = = = +
ကယ်ပါတော့လား + = = ၁
(ခ) ရေလယ်မှာတစ်ကောင်ထဲ = = = = = +
ဖော်ကွဲတဲ့ငါး = + = ၁

**လေ့ကျင့်ခဏ်း**

ဘုရားဖြူကျောင်းတိုက်

အောက်ပါတို့ကို ဆက်လက်၍ စပ်ပြပါ။

(၁)(က) ကျောင်းတော်သို့လာ၊

ပညာသင်ကြား၊

(ခ) = = = = = + =၊

= + = ( ) ။

(၂)(က) ရွှေမိုးတွေရွာ၊

စိုရှာပေါ့အများ။

(ခ) = = = = = + =၊

= + = =( )။

(၃)(က) ဝသန်ချိန်ခါ၊

= + = = ( )။

(ခ) = = = = = + =၊

= + = =( )။

**မှတ်ချက်**။ ။ဒွေးချိုးကို အလုံးရေ မှတ်၍လည်းကောင်း၊ ကာရန်ကို မှန်အောင် အုပ်၍လည်းကောင်း စပ်ဆိုနိုင်သော်လည်း အသံမှားနေပါက ဒွေးချိုးကဗျာ မဖြစ်နိုင်ကြောင်း သတိပြုအပ်သည်။

အောက်ပါဒွေးချိုး၌ အအုပ်ချိုးတွင် ကာရန်အယူမှန်သော်လည်း အသံမှားနေသည်ကို သတိပြုရန်ဖြစ်သည်။

ကျောင်းစာများကို၊

ကျက်ဆိုကြအများ။

သို့မှသာ စာပေမှာလ၊

ကောင်းစွာအောင်သွား။

အအုပ်ချိုး၌ (မှာ)နှင့်(စွာ)တို့ ကာရန်တူသော်လည်း ချိုသံဖြစ်နေသဖြင့် ဆို၍ မကောင်းဖြစ်နေသည်။ချသံကို သုံးလျှင် ဆို၍ကောင်းမည်။

## ၂။ (၂)ပိုဒ်ခံ (၃)ပိုဒ်အုပ်ဒွေးချိုး

ပုံစံ–၁။(က) လောင်သဲကြွေရန်၊ = = = +
ငှက်သံကကြွေး၊ = + = (၁)
(ခ) တန်ခိုစီစီနှင့်၊ = = = + =
မှိုင်ဝေရီခါနွေဆန်းကို၊ = = + = = + =
ထုံပန်းကမွေး။ = + = ၁

အခံချိုးသည် ယခင်ကကဲ့သို့ ဖင်ဖြစ်သည်။အအုပ်ချိုး၌ သုံးပိုဒ်ရှိလာရာမှ ပထမပိုဒ်၌(စီ)၊ ဒုတိယအပိုဒ်(ရီ)တို့ ကာရန်တူ၍ ချိသံဖြစ်ရသည်။ဒုတိယပိုဒ်ရှိ(ဆန်း)နှင့် တတိယပိုဒ်ရှိ (ပန်း)တို့ ကာရန်တူ၍ ချသံဖြစ်ရသည်။

ပုံစံ(၂)(က) လေသွေးငယ်သော်၊ = = = +
ပြည်တော်ကဝေး။ = + = ၁
(ခ) လေးငွဲ့ဖြစ်အင်၊ = = = +
ပူရေးသည်မှာမြင်တော့တယ်၊ = = = = + = =
နန်းပင်မြင့်သွေး။= + = ၁

## ၃။ (၃)ပိုဒ်ခံ (၃)ပိုဒ်အုပ်ဒွေးချိုး

ပုံစံ(၁)(က) ချိုးနှစ်ကောင်၊ = = +
ထနောင်းပင်ညီနောင်က၊ = = = = + =
လွမ်းအောင်ကူချွဲ။ = + = ၁
(ခ) ပန်းတော်ဖြူ၊ = = +
ပင်မျက်နေဓာကူလှ၊ = = = = + =
ဘိုးတောင်သူတဲ။ = = + ၁

အခံချိုးတွင် ပထမပိုဒ်၌ သုံးလုံးဖြင့်စ၍ ချိသံဖြစ်ကြသော (ကောင်)၊ ဒုတိယပိုဒ်(နောင်)၊ တတိယပိုဒ်(အောင်)တို့ ကာရန်တူရသည်။ထို့နောက် ချသံဖြစ်သော(ချွဲ)ဖြင့် ခံထားသည်။အအုပ်ချိုးတွင် ပထမပိုဒ်၌ သုံးလုံးဖြင့်ပင်စ၍ ချိသံဖြစ်သော(ဖြူ)ကို (ကူ)(သူ)တို့နှင့် ကာရန်တူပြုထားသည်။ထို့နောက်(တဲ)ဖြင့် အုပ်

သည်။

ပုံစံ(၂)(က)သူမလာ = = +

မကြီးဖြူပြာက = = = + =

ပူရှာတင့်လေး = + = ၁

(ခ) နယ်အကြေ = = +

အလွမ်းပြေနာရီဆုပ်ကို = = + = = + =

ဘုန်းလုပ်လို့ပေး = + = ၁

၄။ (၃)ပိုဒ်ခံ (၄)ပိုဒ်အုပ်ခွေးချိုး

ပုံစံ(၁)(က)ဆွေးမပြယ် = = +

လေးပင်လယ်မေရုနှင့် = = + = + =

ဖွေမှုတနှုန်း = + = ၁

(ခ) သက်တရာ = = +

မျက်နှာကို မမြင်ရသော်လဲ = + = = = + = =

ပူပါ့မယ် ဘယ်နေ့မှ = + = = + =

အောက်မေ့မမုန်း = + = ၁

ပုံစံ(၂)(က) မတ်ပေါင်းရယ်ကာ = = = +

နရိန္ဓာခေါင်ဆင့်တဲ့ = = + = + =

ရာမင့်ရွှေဘုန်း = + = ၁

(ခ) တန်ခိုးတော်လျှံ = = = +

ပြောင်ဆဒ္ဒန်ပိုင်စိုးတဲ့ = = + = + =

မြတ်မျိုးကေရာမို့ = + = = + =

ကဲသာတင့်ဆုံး = + = ၁

ပုံစံ(၃)(က) နေမှိန်မှိန် = = +

ဆင်ဖောင်းတော်ရွှေပသိမ်နှင့် = = = = = + =

လာချိန်တန်တော့ = + = ၁

ဘုရားဖြူကျောင်းတိုက်

(ခ) ထပ်ထပ်ကယ်**မျှော်** = = = +

ပြာသာဒ်ကယ် ဆောင်ဘုံ**ပေါ်က** = = = = = + =

အကြို**တော်** သည်မယ်**ထောက်**ရတယ် = = + = = = = =

**ကိုးခေါက်**ပြန်**ပေါ့** = + = ၁

ပုံစံ(၄)(က) သည်တောမြိုင်**ယံ** = = = +

ဖော်ကွာသူ ပူ**စေ**ဖ**န်**လို့ = = = = = + =

**ဖြေရန်**မ**ခန်း** = + = ၁

(ခ) ယိမ်းနွဲ့ညွှာ**တံ** = = = +

ဓုင်မင်းရွှေရည်**လျံ**ကို = = = = + =

ခါတော်မှန် ရာသီ**လိုက်**တယ် = = + = = + =

**သိမ်းထိုက်**တဲ့**ပန်း** = + = ၁

**မှတ်ချက်။** ။အထက်ပါပုံစံ အမျိုးအမျိုးတွင် ကာရန်ယူပုံ ချိုးသံ ချသံထား ပုံအမျိုးအမျိုးကို လေ့လာရာသည်။

အောက်ပါတို့၌ ကာရန်မှန်သော်လည်း ချိုးသံ ချသံလွဲနေသည်၊ ဘယ်သို့ လွဲနေသနည်း။

(က)တတ်စေကြောင်း

တပည့်ပေါင်းအတော်များလို့

ကြိုးစားပေတယ်။

(ခ) မတတ်ကား

သူများဖိနပ်ကိုသာ

ကိုင်မှာမှန်တယ်။

(က)မိုးကများ

လူကား နိုကြပေတယ်

သိသာဆွေတွေမှာ။

(ခ) ကိုရပ်ဘောင်ကား

စိုးငြားကာ အကုန်ရွှဲတာ

ထဲလိုမှတ်ပါ။

# တြိုချိုးစပ်နည်း

တြိုချိုးဆိုသည်မှာ အချိုးသုံးခုပါသော တေးကဗျာဖြစ်သည်။ဒွေးချိုးစပ်နည်းကို ကျနစွာသိပြီးဖြစ်လျှင် တြိုချိုးစပ်နည်းကို သိရန်မခဲယဉ်းနိုင်တော့ချေ။ ၎င်းမှာ အောက်ပါပုံစံအတိုင်း ဖြစ်သည်။

(က) ကြက်ညီနောင် ရေဝယ်**မျောပါ**လို့ = = = = = + = =

မြ**ကြော** မင်းဝံရွှေ**တောင်** = + = = = = ၁

လယ်တော**မရှောင်** = = = ၁

(ခ) အာကာ**ဘောင်** = = ၁

ကြယ်**ပြောင်**ကွဲ့မြေ(**လူး**) = ၁ = = ၂

(ဂ) ပြည်ဖေ**ယျာ** = = +

လေ**လာ**လျှင် မြေပါ**ရွှေ့**စေတော့ = + = = = + = =

တ**မေ့**ကို မော်င်မ**မုန်း**တယ် = + = = = + =

**သုံး**ဘ၀(**ကြူး**) + = = ၂

အထက်ပါပုံစံကို ကြည့်လျှင် ဤသို့သိနိုင်သည်။ပထမအချိုးတွင် ပထမပိုဒ်ရှိ(မျော)၊ ဒုတိယပိုဒ်ရှိ(ကြော)တို့ ကာရန်တူ၍ ချသံကို သုံးသည်။ထို့နောက် ဒုတိယပိုဒ်ရှိ အဆုံးစာလုံး(တောင်)နှင့် တတိယပိုဒ်ရှိအဆုံးစာလုံး(ရှောင်)တို့သည် ကာရန်တူကြ၍ ချီသံကို အသုံးပြုသည်။

ဒုတိယအချိုးတွင် ပထမပိုဒ်၏ အဆုံးလုံး(ဘောင်)သည် ပထမအချိုးရှိ တတိယပါဒ၏ အဆုံးလုံး(ရှောင်)နှင့် ကာရန်တူရပြန်သေးသည်။ထို့နောက် ဒုတိယပိုဒ်ရှိ ဒုတိယစာလုံး(ပြောင်)နှင့်လည်း ကာရန်တူရပြန်သေးသည်။ဤသို့ ကာရန်တူသည်ကို ခွါထောက်မိသည်ဟု ဆိုကြသည်။မတူလျှင် ခွါထောက်ချော်၍ အစပ်မှားဖြစ်သွားတတ်သည်။တြိုချိုး၌ ဤအချက်ကို သတိပြုရသည်။ထို့နောက် (လူး)ဟူသောချသံဖြင့် ခံထားခဲ့သည်။

တတိယအချိုးကို ဒွေးချိုး၌ ရေးလေ့ရှိသော အအုပ်ချိုးရေးနည်းသဘော အတိုင်း(ကူး)ဟူသော ချသံဖြင့် အုပ်ရမည်။

အောက်ပါတို့ကို ကြည့်ရှုမှတ်သား၍ လေ့ကျင့်ရာသည်။

ပုံစံ(၁)(က) တပိုတွဲ = = +
ပေါက်လဲငုံစီစီ = + = = ၁
ဖူးတံကချီ = = = ၁
(ခ)သည်ရာသီ = = +
ဗာဟီက အပြောင်း = ၁ = = ၂
(ဂ)ပျိုတို့မောင် ရွှေရောင်တွဲငယ်နှင့် = = = = = + = =
ခါမမှီ ယာယီခွဲလို့ရယ် = = = = = + = =
လွဲပေါ့ သည်ဆောင်း။ + = = ၂

ပုံစံ(၂)(က) ရွှေဗဟိုရ် စည်သံများကိုတဲ့ = = = = = + = =
မကြားရ ကြာလေပြီ = + = = = ၁
လေးလရာသီ = = = ၁
(ခ) တိုင်းဌာနီ = = ၁
မဟုတ်ကယ်ပါပြီလို့ = = = = ၁ ၂
(ဂ) ကြက်သံကို ဗဟိုရ်ပြုရတယ် = = = = = + = =
တောသူ့ ရွာမို့ = + = ၂

ပုံစံ(၃)(က) ရွှေဝသွား = = +
ပါးလိုက်တဲ့ဆောင်ပါလေ + = = = = ၁
လွမ်းသူ့စာခွေ = = = ၁
(ခ) အထွေထွေ = = ၁
ပါးလေရဲ့ မနှေး = + = = ၂
(ဂ) စီလို့သာ ကုံးရတော့ = = = + = =
စာလုံးတယ် မလှလေဘူး = + = = + = =
မိန်းမလက်ရေး = + = ၂

ပုံစံ(၄)(က) ပျိုလေးတို့အိမ်အစွန်း = = = = = +
ကွန်းပျိုနှဆဲ့နှစ်ပင် + = = = = ၁

ဘုရားဖြူကျောင်းတိုက်

စောင့်ရှောက်စေချင် = = = ၁

(ခ) မငြိုငြင် = = ၁

ရှင်အောင်ပမွေး ၁ = = ၂

(ဂ) မယ်နဲ့မောင် ကံဆိုင်တော့ = ÷ = = + =

ကျောင်းတိုင်ဘို့လေး = + = ၂

## လေးချိုးစပ်နည်း

လေးချိုးစပ်နည်းမှာ အချိုးလေးချိုးခုရှိသော တေးကဗျာများဖြစ်သည်။ ဒွေးချိုး တြိချိုးတို့ကို ကျနစွာ သိနားလည်ပြီးဖြစ်လျှင် လေးချိုးကို သိနားလည်ရန် မခဲယဉ်းနိုင်တော့ချေ။လေးချိုးစပ်နည်းတွင် ဒွေးချိုးစပ်နည်းသဘော၊ တြိချိုးစပ်နည်းသဘော နှစ်ရပ်စလုံးပါရှိနေသောကြောင့်ဖြစ်သည်။

ပုံစံ(က) တောင်တ**ရိုး** = = +

**ခိုး**မင်သန့် တဝေ**ဝေ** + = = = = ၁

(ခ) မဟာမြိုင်သာတဲ့**နန်း**မှာ = = = = = + =

**ပန်း**က**ထွေ**ထွေ + = = ၁

(ဂ) ချောင်းမြစ်**ရေ** = = ၁

ထွေ**ထွေ**ကွဲ့ သာ**မော** = + = = ၂

(ဃ) ချာန်ပိုင်ရှင် ထေရ်ရ**ဟန်း**သော်မှ = = = = = + = =

**လွမ်း**ဘွယ့်ဤ**တော** + = = ၂

ပထမအချိုး၌ (ရိုး)နှင့်(ခိုး) ကာရန်တူ၍ ချသံဖြင့် စသည်။(ဝေ)ချီသံဖြင့် ခံထားသည်။ဒုတိယအချိုး၌ (နန်း)နှင့်(ပန်း) ကာရန်တူ၍ ချသံဖြင့်စသည်။(ထွေ) ချီသံဖြင့်ပင် ဆက်၍ခံထားသည်။

တတိယအချိုး၌ ပထမအချိုး၊ ဒုတိယအချိုးရှိ (ဝေ)နှင့်(ထွေ)တို့ကို လိုက်၍ (ရေ)(ထွေ)တို့ကို ခွါထောက်ပြုထားသည်။ထို့နောက် (မော)ချသံဖြင့် အုပ်သည်။စတုတ္ထအချိုး၌ (ဟန်း)နှင့်(လွမ်း) ကာရန်တူ၍ ချသံဖြင့် စသည်။

(တော)ချသံဖြင့်မင် ဆက်၍ အဆုံးသတ်အုပ်လိုက်သည်။

လေးချိုးစပ်နည်းတွင် အထက်ပါသဘောတို့သည် အဓိကဖြစ်သည်။ ထိုအဓိကသဘောကို သိထားသင့်သည်။လေးချိုး၌ ဒွေးချိုး တြိချိုးတို့မှာကဲ့သို့ စကားလုံး အရေအတွက် ကာရန်အနေအထားတို့ကိုလိုက်၍ လေးချိုးအမူအရာ အမျိုးမျိုးရှိသည်။

သို့ရာတွင် အထက်ပါ အဓိကသဘောကို သိထားလျှင် အမှားအမှန်ခွဲခြား၍ သိနိုင်သည်။ထို့ကြောင့် အောက်ပါပုံစံ(၃)ခုကိုလည်း လေ့လာမှတ်သားရာသည်။သံနေ သံထားကိုပါ နားလည်အောင် အားထုတ်ရာသည်။

(၁)(က) မသားရယ်တဲ့ ရေယမုံ = = = = = = ၁

(ခ) ငွေလိုင်းဖြူစွာနဲ့ = = = + =

မြစ်ရေ နဒီကျောမှာ = = + = = + =

မျှောကြဒိုက်ပုံ + = = ၁

(ဂ) ကျူဝါးရုံ = = ၁

တူစုံကွဲ့ ဖော်နှော = ၁ = = ၂

(ဃ) ဘုံမတီးရယ်နဲ့

ငှက်ကြီး ရွှေဝံပိုတို့ = + = = + =

ဝဲခိုလို့မျှော = + = ၂

၂။(က) ပန်ပါတဲ့ ပန်ပါ = = = = ၁

(ခ) ရွှေမင်းဝံတောင်ပေါ်ရိုးက = = = = + =

ပန်းချိုးလို့လာ = + = ၁

(ဂ) အပွင့်ရယ်ဝါ = = = ၁

အညာမှာ မြရည်(လူး) = ၁ = = = ၂

ပန်ဝံ့ပါဘူး = = = ၂

**တာကူးလဘွဲ့ (လေးချိုးသဖြန်)**

ဖြေမနိုင် ရေဆိုင်ဝဲသို့၊ မှိုင်ပွဲတဲ့ သစ်စေ။

ဘုရားဖြူကျောင်းတိုက်

မုတ်ကွန်းဆောင်ပြန်နှင့်၊ ခြသေ့ံခံ မှန်ပြူတင်းမှာမှ၊ သွင်းတဲ့လေပြေ။
မျိုလို့သာ ခဲရတယ်၊ သဲနောက်ကျူဗျာပွေ၊ ကြေကြွယ်ဖွယ်ဘနန်း။
နှင်းသက်အထုံ၊ ဝရတ်ကယ် သဠာဘုံက၊ ထည်ကောတုမ့် ခြုံရုံထွေး
သော်လည်း၊ မလုံမစုံသေးသူတို့၊ ဆွေးဘို့စတမ်း။...

**စကားပြေ**

တန်ကူးလရာသီ၏ သာယာပုံသည် လွမ်းဆွတ်ကြေကွဲဖွယ် ကောင်းလှသဖြင့် ဖြေဆည်၍မရနိုင်သော စိတ်တို့သည် စုံရေဆန်ရေများ ဆိုင်မိသောအခါ ရစ်လည်သောဝဲကဲ့သို့ ထပ်တလဲလဲဖြစ်ပေါ်လာသောကြောင့် ငေးမှိုင်လွမ်းဆွေးနေရသော မှိုင်ပွဲအသစ်ကို ဖြစ်စေတော့၏။စမုတ်နှင့်တကွဆောက်လုပ်ထားသောအဆောင်ပြန်တွင် ခြသေ့ံရုပ်ခံသော မှန်စီပြူတင်းပေါက်မှ လေပြေလေညှင်းများ တိုက်သွင်းလျက် နေချေ၏။လွမ်းဆွေးစိတ်များကို မျိုသိပ်၍သာ အားခဲထားရတော့သည်။

ကျွန်ုပ်၏အသည်းမှာ နောက်ကျို၍ ဗျာပါသောကစိတ်များ ပွေရှုပ်နေသဖြင့် အသည်းကြေကာ ကြွေကျလုမတတ်ရှိတော့၏။နှင်းရည်ခေါ် ရေမွှေးတို့ဖြင့် ပက်ဖြန်း၍ ထုံထားအပ်သော နဝရတ်ကိုးပါးစီချယ်ထားသည်။သလွန်ညောင်စောင်းပေါ်တွင် ခင်းထားအပ်သော ဖုံမွေ့ယာထက်မှာ ကောတုမ္ဘတိုင်းဖြစ် အထည်ကောင်းများကို ခြုံထွေးထားပါသော်လည်း အချမ်းမလုံနိုင်သဖြင့် ချစ်ဖော်မစုံသေးသော သူတို့မှာ ပူဆွေးစတမ်းပင်ဖြစ်တော့၏။

## ကဆုန်လဘွဲ့ (လေးချိုးသဖြန်)

သင်းမြေနံ့ တကြိုင်။
စကားရွှေဝါနှင့်၊ ညောင်သီတာ ရေတော်သွန်းချိန်မို့၊ ရွှန်းဝေလို့လှိုင်။
မြိုင်မြစ်စုံ ယမုန်ခပါတဲ့၊ ပြည်အမရမဏ္ဍိုင်။
ခရိုင်နဲ့တဝိုက်သို့ချိန်ဆီ၊ ရင့်ကျူးပဋ္ဌီနှင့်၊ တိမ်ပန်းချီ ပွေလို့ရေးပေ
ထင့်၊ ဆေးရင့်ပြာလှိုင်။...

စကားပြေ

ကဆုန်လ၌ မြေသင်းနံ့တို့သည် တကြိုင်ကြိုင် လှိုင်၍နေပေ၏။ရွှေအဆင်းကဲ့သို့ ဝါဝင်းသော စကားပန်းတို့သည် မြေကြည်လင်သော ကဆုန်ညောင်ရေသွန်းပွဲတော် ကျင်းပမည့်အချိန်ဖြစ်၍ ရွှန်းဝေကြိုင်လှိုင်စွာ ပွင့်နေကြကုန်၏။ တောမြိုင်များနှင့် ဇရာဝတီ၊ ဒုဋ္ဌဝတီ၊ စမုံ၊ စမာ၊ ပန်းလောင်ဟူသော မြစ်ပေါင်းစုံတို့၏ ညွှန့်စရာဖြစ်သော ဗဟိုဋ္ဌာန၊ အမရပူရ နေပြည်တော်ပတ်ဝန်းကျင် ခရိုင်နယ် တဝိုက်၌ ဤအချိန်အခါတွင် တူရိယာငါးပါးတီးမှုတ်သံနှင့်တူသော မိုးဃ်းချိန်းသံတို့နှင့် အထက်ကောင်းကင်တွင် တိမ်ပန်းကားချပ်ကြီးကို စိတ်ကူးဉာဏ်ပွေလီ ဆန်းကြယ်စွာရေးသားထားပေသည်–ဟုထင်ရလောက်အောင် အပြာရင့်ရောင်တိမ်တို့ဖြင့် ပြည့်လှိုင်နေပေတော့၏။

# လွမ်းချင်းစပ်နည်း

လွမ်းချင်းဆိုသည်မှာ လွမ်းဆွတ်ကြည်နူးဖွယ်ကောင်းသော တေးသံဖြင့်ဖွဲ့ဆိုသော တေးကဗျာဖြစ်သည်။အချိုး(၂)ခုပါသည်။သို့ရာတွင် ပါဒများ၌ စကားသုံးလုံး လေးလုံး ငါးလုံး ခြောက်လုံးမှန်မှန်ပါတတ်၍ တစ်လုံးချိတ်ကာရန်ကိုအသုံးများသည်။ကာရန်ယူပုံမှာ လင်္ကာစပ် ကာရန်ယူပုံမျိုးနှင့်တူသည်။သို့ရာတွင် "ပြန်ဂဟပ်"ကာရန်ယူပုံမျိုးကိုလည်း သုံးသည်။အချိုး၏အဆုံးများတွင် "လေး"ဟူသောစကားများကို ထည့်တတ်သည်။

ပြန်ဂဟပ်ကာရန်ယူပုံဆိုသည်မှာ ကာရန်တစ်ခုကို ခံထားပြီးနောက် ထိုကာရန်နှင့်မတူသော ကာရန်သစ်တစ်မျိုးကို ထပ်ယူ၍ မူလက ခံခဲ့သော ကာရန်ကို ပြန်အုပ်ခြင်းဖြစ်သည်။ပြန်ဂဟပ်ကာရန်ယူပုံကို "ခြသေ့်လည်ပြန်"ဟုလည်း ခေါ်သည်။

အောက်ပါပုံစံကို ကြည့်ပါ။

(က) တောတလျောက်**မှာ**လ = = = + =
**ပိတောက်**ကယ်ယင်းမာ = + = = =

ရှုတိုင်းငယ်သာ = = = +

ဇလတ္တာ ရွှေအင်းကြင်းငယ်တို့ = = + = = + = =

လေညှင်းသုတ်ကာလှိုင် = + = = +

ကြိုင်ကြိုင်သင်းလိုက်ပါတဲ့လေး = + = = = = လေး

(ခ) စမ်းရေယဉ်ငယ် = = + =

သွင်သွင်လျှောကျ = + = +

တောဝန ပြောက်မကုန် = = + = = = +

ခေါင်ရွှေ(မိုး)ငယ်နှင့် = = + = =

ငှက်မျိုးသာစုံတော့ = = = + =

ရဂုံကြော့သည်ဖြင့်ငှမှာ = = = = = + =

တကက်တကက်တူ ရွှေဝါပြောက်တွေက= =+==+==

ဖော်အစုံ ဝင်မြုံအောက်မှာ = = = = = + =

ကိုင်းလျှောက်တဲ့လေး = + = =

လွမ်းချင်းသည် တေးဂီတဘက်သို့ တိမ်းညွှတ်သော ကဗျာမျိုးဖြစ်ရာ တေးဂီတသံ ပေါ်အောင် ရွတ်ဖတ်ကြည့်ရသည်။သို့မှသာလျှင် လွမ်းချင်း၏ စာလုံးအနည်းအများထားပုံ၊ ချိသံချသံသုံးပုံကို ကျကျနနနားလည်နိုင်မည်ဖြစ်သည်။

အထက်ပါ လွမ်းချင်းတွင် ပထမအချိုး၌ (၆)ပါဒရှိသည်။စကားလုံးသုံးလုံးမှ ခြောက်လုံးအထိ သုံးသည်။ကာရန်ယူသောအခါ လက်ဝဲစပ်နည်းကို သုံးသည်။ဒုတိယအချိုး၌ (၉)ပါဒရှိသည်။ဆုံးခါနီးဖြစ်သောပါဒအချိုးတွင် တစ်ခါတရံ စကားလုံး(၆)လုံးထက် ပိုတတ်သည်။ဒုတိယအချိုး၌ပင် "ပြန်ဂဟပ်" သို့မဟုတ် "ခြသေ့်လည်ပြန်"ကာရန်ယူပုံကို တွေ့နိုင်သည်။ပြန်ဂဟပ်ကာရန်ယူပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

တောဝန ပြောမကုန် = = = = = +

ခေါင်ရွှေ(မိုး)ငယ်နှင့် = = (+) = =

ငှက်မျိုး(သာ)စုံတော့ = = (+) = (+)

အောက်ပါလွမ်းချင်းများကို လေ့လာရာသည်။

ဘုရားဖြူကျောင်းတိုက်

"တပ်တပ်သာစောတော့တယ်၊ မြကြောင်ယယ်ရစ်သည်၊ ကိုက်ဖူးငယ်စီသည်၊ ပွင့်သီဂီ ရွှေခတ်ကယ်တို့၊ ရှစ်ရပ်ကယ် နယ်တခိုက၊ စိုလှတယ်လေး။

နွေခါမှိုင်ယ်၊ ရာသီမိဿ၊ ဂိမှန္တမို့၊ စိတြကြယ်၊ တိမ်မိုးလယ်မှာ၊ စံပယ်ကွန့်ကာ၊ တိမ်ဇွေချာဝယ်၊ ဒေသစာလှမ်း၊ လှကာငယ်မြန်းလို့၊ နှစ်ဆန်းငယ်သကြံန်၊ သစ်သစ်ဖန်တော့တယ်၊ နိုင်ငံကြော့ ပြည်သူမှာ၊ ပန်ဆုယူကာ ရေသွန်းချိန်မို့၊ လွမ်းလှတယ်လေး။ (မဟာအတုလမင်းကြီး)။ဦးပုညလွမ်းချင်းစသည်။

(၁)အထက်ပါ လွမ်းချင်းများတွင် ခြသေ့်လည်ပြန် ကာရန်ယူပုံကို ရှာကြည့်ပါ။

(၂)အောက်ပါအကြောင်းအရာတစ်ခုခုကို လွမ်းချင်းရေးစပ်ပါ။" တောဘွဲ့၊ သင်တို့နေသော ကျောင်းဘွဲ့၊ ပါတော်မူနေ့အကြောင်းဘွဲ့ "စသည်။

## တေးထပ်စပ်နည်း

တေးထပ်ဆိုသည်မှာ တေးဘက်သို့တိမ်းညွတ်လျက်ရှိသော ကဗျာတစ်မျိုးဖြစ်သည်။တေးထပ်တွင် ပါဒပေါင်း(၁၈)ပါဒရှိသည်. ထို(၁၈)ပါဒကို (၇)ပိုဒ်ဖြင့် ဖွဲ့စီထားသည်။ပထမပိုဒ်တွင် (၄)ပါဒရှိသည်။ဒုတိယပိုဒ်တွင် (၂)ပါဒရှိသည်။တတိယပိုဒ်တွင်(၂)ပါဒရှိသည်။စတုတ္ထပိုဒ်တွင်(၂)ပါဒရှိသည်။ပဉ္စမပိုဒ်တွင် (၂)ပါဒရှိသည်။ဆဋ္ဌမပိုဒ်တွင်(၄)ပါဒရှိသည်။နောက်ဆုံးသတ္တမပိုဒ်တွင် (၂)ပါဒရှိသည်။

တဖန် တေးထပ်ကို သီဆိုသောအခါ အသံထားပုံကိုလိုက်၍ ဆိုခဲ့သော အပိုဒ်(၇)ပိုဒ်ကို သုံးပိုင်း ပိုင်းထားသည်။ပထမပိုင်းတွင် ပထမပိုဒ်နှင့်ဒုတိယပိုဒ်တို့ပါသည်။ဒုတိယပိုင်းတွင် တတိယပိုဒ်၊ စတုတ္ထပိုဒ်၊ ပဉ္စမပိုဒ်တို့ပါသည်။တတိယပိုင်းတွင် ဆဋ္ဌမပိုဒ်၊ သတ္တမပိုဒ်တို့ပါသည်။

တေးထပ်ကို ဆုံးသောအခါ (လေး)ထည့်၍ ဆုံးရသည်။အပိုဒ်တစ်ခုနှင့်တစ်ခုဆက်ပုံကိုလည်း နားလည်ရန် ကာရန်နှစ်မျိုးနှစ်စားကို ခွဲခြား၍သိအပ်သည်။ထိုနှစ်မျိုးနှစ်စားမှာ (၁)အဆုံးကာရန် (၂)အတွင်းကာရန်တို့ဖြစ်သည်။

**အဆုံးကာရန်**သည် အပိုဒ်အချင်းချင်းကို ဆက်ပေးသောကာရန်ဖြစ်သည်။**အတွင်းကာရန်**သည် အပိုဒ်တစ်ခုအတွင်းတွင် ပါဒအချင်းချင်း ဆက်စပ်ပေးသောကာရန်ဖြစ်သည်။

အောက်ပါပုံစံကြည့်ပါ။

ပထမပိုဒ် ၁။ တေးထပ်ကို ဉာဏ်**ဆ**လို့ = = = = + =
၂။ ကြံကြံတော့စပ်ပုံ = + = = +
၃။ ဆယ့်နှစ်ပိုဒ်တွေ့ကြံ့လျှင် = = = = + =
၄။ အလုံး**စုံ**ပြီး**မြဲ**။ = = + = ၁

ဒုတိယပိုဒ် ၅။ အစမှာ ခြောက်လုံး**စီ**သည် = = = = = + =
၆။ ဆုံးလေပြီ ခုနှစ်နဲ့**ပဲ** = = + = = = ၁

တတိယပိုဒ် ၇။ ၅ ၅ ၅ သည် ကို **မှာ** = = = = = +
၈။ သဒ္ဒါကို မှတ်**စွဲ** = + = = ၁

စတုတ္ထပိုဒ် ၉။ အခိပ္ပါယ် တယ်မ**လွှဲ**စေနဲ့ = = = = = ၁ = =
၁၀။ ကြံ့ခဲလို့စပ်**ပါ** = ၁ = = ၂

ပဥ္စမပိုဒ် ၁၁။ သတ်ခြောက်ထွေ စပ်ခြောက်**ပါး** = = = = = +
၁၂။ မမှားအောင် ကြည့်ကြလေ**ရာ** = + = = = = ၂

ဆဋ္ဌမပိုဒ် ၁၃။ ပေါ်ရာဏာက**ထာ**ကို = = = = ၂ =
၁၄။ အခါခါဉာဏ်**ရှု**လို့ = =၂ = + =
၁၅။ ချောင်းစု လင်္ကာတွေ = = + = = ၃
၁၆။ ကျွမ်းသင့်လှ**ပေ** = = = ၃

သတ္တမပိုဒ် ၁၇။ တေးထပ်ရိုး သူ့အနေ**မှာ** = = = = = = ၃
၁၈။ စပ်ကြ**လေ** ဉာဏ်သွားနဲ့လေး = = ၃ = = လေး

အဆုံးကာရန်ယူပုံ ==အထပ်ပါ တေးထပ်တွင် ပထမပိုဒ် ဒုတိယပိုဒ် တတိယပိုဒ်တို့၌ အဆုံးကာရန်တို့သည် တူကြသည်။ထိုကာရန်တို့မှာ (မြဲ)(ပဲ)(စွဲ)ဟူသော (အဲ)ကာရန်တို့ဖြစ်သည်။အဆုံးကာရန်ဖြစ်သော (အဲ)ကာရန်သည် တတိယပိုဒ်မှ စတုတ္ထပိုဒ်သို့ ကူးသောအခါ စတုတ္ထပိုဒ်၌ အတွင်းကာရန်ဖြစ်သွား

သည်။(လွဲ)နှင့်(ခဲ)တို့ကို ကြည့်ပါ။

ထို့နောက် စတုတ္ထပိုဒ်တွင် အဆုံးကာရန်သစ်တစ်ခုကို ယူလိုက်ပြန်သည်။ထိုအဆုံးကာရန်မှာ (ပါ)ဟူသော အာကာရန်ဖြစ်သည်။ထိုအာကာရန်ကို ပဥ္စမပိုဒ်၏ အဆုံးကာရန်ဖြစ်သော(ရာ)နှင့် သွား၍ထပ်ပြန်သည်။ထိုအဆုံးကာရန်ဖြစ်သော အာကာရန်သည် ပဥ္စမပိုဒ်မှ ဆဋ္ဌမပိုဒ်သို့ ကူးသောအခါ ဆဋ္ဌမပိုဒ်ရှိ ပထမပါဒနှင့်ဒုတိယပါဒတို့၌ အတွင်းကာရန်ဖြစ်သွားသည်။(ထာ)နှင့်(ခါ)တို့ကို ကြည့်ပါ။

ထို့နောက် ဆဋ္ဌမအပိုဒ်တွင် အဆုံးကာရန်သစ်တစ်ခုကို ယူလိုက်ပြန်သည်။ထိုအဆုံးကာရန်မှာ(ဝေ)ဟူသော (အေ)ကာရန်ဖြစ်သည်။ထိုအဆုံးကာရန်ဖြစ်သော အေကာရန်သည် ဆဋ္ဌမပိုဒ်မှ သတ္တမပိုဒ်သို့ ကူးသောအခါ သတ္တမပိုဒ်ရှိ ပါဒနှစ်ခု၌ အတွင်းကာရန်ဖြစ်သွားသည်။(နေ)နှင့်(လေ)ကိုကြည့်ပါ။ထို့နောက် သတ္တမအပိုဒ်ကို (လေး)နှင့်ဆုံးလိုက်သည်။

**အတွင်းကာရန်ယူပုံ**=ပထမအပိုဒ်(ဆ)နှင့်(ကြ)ကာရန်ယူပြီးနောက် (ပုံ)(ကြုံ)(စုံ)ကာရန်ယူသည်။ဒုတိယအပိုဒ်၌ (ချီ)နှင့်(ပြီ)၊ တတိယအပိုဒ်၌ (မှာ)နှင့်(ဒွါ)၊ စတုတ္ထအပိုဒ်၌ (လွဲ)နှင့်(ခဲ)၊ ပဥ္စမအပိုဒ်၌ (ပါး)နှင့်(မှား)၊ ဆဋ္ဌမအပိုဒ်၌ (ထား)နှင့်(ခါး) ကာရန်ယူပြီးနောက် (ရှု)နှင့်(စု)ကာရန်ယူ၍ (တွေ)နှင့်(ပေ)ကာရန်ယူသည်။

**မှတ်ချက်။**တေးထပ်ကို သံနေသံထားနှင့် သီဆိုတတ်အောင် ပြုသင့်သည်။သီဆိုတတ်လျှင် ပို၍ကောင်းသည်။

အောက်ပါတေးထပ်အချို့တို့ကို လေ့လာရာသည်။

===၁။ မုလေးရုံ တောအစ

၂။ ဒေါနလမ်း မြေညီ

၃။ လျောကျစမ်းရေ သင်းချီတယ်

၄။ ရွှေနှင်းဆီ ကန်ချောင်း

===၅။ လွတ်မတတ် စကားဝါကူမှာ

၆။ နံ့သာဖြူလေး မောင့်စံကျောင်း

ဘုရားဖြူကျောင်းတိုက်

===၇။ စပယ်ချပ် သရဖီချောင်မှာ
၈။ ခွါညိုတောင် ခိုအောင်း
===၉။ မွေးနံ့သာ စုပေါင်း
၁၀။နဒြောင်စောင်းထက်မှာ
===၁၁။ပဒုမ္မာကြာသကင်း
၁၂။ခါဆင်မြန်းတော့ မွှေ့ပေါ်ရာ
===၁၃။ပန်းသောက တံတားကာတယ်
၁၄။ဇီဇဝါ မုန်ခြားလို့
၁၅။တံခါးက ချရာကြိုင်
၁၆။သင်းတဲ့ဂနိုင်
===၁၇။ယုဇနမဟာမြိုင်မှာ
၁၈။ကမ္ဘာတိုင် မှီးမယ်ပလေး။

## သိကြားမင်းကို လှောင်သည့် ဦးပုညတေးထပ်

===၁။ စည်းစိမ်တော် ယစ်မူးလို့
၂။ မဖြစ်ဖူး ဣန္ဒာ
၃။ ကသစ်ဦး သိင်္ဂါမှာ
၄။ အလိမ်မာလွန်အား
===၅။ ရွှေငါးသန်း ကုဋေမှာ
၆။ အဖျော်ဖြေ ကျူးရှေ့သလား
===၇။ ဘယ်သူ့ကမှ မမူလာတယ်
၈။ ကရဏာတရား
===၉။ လူ့ရွာကို ရှုပါငြားမယ်လို့
၁၀။ဘုရားကို သူညာ
===၁၁။အင်ကြင်းမြိုင် ကုသိန်နန်းမှာ
၁၂။စာစာတမ်း ထိုးလျက်ရှိပါ

ဘုရားဖြူကျောင်းတိုက်

===၁၃။ကောဝိလ သမိပါ
၁၄။အိုက္ကန္တာ သိကြားငဲ့
၁၅။ဘုရားကို ကိုးကွယ်မှန်
၁၆။ဆင်းခဲ့မြန်မြန်
===၁၇။ထောင်စကျွ မှိန်ခဲ့ပါလျှင်
၁၈။စိန်မျက်မှန် ဆက်မယ်ပလေး။

## တေးထပ်စပ်နည်းတစ်မျိုး

၁။ (၁၈)ပိုဒ် မှန်ကန်စွာ ထားရမည်။
၂။ ၎င်း(၁၈)ပိုဒ်ကို သုံးပိုင်း (၃)ကဏ္ဍာ ဝေဖန်၍ (၆)ပိုဒ်စီထားရ၏။
၃။ အစပါဒ၌ (၅)လုံးဖြစ်စေ (၆)လုံးဖြစ်စေ ထားလေ့ရှိ၏။
၄။ တတိယပိုင်း (၂)ပိုဒ်၏ အချပါဒနှင့် (ကွန့်ချီး)အပိုဒ်မှတစ်ပါး အခြားပါဒများ၌လည်း အစပါဒ၏နည်းတူ (၅)လုံး(၆)လုံး ထားတတ်၏။
၅။ ကဏ္ဍာအသီးသီး၏ အချပါဒ၌ (၇)လုံးသာ ထားလေ့ရှိ၏။
၆။ တတိယကဏ္ဍာ (တတိယအပိုင်း)၏ စတုတ္ထပါဒတွင် (၄)လုံးသာထားရမြဲဖြစ်၏။၎င်းကို ကွန့်ချီးဟုခေါ်သည်။
၇။ ပထမကဏ္ဍာ၌ (၆)ပိုဒ်ရှိသည့်အနက် (၄)ပိုဒ်ခံ၍ (၂)ပိုဒ်အုပ်ရ၏။
၈။ ဒုတိယကဏ္ဍာ၌ (၆)ပိုဒ်ရှိသည့်အနက် (၂)ပိုဒ်တက်၍ (၂)ပိုဒ်ခံပြီးလျှင် (၂)ပိုဒ်အုပ်ရ၏။
၉။ တတိယကဏ္ဍာ၌ (၄)ပိုဒ်ခံ၍ (၂)ပိုဒ်အုပ်ရ၏။
၁၀။ကိုယ်တွင်း(ဝမ်းတွင်း)ကာရန်များ မပျက်အောင် အထူးသတိပြုရ၏။
၁၁။တတိယကဏ္ဍာအဆုံး (၁၈)ပိုဒ်ပြည့်သောအခါ (လေး)ဟူသောပုဒ်ဖြင့် အပြီးသတ်ရမည်။

သင်ကြားစ သူတို့သည်၊ကိုယ်တွင်းကာရန်ယူရာ၌ နသေထပ်ကို အသုံးမပြုသေးဘဲ ရိုးရိုးတစ်လုံးချင်း ကာရန်စပ်ပုံကိုသာ အသုံးပြုသင့်၏။သို့မဟုတ်လျှင် သင့်လျော်သော နသေကာရန်များကို မရနိုင်သဖြင့် နှောင့်နှေးကြွံကြာ၍

ခဲယဉ်းခြင်းဖြစ်တ်၏။ယင်းသို့ဖြစ်၍ တစ်လုံးချင်း ကာရန်ယူပုံကို ရှေးဦးစွာထုတ်ဖော်ပြဆိုပေအံ့။

**မြင်စိုင်းမင်းသမီးရေး ဆောင်းဘွဲ့တေးထပ်**

ပထမ ကဏ္ဍာ
- ၁။ ဟေမန္တာ လေသွေး*တော့
- ၂။ တအေးအေး*စိမ့်တုံ*
- ၃။ မယ်ရင်ဝ သဲအုံ*မှာ
- ၄။ တခုံခုံ* မနား♠... အခံ(၄)ပိုဒ်
- ၅။ ပိုးဖဲညွန့် ထပ်ခါခြုံ*
- ၆။ မလုံ*နိုင် အေးလိုက်တာများ♠... အအုပ်(၂)ပိုဒ်

ဒုတိယ ကဏ္ဍာ
- ၇။ ဖူးစာရှင်ကေခိုင်*ရယ်
- ၈။ နေနိုင်တော်နေအား♠... အထက်(၂)ပိုဒ်တက်၍အုပ်ခြင်း
- ၉။ ရင်ငွေ့တော်တူနှစ်ပါး♠
- ၁၀။ လှည့်ညား♠လို့ ခိုလှုံ♠... အခံ(၂)ပိုဒ်
- ၁၁။ သဥ္ဇာလီ ဘုံကြွ*
- ၁၂။ သည်လိုမှ* နွေးလိမ့်တပုံ♠... အအုပ်(၂)ပိုဒ်

တတိယ ကဏ္ဍာ
- ၁၃။ ဘယ်တော့မှများ တူဆုံ♠မယ်
- ၁၄။ ရွှေရင်အုံ♠ လေခတ်*လို့
- ၁၅။ သေမတတ်* ခန်းကြာညောင်♠
- ၁၆။ တ–မိဘုန်းခေါင်♠... (ကွန့်ချိုး) အခံ(၄)ပိုဒ်
- ၁၇။ ဘယ်ကာလ ဖွေဆောင်♠မှာ
- ၁၈။ မယ်နဲ့မောင်♠ နီးမယ်ပါ့လေး... အအုပ်(၂)ပိုဒ်

ဤ၌ **ပထမကဏ္ဍာ**=ပထမပါဒရှိ"သွေး"ကို ဒုတိယပါဒရှိ"အေး"နှင့်သော်လည်းကောင်း၊ "တုံ"ကို တတိယပါဒရှိ "အုံ"နှင့်သော်လည်းကောင်း၊ စတုတ္ထပါဒရှိ"ခုံ"နှင့်သော်လည်းကောင်း အချင်းချင်း ကိုယ်တွင်းကာရန်သင့်စေပြီးမှ "နား"ဟူ

သော လိုရင်းကာရန်ကို အခံပြုလျက်ထားရ၏။

ငှင်းနောက် ပဥ္စမပါဒရှိ "ခြုံ"ကို ဆဋ္ဌမပါဒရှိ"လုံ"နှင့် ကိုယ်တွင်းကာရန်ဟပ်ပြီးလျှင် "များ"ဟူသောပုဒ်ဖြင့် စတုတ္ထပါဒက အခံပြုထားသော "နား"ဟူသော လိုရင်းကာရန်ကို ပြန်၍အုပ်လေသည်။

**အထူးမှတ်ဖွယ်**==ပဥ္စမနှင့်ဆဋ္ဌမပါဒရှိ "ခြုံ"နှင့်"ကုံ"ဟူသောပုဒ်တို့သည် စတုတ္ထပါဒရှိ "ခုံ"ကိုငဲ့သော ကာရန်များမဟုတ်ချေ။အခြားကာရန်ကိုလည်း ထားနိုင်၏။ဥဒါဟရဏ်ကား"ပိုးဖဲညွန့် သောင်းခြောက်(ထောင်)၊ မလုံ(ပေါင်) အေးလိုက်တာများ"ဟူ၍လည်းကောင်း၊ "ပိုးဖဲညွန့် ထပ်ထပ်(ပွေ)၊ မလုံ(ပေ)အေးလိုက်တာများ"ဟူ၍လည်းကောင်း သင့်လျော်ရာ ကာရန်များကို ပြောင်းလဲပြီးလျှင် စပ်ဆိုနိုင်သည်။

(ကိုယ်တွင်းကာရန်တို့ကို (*)ဤအမှတ်အသားဖြင့်ပြ၍ လိုရင်းကာရန်တို့ကို (♠)ဤအမှတ်အသားဖြင့်ပြလေသည်။)

**ဒုတိယကဏ္ဍ**==ပထမပါဒရှိ "ခိုင်း"ကို ဒုတိယပါဒရှိ "နှိုင်း"နှင့် ကိုယ်တွင်းကာရန်သင့်စေ၍ "အား"ဖြင့်တဖန်"များ"ကို တိုးတက်ပြီးလျှင် အုပ်ရပြန်၏။

ငှင်းနောက် တတိယပါဒရှိ"ပါး"နှင့်သော်လည်းကောင်း၊ စတုတ္ထပါဒရှိ "ညား"နှင့်သော်လည်းကောင်း ကာရန်ညီစေ၍ "လှုံ"ကို အခံကာရန်ပြုပြန်၏။ ထို့နောက်ပဥ္စမပါဒရှိ"ကြွ"ကို ဆဋ္ဌမပါဒရှိ"မှ"ကို ကိုယ်တွင်းကာရန်ဟပ်ပြီးမှ "ပုံ"ဟူသောလိုရင်းကာရန်ဖြင့် စတုတ္ထပါဒ၌ အခံပြုခဲ့သော"လှုံ"ကို အုပ်ရပြန်လေသည်။

**တတိယကဏ္ဍ**==ပထမပါဒရှိ"ဆုံ"နှင့်သော်လည်းကောင်း၊ ဒုတိယပါဒရှိ "အုံ"နှင့်သော်လည်းကောင်း "ပုံ"ကိုပင် တဖန်ထပ်ပြန်သည်။ထို့နောက် "ခတ်"ကို တတိယပါဒရှိ"တတ်"နှင့် ကိုယ်တွင်းကာရန်ညီစေ၍ "ညောင်"ဟူသောလိုရင်းကာရန်ကို အခံတစ်ချက်ထားပြီးမှ စတုတ္ထပါဒရှိ"ခေါင်"နှင့်ထပ်လျက် ငှင်းခေါင်ကိုပင် လိုရင်းကာရန်ပြုပြန်၏။

"တ–မိ ဘုန်းခေါင်"ဟူသောကွန့်ချိုး၌ (၄)လုံးသာ ထားရကြောင်းကို

အထူးသတိပြုရာ၏။ထို့နောက် ပဌမပါဒ်ရှိ"ဆောင်"နှင့်သော်လည်းကောင်း၊ အဋ္ဌမပါဒရှိ "မောင်"နှင့်သော်လည်းကောင်း ယှဲခင့်စတုတ္ထပါဒ၌ အခံပြုခဲ့သော "ခေါင်"ကို တဖန်ထပ်၍ အုပ်ရပြန်လေသည်။

**အထူးမှတ်ရန်**==စကားပြေပြစ်ခြင်းရှိလျှင် တစ်ပါဒ၌ (၆)လုံးသော်လည်းကောင်း၊ တစ်ခါတရံ(၇)လုံးသော်လည်းကောင်း ထားတတ်ကြသေး၏။ သို့ရာတွင် ကဏ္ဍာအသီးသီး၌ အချပါဒသို့ ရောက်သောအခါ (၇)လုံးထက်ပို၍ မထားရချေ။

**ဆောင်ပုဒ်တေးထပ်**

| | | |
|---|---|---|
| | အစမှာ ငါးနှင့်ခြောက်* | |
| | ထို့နောက်*ပ ရှေ့တူ | |
| ပထမ | အတူကော်ကက်* တေးမူ*ငယ် | |
| ကဏ္ဍာ | ရေးသူ*တို့ လွယ်ဖို့♠... | အခံ(၄)ပိုဒ် |
| | ပါဒပေါင်း ခြောက်သုံးဖြာ* | |
| | နောက်ဆုံးမှာ ခုနှစ်နှင့်ဆို့♠... | အအုပ်(၂)ပိုဒ် |
| | | |
| | သုံးကဏ္ဍာဝေဖန်* | |
| | ကာရန်*ကို မချို့♠... | အတက်(၂)ပိုဒ် |
| ဒုတိယ | သဒ္ဒါမှန်* မရို့♠အောင် | |
| ကဏ္ဍာ | အနက်ကို ကောင်းစေ♠... | အခံ(၂)ပိုဒ် |
| | လုံးပိုတွေ*ကြားမညှပ်* | |
| | စကားထပ်* ရှောင်သင့်ပေ♠... | အအုပ်(၂)ပိုဒ် |
| | | |
| | စည်းကမ်းသတ် ထုတ်ပလေ* | |
| | ရှုတ်ပွေ*တယ် ရွံ့စိုးနှင့် | |
| တတိယ | ကွန့်ချိုး*၌ ထားရိုးမှာ♠ | |
| ကဏ္ဍာ | လေးလုံးမျှသာ♠... | အခံ(၄)ပိုဒ် |

ရေးထုံးပြ နည်းနာ♠ကို
မှီးစရာ♠ ဆောင်ကြတော့လေး... အအုပ်(၂)ပိုဒ်

**အချုပ်တန်း ဆရာဘေနည်း**

(၁)တေးထပ်ကို ဉာဏ်ဆလို့
(၂)ကြံကြတော့ စပ်ပုံ
(၃)စံရဘို့ ကုန်းချုံမယ်
(၄)နှုတ်ငုံလို့ မှတ်စွဲ...
(၅)စ.ဆင့္ဆ.ပဥ္စာ
(၆)ဆုံးအုပ်မှာ ခုနှစ်နဲ့ဘဲ...
(၇)ဒွေ တိ ပဥ္စ လေးနှစ်ဖြာ
(၈)တေးထပ်မှာ ရမြဲ
(၉)ရေးစပ်ကာ ဉာဏ်မနည်းစေနှင့်
(၁၀)အန်ခဲလို့ ကြံပါ
(၁၁)သည် နှစ် ကိုယ် သဒ္ဒါနည်းသာပ
(၁၂)ကွာမလှည့် ပုဒ်ဗျည်းမျှသာ

(၁၃)ဆုံးလေက ဆဲ့ရှစ်ဖြာ
(၁၄)လျော့မသာ ညီဘိမှ
(၁၅)လူကဝိ ပညာရှင်
(၁၆)နားသူတို့စင်
(၁၇)ခက်နိုင်မျှ တေးထပ်အင်ကို
(၁၈)ရေးမှတ်လျှင် ရစေကြလေး...

**ဦးကြော့တေးထပ်စပ်နည်း**

(၁)တေးထပ်ကို ဉာဏ်ဆလို့
(၂)ကြံကြတော့ စပ်ပုံ
(၃)ဆဲ့ရှစ်ပိုဒ်တွေ့ကြုံလျှင်
(၄)အလုံးစုံ ပြည့်မြဲ
(၅)အစက ခြောက်လုံးချီ
(၆)ဆုံးလေပြီ ခုနှစ်နဲ့ဘဲ
(၇)၍–ဤ–၌–သည်–ကို–မှာ
(၈)သဒ္ဒါကို မှတ်စွဲ
(၉)အဓိပ္ပါယ် တယ်မလွဲစေနှင့်
(၁၀)ကြံခဲ၍ စပ်ပါ
(၁၁)သတ်ခြောက်ထွေ စပ်ခြောက်ပါး
(၁၂)မမှားအောင် ကြည့်ကြလေပါ

ဘုရားဖြူကျောင်းတိုက်

(၁၃)ပေါ ရာဏကထာကို

(၁၄)အခါခါ ဉာဏ်ဆလို့

(၁၅)ချောင်းစု လင်္ကာတွေ

(၁၆)ကျွမ်းကြတော့လေ

(၁၇)တေးထပ်ရိုး သူ့နေမှာ

(၁၈)စပ်ကြလေ ဉာဏ်သွားနှင့်လေး...

ဆရာကြီးတို့၏ ညွှန်ကြားမှုမှာ ထိုထိုသောပညာရှိများ ရေးသားထားသော တေးထပ်၊ ရကန်၊ အဲအန်၊ ချောင်းစသည်တို့ကို အာဂုံ နှုတ်နက် အရကျက်၍ အဆက်ဆက်သုံးစွဲသော ပေါ ရာဏစကားဟောင်းများကိုလည်း ကောင်းစွာလေ့လာဆည်းပူးကြကုန်ရာသည်။

လေ့ကျင့်ခဏ်းများ

၁။အထက်ပါ တေးထပ်အသီးသီးကို အပိုဒ်များခွဲပါ။

၂။ ထို့နောက် အပိုင်း(၃) ပိုင်း ပိုင်းပြပါ။

၃။အတွင်းကာရန်ဆိုသည်မှာ အဘယ်နည်း။

၄။အဆုံးကာရန်ဆိုသည်မှာ အဘယ်နည်း။

၅။အထက်ပါ တစ်ပုဒ်တွင် အဆုံးကာရန် အတွင်းကာရန်တို့ကို ရှာပါ။

## စည်တော်သံစပ်နည်း

စည်တော်သံဆိုသည်မှာ ရှေးအခါက မင်းခမ်း မင်းနားတို့၌လည်းကောင်း၊ စစ်ချီရာတို့၌လည်းကောင်း သီဆိုတီးမှုတ်ကြသော တေးကဗျာဖြစ်သည်။ ယခုခေတ်တွင် မင်္ဂလာရှိသော အခမ်းအနားများ၌ သီဆိုတီးမှုတ်လေ့ရှိသည်။ စပ်နည်းမှာ လေးချိုးစပ်နည်းသဘောမျိုးပင်ဖြစ်သည်။သို့ရာတွင် သီဆိုပုံကို လိုက်၍ စာလုံးအရေအတွက် ချိသံချသံအနေအထား ကာရန်အနေအထားတို့မှာ ထူးသည်။စာသင်တပည့်များသည် သီဆိုတတ်အောင် ရှေးဦးစွာ လေ့လာရာသည်။

အောက်ပါပုံစံကို ကြည့်ပါ

၁။ ရန်ကြီးအောင် တပေါင်သပါတဲ့ = = = = = + = =
တန်ဆောင်လ ပုဏ္ဏမီ = = + = = ၁
၂။ လက်ရုံးတော် ဘုန်းထိန်**တောက်** = = = = = +
သုံးကြိမ်မြောက်**ညီ** = = + ၁
၃။ ရွှေဘို**ဆီ** = = ၁
မ**ထီ**တဲ့လေး**စား** = + = = ၂
၄။ မောင်ချစ်ညို မင်းဟန်ပြုတယ် = = = = = + =
သွင်းရန်ပြု**ရှား** = = + ၂

အထက်ပါ ပုံစံသည် လေးချိုးပုံစံနှင့် တစ်ထပ်တည်းတူသည်။သို့ရာတွင် သီဆိုရာတွင် စည်တော်သံအလိုက်သီဆိုရသောကြောင့် စာလုံးအရေအတွက် ချိသံချသံအနေအထား ကာရန်အနေအထားတို့သည် သာမန်လေးချိုးရှိ စာလုံးအရေအတွက် ချိသံချသံအနေအထား ကာရန်အနေအထားတို့နှင့် မတူသည်ကို သတိပြုပါ။

သုံးချိုးဖြင့်သာစပ်သော စည်တော်သံများလည်းရှိသည်။ပုံစံမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ထောင့်ကိုးဆယ်စွန်းပ**ဉ္စ** = = = = = +
ညွှန်းဆင်**သ** ရာဇဝင် = = + = = ၁
၂။ ကနက်ပြိုင် ရှစ်ဆူမိုး = = = = = +
**စိုး**တဲ့ဘု**ရင်** + = = ၁
၃။ မြန်နန်း**ခွင်** = = ၁
စံမြန်းတော်ဘုန်းကြွယ်**အင်**ကြောင့် = = = = = ၁ =
သုံးဆယ်**တွင်** ရှစ်ခု**ဆောင်း**အောင် = = ၁ = = + =
**ကောင်း**တဲ့သတိုး ၁ = = =

အောက်ပါစည်တော်သံများကို လေ့လာရသည်။

၁။ အလောင်းတော် နတ်ရွာကြွရာလို့၊ မှတ်ပါကြ ရွှေပွဲလာ။ ။
၂။ ထောင်ရာကျော်နှစ်ထစ်မှာ၊ သားချစ်ရတနာ။ ။
၃။ ရှစ်ပြဟ္မာ လှစ်ခါတည့် ချေသန်း။ ။
၄။ အောင်ဘိသေ ဦးတင်ဖွင့်တယ်၊ ထူးတင်တင့်နန်း။ ။

၁။ နန်းတောင်ညာ ရွှေဘုံဖွားဟာမို့၊ ယုံရထား စံသည်နှယ်။ ။
၂။ မွေးနံတော် အင်္ဂါနေ့၊ ဘုံးမွေ့စမ္ဗာယ်။ ။
၃။ သက်တော်ကြွယ်၊ မငယ်ဘု နှစ်ဆယ့်ငါး။ ။
၄။ အိမ်တော်စံ သံမှာရင့်တယ်၊ နန်းမြင့်ဘုရား။ ။

## ဘောလယ်စပ်နည်း

ဘောလယ်ဆိုသည်မှာ နန်းမတော် မမြလေး၏သမီးတော် လှိုင်မြို့နှင့် ဘောလယ်မြို့ကို စားရသော လှိုင်ထိပ်ခေါင်တင်မင်းသမီးက တွင်၍ရေးသားခဲ့သောကြောင့် "ဘောလယ်"ခေါ်သည်ဟု အချို့ပညာရှိတို့ ယူဆကြသည်။ဘောလယ်သည် ကဗျာဘက်ထက် တေးသီချင်းဘက်သို့ ပို၍ယိမ်းသော ကဗျာဖြစ်သည်။

စပ်နည်းမှာ အခြားကဗျာများကဲ့သို့ နည်းသေပုံသေဖြစ်သော်လည်း ရွတ်ဖတ်ရုံမျှဖြင့် ကဗျာ့အရသာကို မရနိုင်ချေ။သံနေသံထားဖြင့် သီဆိုမှသာ ကဗျာ့အရသာကို ရနိုင်သည်။ထို့ကြောင့် ဘောလယ်ကို သီချင်းအမျိုးစားထဲ၌ ထည့်လျှင်လည်း ဖြစ်နိုင်သည်ဟုယူဆကြသည်။

ဘောလယ်စပ်ရာတွင် အပိုဒ်အရေအတွက် ကန့်သတ်ချက်မရှိချေ။သို့ရာတွင် အနည်းဆုံး(၂)ပိုဒ်ရှိရမည်။ထို(၂)ပိုဒ်တွင် ပထမပိုဒ်၌ စပ်ပုံတစ်မျိုးရှိ၍ ဒုတိယပိုဒ်၌ စပ်ပုံတစ်မျိုးရှိလေသည်။တတိယပိုဒ်မှစ၍ ကျန်အပိုဒ်များရှိ စပ်ပုံများမှာ ဒုတိယပိုဒ်ရှိစပ်ပုံနှင့် အတူတူပင်ဖြစ်သည်။

သို့ရာတွင် ဒုတိယပိုဒ်ရှိ နောက်ဆုံးပါဒ၏ နောက်ဆုံးကာရန်ကို တတိယပိုဒ်ရှိ ဒုတိယပါဒ၏ နောက်ဆုံးကာရန်နှင့် တူစေရသည်။စတုတ္ထပိုဒ်ကို ဆက်၍ စပ်ချင်လျှင်လည်း တတိယပိုဒ်ရှိ နောက်ဆုံးပါဒ၏ နောက်ဆုံးကာရန်ကို စတုတ္ထပိုဒ်ရှိ ဒုတိယပါဒ၏ နောက်ဆုံးကာရန်တူစေရသည်။ပဉ္စမပိုဒ် ဆဋ္ဌမပိုဒ် စသည်တို့ကို ဆက်ပြီးစပ်ချင်လျှင်လည်း ဒုတိယပိုဒ်နှင့်တတိယပိုဒ်တို့တွင် ကာရန်ချင်းဆက်ပေးသကဲ့သို့ ဆင့်ကဲဆင့်ကဲ ကာရန်ချင်းဆက်ပေးရသည်။

အောက်ပါပုံစံကို ကြည့်ပါ

ပထမပိုဒ် (က) စိန်ခြူးကြာ**ညောင်** = = = +
လ**ရောင်လင်း**ပါလို့ = + + = =
မှန်ရွှေပြူ**တင်း**ရယ်က မယ်ခု**မျှော်** = = = + = = = = ၁
(ခ) သုံးချက်စည်**တော်** = = = ၁
ရိုက်ဆော်**ညှင်း**တယ် = = + =
**လင်း**ရွှေကြက်**ဆော်** + = = ၁
ဒုတိယပိုဒ် (က) သဇင်**သင်း**ပါတဲ့ = = + = =
**ခင်း**ညှို့**ပေါ်** + = ၁
(ခ) လှာနိုးငယ်မယ်**မျှော်**လို့ = = = = ၁ =
တကိုယ်**တော်ထူး** = = ၁ ၂
(ဂ) ထွေရာစိတ်**ကူး**ပါလို့ = = = ၂ = =
**ဖူး**ရွှေလက်**တင်** ၂ = = ၃
(ဃ) ဖြစ်ရေးကုန်**စင်** = = = ၃
ဘဝင်တုန်**လေး**တယ် = = = + =
**တွေး**ကြံလိုက်ရင် + = = =
တတိယပိုဒ်(က) သစ္စာတော်**စူး**ပါစေ = = = + = =
ဆိုဦးကပင် = + = ၃
(ခ) ကြော့မူးကို မောင်ကြင်ငဲ့ = = = = ၃ =
ရာသက်**တွင်**ပဲ = = ၃ ၄

ဘုရားဖြူကျောင်းတိုက်

(ဂ) နောင်သွေ မလွဲပါဘူး = = = ၄ = =
ယုံတော့မေ = = ၅
(ဃ) ပဒုမဆောင်ဇွေ = = = = ၅
သီဟာထင့်တယ် = = + =
စိုးညာမြင့်နေ = = + ၅
စတုတ္ထပိုဒ်(က) နတ်ဒေဝီဖြားသော်လည်း = = = + = =
တစ်ပါးကို မသွေ = + = = ၅
(ခ) ရှစ်ဗြဟ္မာ ရွှေပါလို့ = = = ၅ = =
အောင်ဓေယျာညွှန်း = ၅ = ၆
(ဂ) မတ်ခြေ ရွှေဝန်းငယ်နှင့် = = = ၆ = =
ရေသွန်းတော့ခံ = ၆ = ၇
(ဃ) မဟေသီမှန် = = = ၇
ဒေဝီတာတ်တယ် = = + =
ဦးဆယ်ထပ်ရုံ = = + ၇
ပဉ္စမပိုဒ်(က) သည်မယ်တင်စားပါလို့ = = = + = =
ကြင်အားတော်သန် = = = ၇
(ခ) ခုမျှားမှာ သူတစ်ညာဏ်နှင့် = = = = = ၇ =
မှူတစ်ဟန်ခြား = = ၇ ၈
(ဂ) ပြုတော်မူ အားရန်တော့ = = = ၈ = =
မျက်ထားတော်သုန် = ၈ = ၉
(ဃ) မသိပြင်ပြင် = = = +
အရင်သူ စိမ်းတယ် = + = + =
ပိန်းပိတ်လို့မှုန် + = = ၉

## (၁၂)လရာသီ၌ စန်းယှဉ်နက္ခတ်ပန်းများနှင့် ပွဲတော်များ

**တန်ခူး။** ။မိဿရာသီ စိတြနက္ခတ် ကံကော်ပန်း ရင်ကတ်ပန်း အတာနှစ်သစ်ကူးပွဲ ရွက်ဟောင်းများကြွေ၍ ရွက်သစ်နုပေါက်စဖြစ်၏။

**ကဆုန်။** ။ပြိဿရာသီ ဝိသာခါနက္ခတ် စကားပန်း မိုဃ်းဆွေပန်း ညောင်ရေသွန်းပွဲ သစ်ပင်တို့၌ အဖူးများ စီလျက်ရှိကြ၏။ကျေးငှက်ကလေးတို့ သည် အပျံသင်ကြ၏။

**နယုန်။** ။မေထုန်ရာသီ ဇေဋ္ဌနက္ခတ် တိမ်တောင် တိမ်လိပ်များတက်၍ မိုးသံ မြူစဖြစ်၏။

**ဝါဆို။** ။ကရကဋ်ရာသီ ပြုဗ္ဗာသာဠ်နက္ခတ် ပုန်းညက်ပန်း ပဉ္စင်းတော်ခံပွဲ၊ တိမ်ဆေးစုံခြယ်၍ လျှပ်ရောင်ပြက် မိုဃ်းရွာခြင်းဖြစ်၏။

**ဝါခေါင်။** ။သိဟ်ရာသီ သရဝန်နက္ခတ် ခတ္တာပန်း စာရေးတန်မဲပွဲ မြစ်ချောင်းအင်းအိုင်တို့၌ ရေပြည့်လျှံ၏။

**တော်သလင်း။** ။ကန်ရာသီ ပြုဗ္ဗဘဒြပိုဒ်နက္ခတ် ရင်းမာပန်း လှေပွဲ မြစ်ချောင်းတို့၌ လှိုင်းမတက်ဘဲ ငြိမ်သက်ခြင်းရှိ၏။

**သီတင်းကျွတ်။** ။တူရာသီ အသဝဏီနက္ခတ် ကြာမျိုးငါးပါးပွင့်၏၊ မြင့်မိုရ်မီးထွန်းပွဲ စေတီပုထိုးတို့၌ ဆီမီးပူဇော်ခြင်း ဆရာသမား လူကြီး မိဘတို့အား ကန်တော့ခြင်းပြုကြ၏။

**တန်ဆောင်မုန်း။** ။ဗြိဿာရာသီ ကြိတ္တိကာနက္ခတ် ခဝဲပန်း ကထိန်ပွဲ မြောက်လေသွေး၍ ချမ်းစဖြစ်၏။နှင်းများလည်း ကျ၏။

**နတ်တော်။** ။ဓနုရာသီ မိဂသီနက္ခတ် ဂမုန်းပန်း သဇင်ပန်း မဟာပိန္နဲနတ်ပွဲ နတ်တော်ရောက်ဩား မိုဃ်းသားမငြိမ် ဆင်ရာတိမ်ဟုဆိုအပ်သည့်အတိုင်း ဆင်ခြေရာများပျောက်လောက်အောင် မိုဃ်းရွာတတ်၏။

**ပြာသို။** ။မကာရ်ရာသီ ဖုဿျနက္ခတ် ခွါညိုပန်း မြင်းခင်းသဘင်ပွဲတော် ဆင်းနှင်းများထူထပ်စွာကျ၏၊ သဲသောင်စပ်၌ ဇင်ယော် ကြိုးကြာ ဟင်္သာ မြစ်တွေးစသော ရေငှက်တို့ မြူးကြ၏။

**တပို့တွဲ**။ ။ကိုရာသီ မာဃနက္ခတ် ပေါက်ပန်း လဲပန်း(လက်ပံပန်း) ယာဂုပွဲ ကုန်း၌ကျက်စားသောငှက်နှင့် ရေ၌ကျက်စားသောငှက်တို့ မြူးထူးကြ၏။

**တပေါင်း**။ ။မိန်ရာသီ ဥတ္တရဖလဂုဏီနက္ခတ် သရဖီပန်း ပိတောက်ပန်း သဲပုံစေတီပွဲ သဲသောင်တို့ပေါ်ထွန်း၍ ဝမ်းဘဲ ဇင်ယော်စသောငှက်တို့သည် ပျော်မြူးကြ၏။မြိုင်ခြေတောစပ်၌လည်း ဥဩတို့ ရင့်ကျူး ရွှင်မြူး ကြွေးကြော်ကြကုန်၏။

# (၆)အခြေခံ ပါဠိဝါကျ စီကုံးနည်း

## အခြေခံ ပါဠိစီကုံးနည်း အဓိပ္ပါယ်

(၁) ကတ္တားဟော စီကုံးနည်း

(၂) ကံဟော စီကုံးနည်း

(၃) ဘာဝဟော စီကုံးနည်းဟု (၃)မျိုးရှိသည်။ထိုတွင်--

(၁) ကတ္တားဟောစီကုံးနည်းဟူသည်ကား အဆုံးသတ်ကြိယာမှာ "တတ်" ဟူသောစကား ပါသော်လည်းကောင်း၊ "အပ်"ဟူသောစကား မပါသော်လည်းကောင်း ကတ္တားဟောဝါကျဟု သိပါ။

ကတ္တားဟောဝါကျဟု သိလျက် ကတ္တား၏ယောဂကို ကြည့်၍ ထိုယောဂအတိုင်း ကြိယာမှာ ဝိဘတ်တတ်ပါ။

(ဥပမာ)ကတ္တားက နာမယောဂ၊ "သူ"ကတ္တား ဖြစ်လျှင် ကြိယာမှာ နာမယောဂဆိုင်ရာ ဝိဘတ်တတ်ရမည်။

ကတ္တားက တုမှယောဂ၊ "သင်" ကတ္တားဖြစ်လျှင် ကြိယာမှာ တုမှယောဂဆိုင်ရာဝိဘတ်တတ်ရမည်။

ကတ္တားက အမှယောဂ၊ "ငါ"ကတ္တားဖြစ်လျှင် ကြိယာမှာ အမှယောဂဆိုင်ရာဝိဘတ်တတ်ရမည်-ဟူလို။

ကတ္တားဟောဝါကျ၌ ကတ္တားမှာ ပဌမာဝိဘတ်သက်ရသည်။ကံမှာ ဒုတိယာဝိဘတ်သက်ရသည်။

**ဆောင်**။ကြိယာတတ်၊ မြင်တုံလတ်မူ၊ ပ-ကတ္တားမှာ၊ ဒု-ကံလာလော့။

### ယောဂကို သိနည်း

(က) ကတ္တားမှာ သင်' မင်း' နင်' ရှင်' အရှင်ဘုရား' ခင်ဗျာ' စသည်ရှိလျှင် ထိုကတ္တားမျိုးကို တုမှယောဂ "သင်"ကတ္တားဟုမှတ်ပါ။

ဘုရားဖြူကျောင်းတိုက်

(ခ) ကတ္တားမှာ ငါ' ကျွန်ုပ်' ကျုပ်' ကျွန်တော်' ကျွန်မ' တပည့်တော်' စသည်ရှိလျှင် ထိုကတ္တားမျိုးကို အမှယောဂ " ငါ "ကတ္တားဟုမှတ်ပါ။

(ဂ) ကတ္တားမှာ အထက်ပါ 'သင်'၊ 'ငါ 'နှစ်မျိုးတစ်ပါးသော သက်ရှိ' သက်မဲ့အမည် အမျိုးမျိုးရှိလျှင် ထိုကတ္တားမျိုးကို နာမယောဂ၊ "သူ"ကတ္တားဟု မှတ်ပါ။

## အာချာတ်ဝိဘတ်၌ ယောဂခွဲပုံ

အာချာတ်ဝိဘတ်များ၌ ပရဿပုဒ် အတ္တနောပုဒ်ဟု နှစ်မျိုးစီရှိရာ ပရဿပုဒ်ခြောက်လုံးသည် ပထမနှစ်လုံးတွင် နာမယောဂ၊ ဒုတိယနှစ်လုံးသည် တုမှယောဂ၊ တတိယနှစ်လုံးသည် အမှယောဂဝိဘတ်များဖြစ်ကြသည်။ထိုပရဿပုဒ်ဝိဘတ်များသည် ကတ္တားကိုသာ ဟောကြသည်ဖြစ်၍ ကတ္တား၏ယောဂကိုကြည့်ကာ ဆိုင်ရာဝိဘတ်သက်ရမည်။

### ကတ္တားဟောဝါကျအတွက် ကြိယာ၌တပ်ဆင်ရမည့် ပရဿပုဒ်ဝိဘတ်များ

| ဝိဘတ်အမည် | နာမယောဂ(သူ) ကတ္တားအတွက် | တုမှယောဂ(သင်) ကတ္တားအတွက် | အမှယောဂ(ငါ) ကတ္တားအတွက် | ကာလ |
|---|---|---|---|---|
| ဝတ္တမာန် | တိ အန္တိ | သိ ထ | မိ မ | ပွန် |
| ပဉ္စမီ | တု အန္တု | ဟိ ထ | မိ မ | ။ |
| သတ္တမီ | ဧယျ+ဧယျုံ | ဧယျာသိ+ဧယျာထ | ဧယျာမိ+ဧယျာမ | ။ |
| ပရောက္ခာ | အ ဥ | ဧ တ္ထ | အံ မှ | တိတ် |
| ဟိယျတ္တနီ | အာ ဦ | ဩ တ္ထ | အံ မှာ | ။ |
| အဇ္ဇတ္တနီ | ဤ ဦံ | ဩ တ္ထ | ဣံ မှာ | ။ |
| ကာလာတိပတ္တိ | ဿာ+ဿံသု | ဿေ ဿထ | ဿံ ဿာမှာ | ။ |
| ဘဝိဿန္တိ | ဿတိ+ဿန္တိ | ဿသိ+ဿထ | ဿာမိ+ဿာမ | ဂတ် |

### ဖေယျာကွက် ညွှန်ကြားချက်

အထက်ပါ ဝိဘတ်(၈)မျိုးတွင် တစ်မျိုးမျိုး၌ ဝိဘတ်(၆)လုံးရှိရာ ရှေ့က သုံးလုံးစီကို ပေဝုစ်၊ နောက်ကသုံးလုံးစီကို ဗဟုဝုစ်ဟုမှတ်ပါ။ဥပမာ--ဝတ္တမာန် ဝိဘတ်၌ (တိ၊ သိ၊ မိ)-ဟူသော ရှေ့(၃)လုံးကို ဧကဝုစ်၊ (အန္တိ၊ ထ၊ မ)ဟူသော နောက်(၃)လုံးကို ဗဟုဝုစ်ဟု မှတ်ပါဟူလို။ကြွင်းသော ဝိဘတ်တို့ကိုလည်း ဝတ္တ မာန်ဝိဘတ်အတိုင်းသိပါ။ထိုသို့သိပြီးနောက် ဧကဝုစ်(တစ်ဦးတည်း)ကတ္တားအ တွက် ဧကဝုစ်ဝိဘတ်တို့ကို ယောဂအားလျော်စွာ ကြိယာ၌ တတ်ဆင်ပါ။ဗဟုဝုစ် ဝိဘတ်ကတ္တားအတွက် ဗဟုဝုစ်ဝိဘတ်များကို ယောဂအားလျော်စွာ ကြိယာ၌ တတ်ဆင်ပါ။

ဝိဘတ်(၈)မျိုးတို့တွင်---

ဝတ္တမာန်၊ သတ္တမီ၊ ပဉ္စမီဟူသော ဝိဘတ်(၃)မျိုးတို့ကို ပစ္စုပ္ပန်ကာလ (ယခုမျက်မှောက် လောလောဆယ်အချိန်)အတွက် အသုံးပြုပါ။

ပရောက္ခာ၊ ဟိယျတ္တနီ၊ ကာလာတိပတ္တိ၊ အဇ္ဇတ္တနီဟူသော ဝိဘတ်(၄) မျိုးတို့ကို အတိတ်ကာလ(လွန်ခဲ့ပြီးချိန်)အတွက် အသုံးပြုပါ။

ဘဝိဿန္တိဝိဘတ်(၁)မျိုးကို အနာဂတ်ကာလ(လွန်ပြီးမဟုတ်-ရောက်ဆဲ မဟုတ်-လာလတ့်သောအချိန်)အတွက် အသုံးပြုပါ။

### ဝိဘတ်များကို အသုံးပြုနည်း

**ဝတ္တမာန်ဝိဘတ်**ကို မျက်မှောက်ရောက်ဆဲ လောလောဆယ်အချိန်အ တွင်း သွားလာ နေထိုင်ခြင်းစသော ရိုးရိုးကြိယာများ၌ အသုံးပြုရသည်။**ပဉ္စမီ ဝိဘတ်**ကို စေခိုင်းခြင်း တောင့်တခြင်းစသော ကြိယာများ၌ အသုံးပြုရသည်။ **သတ္တမီဝိဘတ်**ကို ခွင့်ပြုခြင်း ကြံစည်ခြင်း တွေးတောခြင်းစသော ကြိယာများ၌ အသုံးပြုရသည်။

**ပရောက္ခာဝိဘတ်**ကို မျက်စိ နားစသော ဣန္ဒြေငါးပါး၏ကွယ်ရာ လွန်ခဲ့ ပြီးသော ကြိယာမျိုး၌ အသုံးပြုရသည်။**ဟိယျတ္တနီဝိဘတ်**ကို ယမန်နေ့(ဒုတိ ယနေ့)မှ အထက်ဖြစ်သော လွန်ခဲ့ပြီးရာ အချိန်အခါမျိုး၌ အသုံးပြုရသည်။

ဘုရားဖြူကျောင်းတိုက်

**အစ္စတ္တနီဝိဘတ်**ကို အနီးကပ်ဆုံးဖြစ်သော ယနေ့မှစ၍ လွန်ခဲ့ပြီးရာအချိန်အခါမျိုး၌ အသုံးပြုရသည်။ **ကာလာတိပတ္တိဝိဘတ်**ကို အကြောင်းမညီညွတ်သဖြင့် ဖြစ်ခွင့်ရှိသောကြိယာ မဖြစ်ရဘဲ လွန်သွားရာ၌ အသုံးပြုရသည်။

**ဘဝိဿန္တိဝိဘတ်**ကို မဖြစ်သေးသောကြိယာမျိုး၌ အသုံးပြုရသည်။

## ကတ္တားဟောဝါကျ စီကုံးပုံ

"မောင်ဘသည် ထမင်းကို စား၏"။ဤဝါကျသည် "စား၏"ဟူသော ကြိယာ၀ယ် "အပ်"ဟူသော အသံမပါသောကြောင့် ( "တတ်"ဟူသောအသံ မ ပါစေကာမူ)ကတ္တားဟောဝါကျဖြစ်၏။ထိုကြိယာကဟောသော စားသူကတ္တားမှာ "မောင်ဘ"ဖြစ်၏။ထိုကတ္တားသည် သင်+ငါမှ တစ်ပါးသူ ကတ္တားဖြစ်သောကြောင့်သောလည်းကောင်း၊ တစ်ဦးတည်းဖြစ်၍ ဧကဝုစ်ဖြစ်သောကြောင့် လည်းကောင်း၊ "စား၏"ဟူသော ကြိယာသည်လည်း စေခိုင်းခြင်းစသည်မပါ၊ ရိုးရိုးပစ္စုပ္ပန်ကြိယာ ဖြစ်သောကြောင့်လည်းကောင်း "စား"ဟူသော ဘုဇ္ဓကြိယာတွင် ဝတ္တမာန်ဝိဘတ် နာမယောဂ ဧကဝုစ် တိဝိဘတ်တပ်ဆင်၍ ဘုဥ္ဇတိ–ဟု စီကုံးရသည်။

"ပကတ္တားမှာ၊ ဒုကံလာလျှော့"ဆိုခဲ့သည့်အတိုင်း မောင်ဘကတ္တား၌ ပဌမာ ဝိဘတ်သက်၍ "မောင်ဘနာမကော"ဟုလည်းကောင်း၊ မောင်ဘ၏ အစားခံရသော ထမင်းကို–ဟူသောကံ၌ ဒုတိယာဝိဘတ်သက်၍ "ဘတ္တံ"ဟု လည်းကောင်း စီကုံးရသည်။ထို့ကြောင့်"မောင်ဘနာမကော ဘတ္တံ ဘုဥ္ဇတိ"ဟု ပါဠိဝါကျဖြစ်၏။

အထက်ပါစီကုံးနည်းအရ အောက်ပါမြန်မာဝါကျတို့ကို စီကုံးကြည့်ပါ။

၁။ သင်သည် ယနေ့ မြို့သို့ သွား၏။

၂။ ငါသည် ဘုရားကို ရှိခိုး၏။

၃။ သစ်ပင်သည် မြေ၌ ပေါက်၏။

၄။ ဘုရားလောင်းသည် တောသို့ သွား၏။

၅။ မျောက်တို့သည် သရက်သီးကို စားကြ၏။

## ကံဟောဝါကျ စီကုံးနည်း

ကံဟောဝါကျစီကုံးနည်းဟူသည် အဆုံးသတ်ကြိယာမှာ "အပ်" ဟူသော စကားပါလျှင် ကံဟောဝါကျဟုသိပါ။သိရလျှင် ကံ၏ယောဂကိုကြည့်၍ ထိုယောဂအတိုင်း ကြိယာမှာ ဝိဘတ်တတ်ပါ။ဥပမာ–ကံပုဒ်က နာမယောဂဖြစ်လျှင် ကြိယာမှာ နာမယောဂဆိုင်ရာ ဝိဘတ်တတ်ရမည်။ကံပုဒ်က တုမှယောဂဖြစ်လျှင် ကြိယာမှာ တုမှယောဂဆိုင်ရာ ဝိဘတ်၊ အမှယောဂဖြစ်လျှင် ကြိယာမှာ အမှယောဂ ဆိုင်ရာ ဝိဘတ်တတ်ရမည်ဟူလို။ကံဟောဝါကျ၌ ကတ္တားမှာ တတိယာဝိဘတ်သက် ရမည်။ကံမှာ ပဌမာဝိဘတ်သက်ရမည်။

**ဆောင်**။ကြိယာအပ်၊ မြင်တုံလတ်မူ၊ တ–ကတ္တားမှာ၊ ပ–ကံလာလော့။

## ကံဟောကြိယာ၌ ဝိဘတ်တပ်ပုံ

အတ္တနောပုဒ်(၆)လုံးတွင် ပဌမ(၂)လုံးသည် နာမယောဂ၊ ဒုတိယ(၂)လုံးသည် တုမှယောဂ၊ တတိယ(၂)လုံးသည် အမှယောဂဝိဘတ်များဖြစ်ကြသည်။ ထိုအတ္တနောပုဒ်ဝိဘတ်များသည် ဘော ကံ ကတ္တားသုံးပါးကို ပြောကြရာများသောအားဖြင့် ဘော ကံအရာ၌သာ အသုံးပြုကြသည်။ထို့ကြောင့် ကံဟောကြိယာ၌ ကံ၏ယောဂကို ကြည့်ကာ ဆိုင်ရာဝိဘတ်သက်ရသည်။

## ကံဟောဝါကျအတွက် ကြိယာ၌ တပ်ဆင်ရမည့် အတ္တနောပုဒ် ဝိဘတ်များ

| ဝိဘတ်အမည် | နာမယောဂ | တုမှယောဂ | အမှယောဂ | ကာလ |
|---|---|---|---|---|
| ဝတ္တမာန် | တေ အန္တေ | သေ ဝှေ | ဧ မှေ | ပစ္စုပ္ပန် |
| ပဉ္စမီ | တံ အန္တံ | သဿု ဝှော | ဧ အာမသေ | ။ |
| သတ္တမီ | ဧထ ဧရံ | ဧထော ဧယျာဝှော | ဧယျံ ဧယျာမှေ | ။ |
| ပရောက္ခာ | တ္ထ ရေ | တ္ထော ဝှော | ဣံ မှေ | တိတ် |
| ဟိယျတ္တနီ | တ္ထ တ္ထုံ | သေ ဝှံ | ဣံ မှသေ | ။ |
| အဇ္ဇတ္တနီ | အာ ဦ | သေ ဝှံ | အံ မှေ | ။ |
| ကာလာတိပတ္တိ | ဿထ ဿိသု | ဿသေ ဿမှေ | ဿိံ ဿာမှသေ | ။ |
| ဘဝိဿန္တိ | ဿတေ ဿန္တေ | ဿသေ ဿဝှေ | ဿံ ဿာမှေ | ဂတ် |

**မှတ်ချက်**။ဧယားကွက်ညွှန်ကြားချက်ကို ကတ္တားဟောစီကုံးနည်းအ တိုင်း သိပါ။

### ဘော ကံဟောဝါကျ စီကုံးနည်းများ

### ကံဟောဝါကျစီကုံးပုံ

"မောင်ဘသည် ထမင်းကို စားအပ်၏"။ဤဝါကျသည် "စား"ဟူသော ကြိယာ၌ "အပ်"ဟူသောအသံပါရှိသောကြောင့် ကံဟောဝါကျဖြစ်၏။ထိုကြိယာ က ဟောသောကံမှာ "ထမင်း"ဖြစ်၏။ထိုကံသည် သင် ငါမှတစ်ပါးသူ ကံဖြစ် သောကြောင့်လည်းကောင်း၊ တစ်ခုတည်းဖြစ်၍ ဧကဝုစ်ဖြစ်သောကြောင့်လည်း ကောင်း၊ စားခြင်းကြိယာသည်လည်း စေခိုင်းခြင်းစသည် မပါ၊ ပစ္စုပ္ပန်ကြိယာဖြစ် သေတကြောင့်လည်းကောင်း "စား"ဟူသော ဘုဇ္ဓတ်ကြိယာတွင် ဝတ္တမာန် အတ္တ နောပုဒ် နာမယောဂ ဧကဝုစ် တေဝိဘတ် တပ်ဆင်၍ "ဘုဉ္စတေ"ဟု စီကုံးရသည်။

ထိုဘုဉ္စတေတွင် ကံဟောကြိယာထင်ရှားအောင် ဘာဝကမ္မေသု ယော

ဖြင့် ကံအနက်၌ တပစ္စည်းသက်။ဣက္ကဝဏ္ဏာဂမော ဝါဖြင့် ဥ္ဆအထက်၌ ဤလာ၍ ဘုဥ္ဇီယတေဟု အမြဲစီကုံးရသည်။ထို့အတူ တစ်ခြားကံဟောကြိယာများကိုလည်း ဤအတိုင်းသိပါလေ။

အထက်ပါစီကုံးနည်းအရ အောက်မြန်မာဝါကျတို့ကို စီကုံးကြည့်ပါ။

(၁) သင်သည် ယနေ့ မြို့သို့ သွားအပ်၏။

(၂) ငါသည် ဘုရားကို ရှိခိုးအပ်၏။

(၃) ဘုရားအလောင်းသည် တောသို့ သွားအပ်၏။

(၄) မျောက်တို့သည် သရက်သီးကို စားအပ်၏။

(၅) ငါသည် ဆရာထံသို့ သွားအပ်၏။

## ဘာဝဟောဝါကျ စီကုံးနည်း

ဘာဝဟောစီကုံးနည်းဟူသည် အဆုံးသတ်ကြိယာမှာ ခြင်း+ရာဟူသော စကားပါလျှင် ဘာဝဟောဝါကျဟု သိပါ။ဘာဝဟောဝါကျဟု သိရလျှင် ကြိယာ၌ (ကတ္တားဟော ကံဟောဝါကျများ စီကုံးသကဲ့သို့ ယောဂကို ကြည့်နေစရာမလို) အတ္တနောပုဒ် နာမယောဂ ဧကဝုစ်ဝိဘတ်ကိုသာ တပ်ဆင်ရတော့သည်။ဘာဝဟောဝါကျ၌ ကတ္တားမှာ တတိယာဝိဘတ်သက်ရသည်။ကံမှာ ဒုတိယာဝိဘတ်သော်လည်းကောင်း ဆဋ္ဌီဝိဘတ်သော်လည်းကောင်း သက်ရသည်။

**ဆောင်။** ခြင်း ရာ နှစ်ပါး၊ ဘာဝမြင်ငြားမူ၊ ကတ္တားကား တ၊ ဒုကံ ဆ၊ သက်ရမှန်မလွဲ။

## ဘာဝဟောဝါကျစီကုံးပုံ

"မောင်ဘသည် ထမင်းကို စားခြင်း" သို့မဟုတ် "စားရာ၏"ဟူသော ဝါကျသည် "စား"ဟူသောကြိယာ၌ "ခြင်း–ရာ"ဟူသော အသံပါသောကြောင့် ဘာဝဟောဝါကျဖြစ်၏။ဘာဝဟောဟုသိလျှင် ကြိယာကို နောက်ကပြဆိုခဲ့သည့်အတိုင်း ဝတ္တမာန် အတ္တနောပုဒ် နာမယောဂ ဧကဝုစ်ဝိဘတ်သက်၊ ဘာဝဟောထင်ရှားအောင် ယပစ္စည်းသက်၊ ဤလာ၍ ဘုဥ္ဇီယတေဟု စီကုံးရသည်။ကတ္တားမှာ

တတိယာနာဝိဘတ်သက်၍ "မောင်ဘနာမကေန"ဟုလည်းကောင်း၊ ဂုံမှာ ဒုတိယာဝိဘတ် သို့မဟုတ် ဆဠီဝိဘတ်သက်၍ "ဩဒနံ" သို့မဟုတ် "ဩဒနဿ" ဟုလည်းကောင်း စီကုံးရသည်။ထို့ကြောင့်"မောင်ဘနာမကေန ဩဒနံ ဩဒနဿ ဝါ ဘုဉ္ဇီယတေ"ဟု ပါဠိဝါကျဖြစ်၏။

အောက်ပါမြန်မာဝါကျတို့ကိုလည်း အထက်ကညွှန်ပြခဲ့သည့် အတိုင်း စီကုံးကြည့်ပါ။

(၁) သင်သည် ယနေ့ မြို့သို့ သွားခြင်း (သို့) သွားရာ၏။
(၂) ငါသည် ဘုရားကို ရှိခိုးခြင်း (သို့) ရှိခိုးရာ၏။
(၃) ဘုရားအလောင်းသည် တောသို့ သွားခြင်း (သို့) သွားရာ၏။
(၄) မျောက်တို့သည် သရက်သီးကို စားခြင်း (သို့) စားရာ၏။
(၅) ငါသည် ဆရာထံသို့ သွားခြင်း (သို့) သွားရာ၏။

## ကိတ်ကြိယာဖြင့် စီကုံးနည်း

## ကတ္တားဟော စီကုံးပုံ

ကိတ်ကြိယာတို့သည် သူတို့ဟောအပ်သော ပုဒ်၏လိင်သို့လိုက်ကြ၏။ လိုက်ကြ၏ဆိုသည်မှာ ကိတ်ကြိယာကို ဟောသော ကတ္တားပုဒ်က ပုလ္လိင်ဖြစ်လျှင် ကိတ်ကြိယာမှာလည်း ပုလ္လိင်ဖြစ်ထား။ကတ္တားက ဣတ္ထိလိင်ဖြစ်လျှင် ကြိယာမှာလည်း ဣတ္ထိလိင်နှင့်ထား။ကတ္တားက နပုလ္လိင်ဖြစ်လျှင် ကြိယာမှာလည်း နပုလ္လိင်နှင့် ထားရခြင်းကို ဆိုသည်။ဥပမာ--" ပုရိသော မဂ္ဂံ ဂတော "၌ ဂတ ဟူသောကိတ်ကြိယာက ပုရိသောကတ္တားကို ဟော၏။ထိုကတ္တားက ပုလ္လိင် ဧကဝုစ်ဖြစ်သောကြောင့် ဂတကြိယာကိုလည်း (ကတ္တား၏ လိင်ဝုစ်နှင့်အလားတူ)ပုလ္လိင် ဧကဝုစ်နှင့်ပင် ဂတောဟု ထားရသည်။"ကညာ မဂ္ဂံ ဂတာ"၊ "ကုလံ မဂ္ဂံ ဂတံ"တို့၌လည်း ပုလ္လိင်ဝါကျကို နည်းမှီ၍သိပါလေ။

အောက်မြန်မာဝါကျတို့ကို ကိတ်ကြိယာနှင့်စီကုံးကြည့်ပါ

(၁) လူသည် ထမင်းကို စားပြီ။
(၂) သူငယ်မသည် မထင်းကို စားပြီ။

(၃) အမျိုးသည် မထင်းကို စားပြီ။

## ကံဟောဝါကျစီကုံးပုံ

ကံဟောစီကုံးရာ၌လည်း ကံ၏လိင်ဝုစ်အတိုင်း ကိတ်ကြိယာမှာ ထားရသည်။ဥပမာ–"ပုရိသေန မဂ္ဂေါ ဂန္တဗ္ဗော"၌ ဂန္တဗ္ဗကြိယာက မဂ္ဂေါဟူသော ကံကို ဟောသောကြောင့် ထိုကံ၏လိင်ဝုစ်အတိုင်း ကိတ်ကြိယာကိုလည်း ဂန္တဗ္ဗောဟု ထားရသည်ဟူလို။ထို့အတူ ဣတ္ထိလိင်၌ "ဗုဒ္ဓေန ယာ ဝါစာ ဒေသိတာ"၊ နပုလ္လိင်၌ "အာစရိယေန ဣဒံ ဝစနံ ကထိတံ"တို့၌လည်း ယာ ဝါစာကိုငဲ့၍ ဒေသိတာဟုလည်းကောင်း၊ ဣဒံ ဝစနံကိုငဲ့၍ ကထိတံဟုလည်းကောင်း ထားရကြောင်းကို ပုလ္လိင်ကိုနည်းမှီ၍ သိပါလေ။

## ဝါကျအမျိုးအစားများ

ဝါကျသည်--

(၁) အမေးဝါကျ
(၂) ပယ်မြစ်ဝါကျ
(၃) ဝိသေသန ဝိသေသျဝါကျ
(၄) ဥပမာ ဥပမေယျဝါကျ
(၅) ကောင်းမှာပဲ (ယံနူန)ဝါကျ
(၆) အကယ်၍(ကိဉ္စာပိ)၊ သို့သော်လည်း–ဒါပေမဲ့(တထာပိ)ဝါကျ
(၇) သော် လသော် (လက္ခဏ)ဝါကျ
(၈) စဉ်ခိုက် (အနာဒရ)ဝါကျ
(၉) ဖြစ်နိုင်တန်ကောင်းပါရဲ့(အပ္ပေဝ နာမ)ဝါကျ
(၁၀) ဒါမတော်ပါဘူး(န ခေါ ပနေတံ)ဝါကျ
(၁၁) မဖြစ်နိုင်ဘူး(အဋ္ဌာနမေတံ)ဝါကျ၊ ဖြစ်နိုင်ပါတယ်(ဌာနံ ခေါ ပနေတံ)ဝါကျ။

ဟူ၍ သာမညသုံးစွဲရိုးအားဖြင့် (၁၁)မျိုးရှိလေသည်။

# (၁) အမေးဝါကျ

(က) အာဘော်မပါ အမေး

(ခ) အာဘော်ပါ အမေးဟူ၍ (၂)မျိုးရှိသည်။

**(က) အာဘော်မပါ အမေး၌** ဝါကျ၏အစမှာ ကိံ၊ ကံ၊ ကေန၊ ကဿ၊ ကုတော၊ ကသ္မာ၊ ကဟံ၊ ကထံ၊ ကတ္ထစသော ပုဒ်များကို ထား၍ စီရသည်။

ကိံ-ဘာကို၊ ကံ-ဘယ်သူကို၊

ကေန-ဘာဖြင့်၊ ဘာနဲ့၊ ဘယ်သူနဲ့။(ဣတ္ထိလိင်၌ ကာယ-ဟုစီရမည်)။

ကဿ-ဘယ်သူအား(၏)၊ ဘာအား(၏)။(ဣတ္ထိလိင်၌ ကာယ၊ ကိဿာယစီ)

ကုတော-ဘယ်မှ၊ ဘယ်က၊ ဘယ်မှာ။

ကသ္မာ-အဘယ့်ကြောင့်၊ ဘာကြောင့်။

ကဟံ-ဘယ်သို့၊ ဘယ်လို။

ကထံ-ဘယ်လို၊ ဘယ်ပုံ။အဘယ်ကြောင့်၊ ဘာကြောင့်။

ကတ္ထ-အဘယ်အရပ်၌၊ ဘယ်မှာ။

**ဝါကျစီကုံးပုံ**

၁။ သင် ဘာကို အလိုရှိသနည်း။( ကိံ တွံ ဣစ္ဆသိ)

၂။ သင် ဘာနဲ့ လာသလဲ။(ကေန တွံ အာဂစ္ဆသိ)

၃။ သင် ဘယ်သူအား ပေးသနည်း။(ကဿ တွံ ဒဒါသိ)

၄။ သင် ဘယ်က လာသလဲ။(ကုတော တွံ အာဂစ္ဆသိ)

၅။ သင် ဘာကြောင့် ငိုသလဲ။(ကသ္မာ တွံ ရောဒသိ)

၆။ သင် ဘယ်ကို သွားမလဲ။(ကဟံ တွံ ဂမိဿသိ)

၇။ သင် ဒီကျမ်းကို ဘယ်လို ရေးသလဲ။(ကထံ တွံ ဣမံ ဂန္ထံ လိခသိ)

၈။ သင် ဘယ်မှာ နေသလဲ။(ကတ္ထ တွံ ဝသသိ)

**(ခ) အာဘော်ပါအမေး၌** ဝါကျ၏အစမှာ နု၊ နုခေါ၊ နနု၊ နနုစ၊

ကုစ္ဆိ၊ ကစ္ဆိ န-ပုဒ်များ ထား၍စီရသည်။

**အထူးမှတ်ရန်။** န၊ နခေါတို့ဖြင့် စီကုံးလျှင် ၎င်းတို့ကို တစ်ပုဒ်နှောင်မှာဖြစ်စေ၊ ဝါကျ၏ အဆုံးမှာဖြစ်စေ၊ (များသောအားဖြင့်)ထားရသည်။နနုဖြင့် စီကုံးလိုပါလျှင် ၎င်းကို ဝါကျ၏ အစ၌လည်းကောင်း၊ အဆုံး၌လည်းကောင်း (များသောအားဖြင့်)ထားရသည်။နနု စ၊ ကစ္ဆိ၊ ကစ္ဆိ နတို့ဖြင့် စီကုံးလိုလျှင် ၎င်းတို့ကို ဝါကျ၏ အစမှာသာ (များသောအားဖြင့်)ထား၏။

**ဝါကျစီပုံ**

၁။ ဤမကောင်းမှုကို သင် ပြုလုပ်သလား။

ကရောသိ နု(နခေါ) တွံ ဣဒံ ပါပကမ္မံ။

၂။ သင် မနေ့က မြို့သို့ သွားပြီးမဟုတ်လား။

တွံ ဟိယျော နဂရံ အာဂစ္ဆိ နနု။

၃။ ဤတရားတို့သည် ကုသိုလ်တို့ မဟုတ်ကုန်လော။

နနု စ ဣမေ ဓမ္မာ ကုသလာ ဟောန္တိ။

"ကစ္ဆိ (ကုစ္ဆိ နု) ဣမေ ဓမ္မာ ကုသလာ ဟောန္တိ။"

## (၂) ပယ်ခြင်း ပဋိသေဓဝါကျ

(က) ရိုးရိုးပယ်

(ခ) အမိန့်ပေး(စေခိုင်း၍)ပယ်-ဟု (၂)မျိုးရှိသည်။

(က) **ရိုးရိုးပယ်မြစ်ရာ၌** "န၊ နော"ပုဒ်တို့ဖြင့် ပယ်မြစ်ရာ၏။၎င်းတို့ကို စီကုံးသောဝါကျ၏ အစ၌သော်လည်းကောင်း၊ ကြိယာ၏ ရှေ့၌သော်လည်း ကောင်းထားရာ၏။

**ဝါကျစီကုံးပုံ**

၁။ ပြတ်ပြတ်အသံပြု၍ မစားအပ်။

န စပု စပု ကာရကံ ဘုဉ္ဇိတဗ္ဗံ။

၂။ လောသကတိဿသည် အာဟာရကို မရပြီ။

လောသကတိသော အာဟာရံ န လဘိ။

၃။ ဤတရားတို့သည် ကုသိုလ်မည်ကြသည် မဟုတ်ကုန်။

က္ကမေ ဓမ္မာ ကုသလာ နာမ နော ဟောန္တိ။

**(ခ) အမိန့်ပေးစေခိုင်း၍ ပယ်မြစ်ရာ၌** မာသဒ္ဒါဖြင့် ပယ်မြစ်ရာ၏။ ၄င်းကို စီကုံးသောဝါကျ၏ အစ၌သော်လည်းကောင်း၊ ကြိယာ၏ ရှေ့၌သော်လည်းကောင်း ထားရ၏။အမိန့်ပေးသည်ဖြစ်၍ ကြိယာ၌ အာချာတ်ပဉ္စမီ ဝိဘတ်ကိုသာ ယောဂအားလျော်စွာ သက်ရမည်ကို သတိပြုပါလေ။

**ဝါကျစီကုံးပုံ**

၁။ သင် အသံ မပြုနှင့်။

မာ တွံ သဒ္ဒံ ကရောဟိ။

၂။ ရအပ်ပြီးသော စည်းစိမ်မှ မဆုတ်ယုတ်ကြပါစေနှင့်။

ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု။

## ၃။ဝိသေသန+ဝိသေသျဝါကျ

မြန်မာ၌ ထသော+သောဟူသော စကားတို့သည် အထူးပြုတတ်သော စကားများဖြစ်၍ ၄င်းတို့ကို ဝိသေသနဟုခေါ်ရသည်။၄င်းတို့၏ နောက်မှကပ်လျက်ရှိသောစကားကို အထူးပြုခံရသောကြောင့် ဝိသေသျဟုခေါ်သည်။ဥပမာ– "ဝါသော+ပန်း"ဟူရာ၌ "ဝါသော"ဟူသောစကားသည် နောက်မှာကပ်လျက်ရှိသော "ပန်း"ကို အခြားသောပန်းတို့မှ ထူးခြားကွဲလွဲအောင် အထူးပြုတတ်သောကြောင့် ဝိသေသနမည်၏။

ထိုဝိသေသန ဝိသေသျနှစ်ပုဒ်လုံးမှာပင် ဝိဘတ်တူထားရမည်။ဝိဘတ်တူဆိုသည်မှာ ဝိသေသျပုဒ်ကလိုရင်းဖြစ်၍ ဝိသေသျပုဒ်သို့လိုက်ကာ ဝိသေသနပုဒ်မှာ ဝိဘတ်ထားရမည်။ဝိသေသျပုဒ်မှာ နာဝိဘတ်ထားလျှင် ဝိသေသနပုဒ်မှာလည်း နာဝိဘတ်နှင့်ပင် ထားရမည်ဟူလို။ဝိသေသျပုဒ်၏ ဝိဘတ်အတိုင်း

ဝိသေသနပုဒ်မှာ ထားရမည်ဟုဆိုလို၏။ဥပမာ– "လှပသော+ပန်းဖြင့်"ဟူရာ၌ "ပန်းဖြင့်"ဟူသော ဝိသေသျပုဒ်မှာ နာဝိဘတ်ရှိသလို "လှပသော"ဟူသော ဝိသေသနပုဒ်မှာလည်း နာဝိဘတ်နှင့်ပင် ရှိရမည်ဟူသည်တည်း။

**ဆောင်**။ထသော–သော၁ပြ၊ ဝိသေသန၊ နောက်မှ ဝိသေသျ။
နှစ်ပုဒ်လုံးပေ၊ ဝိဘတ်နေ၊ တူလေ ထားအပ်စွာ။

**ဝါကျစီကုံးပုံ**

၁။ ငါသည် လှပသော ပန်းကို အလိုရှိ၏။
အဟံ အဘိရူပံ ပုပ္ဖံ ဣစ္ဆာမိ။

၂။ လှပသော မိန်းမပျိုသည် မြို့မှ လာ၏။
အဘိရူပါ ကညာ နဂရာ အာဂစ္ဆသိ။

၃။ အနံ့ကောင်းသော ပန်းဖြင့် ဘုရားအား ပူဇော်၏။
သုဂန္ဓေန ပုပ္ဖေန ဗုဒ္ဓဿ ပူဇေသိ။

၄။ လိမ်မာသော သူငယ်အား ဆုပေးပါ။
ကုသလဿ ဒါရကဿ ဝရံ ဒေတိ။

၅။ ဝေးသော ရွာမှ လာ၏။
ဒူရာ ဂါမာ အာဂစ္ဆသိ။

၆။ ကြည်ညိုဖွယ်ကောင်းသော ကိုရင်၏ သပိတ်၌ ဆွမ်းကို ထည့်ကြပါ
ပါသာဒိကဿ သာမဏေရဿ ပတ္တေ ဘတ္တံ ပက္ခိပထ။

၇။ အိုသော အိမ်၌ ကျွန်ုပ် မနေလိုပါ။
ဇိဏ္ဏေ ဃရေ အဟံ ဝသိတုံ န ဣစ္ဆာမိ။

## ၄။ဥပမာ+ဥပမေယျဝါကျ

မထင်ရှားသော အရာဝတ္ထုကို ထင်ရှားသောအရာဝတ္ထုဖြင့် နှိုင်းယှဉ်ပြသည်ကို ဥပမာတင်ပြသည်ဟုခေါ်ကြသည်။ချဲ့ပြပါအံ့––မိုးချုန်းသံသည် ထင်ရှား၍ လူအများသိ၏။အမြောက်သံကား မထင်ရှား၍ လူအများ မသိပေ။ထို

မထင်ရှား၍ လူသိနည်းသော အမြောက်သံအကြောင်းကို ပြောပြသောအခါ ထင်ရှား၍ လူသိများသော မိုးချုန်းသံနှင့် နှိုင်းယှဉ်ပြောပြပါက လူတိုင်းသိနိုင်ပေသည်။ထို့ကြောင့် ထင်ရှား၍ လူသိများသော မိုးချုန်းသံကို ဥပမာနဟုမှတ်၍ မထင်ရှား၍ လူသိနည်းသော အမြောက်သံကို ဥပမေယျဟုမှတ်ခဲ့ပါ။

ထိုသို့နှိုင်းယှဉ်ပြရာ၌–(က)တစ်ဝါကျတည်းဖြင့် ပေါင်း၍နှိုင်းယှဉ်နည်း၊ (ခ) ဥပမာနတစ်ဝါကျ–ဥပမေယျတစ်ဝါကျ ဤသို့ နှစ်ဝါကျခွဲ၍နှိုင်းယှဉ်နည်းဟု နှစ်မျိုးရှိသည်။ထိုတွင် "ဤဖားသည် ခြင်္သေ့ကဲ့သို့ ဆောင့်ကြောင့်ထိုင်၏"ဟူသော နည်းသည် (က)အမျိုးအစားမည်၏။ "ခြင်္သေ့သည် ဆောင့်ကြောင့်ထိုင်သကဲ့သို့ ဤဖားသည်လည်း ဆောင့်ကြောင့်ထိုင်၏"ဟူသော နှိုင်းယှဉ်နည်းသည် (ခ)အမျိုးအစားမည်၏။

စီကုံးနည်း စည်းကမ်းမှာ–

(က)အမျိုးအစား၌ ဥပမာန+ဥပမေယျ နှစ်ပုဒ်လုံး၌ ဝိဘတ်တူထားရခြင်း၊ ဥပမာနပုဒ်နောက်၌ (ကဲ့သို့၊ သလို၊ လို–အနက်ဟော) ဣဝ၊ ဝိယစသော ဥပမာနဇောတက(ဥပမာကို ထွန်းပြ ပြောပြတတ်သော)သဒ္ဒါတို့ကို ထားရခြင်း။

(ခ)အမျိုးအစား၌ **ယထာ**–ဟူသော ဥပမာဇောတကသဒ္ဒါဖြင့် စီလိုက ၎င်းကို ဥပမာနဝါကျ၏အစနှင့်လည်းကောင်း၊ အဆုံး၌လည်းကောင်း ထားရခြင်း။ **ဣဝ**၊ **ဝိယ**သဒ္ဒါဖြင့်စီလိုက ၎င်းတို့ကို ဥပမာနဝါကျ၏ အဆုံး၌သာ ထားရခြင်း။ဥပမေယျ–နောက်ဝါကျ၌လည်း (ထို့အတူ၊ ဤအတူ)အနက်ဟော (တထာ၊ ဧဝံတထာ)တို့ကို ဝါကျ၏အစ၌လည်းကောင်း၊ တစ်ပုဒ်၏နောက်၌ လည်းကောင်း ထားရခြင်းပင်ဖြစ်သည်။

**ဆောင်**။ပမာ ပမေ၊ ဝိဘတ်နေ၊ တူလေ ထားအပ်စွာ။
ဣဝ–ဝိယ၊ စသည်က၊ ထားရ နောက်ပမာ။
ဝါကျသီးသီး၊ ရေးစီနည်း၊ ရှိလည်း ရှိအပ်ပါ။
ထိုသို့စီလို၊ ယထာကို၊ ထားသို စဆုံးမှာ။
ဣဝ–ဝိယ၊ နှစ်ဌာန၊ စီက ဆုံး၌သာ။
ဧဝံ–တထာ၊ ထိုနှစ်ဖြာ၊ ထားပါ နောက်ပမေ။

အစတစ်ထောက်၊ တစ်ပုဒ်နောက်၊ ကျရောက်နေရပေ။

**ဣဝ–ဝိယ–ယထာတို့ဖြင့် (က)အမျိုးအစားဝါကျ စီကုံးပုံ**

ဤဖားသည် ခြသေ့်ကဲ့သို့ ဆောင့်ကြောင့်ထိုင်၏။

အယံ မဏ္ဍူကော သီဟော ဝိယ ဥက္ကုဋိကံ နိသီဒတိ။

(ဝိယ–နေရာ၌ ဣဝ–ဖြင့် စီလျှင်လည်း ဤနည်းပင်တည်း။)

**ယထာဖြင့် (ခ)အမျိုးအစားဝါကျ စီကုံးပုံ**

ခြသေ့်သည် ဆောင့်ကြောင့်ထိုင်သကဲ့သို့၊ ထို့အတူ ဤဖားသည်လည်း ဆောင့်ကြောင့်ထိုင်၏။

ယထာ သီဟော ဥက္ကုဋိကံ နိသီဒတိ၊

**တစ်နည်း** သီဟော ဥက္ကုဋိကံ နိသီဒတိ ယထာ၊(ဥပမာနဝါကျ)

တထာ(ဧဝံ၊ ဧဝံ တထာ)အယံ မဏ္ဍူကောပိ ဥက္ကုဋိကံ နိသီဒတိ။

**တစ်နည်း** အယံ မဏ္ဍူကောပိ တထာ (ဧဝံ၊ ဧဝံ တထာ)ဥက္ကုဋိကံ နိသီဒတိ။
(ဥပမေယျဝါကျ)

**ကွဲလွဲသော်လည်း ဝိဘတ်တူပုံ**

ဥပမာန+ဥပမေယျနှစ်ပုဒ်တို့သည် လိင်အားဖြင့်လည်းကောင်း၊ ဝုစ်အားဖြင့်လည်းကောင်း မတူသော်လည်း ဝိဘတ်ကိုမူ အတူထား၍စီရသည်ဟု မှတ်ပါ။

**ဝါကျစီကုံးပုံ**

ဘုရားရှင်၏ မျက်နှာတော်သည် လပြည့်ဝန်းကဲ့သို့ ကြည်လင်တော်မူ၏။ "ဗုဒ္ဓဿ အာနနံ ပုဏ္ဏစန္ဒော ဝိယ ပသီဒတိ"။

ဤပုံစံ၌ အာနနံ–ဟူသော ဥပမေယျက နပုံလိင်၊ ပုဏ္ဏစန္ဒော–ဟူသော ဥပမာနက ပုလိင်၊ ဤသို့ လိင်မတူသော်လည်း ပဌမာဝိဘတ်ချင်း တူရမည်ဟူလို။

**ဆောင်။** ဥပမာန၊ ဥပမေယျ၊ ပဒနှစ်ပါး၊ လိင်ဝုစ်ပြားလည်း၊ ဝိဘတ်ကားမူ၊ တူမြဲဟူ၏။

ဘုရားဖြူကျောင်းတိုက်

### ဂုဏ်ဝိသေသနပုဒ်တို့ကို ကြိယာလုပ်၍ စိကုံးနည်း

လှပသည်+အကြည်းတန်သည်၊ ဖြူသည်+မည်းသည်၊ ကြမ်းသည်+နူးညံ့သည်၊ လိမ်မာသည်+မိုက်သည်-စသော စကားများကို ဝိသေသန၊ ဝိသေသျစီကုံးနည်း၌ ဝိသေသျကို အထူးပြုတတ်သော ဂုဏ်ဟော ဝိသေသနစကားများဖြစ်ကြောင်းကိုလည်းကောင်း၊ ထိုစကားများကို ဝိသေသျပုဒ်နှင့်ဝိဘတ်တူထား၍ စိကုံးရမည်ကိုလည်းကောင်း ပြခဲ့ပြီ။ယခုတဖန် ၎င်းဂုဏ်ဟောဝိသေသနပုဒ်များကို ကြိယာအဖြစ် သုံးစွဲနည်းကို သိလိုပါက အထူးအထွေ ပြုပြင်ပြောင်းလဲနေစရာမလိုပါ။ထိုပုဒ်များကို ဝိသေသျ၏ နောက်သို့ပို့လိုက်ခြင်းဖြင့် ကြိယာအဖြစ်သို့ အလိုလိုရောက်သွားပါသည်။

ဥပမာ-"လှပသော+ပန်း"ဟူရာ၌ "လှပသော"သည် ဝိသေသန၊ "ပန်း" သည် ဝိသေသျ။၎င်းကို "ပန်းသည်+လှပ၏"ဟု စီလိုလျှင် "လှပသော"ဟူသော ဝိသေသနပုဒ်ကို "ပန်း"ဟူသော ဝိသေသျ၏ နောက်သို့ပို့လိုက်ပါက "ပုပ္ဖံ အဘိရူပံ"-"ပန်းသည်+လှပ၏"ဟုဖြစ်တော့၏။

ထို့အတူ "ဖြူသော+ဗျိုင်း" --သေတော ဗကော။
"ဗျိုင်းသည်+ဖြူ၏"-ဗကော သေတော။ ။
"မည်းသော+ကျီး"-ကဏှော ကာကော။
"ကျီးသည်+မည်း၏"-ကာကော ကဏှော။ ။
"လှသော+မိန်းမပျို"-အဘိရူပါ ကညာ။
"မိန်းမပျိုသည်+လှပ၏"-ကညာ အဘိရူပါ။(စသည်တည်း)

## ၅။ကောင်းမှာပဲ (ယန္နူန)ဝါကျ

မြန်မာဝါကျ၌ ကောင်းလေစွ ကောင်းမှာပဲ နိပ်မှာပဲ-စသော စကားတို့ဖြင့် ရေးသား သုံးစွဲထားသည်ကို တွေ့ပါက (ယန္နူန၊ အဟော ဝတ၊ သာဓုဝတ) ဟူသောပုဒ်တို့ကို ဝါကျ၏အစ၌ ထား၍ စီကုံးရလေသည်။စီကုံးနည်းမှာ ထိုဝါကျမျိုး၌ ကတ္တားသည် များသောအားဖြင့် (ဝါ)ကတ္တားသာ အရှိများလေသည်။

သို့ဖြစ်၍ ကြိယာ၌ စိတ်ကူးယဉ်ဝါကျဖြစ်သည့်အားလျော်စွာ သတ္တမီဝိဘတ်ဖြင့် ထားရ၏။ထို၌လည်း အတ္တနောပုဒ် အမှယောဂဝိဘတ်ဖြင့်သာ ထားရသည်။ ပရဿပုဒ် အမှယောဂဝိဘတ်ဖြင့် ထားလေ့မရှိကြပေ။အနည်းငယ်အားဖြင့်ကား နာမယောဂ ကတ္တားလည်း ရှိပါသည်။ရှိလျှင် ကြိယာ၌ သတ္တမီ နာမယောဂ ဝိဘတ်ဖြင့်ထားပါ။

**ဆောင်။**ကတ္တားမှာ ငါ၊ ကြိယာ၊ မှတ်ပါ သတ္တမီ။
အတ္တနောပုဒ်၊ ယျေထုတ်၊ မဟုတ် ရံခါမှီ။
များသောအားဖြင့်၊ မှတ်ကုန်လင့်၊ ဉာဏ်ဖြင့် ကြွင်းကိုမှီ။

**ဝါကျစီကုံးပုံ**

၁။ ငါ နက်ဖန် မြို့သွားရလျှင် ကောင်းမှာပဲ။
ယန္နူနာဟံ သွေ နဂရံ ဂစ္ဆေယျံ။
၂။ ငါ ဘုရားကို ပန်းဖြင့် ပူဇော်ရလျှင် ကောင်းမှာပဲ။
အဟော ဝတာဟံ ဗုဒ္ဓံ မာလာယ ပူဇေယျံ။
၃။ ငါ ဒီနှစ် စာမေးပွဲ အောင်ရင် ကောင်းမှာပဲ။
သာဓု ဝတာဟံ ဣမသ္မိံ ဝဿေ ပဌမဝဿဝေ ဇယမာလံ လဘေယျံ။
၄။ ငါ ဒီနှစ် ပါဠိပါရဂူ အောင်ရင် ကောင်းလေစွ။
ယန္နူနာဟံ ဣမသ္မိံ ဝဿေ ပါဠိပါရဂူ ဇယမာလံ လဘေယျံ။
၅။ ဘုရားရှင်သည် ငါ့ထံသို့ ကြွလာရင် ကောင်းလေစွ။
အဟော ဝတ ဗုဒ္ဓေါ မမ သန္တိကေ အာဂစ္ဆေယျံ။
၆။ ရဟန်းတော်တို့သည် ဤအိမ်သို့ ကြွလာကြလျှင် ကောင်းလေစွ။
သာဓု ဝတ ဘိက္ခဝေါ ဣမံ ဂေဟံ အာဂစ္ဆေယျုံ။

## ၅။အကာယ်၍ (ကိဠာပိ)ဝါကျ
## သို့သော်လည်း–ဒါပေမဲ့ (တထာပိ)ဝါကျ

(က) ဤပန်းကလေးသည် လှပသည်။

(ခ) သို့သော်လည်း အနံ့ မကောင်းပါဟု ဆိုရာ၌--
(က)ဝါကျသည် ပန်းကလေးကို မြှောက်ပင့်သည့် (သမ္ဘာဝနာ)စကားဖြစ်သည်။
(ခ)ဝါကျသည် ပန်းကလေးကို တဖန်ပြန်၍ နှိမ့်ချသည့် (ဂရဟာ)စကားဖြစ်သည်။
ဤမြန်မာဝါကျမျိုးကို ပါဠိစီကုံးရာ၌(က)ဝါကျအတွက် အစမှာ "ကိဥ္စာပိ၊ ကာမဉ္စ" စသောပုဒ်တို့ကို ထား၍ စီကုံးရသည်။(ခ)ဝါကျအတွက် "တထာပိ၊ အထခေါ၊ ပန၊ စ"တို့ကို ထား၍ စီကုံးရသည်။ထိုတွင် "တထာပိ၊ အထခေါ"တို့ဖြင့် စီလိုက ဝါကျ၏အစ၌ ၄င်းတို့ကို ထားရ၏။"ပန၊ စ"တို့ဖြင့် စီလိုက ၄င်းတို့ကို အစတစ်ပုဒ်နောက်မှာ ထားရ၏။

**ဆောင်**။ အကယ်၍ကား၊ ဆိုတုံငြား၊ မှတ်သား ကိဥ္စာပိ။
ဝါကျစတွင်၊ ယင်းကိုယှဉ်၊ တွင်တွင်သုံးလေဘိ။
သို့သော်လည်းဟု၊ ဆိုရိုးပြု၊ စီမှု တထာပိ။
တထာပိကို၊ အစဆို၊ စ-ကို ပုဒ်နောင်ထည့်။

## ဝါကျစီပုံ

၁။ဤသူသည် အကယ်၍ကား ကောင်းသော အကျင့်ရှိ၏။သို့သော် စိတ်ကြမ်းတမ်း၏။

ကိဥ္စာပိ အယံ သုသမာစာရော တထာပိ စိတ္တံ တဒ္ဓံ ဟောတိ။

၂။ဤအမျိုးသမီးသည် အကယ်၍ကား ချောမောလှပ၏။သို့သော် မကောင်းသောအကျင့်ရှိ၏။

ကိဥ္စာပိ အယံ ကုလဓီတာ အဘိရူပါ၊ အထ ခေါ သာ ပါပသမာစာရာ။

၃။ဤသကၤန်းသည် အနူးညံ့ဆုံးဖြစ်သော်လည်း အသစ်စက်စက် မဟုတ်။

ကာမဉ္စာယံ စီဝရော မုဒုကတရော၊ အဘိနဝေါ န ဟောတိ။

**မှတ်ချက်**။မြန်မာစကား၌ ရှေ့ဝါကျဝယ် အကယ်၍ဟူသော စကားပါမှ မဟုတ်၊ နောက်ဝါကျ၌ သို့သော်လည်းဟူသော စကားများပါလျှင် ပါဠိရေးစီသောအခါ ရှေ့ဝါကျ၏အစ၌ "ကိဥ္စာပိ၊ ကာမဉ္စ"ပုဒ်တို့ကို ထား၍ စီရမည်။နောက်ဝါကျ၌

"တထာပိ၊ အထခေါ၊ ပန၊ စ"တို့ကို (သူတို့၏စည်းကမ်းအတိုင်း)ထား၍ စီရမည်ဟု အမြဲမှတ်လေ။

## ၆။သော်-လသော် (လက္ခဏ)ဝါကျ

**လက္ခဏစသည်တို့၏ သဘော---**

မထင်ရှားတဲ့ အခြားကြိယာတစ်မျိုးကို မှတ်သားမှု လက္ခဏဟုခေါ်သည်။"ဦးဘက မောင်လှ လာတယ်"ဟု ပြော၏။"ဘယ်တုန်းကလည်း"ဟု ဒေါ်မြက မေး၏။"ဘုန်းကြီးများ ဆွမ်းခံဝင်ကြတုန်းက"ဟု ဦးဘကဖြေ၏။ ဤ၌ထင်ရှားသော ဆွမ်းခံဝင်ခြင်းကြိယာသည် မထင်ရှားသော မောင်လှ၏ လာခြင်းကြိယာကို မှတ်သားပြသောကြောင့် လက္ခဏကြိယာမည်၏။ဆွမ်းခံဝင်ကြသော ဘုန်းကြီးများသည် ထိုလက္ခဏကြိယာ၏ ကတ္တားဖြစ်သောကြောင့် လက္ခဏဝန္တမည်၏။မောင်လှ၏ လာခြင်းကြိယာသည် ဆွမ်းခံဝင်ခြင်းကြိယာ၏ အမှတ်အသားကို ခံရသောကြောင့် လက္ချကြိယာမည်၏။ထိုကြိယာ၏ ကတ္တားဖြစ်သော မောင်လှသည် လက္ချဝန္တမည်၏။

### ဝိဘတ်ထားပုံ

ထိုလေးမျိုးအနက် လက္ခဏနှင့်လက္ခဏဝန္တ(ကတ္တား)သို့မဟုတ်(ကံ)သည် အမြဲသတ္တမီ ဝိဘတ်ချင်းတူရမည်။လက္ခဏသည် ပဓာနဖြစ်၍ ယင်းလက္ခဏပုဒ်နောက်မှာ သတ္တမီဝိဘတ် အမြဲသက်ရမည်။၄င်းပြင် ထိုလက္ခဏ၏ကတ္တားသို့မဟုတ် ကံဖြစ်သော လက္ခဏဝန္တ နောက်ပုဒ်မှာလည်း လက္ခဏပုဒ်က ဝိဘတ်အတိုင်း သတ္တမီဝိဘတ်ပင် သက်ရမည်ဟု ဆိုလိုသည်။လက္ချဝန္တနှင့်လက္ချ ကြိယာကိုမူ ကတ္တား ကံဟော စီနည်းအတိုင်း စီကုံးရ၏။

သတ္တမီဝိဘတ်သက်ပြီးသော လက္ခဏကြိယာကို သော်ဟုလည်းကောင်း၊ လတ်သော်ဟုလည်းကောင်း အနက်ပေးရသည်။၄င်း၏ကတ္တားကို (သတ္တမီဝိဘတ်)ဆုံးနေသော်လည်း "သည်"အနက်ပေး၍ ၄င်း၏ကံကိုလည်း

ထုံးစံအတိုင်း"ကို"ဟုအနက်ပေးပါ။ဝါကျတစ်ခုတည်း၌ ကတ္တားနှင့်ကံနှစ်ခုလုံး ရှိရမည်မဟုတ်ပေ။ကတ္တားသော်လည်းကောင်း၊ ကံသော်လည်းကောင်း တစ်ခုခု သာရှိရမည်မှတ်ပါ။

**ဆောင်။**သော်ဟုတွေ့က၊ လက္ခဏ၊ ထားကြ သတ္တမီ။
သော်နှင့်တဖန်၊ ကတ္တားကံ၊ အမှန် ဝိဘတ်ညီ။

**ဝါကျစီကုံးပုံ**

၁။နေဝင်သည်ရှိသော် ရဟန်းတို့သည် ဘုရားရှိခိုးကုန်၏။
သူရိယေ အတ္ထင်္ဂတေ ဘိက္ခူ ဗုဒ္ဓံ ဝန္ဒန္တိ။
၂။ဆရာ ခေါ်သည်ရှိသော် တပည့်သည် ဆရာထံ လာ၏။
အာစရိယေ ပက္ကောသန္တေ သိဿော အာစရိယဿ သန္တိကံ အာဂစ္ဆတိ။
၃။တံခါးတို့ကို ဖွင့်အပ်ကုန်သည်ရှိသော် လူတို့သည် ထွက်ကုန်၏။
ဒွါရေသု ဝိဝရိယမာနေသု မနုဿာ နိက္ခမန္တိ။

**အထူးမှတ်ရန်။** သော်–လသော်ဟု အနက်ပေးတိုင်း လက္ခဏဟု မမှတ်ရ။မထင်ရှားတဲ့ကြိယာကို မှတ်သားပြတဲ့သဘောပါမှသာ လက္ခဏဟုမှတ်ပါ။ သော်–လသော်ဟု အနက်ပေးရသော ဤလက္ခဏ–လက္ခဏဝန္တပါဠိစီကုံးနည်း၌ ကတ္တားနှစ်မျိုး ကြိယာနှစ်မျိုးရှိသည်ဟု မှတ်သားနှင့်ပါဦး။(အထက်က ပြခဲ့သော စီကုံးပုံ နမူနာကို ပြန်ကြည့်ပါ)

သော်–လသော်ဟု ပေးရသော လက္ခဏအနက်၌ နာမ်ဝိဘတ်တည်းမှ သတ္တမီအပြင် ဆဋ္ဌီဝိဘတ်နှင့်၊ ကိတ်ပစ္စည်းတည်းမှ မာနပစ္စည်း၊ အန္တပစ္စည်းများလည်း သက်ကြသေးသည်။

**ဆဋ္ဌီဝိဘတ်**–"အာယသ္မာ ဖဂ္ဂုနော အစိရပက္ကန္တဿ ဘဂဝတော ကာလမကာသိ"ဤ၌ အစိရပက္ကန္တပုဒ်နောင် လက္ခဏအနက်၌ ဆဋ္ဌီဝိဘတ်သက်ထား၏။

**မာနပစ္စည်း**–"အပေတီတိ ဝုစ္စမာနော ပက္ကမတိ" ဤ ဝုစ္စမာနောဝယ်

ဝစဓာတ်နောင် လက္ခဏာအနက်၌ မာနပစ္စည်းသက်ထားသည်။

**အန္တပစ္စည်း**–" ဂစ္ဆန္တော ဘာရဒ္ဓါဇော သော အဒ္ဒသ အစ္စုတံ ဣသိံ "ဤ၌ ဂစ္ဆန္တောဝယ် ဂမုဓာတ်နောင် လက္ခဏာအနက်၌ အန္တပစ္စည်းသက်ထားသည်။အန္တပစ္စည်းက လက္ခဏာအနက်ကို ဟောနေပြီးဖြစ်၍ ပဌမာသိဝိဘာတ်က ထိုအနက် ကို ထပ်ဟောနေစရာမလို။ထုံးစံအတိုင်း လင်္ဂတ္ထကိုသာ ဟောသည်မှတ်

ထို့ပြင် မာန–အန္တပစ္စယန္တပုဒ်များသည် အပ္ပဓာနဝိသေသနပုဒ်များ ဖြစ်ကြ၍ ဝိသေသျပုဒ်၏ လိင် ဝုစ် ဝိဘတ်အတိုင်းနေကြရသည်လည်းရှိသေး၏။ ဤအမိပ္ပါယ်များသည် အခြေခံနှင့်မတန်လှ၍ ရှင်းပြရန် မလိုသေးပါ။

## ၈။စဋ္ဌီနိုက်(အနာဒရ)ဝါကျ

**အနာဒရစသည်တို့၏ သဘော**

ရှိသေလေးစားခြင်းမရှိသူ၏ အပြုအမူကို အနာဒရကြိယာ–ဟုခေါ်၍ ထို(အနာဒရကြိယာ၏)ကတ္တားကို အနာဒရဝန္တ–ဟုခေါ်သည်။အရိုအသေ အလေး အစားမခံရသူ၏ အပြုအမူကို အနာဒရိယကြိယာ–ဟုခေါ်ဆို၍ ထို(အနာဒရိယကြိယာ၏)ကတ္တားကို အနာဒရိယဝန္တဟုခေါ်သည်။

ထင်ရှားစေပါအံ့–"ဝေဿန္တရာမင်းကြီး ကြည့်နေစဉ် ပုဏ္ဏားသည် ခေါ်ဆောင်သွား၏"။ဤ၌ ပုဏ္ဏားသည် ဝေဿန္တရာမင်းကို မရိုသေ မလေးစားသူဖြစ်၏။သူ၏ အမူအရာသည် ခေါ်ဆောင်သွားခြင်းပင်တည်း။ဝေဿန္တရာမင်းကြီးသည် ပုဏ္ဏား၏ အရိုအသေ အလေးအစားကို မခံရသူဖြစ်၏။သူ၏အမူအရာဟူသည် ကြည့်ခြင်းပင်တည်း။

ဤစကားအရ–ခေါ်ဆောင်သွားခြင်းကြိယာသည် (မရိုသေ မလေးစားသော ပုဏ္ဏား၏ အပြုအမူဖြစ်၍)အနာဒရကြိယာမည်၏။ပုဏ္ဏားသည် ထိုအနာဒရကြိယာ၏ ကတ္တားဖြစ်၍ အနာဒရဝန္တမည်၏။ကြည့်နေခြင်းကြိယာသည် (အရိုသေ အလေးစားမခံရသော ဝေဿန္တရာမင်းကြီး၏ အပြုအမူဖြစ်၍)အနာဒရိယကြိယာမည်၏။ဝေဿန္တရာမင်းကြီးသည် (ထိုအနာဒရိယကြိယာ၏ ကတ္တားဖြစ်

၅)အနာဒရိယဝန္တမည်၏။

## အနာဒရဝါကျ ဝိဘတ်ထားနည်း—

ထိုလေးမျိုးအနက် အနာဒရိယ၊ အနာဒရိယဝန္တတို့သည် အမြဲဆဋ္ဌီ၊ သို့မဟုတ် သတ္တမီဝိဘတ်ချင်းတူရမည်။အနာဒရိယသည် လိုရင်းဖြစ်၍ ယင်းပုဒ်နောက်မှာ ဆဋ္ဌီ၊ သို့မဟုတ် သတ္တမီဝိဘတ်အမြဲသက်ရမည်။၎င်းပြင် ထိုအနာဒရိယ၏ ကတ္တားဖြစ်သော အနာဒရိယဝန္တပုဒ်၏ နောက်မှာလည်း ဆဋ္ဌီ၊ သို့မဟုတ် သတ္တမီဝိဘတ်သက်ရသည်။အနာဒရကြိယာနှင့် အနာဒရဝန္တကိုမူ ကံ ကတ္တား ဟောစီနည်း အတိုင်းပင် စီရ၏။

## အနက်ပေးနည်း မှတ်ရန်

ဆဋ္ဌီ၊ သို့မဟုတ် သတ္တမီဝိဘတ်သက်ပြီးသော အနာဒရိယကြိယာကို စဉ်ဟုလည်းကောင်း၊ ခိုက်ဟုလည်းကောင်း၊ တုန်းဟုလည်းကောင်း အနက်ပေးရသည်။၎င်း၏ကတ္တား(အနာဒရိယဝန္တ)ကို ဆဋ္ဌီ၊ သို့မဟုတ် သတ္တမီဝိဘတ်ဆုံးနေသော်လည်း "သည်"ဟုပင် အနက်ပေးရသည်။

**ဆောင်။**စဉ်'ခိုက်'တုန်း'နှင့်၊ တွေ့ကြုံလင့်၊ မှတ်သင့် အနာဒရာ။
အနာဒရိ၊ ကတ္တားညွှိ၊ ဟူဘိ ဆဋ္ဌသက်ပါ။

## ဝါကျစီပုံ

၁။ဝေဿန္တရာမင်းကြီး ကြည့်နေစဉ် ဇုဏ္ဏားသည် ခေါ်ဆောင်သွား၏။
ဝေဿန္တရဿ ပေက္ခတော ဗြာဟ္မဏော နေတိ။
၂။သူငယ်ကလေး ငိုနေစဉ် မိခင်သည် အိမ်မှ ထွက်ပြီ။
ဒါရကဿ ရုဒတော မာတာ ဂေဟာ နိက္ခမိ။
၃။ဆရာက မဖြတ်ပါနဲ့ဟု ပြောစဉ် တပည့်သည် ဖြတ်ပြီ။
အာစရိယဿ "မာ ဆိန္ဒာ"တိ ကထေန္တဿ သိဿော ဆိန္ဒိ။

**အထူးမှတ်ရန်။**စဉ်'တုန်း'ခိုက်ဟုအနက်ပေးတိုင်း အနာဒရိယဟုမမှတ်ရ။

ဘုရားဖြူကျောင်းတိုက်

(က) အရှိအသေ အလေးစားခံ ကတ္တား+ကြိယာနှင့်
(ခ) ရှိသေလေးစားတတ်သော ကတ္တား+ကြိယာဟု နှစ်မျိုးရှိရာ---

(က)အမျိုးအစားကလည်း အရှိအသေ အလေးအစားကို မခံရပါမှ

(ခ)အမျိုးအစားကလည်း တကယ်ကို မရှိသေ မလေစားပါမှ အနာဒရိယဟု မှတ်ပါ။စဉ်-ဟုအနက်ပေးရသော အနာဒရိယ၊ အနာဒရိယဝန္တပါဠိစီကုံးနည်း၌ ကတ္တားနှစ်မျိုး ကြိယာနှစ်မျိုးရှိရသည်ဟု မှတ်သားနှင့်ပါဦး။(အထက်က ပြခဲ့သော စီကုံးပုံ နမူနာကို ပြန်ကြည့်ပါ)

## ၉။ဖြစ်နိုင်တန်ကောင်းပါရဲ့(အပ္ပေဝ နာမ)ဝါကျ

"ဖြစ်နိုင်တန်ကောင်းပါရဲ့"ဆိုသောစကားမှာ ကိန်းသေဖြစ်မည်ကို ပြောသောစကားမဟုတ်၊အဆင်သင့် (အကြောင်းညီညွတ်လျှင်)ဖြစ်နိုင်စရာရှိကြောင်းကို ကြံစည်စိတ်ကူး၍ ပြောသော ပရိကပ္ပစကားဖြစ်သည်။ထို့ကြောင့် ကြိယာ၌ ပရိကပ္ပအနက်မှာသက်သော သတ္တမီဝိဘတ်ကို ကတ္တား၏ယောဂနှင့်ဝုစ်ကို ကြည့်၍ တပ်ဆင်ရမည်။

ဥပမာ-ကတ္တားက နာမယောဂ ကေဝုစ်ဖြစ်အံ့-ကြိယာမှာ နာမယောဂ ကေဝုစ် ယျေဝိဘတ်။ကတ္တားက တုမှယောဂ ဗဟုဝုစ်အံ့-ကြိယာမှာ တုမှယောဂ ဗဟုဝုစ် ယျာထဝိဘတ်။ကတ္တားက အမှယောဂ ကေဝုစ်ဖြစ်အံ့-ကြိယာမှာ အမှယောဂ ကေဝုစ် ယျာမိဝိဘတ် တပ်ဆင့်ရသည်ဟူလို။ဝါကျ၏အစမှာလည်း သံသယအနက် ညွှန်ပြသည့် "အပ္ပေဝ နာမ"ဟူသော နိပါတ်ပုဒ်ကို ထား၍စီကုံးရသည်။

### ဝါကျစီကုံးပုံ

၁။ငါသည် ထိုရဟန်းကို ဤဗြဟ္မစရိယမှ ရွေ့လျောစေနိုင်တန်ကောင်းပါရဲ့။
အပ္ပေဝ နာမ နံ ဣမမှာ ဗြဟ္မစရိယာ စာဝေယျံ။

၂။ငါတို့ကလဲ ဒကာတို့ကို ပေးကမ်းစရာ အနည်းအကျဉ်းကို ပေးနိုင်ကောင်းပေးနိုင်ပါလိမ့်မည်။

အပွေဝ နာမ မယမ္ပိ အာယသ္မန္တာနံ ကိဉ္စိမတ္တံ အနုပဒဇ္ဇေယျာမ။

၃။အကြောင်းညီညွတ်ရင်တော့ ရဟန်းသံဃာများ မင်းတို့ရွာ ကြွနိုင်တန်ကောင်းပါရဲ့။

အပွေဝ နာမ ဘိက္ခုသံဃော တုမှာကံ ဂါမံ အာဂစ္ဆေယျ ကာလဉ္စ သမယဉ္စ ဥပါဒါယ။

၄။လမ်းကောင်းရင် မင်းတို့ဆီ ငါလာနိုင်ကောင်းပါရဲ့။

အပွေဝ နာမ တုမှာကံ သန္တိကံ အာဂစ္ဆေယျံ သုပ္ပထံ ဥပါဒါယ။

## ၁၀။ဒါမတော်ပါဘူး(န ခေါ ပနေတံ)ဝါကျ

ဤဝါကျသည် ပယ်မြစ်ဝါကျနှင့် သဘောတူသော်လည်း စီကုံးရေးသားပုံခြင်းမတူတတ်၍ သီးခြားရေးလိုက်သည်။ဤဝါကျ၌ အကြောင်းပြစကားတစ်ရပ်။ အကျိုးပြစကားတစ်ရပ်–ဟူ၍ နှစ်မျိုးရှိသည်။စီကုံးသည့်အခါ အကြောင်းပြစကားကို နောက်ထား၊ အကျိုးပြစကားကို ရှေ့ကထားရသည်။ အကြောင်းပြစကားသည်လည်း ကေန်မဟုတ်၊ ကြံစည်တွေးတောခြင်း "ပရိကပ္ပ" မျှဖြစ်သောကြောင့် ထိုအကြောင်းပြစကား၌ ကြိယာ၏ များသောအားဖြင့် သတ္တမီဝိဘတ်ကို ကတ္တား၏ ယောဂအားလျော်စွာ တပ်ဆင်ရသည်။ထို့အပြင် အကြောင်းပြဝါကျ၏အစ၌ "ယ"သဗ္ဗနာမ်ပုဒ်ကို လိင်အားလျော် ကတ္တားနှင့်တွဲစပ်ထားရသေးသည်။အကျိုးပြစကား ကိုမူ ပြောင်းလွဲခြင်းမရှိ၊ "န ခေါ ပနေတံ ပဋိရူပံ"ဟူသောစကားတစ်မျိုးတည်းကို သာ ရှေ့ဆုံးကထား၍ ရေးသားစီကုံးရသည်။

**ဥပမာ**–"ငါဟာ အမျိုးကောင်းသားတစ်ယောက်ဖြစ်လျက် ဒီလို မကောင်းမှုလုပ်တာ မတော်ဘူး"။ "န ခေါ ပနေတံ ပဋိရူပံ ယွာဟံ ကုလပုတ္တော သမာနော ဝေရူပံ ပါပကမ္မံ ကရေယျံ"။

ဤဝါကျ၌ "ငါဟာ"မှစ၍ "ပြုလုပ်တာ"အထိ စကားရပ်သည် အကြောင်းပြစကားဖြစ်၍ ထိုစကား၌ပါသောအလုပ်ကို ပြုလုပ်မည် မဟုတ်။ပြုလုပ်

လျှင် မတော်ကြောင်း ကြံစည်တွေးတောခြင်း"ပရိကပ္ပ"မျှသာဖြစ်၍ ကရေယျံဟု "ငါ ကတ္တား၏ယောဂ"အားလျော်စွာ သတ္တမီယေျံဝိဘတ်နှင့်ထားရသည်။ ထိုဝါကျ၏ အစ၌လည်း ယ–သဗ္ဗနာမ်ပုဒ်ကို အဟံ–ကတ္တားနှင့်တွဲစပ်၍ ယွာဟံ–ဟုထားရသေးသည်။မြန်မာစကား၌"မတော်ပါဘူး"ဟူသော အကျိုးပြစကားသည် နောက်ဆုံးက နေသော်လည်း ပါဠိစီကုံးသောအခါ ၎င်းကို အကြောင်းပြစကား၏ ရှေ့ဆုံးကထား၍ "န ခေါ ပနေတံ ပဋိရူပံ"ဟု စီကုံးရမည်ဟူလို။

**ဝါကျစီကုံးပုံ**

၁။မင်းဟာ ကိုရင်လုပ်နေပြီး ဒီလိုသူ့အသက်သတ်တာ မတော်ပါဘူး။

န ခေါ ပနေတံ ပဋိရူပံ ယောတွံ သာမဏေရော သမာနော ဝေရူပံ ပါဏာတိပါတကမ္မံ ကရေယျာသိ။

၂။ငါသည် ဆင်းရဲနေသော မိဘတို့ကို မလုပ်ကျွေးဘဲ နေခြင်းငှါ မသင့်လျော်ပေ။

န ခေါ ပနေတံ ပဋိရူပံ အဟံ ဒုက္ခိတေ မာတာပိတရော အပရိဝိသိတွာ ဝသေယျံ။

၃။မိတ်ဆွေ မင်းဟာ အမျိုးကောင်းသားဖြစ်လျက် ဒီလိုမကောင်းတဲ့အလုပ်ကို လုပ်တာ မတော်ဘူး။

န ခေါ ပနေတံ ပဋိရူပံ ယောတွံ ကုလပုတ္တော သမာနော ဝေရူပံ ပါပကမ္မံ ကရေယျာသိ။

## ၁၁။(က)မဖြစ်နိုင်ပါဘူး(အဋ္ဌာနမေတံ)ဝါကျ
## (ခ)ဖြစ်နိုင်ပါတယ်(ဌာနမေတံ)ဝါကျ

ဆင်က နံ့စုတ်ငှက်ငယ်လေးကို နင်းသတ်သည်မှာ သဘာဝကျ၍ ဖြစ်နိုင်၏။ဤသို့ဖြစ်နိုင်သည့်ကိစ္စကို "ဖြစ်နိုင်တယ်"ဟုပြောဆိုရာ၌ "ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ"ဟု ပြောရသည်။နံ့စုတ်ငှက်က ဆင်ကို နင်းသတ်သည်ဆိုရာ၌ သဘာဝမကျ ၍ မဖြစ်နိုင်။ဤသို့ မဖြစ်နိုင်သည့်ကိစ္စကို"မဖြစ်နိုင်"ဟုပြောဆိုရာ၌ ပါဠိလို"အဋ္ဌာန မေတံ အနဝကာသော"ဟုပြောဆိုရမည်။

စီကုံးနည်းမှာ "န ခေါ ပနေတံဝါကျ"စီကုံးသလိုပင်။စကားနှစ်ရပ်ခွဲ၍ နောက်စကားရပ်၏ ကြိယာများမှာ သတ္တမီဝိဘတ်နှင့်ထားရခြင်း၊ ဝါကျ၏အစမှာ ကြိယာနှင့်တွဲစပ် အနက်ပေးရသည့် "ယံ"ပုဒ်တို့ကို ထားရခြင်း၊ ရှေ့စကားရပ်တို့ကို "အဋ္ဌာနမေတံ အနဝကာသော"၊ "ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ"ဟူ၍ အမြဲရေးသားစီ ကုံးရခြင်း–အားဖြင့် န ခေါ ပနေတံဝါကျ စီကုံးနည်းနှင့် များစွာမထူးခြားလှပေ။

## (က)ဝါကျစီကုံးပုံ

၁။ နံ့စုတ်ငှက်က ဆင်ကို နင်းသတ်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး။

အဋ္ဌာနမေတံ အနဝကာသော ယံ လာပေါ ဟတ္ထိံ မဒ္ဒိတွာ ဟနေယျ။

၂။ ခွေးက ကျားကို ကိုက်တယ်ဆိုတာ မဟုတ်နိုင်။

အဋ္ဌာနမေတံ အနဝကာသော ယံ သုနခေါ ဗျဂ္ဃံ ဍံသေယျ။

၃။ ရဟန္တာကြီးက သူ့အသက်ကို သတ်တယ်ဆိုတာ မဟုတ်နိုင်ပါ။

အဋ္ဌာနမေတံ အနဝကာသော ယံ အရဟာ ပရံ ဇီဝိတာ ဝေါရောပေယျ။

## (ခ)ဝါကျစီကုံးပုံ

၁။ ထောပတ်က အားကို ဖြစ်စေတယ်ဆိုတာ ဟုတ်နိုင်ပါတယ်။

ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ ယံ သပ္ပိ ဗလံ ဥပ္ပါဒေယျ။

၂။ မိဘများက သားသမီးတွေကို ချစ်တယ်ဆိုတာ ထုံးစံပဲ။

ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ ယံ မာတာပိတရော ပုတ္တေ ပိယေယျုံ။

၃။ မိန်းမတွေ သားဖွားကြတယ်ဆိုတာ ထုံးတမ်းစဉ်လာ မမွှတာပဲ။

ဌာနံ ပနေတံ ဝိဇ္ဇတိ ယံ ဣတ္ထိယော ပုတ္တံ ဝိဇာယေယျုံ။

၄။ ခြင်္သေ့မင်းသည် မြက်ကို မစားဘဲ တော၌ လှည့်လည်၍ သားကောင်တို့ကို ရှာဖွေစားသောက်တယ်ဆိုတာ ဟုတ်မှန်ပါတယ်။

ဌာနံ ခေါ ပနေတံ ဝိဇ္ဇတိ ယံ သီဟရာဇာ တိဏံ အခါဒိတွာ ဝနေ ဝိစရိတွာ မိဂေ ပရိယေသန္တော ခါဒေယျ။

ဤဆိုအပ်ခဲ့ပြီးသော နည်းများအတိုင်း မှန်ကန်သွက်လက်စွာ စီကုံးနိုင်လျှင် အတော်အတန် အခြေခံရလောက်ပြီးဖြစ်၍ ဤတွင် အဆုံးသတ်လိုက်ပါပြီ။

**(ညောင်တုန်းမြို့ ရွှေဟင်္သာတောရပါဠိတက္ကသိုလ်ကျောင်းတိုက် စာချ ကထိက အရှင်စန္ဒမုခါဘိဝံသ၏ အခြေခံပါဠိစီကုံးနည်းမှတ်စု)**

(ပြီးပါပြီ)

# (၇)ဝါကျခွဲနည်း

## အမှာစကားရပ်

ဓမ္မာစရိယသင်တန်းမှ စာချတန်းသုတေသီတို့အတွက် ဗဟုသုတဖြစ်စေရန် စာရေးသူ လက်လှမ်းမှီသ၍ ရေးလိုက်ပါသည်။

ဤဝါကျခန်းကို အစဉ်အတိုင်း မခုန်မကျော်မူ၍ မိမိတို့ဉာဏ်အားရှိသလောက် ပိုင်း၍ ပိုင်း၍ ကြည့်ရှုလေ့ကျက်ပါ။ကြည့်ရှုလေ့လာပြီးသောနည်းကို ပိဋကတ်ကျမ်းဂန်ထည်းသို့ ဉာဏ်ဖြင့်သွင်း၍ ဝင်စားကြည့်ပါ။ဤသို့ ကြည့်ရှုက ဤဝါကျခန်းကို လေ့လာကြည့်ရှုရခြင်းအကျိုးကို ခံစားရပါလိမ့်မည်။

## ဝါကျခဏ်း

"ဝါကျသိထား၊ စကားသွားကို၊ မမှားကောန်၊ မသိပြန်သော်၊ အာဘော်မသိ၊ ကျမ်းမမိတည်း" ရွှေရေးဆောင်နိယံဆရာတော်ကြီး မိန့်မှာတော်မူသည့်အတိုင်း ဝါကျအရေးအသား အသွားအလာကို မသိနားမလည်ပါက ကျမ်းဂန်အာဘော် မသိမမိဖြစ်ရသောကြောင့် ဝါကျအကျဉ်းချုပ်ကို ဖော်ပြပါအံ့။

အတ္ထံ ဝက္ကေတိ ကထေတီတိ ဝါကျံ။(ပဒသမုဒယော)

အနက်ကို ဟောပြတတ်သော ပုဒ်အပေါင်းသည် ဝါကျမည်၏။ထိုဝါကျသည် (၁) ရှေ့ကူရာ မူလပဓာနဝါကျ၊ (၂) နောက်ကူရာ မူလီအပဓာနဝါကျဟု သာမညအကျဉ်းအားဖြင့် (၂)မျိုးသာဖြစ်သင့်သော်လည်း ဝိသေသသဘောလက္ခဏာအားဖြင့် (၁၆)မျိုးရှိ၏။

ပိဋကတ်ကျမ်းဂန်တို့၌ ရသင့်ရကောင်းသော ဝါကျတို့ကို စုပေါင်း၍- (၁) သခ်ေပဝါကျ၊ (၂) တပ္ပါကဋီကရဏဝါကျ၊ (၃) ဝိတ္ထာရဝါကျ၊ (၄) ဒဠှီကရဏဝါကျ၊ (၅) ကာရဏဝါကျ၊ (၆) ဖလဝါကျ၊ (၇) ဒေါသဝါကျ၊ (၈)ဝါကျာရမ္ဘ

ဝါကျ၊ (၉) ဥပန္နာသဝါကျ၊ (၁၀) ဝိသေသဝါကျ၊ (၁၁) အန္တယဝါကျ၊ (၁၂) ဗျတိရေကဝါကျ၊ (၁၃) သာမညဝါကျ၊ (၁၄) ဂရဟာဝါကျ၊ (၁၅) သမ္ဘာဝနာဝါကျ၊ (၁၆) ပက္ခန္တရဝါကျအားဖြင့် (၁၆)ပါးထုတ်ပြ၏။

## ဝါကျ(၁၆)မျိုး လင်္ကာဆောင်ပုဒ်

"သခေ် တပ္ပ၊ ဝိတ္ထာ ဒဠှီ၊ တမည် ကာရဏာ၊ ဖလ ဒေါသာ၊ အာရမ္ဘာနှင့်၊ ဥပန္နာ ဝိသေ၊ အန္တယေပြင်၊ ဗျတိရေကာ၊ သာမညာနှင့်၊ ဂရဟာ သမ်၊ ပက္ခန်တဝ၊ သောဠသ၊ ဝါကျအပြားလာ"

၄င်းဝါကျ(၁၆)မျိုးတွင် အထပ်(၄)ဝါကျ၊ အစပ် (၃)ဝါကျ၊ အန္တယ်(၉)ဝါကျဟု ခွဲခြားယူပုံနှင့် ရှေ့မူလဝါကျ နောက်မူလီဝါကျတို့တည်ပုံကို အောက်ပါဖယားပုံတွင် ကြည့်ရှုကြပါကုန်။

**ပုဗ္ဗာပရ သဒိသလက္ခဏာရှိသော အထပ်(၄)ဝါကျတို့၏ဇယားပုံ**

| **မူလဝါကျ** | **မူလီဝါကျ** |
|---|---|
| ဝိတ္ထာရဝါကျ | သခေ်ပဝါကျ |
| အပါကဋ္ဌဝါကျ | တပ္ပါကဋ္ဌီကရဏာဝါကျ |
| သခေ်ပဝါကျ | ဝိတ္ထာရဝါကျ |
| ဒဠှီယဝါကျ | ဒဠှီကရဏာဝါကျ |

**ဆောင်**။သခေ်တပ္ပါ၊ ဝိတ္ထာ ဒဠှီ၊ မူလီလေးအင်၊ ရှေ့စကားနှင့် ထပ်တူပင်။

**ပုဗ္ဗပရ အာယတ္တလက္ခဏာရှိသော အစပ်(၃)ဝါကျတို့၏ဇယား**

| | |
|---|---|
| ဖလဝါကျ | ကာရဏာဝါကျ |
| ကာရဏာဝါကျ | ဖလဝါကျ |
| ဒုဗ္ဗလဝါကျ | ဒေါသဝါကျ |

**ဆောင်**။ကြောင်းကျိုး ဒေါသ၊ သုံးဝမူလီ၊ သညီနာမ၊ ရှေ့ဝါကျနှင့်၊

ဘုရားဖြူကျောင်းတိုက်

စကားမျှသာ စပ်ရုံသာ။

**ပုဗ္ဗပရ ဝံသလက္ခဏာရှိသော အနွယ်(၉)ဝါကျတို့၏ဇယားပုံ**

| | |
|---|---|
| ဝါကျာရမ္ဘိတဗ္ဗဝါကျ | ဝါကျာရမ္ဘဝါကျ |
| ဥပန္យာသိတဗ္ဗဝါကျ | ဥပန္យာသဝါကျ |
| သာမညဝါကျ | ဝိသေသဝါကျ |
| ဗျတိရေကဝါကျ | အနွယဝါကျ |
| အန္ဝယဝါကျ | ဗျတိရေကဝါကျ |
| ဝိသေသဝါကျ | သာမညဝါကျ |
| သမ္ဘာဝနာဝါကျ | ဂရဟာဝါကျ |
| ဂရဟာဝါကျ | သမ္ဘာဝနာဝါကျ |
| ပက္ခဝါကျ | ပက္ခန္တရဝါကျ |

**ဆောင်။** "ဝါက်' ဥ' ဝိသေ၊ အနွယေနှင့်၊ ဗျတိရေက၊ သာမည်ထည့်၊ ဂရဟာ သမ္ဘာ၊ ပက္ခာ သညီ၊ မူလီကိုးအင်၊ ရှေ့စကားနှင့် နွယ်ရုံပင်"။

**သတိပေးချက်**

ရှေ့မူလဝါကျ၌ လီနတ္ထ' သခေ်ပတ္ထ' ဂုဠှတ္ထ' ဝက်တ္ထ' စသည်ဖြစ်၍ ဒွိဟ သံသယဖြစ်သင့်သောကြောင့် စောဒကပုဂ္ဂိုလ်တို့၏ အမေးပုစ္ဆာ အာဘောဂ အားလျော်စွာ နောက်မူလီဝါကျကို ကျမ်းဆရာတို့သည် ဆက်လက်၍ ရေးပြကြကုန်၏။ရှေ့မူလစကားရပ်၌ မခိုင်မာ မလုံးလောက်သေးသည်ဖြစ်၍ ခိုင်မာ လုံလောက်အောင် ကူရသောကြောင့် နောက်ဝါကျသည် အကူမူလီ အပဓာနဝါကျမည်၏။

ရှေ့ဝါကျသည် ကူမံ့ရာ မူရင်းပဓာနဝါကျဖြစ်သောကြောင့် ကူရာမူလပဓာနဝါကျမည်၏။

ထိုမူလဝါကျနှင့်မူလီဝါကျစကားတို့ကို ဆက်စပ်၍ကြည့်ရှုခဲ့သော်

စကားကျအဓိပ္ပါယ် ထပ်တူဖြစ်ခဲ့သော် အထက်ဝါကျ (၄)မျိုးတို့တွင် တစ်မျိုးမျိုးဖြစ်ရမည်။စပ်ရုံသမ္ဗန္ဓမျှ ဖြစ်ခဲ့သော် အစပ်ဝါကျ(၃)မျိုးတို့တွင် တစ်မျိုးမျိုးဖြစ်ရမည်။

နွယ်ရုံမျှဖြစ်ခဲ့သော် အနွယ်ဝါကျ(၉)မျိုးတို့တွင် တစ်မျိုးမျိုးဖြစ်ရမည်။ ဤသို့ ဉာဏ်ထဲ၌ သတ်မှတ်ဆုံးဖြတ်ပြီးလျှင် အောက်ဖော်ပြပါဝါကျ၏ ဝိသေသ အမည်တို့ကို စဉ်းစားဆင်ခြင်၍ မှတ်ယူကြပါကုန်။

## သခေ်ပဝါကျ

ပုဗ္ဗဝါကျတ္ထံ သံခိပတိ ဧတေနာတိ သခေ်ပေါ၊ ပစ္ဆိမဝါကျံ သံပုဗ္ဗ ခိပဓာတု ဏပစ္စယော။အတ္ထံ ဝတ္တေတိ ကထေတီတိ ဝါကျံ။ပဒသမုဒါယော ဝက္ကဓာတု ဏျပစ္စယော အတ္ထံ ဝစတီတိ ဝါကျံ။ဝစဓာတု ဏျပစ္စယော ဝသဝုဒ္ဓိ စသ ကော သခ်ေပေါ စ သော ဝါကျဉ္စာတိ သခေ်ပဝါကျံ။ဓောတေတီတိ ဓောတကော။ဇုတဓာတု ဏွုပစ္စယော။သခေ်ပဿ ဓောတကော နိပါတောဟု ဝစနတ္ထပြုပါလေ။

**ဆောင်**။ပုဗ္ဗဝါကျ၊ ဝိတ္ထာရမူ၊ ချုံး၍ယူဘိ၊ နိပါတ်ရှိ၊ မှတ်ဘိသခေ်ပါ။

အဓိပ္ပါယ်ကား-ကျယ်ကျယ်ဝန်းဝန်း ခမ်းခမ်းနားနား ပြဆိုပြီးသော ရှေ့မူလဝါကျစကားရပ်ကို အကျဉ်းချုံး၍ပြသော နောက်မူလီဝါကျစကားရပ်သည် သခေ်ပဝါကျမည်၏။

**ဥဒါဟရဏ်ကား**

| **မူလဝါကျ** | **မူလီဝါကျ** |
|---|---|
| ဇတ္တောဟ(လ)က္ကဓ | ဟောတိစေတ္ထ |
| ကာရဏာဝစနေန | ဥပယောဂေန ဘုမ္မေန |
| နိဒ္ဒေသောတိ ကတောတိ | တံ တံ အတ္ထမပေက္ခိယ |
| (တစ်မျက်နှာရှိသည်) | အညတြ သမယော ဝုတ္တော |
| | ကာရဏာနေဝ သော က္လဓာတိ |

(ပါရာဇိကကဏ်အဋ္ဌကထာ သမယပုဒ်အဖွင့်–၈၀၊ )

သင်္ခေပဝါကျ၌ သင်္ကေတမှတ်ချက်–

ဟောတိစေတ္ထ၊ စနက်ရ၊ သင်္ခေပဟု ဆွဲ။(ရွှေရေးဆောင်နိယံ)

သင်္ခေပဝါကျတို့ကို ဟောတိစေတ္ထ၊ ဟောန္တိစေတ္ထ၊ စသည်ဖြင့် ကျမ်းဆရာတို့ ရေးသားကြကုန်၏။ ။(သင်္ခေပဝါကျပြီး၏)

## ဝိတ္ထာရဝါကျ

ဝိတ္ထာရေန္တိ ပပဉ္စေန္တိ ပုဗ္ဗေ ဝုတ္တံ သင်္ခေပတ္ထံ ဧတေနာတိ ဝိတ္ထာရော။ ပစ္ဆိမဝါကျ။ဝိပုဗ္ဗ ထရဓာတု ဏပစ္စယောဟု ဝစနတ္ထပြု။

"ဂုဋ္ဌတ် သင်္ခေပါ၊ ဤနှစ်ဖြာကို၊ ချဲ့ကာတက်ဘိ၊ နိပါတ်ရှိ၊ မှတ်ဘိဝိတ္ထာရာ"။

"ငုတ် ကျဉ်းကား ချဲ့" (ရွှေရေးဆောင်နိယံ)

ငုတ်နေသော ကျဉ်းနေသော ရှေ့မူလဝါကျစကားကို အကျယ်ချဲ့၍ပြသော နောက်မူလီဝါကျစကားရပ်သည် ဝိတ္ထာရဝါကျမည်၏။

ဥဒါဟရဏ်ကား

| **မူလသင်္ခေပဝါကျ** | **မူလီဝိတ္ထာရဝါကျ** |
|---|---|
| အထ ကသ္မာ န ဥစ္စိနိတောတိ | ထေရော ဟိ အာယသ္မန္တေ အာနန္ဒေ |
| ပရူပဝါဒဝိဝဇ္ဇနတော | အတိဝိယ ဝိဿတ္ထော အဟောသိ |
| | (သီလက္ခန်အဋ္ဌကထာ နှာ–၅) |

အနက်ကား–အထ–ထိုသို့ဖြစ်လျက်၊ ကသ္မာ–အဘယ့်ကြောင့်၊ န ဥစ္စိနိတော–မရွေးကောက်ပါသနည်း၊ က္ကတိ အယံ–ဤကား အမေးတည်း၊ ပရူပဝါဒဝိဝဇ္ဇနတော–သူတစ်ပါးတို့၏ စွပ်စွဲကဲ့ရဲ့ခြင်းမှ ရှောင်ကြဉ်လိုသောကြောင့်တည်း၊ ဟိ–ထိုစကားကို ချဲ့၍ဆိုဦးအံ့၊ ထေရော–အရှင်မဟာကဿပမထေရ်သည်၊ အာယသ္မန္တေ အာနန္ဒေ–အရှင်အာနန္ဒာ၌၊ အတိဝိဿတ္ထော–အလွန်အကျွမ်းဝင်သည်၊ အဟောသိ–ဖြစ်၏။

ဤပုံစံ၌ ပရူပဝါဒဝိဝဇ္ဇနတောဟူသော ရှေ့ဝါကျဝယ် ရဟန်းချင်း အတူတူဖြစ်ပါလျက် အရှင်အာနန္ဒာကို မရွေးကောက်ဘဲ နေခြင်းသည် သူတစ်ပါးတို့၏ ကဲ့ရဲ့စွပ်စွဲခြင်းမှ ကြဉ်ရှောင်လိုသောကြောင့် ဟူသောစကားသည် ငုတ်ကျဉ်းနေ၏။ ထို့ကြောင့် ထေရော ဟိ–စသည်ဖြင့် ဖွင့်ပြရသည်။(ဒဠှိဟူ၍လည်း ဆိုကြ၏)

အနုသန္ဓေတက်သော် အဋ္ဌကထာဆရာ ဆရာသည် ပရူပဝါဒဝိဝဇ္ဇနတော–ဟူသော ရှေ့ဝါကျသည် ငုတ်ကျဉ်းသောကြောင့် ဘယ်နည်း ဘယ်ပုံဖြစ်၍ သူတစ်ပါးတို့ ကဲ့ရဲ့ဖွယ်ရှိသည်ဟု ချဲ့ပြလိုရကား ထေရော ဟိ–စသည်ကို မိန့်။

စောဒနာထွက်လိုသော်–အဋ္ဌကထာဆရာ ဆရာသည် ပရူပဝါဒဝိဝဇ္ဇနတော–ဟု အကျဉ်းသင်္ခေပကို မိန့်ဆို၏(ထပနာ)။ ထိုသို့သာ ဆိုချေသော် ငုတ်ကျဉ်းသဖြင့် ဘယ်ပုံဘယ်နည်းဖြစ်၍ သူတစ်ပါးတို့ကဲ့ရဲ့ဖွယ်ရှိသည်ကို မသိနိုင်ရာသည်မဟုတ်ပါလော(အာဘော်)။ထို့ကြောင့်(အာဘောဂဟိတ်)အကျဉ်းသင်္ခေပကိုသာ မဆိုသင့်(ထပနာပဋိက္ခေပ)။အကျယ်ဝိတ္ထာရကိုလည်း ပြဆိုသင့်၏။(စောဒနာ)။အကျယ်ဝိတ္ထာရကား အဘယ်နည်း(ပုစ္ဆာ)။ဤသို့ စောဒနာဖွယ်ရှိသောကြောင့် ထေရော ဟိ–စသည်ကို မိန့်။(ထပနာပဋ္ဌက)။

အဓိပ္ပါယ်ကား အကျဉ်းသင်္ခေပကိုသာ ငါဆိုအပ်သည်မဟုတ်၊ အကျဉ်းသင်္ခေပ၏ အကျယ်ဝိတ္ထာရကား ထေရော ဟိ–စသည်ဖြစ်၏ ဟူဘိသော်။

**ဝိတ္ထာရဝါကျ၌ သင်္ကေတမှတ်ချက်**

"ကထံ တတ္ထ၊ ဟိတ်ပြနောက်မှာ၊ ဟိ ရောက်လာ၊ ချဲ့ကာယူကြမင်း"။ (ရွှေရေးဆောင်နိယံ)။

အဓိပ္ပါယ်–ကထံ ဟိ ၊ တတ္ထ ဟိ–ဟူ၍လည်းကောင်း၊ ဟိတ်ပြဝါကျ၏ နောက် ဒုတိယဝါကျ၌ ဟိရှိရာ၌လည်းကောင်း၊ ဝိတ္ထာရဟုမှတ်။ကထံ၊ တတ္ထ သက်သက်၌လည်း ဝိတ္ထာရပင့်မှတ်လေ။ ။(ဝိတ္ထာရဝါကျပြီး၏)

## တပ္ပါကဋီကရဏဝါကျ

"မူလစကား၊ လျှို့ဝှက်ငြား၍၊ ထင်ရှားပြသည့်၊ နိပါတ်ရှိ၊ ယူဘိ

ပါကဋ္ဌာ။လီနတ်၊ ထင်ရှား"။"လီနတ်တဖြာ၊ ဥပမာနောက်၊ ဟိလျှင်ရောက်၊ နက်ကောက် ထင်ရှားစွဲ"။(ရွှေရေးဆောင်နိယံ)။

အဓိပ္ပါယ်ကား ရှေ့မူလဝါကျ၌ လီနတ္ထ–ကွယ်ဝှက်မြုပ်နက် အသိခက်သော အဓိပ္ပါယ်ရှိ၍ ထင်ရှားအောင် ဥပမာစသည်တို့ဖြင့် တက်ပြသော နောက်မူလီဝါကျသည် တပ္ပါကဋ္ဌိကရဏဝါကျမည်၏။

**ဥဒါဟရဏ်ကား**

| မူလဝါကျ | မူလီဝါကျ |
|---|---|
| တတ္ထ ဓေန္တိ စ မေတိ စ သစ္စိ<br>ကဋ္ဌပရမတ္ထဝသေန အဝိဇ္ဇမာန<br>ပညတ္တိ။<br>(သီလက္ခန်အဋ္ဌကထာ –၃၀၊ ) | ကိဌေတ္ထ တံ ပရမတ္ထတော<br>အတ္ထိ ယံ ဓေန္တိ ဝါ မေတိ ဝါ<br>နိဒ္ဒေသံ လဘေထ။ |

အနက်–တတ္ထ–ထိုဓေံ မေ သုတံ–ဟူသောဝါကျ၌၊ ဓေန္တိ စ–ဓေံဟူ၍လည်းကောင်း၊ မေတိ စ–မေဟူ၍လည်းကောင်း၊ အယံ ပညတ္တိ–ဤပညတ်သည်၊ သစ္စိကဋ္ဌပရမတ္ထဝသေန–ဆတ်ဆတ်သော ပရမတ္ထ၏အစွမ်းအားဖြင့်၊ အဝိဇ္ဇမာန ပညတ္တိ–ထင်ရှားမရှိသော ပညတ်တည်း။ဟိ တံပါကဋ္ဌံ ကရောတိ–မပေါ် ထင်ရှား ထိုစကားကို ထင်ရှားအောင်ပြဦးအံ့။

ဧတ္ထ–ဤဓေံ မေ သုတံဟူသောဝါကျ၌၊ ဓေန္တိ ဝါ–ဓေံဟူ၍လည်းကောင်း၊ မေတိ ဝါ–မေဟူ၍လည်းကောင်း၊ ယံ နိဒ္ဒေသံ–အကြင်ညွှန်ပြခြင်းသည်၊ ပရမတ္ထတော–ပရမတ္ထအားဖြင့်၊ ကိံ အတ္ထိ–အဘယ်မှာရှိအံ့နည်း။

ဤပုံစံ၌ ရှေ့မူလဝါကျဝယ် ဓေံသဒ္ဒါ မေသဒ္ဒါတို့သည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အဝိဇ္ဇမာနပညတ်တည်းဟူသော စကားသည် လီနတ္ထကွယ်ဝှက်သောအနက်ရှိသောကြောင့် ကိဌေတ္ထ–စသော နောက်ဝါကျဖြင့် အဝိဇ္ဇမာနဖြစ်ပုံကို ထင်စွာဖော်ပြလေသည်။(ဤဝါကျသည် ကာရဏဝါကျ၊ ဒဋ္ဌီယဝါကျမျိုးလည်း ဖြစ်သင့်၏။ထို့ကြောင့် သီလက္ခန် ဋီကာသစ်၌ "တဒေဝတ္ထံ ပါကဋ္ဌံ ကရောတိ ဟေတုနာ ဝါ သာဒေတိ။ကိဌေတ္ထ တံတိ အာဒိနာ"ဟု မိန့်ဆို၏။)

အနုသန္ဓေတက်သော်--

အဋ္ဌကထာဆရာ ရှေ့မူလဝါကျ၌ လီနတ္ထကွယ်ဝှက်သော အနက်ရှိသော အဝိဇ္ဇမာနပညတ်ဖြစ်ပုံကို ထင်ရှားစွာပြလိုရကား ကိခ္ဓေတ္တ စသည်ကို မိန့်။

("လီနက် သက်ာ၊ ဗျတိစာကြောင့်၊ ယသ္မာနောက်၊ ပန-ရောက်၊ နက်ကောက် ထင်ရှားစွဲ"ဟူသောနိယံအရ လီနဗျတိစာရ၊ အာသက်ဗျတိစာရဖြစ်ရာ၌ ယသ္မာ ပန-ဟုတက်သော တပ္ပါကဋီကရဏဝါကျမျိုးကိုလည်း ကျမ်းဂန်တို့၌ သတိပြုပါလေ။)

ဝိတ္ထာရဝါကျနှင့်တပ္ပါကဋီကရဏဝါကျသည် တူယောင်ယောင်ရှိ၏။ ဂုဠှတ္ထဖြစ်ရာ၌ ဉာဏ်နုံ့သော စောဒက၏အကျိုးငှါ ဝိတ္ထာရဝါကျတက်ပြသည်။ လီနတ္ထဖြစ်သောအရာ၌ ဉာဏ်အလတ်တန်းစား စောဒက၏အကျိုးငှါ တပ္ပါကဋီကရဏဝါကျကို တက်ပြသည်ဟု ဆရာတို့မိန့်၏။(ကြံစည်ပါ)

(တပ္ပါကဋီကရဏဝါကျပြီး၏)

## ဒဠှီဝါကျ

ဆောင်။"သူကချောက်ချား၊ မလှုပ်ရှားအောင်၊ ကိုယ်ကားသက်သေ၊ ယုတ္တိဖွေလှန်၊ နိပါတ်ခံ၊ မြဲမြန် ဒဠှီသာ"။

"ထူးဆန်း၍ကား၊ နှစ်ဆူပြား၍၊ လှုပ်ရှားမခိုင်၊ ရှေ့နက်ယိုင်၊ မြဲခိုင် ဒဠှီခင်း"။(ရွှေရေးဆောင်နိယံ)

အဓိပ္ပါယ်ကား

ရှေ့မူလဝါကျ၌ ထူးဆန်းသော အနက်အဓိပ္ပါယ်ရှိ၍ စောဒကတို့သည် ထိုဉ်တွေးဆ ဝေမတိကဖြစ်သောကြောင့် လှုပ်ရှားမခိုင် ပယ်နိုင်လှူလတ်သော် ၎င်းမူလဝါကျကို ခိုင်မြဲစေရန် တက်ပြရသော နောက်မူလီဝါကျသည် ဒဠှီကရဏဝါကျမည်၏။

ထိုဒဠှီသည် ယုတ္တိဒဠှီ၊ အာဂမဒဠှီဟု (၂)မျိုးရှိ၏။အသင့်ယုတ္တိသဘော

ဖြင့် ခိုင်မြဲစေလျှင် ယုတ္တိဒဋ္ဌီဟုမှတ်။ဘုရားဟောပါဠိစသည်ဖြင့် ခိုင်မြဲစေလျှင် အာဂမဒဋ္ဌီဟုမှတ်။

ယုတ္တိဒဋ္ဌီသည်လည်း သဘာဝယုတ္တိဒဋ္ဌီ၊ ဗျတိရေကယုတ္တိဒဋ္ဌီဟု (၂) မျိုးပြား၏။ပဋိသေဓကေင်းလျက် အနက်သို့အစဉ်လိုက်သောဒဋ္ဌီဖြစ်မူ သဘာဝယုတ္တိဒဋ္ဌီဟု မှတ်။ပဋိသေဓနှင့်တကွ အနက်သို့အစဉ်မလိုက်သော ဒဋ္ဌီဖြစ်မူ ဗျတိရေကယုတ္တိဒဋ္ဌီဟု မှတ်။

### ဒဋ္ဌီအမျိုးအစားတို့ကို သိရန် သင်္ဂြိုဟ်

"ဝုတ္တဥ္စေတ၊ အာဂမ၊ ယုတ္တိ ဒဋ္ဌီခင်း။(ရွှေရေးဆောင်နိယံ)

ဝုတ္တဉ္စေတံ၊ ဝုတ္တံ ဟေတံ၊ ဝုတ္တံ ဘဂဝတာ၊ တေနာဟ ဝက္ခတိ၊ ဝုတ္တဥ္စ–ဤသို့စသောပုဒ်တို့ဖြင့် တက်လာသောဒဋ္ဌီကို အာဂမဒဋ္ဌီဟု မှတ်လေ။

"ဧဝ ကေဝလံ၊ နှစ်တန်ကပ်ရှိ၊ နိပါတ်ဟိ၊ ယုတ္တိဒဋ္ဌီစွဲ"။(ရွှေရေးဆောင်)။

ကေဝလံ ဟိ၊ ကေဝလဉ္စ–အစရှိသည်ဖြင့်လည်းကောင်း၊ တေနေဝ ဟိ၊ မတ္တမေဝ ဟိ–အစရှိသည်ဖြင့်လည်းကောင်း တက်လာသောဒဋ္ဌီကို သဘာဝယုတ္တိဒဋ္ဌီဟုမှတ်။(အာဂမဒဋ္ဌီ ဗျတိရေကဒဋ္ဌီလည်း အချို့နေရာ၌ ဖြစ်သေး၏)

"န ဟိ တက်ရာ၊ ဟိ နက်မှာ၊ ဟိတ်ပါ ဒဋ္ဌီစွဲ"။(ရွှေရေးဆောင်နိယံ)။

န ဟိ၊ န စ၊ န ပန–စသည်တို့ဖြင့် တက်လာသော ဒဋ္ဌီဝါကျမျိုးကို ဗျတိရေကဒဋ္ဌီဟုမှတ်လေ။

### ယုတ္တိဒဋ္ဌီကရဏပြယုဂ်ကား

| မူလဒဋ္ဌီဝါကျ | မူလဋီဒဋ္ဌီကရဏဝါကျ |
|---|---|
| ဒသသနတိကေ ဒဿနေနာတိ သောတာပတ္တိမဂ္ဂေန | သော ဟိ ပဌမံ နိဗ္ဗာနံ ဒဿနတော ဒဿနန္တိ ဝုတ္တော။ |

(အဋ္ဌသာလိနီအဋ္ဌကထာ ဒဿနတိက်အဖွင့်)

အနက်–ဒဿနတိကေ–ဒဿနတိက်၌၊ ဒဿနေနာတိ–ဒဿနေနဟူသည်ကား၊ သောတာပတ္တိမဂ္ဂေန–သောတာပတ္တိမဂ်သည်။

ဟိ–သစ္စံ–ထိုစကားမှန်၏၊သော–ထိုသောတာပတ္တိမဂ်ကို၊ ပဌမံ–ရှေးဦး

စွာ၊ နိဗ္ဗာနံ–နိဗ္ဗာန်ကို၊ ဒသ္သနတော–မြင်သော ကြောင့်၊ ဒဿနန္တိ–ဒဿနဟူ၍၊ ဝုတ္တော–ဆိုအပ်၏။

ဤပုံစံ၌ ဒဿနပုဒ်ကို "သောတာပတ္တိမဂ္ဂေန" ဟု ဖွင့်ခြင်းသည် ထူးဆန်းရကား စောဒကတို့ ယုံမှားသံသယ ဝေမတိကဖြစ်၍ လှုပ်ရှားမခိုင် ယိုင်သင့်သောကြောင့် ခိုင်မြဲစေရန် "သော ဟိ" စသောယုတ္တိဒဠှီဝါကျကို တက်ပြရသည်။

အနုသန္ဓေတက်သော်

အဋ္ဌကထာဆရာ ဆရာသည် "ဒဿနေနာတိ သောတာပတ္တိမဂ္ဂေန" ဟု ဖွင့်ပြရာ၌ ထူးဆန်းသောကြောင့် ယိမ်းနွဲ့မခိုင် ယိုင်သင့်သော ဒဠှီယစကားမျှ ဖြစ်ခဲ့၍ ၎င်းဒဠှီယစကားကို ခိုင်မြဲစေလိုရကား "သော ဟိ" စသော ဒဠှီကရဏ ဝါကျကို မိန့်ဆိုတော်မူသတည်း။

ထပနာပဥ္စကထွက်သော်

ဆရာ "ဒဿနေနာတိ သောတာပတ္တိမဂ္ဂေန" ဟု ဆရာဆို၏။ ထိုသို့ ဆို အပ်သည်ရှိသော် ဒဿန၏အရ သောတာပတ္တိမဂ်ဟု ဖွင့်ပြသောစကားသည် ထူးဆန်းပြား၍ မယုံသင့်သော ဒဠှီယစကားသာ ဖြစ်သည်မဟုတ်ပါလော၊ ထိုသို့ ဖြစ်သောကြောင့် ဒဠှီယစကားကိုသာ မဆိုသင့်၊ ခိုင်မြဲစေရန် သဘာဝယုတ္တိ၊ အာဂမယုတ္တိ ဒဠှီကရဏသာဓကကို ပြဆိုသင့်၏။ ဒဠှီကရဏသာဓကကို အဘယ်သို့မှတ်ရမည်နည်း–မေးဖွယ်ရှိသောကြောင့် "သော ဟိ" စသည်ကို မိန့်။

အဓိပ္ပါယ်ကား–ဒဠှီယသက်သက်ကိုသာ ငါဆိုသည်မဟုတ်၊ ဒဠှီကရဏ ကား "သော ဟိ" စသည်ဖြစ်ဘိသော်။ ။

(ဒဠှီကရဏဝါကျပြီး၏)။

## ကာရဏဝါကျ

**ဆောင်**။အကျိုးရင်းမှ၊ နောက်ဝါကျတွင်၊ နိပါတ်ဝင်၊ မှတ်ချင် ကာရဏ။

အဓိပ္ပါယ်ကား–အကျိုးဝါကျ၏ နောက်၌ ၎င်းအကျိုး၏ အကြောင်းကိုပြ၍ တက်

လာသောဝါကျသည် ကာရဏဝါကျမည်၏။ထင်ရှားစေဦးအံ့–စောဒက၏ ဉာဏ်အမြင်အား ရှေ့မူလဝါကျ၌ ကောက်ကွေ့သောစကားရှိ၏ဟု ယူဆပြီး ပယ်နိုင်လုလတ်သော်––

ဆရာတို့သည် နောက်မူလီဝါကျကို သဘာဝဉာပက၊ ဗျတိရေက ဉာပက၊ ကာရိယဉာပကဟူသော ဟိတ်(၃)မျိုးတို့တွင် တစ်မျိုးမျိုးတို့ဖြင့် တက်ပြကြလေသည်။ငင်းမူလီ နောက်ဝါကျသည် ကာရဏဝါကျမည်၏။

ထို့ကြောင့် "ဝက်တ္ထ နောက်၊ ဟိလျှင်ရောက်၊ ဟိတ်ထောက်သုံးပါး လျှင်း။(ရွှေရေးဆောင်နိယံ)။

**သဘာဝဉာပကဟိတ်ပြယုဂ်**

**မူလဝါကျ**

အာယသ္မတော အာနန္ဒတ္ထေရဿ
ဩကာသကရဏတ္ထံ။

**မူလီဝါကျ**

တေနာဟာယသ္မတာ သဟာပိ ဝိနာပိ
န သက္ကာ ဓမ္မသင်္ဂီတိံ ကာတုံ။
(သီလက္ခန်အဋ္ဌကထာ စာမျက်နှာ–၅၊)

အနက်–အာယသ္မတော–ရှည်သောသက်တော်ရှိတော်မူသော၊ အာနန္ဒ တ္ထေရဿ–အရှင်အာနန္ဒာမထေရ်၏၊ ဩကာသကရဏတ္ထံ–အခွင့်အရာကို ပြုလို သောကြောင့်၊ ဧကေနူနံ–တစ်ပါးဖြင့်ယုတ်သည်ကို၊ အကာသိ–ပြုတော်မူ၏။ ဟိ–ကသ္မာ–အဘယ့်ကြောင့်၊ အကာသိ–ပြုတော်မူသနည်း၊ အာယသ္မတာ–သက် တော်ရှည်သော၊ တေန အာနန္ဒေန–နှင့်၊ သဟာပိ–တကွလည်းကောင်း၊ ဝိနာပိ– ကင်း၍လည်းကောင်း၊ ဓမ္မသင်္ဂီတိံ–သုတ်အဘိဓမ္မာကို သင်္ဂါယနာတင်ခြင်းကို၊ ကာတုံ–ပြုခြင်းငှါ၊ န သက္ကာ၊ မတတ်ကောင်း၊ တသ္မာ–ထို့ကြောင့်၊ အာနန္ဒတ္ထေ ရဿ–၏၊ ဩကာသံ–အခွင့်အရာကို၊ အကာသိ–ပြုတော်မူ၏။

ဤပုံစံ၌ "တေနဟာယသ္မတာ"စသော နောက်ဝါကျသည် အရှင်အာ နန္ဒာထေရ်၏ အခွင့်အရာမျှကို ပြုထားခြင်း၏ သဘာဝအကြောင်းကို သိစေတတ် သောကြောင့် သဘာဝဉာပကဟိတ်ဝါကျဖြစ်၏။

ထပနာတိကထွက်သော်

ဆရာ အရှင်အာနန္ဒာ၏ အခွင့်အရာကို ပြုလိုသောကြောင့် တစ်ပါးယုတ်သည်ကို ပြု၏ ဟုဆို၏။ ရွေးကောက်ထိုက်လျှင်လည်း ရွေးကောက်ရမည်။ ကြဉ်ထိုက်လျှင်လည်း ကြဉ်ရမည်ပင်မဟုတ်ပါလော၊ အဘယ်အကြောင်းကြောင့် အခွင့်အရာမျှကိုသာ ပြုထားရပါသနည်း။ စုဒ်ရှိသောကြောင့် "တေနဟာယသ္မတာ––ကာတုံ"ကိုမိန့်။ (အဓိပ္ပါယ်ကို ပါဠိနက်လျှောက်အတိုင်းပြန်ပါ)

**ကာရိယဉာပကဟိတ်၏ပုံစံ**

| မူလဝါကျ | မူလီဝါကျ |
|---|---|
| ယာဝ စ ဓမ္မဝိနယော တိဋ္ဌတိ၊ တာဝ အနတီတသတ္ထုကမေဝ ပါဝစနံ ဟောတိ။ | ဝုတ္တဉ္စေတံ ဘဂဝတာ ယော ခေါ အာနန္ဒ၊ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော။ သော ဝေါ မမစ္စယေန သတ္ထာ။ |

(သီလက္ခန်အဋ္ဌကထာ စာမျက်နှာ–၃၊)

အနက်–ယာဝ စ–အကြင်မျှလောက်သော ကာလပတ်လုံးလည်း၊ ဓမ္မဝိနယော–သုတ် အဘိဓမ္မာ ဝိနည်းသည်၊ တိဋ္ဌတိ–တည်၏၊ တာဝ–ထိုမျှလောက်သော ကာလပတ်လုံး၊ ပါဝစနံ–မြတ်စွာဘုရား စကားတော်သည်၊ အနတီတသတ္ထုကမေဝ–မလွန်သေးသော ဆရာဘုရားရှိသည်သာလျှင်၊ ဟောတိ–ဖြစ်၏။

ဟိ–ယသ္မာ–အကြင့်ကြောင့်၊ (တစ်နည်း–ဟိ–သစ္စံ–မှန်၏)ဘဂဝတာ–မြတ်စွာဘုရားသည်၊ ယော ခေါ––သတ္ထာတိ–ယော ခေါ––သတ္ထာဟူ၍၊ ဧတံ ဝစနံ–ဤစကားကို၊ ဝုတ္တံ–ဟောတော်မူအပ်၏၊ အာနန္ဒ–အာနန္ဒာ၊ မယာ–ငါဘုရားသည်၊ ယော ဓမ္မော စ–အကြင်သုတ်အဘိဓမ္မာကိုလည်းကောင်း၊ ယော ဝိနယော စ–အကြင်ဝိ နည်းကိုလည်းကောင်း၊ ဒေသိတော–ဟောတော်မူအပ်ပြီ၊ ပညတ္တော–ပညတ်အပ်ပြီ၊ သော ဓမ္မဝိနယော–ထိုသုတ် အဘိဓမ္မာ ဝိနည်းသည်၊ မမစ္စယေန–ငါဘုရားပရိ နိဗ္ဗာန်စံလွန်သဖြင့်(ဝါ) စံလွန်သောအခါ၌၊ ဝေါ–သင်တို့၏၊ သတ္ထာ–ဆရာသည်၊ ဘဝိဿတိ–ဖြစ်လတ္တံ့။

ဘုရားဖြူကျောင်းတိုက်

ဤပုံစံ၌ ရှေ့မူလဝါကျသည် အကျိုးဖြစ်၏၊ နောက်မူလီဝါကျသည် အကြောင်းဖြစ်၏။အဘယ်သို့ဖြစ်သနည်း--၊ ယော ခေါ် --သတ္ထာဟု ဘုရားဟောသောကြောင့် သုတ် အဘိဓမ္မာ ဝိနည်းတည်ရှိနေသမျှကာလပတ်လုံး ဆရာဘုရားရှိ၏ဟု သိရခြင်းအကျိုးရှိ၏ဟူလို။ထို့ကြောင့် ကာရဏဝါကျမည်၏။

ဤ၌အကျိုးနှင့်အကြောင်းသည် ရိုးရိုးအကြောင်း အကျိုးမဟုတ်၊ မူလီဝါကျသည် အကျိုးဖြစ်သော အကြောင်းတည်း။မူလဝါကျသည် အကြောင်းဖြစ်သော အကျိုးတည်း။ဆိုလိုရင်းကား–"သုတ် အဘိဓမ္မာ ဝိနည်းတည်ရှိနေသမျှကာလပတ်လုံး ဆရာဘုရားတည်ရှိနေသော သဘောကြောင့် 'ယော ခေါ်--သတ္ထာ'" ဟု ဘုရားဟောတော်မူရခြင်းအကျိုးဖြစ်၏။ဘုရားဟောတော်မူသောအကျိုးကြောင့် "သုတ် အဘိဓမ္မာ ဝိနည်းတည်ရှိနေသမျှ ကာလပတ်လုံး ဆရာဘုရားတည်ရှိ၏ဟု သိရခြင်းဖြစ်၏။ထို့ကြောင့် ကာရိယဉာပကဟိတ်ဝါကျ–ဟုခေါ်ရလေသည်။(စဉ်းစားပါ)(၄င်းဝါကျကို သီလက္ခန်ဋီကာသစ်၌ အာဂမဒဋ္ဌီဟုဆို၏)အာဂမဒဋ္ဌီဖြစ်က ကာရိယဉာပကဖြစ်တော့သည်)။

ထပနာတ္တိကထွက်သော်

ဆရာ သုတ် အဘိဓမ္မာ ဝိနည်းတည်ရှိနေသမျှကာလပတ်လုံး ဆရာဘုရားတည်ရှိ၏ဟုဆို၏။ပစ္စက္ခသမ္မျှဉာဏ်ဖြင့် သိသလော၊ အဘယ့်ကြောင့် သိသနည်း–စုဒ်ကြောင့် ဝုတ္တာဒ္ဓေ တံ–စသည်မိန့်။

(ပါဠိ၌အနက်လျှောက် အဓိပ္ပါယ်ပြန်)

## သင်္ကေတမှတ်ချက်

**ဆောင်**။တေနေဝါဟ၊ ဉာပက၊ တဝဒဋ္ဌီသာ။(ရှေးရေးဆောင်)

တေန ဝုတ္တံ၊ တေနာဟ ဘဂဝါ၊ ဝုတ္တဉ္စ၊ ဝုတ္တညီ၊ ဝုတ္တဒ္ဓေ တံ၊ ဝုတ္တံ ဘဂဝတာ၊ ဝက္ခတိ–စသည်ဖြင့် အားကိုးသာဓကပြရာ၌ ကာရိယဉာပကဖြစ်၏ဟု မှတ်။–ဒဋ္ဌီလည်း ရကောင်းတော့သည်။

ဘုရားဖြူကျောင်းတိုက်

**ဇျုတိရေကဉပကဟိတ်၏ပုံစံ**

| မူလဝါကျ | မူလီဝါကျ |
|---|---|
| ဝေတ္တိ ဝစနေန ယောနိသောမနသိကာရံ ဒီပေတိ။ | အယောနိသောမနသိကာရောတော နာနာပ္ပကာရပဋိဝေဓာဘာဝတော |

(သီလက္ခန်အဋ္ဌကထာ စာမျက်နှာ–၃၀၊ )

အနက်–ဝေတ္တိ ဝစနေန–ဇဝံဟူသော သဒ္ဒါဖြင့်၊ အတ္တနော–မိမိ၏(ထည့်)၊ ယောနိသော–အသင့်အားဖြင့်၊ မနသိကာရံ–နှလုံးသွင်းခြင်းကို၊ အာနန္ဒော–အာနန္ဒာသည်(ထည့်)၊ ဒီပေတိ–ပြ၏။

ဟိ–ကသ္မာ–အဘယ့်ကြောင့်၊ ဒီပေတိ–ပြသနည်း၊ အယောနိသော–မသင့်တင့်သောအားဖြင့်၊ မနသိကရောတော–နှလုံးသွင်းသောပုဂ္ဂိုလ်အား၊ နာနပ္ပကာရပဋိဝေဓာဘာဝတော–အထူးထူးအပြားပြားသော အနက် အဓိပ္ပါယ်ကို မဖောက် မပြန်သိခြင်း၏ မရှိခြင်းကြောင့်၊ ဒီပေတိ–ပြ၏။

ဤပုံစံ၌ မူလဝါကျသည် အန္ဝယအကျိုးဝါကျတည်း။မူလီဝါကျသည် ဇျုတိရေကဉပကအကြောင်းဝါကျတည်း။ထို့ကြောင့်သီလက္ခန်ဋီကာသစ်၌ "ယော နိသောတိ အာဒိနာ ဇျုတိရေကေန ဉပကဟေတုဒဿနံ"ဟုမိန့်၏။

ထပနာတိကထွက်သော်

ဆရာ ဇဝံဟူသောသဒ္ဒါဖြင့် ယောနိသော မနသိကာရကို ပြ၏ဟုဆို၏။အယောနိသော မနသိကာရကိုလည်း ပြသင့်သည်ပင်မဟုတ်ပါလော–အဘယ်သို့သော အကြောင်းကိုထောက်ဆ၍ သိပါသနည်း–စုဒ်ကြောင့် အယောနိသော–စသည်ကို မိန့်။

အဓိပ္ပါယ်ကား

မသင့်မတင့်နှလုံးသွင်းသော ပုဂ္ဂိုလ်အား အထူးထူးသောတရား၏ အနက်အဓိပ္ပါယ်ကို မသိနိုင်သောအကြောင်းကို ထောက်ဆသောကြောင့် ဇဝံ မေသုတံ၌ ဇဝံဖြင့် ယောနိသော မနသိကာကို ပြ၏ဟု သိရ၏ဟူလို။

**သင်္ကေတမှတ်ချက်**

"န ဟိတက်ရာ၊ ဟိနက်မှာ၊ ဟိတ်ပါ ဒဠှီစွဲ"။(ရွှေရေးဆောင်နိယံ)။

ဘုရားဖြူကျောင်းတိုက်

"စောဒကာဘောဂ၊ ထုတ်ဖော်ပြ၍၊ မူလပယ်ရာ၊ မပယ်သာပေ၊ အစပြုရာ၊ အညထာနောက်၊ နိပါတ်ရောက်က၊ နက်စွဲရ၊ ဒေါသဗျတိစွဲ"။(ရွှေရေးဆောင်နီယံ)။

ဗျတိရေကဉာပကကို န ဟိ၊ အညထာ ဟိ၊ ဣတရထာ ဟိ–စသည်တို့ဖြင့် ကျမ်းဆရာတို့ အပြများ၏။

ဒဠှီကရဏဝါကျ၊ ကာရဏဝါကျ နှစ်မျိုးလုံးပင် ရှေ့ဝါကျကို ခိုင်မြဲအောင်ပြုကြသည်ချည်းဖြစ်၏။အချို့အရာ၌ ဒဠှီကရဏဖြစ်သင့်လျှင် ကာရဏလည်း ဖြစ်ကောင်းတော့သည်။အကြောင်းအကျိုးလက္ခဏာ ထင်ရှားလျှင် ကာရဏဟုမှတ်။ခိုင်မြဲစေခြင်းလက္ခဏာ ထင်ရှားလျှင် ဒဠှီကရဏဟုမှတ်လေ။အထပ်လက္ခဏာ အစပ်လက္ခဏာကိုလည်း သတိပြုပါလေ။ ။(ကာရဏဝါကျပြီး၏)

## ဖလဝါကျ

**ဆောင်**။အကြောင်းမူလ၊ နောက်ဝါကျတွင်၊ နိပါတ်ဝင်၊ မှတ်ချင်ဖလသာ။

အဓိပ္ပါယ်ကား။ရှေ့မူလအကြောင်းဝါကျ၏နောက်၌ ပြအပ်သော မူလီအကျိုးဝါကျသည် ဖလဝါကျမည်၏။

### ဥဒါဟရဏ်

| မူလဝါကျ | မူလီဝါကျ |
|---|---|
| ဝေဠိ ဝစနေန အသမ္မောဟံ ဒီပေတိ၊ သုတန္တိ ဝစနေန သုတဿ အသမ္မောသံ ဒီပေတိ။ | ဣစ္စဿ အသမ္မောဟေန ပညာသိဒ္ဓိ၊ အသမ္မောသေန သတိသိဒ္ဓိ။ (သီလက္ခန်အဋ္ဌကထာ–၃၀၊ ) |

အနက်–ဝေဠိ ဝစနေန–ဝေံဟူသောစကားဖြင့်၊ အသမ္မောဟံ–မတွေဝေခြင်းကို၊ အာနန္ဒော–အာနန္ဒာသည်၊ ဒီပေတိ–ပြ၏။သုတန္တိဝစနေန–သုတံဟူသောစကားဖြင့်၊ သုတဿ–ကြားနာမှတ်ယူပြီးသော တရား၏၊ အသမ္မောသံ–မမေ့

လျော့ခြင်းကို၊ အာနန္ဒော–သည်၊ ဒီပေတိ–၏။

ဣတိ–ဤသို့၊ အသမ္မောဟေန–ကြောင့်၊ အသ္သ အာနန္ဒဿ–၏၊ ပညာသိဒ္ဓိ–ပညာ၏ပြီးပြည့်စုံခြင်းသည်၊ ဟောတိ–၏။အသမ္မောသေန–ကြောင့်၊ အဿ အာနန္ဒဿ–၏၊ သတိသိဒ္ဓိ–သည်၊ ဟောတိ–၏။

ဤပုံစံ၌ ရှေ့မူလဝါကျကား အကြောင်းဝါကျတည်း။နောက်မူလီဝါကျကား အကျိုးဝါကျတည်း။

အနုသန္ဓေတက်သော်

အဋ္ဌကထာဆရာသည် ရှေ့မူလဝါကျ၌ ဧဝံသဒ္ဒါ သုတံသဒ္ဒါတို့ဖြင့် ပြအပ်သောအနက်ကို ပြပြီး၍ ဧဝံသဒ္ဒါ မေသဒ္ဒါတို့ဖြင့်ပြအပ်သော အနက်ကြောင့် ရအပ်သောအကျိုးကို ပြလိုရကား ဣစ္စဿ–စသည်ကိုမိန့်။

သာမညစုဒ်ထုတ်သော်

ဤသို့ ပြအပ်သော အနက်ဖြင့် အဘယ်အနက်(ဝါ)အဘယ်အကျိုးကို ပြပါသနည်း–စုဒ်ကြောင့် ဣစ္စဿ–စသည်မိန့်။ ။(ဖလဝါကျပြီး၏)

## လဒ္ဓဂုဏဝါကျ

လဒ္ဓဂုဏံ ဒီပေတီတိ လဒ္ဓဂုဏံ။ဟူသည်နှင့်အညီ ရှေ့ဝါကျမှရအပ်သော အကျိုးဂုဏ်ကို ပြသော နောက်ဝါကျသည် လဒ္ဓဂုဏဝါကျမည်၏။

လဒ္ဓဂုဏဝါကျသည် ဖလဝါကျကဲ့သို့ ရှေ့ဝါကျမှ ရအပ်သော အကျိုးပြဝါကျပင်တည်း။သို့သော် လဒ္ဓဂုဏဝါကျသည် များသောအားဖြင့် ဖလဝါကျမှ တစ်ဖန်ရအပ်သော အကျိုးဂုဏ်တည်း။ထို့ကြောင့်"အကျိုးတစ်ပါး၊ ပြီးလတ်ငြားသော်၊ တစ်ပါးအကျိုး၊ ပြီးစိုးတွေ့ကြုံ၊ လဒ္ဓဂုဏ်"ဟုမိန့်ဆို၏။(တွင်းကြီးနိယံ)။ ရှေ့၌လည်း "လဒ္ဓဂုဏ်မှာ၊ ကျိုးကသာ၊ ထွက်ရာများကြကုန်"ဟုမိန့်ဆို၏။

ပုံစံကား

| မူလဝါကျ | မူလီဝါကျ |
|---|---|
| တဒုဘယေနာပိ အတ္ထဗျဉ္ဇနပါရိပူရိံ ဒီပေန္တော သဝနေ အာဒရံ ဇနေတိ၊ အတ္ထဗျဉ္ဇနပရိပုဏ္ဏဉ္ဟိ ဓမ္မံ အာဒရေန အသုဏန္တော မဟတာ ဟိတာ ပရိဗာဟိရော ဟောတီတိ။ | တသ္မာ အာဒရံ ဇနေတွာ သက္ကစ္စံ အယံ ဓမ္မော သောတဗ္ဗောတိ။ (သီလက္ခန္ဓအဋ္ဌကထာ-၃၁၊ ) |

အနက်-တဒုဘယေနာပိ-ထိုဝေ-သုတံဟူသော ပုဒ်နှစ်ခုပေါင်းဖြင့်လည်း၊ အတ္ထဗျဉ္ဇနပါရိပူရိံ-အနက် သဒ္ဒါတို့၏ ပြည့်စုံခြင်းကို၊ ဒီပေန္တော-ပြသော အာနန္ဒာသည်၊ သဝနေ-တရားနာခြင်း၌၊ အာဒရံ-ရိုသေခြင်းကို၊ ဇနေတိ-ဖြစ်စေ၏။ဟိ-ကသ္မာ-ကြောင့်၊ ဇနေတိ-နည်း၊ အတ္ထဗျဉ္ဇနပရိပုဏ္ဏံ-အနက် သဒ္ဒါတို့နှင့် ပြည့်စုံသော၊ ဓမ္မံ-ကို၊ အာဒရေန-ရိုသေသဖြင့်၊ အသုဏန္တော-မနာသောသူသည်၊ မဟတာ-မြတ်သော၊ ဟိတာ-အစီးအပွါးမှ၊ ပရိဗာဟိရော-အပဖြစ်သည်၊ ဟောတိ-၏။

ဣတိ-တသ္မာ-ထို့ကြောင့်၊ အာဒရံ-ကို၊ ဇနေတိ-၏၊ ဇနေတွာ-၍၊ သက္ကစ္စံ-စွာ၊ အယံ ဓမ္မော-ကို၊ သောတဗ္ဗော-ကြားနာအပ်၏။(ဣတိသဒ္ဒါ ပရိသမာပန)

ဤပုံစံ၌ ရှေ့မူလဝါကျထဲတွင် အတ္ထဗျဉ္ဇနပရိပုဏ္ဏဉ္ဟိ-လ-ဟောတီတိ-သည် အကြောင်းဝါကျတည်း။တဒုဘယေနာပိ-လ-ဇနေတိ-သည် အကျိုးဝါကျတည်း။ဤသို့မှတ်လေ။

တသ္မာ-စသော နောက်မူလီဝါကျသည် ရှေ့အကျိုးဝါကျ၏ အကျိုးကိုပြ သောဝါကျဖြစ်သောကြောင့် လဒ္ဓဂုဏဝါကျမည်၏ဟု မှတ်လေ။

စုဒ်ထုတ်သော်

ဝေ-သုတံနှစ်ပုဒ်ဖြင့် အနက် သဒ္ဒါနှင့်ပြည့်စုံခြင်းကို ပြတတ်သော အာ နန္ဒာသည် တရားနာခြင်း၌ ရိုသေခြင်းကို ဖြစ်စေ၏ဟုဆို၏။ထိုသို့ဖြစ်စေရခြင်းကြောင့် အကျိုးမရှိမှတ်ရအံ့လော။အဘယ်သို့ အကျိုးရှိပါသနည်း-စုဒ်ကြောင့်

တဿာ အာဒရံ–စသည်ကိုမိန့်။

အထက်ပုံစံ၌ မှတ်သားဖွယ်

"အကြောင်းဟိမှန့်၊ အရင်းပြန်၊ နောက်ဌာန် လဒ္ဓဂုဏ်"။

"ချုံ့မြဲဟိနောက်၊ တဿာရောက်၊ မဖေါက်လဒ္ဓဂုဏ်"(ရွှေရေးဆောင်နိယံ)

**အဓိပ္ပါယ်**–ကာရဏတ္ထ–ဟိနိပါတ်ရှိသောဝါကျကို အရင်းမူလအကျိုးဝါကျသို့ ပြန်စပ်လျှင် နောက်မှာရှိသော တဿာဝါကျသည် လဒ္ဓဂုဏဝါကျဖြစ်၏။

ဝိတ္ထာရဝါကျ၊ ဒဠှီကရဏဝါကျ၏ နောက်၌ရှိသော တဿာ–ဝါကျလည်း လဒ္ဓဂုဏဝါကျဖြစ်၏ဟု ဆိုလိုသည်။ထို့ကြောင့် ဤပုံစံ၌ ဟိ–နိပါတ်ကို ကာရဏတ္ထယူ၍ မူလရင်းအကျိုးဝါကျပြန်စပ်ပြီးလျှင် နောက်တဿာ–ဝါကျကို လဒ္ဓဂုဏ်ဟုမှတ်လေ။(တစ်နည်း)ဟိ–ကို ဒဠှီကရဏယူ၍ နောက်တဿာကို လဒ္ဓဂုဏ်ယူသော် သင့်၏ဟုမှတ်လေ။ ။(လဒ္ဓဂုဏဝါကျပြီး၏)

## လဒ္ဓဒေါသဝါကျ

ရှေ့ဝါကျမှ ရအပ်သော အပြစ်ကို ပြသောဝါကျသည် လဒ္ဓဒေါသဝါကျမည်၏။ရှေ့ဝါကျမှ ရအပ်သောဟူသည်–ရှေ့ကျမ်းဆရာ၏ မူလဝါကျထဲမှ စောဒနာဝါကျထုတ်ယူရမည်။၎င်းစောဒနာဝါကျထဲက စောဒကအာဘော်၊ "အာဘောဂဖလ"မှ ရအပ်သောအပြစ်ကို ပြသောဝါကျသည် လဒ္ဓဒေါသဝါကျမည်၏။

**ပုံစံကား**

| **မူလဝါကျ** | **မူလီဝါကျ** |
|---|---|
| ပရိယေသေယျာတိ ယထာ လဘတိ၊ တထာ ကရေယျ။ဥပနိက္ခိပေယျာတိ အတ္တော၊ ဧတေန ထာဝရပယောဂံ ဒဿေတိ။ | ဣတရထာဟိ ပရိယိဋ္ဌိတမတ္တေနေဝ ပါရာဇိကော ဘဝေယျ၊ န စေတံ ယုတ္တံ။ |

(ပါရာဇိကဏ်အဋ္ဌကထာ၊ တတိယပါရာဇိက–၃၉၊ )

အနက်–ပရိယေသေယျာတိ–ပရိယေသေယျ–ဟူသည်ကား၊ ယထာ–

အကြင်အခြင်းအရာအားဖြင့်၊ ကရိယမာနေ–ပြုအပ်သည်ရှိသော်၊ လဘိ–ရ၏။ တထာ–ဖြင့်၊ ကရေယျ–ပြုငြားအံ့၊ ဥပနိက္ခိပေယျ–အနီး၌ထားငြားအံ့၊ ဣတိအယံ –ဤသည်ကား၊ အတ္ထော–အနက်တည်း၊ ဧတေန–ဤ သတ္တပဟာရကံ ဝါသပရိ ယေသေယျဟူသောပါဌ်ဖြင့်၊ ထာဝရပယောဂံ–ထာဝရပယောဂကို၊ ဒဿေတိ– ၏။

ဟိ–လဒ္ဓဒေါသကို ပြဦးအံ့၊ ဥပနိက္ခိပေယျာတိ အတ္ထတော ဥပနိက္ခိ ပေယျဟူသောအနက်မှ၊ ဣတရထာ–ဤမှတစ်ပါးသောအခြင်းအရာအားဖြင့်၊ အတ္ထေ–ပရိယေသအနက်ကို၊ ဂယှမာနေ–ယူအပ်သည်ရှိသော်၊ ပရိယိဋ္ဌိတမတ္တ မေဝ–ရှာကာ မျှဖြင့်ပင်လျှင်၊ ပါရာဇိကော–ပါရာဇိကကျသည်၊ ဘဝေ–ဖြစ်၏၊ ဇဝံ–ဤသို့ဖြစ် ခြင်းသည်၊ န စ ယုတ္တံ–သင့်လည်း မသင့်။

ဤပုံစံ၌ ရှေ့မူလဝါကျဝယ် စောဒကဆရာက ပရိယေသေယျ၌ ပရိရှေး ရှိသော ဧသဓာတ်သည် ဂဝေသန–ရှာမှီးခြင်းအနက်မျှသာဖြစ်သောကြောင့် ဥပ နိက္ခိပေယျ–ရှာမှီး၍အနီး၌ ချထားခြင်းဟူသောအနက်ကို မဆိုသင့်ဟုဆို၏။ ၎င်းစောဒက၏ အာဘော် အာဘောဂဖလမှ ရအပ်သော အပြစ်ဖြစ်သောကြောင့် ဣတရထာ ဟိ–ဝါကျသည် လဒ္ဓဒေါသဝါကျမည်၏။

တစ်နည်းကား–စောဒကဆရာက အာဘော်ကိုပြ၍ ကျမ်းဆရာ၏ ဥပ နိက္ခိပေယျဟူသောစကားကို ပယ်နိုင်လုလတ်သော်.မပယ်နိုင်အောင် ဣတရထာ ဟိ–စသော လဒ္ဓဒေါသဝါကျကို တက်ပြရလေသည်။

(ဗျတိရေက ဒဠှီကရဏဝါကျဟူ၍လည်း ခေါ်ဆိုသင့်၏။)ထို့ကြောင့် "စောဒကာဘောဂ၊ ထုတ်ဖေါ်ပြ၍၊ မူလပယ်ရာ၊ မပယ်သာပေ၊ အဖြေပြုရာ၊ အညထာနောက်၊ နိပါတ်ရောက်က၊ နက်စွဲရ၊ ဒေါသ ဗျတိစွဲ"ဟုဆို၏။ (ရွှေရေးဆောင်)

ထပနာပဋ္ဌကထွက်–တက်သော်

အဋ္ဌကထာဆရာ ဆရာသည် ပရိယေသေယျကို ဥပနိက္ခိပေယျဟု ဂုဋ္ဌတ္ထကို ဖေါ်ပြ၏။ထိုသို့ ပြသော်လည်း ပရိယေသေယျ ပရိရှေးရှိသော ဧသဓာတ် သည် ရှာမှီးခြင်းအနက်မျှသာဖြစ်သည် မဟုတ်လော–ထိုသို့ဖြစ်သင့်သောကြောင့်

ဥပနိက္ခိပေယျဟူသောအနက်ကို မဆိုသင့်၊ ပရိယေသေယျအနက်သာ ဆိုသင့်၏။ပရိယေသနအနက်ကို ယူသော် အဘယ်အံပြစ်ရှိသနည်း–မေးဖွယ်ရှိသောကြောင့် ဣတရထာ ဟိ–စသည်ကိုမိန့်။

အဓိပ္ပါယ်

သင်စောဒကဆိုတိုင်း ပရိယေသနအနက်မျှကို ယူခဲ့သော် လက်နက်ကို ရှာမှီးခြင်းမျှဖြင့်ပင် ပါရာဇိကသို့ရောက်ရာ၏၊ ထို့ကြောင့် ဥပနိက္ခိပေယျဟု ငါဆို၏ ဟူလိုသော်။

ဤဖလဝါကျ၊ လဒ္ဓဂုဏဝါကျ၊ လဒ္ဓဒေါသဝါကျတို့သည် ဒဋ္ဌီကရဏကဲ့သို့ ရှေ့မူလဝါကျကို ခိုင်မြဲစေသောသဘောရှိ၏။(စဉ်းစားပါ)

(ဤလဒ္ဓဂုဏဝါကျ၊ လဒ္ဓဒေါသဝါကျမျိုးကို စောဒကနှင့်ကျမ်းဆရာတို့ သူနိုင် ကိုယ်နိုင်ငြင်းခုံရာ၌ ထားလေ့ရှိကြကုန်၏)။ ။(လဒ္ဓဒေါသဝါကျပြီး၏)

## ဥပန္ယာသ–အနွယ်ဝါကျ

"စကားမပြတ်၊ စုဒ်လီနတ်ကြောင့်၊ တစ်ရပ်ဆက်ရာ၊ နိပါတ်မှာ၊ ဥပန္ယာသာ"။"မပြတ်ဆက်ကာ၊ ဆက်၍လာ၊ ဥပန္ယာသတွင်"။(ရွှေရေးဆောင်နိယံ)။

ရှေ့မူလဝါကျ၌ စကားမပြည့်စုံ မကုန်စင်၍ စောဒကတို့ လျှင်းပါးဖွယ်ရှိသောကြောင့် ဝါကျမခြားပဲ မပြတ်စပ်ကာ ဆက်၍တက်ပြသော နောက်ဝါကျသည် ဥပန္ယာသဝါကျမည်၏။

ပုံစံကား

မူလဝါကျ

တထာ ဝေတ္တိ စ မေတိ စ တံ တံ
ဥပါဒါယ ဝတ္တဗ္ဗတော ဥပါဒါပညတ္တိ၊
သုတန္တိ ဒိဋ္ဌာဒီနိ ဥပနိဓာယ ဝတ္တဗ္ဗတော
ဥပနိဓာပညတ္တိ။

မူလီဝါကျ

ဧတ္ထ စ ဝေတ္တိ ဝစနေန
အသမ္မောဟံ ဒီပေတိ–စသည်။

(သီလက္ခန်အဋ္ဌကထာ–၃၀၊ )

အနက်–တထာ–ထိုမှတစ်ပါး၊ ဝေတ္တိ စ–ဝေံဟူ၍လည်းကောင်း၊ မေတိ

စ–မေဟူ၍လည်းကောင်း၊ အယံ ပညတ္တိ–ဤပညတ်သည်(ထည့်)၊ တံ တံ–ထိုထိုအကြောင်းကို၊ ဥပါဒါယ–စွဲ၍၊ ဝတ္တဗ္ဗတော–ဆိုအပ်သောကြောင့်၊ ဥပါဒါပညတ္တိ–ဥပါဒါပညတ်မည်၏၊ သုတန္တိ အယံ ပညတ္တိ–သုတံဟူသော ဤပညတ်သည်၊ ဒိဋ္ဌာဒီနိ–မြင်အပ်သော အာရုံစသည်တို့ကို၊ ဥပနိဓာယ–ထောက်၍၊ ဝတ္တဗ္ဗတော–ကြောင့်၊ ဥပနိဓာပညတ္တိ–ဥပနိဓာပညတ်မည်၏။

စ–ဆက်၍ဆိုဦးအံ့၊ ဧတ္ထ–ဤဧဝံ မေသုတံ–ဟူသောဝါကျ၌၊ ဧဝန္တိ ဝစနေန–ဧဝံဟူသောသဒ္ဒါဖြင့်၊ အသမ္မောဟံ–မတွေဝေခြင်းကို၊ အာနန္ဒော–အာနန္ဒာသည်၊ ဒီပေတိ–ပြ၏။

ဤပုံစံ ရှေ့မူလဝါကျ၌ ဧဝံ မေ သုတံ–ဟူသောပုဒ်တို့၏ ပညတ်ဖြစ်သည်ကိုသာ ပြ၏။အဘယ်အနက်ကို ပြနိုင်သည်ဟူ၍ကား မဆိုရသေးသောကြောင့် စကားမကုန်စင်ခဲ့၊ ထိုသို့ မကုန်စင်သဖြင့် စောဒကတို့ လျင်းပါးဖွယ်ရှိသောကြောင့် ဝါကျမခြားပဲ ဧတ္ထ စ–စသော ဥပန္ယာသဝါကျကို တက်ပြလေသည်။

အနုသန္ဓေတက်သော်

အဋ္ဌကထာဆရာသည် ရှေ့မူလဝါကျ၌ ဧဝံ မေ သုတံဟူသောပုဒ်တို့၏ ပညတ်ဖြစ်သည်ကို ပြပြီး၍ စကားမစုံလင် ကြွင်းကျန်နေသော ဧဝံ မေ သုတံပုဒ်တို့ ဖြင့်ပြအပ်သောအနက်ကို ဆက်ပြလိုရကား ဧတ္ထ စ–စသည်ကိုမိန့်။

ဧတ္တာဝတိ ဧတသ္မိံ ဝစနတ္ထေ စသဒ္ဒေါ ဥပန္ယာသော၊ အတ္ထန္တရံ အာရဘိတုကာမေန ယောဇိတတ္တာ။(သီလက္ခန် ငှီကာသစ်)

ဤဝါကျကို ဝါကျာရမ္ဘဟု အမည်ပေး။(နေရင်းဆရာတော်)

(ဥပန္ယာသဝါကျပြီး၏)။

## ဝါကျာရမ္ဘ(အနွယ)ဝါကျ

"ဝါကျကန့်သတ်၊ ခြားလတ်ပြီးရာ၊ လီနာ စုဒ်ထွက်၊ ဤအချက်ကြောင့်၊ ပြန်ဆက်ပြဘိ၊ နိပါတ်ရှိ၊ မှတ်ဘိ အာရမ္ဘာ"။ "ပြတ်ပြီးခဲ့ရာ၊ ဆက်၍လာ၊ ဝါကျာ

ရမ္မပင်"။(ရွှေရေးဆောင်နိဿယ)

ရှေ့မူလဝါကျ၌ ဆိုသင့်ဆိုထိုက်သော စကားတို့ကို ပြည့်စုံစွာ ဆိုပြီး၍ စကားပြီးပြတ်ခဲ့ရာ တစ်ဝါကျနှင့်တစ်ဝါကျ စသည်ခြားပြီးမှ ရှေ့မူလဝါကျနှင့် အနွယ်ဆက်၍ စောဒကတို့ လျင်းပါဖွယ်ရှိသည်ကို ဆက်ပြသောဝါကျသည် ဝါကျာရမ္မဝါကျမည်၏။

ပြယုဂ်ပုံစံကား

| မူလဝါကျ | မူလီဝါကျ |
| --- | --- |
| သစေ ပန အဓိဝါသေတွာ ဂတေသု<br>ပိ စတူသု ဇနေသု ဧကော ပဏ္ဍိတော<br>ဘိက္ခု အဟံ တုမှာကံ ဂဏံ ဘိန္ဒိဿာမိ၊<br>နိမန္တနံ သာဒိယိတ္ဘာတိ ဝတွာ ယာဂုခဇ္ဇကာ<br>ဝသာနေ ဘတ္တတ္တာယ ပတ္တံ ဂဏှန္တာနံ<br>အဒတွာ ဣမေ တာဝ ဘိက္ခူ ဘောဇေတွာ<br>ဝိဿဇ္ဇေထ၊ အဟံ ပစ္ဆာ အနုမောဒနံ ကတွာ<br>ဂမိဿာမီတိ နိသိန္နော။တေသု ဘုတွာ<br>ဂတေသု ဒေထ ဘန္တေ ပတ္တံတိ ဥပါသကေန<br>ပတ္တံ ဂဟေတွာ ဘတ္တေ ဒိန္နေ ဘုဉ္ဇိတွာ<br>အနုမောဒနံ ကတွာ ဂစ္ဆတိ သဗ္ဗေသံ<br>အနာပတ္တိ။ | ပဉ္စန္နံ ဟိ ဘောဇနာနံ ယေဝ<br>ဝသေန ဂဏဘောဇနေ<br>ဝိသင်္ကေတံ နတ္ထိ။ |

(ပါစိတျာဒိအဋ္ဌကထာ၊ ဂဏဘောဇနသိက္ခာပုဒ်–၈၁၊ )

အနက်–အဓိဝါသေတွာ–သီးခံ၍၊ ဂတေသုပိ–သွားသည်လည်းဖြစ်ကုန်သော၊ စတူသု ဇနေသု–လေးပါးသော ရဟန်းတို့တွင်၊ ပဏ္ဍိတော–ပညာရှိသော၊ ဧကော ဘိက္ခု–ရဟန်းတစ်ပါးသည်၊ အဟံ–ငါသည်၊ တုမှာကံ–သင်တို့၏၊ ဂဏံ–ဂိုဏ်းကို၊ ဘိန္ဒိတွာ–ဖျက်အံ့၊ နိမန္တနံ–ပင့်ဖိတ်ခြင်းကို၊ သာဒိယိတ္ထ–သာယာကြကုန်လော့၊ ဣတိ–ဤသို့၊ ဝတွာ–ဆို၍၊ ယာဂုခဇ္ဇကာဝသာနေ–ယာဂုခဲဘွယ်၏အဆုံး၌၊ ဘတ္တတ္တာယ–ထမင်းအကျိုးငှါ၊ ပတ္တံ–သပိတ်ကို၊ ဂဏှန္တာနံ–ယူကုန်သောဒါယကာတို့အား၊ အဒတွာ–မပေးမူ၍၊ တာဝ–ရှေးဦးစွာ၊ ဣမေ

ဘိက္ခူ–ဤရဟန်းတို့ကို၊ ဘောဇေတွာ–ကျွေးမွေး၍၊ ဝိဿဇ္ဇေထ–လွှတ်လိုက်ကြကုန်လော့၊ အဟံ–ငါသည်၊ ပစ္ဆာ–နောက်မှ၊ အနုမောဒနံ ကတွာ–အနုမောဒနာပြု၍၊ ဂမိဿာမီတိ–သွားတော့အံ့ဟူ၍၊ နိသိန္နော–ထိုင်နေခဲ့၏၊ တေသု–ထိုသုံးယောက်သော ရဟန်းတို့သည်၊ ဘုတွာ–စားပြီး၍၊ ဂတေသု–သွားကုန်သည်ရှိသော်၊ ဘန္တေ–အရှင်ဘုရား၊ ပတ္တံ–သပိတ်ကို၊ ဒေထ–ပေးကုန်လော့၊ ဣတိ–ဤသို့၊ ဝတွာ–ဆို၍၊ ပတ္တံ–သပိတ်ကို၊ ဂဟေတွာ–ယူ၍၊ ဘတ္တေ–ထမင်းကို၊ ဒိန္နေ–ပေးလှူအပ်သည်ရှိသော်၊ ဘုဉ္ဇိတွာ–စားပြီး၍၊ အနုမောဒနံ ကတွာ–အနုမောဒနာပြု၍၊ သစေ ဂစ္ဆတိ–အကယ်၍ သွား ငြားအံ့၊ သဗ္ဗေသံ–အလုံးစုံသော လေးပါးသောရဟန်းတို့အား၊ အနာပတ္တိ–အာပတ် မသင့်။

ဟိ–ပြတ်ပြီးခဲ့ရာ ဝါကျလာကို ဆက်ကာဆိုဦးအံ့၊ ပဉ္စန္နံ ဘောဇနာနံ ယေဝ–ငါးပါးသော ဘောဇဉ်တို့၏သာလျှင်၊ ဝသေန–အစွမ်းဖြင့်၊ ဂဏဘောဇနေ–ဂဏဘောဇဉ်ကို စားခြင်း၌၊ ဝိသင်္ကေတံ–ချွတ်ယွင်းခြင်းသည်၊ နတ္ထိ–မရှိ(ဝါ)အာပတ်မသင့်။

ဤပုံစံ၌ အဓိဝါသေတွာ–လ–ဝိဿဇ္ဇေထ–ဟူသောမူလပထမဝါကျဝယ် ယာဂုခဇ္ဇကာဝသာနေ–ပါဌ်ဖြင့် လေးပါးသောရဟန်းတို့ ယာဂုခဲဖွယ်ကို စားရာ၌ ဂဏဘောဇနပါစိတ်အာပတ်သင့်ရာ၏ဟု စောဒကတို့ ယုံမှားသံသယ ဖြစ်၏။ထိုသို့ ယုံမှားသံသယဖြစ်၍ စောဒနာဖွယ်ရှိသည်ကို ကင်းပျောက်စေရန် ပဉ္စန္နံ ဟိ–အစရှိသောပါဌ်ဖြင့် ဘောဇဉ်ငါးပါးကို စားသောရဟန်းတို့အားသာလျှင်မ ချွတ်မယွင်း ဂဏဘောဇနပါစိတ်အာပတ်သင့်၏ဟု လေးဝါကျခြားပြီးမှ ဆက်လက်၍ပြ၏။ထို့ကြောင့် ဝါကျာရမ္ဘဝါကျမည်၏ဟု မှတ်လေ။

ထပနာပဉ္စကစောဒနာတက်သော်

အဋ္ဌကထာဆရာ ယာဂုခဇ္ဇကာဝသာနေ–ဟု ဆရာဆို၏။ဤသို့ဆိုအပ်သည်ရှိသော် လေးပါးသောရဟန်းတို့ ယာဂုခဲဖွယ်ကို စားစဉ်ပင် ဂဏဘောဇနပါစိတ်အာပတ် သင့်ရာသည်မဟုတ်ပါလော၊ ထို့ကြောင့် ယာဂုခဇ္ဇကာဝသာနေ–ဟူ၍သာ မဆိုသင့်၊ ယုံမှားသံသယကင်းရှင်းအောင် ဆက်လက်၍ ပြဆိုသင့်၏။ အဘယ်သို့ မှတ်ရပါမည်နည်း၊ မေးဖွယ်ရှိသောကြောင့် ပဉ္စန္နံ ဟိ–စသည်မိန့်။

အဓိပ္ပါယ်ကား

လေးပါးသောရဟန်းတို့ ယာဂုခဲဖွယ်ကို စားစဉ်ပင် ဂဏဘောဇနေပါစိတ်အာပတ်သင့်ဟု ယူသင့်ငြားသော်လည်း ငါးပါးသောဘောဇဉ်တို့၏ အစွမ်းဖြင့်သာလျှင် ဂဏဘောဇဉ်စားခြင်း၌ မချွတ်မယွင်း ပါစိတ်အာပတ်သင့်၏ဟူလိုသော်။

**မှာထားချက်။** ။ဥပန္យာသဝါကျနှင့်ဝါကျာရမ္ဘဝါကျတို့၏ တူပုံသဘောလက္ခဏာကို ဤပြခဲ့ပြီးသောနည်းကို သဘောညဏ်ဝင်လာအောင် အထပ်ထပ်ကြည့်ရှုကြပါကုန်။ဋီကာဆရာကြီးတို့သည် ဝါကျာရမ္ဘဝါကျဟူ၍လည်းကောင်း၊ ဥပန္យာသဝါကျဟူ၍လည်းကောင်း သင့်သလိုမိန့်ဆိုကြ၏။

သင်္ကေတမှတ်ချက်

"အယံ တွေ၊ တာဝ နောက်မှာ၊ နိပါတ်ပါ၊ ဝါကျာရမ္ဘွဲ"(ရွှေရေးဆောင်)

အယံ ဟိ၊ အယဥ္စ၊ အယံ ပန–ဟူ၍လည်းကောင်း၊ တွေ ဟိ၊ တွေ စ၊ တွေ ပန–ဟူ၍လည်းကောင်း၊ တာဝ ဟိ၊ တာဝ စ၊ တာဝ ပန–ဟူ၍လည်းကောင်း ရှိသောဝါကျတို့ကို ဝါကျာရမ္ဘဝါကျဟုမှတ်။အပွကအားဖြင့် ဝိသေသနစသည်တို့လည်းဖြစ်သေး၏။ (ဝါကျာရမ္ဘဝါကျပြီး၏)

## သာမညအလျော်ဝါကျ

"မူလဝိသေ၊ ဝါကျတွေကို၊ များတွေဆက်ဆံ၊ တက်ခဲ့ပြန်ဘိ၊ နိပါတ်ရှိ၊ မှတ်ဘိသာမညာ"။

ရှေ့မူလဝါကျ၌ ကုစ္ဆိတဗ္ဗတ္ထ၊ ဂဟေတဗ္ဗတ္ထကို ဝိသေသအားဖြင့်ပြပြီး၍ ဖြစ်သင့်ဖြစ်ရာ အပြားဘေဒကို သာမညအားဖြင့်ပြသော နောက်မူလီဝါကျသည် သာမညဝါကျမည်၏။

ဥဒါဟရဏ်

| မူလဝါကျ | မူလီဝါကျ |
|---|---|
| မူလန္တိ သမီပံ။ | အယဉ္ဟိ မူလသဒ္ဒေါ မူလာနိ ဥဒ္ဓရေယျ အန္တမသော ဥသီရနာဠိမတ္တာနိပီတိအာဒီသု မူလမူလေ ဒိဿတိ၊ လောဘော အကုသလမူလန္တိအာဒီသု အသာဓာရဏဟေတုမှိ၊ ယာဝ မဇ္ဈန္တိကေ ကာလေ ဆာယာ ဖရတိ၊ နိဝါတေ ပဏ္ဏာနိ ပတန္တိ ဧတ္တာဝတာ ရုက္ခမူလန္တိအာဒီသု သမီပေ။ (ပါရာဇိကဏ်အဋ္ဌကထာ၊ အဇ္ဈတ္တိကနိဒါန်း) |

အနက်–မူလန္တိ–မူလဟူသည်ကား၊ သမီပံ–အနီးတည်း။

ဟိ–သာမညကို ဆိုဦးအံ့၊ အယံ မူလသဒ္ဒေါ–ဤမူလသဒ္ဒါသည်၊ မူလာ နိ ဥဒ္ဓရေယျ(လ)ဥသီရနာဠိမတ္တာနိပီတိအာဒီသု–မူလာနိ––ပီတိဤသို့အစရှိသည် တို့၌၊ မူလမူလေ–အမြစ်၌၊ ဒိဿတိ–ထင်၏၊ အန္တမသော–အယုတ်သဖြင့်၊ ဥသီရနာဠိမတ္တာနိပိ–ပန်းရင်းရိုးမျှသာ ရှိကုန်သော်လည်း၊ မူလာနိ–အမြစ်တို့ကို၊ ဥဒ္ဓရေယျ–နှုတ်ရာ၏၊ လောဘော အကုသလမူလန္တိအာဒီသု–လောဘော––မူလံအစရှိသည်တို့၌၊ အသာဓာရဏဟေတုမှိ–မဆက်ဆံသောဟိတ်၌၊ ဒိဿ တိ–ထင်၏၊ ယာဝ မဇ္ဈန္တိကေ(လ)ရုက္ခမူလန္တိအာဒီသု–ယာဝ–မူလံဤသို့အစ ရှိသည်တို့၌၊ သမီပေ–အနီး၌၊ ဒိဿတိ–ထင်၏၊ မဇ္ဈန္တိကေ ကာလေ–မွန်းတည့် အခါ၌၊ ယာဝ ယတ္တကေ ဌာနေ–အကြင်မျှလောက်သော အရပ်၌၊ ဆာယာ–အရိပ်သည်၊ ဖရတိ–နှံ့၏၊ နိဝါတေ–လေမတိုက်သောအခါ၌၊ ယာဝ ယတ္တကေ ဌာနေ–၌၊ ပဏ္ဏာနိ–သစ်ရွက်တို့သည်၊ ပတန္တိ–ကျကုန်၏၊ ဧတ္တာဝတာ–ဧတ္တကံ ဌာနံ–ဤမျှလောက်သော အရပ်သည်၊ ရုက္ခမူလံ–သစ်ပင်၏အနီးမည်၏။

ဤပုံစံ၌ ရှေ့မူလဝါကျ၌ အလိုရှိအပ်သော မူလသဒ္ဒါ၏ သမီပအနက် တည်းဟူသော အထူးဝိသေသကို ပြပြီး၍ နောက်မူလီဝါကျ၌ မူလသဒ္ဒါသည် ဟောနိုင်သော အနက်သာမညတို့ကို ပြလေသည်။

ဘုရားဖြူကျောင်းတိုက်

ထပ်နာပဉ္စကထွက်သော်

အဋ္ဌကထာဆရာ ဆရာသည် မူလန္တိ သမီပံ–ဟုဆို၏၊ ထိုသို့ဆိုအပ်သည် ရှိသော် ဝိသေသကို ဆိုခြင်းသည် သာမညရှိမှသာ အကျိုးရှိသည်မဟုတ်ပါလော၊ ထို့ကြောင့် မူလန္တိ သမီပံ–ဟူ၍သာ မဆိုသင့်၊ သာမညကိုလည်း ဆိုသင့်၏၊ သာမညကား အဘယ်ပါနည်း၊ မေးဖွယ်ရှိသောကြောင့် အယဉ္စ–စသည် မိန့်။

အဓိပ္ပါယ်ကား မူလန္တိ သမီပံဟူသော ဝိသေသစကား၏ သာမညကား အယဉ္စ–စသောဝါကျဖြစ်၏ဟူလို။ (သာမညဝါကျပြီး၏)

# ဝိသေသဝါကျ(အန္တယ်)

"မူလဝါကျ၊ သာမညမှ၊ ထူးပြတာဖန်၊ တက်လာပြန်ဘိ၊ နိပါတ်ရှိ၊ မှတ်ဘိဝိသေသာ"။

ရှေ့မူလဝါကျဌ် အများနှင့်ဆက်ဆံသော အနက်အဓိပ္ပါယ်ရှိနေ၍ မယူမဆနိုင်သောကြောင့် နောက်မူလီဝါကျဖြင့် အလိုရှိအပ်သော အနက်အဓိပ္ပါယ်အထူးကို ထုတ်ပြရ၏။ထို့ကြောင့် ဝိသေသဝါကျမည်၏ဟု တစ်ချက်မှတ်လေ။

ဥဒါဟရဏ်

**မူလဝါကျ**

တထာ ဟိဿ ဂါထာဘိဂီတံ မေ အဘောဇနေယျန္တိ အာဒီသု မယာတိ အတ္ထော၊ သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတူတိ အာဒီသု မယှန္တိ အတ္ထော၊ ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထာတိ အာဒီသု မမာတိ အတ္ထော။ (သီလက္ခန်အဋ္ဌကထာ–၂၈၊ )

**မူလီဝါကျ**

ဣဓ ပန မယာ တန္တိ စ မမ သုတန္တိ စ အတ္ထဒွယေ ယုဇ္ဇတိ

အနက်–တထာ–တံ ဝဇနံ–ထိုစကားသည်၊ ဟိ သစ္စံ–မှန်၏၊ အဿ

မေ သဒ္ဒသ–ထိုမေသဒ္ဒါ၏(အတ္ထော်မှာစပ်)၊ ဂါထာတိ (လ)ယန္တိ အာဒီသု–တို့၌၊ မယာတိ အတ္ထော–မယာဟူသောအနက်ကို၊ ဒဋ္ဌဗ္ဗော–မှတ်အပ်၏၊ မေ မယာ–ငါသည်၊ ဂါထာဘိဂီတံ–ဂါထာဖြင့်ရွတ်အပ်၏၊ အဘောဇနေယျံ–မသုံးဆောင် အပ်၊ သာဓု မေ(လ)ဒေသေတူတိ အာဒီသု–တို့၌၊ မယှန္တိ အတ္ထော–မယှံဟူသော အနက်ကို၊ ဒဋ္ဌဗ္ဗော–မှတ်အပ်၏၊ သာဓု အာယာစာမိ–တောင်းပန်ပါ၏၊ ဘန္တေ–အရှင်ဘုရား၊ ဘဂဝါ–သည်၊ သံခိတ္တေန–အကျဉ်းအားဖြင့်၊ ဓမ္မံ–ကို၊ ဒေသေတု–ဟောတော်မူပါလော့၊ ဓမ္မဒါယာဒါ မေ(လ)ဘဝထာတိ အာဒီသု–တို့၌၊ မမာတိ အတ္ထော–မမဟူသောအနက်ကို၊ ဒဋ္ဌဗ္ဗော–မှတ်အပ်၏၊ ဘိက္ခဝေ–တို့၊ တုမှေ–သင်တို့သည်၊ မေ မမ–ငါဘုရား၏၊ ဓမ္မဒါယာဒါ–တရားတည်းဟူသော အမွေဥစ္စာရှိကုန်သည်၊ ဘဝထ–ဖြစ်ကုန်လော့။

ပန–အထူးကိုဆိုဦးအံ့၊ ဣဓ–ဤဇော် မေ သုတံဟူသောဝါကျ၌၊ မယာ–သည်၊ သုတံ ဥပလက္ခိတံ–မှတ်အပ်၏၊ ဣတိ စ–ဤသို့လည်းကောင်း၊ မမ–ငါ၏၊ သုတံ ဥပဓာရဏံ–ဆောင်မှတ်လိုက်ရခြင်းသည်၊ ဟောတိ–ဖြစ်၏၊ ဣတိ စ–ဤသို့လည်းကောင်း၊ အတ္ထဒ္ဒယေ–အနက်နှစ်ခု အပေါင်း၌၊ မေ သဒ္ဒေါ–မေ သဒ္ဒါသည်(ထည့်)၊ ယုဇ္ဇတိ–သင့်၏။

ဤပုံစံ၌ ရှေ့မူလဝါကျ၌ မေသဒ္ဒါသည် အများနှင့်ဆက်ဆံသော အနက် တို့ကို ဟောသောကြောင့် ဤ၌လိုအပ်သော အနက်ရပ်ကို မယူဆနိုင်ရ ကား ဣဓ ပန–စသော နောက်မူလီဝါကျကို တက်ပြလေသည်။

သာမညစုဒ်ထုတ်သော်

အဋ္ဌကထာဆရာ ဆရာသည် မေ–သဒ္ဒါ၏အနက်သုံးမျိုးကို ဆို၏။ ဤအနက်သုံးမျိုးလုံးကို ဤ၌ရကောင်းပါသလော၊ အဘယ်အနက်ထူးကို ရပါသနည်း စုဒ်ကြောင့် ဣဓ ပန–စသည်မိန့်။

အထူးမှတ်ချက်

ရွှေရေးဆောင်နိယံ၌ "အပြစ်တင်ဘွယ်၊ ပယ်၍ခဲခက်၊ တစ်ချက်သာ့မန်၊ စုဒ်ထုတ်ပြန်၊ မိန့်ဟန်အထူးပင်" ဟုဆို၏။

အဓိပ္ပါယ်ကား

(၁)စောဒကပုဂ္ဂိုလ်တို့သည့် အပြစ်ပြ၍ ပယ်လည်းပယ်လို၏၊ ပယ်ရန်လည်း ခဲယဉ်းသောအရာမျိုး၌လည်းကောင်း၊ (၂)အများနှင့်ဆက်ဆံ၍ မယူဆနိုင်သောအရာများမျိုးတို့၌လည်းကောင်း–ရှေ့မူလဝါကျ၌ ဤအချက်နှစ်ချက်တွင် တစ်ချက်ချက်ရှိ၍ တက်ပြသော နောက်မူလီဝါကျကို ဝိသေသဝါကျဟု မိန့်ဆို၏။

သင်္ကေတမှတ်ချက်

"သစေ ဣဓ။ နောက်ပန၊ ဝိသေသဟုစွဲ"။(ရွှေရေးဆောင်နိယံ)

သစေ ပန၊ ဣဓ ပန–ဟုရှိရာ၌ ဝိသေသဝါကျဟုမှတ်လေ။

(ဝိသေသဝါကျပြီး၏)

## အန္ဝယဝါကျနှင့်ဗျတိရေကဝါကျ

"အနုလောမ၊ ဝါကျတ္ထကို၊ ထွန်းပြတတ်ဘိ၊ နိပါတ်ရှိ၊ မှတ်ဘိအန္ဝယာ"

မူလဝါကျ၌ ဆန့်ကျင်ဘက် ပဋိပက္ခအားဖြင့် ပြဆိုအပ်ခဲ့ပြီးသော စကားကို အလျော်အားဖြင့် ခိုင်မြဲခြင်းစသည်ကို ပြုလျက် နောက်မူလီဝါကျတက်ပြခဲ့သော် ၎င်းဝါကျသည် အန္ဝယဝါကျမည်၏။

"အန္ဝယမှန်၊ ဝါကျတ္ထံကို၊ ပြန်လှန်တတ်ဘိ၊ နိပါတ်ရှိ၊ ဗျတိရေကသာ"။

မူလဝါကျ၌ အလျော်အားဖြင့် ပြဆိုအပ်ခဲ့ပြီးသော စကားကို ဆန့်ကျင်ဘက် ပဋိပက္ခအားဖြင့် ခိုင်မြဲခြင်းစသည်ကိုပြုလျက် နောက်မူလီဝါကျတက်ခဲ့သော် ၎င်းဝါကျသည် ဗျတိရေကဝါကျမည်၏။ထို့ကြောင့် ရွှေရေးဆောင်နိယံ၌လည်း "အနက်ရောက်လျော်၊ နွယခေါ်၊ ပြန်သော် ဗျတိတင်"ဟု မိန့်ဆို၏။

ရှင်းလင်းချက်

အန္ဝယ ဗျတိရေက–ဟူသောအမည်သည် ပထမဝါကျကို စွဲ၍ရသော အမည်ဖြစ်၏။အဘယ်သို့ဖြစ်သနည်း–ပထမမူလဝါကျသည် အန္ဝယဖြစ်အံ့၊ နောက်မူလီဝါကျသည် ဗျတိရေကဖြစ်ရမည်။ပထမမူလဝါကျသည် ဗျတိရေက

ဖြစ်ရမည်။နောက်မူလီဝါကျသည် အန္ဝယဖြစ်ရမည်။ဤသို့ မဟုတ်မူ၍ မူလဝါကျ၊ မူလီဝါကျနှစ်မျိုးလုံး အန္ဝယချည်းဖြစ်ခဲ့သော်လည်းကောင်း၊ ဗျတိရေကချည်းဖြစ်ခဲ့သော်လည်းကောင်း အန္ဝယဟူသောအမည်၊ ဗျတိရေကဟူသောအမည်ကို ခေါ်ဝေါ်မှုကိုပင် မပြုရတော့ပေ။ခေါ်ဝေါ်ရိုးလည်း မရှိခဲ့။ထို့ကြောင့် ရှေ့မူလဝါကျသည် ပဋိသေဓကင်း၍ အလျော်အားဖြင့် ပြဆိုသောဝါကျဖြစ်အံ့-နောက်မူလီဝါကျကို ပဋိသေဓနှင့်တကွ ဆန့်ကျင်ဘက်အားဖြင့် ဒဠှီ-ဝိတ္ထာရ-ကရဏစသည် တစ်မျိုးမျိုးဖြစ်စေလျက် တက်လာသောဝါကျဖြစ်လျှင် ဗျတိရေကဟုမှတ်။

ရှေ့မူလဝါကျသည် ပဋိသေဓနှင့်တကွ ဆန့်ကျင်ဘက်အားဖြင့် ဆိုထားသောဝါကျဖြစ်အံ့-နောက်မူလီဝါကျကို ပဋိသေဓကင်း၍ အလျော်အားဖြင့် ဒဠှီ-ဝိတ္ထာရ-ကရဏစသည် တစ်မျိုးမျိုးဖြစ်စေလျက် တက်လာသောဝါကျဖြစ်လျှင် အန္ဝယဝါကျဟုမှတ်လေ။

### အန္ဝယပုံစံ

| မူလဝါကျ | မူလီဝါကျ |
|---|---|
| (၁)အကုပ္ပန္တိ စ အရဟဿ ဖလဿေတံ နာမံ။(၂)သတိပိ ဟိ စတုန္နံ မဂ္ဂါနံ စတုန္နဉ္စ ဖလာနံ အဝိနဿနဘာဝေ သတ္တန္နံ သေက္ခာနံ သကသကနာမပရိစ္စာဂေန ဥပရူပရိ နာမန္တရပဝတ္တိတော တေသံ မဂ္ဂဖလာနိ အကုပ္ပါနီတိ န ဝုစ္စန္တိ။ | (၃)အရဟာ ပန သဗ္ဗဒါ ပိ အရဟာယေဝ နာမာတိ တဿေဝ ဖလံ ပုဂ္ဂလနာမဝသေန အကုပ္ပန္တိ ဝုတ္တံ။ |

အနက်=စ-အဖို့တစ်ပါးကို ဆိုဦးအံ့၊ အကုပ္ပန္တိ ဧတံ-အကုပ္ပဟူသောအမည်သည်၊ အရဟဿ ဖလဿ-အရဟတ္တဖိုလ်၏၊ နာမံ-အမည်တည်း။

ဟိ သစ္စံ-ထိုစကားမှန်၏၊ စတုန္နံ မဂ္ဂါနဉ္စ-လေးပါးသောမဂ်တို့၏လည်းကောင်း၊ စတုန္နံ ဖလာနဉ္စ-လေးပါးသောဖိုလ်တို့၏လည်းကောင်း၊ အဝိနဿနဘာဝေန-မပျက်စီးသည်၏အဖြစ်သည်၊ သတိပိ-ရှိပါသော်လည်း၊ သတ္တန္နံ သေက္ခာနံ-သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့၏၊(ဝါ)တို့အား၊ သကသကနာမပရိစ္စာ

ဂေန–မိမိတို့၏အမည်ကို စွန့်သဖြင့်၊ ဥပရူပရိနာမန္တရပ္ပဝတ္တိတော–အထက် အထက်သော အမည်ထူးဖြစ်တတ်သောကြောင့်၊ တေသံ–ထိုသေက္ခပုဂ္ဂိုလ်တို့၏၊ မဂ္ဂဖလာနိ–မဂ်ဖိုလ်တို့ကို၊ အကုပ္ပါနီတိ–အကုပ္ပတို့ဟူ၍၊ န ဝုစ္စန္တိ–မဆိုအပ်ကုန်။

ပန–အနွယကို ဆိုဦးအံ့၊ အရဟာ–ရဟန္တာသည်၊ သဗ္ဗဒါပိ–အလုံးစုံသော အခါ၌လည်း၊ အရဟာယေဝ နာမ–ရဟန္တာမည်သည်သာလျှင်တည်း၊ ဣတိ–ထို့ကြောင့်၊ တဿေဝ–ထိုရဟန္တာ၏သာလျှင်၊ ဖလံ–ဖိုလ်သည်၊ ပုဂ္ဂလနာမဝသေ န–ပုဂ္ဂိုလ်အမည်၏အစွမ်းအားဖြင့်၊ အကုပ္ပန္တိ–အကုပ္ပံဟူ၍၊ ဝုတ္တံ–ဆိုအပ်၏။

ဤပုံစံ၌ (၁)ဝါကျသည် အနွယ။(၂)ဝါကျသည် ဗျတိရေက။(၃)ဝါကျသည် အနွယဖြစ်နေပုံကို သတိပြုမိပါစေ။(၂–၃)ဝါကျတို့သည် ဒဠှီကရဏာမျိုး ကာရဏာမျိုး သက်ဝင်နေပုံကိုလည်း သတိပြုပါ။

အနုသန္ဓေတက်သော်

အရဟတ္တဖိုလ်၏ အကုပ္ပမည်သည်၏အဖြစ်ကို ဗျတိရေကအားဖြင့် ပြပြီး၍ အလျော်အနွယအားဖြင့် ပြလိုရကား အရဟာ ပန–စသည်ကို မိန့်။

ဂန္ထာဘရဏာကျမ်း၌ပြသော ပုံစံ

| **မူလဗျတိရေကဝါကျ** | **မူလီအနွယဝါကျ** |
|---|---|
| နေဝိတ္ထိံ ပဏ္ဍိတော သေဝေ။ | ဝင်္ကံ ဟိ ဣတ္ထိယာ မနံ။ |

အနက်=ပဏ္ဍိတော–ပညာရှိသည်၊ ဣတ္ထိံ–မိန်းမကို၊ နေဝ သေဝေ–မမှီဝဲရာ။

ဟိ–အနွယ အလျော်ကို ဆိုဦးအံ့၊ ဣတ္ထိယာ–မိန်းမ၏၊ မနံ–စိတ်သည်၊ ဝင်္ကံ–ကောက်၏။(ဤပုံစံကိုလည်း သတိပြုပါလေ)

ဗျတိရေကပုံစံ

| မူလဝါကျ | မူလီဝါကျ |
|---|---|
| (၁)ပစ္စယိကောတိ ပတ္တိယာယိတဗ္ဗကော သဒ္ဒါယိတဗ္ဗကောတိ အတ္ထော။ | (၂)ကေစ္စော ဟိ ပုဂ္ဂလော န ပစ္စယိကော ဟောတိ ဣဒံ ကေန ဝုတ္တံ၊ အသုကေနာတိ ဝုတ္တေ မာ တဿ ဝစနံ သဒ္ဒဟထာတိ ဝတ္တဗ္ဗံ အာပဇ္ဇတိ။ (၃) ကော ပစ္စယိကော ဟောတိ၊ ဣဒံ ကေန ဝုတ္တံ၊ အသုကေနာတိ ဝုတ္တေ ယဒိ တေန ဝုတ္တံ ဣဒမေဝ ပမာဏံ၊ ဣဒါနိ ဥပပရိက္ခိတဗ္ဗံ နတ္ထိ ဧဝမေဝ ဣဒန္တိ ဝတ္တဗ္ဗတံ အာပဇ္ဇတိ အယံ ဝုစ္စတိ ပစ္စယိကော။ (သီလက္ခန်အဋ္ဌကထာ -၇၂၊ ) |

အနက်=(၁)ပစ္စယိကောတိ-ဟူသည်ကား၊ ပတ္တိယာယိတဗ္ဗကော-ရောက်အပ်သော စကားရှိ၏(ဝါ)ယုံကြည်လောက်သော စကားရှိ၏၊ သဒ္ဒါယိတဗ္ဗကော -ယုံကြည်လောက်သော စကားရှိ၏၊ ဣတိ-ဤသည်ကား၊ အတ္ထော-အနက်တည်း။

(၂)ဟိ-ဗျတိရေကကို ဆိုဦးအံ့၊ (ချဲ့၍ဆိုဦးအံ့ဟူ၍လည်း ပေး)၊ ကေစ္စော-အချို့သော၊ ပုဂ္ဂလော-သည်၊ ပစ္စယိကော-ယုံကြည်လောက်သော စကားရှိသည်၊ န ဟောတိ-မဖြစ်၊ ဣဒံ-ဤစကားကို၊ ကေန-အဘယ်သူသည်၊ ဝုတ္တံ-ဆိုအပ်သနည်း၊ အသုကေန-ဤမည်သောသူသည်၊ ဝုတ္တံ-ဆိုအပ်၏၊ ဣတိ-ဤသို့၊ ဝုတ္တေ-ဆိုအပ်သည်ရှိသော်၊ တဿ-ထိုသူ၏၊ ဝစနံ-စကာကို၊ မာ သဒ္ဒဟထ-မယုံကြည်ကြကုန်လင့်၊ ဣတိ-သို့၊ ဝတ္တဗ္ဗတံ-ဆိုအပ်သည်၏ အဖြစ်သို့၊ အာပဇ္ဇတိ-ရောက်၏၊

(၃)ကော-အချို့သော၊ ပုဂ္ဂလော-သည်၊ (ပ)တေန-ထိုသူသည်၊ ယဒိ ဝုတ္တံ-အကယ်၍ဆိုသည်ဖြစ်အံ့၊ ဣဒမေဝ-ဤသူဆိုသော စကားသည်သာလျှင်၊ ပမာဏံ-ယုံကြည်နိုင်လောက် ပမာဏမြောက်၏၊ ဣဒါနိ-ဤယခုအခါ၌၊ ဥပပရိက္ခိတဗ္ဗံ-စူးစမ်းဆင်ခြင်ဖွယ်သည်၊ နတ္ထိ-မရှိ၊ ဣဒံ-ဤစကားသည်၊ ဧဝမေဝ-ဤသူဆိုတိုင်းသာတည်း၊ ဣတိ-သို့၊ ဝတ္တဗ္ဗတံ-သို့၊ အာပဇ္ဇတိ-၏၊ အယံ-

ဤပုဂ္ဂိုလ်ကို၊ ပစ္စယိကော–ဟူ၍၊ ဝုစ္စတိ–၏။

ဤပုံစံ၌ (၁)ဝါကျသည် အနွယဝါကျ၊ (၂)ဝါကျသည် ဗျတိရေက ဝါကျ၊(၃)ဝါကျသည် အနွယဝါကျ–ဤသို့ ခွဲ၍မှတ်လေ။ဤ(၂–၃)ဝါကျများ သည် ဝိတ္ထာရဖြစ်ပုံကိုလည်း စဉ်းစားမိပါစေ။သီလက္ခန်ဋီကာသစ်(ပ)၃၂၆–၌ လည်း "တဒေဝတ္ထံ ဗျတိရေကေန အနွယေန စ ဒဿေတုံ ကေစ္စောဟိတိ အာဒိ ဝုတ္တံ"ဟုမိန့်ဆိုအပ်၏။

### အနုသန္ဓေတက်သော်

အဋ္ဌကထာဆရာသည် ပစ္စယိကောကို ပတ္တိယာယိတဗ္ဗကောဟု ဖွင့်ပြ ၏။ထိုပတ္တိယာယိတဗ္ဗကောကို သဒ္ဓါယိတဗ္ဗကောဟု ဂုဠှတ္ထကိုဖော်ပြပြီး၍ ထို ဂုဠှတ္ထကိုပင် ဗျတိရေက အနွယတို့ဖြင့် အကျယ်ချဲ့ပြလိုရကား ကေစ္စော ဟိ– စသည်ကို မိန့်။

(၄င်းအနွယ ဗျတိရေကဝါကျတို့သည် ဒဠှီ ဝိတ္ထာရ ကာရဏဝါကျ– စသည်တို့၌ကဲ့သို့ ဓောဒနာထွက်စသည်ကို ပြုလုပ်ပါ)

### သင်္ကေတမှတ်ချက်

အညထာ၊ ဣတရထာ၊ န ဟိ၊ န စ၊ န ပန–စသည်တို့ဖြင့် တက်လာ သောဝါကျကိုလည်း ဗျတိရေကပင်မှတ်လေ။ (အနွယနှင့်ဗျတိရေကပြီး၏)

## ဂရဟာဝါကျနှင့်သမ္ဘာဝနာဝါကျ

"သမ္ဘာဝနာ၊ ဝါကျတ္ထာတွက်၊ မနှစ်သက်မှန်၊ တက်ခဲ့ပြန်ဘိ၊ နိပါတ်ရှိ၊ မှတ်ဘိဂရဟာ"

ရှေ့မူလဝါကျ၌ ဓောဒက၏စကားကို ချီးမွမ်း၏။(ခဏမျှ ချီးမြှောက် ထောက်ခံသယောင်ယောင် ပြု၏)နောက်မူလီဝါကျ၌ ၄င်းစကားကိုပင် ကဲ့ရဲ့ရှုတ် ချ၏။(အပြစ်တင် ကန့်ကွက်၏)ထို့ကြောင့် ဂရဟာဝါကျမည်၏။

"ဂရဟိတဗ္ဗ၊ ဝါကျတ္ထလှန်၊ ချီးမွမ်းပြန်၍၊ တဖန်တက်ဘိ၊ နိပါတ်ရှိ၊

မှတ်သိ သမ္ဘာဝနာ"။

ရှေ့မူလဝါကျ၌ စောဒကာ၏စကားကို ကဲ့ရဲ့၏။(ကဲ့ရဲ့ရှုတ်ချသယောင်ယောင်ပြု၏)နောက်မူလဝါကျ၌ ၄င်းစကားကို ချီးမွမ်း၏။(ချီးမွမ်းထောက်ခံ၏)။ ထို့ကြောင့် သမ္ဘာဝနာဝါကျမည်၏။

ရှင်းလင်းချက်

"ပန စပ်ရာ၊ ယုတ်နည်းပါ၊ ဂရဟာမှတ်ယူရာ"(ရွှေရေးဆောင်နိယံ)။

"ယင်းသို့စပ်ရာ၊ များမြတ်ပါ၊ သမ္ဘာဝနာသာ"(ရွှေရေးဆောင်နိယံ)။

အဓိပ္ပါယ်ကား

ပန စပ်ရာကြိယာနှင့်တကွ နောက်မူလီတစ်ဝါကျလုံး၏ အနက်သဘောသည် ရှေ့မူလဝါကျ၌ ဆိုအပ်သောစကားအောက် ယုတ်နည်းနေခဲ့မူ ၄င်း ပန–ထိုင်ရာဝါကျသည် ဂရဟာဝါကျမည်၏။(ရှေ့မူလဝါကျကို ကဲ့ရဲ့ရှုတ်ချ ကန့်ကွက် မနှစ်သက်တဲ့အမူအရာ ပေါ်နေခြင်းသည် ယုတ်နည်း၏ဟုမှတ်ပါလေ)။

ပန–စပ်ရာကြိယာနှင့်တကွ နောက်မူလီတစ်ဝါကျလုံး၏ အနက်သဘောသည် ရှေ့မူလဝါကျ၌ဆိုအပ်သော အနက်သဘောထက် များမြတ်နေခဲ့မူ ၄င်း ပန–ထိုင်ရာဝါကျသည် သမ္ဘာဝနာဝါကျဖြစ်၏။(ရှေ့မူလဝါကျကို ချီးမြှောက်ထောက်ခံ အားပေး နှစ်သက်တဲ့အမူအရာ ပေါ်နေခြင်းသည် များမြတ်ခြင်းပင်ဖြစ်၏ဟု မှတ်ပါလေ)

**ဂရဟာဝါကျပုံစံ**

| **မူလဝါကျ** | **မူလီဝါကျ** |
|---|---|
| က္ကဒါနိ ကောန ဘဂဝတော ဝဏ္ဏော ဝတ္တဗ္ဗော ဘဝေယျ၊ | ယသ္မာ ပနေသ လာဘသက္ကာရဟာနိယာ စေဝ၊ ပက္ခဟာနိ ယာ စ နိစ္စမ္ပိ ဘဂဝန္တံ ဥသုယျတိ။(သီလက္ခန်အဋ္ဌကထာ(၄၂) |

အနက်=က္ကဒါနိ–ဘုရား၏ တင့်တယ်စမွယ်ခြင်းဖြင့် နေတော်မူသည်ကို မြင်လေရာ ထိုအခါ၌၊ တေန–ထိုသုပ္ပိယပရိဗိုဇ်သည်၊ ဘဂဝတော–မြတ်စွာဘုရား၏၊ ဝဏ္ဏော–ဂုဏ်ကျေးဇူးကို၊ ဝတ္တဗ္ဗော–ပြောဆိုအပ် ပြောဆိုထိုက်သည်၊ ဘဝေ

ယျ–ဖြစ်ရာ၏၊

ပန တထာပိ–ထိုသို့ပြောဆိုထိုက်သော်လည်း၊ ဧသ–ဧသော–ဤပရိဗိုဇ်သည်၊ လာဘသက္ကာရဟာနိယာ စေဝ–လာဘ်ပူဇော်သက္ကာရမှ ဆုတ်ယုတ်သောကြောင့်လည်းကောင်း၊ ပက္ခဟာနိယာ စ–ပရိသတ်အသင်းအပင်းမှ ဆုတ်ယုတ်သောကြောင့်လည်းကောင်း၊ နိစ္စမ္ပိ–အမြဲလည်း၊ ဘဂဝန္တံ–မြတ်စွာဘုရားကို၊ ဥဿူယတိ–ငြူစူစောင်းမြောင်း၏။(ဝါ)အပြစ်ကို ထင်စွာပြု၏။

ဤပုံစံ၌ မူလဝါကျ မူလီဝါကျတို့၌ ဆိုအပ်သောစကားတို့ကို အဖန်ဖန်စဉ်းစားပါ။မူလဝါကျစကားရပ်သည် သမ္ဘာဝနာ–ချီးမြှောက်သယောင်ယောင်ဖြစ်နေပုံနှင့် မူလီဝါကျစကားသည် မူလဝါကျ၌ ဆိုအပ်သောစကားရပ်ကို ကဲ့ရဲ့ရှုတ်ချ ကန့်ကွက် မနှစ်သက်တဲ့ အမူအရာပေါ်နေပုံတို့ကို ဉာဏ်၌ထင်မြင်လာပါစေ။သို့မှသာ ဂရဟာဝါကျဖြစ်ပုံကို သဘောကျနိုင်မည်။

သီလက္ခန်ဋီကာသစ်(ပ)၌" ပနာတိ အရုစိ သံသူစနတ္ထော တထာပီတိ အတ္ထော"ဟု မိန့်ဆို၏။(အရုစိနှင့်ဂရဟာသည် အတူတူပင်ဖြစ်၏)

**သမ္ဘာဝနာဉဒါဟရဏ်**

| မူလဝါကျ | မူလီဝါကျ |
|---|---|
| မိဂပက္ခီနမ္ပိ စက္ခူနိ ပီဏယတိ။ | ပဂေဝ ဒေဝမနုဿာနံ။ |
| | (သီလက္ခန်အဋ္ဌကထာ–၄၀၊) |

အနက်=မိဂပက္ခီနမ္ပိ–သားငှက်တို့၏သော်လည်း၊ စက္ခူနိ–မျက်စိတို့ကို၊ ပီဏယတိ–နှစ်သက်စေနိုင်သေး၏၊ ဒေဝမနုဿာနံ–နတ်လူတို့၏၊ စက္ခူနိ ပန–မျက်စိတို့ကိုကား၊ ပဂေဝ ပီဏယတိ–အဘယ်မှာ မနှစ်သက်စေနိုင်ဘဲရှိအံ့နည်း၊ ပီဏယတိ ဧဝ–နှစ်သက်စေသည်သာတည်း၊ (ပန–သဒ္ဒါ ရှိသင့်သည်)။ ဤပုံစံ၌ မူလမူလီစကားရပ်တို့ကို အထပ်ထပ် စဉ်းစား၍ မူလီဝါကျစကားသည် မူလဝါကျ၌ ဆိုအပ်သောစကားရပ်ကို ချီးမြှောက်ထောက်ပံ့ အားပေးနှစ်သက်တဲ့ အမူအရာဖြစ်ပေါ်နေပုံကို ဉာဏ်၌ထင်နေပါစေ။သို့မှ သမ္ဘာဝနာဝါကျဖြစ်ပုံကို သဘောကျမည်။

သီလက္ခန်ဋီကာသစ်(ပ) ၁၇၈–၌" မိဂပက္ခီနမ္ပီတိ ပိသဒ္ဒေါ ဝါ အပိ

သဒ္ဒေါ ဝါ သမ္ဘာဝနာယံ ကေနာဟ ဒေဝမနုဿာနန္တိ"ဟု မိန့်ဆို၏။

ငှင်းဋီကာပါဌ်ဖြင့် ပိသဒ္ဒါ အပိသဒ္ဒါတို့သည် မိမိတည်နေရာပုဒ်က ယုတ်နည်း၍ ဂရဟာယူသင့်သော်လည်း စပ်ရာထွန်းပြရာပုဒ်က များမြတ်နေပါမူ သမ္ဘာဝနာဟုမှတ်ယူရမည်ကို ပြ၏။

## ကိဉ္စာပိ၊ ကာမဉ္စ–စသောဝါကျဥ္ သိရန်

ကိဉ္စာပိ၊ ကာမဉ္စ–စသောဝါကျတို့၌လည်း အရုစိနှင့်အနုဂ္ဂဟတို့ကို ခွဲ၍ သိမှတ်ရမည်။(အရုစိနှင့်ဂရဟာအတူတူမှတ်၊ အနုဂ္ဂဟနှင့်သမ္ဘာဝနာအတူတူမှတ်)

ကိဉ္စာပိငုံရာရှေ့ပိုဒ် မူလဝါကျသည် စောဒက၏ အာဘောဂကို ပြ၏ဟု မှတ်။ပန–အထခေါ–တိုင်ရာနောက်ပိုင်းမူလီဝါကျသည် ကျမ်းဆရာ၏ အဖြေအာဘောဂကိုပြ၏ဟုမှတ်။ကိဉ္စာပိငုံရာ ရှေ့ပိုင်းမူလဝါကျသည် အရုစိဖြစ်အံ့–ပန –အထခေါ–တိုင်ရာ နောက်ပိုင်းမူလီဝါကျသည် အနုဂ္ဂဟဖြစ်၏။ကိဉ္စာပိငုံရာ ရှေ့ပိုင်းဝါကျသည် အနုဂ္ဂဟဖြစ်အံ့–ပန–ထိုင်ရာ နောက်ပိုင်းဝါကျသည် အရုစိ ဖြစ်၏ဟုမှတ်။

ထို့ကြောင့်" ပန–နုဂ္ဂဟာ၊ ထွန်းလေရာ၊ ကိဉ္စာ အရုစိ။

"ကိဉ္စာပိက၊ နုဂ္ဂဟာ၊ ပန အရုစိ"ဟု ရှေးရေးဆောင်နိယံဆို၏။

## **ကိဉ္စာပိနှင့်အနုဂ္ဂဟ သိနိုင်ရန်**

"ပန–စပ်ရာ၊ ယုတ်နည်းပါ၊ ယူပါ အရုစိ"။

"ယင်းသို့စပ်ရာ၊ များမြတ်ပါ၊ နုဂ္ဂဟာဟု သိ"။(ရှေးရေးဆောင်နိယံ)

အဓိပ္ပါယ်ကား ပန–အထခေါ–စပ်ရာကြိယာနှင့်တကွ တစ်ဝါကျလုံး၏ အနက်သဘောသည် ကိဉ္စာပိငုံရာ စောဒကာဘောဂပြဝါကျအောက် ယုတ်လျော့ နည်းပါးနေခဲ့မူ ငှင်းပန–ဝါကျသည် အရုစိဝါကျဟုမှတ်။အကယ်၍ များမြတ်နေ ခဲ့မူ အနုဂ္ဂဟဝါကျဟုမှတ်။

(အထူးသတိပြုရန်–ဝါကျနှစ်ခု၏ အနက်သဘောကို ယုတ္တာယုတ္တိ ရှိမရှိ စဥ်းစားလိုက်သော် အယုတ္တိသဘောသက်ဝင်လျက် ယုတ်နည်းသည်ဟုမှတ်။

ဟုတ်မှန်၍ ယုတ္တိသဘောသက်ဝင်လျှင် များမြတ်သည်ဟုမှတ်ပါ)။

**အရှစိထွန်းပြသောပုံစံ**

ကုက္ကုဋ္ဌိယာ အဏ္ဍာနိ အဋ္ဌ ဝါ ဒွါဒသ ဝါတိ ဧတ္ထ ပန ကိဉ္စာပိ ကုက္ကုဋိယာ ဝုတ္တပ္ပကာရတော ဦနာဓိကာနိပိ အဏ္ဍာနိ ဟောန္တိ၊ အထခေါ ဝစနသိလိဋ္ဌတာယ ဧဝံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ (ပါရာဇိကဏ်အဋ္ဌကထာ-၁၀၈၊ )

အနက်=ပန-အထူးကိုဆိုဦးအံ့၊ ကုက္ကုဋ္ဌိယာ (ပ)ဧတ္ထ-ဟူသောဤဝါကျ၌၊ ကုက္ကုဋ္ဌိယာ-ကြက်မ၏၊ ဝုတ္တပကာရတော-ဆိုအပ်ပြီးသော အပြားအောက် (ဝါ) ထက်၊ ဦနာဓိကာနိပိ-အယုတ်အလွန်လည်းဖြစ်ကုန်သော၊ အဏ္ဍာနိ-ဥတို့သည်၊ ကိဉ္စာပိ ဟောန္တိ-အကယ်၍ ဖြစ်သင့်ကုန်၏၊ အထခေါ-ထိုသို့ဖြစ်သင့်ငြားသော်လည်း၊ ဝစနသိလိဋ္ဌတာယ-စကား၏ ပြေပြစ်ချောမွေ့သည်၏ အဖြစ်အကျိုးငှါ၊ ဧဝံ-ဤသို့၊ ဝုတ္တံ-၏၊ က္ကတိ-သို့၊ ဝေဒိတဗ္ဗံ-သိအပ်၏။

ဤပုံစံ၌ ဓောဒကာသောဂစကားနှင့် ကျမ်းဆံရာ၏အဖြေစကား နှစ်ရပ်တို့ကို ယုတ္တာယုတ္တိ ရှိ-မရှိ ထောက်ဆလိုက်သော် ဓောဒကာသောဂစကားရပ်သည် ယုတ္တိရှိနေသောကြောင့် အနုဂ္ဂဟဖြစ်၏ဟုမှတ်။ကျမ်းဆရာ၏ အဖြေအာသောဂစကားသည် အယုတ္တိသဘောသက်နေသောကြောင့် အရှစိဖြစ်၏ဟုမှတ်လေ။

**အနုဂ္ဂဟထွန်းပြသောပုံစံ**

| မူလဝါကျ | မူလိဝါကျ |
| --- | --- |
| ကာမဉ္စေတေ ဝိတက္ကဝိစာရာ ဒုတိယဈ္ဈာနေယေဝ ဝူပသန္တာ၊ | က္ကမဿ ပန ဈာနဿ မဂ္ဂပရိဒီပနတ္ထံ ဝဏ္ဏာဘဏနတ္ထဉ္စေတံ ဝုတ္တံ။ |

(ပါရာဇိကဏ်အဋ္ဌကထာ ၁၁၁၊ )

အနက်=ဧတေ ဝိတက္ကဝိစာရာ-ဤဝိတက်ဝိစာရတို့သည်၊ ဒုတိယဈ္ဈာနေယေဝ-ဒုတိယဈာန်၌သာလျှင်၊ ဝူပသန္တာ-ငြိမ်းကုန်သည်၊ ကာမဉ္စ ဟောန္တိ-အကယ်၍ ဖြစ်ပေကုန်၏၊ ပန တထာပိ-ထိုသို့ပင်ဖြစ်ပါကုန်သော်လည်း၊ က္ကမဿ ဈာနဿ-ဤတတိယဈာန်၏၊ မဂ္ဂပရိဒီပနတ္ထဉ္စ-အကြောင်းကို ပြခြင်းငှါ

လည်းကောင်း၊ ဝဏ္ဏာဘဏာနတ္တဋ္ဌ–ဂုဏ်ကျေးဇူးကို ချီးကျူးခြင်းအကျိုးငှါလည်းကောင်း၊ စေတံ–ဤ ဝိတက္ကဝိစာရာနံ ဝူပသမာ–ဟူသောပုဒ်ကို၊ ဝုတ္တံ–ဟောတော်မူအပ်၏။

ဤပုံစံ၌ ကာမဋ္ဌ–ဟူသော ရှေ့ပိုင်းဝါကျသည် အရစိ။ပန–ဟူသော နောက်ပိုင်းဝါကျသည် အနုဂ္ဂဟဖြစ်၏ဟုမှတ်။(ဖြစ်ပုံအဓိပ္ပါယ်ကို ပြပြီးနည်းကို မှီ၍သိလေ)

### သမ္ဘာဝနာ ဂရဟာဝါကျတို့ တည်နေပုံ

ရှေ့ပိုင်းမူလဝါကျမှာ "ပိ–အပိ၊ ကိဉ္စာ ပိ၊ ကာမဋ္ဌ၊ ယဒိ ပိ၊ သစေ ပိ၊ တထာ ပိ"စသည်ဖြင့် တည်နေ၏။နောက်ပိုင်းမူလီဝါကျမှာ " ပန၊ တထာ ပိ၊ အထခေါ၊ ဧဝံ ပိ" စသည်ဖြင့် တည်နေ၏။

ရှေ့ပိုင်း၌ " ပိ၊ အပိ"စသောနိပါတ်ပုဒ်မရှိပဲ နောက်ပိုင်း၌" ပန "စသော နိပါတ်ပုဒ်ဖြင့်သာ တည်နေသော သမ္ဘာဝနာ၊ ဂရဟာလည်း ရှိသေး၏။

(ဂရဟာနှင့်သမ္ဘာဝနာဝါကျပြီး၏)

## ပက္ခန္တရဝါကျ

"ပေါင်းပြီးစိတ်ပြ၊ ဝါကျတ္တကို၊ ထွန်းကာတတ်ဘိ၊ နိပါတ်ရှိ၊ မှတ်ဘိ ပက္ခန္တာ"။" ပေါင်းပြီးစိတ်ပြ၊ နောက်ဝါကျ၊ ယူကြပက္ခန္တာ"။(ရွှေရေးဆောင်နိယံ)

ဒွန်သမာသ်အဖြစ်ဖြင့်လည်းကောင်း၊ ဝါကျ၏အဖြစ်ဖြင့်လည်းကောင်း၊ သံဝဏ္ဏေတဗ္ဗပါဠိရပ်ကသော်လည်းကောင်း ပေါင်းစုပြီးသောစကားရပ်တို့ကို ပထမ၊ ဒုတိယ၊ တတိယ–စသည်ဖြင့် အစိတ်စိတ်ထုတ်ပြရာတွင် ပထမအစိတ်အပိုင်းသည် မူလပက္ခဝါကျမည်၏။၎င်းကိုထောက်၍ ဒုတိယအစိတ်အပိုင်းသည် မူလီပက္ခန္တရဝါကျဖြစ်၏။ဒုတိယဝါကျကို မူလပက္ခဝါကျထား၍ တတိယဝါကျသည် မူလီပက္ခန္တရဝါကျဖြစ်ပြန်၏။ဤနည်းတူ စတုတ္ထ၊ ပဉ္စမစသောအစိတ်အပိုင်းတို့ကိုလည်း ပက္ခ၊ ပက္ခန္တရ–အပြန်အလှန်ဖြစ်ပုံကို မှတ်လေ။အထူးအားဖြင့် ပထမအစိတ်အပိုင်းသည် ပက္ခသာဖြစ်နိုင်၏။ပက္ခန္တရဝါကျမမည်နိုင်ကြောင်း သတိပြု။

**ပုံစံ**

အတ္တာနံ သူစနတော၊ သုဝုတ္တတော သဝနတော သူဒနတော။
သုံတ္တာနာ သုတ္တသဘာဂတော စ သုတ္တန္တိ အက္ခာတန္တိ။(ပေါင်းစုစကား)

| မူလပက္ခဝါကျ | မူလိပက္ခန္တရဝါကျ |
| --- | --- |
| တညို အတ္တတ္တပရတ္ထာဒိဘေဒေ အတ္ထေ သူစေတိ။ | သုဝုတ္တာ စေတ္ထ အတ္ထာ၊ ဝေနေယျဇ္ဈာ သယာနုလောမေန ဝုတ္တတ္တာ–စသည်။ |

(သီလက္ခန်အဋ္ဌကထာ –၁၈၊ )

အနက်=အတ္တာနံ–မိမိကျိုး သူတစ်ပါးအကျိုးစသော အပြားရှိကုန်သော အကျိုးတို့ကို၊ သူစနတော စ–ပြတတ်သောကြောင့်လည်းကောင်း၊ အတ္တာနံ–တို့၏၊ သုဝုတ္တတော စ–ကောင်းစွာဟောရာဖြစ်သောကြောင့်လည်းကောင်း၊ အတ္တာနံ–တို့ကို၊ သဝနတော စ–ပွါးစီးစေတတ်သောကြောင့်လည်းကောင်း၊ သူဒနတော စ–ယိုစီးစေတတ်သောကြောင့်လည်းကောင်း၊ သုတ္တာနာ စ–ကောင်းစွာစောင့်ရှောက်တတ်သောကြောင့်လည်းကောင်း၊ သုတ္တသဘာဂတော စ–တံမျဉ်းချည်' ပန်းသီတံချည်နှင့်တူသောကြောင့်လည်းကောင်း၊ သုတ္တန္တိ–သုတ္တဟူ၍၊ အက္ခာတံ–ဆိုအပ်၏။

ဟိ–ချဲ့၍ဆိုဦးအံ့၊ တံ သုတ္တံ–ထိုသုတ်သည်၊ အတ္တတ္တပရတ္ထာဒိဘေဒေ–မိမိ၏အကျိုး သူတစ်ပါး၏အကျိုးစသည်အပြားရှိကုန်သော၊ အတ္ထေ–အကျိုးတို့ကို၊ သူစေတိ–ပြတတ်၏။

စ–အဖို့တစ်ပါးကို ဆိုဦးအံ့၊ ဧတ္ထ ပိဋ္ဌကေ–ဤပိဋကတ်၌၊ ဝေနေယျဇ္ဈာသယာနုလောမေန–ဝေနေယျသတ္တဝါတို့၏ အလိုအားလျော်သဖြင့်၊ ဝုတ္တတ္တာ–ဟောအပ်သည်၏အဖြစ်ကြောင့်၊ အတ္ထာ–အကျိုးစီးပွါးတို့ကို၊ သုဝုတ္တာ–ကောင်းစွာဟောအပ်ကုန်၏။

ဤပုံစံ၌ ရှေးဦးစွာ သုတ္တသဒ္ဒါ၏ အနက်(၆)မျိုးကို အကျဉ်းဥဒ္ဒေသအားဖြင့် ပေါင်းစု၍ပြ၏။ထို့နောက်မှ ၎င်း(၆)မျိုးကို အကျယ်အားဖြင့် အစိတ်အစိတ် အဖို့အဖို့ တစ်ဝါကျစီခွဲခြား၍ပြ၏။၎င်း(၆)ဝါကျတို့တွင် ဒုတိယဝါကျမှစ၍ ဆဋ္ဌဝါကျတိုင်အောင် ဝါကျတို့သည် အချင်းချင်းထောက်၍ ပက္ခ၊ ပက္ခန္တရ–

အပြန်အလှန်ဖြစ်ကြသည်။

(ပထမဝါကျသည် သူ၏ရှေ့က ပက္ခ–အဖို့အစု တစ်ခုမရှိသောကြောင့် ပက္ခန္တရမဖြစ်နိုင်၊ ပက္ခသာဖြစ်ရလေသည်။)(ဝိတ္ထာရဝါကျကြီးထဲ၌ ပက္ခဝါကျ၊ ပက္ခန္တရဝါကျတို့ဖြစ်နေပုံကို သတိပြုပါ)။

စောဒနာထွက်သော်

အဋ္ဌကထာဆရာ ဆရာသည် သုတ္တသဒ္ဒါ၏အနက်(၆)မျိုးကို ဥဒ္ဒေသ အစဉ်ထားပြီး၍ " တဒို(လ)သုစေတိ "ဟုမိန့်ဆို၏။ထိုသို့သာ ဆိုအပ်သည်ရှိသော် အစိတ်အဖို့(၆)မျိုးတို့တွင် တစ်မျိုးသာ ဆိုအပ်သေးသည်မဟုတ်ပါလော၊ ထိုသို့ဖြစ်သောကြောင့် " တဒို(လ)သုစေတိ "ဟူ၍သာ မဆိုသင့်။ကြွင်းသောအစိတ်အဖို့တို့ကိုလည်း ပြဆိုသင့်သေး၏။ကြွင်းသောအစိတ်အဖို့တစ်ပါးတို့ကို အဘယ်သို့မှတ်ရမည်နည်း–မေးဖွယ်ရှိသောကြောင့် "သုဝုတ္တာ စေတ္ထ "စသည်မိန့်။

သင်္ကေတမှတ်ချက်

"တတော ပရံ နောက်၊ နိပါတ်ရောက်၊ နက်ကောက် အဖို့ခွဲ "(ရှေးရေး) တတော ပရံ ပန၊ တတော ပရံ ဟိ–ဟုထုတ်ပြရာ၌ ပက္ခန္တရဝါကျဟု မှတ်ပါ။

ကေစိ ပန၊ အပရေ ပန၊ ဝါ၊ ထဝါ၊ အပရော နယော–သဒ္ဒါတို့ဖြင့် တက်ပြသောဝါကျတို့ကိုလည်း ပက္ခန္တရဝါကျဟု ဆရာတို့မိန့်ဆိုသေး၏။ဂဏ္ဌိကျမ်းဆရာအလိုအားဖြင့် ဝိသေသဝါကျ–ဖြစ်သင့်ရာ၏။(ကြိုက်ရာယူလေ)။

(ပက္ခန္တရဝါကျပြီး၏)

**လဒ္ဓဂုဏဝါကျနှင့်တကွ (၁၆)မျိုးသောဝါကျ၏ အဓိပ္ပါယ်ဖော်ပြခန်းပြီးပြီ။**

ပြဆိုခဲ့ပြီးသော ဝါကျလက္ခဏာတို့ကို သေချာပိုင်နိုင်အောင် ကြည့်ရှုလေ့လာပြီးလျှင် ယုတ္တာယုတ္တိ ထောက်ချင့်၍ ဝါကျအမျိုးအမည်ကို ခွဲခြားနိုင်ပါလိမ့်မည်။အချို့သော အရာဌာနၥ၌ မိမိတို့၏အလို နှလုံးသွင်းအားလျော်စွာ ဝါကျနှစ်မျိုး သုံးမျိုး လေးမျိုး ငါးမျိုးဖြစ်နိုင်သည်ကိုလည်း ဉာဏ်ထင်မြင်လာပါလိမ့်မည်။

# နှစ်ဝါကျ သုံးဝါကျစသည်ဖြစ်ပုံ

## ဝါကျ(၂)မျိုး

အချို့သောဝါကျ၌ ရှေ့မူလဝါကျဝယ် ဖုံးကွယ်' သိုဝှက်'အသိခက်သော လီနတ္တအချက်ရှိ၏ဟု နှလုံးသွင်း၍ နောက်မူလီဝါကျကို တပ္ပါကဋီကရဏာဟု ဆုံးဖြတ်၏။ရှေ့မူလဝါကျဝယ် ထူးဆန်းသောသဘောရှိ၍ ယိမ်းယိုင်ဖွယ်ရှိ၏ဟု နှလုံးသွင်း၍ နောက်မူလီဝါကျကို ဒဋ္ဌီကရဏာဟု ဆုံးဖြတ်၏။ဤသို့နှလုံးသွင်း အားလျော်စွာ (၂)မျိုးဖြစ်သင့်သော အရာမျိုးလည်းရှိ၏။ထို့ကြောင့်---

"လီနတ်မခိုင်၊ မထင်ယိုင်၊ ပိုင်ပိုင်ထင်ရှားမြဲ"ဟု ရှေးရေးဆောင်နိယံတွင် မိန့်၏။

== == ==

အချို့သောဝါကျ၌ ရှေ့မူလဝါကျဝယ် ၄တ်၊ ကျဉ်း၊ မပေါ်သောအနက်ရှိ၏ဟုနှလုံးသွင်း၍ နောက်မူလီဝါကျကို ဝိတ္ထာရဟု ဆုံးဖြတ်၏။ရှေ့မူလဝါကျဝယ် ထူးဆန်းသောသဘောရှိ၍ ယိမ်းယိုင်ဖွယ်ရှိ၏ဟု နှလုံးသွင်း၍ နောက်မူလီဝါကျကို ဒဋ္ဌီကရဏာဟု ဆုံးဖြတ်၏။ဤသို့ (၂)မျိုးဖြစ်သင့်သောအရာလည်း ရှိ၏။ ထို့ကြောင့်---

"၄တ်' ကျဉ်း' မခိုင်၊ မပေါ်ယိုင်၊ မြိုင်မြိုင် ချဲ့ယူမြဲ"ဟု ရှေးရေးဆောင်နိယံတွင်မိန့်ဆို၏။

== == ==

အချို့သောဝါကျ၌ ရှေ့မူလဝါကျဝယ်ဝက်တ္ထအကျိုးဖြစ်၏ဟုနှလုံး၍ နောက်အကူမူလီဝါကျကို ကာရဏာဝါကျဟုဆုံးဖြတ်၏။ရှေ့မူလဝါကျဝယ် ထူးဆန်းသောသဘောရှိ၍ ယိမ်းယိုင်ဖွယ်ရှိ၏ဟု နှလုံးသွင်း၍ နောက်မူလီဝါကျကို ဒဋ္ဌီကရဏာဟုဆုံးဖြတ်၏။ဤသို့ (၂)မျိုးဖြစ်သင့်သောအရာလည်းရှိ၏။ထို့ကြောင့်

"ကျိုးကောက်မခိုင်၊ ဟိတ်လိုယိုင်၊ မြစ်ကိုင် ဟိတ်ပေမြဲ"ဟု ရှေးရေးဆောင်နိယံဆို၏။

== === ==

အချို့ဝါကျ၌ တစ်ခါတရံ လဒ္ဓဂုဏ၊ ဒဋ္ဌီကရဏနှစ်မျိုးဖြစ်သင့်၏။ တစ်ခါတရံ လဒ္ဓဒေါသ၊ ဒဋ္ဌီကရဏ(၂)မျိုးဖြစ်သင့်၏။ထို့ကြောင့်---

"လဒ္ဓမခိုင်၊ ရှေ့ပါ၌ယိုင်၊ ယူကိုင် ကျိုးပြစ်မြဲ"ဟုရွှေရေးဆောင်နိယံဆို၏

== === ==

တထာ ဟိ-ဟု တက်ပြသောဝါကျမျိုးသည် များသောအားဖြင့် ဉာပက၊ ကာရဏ (၂)ဝါကျဖြစ်၏။ရံခါ အပ္ပကအားဖြင့်လည်း ဝိတ္ထာရ၊ ဒဋ္ဌီကရဏ(၂) ဝါကျတို့၌လည်း ဖြစ်၏။ထို့ကြောင့်--

"တထာ ဟိ-မှာ၊ ဉာပကာ၊ ရံခါ ချဲ့မြဲစွဲ"ဟု ရွှေရေးဆောင်နိယံဆို၏။

== === ==

န ဟိ တက်ပြသောဝါကျမျိုးသည် ကာရဏ၊ ဒဋ္ဌီကရဏဝါကျ(၂)မျိုး ဖြစ်၏။ထို့ကြောင့်---

"န ဟိ တက်ရာ၊ ဟိ-နက်မှာ၊ ဟိတ်ပါဒဋ္ဌီစွဲ"ဟု ရွှေရေးဆောင်နိယံ ဆို၏။

========

## ဝါကျ(၃)မျိုး

အဓိဝစနံ၊ နာမံပါရှိသော ရှေ့မူလဝါကျမှ နောက်မူလီဝါကျ၌ ဟိ-နိ ပါတ်နှင့်တကွ တက်ပြသော ၄င်းဝါကျကို ဝိတ္ထာရ၊ တပ္ပါကဋ္ဌီကရဏ၊ ဒဋ္ဌီကရဏ၊ ဤ(၃)မျိုးသောဝါကျတို့သည် ထိုက်သည့်အားလျော်စွာ ဖြစ်ကုန်၏။ထို့ကြောင့်-

"အဓိဝစနံနောက်၊ ဟိလျှင်ရောက်၊ နောက်ကောက် ချဲ့ထင်မြဲ"ဟု ရွှေရေးဆောင်နိယံဆို၏။

== === ==

## ဝါကျ(၅)မျိုး

ရှေ့မူလဝါကျ၌ ဝိဂ္ဂဟ် ဝစနတ္ထ ဗျပ္ပတ်ကို ဖွင့်ပြပြီး၍ နောက်မူလီဝါကျ၌ ဟိ-စ-နိပါတ်တို့ဖြင့် တက်လာခဲ့သော် ၄င်းဝါကျကို ဝိတ္ထာရ၊ တပ္ပါကဋ္ဌီကရ

ဏာ၊ ကာရဏာ၊ ဥပနျာသ၊ ဒဋ္ဌီကရဏာ၊ ဤ(၅)မျိုးသောဝါကျတို့သည် ဝတ္တိစ္ဆာအာဘောဂါနုရူပအားဖြင့် ဖြစ်နိုင်လေသည်။ထို့ကြောင့်---

"ဗျူပွတ်ဖွင့်ပြ၊ ရှေ့ဟိ–စ၊ ချဲ့က ဟိတ်ဆက်မြဲ"ဟုရွှေရေးဆောင်နိယံဆို၏။

== === ==

အဓိပ္ပါယော–အတ္ထော–ရှိသော ရှေ့မူလဝါကျမှ နောက်မူလီဝါကျဒွိဟိ–စ–ပန–နိပါတ်တို့နှင့်တကွ တက်လာသော ၄င်းဝါကျကို ဝတ္တိစ္ဆာ အာဘောဂါနုရူပအားလျော်စွာ ဝိတ္ထာရ၊ တပ္ပါကဋ္ဌီကရဏာ၊ ကာရဏာ၊ ဥပနျာသ၊ ဒဋ္ဌီကရဏာ၊ ဤ(၅)မျိုးတို့သည် ဖြစ်ကုန်၏။ထို့ကြောင့်--

"အဓိပ္ပါယော၊ အတ္ထောနောက်တွင်၊ နိပါတ်မြင်၊ ချဲ့ထင် ဟိတ်ဆက်မြဲ" ဟုရွှေရေးဆောင်နိယံဆို၏။

== === ==

**မှတ်ချက်။**ဆိုခဲ့သော နိယံတို့၌ ပုံစံနှင့်တကွ ထုတ်ပြသင့်သော်လည်း ဂန္ထဂရုဒေါသကို ပယ်လိုသဖြင့် လျစ်လျူရှုပါတော့သည်။ကျမ်းဂန်တို့ကို လေ့လာဆည်းပူးရင်းပင် ဉာဏ်ဝင်စားလာပါလိမ့်မည်။

**ဘဒ္ဒန္တဉာဏာဘိဝံသ(ဘုရားဖြူ)**

# သန္ဓိပုဒ်ဖြတ်ပုံ

## ရှေးဦးစွာလေ့လာရန်

**သန္ဓိမည်ခြင်းအကြောင်း–**

သမာဓိယန္တိ ယံ တတ္ထ၊ အဒဿေတွာန မန္တရံ။
ဝဓုကီနာဝ ဓိယန္တိ၊ သန္ဓိတေန ပဝုစ္စတိ။

**(ကစ္စာယနဘေဒသဒ္ဒါငယ်)**

ထိုသဒ္ဒါကြီးရှစ်စောင်တို့တွင် နာမ်နှင့်အာချတ်' နိပါတ်' ဥပသာ' လေးဖြာသော ထိုပုဒ်တို့တွင် အကြင်ပုဒ်ကို သစ်လက်သမားသည် ပျဉ်နှစ်ပြားတို့၏ အကြားကို မမြင်စေမူ၍ အကြင်အကြောင်းကြောင့် စပ်အပ်ကုန်သကဲ့သို့ ထို့အတူ ရှေ့နောက်ဖြစ်သော ပုဒ်နှစ်ပါးတို့၏ အကြားကို မမြင်စေမူ၍ စပ်ထားအပ်ကုန်၏။

ထိုသို့ စပ်ထားအပ်သောကြောင့် ထိုပုဒ်ကို သန္ဓိဟူ၍ ဆိုအပ်၏။ထို့ကြောင့် ပုဒ်စစ်ဆရာတော်ကလည်း ဒွိန္နံ ပဒါနံ အန္တရံ အဒဿေတွာ သမ္မာဓိယတီတိ သန္ဓိ–ဟူ၍ ဆိုလေသည်။နာမ် အာချာတ် ဝိဘတ် တစ်လုံးတစ်လုံးဆုံးလျှင် တစ်ပုဒ် တစ်ပုဒ်ဖြစ်သောကြောင့် ရှေ့+နောက်–ပုဒ်နှစ်မျိုးကို တစ်ပုဒ်တည်းဖြစ်အောင် စပ်ထားသည်ကို သန္ဓိ(ပါဠိဘာသာ)။ပုဒ်စပ်(မြန်မာဘာသာ)–ခေါ်ဆိုရလေသည်။

ဥပမာ–တတြာယံ၌ တတြ+အယံ=ဟူ၍ တတြတစ်ပုဒ်၊ အယံတစ်ပုဒ်စီ ခွဲခြား၍ နေသည်ကို သန္ဓိ(ပုဒ်စပ်နည်း)အရ =တတြာယံ–ဟု နှစ်ပုဒ်တို့၏ အကြားမထင်အောင် စပ်ထားခြင်းမျိုးကို သန္ဓိခေါ်သည်။ပဒသန္ဓိကို ရည်ရွယ်သည်။တစ်ပုဒ်တည်းကိုပင် အက္ခရာ(စာလုံး) ပြောင်းလွဲ၍ ချောမောပြေပြစ်အောင် စပ်ထားမှုကိုလည်း သန္ဓိခေါ်သည်။ဝဏ္ဏသန္ဓိကို ရည်ရွယ်သည်။

**ဆောင်**။ ။နှစ်ပုဒ်အရ၊ စပ်သမျှ၊ ပဒသန္ဓိမှတ်။
တစ်ပုဒ်တည်းမှာ၊ အက္ခရာမျှ၊ စပ်တုံက၊ ဝဏ္ဏသန္ဓိမှတ်။

**သန္ဓိပုဒ်ဖြတ်နည်း အကျဉ်းချုပ်–**

သန္ဓိကျမ်းကို မသင်ကြားသေးခင် ကြိုတင်၍ အနည်းငယ် သိမြင်တတ်မြောက် နားလည်ရန်မှာ–

| | | |
|---|---|---|
| သူ့အတိုင်း | – | အ–သရ |
| ရေးချ | –ါ | အာ–သရ |
| လုံးကြီးတင် | ိ | ဣ–သရ |
| လုံးကြီးတင်ဆံခပ် | ီ | ဤ–သရ |
| တစ်ချောင်းငင် | ု | ဥ–သရ |
| နှစ်ချောင်းငင် | ူ | ဦ–သရ |
| သဝေထိုး | ေ– | ဧ–သရ |
| သဝေးထိုး ရေးချ | ေါ | ဩ–သရ |

ဤသို့ သရ(၈)လုံး ဗျည်းနှင့်မရောယှက်ပဲ သရ ဗျည်း သက်သက်နေပုံကို သိသာထင်ရှားအောင် နှုတ်တက်အာဂုံ ဆောင်ပါစေ။ထို့နောက် က–၌

ဘယ်သရ၊ ကာ–၌ ဘယ်သရ၊ ကိ–၌ ဘယ်သရ၊ စသည်ကို ခွဲခြားသိမြင်အောင် သင်ကြားပါ။

သရမဘက် ဗျည်းသက်သက်နေပုံမှာ –

က်–ခ်–ဂ်–ဃ်–င်၊ (လ) ၌ ်။ဤအတိုင်းဖြစ်ပုံကို သင်ပြပြီးမှ သရနှင့်ဗျည်း တွဲစပ်ထားပုံကို ပြောပြပါ။

သရနှင့်ဗျည်း ခွဲပုံ တွဲပုံမှာ ဤသို့ သိမှတ်ပါ––

က် + ၊ = က။ က် + –ါ = ကာ။

က် + ိ = ကိ။ က် + ီ = ကီ။

က် + ု = ကု။ က် + ူ =ကူ။

က် + ေ = ကေ။ က် + ေ–ါ = ကော။

က်နှင့် –ါ ပေါင်းလျှင် ကာဖြစ်သည်။

ဤသို့ စသည်ဖြင့် သရ(၈)လုံးကုန်အောင် တွဲစပ်ပြောပြပြီးလျှင် နောက်ပြဆိုအံ့သော သန္ဓိပုဒ်ဖြတ်ပုံ စာ–လျား(ဇယား) နှစ်ကွက်ကို နှုတ်တက်ပါစေ။ ပြီးမှ တတိယမူလပြယုဂ်၊ စတုတ္ထပုဒ်ဖြတ်ထားပုံကို ပြောပြလျှင် အမြန်ဆုံး ပုဒ်ဖြတ်နည်းကို သိမြင်ပါလိမ့်မည်။

အာ ဤ ဦတို့မှာ ဒီဃသရတို့ ဖြစ်ကြ၍ အ ဣ ဥတို့နှင့် အစဉ်အတိုင်း ပုဒ်ဖြတ်ပုံမှာ ပါဠိအဋ္ဌကထာတို့၌ အမှန်များပါသည်။ဧ ဩစသည်လည်း နည်းတူပင်။စာလျား(ဇယား)ပုံပါ နည်းအားလုံးတွင် အ–တွေ့ အာ–နှင့် ပုဒ်ဖြတ်

ပုံမှာ–အပွက–အနည်းငယ်သာ။ဣ–တွေ့ ဤ–နှင့် ပုဒ်ဖြတ်ပုံနှင့်၊ ဥ–တွေ့ ဦ–နှင့် ပုဒ်ဖြတ်ပုံတို့မှာလည်း အပွက–အနည်းငယ်သာ ဖြစ်ပါသည်။အက္ခရာချင်းလဲလှယ်သော ပုဒ်ဖြတ်နည်း၊ ပကတိသန္ဓိပုဒ်ဖြတ်နည်းတို့ကို ချန်လှပ်၍ ထားခဲ့ပါသည်။

## သန္ဓိပုဒ်ဖြတ်ပုံ ဇယား

| စဉ် | တွေ့ | နှင့်ပုဒ်ဖြတ် | မူလပြယုဂ် |
|---|---|---|---|
| ၁။ | –၊ အ | အာ | အာပတ္တိ ဒုက္ကဋ္ဌ–သာ |
| ၂။ | –ါ အာ | အ | တတြာ–ယံ |
| ၃။ | ိ ဣ | ဤ | ဘောဝါဒိ–နာမသော |
| ၄။ | ီ ဤ | ဣ | မုနီ–စရေ၊ ခန္တီ–ပရမံ |
| ၅။ | ု ဥ | ဦ | ဝဓု–ဒရံ |
| ၆။ | ူ ဦ | ဥ | တထူ–ပမံ၊ ဝူ–ပသမော |
| ၇။ | ေ– ဧ | ဣ–ဤ | ဥပေ+တော၊ ဖိနေ+ရိတံ |
| ၈။ | ော ဩ | ဥ–ဦ | နော+ပေတိ၊ ဥဒကော+မိဝ |
| ၉။ | ယပင့် –ျ | ဣ–ဤ–ဧ | ဝုတျ–သာ၊ ဒါသျာ–ဟံ၊ မျာ–ယံ |
| ၁၀ | ဝဆွဲ –ွ | ဩ–ဥ | သွ–ဿ၊ သွာ–ဂတံ |
| ၁၁ | စ္စ–နှစ်လုံးဆင့် | တိ | ပစ္စ–ယော၊ ဣစ္စေ–တံ |
| ၁၂ | ဗ္ဗ–နှစ်လုံးဆင့် | –ဝ | ဒ–ဗ္ဗဓော၊ ဆ–ဗ္ဗဿာနိ |
| ၁၃ | စာလုံးနှစ်လုံးဆင့် | အပေါ်လုံးဖျက်၍ | ဒု–က္ကရံ၊ ဒု–က္ခော၊ |
| ၁၄ | င်၊ ည်၊ န်၊ ဏ်၊ မ် | သေးသေးတင်နှင့် | တ–ံဏံ၊ ဓမ္မ–ဥရေ၊<br>တ–န္တာနံ၊ တ–မွလံ |
| ၁၅ | သေးသေးတင်ပါ | သေးသေးတင်ဖျက် | စက္ခု–ဥဒပါဒိ၊ အဝ–သိရော |
| ၁၆ | သေးသေးတင်မပါ | သေးသေးတင်ထည့် | တာသာ–ဟံ၊ ဧတံဗုဒ္ဓါန–<br>သာသနံ |

**ဇယားရှင်းလင်းချက်။** ။အတွေ့ အာနှင့် ပုဒ်ဖြတ်၊ ဣတွေ့ ဤနှင့်ပုဒ်ဖြတ်၊ ဥတွေ့ ဦနှင့်ပုဒ်ဖြတ်။စသည် ဇယားအတိုင်း သိပါလေ။

## သန္ဓိပုဒ်ဖြတ်ပုံ ဇယား

| ပုဒ်ဖြတ်ထားပုံ ပြယုဂ် | သက်ဆိုင်ရာ သုတ်များ |
|---|---|
| အာပတ္တိ ဒုက္ကဋဿ+အဿ | သရာသရေ လောပံ |
| တတြ+အယံ | သရာသရေ လောပံ၊ (ဒု)ဒီဃံ |
| ဘောဝါဒီ+နာမသော | ရဿံ |
| မုနိ+စရေ၊ ခန္တီ+ပရမံ | (တ)ဒီဃံ |
| ဝဓူ+ဉဒရံ | သရာသရေ လောပံ |
| တထာ+ဉပမံ၊ ဝိ+ဉပသမော | သရာသရေ လောပံ၊ (ဒု)ဒီဃံ |
| ဉပ+ဣတော၊ ဇိန+ဤရိတံ | သရာသရေ လောပံ၊ ကွစာသဝဏ္ဏံ လုတ္တေ |
| န+ဉပေတိ၊ ဉဒက+ဉီမိဝ | သရာသရေ လောပံ၊ ကွစာသဝဏ္ဏံ လုတ္တေ |
| ဝုတ္တိ+အဿ၊ ဒါသီ+အဟံ၊ မေ+အယံ | ဣဝဏ္ဏော ယံ နဝါ၊ ဗျဉ္ဇနေ စ ဝိသညော ဂေါ၊ (တ)ဒီဃံ၊ ယမေဒန္တဿာဒေသော |
| သော+အဿ၊ သု+အာဂတံ | ဝမောဒု ဒန္တာနံ |
| ပတိ+အယော၊ ဣတိ+ဧတံ | သဗ္ဗော စန္တိ၊ ပရဒွေဘာဝေါဌာနေ |
| ဒု+ဝစော၊ ဆ+ဝဿာနိ | ဒေါဓော စ၊ ပရဒွေဘာဝေါဌာနေ |
| ဒု+ကရံ၊ ဒု+ခေါ | ပရဒွေဘာဝေါဌာနေ၊ ဝဂ္ဂေဃောသာ(ပ)ပဌမာ |
| တံ+ခဏံ၊ ဓမ္မံ+စရေ | ဝဂ္ဂန္တံ ဝါ ဝဂ္ဂေ |
| တံ+ဒါနံ၊ တံ+ဖလံ | ॥ |
| စက္ခုံ+ဉဒပါဒိ၊ အဝ+သိရော | နိဂ္ဂဟိတဉ္စ |
| ဘာသံ+အဟံ၊ ဧတံ ဗုဒ္ဓါနံ+သာသနံ | ကွစိလောပံ၊ ဗျဉ္ဇနေ စ |

မှတ်ချက်။ ။အထက်ပါ ဇယားကို အရကျက်

# သာဓန(၇)ပါးအဓိပ္ပါယ်

**ဆောင်**။ကတ္တု' ကမ္မ၊ ကရဏ၊ သမ္ပဒါနပြ။

အပါဒါန၊ အဓိကရဏ၊ ဘာဝသာဓန။

ကတ္တား တတ် ပြန်၊ ကံ အပ် လှန်၊ ကြောင်းမှန် ကရဏ။

ယာ သုံးချက် ပြန်၊ သမ္ပဒါန်၊ ပါဒါန် ဓိကရဏ။

ဘာဝသာဓန်၊ ခြင်းရာပြန်၊ ခုနစ်တန် သာဓန။

ပတတ် တစ်ကောင်၊ ကြောင်ဘား တစ်သင်း၊ အပ်တစ်စင်းနှင့်၊ ခြင်း တစ်လုံးထား၊ ယာကား သုံးခင်း၊ ပြန် တုံလျင်း၊ ပုံသွင်း ပေါ်ရာဏ။

**ကာရက သာဓနအထူး-**

(က)ပရ-ဘာဝ-ပဒါပေက္ခံ၊ သ-အမာ့ဒီသု ကာရကံ။

ပစ္စယဿ သ-ဓာတုဿ၊ အတ္ထဘူတန္တု သာဓနံ။

(ခ)ဝါကျေဝါ ကာရကော ယော တံ၊ ပသိဒ္ဓေ ယဥ္စ သာဓနံ။

ကာရကံ ပုန မေတသ္မိံ၊ အယမေတံ ဝိသေသတာ။ **(ဘောဒစိန္တာ)**

(က)ပါစကံ ပဿတိဟူသော ဝါကျ၌ ပစနကြိယာမှတစ်ပါး ပဿတိ ကြိယာပုဒ်တစ်ပါးကို ငဲ့သော အံစသော ဝိဘတ်နှင့်တကွဖြစ်သော သတ္တိသည် ကာရကမည်၏။

ပစဓာတ်နှင့်တကွသော ဏွုပစ္စည်း၏အနက်ဖြစ်သော သတ္တိသည်ကား သာဓနမည်၏။

(ခ)တစ်နည်းကား-ပစ္စတေ ဩဒနော ယေန စသော ဝါကျအခိုက်၌ အကြောင်ဖြယနစသော ကာရကသည် ရှိ၏။

ထိုကာရကသည် ပါစကောစသည် ကိတ်ပြီးပုဒ်၌ သာဓနဖြစ်လာ၏။ ထိုကိတ်ပြီးပုဒ်၌ အကြောင်သာဓနသည်လည်း တစ်ဖန်ကာရကဖြစ်လာ၏။

**(ဤကား ကာရက သာဓနနှစ်ပါးတို့၏ ထူးပုံတည်း)**

**တစ်နည်းကား**---ကာရကမှာ အံစံသော ဝိဘတ်(၆)လုံးနှင့် ယှဉ်သည်။သာမနေမှာ ပထမာဝိဘတ်တစ်လုံးနှင့်သာ ယှဉ်သည်။

ကာရကာ သာမနောနန္တ၊ ကောဝိသေသော ကိမန္တရံ။
သာမနံ ဝိဘတ္တိ ဇကံ၊ ကာရကန္တု ဆဓာ ဌိတံ။ **(ဓာလိနီ)**

**ဆောင်**။ဝိဘတ်ဟောငြား၊ သတ္တိများ၊ သိငြား ကာရက။
ပစ္စည်းဟောတတ်၊ သတ္တိမှတ်၊ သိအပ် သာမနေ။
ဝါကျခိုက်ပြ၊ ကာရက၊ ပြီးထ သာမနေ။
ကာရကမှာ၊ ဝိ-(၆)ဖြာ၊ ပ-မှာ သာမနေ။

## ကိတ်ကျမ်းလာ (၃၈)ပစ္စည်း

(က)ဏ-အ-ဏွု-တု(စ)-အာ-ဝီ-က္ဂိ၊ ရမ္မ-ဏီ-ယု(စ)-ရူ-ဏွုက၊
ရ-တဗ္ဗ-နီယ-ဏျ-တေယျ-ရိစ္စ-က္လ-တိ-ရိရိယ-တ။

(ခ)တဝန္တု-တာဝီ-က္လဏ-ခ၊ တဝေ-တုံ-တုန-တွာန-တွာ။
မာနန္တာ-ရတ္ထု-ရိတု-ရာတု၊ ဏု-ကိ-က-ကာရ-ဌတ္တိသ။
(သုတ်စဉ်နှင့်တွဲ၍ သရုပ်ခွဲလေ)

ပါဠိ အဋ္ဌကထာ ဋီကာတို့၌ လာရှိသော ဓာတ် ပစ္စည်း ဝိဘတ်များ ခွဲဝေရကောင်းသော သုဒ္ဓနာမ်' သမာသ်'တဒ္ဓိတ်' အာချာတ်' ကိတ်ပုဒ်များကို ဓာတ်ထားလိုသောအခါ ယေဘုယျအားဖြင့် အ-တွေ့ အ-ကြုံ များလှသော ပုဒ်များကို သဒ္ဒါကြီး-ရူပသိဒ္ဓိစသော သဒ္ဒါကျမ်းတို့၌ တိုက်ရိုက် သုတ်စဉ်ရေး စီရင်ပြီးထားသော ဓာတ်များကား ထင်ရှားဖြစ်သည်။ကြွင်းကျန်သော ပုဒ်များကို ဓာတ် ပစ္စည်းထားလိုသော် အကျဉ်းချုပ်အားဖြင့် သိကြားတတ်မြောက်စေရန် ရည်သန်ရိုးရင်း နှလုံးသွင်းဖြင့် ရှင်းလင်းပြတ်သားစွာ စာလျား(ဇယား)ပုံစံဖြင့် ပြဆိုပေအံ့။

ရှေ့ဆုံးက အာသရတွေ့လျှင်လည်းကောင်း၊ ဗျည်းနှင့်ရောသော အာသရတွေ့လျှင်လည်းကောင်း၊ အနှင့်ခါတ်ထား စသည်ဖြင့် စာလျား(ဇယား)ပုံမှာပြထားရာ၌ အာစသော ပုဒ်များမှာ အကယ်၍ နိပါတ်ပုဒ်များဖြစ်နေလျှင် ခါတ်ထားရာ မပါဝင်ပဲ (အာ ပုဗ္ဗ)အာရှေးရှိသော ဟူ အထူးပြု၍ ခွဲခြားခဲ့ရပါမည်။ ဥပသာရပုဒ် နိပါတ်ပုဒ်များကိုလည်း ဤနည်းပင် ခွဲခြားရပါမည်။

## ခါတ်ထားပုံ ဇယား

| တွေ့ | ခါတ်ထား | ပြယုဂ် | ခါတ်ထားပုံ |
|---|---|---|---|
| အာ | အ–နှင့် | ကာမော | ကမု+ခါတ် |
| ဧ | ဣ–ဤနှင့် | ဧတိ၊ နေတိ | ဣ+ခါတ်၊နီ+ခါတ် |
| ဩ | ဥ–ဦ– | ဓောရေတိ၊ ဟောတိ | ဓုရ+ ၊ ဟူ+ ၊ |
| အစတစ်လုံးနောင်–က | စ– | ပါကော | ပစ+ ၊ |
| –ခ | စ–ဇ– | မောက္ခော၊ ဘောက္ခော | မုစ+၊ ဘုဇ+၊ |
| –ဂ | ဇ– | ယောဂေါ | ယုဇ+ ၊ |
| –ဃ | ဟန– | သံဃော | (သံပုဗ္ဗ)ဟန+ |
| –င် | ဣ– | အင်္ဂော | အဂိ+ |
| –စ | တ– | နစ္စံ | နတ+ |
| –ဆ | ထ– | တစ္ဆံ | တထ+ |
| –ဇ | ဒ– | ဝဇ္ဇံ၊ ဝိဇ္ဇာ | ဝဒ+ ဝိဒ+ |
| –ဈ | ဓ– | ဗုဇ္ဈတိ၊ နိရုဇ္ဈတိ | ဗုဓ+(နိပုဗ္ဗ)ရုဓ |
| –ဉ | န– | မညတိ၊ ဟညတိ | မန+ ဟန+ |
| –ဥ် | ဣ– | အဥ္ဇတိ | အဉိ+ |
| –ဋ္ဌ | ရ– | ဒုက္ကဋ္ဌံ၊ အာဟဋ္ဌံ | ဒု–ကရ+ အာ–ဟရ+ |
| –ဌ | သ– | ဒဌော၊ ဟဌော | ဒံသ+ ဟံသ+ |
| –ဏ | ဣ– | ကဏ္ဍော | ကဍိ+ |

| တွေ့ | ဓာတ်ထား | ပြယုဂ် | ဓာတ်ထားပုံ |
|---|---|---|---|
| ဏ္ဍ–နှစ်လုံးဆင့် | ရ–နှင့် | ပုဏ္ဍော၊ ကိဏ္ဍော | ပုရ+ကိရ |
| န် | ဣ– | ဣန္ဒော | ဣဒိ+ |
| န္ဓ–နှစ်လုံးဆင့် | ဒ– | အန္ဓ–ဆန္ဓော | အဒ+ ဆဒ+ |
| မ် | ဣ– | အာလမ္ဗဏံ | (အာပုဗ္ဗ) လဘိ+ |
| မ္မ–နှစ်လုံးဆင့် | ရ– | ဓမ္မော၊ ကမ္မံ | ဓရ+ ကရ+ |
| ယ | ဣ–ဤ–ဧ– | ဓယတိ၊ နယတိ၊ ဂါယတိ | ဓိ+နီ+ဂေ |
| ဝ | ဥ–ဦ– | စဝတိ၊ ဘဝတိ | စု+ ဘူ+ |
| ဠ | ဟ– | အာရဠှော | (အာပုဗ္ဗ)ရုဟ+ |

မှတ်ချက်။ ။ဇယားကို အရကျက်ပါ။

ရှင်းလင်းချက်။အာတွေ့ အာနှင့်ဓာတ်ထား ပြယုဂ် ကာမော၊ ဓာတ်ထားပုံ ကမု+ဓာတ်၊––––

အစတစ်လုံးနောင် ကတွေ့ စနှင့်ဓာတ်ထား ပြယုဂ် ပါကော၊ ဓာတ်ထားပုံ ပစ+ဓာတ်၊

အစတစ်လုံးနောင် ဏတွေ့ ဣနှင့်ဓာတ်ထား၊ ပြယုဂ် ကဏ္ဍော၊ ဓာတ်ထားပုံ ကဍိ+ဓာတ်–

ဏ္ဍ–နှစ်လုံးဆင့်တွေ့ ရ–နှင့်ဓာတ်ထား၊ ပြယုဂ် ပုဏ္ဍော၊ ဓာတ်ထားပုံ ပုရဓာတ်၊ ပြယုဂ် ကိဏ္ဍော–ဓာတ်ထားပုံ ကိရဓာတ်–စသည် သိပါ။

## နိဂုမ်း

သာသနာရောင်၊ ထွန်းပပြောင်၍၊ မြင့်ခေါင်တင့်လျှံ၊ မြို့ပေါက္ကံမှ၊ ချင့်ထောက်ဆသော်၊ ဝီသ မိုင်ရှိ၊ ရှေ့တောင်ဒီပင်၊ သူတော်စင်တို့၊ ခိုဝင်နေရာ၊ "ဂူပေါ"ရွာကြောင့်၊ ရှေးခါ"ဂူပေါ"၊ ဝေါဟာလျော၍၊ ခုသောအခါ၊ "ကူတော"ရွာလျှင်၊ ဖွားသန့်စင်၍၊ ကြို့ပင် ရက္ခာ၊ အလွန်သာ၍၊ ရှုခါမငြောင်း၊ လူအပေါင်းတို့၊ ခိုအောင်းချမ်းသာ၊ ဗျူပွတ်လာကြောင့်၊ "ကြို့ပင်သာ"ဟု၊ သညာပြုတောင်း၊ ရွာရိပ်ကျောင်းမှာ၊ စိတ်ကောင်းကွန့်ပျော်၊ ဆရာတော်ကြီး၊ ထံတော်နီးနှင့်၊ သီးသီးများစွာ၊ မြတ်ဆရာထံ၊ ပညာခံ၍၊ သင်အံမွေ့လျော်၊ ဂုဏ်ငွေ့ကျော်မှ၊ မန္တလသို့၊ မြန်းကြွတက်တုံ၊ မြို့ရန်ကုန်ဝယ်၊ လှိုင်တုံသိုက်မြိုက်၊ ဘုရားဖြူတိုက်မှာ၊ အဂ္ဂမဟာ၊ ပဏ္ဍိတာဟု၊ ရေးထုခပ်နှိပ်၊ ဂုဏ်ရိပ်ထင်ပေါ်၊ ဆရာတော်ကြီး၊ မိန့်တော်နည်းကို၊ စိတ်ဝယ့်သိုထ၊ ဤကိုယ်ရက၊ တောက်ပနေသူ၊ ဘုန်းရောင်လူသား၊ ကျင့်ဖြူသီလ၊ ပုဏ္ဏာလသို့၊ ရှုကမကုန်၊ သုံးပုံတတ်မြောက်၊ အာဂုံရောက်သည်၊ ချင့်ထောက်နေသွင်၊ အရှင်ပညာဝံသ၊ အမည်ရ၍၊ ဉာဏ်၏အရှင်၊ ပညာရင်နို့၊ ခိုဝင်စို့က၊ ငါတို့တတ်ဖွယ်၊ ဒိုးနှယ်လည်၍၊ သွယ်သွယ်ဝဝ၊ နည်းကုန်ရ၍၊ သုံးဖြာမိန့်မှာ၊ မြတ်ဩဝါကို၊ ကောင်းစွာယူထား၊ ဆုံးမတတ်စွာ၊ ကရိုဏ်းဖြာလောင်း၊ မိန့်မှာညောင်းလည်း၊ အပေါင်းဒြပ်၊ ငါးရပ်ခန္ဓာ၊ ဤကိုယ်ငါကို၊ စွဲခါဆိုပြ၊ အရှင်ဉာဏဟု၊ ခေါ်မှုနာမာ၊ မည်တွင်သာသည်၊ မဟီတလွှား၊ လွန်ထင်ရှားအောင်၊ ရေးသားမည်ဟု၊ ကဝိလက္ခဏာ၊ မြတ်ကျမ်းစာကို၊ စီခါညွှန်ပြ၊ သောမခပဲ၊ မြေချမ်းသာ၊ သာသနာနှစ်၊ ရေခါစစ်သော်၊ ခါမာမကာ၊(၂၅၅၁)၊ ပြည့်ညီသာက၊ ကောဇာတွက်ရှိ၊ နဝ.ဆ.တြိ.ဧကော်၊ စတက်မာသ၊ ဆန်းထသုံးရက်၊ ဂုဏ်ပေါင်းယှက်ခါ၊ ညွှန့်ရွက်မြွာဟုံ၊ ရဂုံငြိမ်းဧ၊ လေယဉ်သွေးက၊ မထွေးသာယာ၊ ပြီးအောင်လာသည်၊ အောင်ချာရွှေပြည် ပို့မည်တည်း။

## ဆုတောင်း

ဤသို့ရေးပြု၊ မြတ်ကောင်းမှုကြောင့်၊ သက်ဆုံးသမ္ဘာ၊ ပြောင်းသွားခန္ဓာ၊ ရွှေ့လေရာဌ၊ သာယာသုခ၊ ချမ်းသာရ၍၊ အိပ်သောယောကျ်ား၊ နိုးသော်လားသို့၊ စွန့်သွားအလယ်၊ ခန္ဓာကွယ်လည်း၊ အပါယ်လေးပါး၊ မလားငရဲ၊ ဆင်းရဲတစ်၊ မရှိရောဂါ၊ ကင်းစင်ကွာ၍၊ အာယု ဝဏ္ဏ၊ သုခ ဗလ၊ ပဋိဘာန၊ တဝမခြား၊ စက်လေးပါးနှင့်၊ မခြားကုံလုံ၊ ပြည့်ဖြိုးစုံရ၊ တိက္ခ ဇဝန၊ ဂမ္ဘီရနှင့်၊ ဟာသတစ်ဖုံ၊ ဉာဏ်မျိုးစုံကြ၊ အဋ္ဌာရသ၊ သိပ္ပမလပ်၊ ကြွင်းမဲ့တတ်လျက်၊ ပိဋကတ်ဗေဒင်၊ သွင်သွင်ရှုရှု၊ ကြားကာ မြင်ကာ၊ အရာရာကို၊ မကြာခဏ၊ တတ်မြောက်ရ၍၊ လူ့ဒါကစ၊ ဒသပါရမီ၊ အညီဖြည့်စွမ်း၊ နိဗ္ဗာန်လမ်းကို၊ တန်းတန်းမတ်မတ်၊ မညှိုးဖြောင့်ဖြောင့်၊ ရောက်စေသော်---

ဤသို့ရေးပြု၊ မြတ်ကောင်းမှုကြောင့်၊ အခုလျှင်စွာ၊ ပု–ဒိ–အာ–နှင့်၊ ငါမှာလျှင်ဆော၊ ပြည့်စေသော်---

ငါလျှင်ပြည့်က၊ ထိုကိစ္စသည်၊ များလှသတ္တော၊ ပြည့်စေသော်---

**ဘဒ္ဒန္တဉာဏာဘိဝံသ(ဘုရားဖြူ)**

# ဘဒ္ဒန္တ ဉာဏာဘိဝံသ
(ဘုရားဖြူ)

# ၏

# ဗျာကိဏ္ဏမှတ်စု

ဘုရားဟောပိဋကတ်ပါဠိ အဋ္ဌကထာဋီကာများမှ

လူ့ဘဝ အဆင့်အတန်းမြင့်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဗဟုသုတပြည့်ဝရေးနှင့် မင်္ဂလာဗိုလ်နိဗ္ဗာန် ရောက်ရန်အရေးတို့ကို လူ နတ် ဗြဟ္မာ သတ္တဝါတို့အတွက် (ဗျာကိဏ္ဏမှတ်စု) ဘုတာပဒေသာမှ အသိဉာဏ် အလင်းရောင် ပေးပါလိမ့်မည်။

## (ကဝိလက္ခဏာမှတ်စု)

သဒ္ဒါ-ပညတ်-ပရမတ်- ပဋ္ဌာန်းစာစပ်နည်းများနှင့် မြန်မာဘာသာ စာစပ်နည်းများ၊ ဝါကျခွဲနည်း၊ ပါဠိ စီကုံးနည်းများနှင့် ကဗျာ လင်္ကာ တေးထပ် စပ်နည်းများ။ အထွေထွေမှတ်စုများနှင့် သန္ဓိပုဒ်စပ်၊ ပုဒ်ဖြတ်နည်းများ၊ ဓာတ်ပစ္စည်း၊ ခွဲဝေနည်းများကို အစိုးရ ပါဠိ ပထမပြန်-ငယ်-လတ်-ကြီးနှင့် ဓမ္မာစရိယတန်းများ ဖြေဆိုသူများအတွက် (ကဝိလက္ခဏာ) မှတ်စုပဒေသာမှ လမ်းညွှန်မှုများပေးပါလိမ့် မည်။

## ရရှိနိုင်သည့်နေရာ

**သစ္စာမဏ္ဍိုင်ပိဋကတ်စာအုပ်ဆိုင်**
ဦးညွှန့်ဝေ-ဒေါ်မြကြည် သားသမီးများ
အမှတ် (၂/၃/၆၂/၆၄) တောင်ဘက်မုခ်
ဈေးတော်ရုံ၊ တောင်ဘက်စောင်းတန်း၊
ရွှေတိဂုံဘုရားကြီးဈေး။ ဖုံး-၃၈၇၈၄၉၊
၀၉-၅၁၂၅၂၈၅။ ၀၉-၅၀၆၀၈၄၅။

**အနန္တသုခပိဋကတ်စာအုပ်ဆိုင်**
ဆင္ဓမ္မကျမ်းစာအုပ်များကိုယ်စားလှယ်
ဦးသောင်း+ဒေါ်တင်မြနှင့်
သားသမီးများ
အမှတ်-၇၇×၇၉၊ နှင်းဆီ (B) ရုံ၊
ပထမထပ်၊ ဈေးချို၊ မန္တလေးမြို့။